

The YATI
MAGAZINE
Vol.10,No.108, March 2013
9th ANNIVERSARY

Asian Fame Media Group

ငွေသော်တာ ၉ဆွန်

ဟိန်းလတ် ၃၉ဆွန်

# The YATI MAGAZINE

Vol-10, No.108, March, 2013

စာပေ အနုပညာ မဂ္ဂဇင်း




တာဝန်ခံအယ်ဒီတာ မိုးမိုးစောဝင်း
(moemoesawwin.1971@gmail.com)
အယ်ဒီတာ မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို
ကဗျာအယ်ဒီတာ လွှမ်းရုံ
အကြီးတန်း သီတာစိုး
သတင်းထောက်
သတင်းထောက် မိုးသောက်ကြယ်
စီမံဒါရိုက်တာ ဒီဇိုင်းပန်းချာန်
ဒီဇိုင်းတာဝန်ခံ ထွန်းထွန်းလင်း
ဒီဇိုင်းအဖွဲ့ လင်းထွဋ်၊ ရွှေဇင်ဦး
စာစီစာရိုက် ဝင်းဝင်းလှိုင်၊ ခင်သက်ပိုင်
စာပြင် ဥမ္မာအေး
ကြော်ငြာအဖွဲ့ တင်စန္ဒာဝင်း (ဒု-မန်နေဂျာ)
နန်းအိအိခိုင် (လ/ထ မန်နေဂျာ)
Marketing Executive ဌေးလင်းအောင်၊ ဖွန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင်
ဘဏ္ဍာရေးအဖွဲ့ မိုးယုမာ (မန်နေဂျာ)
ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)
မိုးမိုးကျော် (လ/ထ မန်နေဂျာ)
နီလာဝင်း (လ/ထ မန်နေဂျာ)
ဖြန့်ချိရေးအဖွဲ့ သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊
ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင်
ရတီဓာတ်ပုံပညာရှင် အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊
Artist လှမြင့်ဆွေ၊ ကိုနိုင် (ပေါ်ပြူလာ)

မျက်နှာဖုံးရှင် ခင်စန္ဒာဝင်း၊ မိုးသက်ထား
မျက်နှာဖုံးဓာတ်ပုံ လင်းထွန်း (Leopard)
မျက်နှာဖုံးဒီဇိုင်း ထွန်းထွန်းလင်း
ထုတ်ဝေသူ ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)
ဥပဒေအကြံပေး ဦးအိစ္စမ် (တရားရုံးချုပ်ရှေ့နေ)
ဖလင် Eagle
အတွင်းကာလာခွဲ ကမ္ဘာဦး
စာအုပ်ချုပ် Perfect
တန်ဖိုး ၂၀၀၀
အုပ်ရေ ၂၀၀၀
ပုံနှိပ် ငွေကံ့ကော် (မြ-၀၆၃၆၁)၊
အောင်သိန်းသန်း(မြ-၀၅၉၉၂)

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**
အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂


ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group



9th ANNIVERSARY
YATI
# CONTENT
MARCH 201


11 ကဗျာ
တင်လတ်ကို၊ မောင်ဒီ၊ မိုးသစ်ဝေ၊ မင်းနုဇီခ၊ A မိုး၊
သော်တာစံ(ကလေး)၊ မိုးစက်၊ နရနီ
19 ကာတွန်း
ရွှေမင်းသား၊ ဝင်းအောင်၊ မြေဇာ၊ ဟက်တော့
24 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

28 Yati Cover
တင့်တယ်ကြေးရှင်း မြန်မာ့အဆင်း
ခင်ဝဏ္ဏဝင်း၊ မိုးသက်ထား
လေဒီဒိုင်ယာနာ
သိမ့်နှင်းအိမ်
38 Flash Back Fashion
နိုင်သဇင်ယုဝါ
ဖြိုးစုဗိုဗို
44 Sweet Dream
ခင်ဆင့်သူ၊ မြူလင်းကိုကို
သီတာစိုး
49 Mod Mom
Chilli, Darr Tayan
ဖြိုးစုဗိုဗို
54 သူပြောသော သူ့အကြောင်း
စိုးသူ
သီတာစိုး
61 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
သန္တာလှိုင်
မိုးသောက်ကြယ်
66 Robot Fashion
ဂျက်ဆန်ထွန်း၊ ဂျက်ဆီကာ၊ စည်သူဝင်း
သီတာစိုး
71 Beauty in motion
နှင်းယမုံဦး
သီတာစိုး
76 Beyond The Women
သီရိုစ်
ဖြိုးစုဗိုဗို
84 What's Hot
ပြည့်သိမ်၊ ဗိုင်ဖြိုးသူ၊ ဝင်းထက်၊ ဆုထက်ကရွှေ
မိုးသောက်ကြယ်
89 သူတို့ပြောတဲ့ M
ဇိုးဇိုး၊ ခင်စန်းဝင်း၊ ဂျိုးဂျိုး
ဖြိုးစုဗိုဗို




Asian Fame Media Group





9th ANNIVERSARY
# YATI CONTENT
MARCH 2013


98 **Reinvent Fashion**
ဝိုင်းစုတီလင်း၊ ဗုဏ္ဏာရဲရင့်၊ ဖြိုးဖြိုး၊ ထုမေ
မိုးသောက်ကြယ်

105 **Artist's Sketch**
မိတ်ကပ် ထွန်းထွန်းလင်း
မိုးသောက်ကြယ်

**Audience Of Celebritie's Choice**
မြတ်သူကျော်၊ နန်းမြတ်ချယ်ရီ
သီတာစိုး

**Their Hands Their Life**
လမင်းမိုမို၊ သက်နှင်းအေး၊ ထက် (Pop Soul) / ဝင်းဇာမိုးဝင်း၊ ပန်ပန်
ဖြိုးစုပိုပို

109 **သိထားသင့်တဲ့ ဆီးချို သွေးချိုအန္တရာယ်**
**In Healthy Life Style**
ဒေါက်တာတင့်ဆွေလတ်၊
နန်းမြတ်ဖြိုးသင်း
မြင့်သူဇာထွန်း

**Yanhee International Hospital**
မြင့်သူဇာထွန်း

114 **ရတီဝေဒင်**
ဒေါက်တာမြတ်သစ် (မန္တလေး)


Asian Fame Media Group



MEDIA GROUP
AsianFameMedia.com



9th ANNIVERSARY YATI

# CONTENT

MARCH 2013

## ရတီနိုင်ငံတကာ

102 One Drirection အဖွဲ့သားတို့ပြောတဲ့ မိန်းကလေးတို့ကိုလှစေတဲ့အရာ
ဝင်မြင့်စံ

117 နလုံးလှသရုပ်ဆောင် (သို့မဟုတ်) ရွှန်းနီမာရာ
ရွှန်းတင့်

120 Beauty Close Crop
တင်လတ်သန္တာဗိုလ်

125 International Entertainment News
စိုးသိဂ်ား

130 Sin City; Adame To Kill For နဲ့ ပရိသတ်ကိုဖမ်းစားဦးမယ့် ဂျက်ဆီကာ
ရဲသစ်

## ရတီဆောင်းပါး

133 လူငယ်နှင့် စူးစမ်းမှု
ဂျူး


136 ချစ်ဖွယ်ပေါ်တဲ့ ယောသူတို့ရွာ
ခင်ခင်ထူး

141 International Women's Days
နှင်း

## ရတီအသောအထွေ

147 မရေးမကောင်းရေးမကောင်း
ညီညီညာညာညက်ညက်ညောညော

151 သပွတ်အူကို ဘယ်လိုကိုးရပါ
ဂျက်ကွမ်းခြံကုန်း



174 ဖူးနေသစ်လွင်ကဗျာဥယျာဉ်
လဝင်း၊ ရွှေကြယ်မိုး၊ နန္ဒာ (Tgi)၊
စောအိဏ်နွင်း (ရွှေဘို)၊ မြေနု၊
မြနှင်းထန်၊ နေဝေ၊ လင်းကိုပိုင် (အိမ်မဲ)

မန္တလေးအတွေး၊ မန္တလေးအရေး
193 မြို့စရာလေးတွေကြုံရတတ်တဲ့
ရှန်းကန်နေရရှာသော အသက်ဝိညာဉ်များ
ကိုထွန်း (လမ်း-၈၀)

197 ရတီစာအုပ်စင်

ရတီဝေဖန်ရေး

199 အာယု၏
"အဖြူရောင်ဝင်္ဂါတိုက်များ"
မောင်အိမ်စံ
ဒေသသစ်တော
ပတ္တမြားမြေ မိုးကုတ်
လှမြင့်ရွှေ

ပန်းချီသရုပ်ဖော်

မြတ်မင်းဟန်၊ အောင်ကျော်၊ ချစ်သူ၊ ခေတ်ဘုန်းမိုး၊ လှကြီးမင်း၊
မိုးထက်မိုး၊ ပန်းချည်





ရတီဝတ္ထုတို

154 အာသူးကြော်နဲ့ ဖူးဝိုက်
လက်ာရည်ကျော်
158 ပန်းပွင့်သစ်မြစ်၊ မြစ်တစ်စင်းနှင့်
ရေစပတောတောင်
မောင်စိန်ဝင်း (ပုတီးကုန်း)
162 ကျွန်မ သူ့ကိုချစ်သင့်ပါသလား
ပုဏ္ဏမိ
168 ခင့်ရာတောင်းများ
မိမိုး
178 မောင်တောက်ရဲ့ဆန္ဒ
မြနှောင်းညို
184 ရေစီးထဲ ရုန်းဆန်မျောပါ
စံပယ်ဖြူနု
190 ဆီလီကွန်အချစ်
တူးတူးသာ



Asian Fame Media Group





## ရတီ စာပေအနုပညာမဂ္ဂဇင်း
## ၉ နှစ်ပြည့်အမှတ်တရ နှုတ်ခွန်းဆက်စကား





မင်္ဂလာပါရှင်...

ရတီမဂ္ဂဇင်းရဲ့ ၉ နှစ်သက်တမ်းပြည့်မြောက်လာတဲ့ ဒီလထုတ်မှာ ရတီပရိသတ်ကို မင်္ဂလာစကားဆိုခွင့်ရတာ ဝမ်းမြောက်မိပါတယ်။ စာဖတ်သူတွေမြတ်နိုးတဲ့ ရတီဆိုတာ ကနဦးဘဝမှာ အဆင်မပြေမှုများစွာကို ပြောင်းလဲပုံဖော်ရာကနေ တဖြည်းဖြည်းနဲ့ စာမွေးသူတို့၊ ဖက်ရှင်မွေးသူတို့ရဲ့ ရွေးချယ်ရာ ဖြစ်ခဲ့ရတာပါ။ ကိုယ့်ကိုရွေးချယ်ထားတဲ့ သူတွေရဲ့ စိတ်နှလုံးမှာ အေးချမ်းဖို့၊ တိုးတက်ဖို့ကို ကျွန်မတို့ Asian Fame မီဒီယာက ဝိုတာဝန်ရှိတယ်လို့လည်း ခံယူပြီးကြိုးစားသွားမှာပါ။

နည်းပညာတိုးတက်လာနေတဲ့ ခေတ်ကြီးမှာ စာတွေ၊ ပုံတွေကို e-version အဖြစ် အလွယ်တကူ ဖတ်လို့ရနေတော့ ပုံနှိပ်ဖော်ပြတဲ့ မီဒီယာတွေမှာလည်း စိတ်အားငယ်ချင်စရာပေါ့။ အဲဒီလို အချိန်မှာ ပုံနှိပ်စာရွက်တွေကိုမှ မြတ်နိုးနေဆဲ စာအုပ်ချစ်သူတွေ ရှိနေသေးတာကိုပဲ ကျွန်မတို့မှာ ကျေးဇူးတင်ရပါတယ်။





ခုလို စာဖတ်သူတွေနဲ့ ထိတွေ့ရတိုင်း ဟိုး...တစ်ချိန် ရတီ Pen Friend ကဏ္ဍအောင်မြင်စဉ်က အကြောင်းတွေကိုလည်း လွမ်းဖြစ်တယ်။ "သင့်ရတီအတွက် သင့်အမြင်" ဆိုတာလေးတွေကို ပရိသတ်တွေက ပို့ကြ၊ စာဖတ်သူတွေရဲ့ ဝါသနာကိုယ်စီကို ကျွန်မတို့ ရတီအဖွဲ့သားတွေက အကြံပြုစာတွေ ပြန်ပို့ကြနဲ့ အပြန်အလှန် ဆက်ဆံရေးတွေဟာ အံ့မခန်းယုံကြည်မှု၊ ကြည်နူးမှုတွေနဲ့ မဟုတ်လား။ ယုံကြည်မှုဟာ အသုံးချခံရလေ့ရှိတတ်တဲ့အတွက် Pen Friend တွေကြားမှာ လိမ်ညာလှည့်ဖြားမှုတွေ ကြီးထွားမလာအောင် ကျွန်မတို့ စိတ်မကောင်းစွာနဲ့ Pen Friend ကို ရပ်ခဲ့ရတယ်။ ခုချိန်မှာတော့ ရတီမဂ္ဂဇင်းရဲ့ facebook လည်းရှိနေပြီမို့ Yati Magazine ဆိုတဲ့ facebook မှာ ရတီရဲ့ မိတ်ဟောင်းမိတ်သစ်တွေ၊ Asian Fame မီဒီယာက အဖွဲ့သားတွေ ပျော်ရွှင်စွာ ဆုံတွေ့နိုင်ကြပါပြီလို့...

ချစ်ခင်လေးစားမှုများဖြင့်

ငွေသော်တာ

CEO, Chairperson

Asian Fame Media Group









Asian Fame Media
MEDIA GROUP



# YATI
## 9th ANNIVERSARY

နှိုင်းချင့်ချိန်ဆ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နှစ်သက်ခိုင်ဝင်
ရတီစွမ်းအင်





ရတီဝိုင်းတော်သားများ

Asian Time Media Group
MEDIA GROUP



# 9th ANNIVERSARY

## အယ်ဒီတာနှုတ်ခွန်းဆက်



၉ နှစ်ပြည့်သွားပြီဆိုပေမယ့်လည်း ရတီနဲ့အတူရှင်သန်နေတဲ့ ကျွန်မတို့ကတော့ အနာဂတ်နေ့ရက်တိုင်း အောင်မြင်စွာ ဖြတ်သန်းလိုတဲ့ ဆန္ဒတွေ ရှိနေကြပါတယ်။ ဒီလိုပဲ ဖတ်ရှုကြရတဲ့ စာဖတ်ပရိသတ်တွေကိုလည်း ကျန်းမာချမ်းသာတဲ့ အနာဂတ်တွေ ပိုင်ဆိုင်စေချင်ပါတယ်။ ရတီ ရဲ့ စာမျက်နှာထက်ကနေ ကောင်းကျိုး တစ်စုံတစ်ရာ ရရှိခဲ့ကြမယ်ဆိုရင် ကျွန်မတို့ အရမ်းဝမ်းသာမှာပါ။

မြင့်သူဇာထွန်း အယ်ဒီတာ

ကလေးလေးတွေ ကျွန်မမျက်စိရှေ့မှာ စက္ကူလေယာဉ်ပျံလေးတွေ လွှတ်နေကြတယ်။ သူတို့လွှတ်တဲ့ စက္ကူလေယာဉ်ပျံလေးတွေက တချို့က ခွေကာဝိုက်ကာ လုလုပပျံဝဲတယ်။ တချို့လေယာဉ်ပျံလေးတွေက အရှိန်လေးတွေ တန်းနေအောင် အမြင့်ကို တည့်တည့်ပျံသန်းသွားတယ်။ တချို့ကတော့ စလွှတ်လိုက်ကတည်းကိုက လိမ်ဖည် လိမ်ဖည်နဲ့ မြေပြင်ဆီကိုသာ ဒုတ်ဒုတ်ချ စိုက်ဆင်းသွားလေတယ်။ ဒါပေမဲ့ ကလေးတွေကိုကြည့်ရတာ သူတို့ စက္ကူလေယာဉ်ပျံလေးတွေ ဘာပဲဖြစ်ဖြစ် မျက်နှာလေးတွေ ရွှင်ကြည်လန်းလို့ ပျော်နေကြတာပါပဲ။ သူတို့ထဲက ကိုယ့်လေယာဉ်ပျံလေးမြေပြင်ကို စိုက်ကျသွားတဲ့ သူကလည်း ဟာခနဲ တစ်ချက်အော်လိုက်ရုံကလွဲပြီး စိတ်ပျက်ဝမ်းနည်း သွားတာတွေမရှိဘူး၊ အားလျှော့တာ ကြေကွဲတာလည်း မတွေ့ဘူး။ ပြုတ်ကျသွားတဲ့ သူတို့ပစ္စည်းလေးတွေကိုတောင် သွားမကောက်သေးဘဲ အမြင့်ကို လှလှပပပျံဝဲတက်နေတဲ့ သူငယ်ချင်းတွေရဲ့ စက္ကူလေယာဉ်ပျံလေးတွေကို ခုန်ပေါက်အားပေးနေတတ်တယ်။ ဟော အမြင့်ပျံတက်နေတဲ့ စက္ကူလေယာဉ်ပျံပိုင်ရှင်လေးတွေကလည်း ဘာထူးသေးလဲ။ တဟားဟား တဟားဟားနဲ့ သူတို့အောင်မြင်မှုကို ငေးကြည့်ရင်း ပြုတ်ကျနေတဲ့ သူငယ်ချင်းတွေရဲ့စက္ကူ လေယာဉ်ပျံလေးကို အပြေးအလွှားသွားကောက်လို့ အမြင့်ပျံနိုင်အောင် သူကတောင် ကူညီပေးလိုက်သေးတယ်။ သူတို့အချင်းချင်းကြားမှာ အားလုံး အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ပါဘဲ။ ကျွန်မ သူတို့ကို ကြည့်ပြီးအားကျမိတယ်။ ကလေးတွေမှ နှလုံးသားတွေ ဖြူလွန်းလေသလား။ လူကြီးတွေရဲ့ နှလုံးသားဟာ အချိန်တန်ရင် အရောင်တွေ ပြောင်းတတ်သလား။ ဒီလိုကလေးလေးတွေရဲ့ စိတ်ထားမျိုးနဲ့ဆို ကျွန်မတို့တွေ ဘာပဲလုပ်လုပ် ပျော်ရွှင်စရာကြီးဖြစ်နေတော့မှာ။ အားလုံး ဝိုင်းဝန်းကြိုးစားကြမယ်။ အောင်မြင်မှုအတွက်ပျော်ရွှင်မယ်။ ရှုံးနိမ့်မှုအတွက် အားကူမယ်။ ဆက်လက်ပျံသန်းနိုင်ဖို့ တွန်းအားပေးပေးမယ်။ ဘာပဲဖြစ်ဖြစ် တစ်စိတ်တစ်ဝမ်းတည်းဆိုသောစိတ်နဲ့ဆို သတ္တိတွေ ခွန်အားတွေ ပိုတိုးလာမယ်လို့ ကျွန်မထင်မိတယ်။ အခုဆို ကျွန်မတို့ ရတီမဂ္ဂဇင်းဟာ ဒီလ မတ်လမှာ ကိုးနှစ်ပြည့်ခဲ့ပါပြီ။ ကိုးနှစ်ဆိုတဲ့ သက်တမ်းဟာ မဂ္ဂဇင်းတစ်စောင်အတွက် သက်တမ်းမနည်းတော့ဘူးလို့ ပြောရမှာပါ။ လျှောက်ရတဲ့လမ်းဟာ ခယောင်းလမ်းလည်းရှိသလို ပန်းခင်းလမ်းလည်းရှိတယ်။ ခါးသောအရသာကိုမြည်းစမ်းခဲ့ရသလို ချိုသောအရသာကြောင့်လည်း ရွှင်ရင်အေးခဲ့ဖူးတယ်။ ဘယ်လိုလမ်းကိုပဲ လျှောက်လျှောက် ဘယ်လိုအရသာကိုပဲတွေ့တွေ့ ကျွန်မတို့ဝိုင်းတော်သားတွေ လက်ချင်းတွဲထားကြမယ်၊ အခြေအနေ အချိန်အခါ ပြောင်းလဲမှု ရေစီးကြောင်းတွေအရ ရတီ မဂ္ဂဇင်းဆိုရင် **'စာများလွန်းတယ်'** ဆိုတဲ့ပုံတင်သံ ကျွန်မတို့ ပြန်ကြားရပါတယ်။ ဒါပေမဲ့ ကျွန်မတို့ CEO ကိုယ်တိုင်ရဲ့ **'စာမျက်နှာတိုင်းဟာ တန်ဖိုးရှိစေချင်တယ်၊ အမှိုက်ပုံမဖြစ်စေချင်ဘူး'** ဆိုတဲ့ မူဝါဒကို ကျွန်မတို့ ကိုင်စွဲပြီးသား။ ဒါကြောင့်လည်း သူ့အကြိုက် ကိုယ့်အကြိုက် ဆိုတာကို ရာခိုင်နှုန်းချလို့ ခေတ်ကိုလည်း ဥပက္ခာမပြုဘဲ ကျွန်မတို့ ကြိုးစား စီစဉ်တင်ဆက်ဖြစ်မြဲပါ။ စာပေဆိုတာ နှလုံးသားအတွက် အကောင်းဆုံး အာဟာရပါ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တောင် **"ဘဝရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ရဲတဲ့သတ္တိဟာ စာအုပ်တွေကို ဖတ်ပြီးမှ ရခဲ့တာ"** လို့ တရားဝင် ပြောကြားသွားခဲ့ပြီ။ စာကောင်းကင်မှာ စာပေဆိုတဲ့ စက္ကူလေယာဉ်ပျံလေးတွေ ဘယ်လောက်များများ ကျေနပ်စရာပါ။ မုဒိတာပွားစရာပါ။ အချင်းချင်း အကူအညီအထောက်အပံ့ ပေးစရာပါ။ ဖျော်ဖြေရာမီဒီယာတွေပေါများနေတဲ့ ခေတ်ကာလကြီးထဲမှာ လူတစ်ယောက် သူ့ အားလပ်ချိန် စာတစ်အုပ်ကို ကောက်ကိုင်ဖြစ်တယ်ဆိုရင်ပဲ ကျွန်မတို့ဝမ်းသာတတ်ရမယ်။ ဝမ်းသာပေးရမယ်။ စာပေခေတ်တစ်ခေတ်ဖြစ်အောင် ကျွန်မတို့ ကြိုးစားကြရပါလိမ့်မယ်။ ဒါကြောင့်လည်း စာပေသမားအချင်းချင်းလက်ချင်းတွဲလို့ ကြွေးကြော်ကြပါစို့။ We Belive We Can Fly . . .

မိုးမိုးဇော်ဝင်း တာဝန်ခံအယ်ဒီတာ



ရတီရဲ့ ရင်ခွင်မှာ ခိုလှုံခွင့်ရတဲ့ ကျွန်မအတွက် တစ်နှစ်ပြည့်ပြီးတဲ့အချိန်ပါ၊ ကျွန်မလုပ်တဲ့ ကဏ္ဍကိုင်းကိုတော့ ကျွန်မရဲ့ ညာဏ်စွမ်း ရှိသမျှနဲ့ ပရိသတ်အတွက် အကောင်းဆုံး ဖြစ်ပါစေဆိုတဲ့ စေတနာတွေ အရင်းခံပြီးပဲ တင်ဆက်ခဲ့ပါတယ်၊ ကျွန်မရဲ့ကဏ္ဍလေးတွေ ဖတ်မိကြည့်မိတဲ့ ရတီပရိသတ်တွေက တစ်စုံတစ်ရာသော စိတ်ကျေနပ်မှုလေး ရတယ် ဆိုရင်ပဲ ကြည်နူးရပါပြီ။

ဖြိုးရတီ အယ်ဒီတာ

Asian Media Group



ရတီမဂ္ဂဇင်းက ကျွန်တော့်ရဲ့ ဓာတ်ပုံဆရာဘဝကို ခံယူဖို့အတွက် အထောက်အကူ ပေးခဲ့တဲ့ ပင်တိုင်မဂ္ဂဇင်းပါ။ ၂၀၀၄ ခုနှစ် အလုပ်ဝင်ခဲ့ချိန် ကတည်းကစပြီး အခုအချိန်အထိ ဘယ်လို အခက်အခဲပဲတွေ့တွေ့ ရတီနဲ့အတူ လက်တွဲပြီး ကျော်ဖြတ်သွားမယ်လို့ ပြောချင်ပါတယ်။

**ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)**



စာဖတ်ပရိသတ်များနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ စိတ်ကျေနပ်မှု၊ ထိရောက်သော အကျိုးဆောင်မှုကိုပါ ကြိုးစားဖန်တီးပေးနေတာမို့ ပင်ပန်းတယ်လို့ မတွေးမိခဲ့ပါဘူး။ ဆက်လက် တိုးတက်အောင်မြင်ကြပါစေ . . .

တင်ဇနာဝင်း

ဒုမန်နေဂျာ

Marketing Department



မကြာခင်မှာ ရောက်ရှိလာတော့မယ့် ကျွန်မတို့မြန်မာလူမျိုးတွေရဲ့ မင်္ဂလာနှစ်သစ်မှာ ပရိသတ်ကြီးအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေရှင်။ နှစ်သစ်ရဲ့ နေ့ရက်တိုင်းဟာ အောင်မြင်သောနေ့လေးတွေ ဖြစ်ပါစေလို့ ဆုတောင်းပေးရင်းဖြင့် . . .

သီတာစိုး – သတင်းထောက်

YATI



ရတီစာမျက်နှာမှာ ၉ နှစ်ပြည့် နှုတ်ခွန်းဆက်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ Asian Fame Media Group ကြီးအတွင်းမှာ စည်းလုံးမှုနဲ့ အတူဆထက်ထမ်းပိုး ကြိုးစားသွားမယ်လို့ ကတိပြုပြီး ရတီ ပရိသတ်ကြီးအတွက်လည်း တစ်မူထူးခြားတဲ့ ကဏ္ဍများကို ပရိသတ်ရင်တွင်း အရောက်ပို့ပေးရင်း 'ဆန်းသစ်တီထွင် ရတီစာမျက်နှာပြင်' ကို ထာဝရ အားပေးနေကြလိမ့်မယ်လို့ ယုံကြည်နေမယ်နော်။ စာဖတ်ပရိသတ်ကြီးအတွက် Asian Fame Media Group ရဲ့ တစ်ဆောင့် တစ်နေရာကနေ ကဏ္ဍတင်ဆက်ခွင့်ရတာကိုပဲ ကျေနပ်နေပါပြီ။

နှင်းသက်ကြည် – သတင်းထောက်



ရတီပရိသတ်ကြီး မင်္ဂလာပါ။ နွေလေညင်းတွေ တိုက်ခတ်တဲ့ မတ်လမှာ ရတီမဂ္ဂဇင်းဟာလည်း ၉ နှစ်ပြည့်မြောက်ခဲ့ပါပြီ၊ ၉ နှစ်တာ ဖြတ်သန်းခဲ့တဲ့ ကာလတစ်လျှောက်မှာ ရတီဆိုတဲ့ အမည်နဲ့ ထပ်တူကျတဲ့ ကဏ္ဍများစွာကို ပရိသတ်ရင်တွင်းကို အရောက်ပို့ဆောင်ပေးခဲ့ပါတယ်။ ပရိသတ်ကြီးရေ . . . လူဆိုတာ သုတမဲ့ရင် အသိမဲ့ပြီး ကိုယ့်ဟာကိုယ်တောင် အလိမ်ခံရတတ်သတဲ့။ ဒါကြောင့် ပရိသတ်ကြီးလည်း ကိုယ့်ကိုယ်ကိုယ် အလိမ်မခံရအောင် သုတပွားမယ့်စာတွေဖတ်ပြီး အသိကြွယ်တဲ့သူတွေဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်တယ်နော်။

ညွှန့်အေး – ကျင်း


Find us on Facebook Popular Journal

Website : http://www.popularmyanmar.com

POPULAR News Journal

Find us on Facebook Popular Myanmar News Journal

Website : http://www.popularmyanmar.com

THE YATI

Find us on Facebook Yati Magazine

Website : http://www.yatimagazine.com

Mr. Magazine Men's Fashion

Find us on Facebook Mr.Magazine

Living Fashion Magazine

Find us on Facebook LivingFashion

IJOURNAL

Find us on Facebook AF Ijournal

Website : http://www.afijournal.com

AF I Cartoon

Find us on Facebook AF ICartoons

Asian Fame Media Group





ရတီ ၉ နှစ်ပြည့်သွားပြီ။ ကျွန်တော်လည်း ရတီမှာ အလုပ်ဝင်တာ ၉ နှစ်ရှိပြီ။ တိုက်တိုက်ဆိုင်ဆိုင် ဒီလထဲမှာပဲ ကျွန်တော့် ဘဝထဲကို ဝင်ရောက်လာတဲ့ ကျွန်တော့်သမီးလေးနဲ့အတူ စာဖတ်ပရိသတ်ကြီးကို နှုတ်ခွန်းဆက်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ စာဖတ်ပရိသတ်ကြီး မင်္ဂလာပါ။ လိုချင်တိုင်းရပြီး ကြံစည်တိုင်း လည်း အောင်မြင်ကြပါစေလို့ ဆုတောင်းရင်း . .

ကျွန်းကျွန်းလင်း – ဒိုင်းကောင်း

ခေတ်တွေ၊ အချိန်တွေပြောင်းလဲမှုအလိုက် တင်ဆက်မှုအခြေအနေတွေ လိုက်၍ ပြောင်းလဲနေသော်လည်း စာဖတ်သူပရိသတ်အပေါ် ထားရှိသော စေတနာနှင့် ကြိုးစားအားထုတ်မှုများမှာတော့ ပြောင်းလဲမှုမရှိ မြဲသည့်နှုန်းလျက်၊ ပို၍သာ တိုး၍သာဟု . . .

သီဟိုဠ်ဟန်ချော – ပုံနှိပ်တိုက်တာ



ရတီမဂ္ဂဇင်း ၉ နှစ်ပြည့်မှသည် နောင်နှစ်ပေါင်း ထောင်သောင်းမက အောင်မြင် တိုးတက်ပါစေကြောင်း ဆန္ဒပြုရင်း . . .

လင်းထွန့် – ဒီဇိုင်နာ



အမှတ်တရများစွာပေးသော ရတီမဂ္ဂဇင်းကြီး ၉ နှစ်ပြည့်မှသည် နောင်နှစ်များစွာတိုင် ဒီထက်မက ပိုပြီး ပိုပြီး အောင်မြင်ပါစေလို့ ဆုတောင်းလျက် . . . .

ရွှေစင်ဦး – ဒီဇိုင်နာ



ရတီပရိသတ်ကြီး ဆန္ဒနဲ့ဘဝ တစ်ထပ်တည်း ကျနိုင်ကြပါစေ။

ဝင်းသင်းလှိုင် – စာစီစာရိုက်



တစ်နှစ်ပြီးတစ်နှစ်ပြောင်းလဲသွားသလို တစ်ဆင့်ထက်တစ်ဆင့် အကောင်းဆုံးဖြစ် အောင် အဖွဲ့သားတွေအားလုံးနဲ့အတူ အမြဲကြိုးစားသွားမှာပါ။ ပရိသတ် အား လုံး ကံကောင်းခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။

ခင်သက်လှိုင် – စာစီစာရိုက်

Asian Fame Media Group



# သားသမီးရဲ့

တင်လတ်ကို

ရှမ်းကာနီသ
တားကိုင်ထားသော ပါးကွက်သားများ
တွေ့ညီနဲ့
ကျက်သရေမင်္ဂလာမရှိသော တီတုဒ်ဆိတ်မှု။

တီရွှေ့ဒန်တော့ မဟုတ်ဘူး။
ကလျာတွေ။

တင်လတ်ကို

Asian Fame Media Group



# ညစ်ညမ်းမှုများ

မောင်ဒီ

နေရာတကာ
ချေးယို့ သေးပေါက်တာမျိုး
မပြောချင်ပါ။
လူဆိုတာက
လေထုနဲ့ရေထုရှိပါမှ
အသက်ရှင်လို့ရတာပါ။
ထူးဆန်းတာပါပဲ
ဒီမိုကရေစီဆိုတာကလည်း
နိုင်ငံတွေရဲ့ရှင်သန်မှုအတွက်
လိုအပ်ချက်ပါပဲ။
ဒါပေမဲ့
၁၀ ရာခိုင်နှုန်းပဲ ရှိတဲ့နေရာ
၂၀ ရာခိုင်နှုန်းပဲ ရှိတဲ့နေရာ
စသည်ဖြင့်တော့ ရှိတာပေါ့။
မွန်းကျပ်တာပေါ့ဗျာ
အသက်ရှူလို့မဝဘူးပေါ့။
၄၀ ရာခိုင်နှုန်းအထက်ဆိုရင်တော့
ကလေးတွေရဲ့စာမေးပွဲလို
အောင်မှတ်ပေါ့။
၈၀၊၉၀၊၁၀၀ ဆိုရင်တော့
ဂုဏ်ထူးရမှတ်တွေပေါ့ဗျာ။
ဒါကြောင့်
ဒီမိုကရေစီကိုလည်း
လေထုနဲ့ ရေထုတွေလို
ညစ်ညမ်းအောင်မလုပ်ကြပါနဲ့ဗျာ။
အားလုံးအတွက်ပါ။

မောင်ဒီ

Asian Fame Media Group



# ပြာဆာ

မိုးသစ်ဝေ

မြန်မာပြည်အလယ်ပိုင်းကို
ဖယ်ပြနေတဲ့ မုန်တိုင်းဟာ
လက်ဖက်ရည်ခွက်ထဲက ထွက်မလာသေး။

ချက်စ်ကစားနေကျလူများကတော့
အရေးကြုံလာရင်
ပွန်းလေးတွေကိုရ ကျွေးဖို့ပြင်လို့
(ကျွမ်းကျင်ပြီးသား ကစားနည်းအတိုင်း)။

နမူနာပြစရာ
ကိစ္စတချို့တော့ ဖြစ်ခဲ့တယ်
အဲဒီ နမူနာတွေကြောင့်
တချို့တွေလည်း ကောင်းစားလို့
တချို့တွေလည်း ညောင်းသွားလို့ ။

မိုးသစ်ဝေ

Asian Fame Media Group

9th ANNIVERSARY
2004-2013
POEM



# ခေါင်းစဉ်ကိုခင်ဗျားပဲ တပ်လိုက်ပါ အာရကန်

မင်းနဒီ

ထရိုဂျန်မြင်းရုပ်ကြီးကို ထရွိုင်မြို့ထဲ ဆွဲသွင်းလိုက်သလိုမျိုး
အမှန်လိုလို တရားလိုလို အမှန်တရားကိုခြစ်ချခဲ့လိုက်ပြီးနောက်
အခုအဲဒီအမှန်က တချစ်ချစ်နဲ့ ပေါက်ဖျစ်ဖျစ်ထတောက်လို့
သက်ငယ်ကိုခွဲတယ် ခေါင်းပိုင်းကိုခွဲတယ် လူမျိုးကိုခွဲတယ်
အရိုးထဲစွဲနေတဲ့ အသားက လောက်လို ယင်ကလောင်းလောင်းညီတစ်ရှိန်
မျို့ မျို့တက်လာတဲ့ ဗီပွားဇက မုဒိမ်းအကျင့်ခံလိုက်ရသလို လည်လှီးခံလိုက်ရသလို
ချောက်ချောက်ချားချား
နီရိုကတစ်ပိုလည်း တယောလည်း မထိုးတတ် အငေလာင်းဘုရားလိုလည်း စန့်မတိုက်တတ်
တတ်သလိုမှတ်သလိုနဲ့ အသက်ကို ဖက်နဲ့ထုပ်ထားရင် ပြီးမလား
အွန်လိုင်းပေါ်ကွန်မန့်ပေးရေး လိုက်ခ်ကလေးလုပ်
ဂျူတ်တစုတ်စုတ်သပ်လိုက်ရင် ပြီးမလား
ကိုက်တဲ့ခွေးလည်းမရိုက်ရဲ ခွေးရှင်ကိုလည်း မရှုမရဲ
ဝါးချွန်တစ်ချောင်းကိုင်ရင်း ကိုယ့်အိမ်ရှေ့ကိုယ်ငုတ်တုတ်ထိုင်
အဘိုးအိုတစ်ယောက်ရဲ့ ဝေးမှိုင်နေတဲ့ မျက်ဝန်းတွေက
တိုင်းပြည်ကိုကာကွယ်ရမှာလား မိသားစုကို ကာကွယ်ရမှာလား
အဖြစ်နဲ့ အပျက်မှာ လက်ပုပ်တီးသူက ဘယ်အခန်းထွက်
တစ်ခန်းရပ်လိုလိုပြဇာတ်လိုလို
ဇာတ်မတိုက်ဘဲ ဆက်တိုက်ဆိုသလိုဖြစ်နေတဲ့ ဇာတ်လမ်း
ဇာတ်သိမ်းခန်းမှာ မင်းသားထွက်မှာလား ဘီလူးထွက်မှာလား မေးခွန်းနဲ့
ပြာတွေ တလူလူလွင့်နေတဲ့ပြည်နယ်မှာ
တိမ်ကို မီးနိုးနဲ့ အလှဆင်နေတဲ့မြို့
သူနိုးက လူပြန်ဟစ်ခံရတဲ့ ပတ်ဝန်းကျင်နဲ့
တစ်ကောင်စား သုံးကောင်ကျွေးလိုက်ရတဲ့ မြို့
အဲဒီလို တွေးရင် အဲဒီလိုရေးရင်း
စိုနင့်လာတဲ့ မျက်ရည်ဟာ ငါနှလုံးသားပေါ်တည့်တည့်စီးခဲ့တယ်။


မင်းနဒီ



Asian Fame Media Group

# ပျောက်ဆုံးနေသော လူကြီးမင်း

A မိုး




သေဆုံးပြီး လမ်းမများ၊ မြို့အစွန်လမ်းများ၊ လမ်းအိုလမ်းကြားများ ရှိနိုင်မလား
ထူထပ်သော လမ်းမများ၊ ဟောင်းဖွာဟောင်းဖွာ အသံများကြား ရှိနေမလား ရှာကြည့်ဖူးတယ်
တိတ်ဆိတ်ဝေးဝေါင်နေတဲ့မြစ်၊ မြစ်ကမ်းနံဘေးက ပိုင်ရှင်မဲ့သွားတဲ့ မိနစ်တစ်ရှန်၊ အဲဒီမှာလည်းသူမရှိဘူး
ခန္ဓာတွေ လုပ်အားပေးလာပြီး ပြန်လာတဲ့၊ မှုန်ပျပျလောင် ညနေခင်းတစ်ခု
အဲဒီမှာ၊ သူ့အကြောင်းကို သွားမေးလေသူရဲ့ နာရေးသတင်းတစ်ပုဒ်လို ကြားလိုက်မိသလို
ငိုကြွေးရှိုက်ငင်မြို့မြေတစ်ပင်မှ မရှိရှာသူတွေ၊ သူ့ကို မေ့ပစ်လိုက်ပြီ
အားကြီးသူတွေက သူ့ကို အစဖျောက်ပစ်တယ်၊ ပြီးတော့ သူ့အကြောင်း တဖွဖွရွတ်ဆို အရေသာခံ
နိုင်ရာစားကစားပွဲမို့၊ သူဟာ မလိုအပ်တော့တဲ့ဖဲတစ်ချပ်လား
သေနတ်သံကြားလိုက်တယ်၊ သူများလား၊ သူက အဲဒီလိုလည်း မြေရှင်းတတ်တယ်
သူမဟုတ်ဘူး၊ ဘယ်သူများလဲ၊ ရင်တထိတ်ထိတ်
သေနတ်ပြောင်းဝမှာ သူ့နာမည်ကို ကြောင်ကျကျ မိုးယူတပ်ဆင်ထားတော
သူ့ရဲ့နာမည်ကို ပြောပြီး ပျော်ရွှင်အေးချမ်းခြင်းတွေကို လာပြီး သိမ်းယူသွားကြတာ
ကြာတော့လည်း မေ့ပစ်လိုက်ရတော့တာပါပဲ၊ မထူးဆန်းတော့သလို၊
ငွေစက္ကူပေါ်မှာ သူ့ပုံရိပ်တွေ အကောင်းအမွေ ချုပ်နှောင်ထားခံရသလိုလို
အုတ်တံတိုင်းမြင့်မြင့်တွေမှာ သူ့ဝိညာဉ်ကို အစောင့်အရှောက်အဖြစ် မွေးထားသလိုလို
တွေ့ကြုံခဲ့လေသမျှ တကယ့်တကယ်တမ်းမှာတော့
ဒီဇင်ဘာလပေါ်မှာ မျိုးတုံးပျောက်ကွယ်သွားရှာတဲ့ သဘောတရားတစ်ခုမျှသာ
ပြတိုက်ကြီး တစ်ခုထဲမှာများ ရှိနေဦးမလား၊ မဖြစ်နိုင်တဲ့ဇာတ်ပါပဲ
လူကြိုက်နည်းလှတဲ့ သူ့ကို သိမ်းထားမယ် မထင်ဘူး
ကြားဖူးနားဝ ဒဏ္ဍာရီများထဲ၊ ကလေးသူငယ်တို့ရဲ့ ပုံပြင်စာအုပ်တွေထဲ
တိတ်တဆိတ် မှေးမှိန်ပျောက်သွားလေသလား၊ ပြန်ထွက်မလာချင်တော့တာလား
ဘာပဲပြောပြော၊ မသေခင်တစ်ကြိမ်တစ်ခါတော့ တွေ့ကြုံစမ်းချင်ပါတယ်
  အမှန်တရားဆိုတဲ့ လူကြီးမင်း ခင်ဗျား ...
  လူကြီးမင်းဟာ လက်ရှောင်လှပါတယ်။

A နိုး



Asian Fame Media Group



ဒီည စာဖတ်တာ အချိန်တွေတော်တော် စားသွားတယ်
ဒီလိုညတွေ ရေတွက်ကြည့်တော့ မရေမရာ
ဘယ်နနာရီ ထိုးပြီးလဲ အနားမှာနာရီမရှိတော့မသိဘူး
ဒါနဲ့ ဖယောင်းတိုင်မီးကို မှုတ်လိုက်တယ်
မီးငြိမ်းသွားပေမယ့် ဘဝကမငြိမ်းသေးဘူး
ညဟာ ညလိုပဲတိတ်ဆိတ်လို့ တစ်ချက်တစ်ချက်
အမေ့ရဲ့ ချောင်းဟန့်သံက တိုးသဲ့သဲ့ တိုးသဲ့သဲ့
ဟိုးအဝေးက သံချောင်းခေါက်သံ တစ်ချက် ... နှစ်ချက် ... သုံးချက်
ဘယ်နှချက်မြောက် သံချောင်းခေါက်သံမှာ အိပ်ပျော်သွားလေမလဲ
ကျွန်တော်မသိဘူး အိပ်မပျော်သူအတွက် ညတာဟာ
ရှည်ကြာလွန်းတတ်ပါသလား ညဟာ ညလိုပဲ တိတ်ဆိတ်လို့
အမေရော နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရဲ့လား မသိ
ကျွန်တော်က ခုထိ အိပ်မပျော်သေးဘူး
ပျော့ရွှင်ဖွယ် မိသားစုဘဝကို ငွေနဲ့ ပေးဝယ်လို့မရသလို
အိပ်ပျော်ခြင်းကိုလည်း ငွေနဲ့ပေးဝယ်လို့ မရနိုင်ဘူး
ပေးဝယ်လို့များ ကျွန်တော်အိပ်ပျော်သွားရင် ...
"၃၅ လင်းပေါ်က အိမ်ကလေး" ဆိုတဲ့ ကဗျာစာအုပ်ထုတ်ဝေဖို့
အိပ်မက်ထဲ ထည့်မက်နေလေမလား ... စဉ်းစား စဉ်းစားရင်း
အတွေးမှား အတွေးများနဲ့ ရှားရှုပ်ထွေးပွေမှာဆိုတော့
တောင်စဉ်ရေမရ အတွေးများကို ဖမ်းဆုပ်နိုင်ဖို့
ပတ်လက်လန် မျက်စိမှိတ် လက်ကို ချက်ပေါ်တင် စိတ်အလျှဉ်ကို
ဖောင်းရှုပ် ပိန်ရှုပ်ပေါ် အာရုံစိုက်ထားလိုက်တယ်
ဖောင်းရင် ဖောင်းတယ် ပိန်ရင် ပိန်တယ် ဖောင်းတယ် ပိန်တယ်
ဖောင်းတယ် ပိန်တယ် နေ့နဲ့ညဟာ ဖြစ်လိုက် ပျက်လိုက်
ဖောင်းရှုပ် ပိန်ရှုပ်ဟာ ဖြစ်လိုက် ပျက်လိုက် စိတ်ဟာ သတိနဲ့
ကပ်လိုက် ခွာလိုက် ဘယ်နနာရီထိုးပြီလဲ ... အိပ်မပျော်သူအတွက်
ညတာရှာ ... သံချောင်းခေါက်သံ ဘယ်နှချက်မြောက်မှာ ...
ကျွန်တော် အိပ်ပျော်သွားလေမလဲ ညဟာ ညလိုပဲ တိတ်ဆိတ်လို့
အမေ့ရဲ့ ချောင်းဟန့်သံက တစ်ချက် တစ်ချက်တိုးသဲ့သဲ့
ကြားရင် ကြားတယ် ကြားတယ် ကြားတယ် ...
ဖောင်းတယ် ပိန်တယ် ကြားတယ် ဖောင်းတယ် ပိန်တယ် ကြားတယ်
ဖောင်းရှုပ် ပိန်ရှုပ်နဲ့ အကြားအာရုံအကြား ဘယ်အချိန်မှာ
ကျွန်တော် အိပ်ပျော်သွားမှန်း မသိဘူး နံနက်ချိန်ရဲ့ တေးသံသာ
အမေ့ရဲ့ဘုရားရှိခိုးသံ ဆွမ်းတော်တင်သံအကြားမှာ
ကြည်ကြည်လင်လင်နဲ့ ကျွန်တော် နိုးလာခဲ့ပါတယ်။ ။

သော်တာစံ(ဂရေလး)

Asian Fame Media Group
MEDIA GROUP



# ပြက်လုံးတစ်ခုရဲ့ နောက်ကွယ်မှာ

မိုးဆက်

မြစ်ဖျားမှာ ကျုပ်ရပ်နေတုန်းပဲ
လေရူးတွေသုန်တော့ ဖဲဒါရန့်တွေနဲ့
တစ်ခါက ဆရာတော်ဂျိုကို သတိရမိတယ်
သတ္တုချေးစိတွေရယ်
ပါးရေအိုတွန့်ခေါက် ခပ်ဖျင်းအင်္ကျီခြောက်ပါပဲ
အနာဂတ်ရဲ့ လှမ်းလာသံပဲ
မြူတွေကျ
အဲဒီ လကွယ်ညမှာ
တိမ်မှုပ်တွေ ငိုချ ငိုကြွေ
ဒါဟာ "ဟာသ" တစ်ပုဒ်ဖြစ်တယ်
ဒါဟာ "ပြက်လုံး" တစ်ခုဖြစ်တယ်
ဒါဟာ "အာရုံကြောရဲ့ အေးစက်နွေးထွေးမှု" ဖြစ်တယ်
ဘာလို့လဲ
ဒါဟာ "ကဗျာ" တစ်ပုဒ်ဖြစ်တယ်
ဒါဟာ "ပြဇာတ်" တစ်ခုဖြစ်တယ်
ဒါဟာ "ပိုမှုစ်စိမ်းလန်းခြင်းရဲ့ ပန်းတစ်ခင်း" ဖြစ်တယ်
ဘာလို့လဲ
ဘာလို့လဲ
ဘာလို့ အမှောင်တွေပိုပြီး နက်လာရတာလဲ
လူရွှင်တော်တစ်ယောက်ရဲ့ ရင်ထဲက အော်တယ်
သူ့မျက်ဝန်းမှာတော့ မျက်ရည်တွေ
အဲ့မျက်ရည်တွေဟာ အနုပညာဖုံးတွေပြည့်လို့
ကျောကော့နပ်နပ်ကြီး ဆွတ်ကြွေနေရှာ
အို ... ဒါဟာ ...
သူ့ အနုပညာထဲ့ဝေ
သူ့ အနုပညာတလွဲပြီး

အိမ်မရှိဘူး
ဖုန်းမရှိဘူး
ကားမရှိဘူး
ဗန်ဂိုးရဲ့ နေကြာပန်းခင်းလည်း မရှိခဲ့ပါဘူး
ရှိခဲ့တာက
သမီးလေးရယ်
လေဖြတ်နေရှာတဲ့ ဇာတ်သမ
ချစ်ဇနီးသည် မိန်းမလှလေးရယ်
တောင်ရှည်ပုဆိုးကလေး တစ်ထည်ရယ်ပါ
ဒီရင်အုပ်ကျယ်ကြီးထဲမှာတော့
ပျော်ရွှင်ခြင်းတစ်ဝက် ဝမ်းနည်းခြင်းတစ်ဝက်
ချိုမြိန်ခြင်းတစ်ဝက် ခါးသီးခြင်းတစ်ဝက်
နွေးထွေးခြင်းတစ်ဝက် အေးစက်ခြင်းတစ်ဝက်
အထပ်ထပ် ရစ်ပတ်ခဲ့တဲ့ စိုးရွံ့ခြင်းရောက်တွေ
တဆတ်ဆတ်နဲ့ တုန်ယင်လို့နေလို့
မြစ်ဖျားမှာ ကျုပ်ရပ်နေတုန်းပဲ
ကျုပ်ရပ်နေတုန်းမှာပဲလေ
အမှောင်တွေ ချင်းနင်းဝင်ရောက်
အမြင်တွေရဲ့ အနားသတ်လောက်မှာ
နေဝန်းနီလည်းငုံလျှိုးနေရှာတော့
လူရွှင်တော်တစ်ယောက်
သူ့ အနုပညာစွန်းတောက်တွေနဲ့
ပြက်လုံးတွေပိုက်လို့
ဇာတ်စင်သို့ တက်နေရှာ
ပေမှာ ...
မျက်နှာမှာ အပြုံးတွေနဲ့
ရင်ဘတ်မှာတော့ မဲ့တဲ့တဲ့ ...။

မိုးဆက်

Asian Fame Media Group



# ပင်စင်စား

နရီ

Asian Fame Media Group

နှစ်(၆၀)လုံးလုံး
ထွန်တုံးတစ်တုံးလို နှံ့ပြီးပြီ။
မလတ်ဆတ်တဲ့ သစ်သီးတစ်လုံးအပေါ်
ဘယ်သူမှ အလေးမလုပ်တော့ပါ။
အခန်းတံခါးကိုဖွင့်လိုက်ရင် ပုလင်းပေါင်းကိုဖွင့်ရသလို
အကျဉ်းကျနေတဲ့ ထမင်းကျန် ဟင်းကျန် နံ့ဘေး ကြွက်တစ်သိုက်ဟာ အလုပ်ရှုပ်လို့
လက်တစ်ကမ်းမှာ မြက်တစ်ပင်လောက် ရှင်ရေးနဲ့ သေရေးဟာ အရေးပါလို့
နောက်လက်တစ်ကမ်းမှာ ဓါးစာဓာတ်ပုံပေါင်းထဲက ရယ်သံလေးတွေဟာ
တသွင်သွင်မြည်လို့
နိစ္စမှုဝဟာ ပက်လက်ကုလားထိုင်ပေါ်မှာ မှောင်လို့
ဘာမှ ပြန်မရတော့ပေမယ့် ဘာမှ ပေးစရာလည်း မရှိတော့ပါဘူး
စိန္ဒပ်ပြုတ်ကို သံကြိုးနဲ့ တုပ်လိုက်တယ်
ပို့ရှိသင်းနေတဲ့ ရေသေပေါ်ဦးထုပ်ပေါင်းကို ဆောင်းလို့၊ ဘောင်းဘီပေါင်းကို ဝတ်လို့
အားမပါတော့တဲ့ မျက်လုံးတစ်စုံဟာ ဘယ်သူမှ မလာတဲ့လမ်းကို မျှော်လို့၊ ငေးလို့။
နာရီစရာတွေ မကုန်သေးလို့ နာရီစရာတွေကုန်အောင် စောင့်နေသူ
ရင်ထဲက သက်တံလေးလည်း ကျိုးသွားပြန်ပေါ့။

နရီ

ရွှေမင်းသား



Asian Comic Media Group

ဝင်းအောင်




Asian Fame Media Group


9th ANNIVERSARY 2004-2013 CARTOON

မြေဇာ




Asian Fame Media Group
AF MEDIA GROUP

ဟက်ကော့


ပြည်တွင်းဖြစ်ကို
အားပေးကြပါ...
နိုင်ငံခြားဖြစ်က တစ်ကျပ်တန်ပြီး
ပြည်တွင်းဖြစ်က တစ်ထောင်တန်နေဦးတော့
ပြည်တွင်းဖြစ်ပဲ အားပေးရမယ်...
ဒါကြောင့်...
မျိုးချစ်စိတ်ရှိသူတိုင်း
ဟယ်... အဘိုးကြည့်
ဟဲ့...ဟဲ့...
2012.

## စာအုပ်ဈေးရောင်းပွဲတော်၊ စာပေဟောပြောပွဲနှင့် ၂၀၁၁ ခုနှစ် အကောင်းဆုံး ထုတ်ဝေသူဆုပေးပွဲ

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းက ကြီးမှူးကျင်းပသည့် စာအုပ်ဈေးရောင်းပွဲတော်၊ စာပေဟောပြောပွဲနှင့် ၂၀၁၁ ခုနှစ် အကောင်းဆုံး ထုတ်ဝေသူဆုပေးအပ်ချီးမြှင့်ပွဲကို အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်၊ အဆိုပါဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ဆွေတို့က ဖွင့်လှစ်ကာ အမှာစကားများ ပြောကြားခဲ့ကြသည်။ ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံး ထုတ်ဝေသူဆုကို ချီးမြှင့်ရာတွင် လောကအလင်းစာအုပ်တိုက်မှ ဦးဇော်ဦးက Waves of Influence စာအုပ်ဖြင့် ရရှိခဲ့သည်။ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် စာပေဟောပြောပွဲကို စတင်ခဲ့ပြီး ၃၁. ၁. ၂၀၁၃ နေ့မှ ၃. ၂. ၂၀၁၃ နေ့အထိ ၄ ရက်ဆက်တိုက် ကျင်းပခဲ့ကြရာ စာရေးဆရာမ မစန္ဒာ၊ ဆရာမခင်ဆွေမြင့် (မြန်မာစာ)၊ ဆရာ လယ်တွင်းသားစောချစ်၊ ဆရာကိုတာ၊ ဆရာမသန်းမြင့်အောင်၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဦးဘုန်း (ဓာတု)၊









ဆရာချစ်ဦးညို၊ လင်းသိုက်ညွန့်၊ ဆရာမဂျူး၊ ဆရာကျော် ဝင်းနှင့် ဆရာဖေမြင့်တို့ ဟောပြောခဲ့ကြသည်။ ယင်း ၄ ရက်အတွင်း စာအုပ်ဈေးရောင်းပွဲတော်ကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ် ရောင်းချခဲ့ကြသည်။



## ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ကျင်းပ

ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပခဲ့သည်။ အဆိုပါစာပေပွဲကို ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်နေ့အထိ ၃ ရက်ကြာ ကျင်းပခဲ့ပြီး နိုင်ငံတကာနှင့် ပြည်တွင်းမှ စာပေအမျိုးအစားစုံလင်စွာ ရေးသားကြသော သုတ၊ ရသနယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားသူ စာရေးဆရာများ၏ ဆွေးနွေးချက်၊ ဟောပြောချက်၊ စကားဝိုင်းများပါဝင်ပြီး ခန်းမအသီးသီးတွင် အချိန်များခွဲကာပြုလုပ်ခဲ့ကြသည်။ အဆိုပါစာပေပွဲကို ဗြိတိသျှသံရုံး၊ ဗြိတိသျှကောင်စီ၊ FMI စင်တာ၊ ရိုးမဘဏ်၊ Myint & Associates ကုမ္ပဏီလီမိတက်၊ Monument Books စာအုပ်ဆိုင်၊ Myanmar Book Centre နှင့် Today တို့က ပံ့ပိုးကူညီခဲ့ကြသည်ဟု သိရသည်။



## စိန်နန်းတော် စိန်ရွှေရတနာ၏ စတုတ္ထမြောက်ဆိုင်ခွဲဖွင့်လှစ်

စိန်နန်းတော်စိန်ရွှေရတနာဆိုင်၏ စတုတ္ထမြောက်ဆိုင်ခွဲကို ဇန်နဝါရီလ ၂၀ ရက်နေ့က ဆိုင်တည်ရှိရာ ကမ္ဘာအေး ဂမုန်းပွင့်ကုန်တိုက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဖွင့်ပွဲတွင် နိုင်ငံကျော် အနုပညာရှင်များစွာက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြကာ တေးသီချင်းများဖြင့်လည်း ဖျော်ဖြေ ခဲ့ကြသည်။ ဝယ်ယူ အားပေးကြသည့် ဖောက်သည်များကို ကျေးဇူးတုံ့ပြန် သည့်အနေဖြင့် စိန်ဟန်းချိန်း၊ စိန်ဆွဲသီး၊ စိန်လက်စွပ်၊ စိန်နားကပ်၊ ရွှေဆွဲ ကြိုး ၅ ကုံး၊ ရွှေလက်စွပ် ၁၅ ကွင်း၊ ရွှေဆွဲသီး အခု ၃၀ နှင့် အခြားဆုမဲ ပေါင်းများစွာကို ဗလာမပါကံစမ်းမဲအဖြစ် ဖောက်ပေးခဲ့သည်။ ဆိုင်ဖွင့်ပွဲ အထူးပရိုမိုးရှင်းအနေဖြင့် ဇန်နဝါရီ ၁၉ ရက်မှ ၃၀ ရက်နေ့အထိ ရွှေထည်၊ ပလက်တီနမ်၊ စိန်ထည်နှင့် ကျောက်ထည်များကို ၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပြီး ချက်ချင်းပေါက် ချက်ချင်းယူပုံစံဖြင့် ဗလာမပါကံစမ်းမဲများလည်း စီစဉ်ထားကြောင်း သိရသည်။

# မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ




**မမရတီရေ. . . ကိုစိုးသူကို အကယ်ဒမီပွဲမှာ မြင်ရတာ ဝမ်းသာလိုက်တာ။ ပြီးတော့ ကိုစိုးသူရဲ့ နုပျိုလန်းဆန်းမှုကလည်း အံ့သြစရာပဲနော်။ သူနဲ့ ရွယ်တူ တန်းတူမင်းသားတွေနဲ့ ဂျာနယ်တွေမှာ တွဲယှဉ်ပြတော့ သူ့ရဲ့နုပျိုမှုက ပိုပြီး သိသာနေတယ်။ ကျွန်မကတော့ ကိုစိုးသူရဲ့ အရင်ကတည်းက ပရိသတ်မို့ သူ့ကို အနုပညာအလုပ်တွေ ပြန်လုပ်စေချင်တယ်ရှင်။ ကိုစိုးသူက အနုပညာ အလုပ်တွေ ပြန်လုပ်ဖို့ ရှိ မရှိ ရတီကနေတစ်ဆင့် မေးပေးပါလားရှင့်။**

***ခင်မြတ်ဝေ***

မခင်မြတ်ဝေရဲ့ ဆန္ဒတွေ ဒီလရတီကို ဖတ်လိုက်ရင် ပြီးပြည့်စုံသွားမယ်လို့ ထင်ပါတယ်နော်။ ကိုစိုးသူ ဒီတစ်ခေါက်ပြန်လာတာ အနုပညာစန်းတော်တော် ကောင်းတယ်ပြောရမှာပါ။ အရင်တုန်းက သူ့ပရိသတ်တွေရော အခုခေတ် လူငယ်တွေကပါ ကိုစိုးသူကို စိတ်ဝင်တစား အားပေးကြတာတွေ့ရပါတယ်။ စိတ်မကောင်းစရာကတော့ ကိုစိုးသူချစ်တဲ့မိခင်ကြီး ကွယ်လွန်သွားတာတော့ မှိုတာပေါ့နော်။ ကိုစိုးသူရဲ့ သဘောကတော့ သွားလိုက်ပြန်လိုက်လုပ်ပြီး သူ့ပရိသတ်နဲ့ ပြန်လည်ထိတွေ့ဖို့ ဆန္ဒရှိနေပုံရပါတယ် မခင်မြတ်ဝေရေ။

**မမရတီ အချစ်ရေး ရင်ဖွင့်လို့ရတယ်ဆိုလို့ အကူအညီတောင်း ရင်ဖွင့်လိုက်ပြီဗျာ။ ပေါ့ပေါ့တန်တန် အကူအညီတောင်းတယ်လို့တော့ မထင်ပါနဲ့နော်။ ကျွန်တော် တကယ်ထိနေလို့ပါ။ ၂၈ ရက် ၁၂ လပိုင်းက ကျွန်တော် ကျိုက်ထီးရိုး တက်တယ်။ အဲ့ဒီမှာ ကျွန်တော့် ဘေးကထိုင်တဲ့ သိုးမွှေးဦးထုပ် အဖြူရောင်လေးနဲ့ ကောင်မလေးကို ဆုံခဲ့ရတယ်ဗျာ။ ကျွန်တော်တို့က လေးယောက် အဖွဲ့၊ သူတို့က ခြောက်ယောက် အဖွဲ့ဗျ။ ဒါပေမဲ့ အခက်အခဲတစ်ခု ရှိနေလို့ သူ့လိပ်စာကို ကျွန်တော် တောင်းခွင့်မရလိုက်ဘူး။ အမှတ်တမဲ့ တွေ့ခဲ့ပေမယ့် တကယ်အမှတ်တရ ဖြစ်သွားခဲ့တာပါ။ ကျွန်တော် သူ့ကို ပြန်ဆုံချင်တယ်။ သူနဲ့ အဆက်အသွယ် ရချင်ပါတယ် မမရတီ။ ကျွန်တော့် ဖုန်းနံပါတ်ကို ဒီစာနဲ့ အတူထည့်ပေးလိုက်ပါတယ်။ ကျွန်တော်တို့ အဆက်အသွယ်ရအောင် ကူညီပေးပါဗျာ။**

***မောင်ဇေယျာ***

အမှန်အတိုင်း ပြောရရင် မမရတီဆီကို အချစ်ရေး အကူအညီတောင်းတာ တော်တော်နည်းပါတယ်။ မမရတီ ဒီဘက်မှာ အဖြစ်မရှိတာ

Asian Fame Media Group

ပရိသတ်တွေ သိနေလို့လား မပြောတတ်ပါဘူး။ အရင့်အရင်က လူတွေလည်း ကိုယ် ကူညီလိုက်ကာမှ နဖူးစာ မင်ရေတဲ့ကုန်တာမျိုး ရှိတယ်ကွဲ့။ အထင်တကြီး အကူအညီ လာတောင်းတဲ့ မောင်ဇေယျာကို ဆရာကြီးလုပ် ကူညီချင်သော်ငြား သတိမပေး မရှိရလေအောင် သတိပေးစကားလေးတော့ ပြောပါရစေနော်။ ဘုရားဖူးရင်း မတော်တဆ တွေ့လိုက်တဲ့ လိပ်ဥလေးက တစ်သက်တာ ကိုယ်ပိုင်ဆိုင်ချင်တဲ့ လိပ်ဥလေး ဖြစ်လိမ့်မယ်လို့ မောင်ဇေယျာ ကိုယ့်စိတ်ကိုယ် သေချာလို့လား။ လူ့စိတ်ဆိုတာ လှတာမြင်ရင် မက်မောစွဲလမ်းတတ်တာ ထုံးစံပဲလေ၊ လှတာလေး မြင်မယ်၊ အထုံရေစက်လေးကလည်း ပါမယ်ဆိုရင် မျက်စိထဲဖျောက်မရ ဖျက်မရ ဖြစ်တတ်တာ လက်ခံပါတယ်။ ဒါပေမဲ့ ဒီခံစားမှုလေး သေချာအောင် စောင့်ကြည့်လိုက်ပါဦး။ နောက်တစ်ခါ တစ်ဖက်ကလေးမကလည်း ဒီတစ်ခေါက် ကျိုက်ထီးရိုးဘုရားဖူးပြီးရင် အပြန်ကျ မိဘတွေ သဘောတူသူနဲ့ လက်ထပ်မယ်ဆိုတဲ့ ကလေးမမျိုးလေးရော ဖြစ်မနေဘူး ပြောနိုင်မလား။ စကားအဖြစ်ပြောတာပါ။ ဘာပဲဖြစ်ဖြစ် မောင်ဇေယျာရဲ့ ဖူးစာရှင်သာ မှန်ရိုးဆိုရင် ဒီကလေးမ တိုက်တိုက်ဆိုင်ဆိုင်ဒီအမေးအဖြေ ဖတ်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဒီစာဖတ်ဖြစ်လို့ မောင်ဇေယျာရဲ့ ဖုန်းနံပါတ်များတောင်းလာခဲ့မယ်ဆို ဆက်ဆက်ပေးလိုက်ပါ့မယ်ကွယ်၊




> ဂိမ်းမဆော့ရရင်ကို ကယောင်ချောက်ချား ဖြစ်နေသလိုပဲ။ ဆိုးတာက ကျွန်မက ဂိမ်းဆော့ဖို့ ပိုက်ဆံ ထုတ်မပေးရင် အမေ မသိအောင် ယူတတ်နေပြီ.....

**မမရတီရေ . . ကျွန်တော်က ဆုန်သင်းပါရ်ကို သိပ်ကြိုက်တာ။ သူ့ဆို ဟန်ဆိုပေါက်တွေ သူ့စတိုင်လ်တွေ အရမ်းကို သဘောကျခဲ့တာ။ ဒါပေမဲ့ နယူးနီးယားပွဲတုန်းက ဆုန်သင်းပါရ်ကို တီဗီလိုက်ဖ်ရှိုးမှာ တွေ့လိုက်တာ တော်တော်ဝနေပါလားဗျာ။ ဘာပဲဖြစ်ဖြစ် အဆိုတော်ဆိုတာ မင်းသမီး မဟုတ်ပေမယ့် ပရိသတ်က သူ့အလှအပကိုလည်း အတူတွဲ ခံစားတတ်ကြတာဆိုတာ သိသင့်ပါတယ်။ မျက်နှာလှလှလေးနဲ့ လိုက်ဖက်အောင် ကိုယ်လုံးလေး နည်း နည်းချပါလို့ စေတနာကောင်းနဲ့ အကြံပေးလိုက်ပါတယ်။**

***မင်းဇော်ဦး***


ဟိုး ဟိုးထား ကိုမင်းဇော်ဦးရေ . . ဆုန်သင်းက ရိုးရိုးဝတာမဟုတ်ပါဘူး။ အထဲက သူ့ကိုယ်ပွားလေးကြောင့် လှလို့ ဝလို့ဖြစ်နေတာပါ ကိုမင်းဇော်ဦးရဲ့၊ အခုဆို ကိုယ်ဝန်က ငါးလရှိနေပြီလို့ ပြောပါတယ်။ ဘာလေးရရချစ်မှာပဲမို့ အာယာဆောင်းတောင် မရိုက်ကြည့်ဖြစ်ဘူးတဲ့လေ။ မေလမိုးရာသီမှာ ရင်သွေးလေးမွေးပြီးရင်တော့ အရင်ကာလို့ ချပ်ချပ်ရပ်ရပ်လေးနဲ့ ပျိုမေ နဂိုရည် ဖိုပြည်သော အလှတရားများ ပြန်လည် ပိုင်ဆိုင်အောင် ပြုလုပ်သွားမှာ ဖြစ်ကြောင်း သတင်းကောင်းပါး လိုက်ပါတယ်နော်။

**မမရတီ. . . အခုခေတ်ကလေးတွေအတွက် ဂိမ်းစွဲတဲ့ဝေဒနာက မသေးပါလားရှင်၊ ကျွန်မ သားလေးအကြောင်း ရင်ဖွင့်ပါရစေနော်။ သူက ဂိမ်းပဲ အချိန်ပြည့် ဆော့ချင်နေတယ်၊ ဂိမ်း မဆော့ရရင်ကို ကယောင်ချောက်ချား ဖြစ်နေ သလိုပဲ။ ဆိုးတာက ကျွန်မက ဂိမ်းဆော့ဖို့ ပိုက်ဆံ ထုတ်မပေးရင် အမေ မသိအောင်ယူတတ်နေပြီ။ ကျောင်းကဆရာမ တွေကလည်း သားကို ကျောင်း လစ်တတ်နေပြီလို့ တိုင်ကြတယ်၊ အခု ဘယ်လောက် တောင် ဖြစ်နေလဲဆိုတော့ သူက ဂိမ်းများ ဆော့နေရမယ်ဆိုရင် အစားအသောက်မေ့တဲ့အထိပဲ မမရတီရဲ့၊ လူပျိုလေးတန်မဲ့ တစ်ကိုယ်ရေ သန့်ရှင်းဖို့ တို့ လှလှပပနေဖို့တို့လည်း စိတ်ဝင်စားပုံ မရတော့ဘူး။ ကျွန်မသားရဲ့ အစွဲအလမ်းက သူများထက် ပိုကြီးနေတော့ စိုးရိမ်လာပြီ။ ကျွန်မအခုလို ရင်ဖွင့်တာလည်း တစ်မျိုးမထင်ပါနဲ့နော်။ ကျွန်မ ရတီစာအုပ်အဟောင်း တစ်အုပ်မှာ ဂိမ်းအကြောင်း ဆောင်းပါးတွေ တွေ့ဆုံခန်းတွေ ဖတ်ဖူးလို့ပါ၊ အဲ့ဒီအထဲမှာ ဆိုးကျိုးကို သိပ်နစ်နာအောင် ရေးမထားဘူး။ ကျွန်မကတော့ ကျွန်မ သားရှေ့ရေးအတွက် အရမ်းကို စိုးရိမ်နေလို့ပါ။ အဆိုးအကောင်း သေချာအောင် ပြောပါဦးမမရတီ။**

***ဒေါ်ရင်မြတ်ထွေး***

သားအတွက် စိုးရိမ်ကြီးနေတဲ့ သားရဲ့မေမေ ရေ. . . ခုခေတ်မှာတော့ ဂိမ်းစွဲတာ ကလေးတွေတင် မဟုတ်တော့ဘူး ထင်ပါတယ်။ သွားသွား လာလာမှာကို လူကြီးတန်မဲ့နဲ့ ဖုန်းတစ်လုံးနဲ့ ဂိမ်းကစားနေတဲ့ လူကြီးတွေကို တွေ့နေရလို့ပါပဲ။ အဓိကကတော့ ဂိမ်းကစားခြင်းဟာ အချိန်ကုန်မြန်စေတယ်၊ ပတ်ဝန်းကျင်ကို မေ့လျော့စေတယ်ဆိုတော့ လက်ရှိ ကိုယ့်ခံစားချက်တွေကို မေ့နိုင်လို့ လူတွေ နှစ်သက်နေတာဖြစ်မှာပါ။ ကလေးတွေ ဂိမ်းစွဲခြင်း အတွက်

Asian Fame Media Group
MEDIA GROUP




တော့ မိဘတွေဟာ ပါးနပ်လိမ္မာစွာ ကိုင်တွယ်ရမယ် လိုပါတယ်။ ကလေး ဂိမ်းကစားခြင်းကို မကောင်းမှုတစ်ခု ကျူးလွန်နေသလို စိတ်နာနာ အပြစ်တင် ဆူပူခြင်းတွေ မလုပ်ဘဲ အေးအေးဆေးဆေး ပြဿနာကိုတားမြစ်စေချင်ပါတယ်။ ဂိမ်းစွဲနေတဲ့ကလေးတစ်ယောက်မှာ သူတို့ရဲ့ ကိုယ်ပိုင်ပြဿနာတွေ ရှိနေနိုင်ပါတယ်။ ဥပမာ- သူတို့ စာမလိုက်နိုင်ဘူးလား၊ စာတွေပိနေတာလား၊ မိသားစု အရေးအခင်းတွေမှာ စိတ်ညစ်နေတာလား၊ သူတို့အသက်အရွယ် သူတို့ အနေအထားလေးနဲ့ ဖြေရှင်းရခက်နေတဲ့ စိတ်တွင်းဝေဒနာ ဘာရှိမလဲ ဆန်းစစ်ပါဦး။ နောက်တစ်ခု အကြံပေးချင်တာကတော့ မလုပ်ရဘူး မဆော့ရတော့ဘူးလို့ ယတိပြတ်ကြီး အမိန့်မပေးလိုက်ပါနဲ့။ သားသမီး (အထူးသဖြင့် သား ယောကျ်ားလေးများ) ဟာ မိခင်ရဲ့ တိုက်ရိုက်တားမြစ်မှုတွေကို နာခံဖို့ ဝန်လေးတတ်ကြပါတယ်။ နောက်တစ်ခု အကြံပေးချင်တာက ဂိမ်းဆော့ဖို့ အချိန်အားမရှိရအောင် မိသားစု နွေးထွေးစွာ အချိန်ပေးနေထိုင်ခြင်း၊ ကလေးကို အားကစား တစ်ခုခု သူဝါသနာပါရာ တစ်ခုခုလုပ်ခိုင်းခြင်း ဒါတွေဟာလည်း နည်းလမ်းကောင်းတွေ ဖြစ်နိုင်ပါတယ်။ ဂိမ်းဆော့တဲ့ သားသမီးတွေအတွက် စိတ်ပူနေတဲ့ မေမေတွေဖတ်ဖို့ နားလည်တတ်ကျွမ်းတဲ့ ဆရာသမားတွေရဲ့ဆောင်းပါး၊ ဒါမှမဟုတ် အင်တာဗျူးတွေကိုလည်း ထပ်မံဖော်ပြပေးဖို့ အယ်ဒီတာအဖွဲ့ကို နှိုးဆော်လိုက်ပါ့မယ်ရှင်။

**မရတီ. . . ကျွန်မကြိုက်တဲ့ ဒါရိုက်တာ ' . . . ' ကို ပြောပေးပါဦးရှင်။ ဂျာနယ်တွေမှာ တွေ့ဆုံမေးမြန်းခန်းတွေလုပ်တဲ့အခါ စိတ်ထဲရှိသလို စွတ်မဖြေပါနဲ့လို့၊ ချစ်တဲ့သူရှိသလို မုန်းတဲ့သူလည်း ရှိနေနိုင်တာမို့ လူမုန်းများမှာ စိုးလို့ပါ။ ကျွန်မတို့လို သူ့အနုပညာကို အားပေးတဲ့သူ၊ အခွေတစ်ခွေငှားရင် ဇာတ်ကားတစ်ကား ရုံတင်လို့ကြည့်ရင် ဒါရိုက်တာနာမည်ကြည့်ပြီးမှ အားပေးတဲ့သူကတော့ သူဘာပြောပြော ပြဿနာ မရှိဘူးလေ။ သူ့အနုပညာကို ကြိုက်တာကိုး။ နိုင်ငံခြားက နာမည်ကြီး ဒါရိုက်တာ ဆာဂျီလို သူ့ကို တိတ်တိတ်ကျိတ်ရန်လုပ်တဲ့ သူတွေနဲ့ တွေ့မှာ ကျွန်မက စိုးနေတာ။ အခု ခေတ်က အုပ်စုဖွဲ့ပြီး ရမ်းကားချင် ရမ်းကားနေတတ်တာနော်။ စိုးရိမ်လို့ သတိပေးတာ ပါ လို့ ပြောပေးပါ မရတီ။**

**ခင်နုနုထွေး**

နုနုထွေးရေ. . . အစိုးရိမ်ကြီးရန်ကော။ နုနုထွေးပြောတဲ့ ဒါရိုက်တာ Sergei Filin အကြောင်း မရတီတို့လည်း ကြားပါတယ်။ သူ့ရဲ့ နာမည်အရမ်းကြီးတဲ့လက်ရာ Bolshoi Ballet ကိုတော့ ကြားဖူးတယ်၊ မကြည့်တော့မကြည့်ဖူးဘူး။ သူ့မျက်နှာကို အက်ဆစ်နဲ့ အပက်ခံရတယ်၊ မျက်နှာတော်တော် ပျက်စီးသွားတယ်၊ မျက်စိကွယ်သွားလို့ပြန်မြင်ရဖို့ အသည်းအသန်ကြိုးစားနေရတယ် ဆိုတာလည်း သိလိုက်တယ်။ တော်တော် စိတ်မကောင်းစရာပါ။ အနုပညာရှင် လူတော်တစ်ယောက်ကို ဘာလို့များ ရက်ရက်စက်စက် မုန်းတီးတိုက်ခိုက်ကြတာလဲ မသိဘူးနော်။ ဒါပေမဲ့ မရတီတို့ မြန်မာနိုင်ငံမှာတော့ ဒီလောက်ဆိုးဆိုး ဝါးဝါးတိုက်ခိုက်မှုမျိုးတွေ မလုပ်တန်ကောင်းပါဘူး နုနုထွေးရယ်။ မရတီက ဒီစာလေးအကြောင်း နုနုထွေးရဲ့ ဒါရိုက်တာနဲ့တွေ့တော့ ရယ်ရယ်မောမော ပြောပြဖြစ်တယ်။ ပရိသတ်တွေ စိတ်ပူနေပြီ။ အပြောလျှော့လို့။ သူက ပြန်ပြောတယ်။ သူက ဆာဂျီလို တယ်လီဖုန်းနဲ့ ခြိမ်းခြောက်တာလည်း မခံရသေးပါဘူး။ ကားဘီးတွေလည်း

Asian Fame Media Group



အဖော်မခံရသေးဘူး။ သူ့ Face book လည်း အခုအချိန်ထိ ဟက်တာတွေရန်က ကင်းပါသေးတယ်တဲ့။ ကဲ စိတ်အေးအေး ထားတော့နော်။

**မမရတီ . . . သမီးလေး ရတီမှာ အနုပညာရှင်နဲ့တွဲရိုက်ဖို့ နာမည်ကြီး ဓာတ်ပုံဆရာဆီမှာ ဓာတ်ပုံသွားရိုက်တယ်။ သမီးသွားတဲ့နေ့က တိုက်တိုက်ဆိုင်ဆိုင် မင်းသားကိုစိုးသူ မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် ဓာတ်ပုံလာရိုက်နေတယ်။ နာမည် ကြီးမော်ဒယ်လေး တစ်ယောက်လည်း လာရိုက်တာနဲ့ တိုက်ဆိုင်နေတယ်။ သမီးကတော့ သူတို့ပြီးတဲ့ အချိန်ကို ထိုင်စောင့်ပြီးမှ ရိုက်ရတာဆိုတော့ အကုန်မြင်နေ ကြားနေရတာပေါ့။ မော်ဒယ်လေးရဲ့အမေကလည်း ငယ်ငယ်ချောချော လေးဆိုတော့ သူတို့ခေတ်က မင်းသားကိုစိုးသူကို ပြန် တွေ့တော့ အားရဝမ်းသာနဲ့ ဓာတ်ပုံတွဲရိုက်တယ်လေ။ ကိုစိုးသူကလည်း ချော၊ မော်ဒယ်ရဲ့အမေကလည်း ချောဆိုတော့ ကြည့်လို့ ကောင်းလိုက်တာ။ သမီး စိတ်ထဲမှာ အရမ်းကြည့်ကောင်းတယ်လို့ ထင်နေတုန်း ဓာတ်ပုံဆရာကလည်း မော်ဒယ်ရဲ့အမေကို 'အစ်မ မင်းသမီးသာ လုပ်လိုက်ပါတော့' လို့စတယ်။ တကယ် ချောတာပဲ မမရတီရယ်။ မော်ဒယ်ရဲ့အမေလို့ မပြောရဘူး။ ပိုစ့်တွေကလည်း ပေးတတ်လိုက်တာ။ သမီး တော့ 'မော်ဒယ် . . .' ထက် အမေကို ပိုသဘောကျသွားပြီ။ မင်းသမီးလုပ်ပါလားလို့ တိုက်တွန်းပေးပါလားဟင်။**

***ခင်မာမာသန်း***

ခင်မာမာသန်းသဘောတွေ ကျလာတာပေါ့လေ။ မင်းသမီးတွေ၊ မော်ဒယ်တွေရဲ့ အမေတွေတင်မကပါဘူး။ နေတိုးအမေတို့၊ ဟိန်းဝေယံ အမေတို့လည်း မင်းသမီးတွေနဲ့အပြိုင် ချောမောနေတတ်ကြတာပါပဲကွယ်၊ ကံဇာတာ ထူးတယ်ပြောရမှာပေါ့။ နောက် ဆုံး မကြီးစိုးတို့၊ ဒါဒါတို့ အမေ အန်တီစိုးကြည်ဖြူတောင်မှ ဝပေမယ့် လှတာက အရမ်းပဲမဟုတ်လား။ ခင်မာမာသန်း ပြောတာကိုတော့ စကားကြုံရင် ပြောဖြစ်အောင် ပြောပေးပါဦးမယ်။ ဂျက်စတင်ဘီဘာရဲ့အမေ ပက်တီမော လက်တောင် ကိုယ်တိုင် သရုပ်ဆောင်ရိုက်ကူးထုတ်လုပ်ဆိုပြီး လုပ်နေတဲ့သကာလ မမရတီတို့ မြန်မာနိုင်ငံက အနုပညာရှင်တွေရဲ့ မေမေတွေလည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းသင့် တန်းရမှာပေါ့။ ဟုတ်ဖူးလားကွယ်။

**မမရတီ**

Asian Frame Media Group




# တင့်တယ်ကြော့ရှင်း မြန်မာ့အဆင်း

မော်ဒယ်- ခင်စန္ဒာဝင်း၊ မိုးသက်ထား
မိတ်ကပ်နှင့် ဝတ်စုံ- တိုးတိုး (Best Make-up Artist Asia Award)
ကြိုးကျောက်စွည်းများ- ဘစိုးဉ (မြန်မာမှုအနုပညာ ရတနာနှင့် လက်မှုပစ္စည်းအရောင်းဆိုင်)
ဓာတ်ပုံ- လင်းထွန်း (Leopard)



Asian Free Media Group



Asian Fame Media Group
MEDIA GROUP

မော်ဒယ်- မိုးသက်ထား/ မိတ်ကပ်နှင့် ဝတ်စုံ- တိုးတိုး (Best Make-up Artist Asia Award) /မြန်မာမှုပစ္စည်းများ- ဘစိုးဉ (မြန်မာမှုအနုပညာ ရတနာနှင့် လက်မှုပစ္စည်းအရောင်းဆိုင်)/ဓာတ်ပုံ- လင်းထွန်း (Leopard)




Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group

မော်ဒယ်- ခင်စန္ဒာဝင်း၊ နိုးသက်ထား/ မိတ်ကပ်နှင့် ဝတ်စုံ- တိုးတိုး (Best Make-up Artist Asia Award) / မြန်မာမှုပစ္စည်းများ- ဘစိုးဥ (မြန်မာမှုအနုပညာ ရတနာနှင့် လက်မှုပစ္စည်းအရောင်းဆိုင်) /ဓာတ်ပုံ- လင်းထွန်း (Leopard)



Asian fame Media Group



Asian Fame Media Group
MEDIA GROUP



Asian Fame Media Group

MEDIA GROUP



# FLASH BACK FASHION

**Model:** Khine Thazin Yu War
**Make-up & Hair :** Aw Lay (December Hnin)
**Designer** - Iris (TYT Fashion)
**Footwear :** Lily
**Photo :** ko naing (popular)
Arranged by Phyoe Su Po Po

Asian Fame Media Group
AF MEDIA GROUP



**Model:** Khine Thazin Yu War/ **Make-up & Hair :** Aw Lay (December Hnin)/ **Designer** - Iris (TYT Fashion)/ **Footwear :** Lily/ **Photo :** ko naing (popular)

Asian Fame Media Group



**Model:** Khine Thazin Yu War/ **Make-up & Hair :** Aw Lay (December Hnin)/ **Designer** - Iris (TYT Fashion)/ **Footwear :** Lily/ **Photo :** ko naing (popular)



**Model:** Khine Thazin Yu War/ **Make-up & Hair :** Aw Lay (December Hnin)/ **Designer** - Iris (TYT Fashion)/ **Footwear :** Lily/ **Photo :** ko naing (popular)

Asian Fame Media Group



**Model:** Khine Thazin Yu War/ **Make-up & Hair :** Aw Lay (December Hnin)/ **Designer :** Iris (YT Fashion)/ Footwear: Lily/ **Photo :** ko naing (popular)

Asian Fame Media Group
af MEDIA GROUP



ဒီလမှာတော့ အနုပညာရှင်ပန်းမှာ
မြင်နေကျ မဟုတ်တဲ့ နိုင်ငံကျော်အနုပညာရှင်
မလင်းအာနည်ဖော်ရဲ့ သမီး "မြူလင်းကိုကို" နဲ့
နိုင်ငံကျော် အဆိုတော် ကိုအဲလက်စ်ရဲ့ သမီး
"ခင်ဆင့်သူ" တို့ရဲ့ ချစ်စရာပုံရိပ်လေးတွေကို
ပရိသတ်များအတွက် တင်ဆက်ပေးလိုက်ပါတယ်၊
ကြည်လင်ရှိုးသာတဲ့အပြုံး လှပသွက်လက်တဲ့
ဟန်ပန်လေးတွေနဲ့ Sweet Dream...

# Sweet Dream

**Model**
Myu Linn Ko Ko
Khin Sint Thu

**Make-up**
December Hnin
Irene Aung Aung

**Designer**
Seng Lat (MaKa)

**Photo**
Ko Naing (Popular)

**Arranged by**
Thida Soe



# Sweet Dream

**Model**
Myu Linn Ko Ko
Khin Sint Thu
**Make-up**
December Hnin
Irene Aung Aung
**Designer**
Seng-Lat (MaKa)
**Photo**
Ko Naing (Popular)



# Sweet Dream

**Model**
Myu Linn Ko Ko
Khin Sint Thu
**Make-up**
December Hnin
Irene Aung Aung
**Designer**
Seng Lat (MaKa)
**Photo**
Ko Naing (Popular)



# Sweet Dream

**Model**
Myu Linn Ko Ko
Khin Sint Thu
**Make-up**
December Hnin
Irene Aung Aung
**Designer**
Seng Lat (MaKa)
**Photo**
Ko Naing (Popular)

Asian Media Group



# Sweet Dream

**Model**
**Myu Linn Ko Ko**
**Khin Sint Thu**
**Make-up**
**December Hnin**
**Irene Aung Aung**
**Designer**
**Seng Lat (MaKa)**
**Photo**
**Ko Naing (Popular)**



# Mod Mom

**MODEL**
Chilli, Darr Tayan
**MAKE UP**
Zin Zin (May Oo)
**PHOTO**
Ko Naing (Popular)
**ARRANGED BY**
Phyoe Su Po Po

March လရဲ့Mod Mom ကဏ္ဍအတွက်တော့ ငယ်ရွယ်လှပတဲ့မေမေကို ရွေးချယ်လိုက်ပါတယ်။ သူကတော့ အဆိုတော်ရန်ရန်ချန်းရဲ့ချစ်ဇနီးလေး Chilli နဲ့ သူ့ရဲ့သားလေးတို့ပါပဲ။



# Mod Mom

**MODEL**
Chilli, Darr Tayan
**MAKE UP**
Zin Zin (May Oo)
**PHOTO**
Ko Naing (Popular)



# Mod Mom

**MODEL**
Chilli, Dar Tayan
**MAKE UP**
Zin Zin (May Oo)
**PHOTO**
Ko Naing (Popular)

Asian Fame Media Group
MEDIA GROUP



# Mod Mom

**MODEL**
Chilli, Darr Tayan
**MAKE UP**
Zin Zin (May Oo)
**PHOTO**
Ko Naing (Popular)

Fame Media Group



# Mod Mom

MODEL
Chilli, Darr Tayan
MAKE UP
Zin Zin (May Oo)
PHOTO
Ko Naing (Popular)

Asian Fame Media Group







# သူပြောသော သူ့အကြောင်း

## စိုးသူ

## As told by himself

### ပျော်ရွှင်မှုကိုဖန်တီးပေးတဲ့အရာ

အနုပညာကိုချစ်ပြီး အနုပညာကိုဝါသနာပါတော့ အနုပညာအကြောင်းလေးတွေ ကြားရရင်၊ သိရရင်၊ ကြည့်ရရင် စိတ်ထဲမှာ စိတ်ချမ်းသာပြီး ပျော်ရွှင်မှုဖြစ်တာပေါ့။ မိဘ၊ မောင်နှမအသိုင်းအဝိုင်းနဲ့ ကိုယ့်မိသားစု ပြီးတော့ ကိုယ်ကျင်လည်ရတဲ့အသိုင်းအဝိုင်း၊ ဆွေမျိုးသားချင်း၊ မိတ်သင်္ဂဟနဲ့ ကိုယ်အင်မတန်ချစ်မြတ်နိုးရတဲ့ အနုပညာပေါ့နော်။ ဒါလေးတွေ ဘက်စုံ၊ ထောင့်စုံကနေ သူ့ဟာလေးနဲ့သူ အကန့်လေးတွေ အားလုံးစုပြီးတော့ လိုက်လျောညီထွေ သဟဇာတဖြစ်တယ်ဆိုရင် ဒါဟာပျော်ရွှင်မှုတစ်ခုအတွက် အင်မတန်ပြီးပြည့်စုံပြီး အင်မတန်ကောင်းမွန်တဲ့ ပျော်ရွှင်မှုလေးတစ်ခု ဖြစ်လာမှာပေါ့နော်။ တစ်ခုမှာပျော်ရွှင်ပြီး တစ်ခုမှာမပျော်ရရင် အဆင်မပြေဘူးလေ။ အားလုံး အဆင်ပြေမှ ပျော်ရွှင်မှုဆိုတာကို ခံစားရမှာပေါ့နော်။

MEDIA GROUP

## သည်းခံမပေးနိုင်တဲ့ လုပ်ရပ်

လူဆိုတာက ဆန္ဒနဲ့ဖြစ်ချင်တာနဲ့ တကယ်ဖြစ်နေတာနဲ့ကတော့ တစ်ထပ်တည်းကျဖို့ဆိုတာ အင်မတန်ကို ခဲယဉ်းပါတယ်။ သည်းမခံနိုင်ရင်လည်း သည်းခံရမှာပဲ၊ သည်းခံနိုင်ရင်လည်း သည်းခံရမှာပဲပေါ့၊ အခုအချိန်မှာတော့ အဲဒီလို သဘောပေါက်နားလည်လာတယ်။ သည်းမခံနိုင်ရင်လည်း သည်းမခံနိုင်တဲ့ပေါ်မှာ စိတ်လိုက်မာန်ပါ ဘာမှ လုပ်လို့မရတာရှိတယ်။ ရယ်စရာပြောရရင်တော့ အခုလိုမျိုးကားတွေကြပ်နေတာကို သည်းမခံနိုင်ဘူးပေါ့။ ဒါပေမဲ့လည်း မတတ်နိုင်ဘူးလေ။ အခုလို ကားတွေကြပ်နေတာက မြန်မာပြည်မှာတင် မဟုတ်ဘဲ နိုင်ငံခြားမှာလည်း ရှိနေတာပဲလေ။ ဒါကတော့ ရယ်စရာပြောတာပါ (ရယ်လျက်)။ ဘဝမှာ သည်းမခံနိုင်လောက်အောင် ဖြစ်ရတဲ့ကိစ္စမျိုးကို အခုပြန်စဉ်းစားကြည့်တော့ မရှိပါဘူး။ ငယ်ငယ်တုန်းက စိတ်ဆတ်တဲ့အချိန်မှာတော့ ရှိချင်ရှိခဲ့မှာပေါ့။ အခုအချိန်မှာတော့ အဲဒီလိုမျိုးတွေ မရှိတော့ပါဘူး။ ကလေးတစ်ယောက်အတွက်ကတော့ သူ့ဗိုက်ဆာချိန်မှာ တစ်ခုခုမကျွေးရင် သည်းမခံနိုင်ဘဲ စိတ်ကောက်တာမျိုးရှိမှာပဲ၊ တစ်ယောက်နဲ့တစ်ယောက်ကတော့ သည်းခံနိုင်တာတွေ၊ သည်းမခံနိုင်တာတွေက တူမှာမဟုတ်ဘူးလေ။



## ဘာရဲ့ နောက်ဆုံးအချိန်အထိ မဖြစ်မနေ လုပ်သွားမယ်ဆိုတဲ့ကိစ္စ

ကျွန်တော်တို့က မသိခြင်းငါးပါးနဲ့ နေနေရတယ်။ ဒါကတော့ မြတ်စွာဘုရားရှင် ဟောခဲ့တဲ့ တရားပါပဲ။ ဘဝရဲ့ နောက်ဆုံးအချိန်ဆိုတာ ဘယ်တော့လဲလို့ ဘယ်သူမှ မသိနိုင်ဘူးလေ၊ ဥပမာ . . . ခဏနေရင်လား၊ နောက်ထပ် ၁၀နှစ်လား၊ ၁ နာရီအတွင်းလား ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူးလေ၊ မသိခြင်း ငါးပါးဆိုတာက ဘယ်ဘဝကလာတယ် ဆိုတာလည်း မသိဘူး၊ ဘယ်ဘဝကိုသွားရမလဲ ဆိုတာလည်း မသိဘူး၊ ဘယ်နေ့ဘယ်အချိန်မှာ သွားရမယ်ဆိုတာလည်း မသိဘူး၊ ဘယ်လိုအကြောင်းကြောင့် သွားရမယ်ဆိုတာလည်း မသိဘူးဆိုတော့ ကိုယ်ကိုယ် တိုင်ကြိုမသိနိုင်တဲ့ နောက်ဆုံး အချိန်ဆိုတာ ဘုရားဟော အရဆို ကွေးသောလက်မဆန့်ခင်၊ ဆန့်သော လက်မကွေးမီ ဖြစ်နိုင်တာပဲ။ နောက်ဆုံးအချိန်မှာ မဖြစ်မနေ လုပ်သွားမယ် ဆိုရင်တောင် နောက်ဆုံးအချိန်ကျော်သွားတဲ့အခါမှာ ဘာမှယူသွားလို့ မရပါဘူး။ ဘဝရဲ့နောက်ဆုံးအချိန်မှာ မဖြစ်မနေ လုပ်သွားချင်တယ် ဆိုတာက တကယ်တော့ လောဘစိတ်လေး ပါနေတာပေါ့။ တစ်ယောက်နဲ့ တစ်ယောက် ခံယူချက်ကတော့ မတူဘူးပေါ့နော်၊ ဘဝရဲ့ နောက်ဆုံး အချိန်မှာ လုပ်မယ်ဆိုပြီး ဆုံးဖြတ်ထားတာတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆုံးအချိန်ကို ကြိုမသိနိုင်လို့ပါ။ နောက်ဆုံး အချိန်မရောက်ခင် အခုလို အခြေအနေမျိုးလေးမှာ တတ်နိုင်သလောက် ပရဟိတအလုပ်လေးတွေ လုပ်မယ်။ ပြီးတော့ တတ်နိုင်သလောက် လှူမယ်။



## ဘဝမှာ အသက်ရှင်နေရတာ ဘာအတွက်လဲ

ဘဝမှာ အသက်ရှင်နေရတာက ကံ ကံ၏ အကျိုးကြောင့် ကျွန်တော်တို့ သံသရာမှာ ကျင်လည်ပြီးတော့ လူ့ဘဝကို ရရှိလာတယ်၊ အင်မတန် ကံကောင်းတဲ့အတွက် မြန်မာပြည်မှာ မြန်မာလူမျိုး လာဖြစ်ရတယ်၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး လာဖြစ်ရတာပေါ့နော်၊ အင်မတန်ကို စိတ်ထား သဘော







ထား ကောင်းမွန်ပြီး နွေးထွေးပြီးချစ်စရာ ကောင်းတဲ့ မြန်မာတိုင်းရင်းသား တစ်ရပ်လုံးနဲ့အတူ မြန်မာပြည်မှာ နေခွင့်ရတယ်။ ကံမကောင်းအကြောင်းမလှစွာနဲ့ မြန်မာပြည်ကနေ ခဏခွဲပြီးတော့ အဝေးကြီးမှာ အကြာကြီး သွားနေရတယ်။ အခုလည်း အပြီးမနေနိုင်သေးပါဘူး။ ဘာကြောင့် အသက်ရှင်နေရတာလဲဆိုပြီး သီးသီးသန့်သန့်ကြီး တွေးမိတာမျိုးလည်း မရှိပါဘူး။ ငယ်ငယ်ကတည်းက အနန္တောအနန္တဆိုတဲ့ ဆုံးမစကားကို ကြားနေရတော့ ကံ ကံ၏အကျိုးကြောင့် ဖြစ်လာတယ်လို့ပဲ ထင်ပါတယ်။

## နိစ္စဓူဝအလုပ်တွေထဲမှာ နေ့တိုင်းလုပ်ဖြစ်နေတဲ့ကိစ္စ

နိုင်ငံခြားမှာကျတော့ အလုပ်နဲ့အိမ်နဲ့ပေါ့။ ဟိုမှာကျတော့ အနုပညာကိစ္စတွေ သိပ်မလုပ်နိုင်ဘူးလေ။ နိစ္စဓူဝအလုပ်နဲ့ အိမ်နဲ့ပေါ့၊ အိမ်မှာနေတော့လည်း အိမ်အလုပ်ပေါ့။ အလုပ်မှာကျတော့လည်း အလုပ်ပေါ့ (ရယ်လျက်)။

## နောက်ထပ်တစ်ကြိမ် မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အရာ

'အသားမစားတော့ဘူး' လို့ ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့် ကျွန်တော် သက်သတ်လွတ်စားနေတယ်။ သက်သတ်လွတ် စားတာ ၁၇ နှစ်ရှိပြီ။ တစ်သက်လုံး သက်ဆုံးတိုင် သက်သတ်လွတ်ပဲ စားမယ်လို့ ဆုံးဖြတ်ထားတယ်။ အဲဒီလို စားဖြစ်ခဲ့တာကတော့ လွန်ခဲ့တဲ့ ၁၇ နှစ်ကျော်ကျော်က ကိုစိုးသူဖေဖေနဲ့ ကိုစိုးသူ ဦးလေးတို့က ရွှေတောင်ကုန်း မဟာစည်သာသနာ့ရိပ်သာမှာ ရဟန်းခံတယ်။ အဲဒီအချိန်မှာ ကိုစိုးသူက ရဟန်းခံဖို့အတွက် အဆင်မပြေဘူး ဖြစ်နေတယ်။ ရုပ်ရှင်ဇာတ်ကား ရိုက်ရက်ရှိနေတော့ ဇာတ်ကား ရိုက်ရင်းတန်းလန်းနဲ့ ဆံပင်ညှပ်ပြီး ကတုံးရိတ်လိုက်လို့ မရဘူးလေ။ အဲဒီတော့ ကိုစိုးသူက ဖေဖေ၊ ဦးလေးတို့နဲ့အတူ ယောဂီဝင်တယ်။ ယောဂီဝင်တာကလည်း ရက်မများပါဘူး။ ဥပုသ် မထွက်ခင်ညမှာ ဆရာတော်ဦးဥတ္တမသာရရဲ့ 'နွားမေတ္တာစာ' ဆိုတဲ့ စာအုပ်လေး ဖတ်ရတယ်။ အဲဒီစာအုပ် ဖတ်ပြီးကတည်းက အသားငါးစားချင်စိတ် မရှိတော့ဘူး။ နောက်နေ့ ဥပုသ်ထွက်လို့ အိမ်ရောက်တော့ မေမေက "သားရေ မုန့်ဟင်းခါးတွေ အများကြီးဝယ်ထားတယ်။ ကုသိုလ်ရအောင် ဆွေမျိုးသားချင်းနဲ့ အိမ်နီးနားချင်းတွေကိုပါ ကျွေးတယ်"ပေါ့။ အဲဒီမှာ ကိုစိုးသူက မစားတော့ဘူး။ သက်သတ်လွတ် အပြီးစားတော့မယ်ဆိုပြီး ပြောခဲ့တယ်။ အဲဒီကတည်းက မစားတော့ဘဲ နေလိုက်တာ အခုထိပါပဲ။

## ပျင်းရိငြီးငွေ့ဖွယ်ကောင်းတဲ့ လုပ်ရပ်

အရင်တုန်းကတော့ ရှိချင်ရှိခဲ့ဖူးမလား မသိဘူး။ အခုချိန်မှာတော့ ဘယ်ဟာက ပျင်းရိစရာကောင်းတယ်ဆိုပြီး မရှိပါဘူး။ လုပ်သင့်လုပ်ထိုက်တာလေးတွေ လုပ်ရမယ်လေ။

## နားလည်ဖို့ကြိုးစားရင်းနဲ့ နားမလည်နိုင်သေးတဲ့ ကိစ္စ

အဲဒါက ဗုဒ္ဓရဲ့တရားတော်တွေပေါ့။ ဗုဒ္ဓရဲ့တရားတော်တွေက သိသလိုလိုနဲ့ တကယ်တော့ မသိသေးဘူးလေ။ မသိသေးလို့ ဘုန်းကြီးမဝတ်တာပေါ့။ သိရင်တော့ ဘုန်းကြီးဝတ်ပြီး တောထွက်ပြီး တောထဲမှာပဲ နေတော့မှာပေါ့နော်။ တကယ်ကို နားလည်ဖို့ကြိုးစားရင်းနဲ့ နားမလည်သေးတာပဲလေ။ ကိုစိုးသူအနေနဲ့ကတော့ တကယ်ကို တိတိကျကျကြီး နားမလည်သေးပါဘူး။ အရင်ကထက် စာရင်တော့ နည်းနည်းလေးသိလာတာပေါ့နော်။

## ကိုယ်ရှာဖွေထားတဲ့ငွေကြေးတွေကို ဒီလိုနေရာတွေမှာ များများသုံးဖြစ်တယ်

မွေးမိဘ၊ ကျွေးမိဘနှစ်ပါးရဲ့ ဒါန၊ သီလ၊ ဘာဝနာတွေ ဆောင်ရွက်နေတာကို မြင်နေရတော့ အဲဒီလိုမျိုး ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ထားတယ်။ လုပ်လည်းလုပ်နေတယ်ပေါ့နော်။ ရှိနေတဲ့ ပစ္စည်းဥစ္စာနဲ့ ပိုက်ဆံလေးတွေကို ဘုရား၊ တရားအတွက် အနန္တောအနန္တငါးပါးအတွက် သာသနာနေအတွက် တတ်နိုင်သလောက် လှူမယ်တန်းမယ် ဆောင်ရွက်မယ်ဆိုပြီး ဦးထိပ်ထားပြီး ဖယ်ထားတာလေးတွေ ရှိပါတယ်။ ပရဟိတနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် အောင်အောင်မြင်မြင်ကြီး မလုပ်ဖြစ်သေးပါဘူး။ လှူတာ၊ တန်းတာလေးလောက် ပေးတာကမ်းတာလေးလောက်ပဲ လုပ်ဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်လှူတာလေးတွေပဲ လုပ်ဖြစ်နေတာပေါ့နော်။

ဒါပေမဲ့ တော်တော်လေးကြာလို့ ပြန်ကြည့်တဲ့အခါမှာတော့ အနုပညာနဲ့ ပတ်သက်ပြီး လိုအပ်တာတွေ အများကြီး တွေ့ရတော့ ကိုယ့်ဘာသာ ရှက်သလို ဖြစ်တာပေါ့နော်။ နောက်ထပ် ကိုစိုးသူအားရ ကျေနပ်ခဲ့တဲ့ ကားလေးတွေကလည်း ပရိသတ်နဲ့ ထပ်တူထပ်မျှ ဖြစ်သွားတာတွေ ရှိပါတယ်။ ဥပမာ . . . ကိုစင်ရော်မောင်မောင် ရိုက်တဲ့ ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ *'နှလုံးသားတောင်ထိပ်က အလွမ်းမိုးရိပ်တွေပါညီ'*၊ *'မှုက်ဝန်းထဲမှာ မိုးတွေရွာနေပြီ ညီ'* ဝတ္ထု နှစ်အုပ်တွဲကို *'မျက်ဝန်းထဲမှာ မိုးရွာပြီညီ'* ဆိုတဲ့ ရုပ်ရှင်ကားကြီး ရိုက်ခဲ့တယ်။ အဲဒီဇာတ်ကားမှာ အားပါးတရ အားကြိုးမာန်တက် သရုပ်ဆောင်တယ်၊ ပရိသတ်ကလည်း ချစ်မြတ်နိုးပြီးကြိုက်ကြတယ်။ နောက်ပြီးတော့ ၁၉၉၀ မှာ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ရန်ပုံငွေပွဲအတွက် ဆရာပန်းချီ ဦးစိုးမိုးက ကိုစိုးသူကို ဇာတ်မင်းသားလို ကခိုင်းတယ်။ ကျွန်တော် အဲဒီ အချိန်တုန်းက Rock & Roll တွေ ဆိုနေတာပေါ့။ ကိုယ်မကျွမ်းကျင်တဲ့ အနုပညာဆိုတော့ စိတ်ပူတာပေါ့နော်။ ဒါပေမဲ့ ပရိသတ်က တစ်ခဲနက်အားပေးတော့ တစ်သားတည်း ဖြစ်သွားတာပေါ့။ ဆရာ ဦးသက်မောင်မောင် ရိုက်တဲ့ 'အောင်မြင်သောနေ့' မှာ ကျွန်တော် အကယ်ဒမီ ရွှေစင်ရုပ်ဆု ရခဲ့တယ်။ ဂီတနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်ကိုယ်တိုင် သရုပ်ဆောင်၊ ဒါရိုက်တာ လုပ်ရိုက်ခဲ့တဲ့ 'အချစ်ရိပ်အောက်ဝယ်' ဆိုရင် ၁၉၉၀ တုန်းက မြန်မာ့အသံ နှစ်ပတ်လည်မှာ လွှင့်ခဲ့ပါတယ်။ ပြောရရင်တော့ ပရိသတ်နဲ့ တစ်သားတည်း ဖြစ်ခဲ့တာတွေက အများကြီးပါပဲ။ Stage Show တွေမှာလည်း တစ်သားတည်း





Asian Fame Media Group

## ပရိသတ်နဲ့ကိုယ်နဲ့ တစ်သားတည်း ဖြစ်သွားခဲ့တဲ့ အောင်မြင်မှု

ကိုယ်နဲ့ပရိသတ်နဲ့ တသားတည်း ဖြစ်သွားခဲ့တဲ့ အောင်မြင်မှုက ရုပ်ရှင်အနေနဲ့ဆိုရင် ပထမဆုံး ရိုက်ခဲ့တဲ့ လက်ဦးဆရာ ဦးနီဝင်းထွန်းရဲ့ 'မိုက်ကြေးမိုက်ပြစ်' ဆိုရင် ကိုယ့်ဘာသာ စစချင်းတော့ တော်တော်ကျေနပ်ပြီး တော်တော် အားရခဲ့တယ်။ ပရိသတ်ကလည်း တစ်ခဲနက် ချစ်ခင်စွာ အားပေးတော့ အဲဒီတုန်းက တစ်သားတည်း ဖြစ်ခဲ့တယ်လို့ ပြောရမှာပေါ့။

ဖြစ်ခဲ့တာတွေ ရှိတာပဲလေ။

## ဒီအချိန်အထိ ကိုယ်နားလည်ခဲ့တဲ့ အချစ်အကြောင်း

'အချစ်' ဆိုတာက ကောင်းပါတယ်။ ချစ်တာက မုန်းတာမဟုတ်တော့ ကောင်းပါတယ်။ ၅၂၈ ရော ၁၅၀၀ ရောကောင်းပါတယ်။ ၅၂၈ က အေးမြပြီး ၁၅၀၀ က ပူလောင်တယ်ဆိုပြီး ပြောကြတာတွေ ရှိတာပဲလေ။ ၁၅၀၀ ကတော့ သူ့အချိန် သူ့အရွယ်နဲ့တော့ နွေးနွေးထွေးထွေး ပူပူလောင်လောင်နဲ့ ကောင်းတာပဲလေ။ ၅၂၈ ကတော့ အစဉ်အမြဲအေးမြတာပေါ့လေ။ ကျွန်တော်က အဲဒီလိုပဲ မြင်ပါတယ်။

## တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလိုပြောပြီး ကျန်ခဲ့စေချင်တယ်

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ရပြီး မြန်မာနိုင်ငံရဲ့ မြန်မာတိုင်းရင်းသား ပြည်သူတွေကြားမှာ ပေါက်ဖွားလာခဲ့ရတယ်။ မြန်မာနိုင်ငံသားတစ်ယောက်၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပီသဖို့နဲ့ လူဖြစ်လာတဲ့ အတွက် လူပီသဖို့ လိုပါတယ်။ လူတစ်ယောက်မှာ ရှိနေတဲ့ တာဝန်လေးတွေကို အတတ်နိုင်ဆုံး ကျေပွန်အောင် စွမ်းဆောင်ဖို့ လိုပါတယ်။ ဥပမာ- အနုပညာရှင်တစ်ယောက် အနေနဲ့ အနုပညာနဲ့ပတ်သက်ပြီး ပရိသတ်တွေအပေါ်မှာ တာဝန်ကျေဖို့လိုတယ်။ ဆေးပညာ ဆေးလောကထဲမှာလည်း တာဝန်ကျေဖို့လိုတယ်။ ကိုယ့်မိဘ၊ ကိုယ့်မိသားစုနဲ့ ကိုယ့်မောင်နှမသားချင်းတွေအပေါ်မှာ တာဝန်ကျေဖို့လည်း လိုတာပေါ့နော်။ ဒီလိုမျိုး ကဏ္ဍလေးတွေကတော့ အများကြီးပါတာပေါ့နော်။ ဒါပေမဲ့ တကယ့် အဓိကကတော့ သရုပ်ဆောင်ကိုစိုးသူ၊ တေးသံရှင်ကိုစိုးသူ၊ ဆရာဝန်ဘွဲ့ရခဲ့တဲ့ ကိုစိုးသူ ဆိုတာထက်ကို ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ယောက် အနေနဲ့ လူပီသတဲ့ လူတစ်ယောက်ဆိုပြီး ကျန်ခဲ့စေချင်ပါတယ်။

## ဘဝတစ်လျှောက်လုံးမှာ အကြည်ညိုဆုံး ပုဂ္ဂိုလ်

ထေရဝါဒရှင်တော် ဗုဒ္ဓမြတ်စွာဘုရားရှင်ပါ။ သုံးလူ့ထွဋ်ထား ရှင်တော်ဗုဒ္ဓဘုရားပေါ့နော်။ ကိုယ်တိုင်လည်း မမြင်ဖူးပါဘူး။ ကံဆိုးစွာနဲ့ ကြုံလည်းမကြုံခဲ့ရပါဘူး။ ဒါပေမဲ့ ကံကောင်းစွာနဲ့ သာသနာထွန်းကားတဲ့ သာသနာဖြစ်တည်နေဆဲကာလမှာ လူ့ဘဝကိုရရှိလာတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ တကယ်လည်း ကြည်ညိုပြီး လေးစားပါတယ်။ ဘုရားရှင်စကားထက် မှန်ကန်တဲ့ တည်တံ့တဲ့၊ စစ်မှန်တဲ့ စကားက မရှိနိုင်တော့ဘူးလေ။ ဘုရားရှင်မိန့်ကြားခဲ့တဲ့စကားတွေက အရင်တုန်းကလည်း မှန်တယ်၊ အခုလည်း မှန်တယ်၊ နောက်လည်း မှန်နေဦးမှာပါ။

## လက်ရှိအချိန်မှာ ကိုယ်အဖြစ်ချင်ဆုံးဆန္ဒ

ကျွန်တော့် 'မေမေ' ကို အမြန်ဆုံးနေကောင်းစေချင်ပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော့်မေမေ အမြန်ဆုံး နေကောင်းကျန်းမာပြီးတော့ အရင်တုန်းကလိုပဲ ဒါန၊ သီလ၊ ဘာဝနာတွေနဲ့ အလှူအတန်းတွေ လုပ်စေချင်ပါတယ်။ ဒါကတော့ လောလောဆယ် အခုလက်တလောမှ ဖြစ်စေချင်တဲ့ ဆန္ဒပါ။ ဒီဟာကတော့ ကျွန်တော်တစ်ဦးတည်း တစ်ယောက်ချင်းအတွက် ဖြစ်သွားတာပေါ့။ ခုနက ပြောသလို လူသားတစ်ယောက်အနေနဲ့တော့ မဟုတ်ဘူးပေါ့နော်။

## မကြာခဏလွမ်းဆွတ်သတိရနေမိတဲ့ အကြောင်းအရာ (သို့မဟုတ်) လူ

မကြာခဏ လွမ်းဆွတ်သတိရမိတာကတော့ 'မြန်မာပြည်' ပါ။ မြန်မာပြည်နဲ့ ပတ်သက်ရင် အားလုံးကို လွမ်းတယ်။ နိုင်ငံခြားကို ရောက်ခါစ နှစ်နှစ်၊ သုံးနှစ်လောက်က ယောက်ျားကြီးတန်မဲ့ နေတိုင်းငိုခဲ့ရတယ်။ မငိုရတဲ့နေ့ကို မရှိဘူး။ သတိရလွန်းလို့ သီချင်းတွေလည်း နားမထောင်ဘူး။ နိုင်ငံခြားရုပ်ရှင်ရော မြန်မာရုပ်ရှင်ရောမကြည့်ဘူး။ ကိုယ်တိုင် သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်တွေ၊ ကိုယ်တိုင်ဆိုခဲ့တဲ့ သီချင်းတွေလည်း မကြည့်ဘူး၊ နားမထောင်ဘူး။ ဒါပေမဲ့ 'အချိန်ဆိုတာ သမားတော်' ဆိုတော့ နေသားကျလာခဲ့တယ်။ အဲဒီလောက် လွမ်းနေရသလို နိုင်ငံခြားမှာ ဘာလို့အကြာကြီးနေနေရတာလဲဆိုတော့ လူဆိုတာက 'ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရ' ဆိုတော့ နေနေရတာပေါ့နော်။ ဒါပေမဲ့ အခု ပြန်ရောက်လာတော့ ပိုဆိုးသွားတယ်။ ပြန်တောင်မပြန်ချင်ဘူး။

## ဆုတစ်ခုသာ တောင်းပါဆိုရင် အခုအချိန်မှာ တောင်းမယ့်ဆု

ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် အင်မတန်ကောင်းမှာပေါ့နော်။ ဆုတစ်ခုသာတောင်းပါဆိုရင်လည်း အခုလောလောဆယ်တော့ ကျွန်တော့် 'မေမေ' နေကောင်းပြီးတော့ ကျန်းမာပါစေဆိုတဲ့ ဆုကိုပဲ အရင်ဆုံးနဲ့ အဖြစ်ချင်ဆုံး တောင်းရမယ့်ဆုပါပဲ။ ဒီဟာကိုတော့ ကျွန်တော့်ကို ကိုယ်ကျိုးကြည့်တယ်၊ အတ္တပါနေတယ်ဆိုပြီး မမြင်ကြပါနဲ့လို့ တောင်းပန်ပါတယ်။

## အနုပညာအလုပ်ကို အပြီးတိုင်စွန့်လွှတ်ဖြစ်ဖို့ မဖြစ်ဖို့

အဲဒါကတော့ တော်တော်ခက်တယ်။ အနုပညာသမားဆိုတာ အနုပညာကို အသက်ထက်ဆုံးစွန့်လွှတ်ကြမယ့် လူဆိုတာ မရှိဘူးလို့ ကျွန်တော်ထင်တယ်။ တချို့တွေ ရုပ်ရှင်မရိုက်ကြတော့ဘူး၊ သီချင်း မဆိုကြတော့ဘူး ဆိုပေမယ့်လည်း ကျွန်တော် မြန်မာပြည်ပြန်ရောက်တော့ သူတို့တွေနဲ့ စကားပြောကြည့်တဲ့အခါမှာ 'စိတ်ကူးထဲမှာ ရိုက်နေတယ်၊ စိတ်ကူးထဲမှာ သရုပ်ဆောင်နေတယ်၊ စိတ်ကူးထဲမှာ ရှုတင်ရှိနေတယ်' လို့ ပြောကြတယ်။ တချို့အနုပညာရှင်တွေကျတော့ ကျန်းမာရေးအရ၊ မိသားစုနဲ့အေးအေးချမ်းချမ်းနေချင်တာတွေကြောင့် မရိုက်ဖြစ်ကြတာတွေ ရှိတယ်လေ။ ဒါပေမဲ့ ကိုယ်ပိုင်သီးသန့်ကမ္ဘာလေးထားပြီး တီးမှုတ်လေ့ကျင့်နေကြတန်းပါပဲ။ အနုပညာနဲ့ ပတ်သက်ပြီး ရပ်သွားတဲ့လူဆိုတာ တစ်ယောက်မှ မတွေ့ဖူးဘူး။ ကျွန်တော့်အမြင်အရတော့ အဲဒီလိုခံယူတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလိုပါပဲ၊ အခြေအနေအကြောင်းကြောင်းကြောင့် ကျွန်တော်က အနုပညာတွေ သိပ်မလုပ်ဖြစ်တာဘဲ ရှိပါတယ်။

## မြန်မာနိုင်ငံက ကိုစိုးသူ ထွက်ခွာခဲ့တဲ့ ၂၀၀၁ ခုနှစ် အခြေအနေနဲ့ ၂၀၁၃ ခုနှစ်အခြေအနေ အပေါ်အမြင်

ပြောင်းလဲသွားတာတွေကတော့ အကုန်လုံးနီးပါးပါပဲ။ ကျွန်တော်တောင် တအံ့တဩနဲ့ ကြည့်မိပါတယ်။ အခုလို ၁၁ နှစ်လောက် ဝေးသွားတဲ့ကာလအတွင်းမှာ တော်တော်များများပြောင်းလဲသွားတာကို မြင်ရ၊ ကြားရ၊ သိရပါတယ်။ ခုနကလို လမ်းပေါ်မှာ ကားတွေပြည့်ပြီး လမ်းတွေကြပ်နေတာကိုလည်း တွေ့ရပါတယ်။ အနုပညာနဲ့ပတ်သက်ရင်လည်း လုပ်နေကိုင်နေကြတာ အားပါးတရပါပဲ။ ဒါပေမဲ့ အခက်အခဲဆိုတာတွေကလည်း ရှိကြမှာပေါ့နော်။ ကျွန်တော်မသွားခင်ကာလတွေတုန်းကလည်း သူ့ခေတ်၊ သူ့အခါနဲ့ ကောင်းအောင်လုပ်ကြတာချည်းပါပဲ။ ၂၀၁၃ ကို ရောက်နေတဲ့ကာလကြီးနဲ့ ညီမျှအောင် လူတွေအားလုံးက တောင့်ပေါင်းစုံတနေ စွမ်းစွမ်းတမံကြိုးစားဆောင်ရွက် ထမ်းဆောင်နေကြတာကို တွေ့ရပါတယ်။ ကျွန်တော်ကတော့ အားလုံးပြောင်းလဲနေတာကို တအံ့တဩနဲ့ ကြည့်မိတာအမှန်ပါပဲ။

သီတာစိုး

**မှတ်ချက်။ ။ ဒီအင်တာဗျူးက အကယ်ဒမီပွဲအပြီး နောက်တစ်ပတ်မှာ ကိုစိုးသူနဲ့ အင်တာဗျူးဖြစ်ခဲ့တာပါ။ အခုဖော်ပြမယ့် အချိန်မှာ ကိုစိုးသူရဲ့ မိခင် ကွယ်လွန်သွားပြီဆိုပေမယ့် မိခင်နဲ့ပတ်သက်တဲ့ ကိုစိုးသူရဲ့ မေတ္တာစကားကို အရင်းအတိုင်း ဖော်ပြချင်တဲ့အတွက် ပြန်လည်မပြင်ဆင်တော့ဘဲ ဖော်ပြပေးလိုက်ပါတယ်။**

Asian Fame Media Group

## Happy Valentine's Contest 2013





Happy Valentine's Contest 2013 ကို ဖေဖော်ဝါရီလ ၁၃ ရက် ညနေ ၅ နာရီက ချက်ထရီယံဟိုတယ် Pool Garden တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် ဒီဇိုင်နာပြည်စိုးအောင်နှင့်အတူ နိုင်ငံတကာမှ ဒိုင်များအဖြစ် အီတလီလူမျိုး၊ စပိန်လူမျိုးပညာရှင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ Mr. Valentine ဆုကို ခန့်ဇော်ဟိန်းနှင့် Miss Valentine ဆုကို မေနှင်းသူတို့ ရရှိခဲ့သည်။ Mr 1st runner up ဆုကို ကျော်ထက်အောင်၊ 2nd runner up ကို လင်းအောင်၊ Miss 1st runner ဆုကို နေခြည်ဆုဇင်၊ 2nd runner up ဆုကို မေသန္တာ၊ Best Cat Walk ဆုကို ပိုင်တံခွန်၊ နေခြည်ဆုဇင်၊ Golden Rose Photogenic ဆုကို ဒန်ဒန်းက ရရှိခဲ့သည်။

## ရက်ဂေးအဆိုတော် စောဖိုးခွားနှင့် One Love Band ၏ ငြိမ်းချမ်းရေး ရက်ဂေးဂီတည



ရက်ဂေး အဆိုတော် စောဖိုးခွားနှင့် One Love Band ၏ စစ်မှန်သော အချစ်နှင့် လွတ်လပ်ခွင့်ဆုဆစ်မည့် ငြိမ်းချမ်းရေး Reggae ဂီတည (Peace Concert) ကို ဖေဖော်ဝါရီလ ၁၄ ရက်၊ Valentine's day ညနေ ၆ နာရီမှ ည ၉ နာရီအထိ အမှတ် ၁၁၁၊ ရွှေတိုင်သာလမ်းမကြီး၊ သာကေတရှိ Aquarium Sea Food Restaurant Compand တွင် ကျင်းပခဲ့သည်။ အဆိုပါ ဂီတပွဲသို့ မည်သူမဆို အခမဲ့လွတ်လပ်စွာ ကြည့်ရှုခံစားနိုင်ရန် စီစဉ်ပေးခဲ့ပြီး အဆိုတော် စောဖိုးခွားနှင့်အတူ အဆိုတော်ဖော်ကာ Wai လုံ့တို့ပါ သီဆိုဖျော်ဖြေခဲ့ကြသည်။



## RUNYGN Clothing ဖွင့်လှစ်ခြင်း

ရက်ပါ SZ ရဲ့ဖက်ရှင်ဆိုင်သစ် RUNYGN Clothing ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက် ၁၁ နာရီက ဆိုင်တည်ရှိရာ အမှတ် ၃၃၅၊ ဗိုလ်အောင်ကျော်လမ်းအထက်၊ ကျောက်တံတားမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဖွင့်ပွဲတွင် SZ နှင့်အတူ အဆိုတော်ရန်ရန်ချန်းပါလာရောက်ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ဗယ်လင်တိုင်းနေ့တွင် အစပြုဖွင့်လှစ်လိုက်သော RUNYGN Clothing တွင် လူငယ်ကြိုက်ဖက်ရှင်ဒီဇိုင်းစုံ အမျိုးသား၊ အမျိုးသမီးဝတ်အကျီ၊ ဦးထုပ်၊ အိတ်၊ ဖိနပ်စသည့်ပစ္စည်းများ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ သင်္ကြန်ကာလအတွက် အထူးဝန်ဆောင်မှုပေးသည့်အနေဖြင့် RUNYGN တံဆိပ်ဖြင့် ဦးထုပ်များဖန်တီးရောင်းချမည်ဖြစ်ကြောင်း သိရသည်။

## မိတ်ကပ်အောင်ခင်ဆင့်၏ မိတ်ကပ်၊ ဓာတ်ပုံ၊ ဗီဒီယိုဆိုင်သစ် ထားဝယ်မြို့တွင်ဖွင့်လှစ်

မိတ်ကပ်အောင်အောင် (တောင်ကြီး) ၏ တပည့်ရင်းဖြစ်သူ မိတ်ကပ်အောင်ခင်ဆင့် (ခ) အန်တီဆင့်၏ မိတ်ကပ်၊ ဓာတ်ပုံ၊ ဗီဒီယိုဆိုင်သစ်ကို ထားဝယ်မြို့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အလှအပရေးရာဝန်ဆောင်မှုတွင် မိတ်ကပ်သာမက လက်ထပ်မင်္ဂလာပွဲကျင်းပမည့် မောင်မယ်များအတွက် မင်္ဂလာသတို့သား၊ သတို့သမီးဝတ်စုံဒီဇိုင်းများကိုပါ ချုပ်လုပ်ပေးမည်ဖြစ်ပြီး အခမ်းအနားပြင်ဆင်မှုပါ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယင်းဆိုင်သစ်ဖွင့်ပွဲတွင် မိတ်ကပ်ငယ်ငယ်၊ အဆိုင်၊ မင်းမင်းစသော မိတ်ကပ်ပညာရှင်များလည်း တက်ရောက်ခဲ့ကြသည်ဟု သိရသည်။




Asian Fame Media Group

## Sheene Cosmetics ၏ All about Eye Promotion




မြန်မာလေညင်းကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော Sheene Cosmetics ၏ All about Eye Promotion အခမ်းအနားကို ဇန်နဝါရီလ ၁၉ ရက် ညနေ ၅ နာရီက မိတ္ထီလာမြို့ ဝင်းမာလာစတိုးတွင်လည်းကောင်း၊ ဇန်နဝါရီ လ ၂၀ ရက် ညနေ ၅ နာရီက မန္တလေး Diamond Plaza တွင်လည်းကောင်း ကျင်းပ ပြုလုပ်ခဲ့သည်။ ယင်း အခမ်းအနားများတွင် Bee Poison Dancer Group မှ Dancer များ၏ ကပြဖျော်ဖြေမှု၊ ဂိမ်းကစားခြင်းများအပြင် ထိုင်းနိုင်ငံမှ မိတ်ကပ် ပညာရှင် Mr.Tassance က မော်ဒယ် အလ်ကာခေတ်အား မိတ်ကပ်လိမ်းခြယ် သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယင်း အခမ်းအနားတွင် Special Sales အစီအစဉ်အဖြစ် Amazing Sales ရောင်းချခြင်း အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

## ဝေ (စီးပွားရေးတက္ကသိုလ်) ၏ နလုံးသားပေါ် သွေးတဲ့တား စာအုပ် မိတ်ဆက်ပွဲ



စာရေးဆရာမ ဝေ (စီးပွားရေး တက္ကသိုလ်) ၏ 'နှလုံးသားပေါ်သွေးတဲ့ မား' မဂ္ဂဇင်းဝတ္ထုတိုများ မိတ်ဆက်ပွဲ အခမ်းအနား ကို ဇန်နဝါရီလ ၃၁ ရက် ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီက ပန်းဆိုးတန်းလမ်းရှိ စာပေ လောက ၅ တွင် ကျင်းပပြုလုပ်ခဲ့သည်။ ရွှေ အမြုတေ မဂ္ဂဇင်း၏ စင်တင်ကလောင်ရှင် တစ်ဦး ဖြစ်သော ဆရာမဝေ (စီးပွားရေး တက္ကသိုလ်) ရေးသားခဲ့ပြီး မဂ္ဂဇင်း စာမျက်နှာများပေါ်၌ ဖော်ပြခံခဲ့ရသော ဝတ္ထုတိုများ၏ စုစည်းပြီး လင်းလွန်းခင် စာအုပ်တိုက်မှ ထုတ်ဝေလိုက်သော စာအုပ်ကို မိတ်ဆက်ခြင်းဖြစ်ပြီး စာပေလောကသား မောင်နှမများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ဆရာမခင်သန္တာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဆရာ ဦးဝင်းငြိမ်း၊ ဦးသိန်းလွင်၊ ဆရာတင့်ခိုင်၊ ဆရာ ရဲသျှမ်း၊ ဆရာသစ်ခက်အိမ်နှင့် ဆရာမ ခင်ဆွေဦး တို့က မှတ်တမ်းစကားများ ပြောကြားခဲ့ကြသည်။

## ဝိုင်းဆံပင်မိတ်ကပ် အလှပြုပြင်ရေးသင်တန်း ဖွင့်လှစ်



ဆံပင်၊ မိတ်ကပ်၊ လက်သည်းခြေသည်း၊ ပန်းချီ အလှပြုပြင်ရေး အခြေခံမှစ၍ စနစ်တကျ သင်ကြားလိုသူများအတွက် 'ဝိုင်း' အလှပြုပြင်ရေးက သင်တန်းဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ စာတွေ့ လက်တွေ့ဖြင့် ဘာသာစုံ သင်ကြားပေးမည်ဖြစ်ပြီး ဦးဆုံး သင်တန်းအပ်နှံသူ ၅ ယောက်အတွက် အထူး Discount ပေးမည် ဖြစ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများ ဝိုင်း မိတ်ကပ်ဆံပင်အလှပြုပြင်ရေး၊ မနော်ဟရီလမ်း ၅၆-၅၇ လမ်းကြား၊ လေး မျက်နှာတိုက်ခန်း၊ အခန်း ၄၉ ၊ မန္တလေး ဖုန်း ၀၉-၂၀၁၆၈၄၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ 'ဝိုင်း' တွင် Body Art ခန္ဓာကိုယ်အလှအရုပ် ရေးဆွဲခြင်းကို အထူး ရေးဆွဲပေးသော ဝန်ဆောင်မှုလည်း ရှိကြောင်း သိရသည်။

## NIVEA ၏ 2012 Sassy Campaign Double Bonus Lucky Draw ချီးမြှင့်ခြင်း






NIVEA ၏ 2012 Sassy Campaign Double Bonus Lucky Draw တွင် ကံထူးခဲ့ကြသော ကံထူးရှင်များအား ဆုမဲချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့က ကျင်းပခဲ့သည်။ အခမ်းအနားတွင် DKSH (Yangon Office) ၏ ဈေးကွက်မန်နေဂျာ မနန္ဒာဝင်းက အမှတ်တရစကားပြောကြားခဲ့ပြီး ဆုမဲများကို ချီးမြှင့်ခဲ့ရာ ပထမဆု Toyota Vitz ကားကို ဦးဇင်ပိုရရှိခဲ့ပြီး ဒုတိယဆုအဖြစ် Laptop ၁၀ လုံး၊ တတိယဆုအဖြစ် ခရီးဆောင်အိတ် အလုံး ၁၀၀၊ စတုတ္ထဆုဖြစ်သော ဘေးလွယ်အိတ် အလုံး ၂၀၀၊ ပဉ္စမဆုဖြစ်သော ခေါင်းအုံးအလုံး ၁၀၀၀၊ ကံထူးရှင်များအနေ ဖြင့် DKSH (Yangon Office) အမှတ် ၁၃ သန္တာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁ ၅၆၅၇၆၃၊ ၅၆၅၂၇၀၊ ၅၆၅၂၇၁၊ ၅၆၅၂၇၂ နှင့် မန္တလေးရုံး အမှတ် ၁ (ဘီ) ၂၇ လမ်း၊ ၆၉ လမ်းနှင့် လမ်း ၇၀၊ ချမ်းအေးသာဇံမြို့နယ်၊ ဖုန်း ၀၂ - ၂၄၈၉၆၊ ၂၄၈၉၇၊ ၂၄၈၉၈ တို့တွင် ထုတ်ယူရမည် ဖြစ်ကြောင်း သိရသည်။



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ်-သန္တာလှိုင်/ ဝတ်စုံ-ရှိမိုရ်/ ဒီဇိုင်နာ-ဒွေးဒွေးတင်(ရှိမိုရ်)
နေရာ-ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မိုးသောက်ကြယ်

Asian Fame Media Group
MEDIA GROUP



မော်ဒယ်-သန္တာလှိုင်
ဝတ်စုံ-ရှိမိုင
ဒီဇိုင်နာ-ငွေငွေတင်(ရှိမိုင)
နေရာ-ကန်တော်ကြီးပဲလေ့စ်ဟိုတယ်

Asian Fame Media



မော်ဒယ်-သန္တာလှိုင်
ဝတ်စုံ-ရှိမိုင့်
ဒီဇိုင်နာ-ငွေးငွေးတင်(ရှိမိုင့်)
နေရာ-ကန်တော်ကြီးပဲလေ့စ်ဟိုတယ်




မော်ဒယ်-သန္တာလှိုင်
ဝတ်စုံ-ရှိမိ
ဒီဇိုင်နာ-ငွေငွေတင်(ရှိမိ)
နေရာ-ကန်တော်ကြီးပဲလေ့စ်ဟိုတယ်



မော်ဒယ်-သန္တာလှိုင်
ဝတ်စုံ-ရှိမိဂ္
ဒီဇိုင်နာ-ငွေငွေးတင်(ရှိမိဂ္)
နေရာ-ကန်တော်ကြီးပဲလေ့စ်ဟိုတယ်

Asian Fame Media Group




# ROBOT FASHION

Model : Jet San Htun, Si Thu Win, Jessica Dada
Make up : Wine (December Hnin)
Designer : Joker
Photo : Ko Linn (Studio K)
Arranged by Thida Soe



# ROBOT FASHION

Model : Jet San Htun, Si Thu Win, Jessica Dada
Make up : Wine (December Hnin)
Designer : Joker
Photo : Ko Linn (Studio K)



# ROBOT FASHION

Model : Jet San Htun, Si Thu Win, Jessica Dada
Make up : Wine (December Hnin)
Designer : Joker
Photo : Ko Linn (Studio K)

Asian Fame Media Group
MEDIA GROUP



# ROBOT FASHION

Model : Jet San Htun, Si Thu Win, Jessica Dada
Make up : Wine (December Hnin)
Designer : Joker
Photo : Ko Linn (Studio K)



# ROBOT FASHION

Model : Jet San Htun, Si Thu Win, Jessica Dada
Make up : Wine (December Hnin)
Designer : Joker
Photo : Ko Linn (Studio K)



# Beauty IN MOTION

Model Hnin Yamone Oo Make-up Kyaw Moe Designer Shilar Photo Ko Naing (Popular) Arranged By Thida Soe



# Beauty IN MOTION

*Model Hnin Yamone Oo Make-up Kyaw Moe Designer Shilar Photo Ko Naing (Popular) Arranged By Thida Soe*



# Beauty IN MOTION

**Model** Hnin Yamone Oo **Make-up** Kyaw Moe **Designer** Shilar **Photo** Ko Naing (Popular) **Arranged By** Thida Soe



# Beauty IN MOTION

**Model** Hnin Yamone Oo **Make-up** Kyaw Moe **Designer** Shilar **Photo** Ko Naing (Popular) **Arranged By** Thida Soe



# Beauty IN MOTION

**Model** Hnin Yamone Oo **Make-up** Kyaw Moe **Designer** Shilar **Photo** Ko Naing (Popular) **Arranged By** Thida Soe

Asian Fashion Media Group



# Beyond the Women

## Thiri San

arranged by phyoe su po po

ဘဝဆိုတာ...

ရေစီးတစ်ခါ ရေသာတစ်လှည့်လို့ ဆိုကြပါတယ်။ အချိုးအကွေ့များလှတဲ့ ဘဝတွေထဲမှာ ကျင်လည်ရင်း မဆုတ်မနစ် ကြိုးစားရင်တော့ အောင်မြင်တဲ့ ရွှေရောင်နေ့ရက်တွေကို ပိုင်ဆိုင်ခွင့်ရမှာ အမှန်ပါပဲ။ အဲဒီလို ကိုယ့်ဘဝကို ကြိုးစားရင်း အောင်မြင်တဲ့ဘဝကို လက်ရှိမှာ ပိုင်ဆိုင်ထားသူ စာရေးဆရာမ သီရိစံ(စာနယ်ဇင်းလောကမှာတော့ ချစ်စနိုးနဲ့ 'မဂီ'လို့ ခေါ်ကြတယ်)နဲ့ ရတီအမျိုးသမီးတွေအတွက် Beyond the Women ကဏ္ဍကနေ တင်ဆက်ပေးလိုက်ပါတယ်။ ဆရာမ သီရိစံ က Idea Inject Printing နဲ့ Art Man Co. Ltd တို့ရဲ့ ပုံနှိပ်ရှင် တစ်ယောက်ဖြစ်သလို လျှပ်တစ်ပြက်ဂျာနယ်၊ မော်နီတာဂျာနယ်၊ My Music ဂျာနယ်တို့ရဲ့ Financier တစ်ဦးလည်းဖြစ်ပါတယ်။

Asian Fame Media Group



**အရင်ဆုံး အစ်မရဲ့ မိသားစု အကြောင်းနဲ့ ငယ်အိပ်မက်လေးတွေ အကြောင်းကို ပြောပြပါလား။**

အစ်မတို့က မောင်နှမ ငါး ယောက် ရှိတယ်။ အစ်မ သုံးယောက်၊ အစ်ကို တစ်ယောက် ရှိတယ်။ အစ်မ က အငယ်ဆုံးပါ။ အစ်မတို့ အဖေက တပ်မတော်သားတစ်ဦး။ ဒါပေမဲ့ အဖေက တပ်မတော်မှာ တာဝန် ထမ်းဆောင်နေရင်းနဲ့ အစ်မ ကိုးနှစ် သမီးမှာ ကွယ်လွန်သွားခဲ့တယ်။ အဲဒီ တော့ ပြောရရင်တော့ အစ်မတို့ရဲ့ ငယ်အိပ်မက်တွေက အစ်မတို့ အားကိုးရာ အဖေ ကွယ်လွန်သွား တာနဲ့အတူ ပျောက်သွားခဲ့ရတာပေါ့။ အစ်မကလည်း ငယ်အိပ်မက်ဆိုတာ ထက် လက်တွေ့ဆန်တာတွေပဲ လုပ် ခဲ့ရတယ်။ စိတ်ကူးယဉ်ခွင့် မရှိတဲ့ ဘဝကနေ အစ်မက ကြီးပြင်းခဲ့ရတာ ပါ။

**အစ်မရဲ့ ငယ်ဘဝလို့ ပြော လိုက်တာနဲ့ ဘယ်လိုပုံရိပ်မျိုးတွေကို မှတ်မိနေတတ်ပါသလဲ။**

အစ်မ ငယ်ငယ်ကတည်းက သွက်လက် ချက်ချာတဲ့ မိန်းကလေးပါ။ ပြီးတော့ အဖေ မရှိတော့တဲ့အတွက် ယောကျ်ားလေးလိုမျိုး အမေ နဲ့အတူ ရုန်းကန်ရတဲ့ဘဝတစ်ခုမှာ ကျင်လည် ခဲ့ရတယ်။ သတ္တိလည်း ရှိတယ်။ ဆုံးဖြတ်ချက်လည်း အစ်မက ငယ်ငယ်ကတည်းကပြတ် သားတယ်။ အနုပညာလည်း ဝါသနာပါတယ်။ ကျောင်း မှာဆိုရင် ဖျော်ဖြေရေးချိန်တွေ မှာ အနုပညာခန်းကို အမြဲသွား တယ်။ ဒါပေမဲ့ တကယ် အစ်မအရွယ် ရောက်ချိန်မှာတော့ ဒီအနုပညာတွေ အားလုံးကို မေ့ပစ်ခဲ့ရတယ်။

**အစ်မက အစ်မရဲ့ မိဘနဲ့ မိသားစုအပေါ် မှာ တာဝန်ကျေခဲ့တဲ့ သမီးတစ်ယောက်ဖြစ်ခဲ့လား။**

အစ်မကတော့ ရဲရဲကြီးအာမခံပြီး ပြောရဲတယ်။ ဒီနေ့ အချိန်ထိလည်း အမေ့ရဲ့ကိစ္စတွေ အားလုံးကို တာဝန် ယူနေတုန်းပါ။ အစ်မက တာဝန်ကျေခဲ့ ပါတယ်။ အစ်မတို့ ခေတ်တုန်းက လှယဉ်ကျေးမယ်တို့ ကာယအလှမယ် တို့တွေ ခေတ်စားတယ်။ အစ်မက အဲဒီလိုတွေ ပြိုင်တာတွေကို ဝါသနာ မပါခဲ့ဘူး။ ဒါပေမဲ့ အစ်မ ဝင်ပြိုင် ဖြစ်တယ်။ အဲဒီတုန်းက ပြိုင်ပွဲတွေမှာ ဆုရရင် ဆုကြေးက အများကြီးရ တယ်လေ။ အစ်မက ဆုရရင် အမေ့ ကို အဲဒီပိုက်ဆံ ပေးချင်တယ်။ အဲဒီလို စိတ်နဲ့ ဆုကြေးလိုချင်လို့ ဝါသနာမပါဘဲ ဝင်ဝင်ပြိုင်ဖြစ်တယ်။ အဲဒီခေတ်က Pepsi Color မှာ အစ်မ စတုတ္ထဆုရတယ်။ ဆုကြေး တစ်သိန်း ရတယ်။ နောက် ၉၄ ခုနှစ်မှာ ကျတော့ Pepsi Color First Runner up ရတဲ့ ဆုကြေး နှစ်သိန်း ရတယ်။ အဲဒီပိုက်ဆံတွေ အားလုံးကို အမေ့ကို ကန်တော့တာ ပါပဲ။ အစ်မက အမေ့ကို အမေလို တစ်မျိုး အဖေလိုတစ်မျိုး အားကိုးခဲ့ ရတာပါ။ အစ်မအတွက် အမေ စိတ် မပူပင်ရအောင် ငယ်ငယ်ကတည်း ကနေ အခုထိ အစ်မက ကြိုးစားပြီး နေတယ်။ အခုထိလည်း အမေ့ကို လုပ်ကျွေးနေပါတယ်။ အစ်မက ကိုယ့်ဘဝကို အားနည်းချက်တွေ များပြီး ပစ်စလက်ခတ်နေတဲ့ မိန်းမ တစ်ယောက် အဖြစ် အစ်မ အမေ့ကို လုံးဝ မမြင်စေရဘူး။ ဒါကြောင့် အစ်မက စနစ်တကျနဲ့ ဘဝကို ကြိုး စားပြီးနေတယ်။ အစ်မ လုပ်တဲ့ အလုပ်တိုင်းကို အောင်မြင်အောင် လည်း ကြိုးစားတယ်။ အမေ့ကို အောင်မြင်တဲ့ သမီးတစ်ယောက် အနေနဲ့ ပြချင်တဲ့ စိတ်ကြောင့်ပါ။

**အခုလက်ရှိအချိန်မှာရော ကိုယ်ရဲ့ လုပ်ငန်းခွင်မှာ ကိုယ့်ရဲ့ လက်အောက်ငယ်သားတွေအ ပေါ် တာဝန်ကျေတဲ့ လုပ်ငန်းရှင်တစ်ဦး ဖြစ်နေပါရဲ့လား။**

အဲဒါတော့ မဖြစ်နိုင်ပါဘူး။ အားလုံးကို တာဝန်ကျေဖို့ကတော့ အစ်မက မဖြစ်နိုင်တော့ဘူး။ အလုပ် မှာကျတော့ အချိန်ပိုင်းပဲ ဆက်ဆံ ကြရတာလေ။ ပြီးတော့ သူများ သားသမီးတွေကို အုပ်ချုပ်ရတာ လေ။ Status အမျိုးမျိုးနဲ့ ဆက်ဆံ ရတာ။ အစ်မက သူတို့အပေါ်မှာ အလုံးစုံ မကျေပွန်နိုင်ပေမယ့် အတိုင်းအတာ တစ်ခုအထိတော့ ကျေပွန်ပါတယ်။ အလုပ်သမားနဲ့ အလုပ်ရှင်ဆိုတဲ့ ရေစက်ကလည်း ရေရှည်ပါတတ်တာမျိုး မဟုတ်ပြန် ဘူး။ အစ်မနဲ့အကြာကြီး လက်တွဲ လုပ်နေတဲ့ အစ်မရဲ့ အကျိုးစီးပွားကို

Asian Fame Media Group



စေတနာနဲ့ လုပ်ကိုင်ပေးနေတဲ့ သူတို့အပေါ်မှာတော့ အစ်မ တာဝန်ကျေပါတယ်။ အစ်မနဲ့ ခဏတစ်ဖြုတ်လောက်ပဲ လက်တွဲတဲ့သူမျိုးတွေအပေါ်မှာတော့ အစ်မ တာဝန်မကျေနိုင်ဘူးပေါ့။ အလုပ်သမားတိုင်းအပေါ်တော့ တာဝန်မကျေဘူးပေါ့။

**လုပ်ငန်းတစ်ခုကို အမျိုးသားတစ်ယောက် ဦးဆောင်တာနဲ့ အမျိုးသမီးတစ်ယောက် ဦးဆောင်တာမှာ ဘယ်လို ကွဲပြားခြားနားမှုတွေ ရှိနိုင်ပါသလဲ။**

အမျိုးသားတစ်ယောက် ဦးဆောင်တာက ဥပမာ အိမ်တစ်အိမ်မှာ အဖေမရှိတာနဲ့ အမေမရှိတာနဲ့ ကွာတယ်။ အမေမရှိတဲ့ အိမ်က သားသမီးတွေက စနစ်တကျမဖြစ်ဘဲနဲ့ ဖရိုဖရဲ တွေဖြစ်သွားတတ်ကြတယ်။ အဖေတစ်ယောက်တည်း အုပ်ချုပ်တဲ့ အိမ်က အမြဲတမ်းတော့ မပြည့်စုံဘူးပေါ့။ အစ်မတို့ကကျတော့ အမေတစ်ယောက်တည်းနဲ့ကြီးပြင်းခဲ့ရတော့ မပြည့်စုံပေမယ့် အရာရာမှာ စနစ်တကျ ရှိခဲ့တယ်။ ချစ်ခြင်းမေတ္တာဆိုတာလည်း ရှိခဲ့တယ်။ နေ့စဉ်လည်း စားသောက်နေထိုင်မှုက အဆင်ပြေခဲ့တယ်။ ပညာလည်း သင်ခွင့်ရခဲ့တယ်။ ဘာလို့လဲဆိုတော့ အစ်မတို့ အမေက အရာရာကို စေ့စေ့စပ်စပ်နဲ့ စီမံတယ် လေ၊ အဲဒီလိုပဲပေါ့ မိန်းမဦးဆောင်တဲ့ အလုပ်မှာကျတော့ ယောကျ်ားတွေထက် စေ့စပ်သေချာတယ်။ ယိုပေါက်တွေ မဖြစ်ဘူး။ အမျိုးသားတွေကကျတော့ Detail မကျဘူး။ အမျိုးသမီးတွေကတော့ စပြီးစဉ်းစားကတည်းက အသေးစိတ် စဉ်းစားတယ်၊ အမျိုးသားတွေထက် အစ်မတို့ အမျိုးသမီးတွေက ပုတတ်တယ်။ မှားသွားနိုင်တဲ့ နေရာတွေကို ကြိုမြင်တတ်တဲ့ အားသာချက်တွေရှိတယ်။ သူတို့ကတော့ လုပ်ငန်းတစ်ခုကို ရှေ့ကပဲ ဦးဆောင်ပြီးသွားချင်တာတော့ သူတို့သဘာဝပဲလို့ ပြောရမယ်၊ အစ်မတို့ကျတော့ သူတို့နောက်ကနေ သူတို့လုပ်သွားခဲ့တဲ့ အလုပ်တွေရဲ့ အောက်ခြေသိမ်းအထိ လက်စသတ်တာမျိုးပေါ့။ အမျိုးသမီးတွေဦးဆောင်တဲ့ အလုပ်တွေမှာကျတော့ Account ကိစ္စတွေမှာ သေချာနေတယ်၊ Cash Flow တွေကို သေချာစစ်နိုင်တယ်၊ ဝန်ထမ်းတွေကလည်း အလုပ်ချိန်မှာ အလုပ်လုပ်ဖြစ်နေအောင် စေ့ဆော်နိုင်တယ်။ ဒါ အစ်မကိုယ်က မိန်းမမို့လို့ ဂုဏ်ယူပြီး ပြောနေတာ မဟုတ်ပါဘူး။ မိန်းမတိုင်းက ဒီလိုပါပဲ။

**သာမန်လူ တစ်ယောက်နဲ့ သာမန်ထက်ပိုပြီး အောင်မြင်နေတဲ့သူနဲ့မှာ ကွာခြားချက်က ဘာတွေများ ဖြစ်မလဲ။**

ဒါကို အစ်မပြောချင်တာက စိတ်နဲ့ဆိုင်တယ်။ တချို့က ကျတော့ ဘဝကို ရည်မှန်းချက်နဲ့ပြီး ကြိုးစားချင်ကြတယ်။ တချို့ကကျတော့ ဘဝကို အေးအေးဆေးဆေးပဲ နေသွားချင်ကြတဲ့သူတွေ ရှိတယ်၊ အောင်မြင်မှုဆိုတာကိုလည်း ပုလောင်တယ်လို့ မြင်တယ်ပေါ့။ တခြားသူတွေ လိုချင်ကြတဲ့ အောင်မြင်မှုက သူ့အတွက် ပူလောင်တယ်လို့ မြင်နေတော့ သူများလိုလည်း ကြိုးစားချင်မှာ မဟုတ်ဘူးပေါ့၊ သာမန်လူအဖြစ်နဲ့ပဲ နေမှာပဲ။ ဒါပေမဲ့ အောင်မြင်ချင်တဲ့ သူကကျတော့ ဘဝကို ဘာအခက်အခဲလာလာ ရအောင် ဖြတ်မယ်ဆိုတဲ့စိတ် ရှိကြတယ်။ ဒီတော့ အောင်မြင်တာနဲ့ သာမန်မှာ နံပါတ်တစ်က စိတ်ပေါ့။ ပြီးတော့ နံပါတ်နှစ် ဆိုရင်တော့ ကံပေါ့။ ကံ ကံ၏ အကျိုးနဲ့ဆိုင်တယ်။ ဥပမာ အစ်မနဲ့ အစ်မရဲ့အစ်မကိုကြည့်ပြီး ပြောလို့ရတယ်။ အစ်မကတော့ သာမန် မိသားစုအနေနဲ့ပဲ သူက နေချင်တယ်။ ပြီးတော့ သူ့အပျိုအရွယ်မှာ လှုယဉ်ကျေးမယ်ဆိုတာ မပေါ်ခဲ့ဘူး။ အစ်မရဲ့အစ်မကကျတော့ ဒီအခြေအနေကို ဖြတ်သန်းရတယ်။ အိမ်ထောင်ပြုတော့လည်း ကံတရားတွေက မတူပြန်ဘူး။ သူ့ရဲ့ အိမ်ထောင်ဖက်ကကျတော့ ဘဝကို အေးအေးဆေးဆေးပဲ ဖြတ်သန်းချင်တဲ့သူ ဖြစ်နေတယ်။ အစ်မအမျိုးသားကကျတော့



Asian Fame Media Group



အလုပ်ကို တကယ်လုပ်ချင်တဲ့သူဖြစ်နေတော့ အစ်မလည်း သူ့နောက်ကနေ မလျော့တဲ့ဖွဲ့နဲ့လိုက်လုပ်ရတယ်။ ပြီးတော့ ဘဝမှာ ကံရဲ့အကျိုးဆက်တွေက သူက ဒီအချိန်မှာ ဒါဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ အကြောင်းတရားတွေ ပါလာတယ်၊ ဒါက ရှောင်လို့မရဘူး။ အကြောင်းတွေဖန်လာရင် ကြုံရမယ်၊ ဘဝမှာ မမြင်နိုင်တဲ့အရာတွေ ရောက်လာရင် အစ်မတို့က ဒါကို လက်ခံလိုက်ရတာပဲလေ။

**လူတစ်ယောက်အောင်မြင်ဖို့အတွက် တချို့က 'တစ်'ကစရတယ် ပြောကြတယ်၊ တချို့ကကျတော့လည်း Background လိုတယ်ပြောကြပြန်တယ်။ အဲဒီအပေါ်မှာ အစ်မရဲ့ အမြင်ကို ပြောပြပေးပါလား။**

အစ်မကတော့ လူနှစ်ယောက်ကို ပြောကြည့်မယ်၊ တစ်ယောက်ကတော့ ဘဝကို တစ်ကစပြီး အောင်မြင်နေတဲ့သူ၊ နောက်တစ်ယောက်ကတော့ မိဘဆွေမျိုး Background ကြောင့် အောင်မြင်နေတဲ့သူပေါ့။ ဒါပေမဲ့ အရည်အချင်းချင်းက မတူကြဘူး။ သူတို့နှစ်ယောက်ကို ချိန်ခွင်ပေါ် မယ့်ရင်တင်ကြည့်၊ ခုနက ပြောတဲ့ တစ်ကစခဲ့တဲ့သူ့ရဲ့အရည်အချင်းက ပိုသာတယ်။ ဘာလို့လဲဆိုတော့ သူက အားလုံးကို လက်တွေ့ကျကျ စဉ်းစားပြီး လက်တွေ့ဆန်ဆန်လုပ်ခဲ့ရတယ်။ အခက်အခဲတွေကိုလည်း ဖြတ်ခဲ့ပြီးပြီ။ အတွေ့အကြုံပေါင်းများစွာရှိတယ်။ အတွေ့အကြုံဆိုးတွေထဲကမှ အတွေ့အကြုံတွေရခဲ့တယ်။ အဲဒီတော့ သူက အသိကြွယ်တယ်။ ဒါကြောင့် သူ့ဘဝကပြောရရင် Foundation ကောင်းပြီးသား ပေါ့။ Background ကောင်းတာကြောင့် အောင်မြင်တဲ့သူကကျတော့ အတွေ့အကြုံတွေ မရခဲ့ဘူးပေါ့။ အဲဒီတော့ ပြဿနာတွေ ဖြေရှင်းတဲ့နေရာကျရင် ခုနက တစ်ကစခဲ့တဲ့သူနဲ့ မတူတော့ဘူး။ သူက ပြဿနာတွေ ဖြေရှင်းတာမှာ မဖြေရှင်းနိုင်ဘူး။ ဒါကြောင့် အောက်ခြေကစခဲ့ရရင် ဘဝမှာ အာမခံချက် ရှိတာပေါ့။ တချို့ဆို တစ်ကတောင် မဟုတ်ဘူး။ 'Zero' က စတယ်တောင် ပြောတယ်၊ ဒီလိုလူမျိုးတွေရဲ့ အောင်မြင်မှုက ပိုပြီး ခိုင်မာတယ်။

**Media အလုပ်ကို ဦးဆောင်နေတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ဘယ်လို အခက်အခဲမျိုးတွေနဲ့ ကြုံတွေ့ရလေ့ရှိပါသလဲ။**

Media ကို ဦးဆောင်နေတဲ့ သူတွေရဲ့ အတွေးအခေါ်တွေက တခြားလူတွေရဲ့ အတွေးအခေါ်တွေနဲ့ မတူကြဘူး။ သာမန်လူနဲ့ မတူတဲ့ အတွေးအခေါ် သာမန်လူနဲ့မတူတဲ့ အကျင့်စရိုက်တွေရှိတော့ အစ်မတို့က ညှိရတာပေါ့၊ ညှိရတဲ့အခါမှာလည်း အခက်အခဲ တွေရှိတာပေါ့၊ အဲဒီလိုတွေ တွေ့ရတဲ့အခက် အခဲတွေကို ဘယ်လိုပုံစံနဲ့တွေးရလဲဆိုတော့ အလုပ်ကိုပဲကြည့်ပြီး လူတစ်ယောက်ရဲ့ အရည် အချင်းကိုပဲကြည့်ပြီး လုပ်ငန်းကို ဆက်ရတယ်။ ဒီ Media လောကကို ဝင်လာပြီး Media အလုပ်ကို စိတ်မဝင်စားတဲ့သူတွေနဲ့ တွေ့ရရင်လည်း အခက်အခဲက တွေ့ရတာပဲ။ တချို့ကျတော့လည်း ဆင်ခြေတော်မှုပြီး ကြံစုပ်ဖို့လာတဲ့ သူတွေကြောင့်လည်း အခက်အခဲတွေ ကြုံရတာပဲ။ နောက်ပြီး ဒီအလုပ် ဆိုတာမျိုးက အားလုံး ကိုယ်တိုင်လုပ်နိုင်တာမဟုတ်ဘူးလေ။ အဲဒီတော့ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူရတာမျိုးတွေလည်း ရှိတယ်။ အဲဒီလို အသက်ရှူတာမှာ ခက်ခက်ခဲခဲ မရှူရအောင် ကိုယ့်မှာရှိတဲ့ အရည်အသွေးနဲ့ဆိုင်သွားတာပေါ့။ ကြုံရတဲ့ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။

**Media က နိုင်ငံတစ်နိုင်ငံမှာ စတုတ္ထမဏ္ဍိုင်က ရပ်တည်တယ်လို့ ပြောကြပါတယ်။ အခု မြန်မာနိုင်ငံမှာရော စတုတ္ထမဏ္ဍိုင်နေရာကနေ Media က အမှန်တကယ် ရပ်တည်ခွင့်ရနေပါရဲ့လား။**

ရပ်တည်ခွင့်အနေနဲ့တော့ မရသေးပါဘူး၊ ဒါပေမဲ့ နေရာလေးတစ်ခုတော့ ရပြီပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စတုတ္ထမဏ္ဍိုင်ကို ဦးဆောင်နေတဲ့ သူတွေနဲ့လည်း ဆိုင်တယ်။ စတုတ္ထမဏ္ဍိုင်ထဲမှာ ရှိနေတဲ့ သူတွေနဲ့လည်းဆိုင်တယ်။ အဲဒီအတွက် နေရာလေးရတဲ့ အဆင့်ပဲရှိပါသေးတယ်၊

**အခုလာမယ့်အနာဂတ်မှာ ပုဂ္ဂလိက သတင်းတွေ ထုတ်ဝေခွင့်ပြုလိုက်ပြီဆိုတော့ စာနယ်ဇင်းလောကမှာနောင်ကြုံလာရမယ့် အကျိုးဆက်တွေက ဘာတွေ ဖြစ်လာနိုင်မလဲ။**

ပုဂ္ဂလိက သတင်းစာတွေ ထုတ်ဝေခွင့်ပြုလိုက်ပြီဆိုရင် စာနယ်ဇင်းလောကမှာ ပထမဆုံး ကြုံရမယ့် ပြဿနာက သတင်းသမားတွေရဲ့ ပြဿနာပါပဲ။ အပြိုင်အဆိုင်နဲ့ နေ့စဉ်ထုတ်ကြမှာဆိုတော့ သတင်းကအရေးပါလာပြီ၊ တိကျတဲ့ သတင်းတွေကို အချိန်မီပေးရတော့မယ်။ ပြန်ဆုံးသပ်ချိန်အရမ်းနည်းသွားပြီ။ အဲဒီလို ပြန်ဆုံးသပ်ချိန် အရမ်းနည်းသွားလို့ ဦးဆောင်တဲ့ သူတွေ အရမ်းပင်ပန်းမယ်။ အယ်ဒီတာချုပ်တွေကလည်း မျက်စိဖွင့် နားစွင့်ထားရမယ်၊ နောက်လိုက် အယ်ဒီတာတွေကလည်း စည်းစည်းလုံးလုံးနဲ့ ဦးဆောင်ရမယ်။ အစ်မကတော့ ရင်လေးတယ်။ ဘာလို့လဲဆိုတော့ အခုချိန်ထိတော့ အစ်မတို့က အေးအေးဆေးဆေးနဲ့ လုပ်နိုင်ကြတယ်လေ။ အပူပင်တွေလည်း နည်းကြတယ်။ ဒီပြဿနာတွေကို အရင်ဆုံးတွေ့ရမှာက ထုတ်ဝေသူတွေပဲ။ သတင်းသမားတွေရဲ့ အရည်အချင်းကိုလည်း အဲဒီမှာတွေ့ကြရမှာပဲ။ အခုချိန်မှာတော့ ပွဲလေးတွေသွား ဓာတ်ပုံလေးတွေရိုက်၊ အင်တာဗျူးလေးတွေလုပ်နဲ့ သာသာလေးပဲ ပြီးသွားနိုင်တယ်။ အရာအားလုံးကို ရှန်တိန်လုပ်ပြီး နေလို့ရတဲ့အချိန်မျိုးပေါ့၊ သတင်းစာကျတော့ အဲဒီလိုမဟုတ်တော့ဘူး။ အရည်အချင်းရှိတဲ့ သတင်းထောက်တွေ ရခဲ့ရင်တော့ အဲဒီသတင်းစာက စိတ်အေးရမှာဖြစ်ပေမယ့် အရည်အချင်းမရှိတဲ့သတင်းသမားတွေ လာဘ်မမြင်တတ်တဲ့ သတင်းသမားတွေရခဲ့ရင်တော့ သတင်းစာတိုက်တွေက စိတ်ညစ်ရလိမ့်မယ်။ အဲဒီတော့ ဒီလိုအရည်အချင်းပြည့်မီတဲ့ သတင်းသမားတွေကို ဘယ်ကရှာရမလဲဆိုတာလည်း ပြဿနာတွေထဲက တစ်ခုဖြစ်လာပြီပေါ့။ လက်ရှိ လူတွေကို Train လုပ်မလားဆိုတော့လည်း ပြောသလောက် မလွယ်ဘူး။ သတင်းသမားဆိုတာကလည်း လူတိုင်းဖြစ်ချင်တိုင်း ဖြစ်နိုင်တာမျိုးမဟုတ်ဘူး။ Talent တကယ်ပါတဲ့ လူလည်း ဖြစ်ရဦးမှာလေ။ သတင်းစာလုပ်မယ့် ထုတ်ဝေသူတွေကလည်း သတ္တိရှိရမယ်။ ငွေရေးကြေးရေး တောင့်တင်းမှုကလည်း လိုတယ်။ ကိုယ်နဲ့အတူထိုင်လုပ်မယ့် လူကောင်းတွေလည်း လိုတယ်။ လူတွေအတွက် ပိုကောင်းသွားတာက သတင်းတွေကို မြန်မြန်ကြီး သိနိုင်မယ်။ ပြီးတော့ မထိမ်မချန်ဘဲ သိရတော့မယ်။ ဒါကတော့ အားသာချက်ပေါ့။ ဒါပေမဲ့လည်း တစ်ခါတလေကျတော့လည်း သိပ်ပွင့်လင်းတာတွေက တိုင်းပြည်မှာ ကောင်းတဲ့အကျိုးဆက်တွေ ဖြစ်လာနိုင်သလို ဆိုးတဲ့ အကျိုးဆက်တွေလည်း ဖြစ်လာနိုင်တယ်။

**ဂျာနယ်တစ်စောင်၊ မဂ္ဂဇင်းတစ်စောင်က**

Asian Fame Media Group

**ပြိုက်ဘက်တွေကြားထဲမှာ သိက္ခာရှိရှိနဲ့ကြာရှည် ရပ်တည်နိုင်ဖို့ဆိုရင် ဘယ်လိုအကြောင်းအချက်တွေရှိထားရမလဲ။**

အခုတကတော့ ညီမရယ် ပိုက်ဆံများများ ရှိထားရလိမ့်မယ်၊ (ရယ်လျက်) ဘာလို့လဲဆိုတော့ အလုပ်တစ်ခုကို စမိပြီဆိုရင် ဆုံးတဲ့အထိ အစ်မတို့က တာဝန်ယူရမှာလေ။ အလုပ်တစ်ခုကို စပြီး လမ်းခုလတ်မှာ ရပ်လိုက်ရင်လည်း ဒါက ဂုဏ်သိက္ခာမရှိဘူးလို့ လူတွေက ပြောကြမှာလေ။ ဒါကြောင့်လည်း Producer တွေကလည်း အသက်ကို ခက်ခက်ခဲခဲရှုပြီး ဒီလမ်းကို လျှောက်ကြရတာပေါ့။ ဒါကြောင့် ပိုက်ဆံများများ ရှိထားရမှာပေါ့နော်။ နောက်ပိုင်း တိုင်းပြည်က ပွင့်လင်းလာပြီး နိုင်ငံခြား Brand တွေ ဝင်လာရင်လည်း ဂျာနယ်တွေ၊ သတင်းစာတွေရဲ့ အရည်အသွေးကိုကြည့်ပြီးမှ ကြော်ငြာတွေထည့် တော့မှာပေါ့။ ဒီတော့ အခုချိန်မှာလည်း ကြော်ငြာဝင်ငွေပေါ်မှာ ရပ်တည်သလိုလည်း မဖြစ်တော့ဘူး၊ ကိုယ့်မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းရဲ့ အရည်အသွေး တောက်တောက်ပြောင်ပြောင် ရပ်တည်နိုင်ဖို့လိုတယ်။

**အခုစာပေနယ်ထဲမှာ အသစ်သစ်သော ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေက အရမ်းကို များပြားလာတယ်။ အစ်မအနေနဲ့ ဒီလိုအခြေအနေတွေကို ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

အဲဒါပဲပေါ့။ ဒီမှာ ဖြစ်နေတာလေ။ အမှန်တော့ တချို့ကန့်သတ်သင့်တာတွေကို ကန့်သတ်ရမယ်။ သူတော့ရတယ်၊ ငါတော့မရဘူး။ ကျန့်တို့သူမပေးနဲ့ဆိုတာမျိုးတော့ မဟုတ်ဘူးပေါ့၊ ဥပမာပြောရရင် FM ပေါ့။ အရင်က City FM ကို ကြော်ငြာကောက်ပေးနေတဲ့ အစ်မက Product တစ်ခုကို မိတ်ဆက်တော့မယ်၊ Promote လုပ်တော့မယ်ဆိုရင် ကြော်ငြာဖို့ Budget ဆွဲလိုက်တာနဲ့ City FM ပဲ ရှိတော့ အဲဒီတစ်ခုမှာပဲ ထည့်ရတယ်။ အခု FM တွေက အများကြီးပဲ City FM အပြင် Mandalay၊ Shwe စသဖြင့် အများကြီးပဲ။ အရင်တုန်းက ကြော်ငြာ Budget က ၁၅ သိန်းပဲ ရှိရင် အကုန် City FM ပဲ။ အခုကျတော့ အဲဒီ ၁၅ သိန်းက ပြန့်ထွက်သွားတာပေါ့။ လူတွေရဲ့ အာရုံက ဘယ်မှာရှိမှန်းလည်း မှန်းလို့မရတော့ အစ်မတို့က ဖြန့်ပြီးထည့်ရတယ်။ အရင်ကတော့ City FM တစ်ခုပဲရှိတော့ အဲဒါပဲ လူတွေက နားထောင်တာလေ၊ အခုကျတော့ မဟုတ်တော့ဘူး။ တစ်စစီဖြစ်ကုန်တယ်။ လူတွေရဲ့ အာရုံက မစုစည်းဘဲ ပြန့်သွားတယ်။ အဲဒီအခါ ကိုယ်တွေက ဘယ်လောက်ပဲကြိုးစားပြီး တင်ပြထားထား လူတွေက သေချာမသိနိုင်တော့ဘူး။ ဟုန်သွားတာပေါ့။ တကယ် အရေးကြီးတဲ့ Message တွေ ပေးနေပေမယ့် မကြားလိုက်ရတာတို့၊ မကြည့်လိုက်ရတာတို့၊ မဖတ်လိုက်ရတာတို့ ဖြစ်လာတယ်။ အရမ်းများရင်လည်း မကောင်းဘူးပေါ့။ နောက်တစ်ခုက အရည်အသွေးတွေလည်း ကျကုန်တာပေါ့။

**အဲဒီလိုအသစ်တွေထဲမှာ အဖော်အချွတ်တွေ၊ ညစ်ညမ်းမှုတွေကို အသားပေးဖော်ပြ နေတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေက ပိုပြီး အောင်မြင်နေကြတယ်။ အဲဒီအပေါ်မှာရော အစ်မဘယ်လို ဆွေးနွေးချင်ပါသလဲ။**

အဲဒါကတော့ ညီမရယ် လက်ခံတဲ့လူတွေနဲ့ ဆိုင်တယ်လို့ အစ်မတော့မြင်တယ်။ ထုတ်ဝေတဲ့သူကတော့ သတ္တိရှိတာမှန်ပေမယ့်လည်း ဒါတွေကို စာဖတ်ပရိသတ်က လက်မခံရင် သူ ဘယ်လိုမှ အောင်မြင်မှာ မဟုတ်ဘူးလေ။ လူတွေက လက်ခံတဲ့စိတ်ပေါ့။ အရမ်းကို Hot shot ပုံတွေနဲ့ မှ ပိုပြီး ဂျာနယ်တွေကို ဝယ်ကြတယ်။ နည်းနည်း တိုတိုလေး၊ ပြတ်ပြတ်လေး ဝတ်ထားတဲ့ပုံတွေပါရင် အဲဒီဂျာနယ်တွေကို ဝယ်ကြတော့တာပဲ။ လူတွေက ညစ်ညမ်းတာတွေကို လက်ခံလာကြတယ်၊ အခုဆိုရင် အစ်မတို့ ပတ်ဝန်းကျင်မှာ ဒါကို ဦးစားပေးတဲ့ မဂ္ဂဇင်းတစ်စောင်အသစ်ထွက်တယ်။ အရမ်းအောင်မြင်တယ်တဲ့။ လိုက်ဝယ်တာ တောင်ကုန်ပြီတဲ့လေ။ တကယ်တော့ ဒီအဖော်အချွတ်တွေ ညစ်ညမ်းပုံတွေဆိုတာက အစ်မတို့နိုင်ငံနဲ့ဆို မသင့်တော်ပါဘူး။ ခေတ်အလိုက်တော့ ဝတ်ပေါ့နော်။ အခုဆိုရင် ဒူးပေါ်လေးတွေ ဒူးအောက်လေးတွေက ခေတ်စားတယ်လေ။ အစ်မလည်း ဝတ်ပါတယ်။ ဒါပေမဲ့ Shawl လေးတစ်ထည် ဆောင်ထားပေါ့။ အစ်မဆို အမြဲဆောင်ထားတယ်။ လူရှေ့သူရှေ့မှာ ထိုင်မယ်ဆိုရင် ပေါင်ပေါ်တဘက်လေး တင်ထားတော့ အမြင်မရိုင်းဘူးပေါ့။ တကယ်တော့ မြင်တဲ့သူတွေကလည်း အမြင်ရှက်ကြပါတယ်။ ဒါကြောင့် အမျိုးသမီးလေးတွေကို လူရှေ့သူရှေ့မှာ ဒူးပေါ်ပေါင်ပေါ် ဖြစ်နေတာမျိုးတော့ မဖြစ်စေချင်ပါဘူး။

**တချို့သော စာနယ်ဇင်းသမားတွေမှာ စာနယ်ဇင်းကျင့်ဝတ်နဲ့ မညီတဲ့သူတွေရှိနေတယ်။ အဲဒီကိစ္စကိုလည်း အစ်မဆွေးနွေးပေးပါဦး။**

စာနယ်ဇင်းကျင့်ဝတ်ကတော့ အမှန်ကတော့ လူတွေလည်း စာနယ်ဇင်းကျင့်ဝတ်မှ မဟုတ်ပါဘူး။ ကျင့်ဝတ်ဆိုရင် ဘာကျင့်ဝတ်မှ မလိုက်နာချင်ကြဘူး၊ အဲဒီလိုကျင့်ဝတ်တွေ အကြောင်းသွားပြောပြရင်တောင် ပြောတဲ့သူကို ရှုးကြောင်ကြောင်လို့ ထင်သွားကြလိမ့်မယ်။ အစ်မဆိုရင် ကျင့်ဝတ်တွေနဲ့ ပတ်သက်ပြီး ဆောင်းပါးလေးတွေရေး ချင်တယ်။ ဒါပေမဲ့ အကောင်းရေးနေတယ်လို့ မထင်ဘဲ gossip တွေ ရေးနေတယ်လို့ ထင်သွား ကြတာမျိုးတွေရှိတယ်။ အစ်မတို့စာနယ်ဇင်း လောကမှာလည်း ကျင့်ဝတ်နဲ့မညီဘဲ နေကြတာ တွေက ကြာတောင်ကြာနေပြီလို့ ပြောလို့ရတယ်။ စာနယ်ဇင်းသမားရဲ့ ကျင့်ဝတ်က ဘာလဲဆိုတာတော့

> "ဒါပေမဲ့ Shawl လေး တစ်ထည် ဆောင်ထားပေါ့။ အစ်မဆို အမြဲဆောင်ထား တယ်။ လူရှေ့သူရှေ့မှာ ထိုင်မယ်ဆိုရင် ပေါင်ပေါ် တဘက်လေး တင်ထားတော့ အမြင်မရိုင်းဘူးပေါ့။ တကယ်တော့ မြင်တဲ့သူတွေကလည်း အမြင်ရှက်ကြပါတယ်။ ဒါကြောင့် အမျိုးသမီး လေးတွေကို လူရှေ့သူရှေ့မှာ ဒူးပေါ်ပေါင်ပေါ် ဖြစ်နေတာမျိုးတော့ မဖြစ်စေချင်ပါဘူး"



Asian Fame Media Group

လေ့လာကြတာမတွေ့ရဘူး။ နောက်ပြီး နေထိုင်တာကြာလာတော့လည်း သူတို့ရဲ့ အကျင့် စရိုက်တွေက သူတို့ကို လွှမ်းမိုးသွားပြီ။ မပြောသင့်တာကို မပြောဘူး၊ မလုပ်သင့်တာကို မလုပ်ဘူးဆိုရင် တောင် ကျင့်ဝတ်မသိတောင် အဆင်ပြေပါသေးတယ်။ Media က ခုနက ညီမပြောသလို စတုဋ္ဌမဏ္ဍိုင်မှာ ရပ်တည်ချင်တယ်ဆိုရင် Media သမားတွေက ကိုယ့်ကိုယ်ကိုယ် ပြုပြင်ရမယ်။ ငါတို့ ဘယ်လိုရပ်တည်ချက်မျိုးနဲ့ သွားချင်လဲဆိုတာပေါ် မူတည်ပြီး ပြုပြင်ရမယ်။ သိက္ခာရှိတဲ့သူ့အဖြစ်သွားမလား၊ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစားတဲ့ စာနယ်ဇင်းသမားအဖြစ်သွားမလားဆိုတာပေါ့။ အားလုံးက ကိုယ့်သမိုင်း ကိုယ်ရေးတာပဲ။ ရှေ့ရောက်ပြီးရင် နောက်ကို ခဏလှည့်ကြည့်စေချင်တယ်။ ငါဘာ သမိုင်းတွေရေးဖြစ်ခဲ့လဲဆိုတာပေါ့။ ရလွယ်ရောက်လွယ်အဖြစ်မျိုးတွေဆိုရင်တော့ မကောင်းဘူးပေါ့။



**အစ်မက 'သီရိစံ'ကလောင်နဲ့ စာတွေရေးဖြစ်နေတယ်နော်။ သတင်းဆောင်းပါးတွေ တော်တော်ရေးဖြစ်နေတော့ အစ်မစာအုပ်ထုတ်ဖို့ရော အစီအစဉ်ရှိပါသလား။**

အစီအစဉ်ရှိပါတယ်။ အစ်မ ဆရာဦးမြင့်မောင်ကျော်ကို အစ်မရဲ့ 'သီရိစံ' ဆိုတဲ့ နာမည်လေးကို ဆွဲခိုင်းထားတယ်။ အစ်မက Computer နဲ့ မဆွဲချင်ဘူး။ ဒါကြောင့် ဆရာ့ကို ဆွဲပေးပါ ပြောထားတာပါ။ အစ်မရေးခဲ့ဖူးတဲ့ ထဲကမှ ပညာပေးဘက်ရောက်မယ့် ဟာလေးတွေကို ဆရာဦးမြတ်ခိုင်နဲ့ တိုင်ပင်ပြီး စာအုပ်ထုတ်မှာပါ။ စာတွေက အဆင်သင့်ဖြစ်နေပါပြီ၊ ဒီနှစ်ထဲ ဒါမှမဟုတ် ရှေ့နှစ်စလောက်ပေါ့။ အခု My Music ဂျာနယ်မှာဆိုရင် အစ်မက အချစ်နဲ့ ပတ်သက်တဲ့ ဝတ္ထုတိုလေးတွေ စရေးဖြစ်တယ်။ ဝတ္ထုတိုလေးတွေမှာ အစ်မတို့ မိန်းမတွေရဲ့ အခြေခံစိတ်ခံစားချက်တွေပါအောင် ရေးထားတယ်။ ဒီခေတ်ထဲမှာ အရေးမကြီးတဲ့ ကိစ္စတွေကို အရေး မကြီးကြောင်း မြင်သင့်စေချင်တယ်။ အစ်မတို့ရဲ့ မိရိုးဖလာတွေကို တိတိကျကျနဲ့ လုပ်နေပြီး တကယ့်ရှေ့ရောက်မယ့်ကိစ္စ တွေကို မလုပ်ဖြစ်ကြတော့ဘူး။ မှာ ယောက္ခမ ဖြစ်လာမယ့်သူနဲ့ ချွေးမဖြစ်လာမယ့် သူရဲ့ကြားမှာ မလိုလားအပ်ဘဲ ဖြေရှင်းရတဲ့ ပြဿနာမျိုးတွေက နောင်လာမယ့်မျိုးဆက်မှာ မရှိစေချင်တော့ဘူး။ အစ်မရေးတဲ့ ဝတ္ထုလေးတွေထဲမှာလည်း ဒါတွေ ထည့်ထားတယ်။ အိမ်ထောင်တစ်ခု ပြုလိုက်ရင် နှစ်ဦးနှစ်ဖက်တော်ရမယ့် မိသားစု က အရေးကြီးတယ်၊ ဘာလို့လဲ ဆိုတော့ အစ်မတို့က အိမ်ထောင်ပြုတာနဲ့ အမျိုးသားနဲ့ပဲ ပေါင်းရတာ မဟုတ်ဘူးလေ၊ သူတို့ရဲ့ အမျိုးတွေနဲ့လည်း ပေါင်းရတာပဲလေ။ သူ့ဘက်ကလည်း အဲဒီလိုပဲလေ။ ဒါပေမဲ့ အဲဒီလိုဖြစ်အောင်လို့က အဆင်ပြေအောင် ဆွေးနွေး ညှိနှိုင်းပြီးတော့ပဲ လုပ်သင့်တယ်၊ တစ်ဖက်နဲ့ တစ်ဖက် နှိမ်ချစရာ မလိုဘူး၊ ဆင်းရဲချမ်းသာဆိုတာ နောင်လာမယ့် မျိုးဆက်မှာ မရှိရတော့ဘူး။ အားလုံးရဲ့ Life က မတူကြဘူး၊ အစ်မတို့ဆိုရင် ငယ်ငယ်က အဖေ မရှိဘဲ နေခဲ့ရတယ်။ အဖေမရှိတော့ မုဆိုးမ သားသမီး ဆိုပြီး ပတ်ဝန်းကျင်ဒဏ်ကို တော်တော်ခံခဲ့ရတယ်၊ သူများမိသားစုရဲ့ ရင်ထဲက အပူတွေကို မမြင်ဘဲ မုဆိုးမ သားသမီးဆိုပြီး တိုက်ခိုက်တာတွေပဲ ခံခဲ့ရတယ်။ နှိမ်ချဆက်ဆံတာ ခံခဲ့ရတယ်၊ သူငယ်ချင်းတွေက အစပေါ့။ အစ်မကို စာအုပ်မငှားချင်တာတို့ ပေါင်းပြီး တိုက်တာတို့ပေါ့။ အဲဒီတော့ အစ်မက Psycho ဖြစ်သွားပြီး ဒီနေ့အချိန်ထိ သူငယ်ချင်းဆိုရင် မယုံရဲတော့ဘူး၊ အစ်မလည်း ချမ်းသာတဲ့မိဘရဲ့ ဗိုက်ထဲဝင်ပြီး အပူအပင် ကင်းကင်းနဲ့ စာကျက်ရတဲ့နေ့တွေကို ဖြတ်သန်းချင်ပါတယ်။ အသိုင်းအဝိုင်း ကောင်းကောင်း နဲ့ ဦးလေးတွေ အဒေါ်တွေနဲ့ နေချင်ပါတယ်။ ဒါပေမဲ့ လူဆိုတာက ဖြစ်ချင်တိုင်း ဖြစ်တာမှမဟုတ်တာ၊ ရွေးချယ်လို့ရတဲ့ ဘဝတွေမှမဟုတ်ဘဲ၊ ဒါကို လူတွေက နားလည်ပေးရမယ်၊ အဲဒီလို အစ်မလို ခံစားရမှာကို နောင်မျိုးဆက်တွေမှာ မရှိစေချင်ဘူး။

**ဒီနေ့အချိန်မှာ လူငယ်တွေ အများစုက စာဖတ်တဲ့ အလေ့အကျင့်တွေ မရှိသလောက် နည်းသွားတာ ဘာကြောင့်လို့ အစ်မမြင်ပါသလဲ။**

အဲဒါလည်း IT နည်းပညာ တိုးတက်မှုရဲ့နောက်ဆက်တွဲလားတော့ မသိဘူး။ Facebook ဆိုတာမျိုးက ကောင်းတဲ့ Communication တွေဖြစ်လာဖို့ ပြီးတော့ E mail ၊ Internet ဒါတွေပေါ့လေ။ ဒါကိုကောင်းတဲ့ ဘက်ကနေ အသုံးချဖို့ပဲလိုတာ။ ကောင်းတဲ့ Plan တွေနဲ့သာ အသုံးချတတ်ရင် ဒီနေ့ခေတ်ကလေးတွေရဲ့ အနာဂတ်က တကယ်ကို ပွင့်လန်းလွန်းပါတယ်။ တိုးတက်နိုင်တဲ့လမ်းကြောင်းတွေပေါ့။ နည်းပညာကောင်းတွေကို ကောင်းတဲ့နေရာမှာ သုံးတာကောင်းတယ်။ တစ်နည်းပြောရရင် ဒါက လူတွေရဲ့ နှလုံးရည်ကို တိုက်ခိုက်တာပဲ။ အဲဒီလိုအချိန်တွေကို ဖြုန်းနေမယ့်အစား သူများနိုင်ငံမှာ ဘာတွေလုပ်နေလဲ၊ ဘယ်လိုစီးပွားရေးက ဦးဆောင်နေလဲ ဒီလို အကျိုးရှိတဲ့ သတင်းတွေကို လေ့လာရမှာ။ အဲဒီလိုတွေလည်း မဟုတ်ဘဲ အကျိုးမရှိတာတွေဘဲ လုပ်နေတော့ စာဖတ်တာတွေ လည်းမရှိတော့ဘူး၊ စာမဖတ်တော့ ဗဟုသုတပိုင်းတို့ စဉ်းစားဆင်ခြင်ပိုင်းတို့မှာ လျော့နည်းကုန်တာပေါ့။ အစ်မတို့ကို ဒီနေ့ဒီအချိန်မှာ စင်တစ်ခုပေါ်တက်ပြီး စကားပြောပါဆိုရင် စကားလုံးကြွယ်ကြွယ်နဲ့ ပြောနိုင်တာ အစ်မက ငယ်ငယ်ကတည်းက စာ တွေဖတ်ခဲ့လို့ပဲ။ အသိပညာကြွယ်တဲ့စာတွေ ဖတ်ခဲ့လို့ပါ။ ပြဿနာတစ်ခု ဖြစ်လာရင်လည်း ဘယ်လိုဖြေရှင်းရမလဲဆိုတာ သိနေတယ်၊ ဒါလည်း စာကရတဲ့အတွေ့အကြုံတွေပါပဲ။ ဒီအတိုင်းသာ လူငယ်တွေက စာတွေ မဖတ်ဖြစ်ဘဲ သွားရင်တော့ နောင်လာမယ့် အနာဂတ်မှာ အစ်မတို့တိုင်းပြည်မှာ လူပြိန်းကတစ်ဝက်လောက်ဖြစ်သွားလိမ့်မယ်။ လူဆိုတာ အောင်မြင်တယ်ဆိုတာလည်း အခွင့်အရေးကောင်းကို အသုံးချတတ်ရတယ်။ အခွင့်အရေးကောင်းကို ဖမ်းဆုပ်နိုင်ရမယ်။

**အစ်မက အလုပ်တွေအများကြီးကို လက်ရှိမှာ လုပ်နေတာတွေ့နေရတယ်။ အစ်မတကယ်ရှာနိုင်ပြီး ပျော်မွေ့တဲ့အလုပ်က ဘယ်အလုပ်ပါ**

> "ဒါကလည်း
> အစ်မအတွက်
> ဟင်းပွဲအနေနဲ့ပြောရရင်
> Side dish ပေါ့။
> စနစ်တကျနဲ့တော့
> လုပ်ပါတယ်။ ဒါပေမဲ့
> အစ်မအရွယ်က
> ဘာပဲလုပ်လုပ်
> ပျော်တဲ့အရွယ်တော့
> မဟုတ်တော့ပါဘူး။
> ဒါကြောင့် အစ်မကတော့
> ဈာန်ဝင်ပြီး လုပ်တာထက်
> စနစ်တကျနဲ့
> သေသေချာချာ
> တည်ဆောက်ပြီးပဲ
> လုပ်ဖြစ်ပါတယ်"

**လဲ။**

အဲဒါပြောရရင်တော့ အစ်မတကယ် ဈာန်ဝင်ပြီး ပျော်မွေ့တဲ့အလုပ်ရယ်လို့ အစ်မဘဝမှာ မရှိတော့ဘူး။ အစ်မက လက်တွေ့ကျကျတွေပဲ စဉ်းစားပြီး လုပ်ခဲ့တော့ အခုလက်ရှိလုပ်နေတဲ့ အလုပ်တွေကိုလည်း အစ်မက တာဝန်ရှိတယ်လို့ ခံယူထားလို့ လုပ်နေတာပါ။ တာဝန်ယူတဲ့ စိတ်နဲ့ လုပ်တာပါ။ အစ်မရဲ့ စီးပွားရေးနဲ့ ပတ်သက်ပြီး ဘယ်လိုကောင်းအောင် လုပ်ရမလဲ အမျိုးသားကို ကောင်းတဲ့ အကြံဉာဏ်တွေ ဘယ်လိုပေးရမလဲ။ ဒါတွေပဲ တွေးပြီးလုပ်ဖြစ်တာပါ။ တစ်ဖက်ကလည်း အစ်မရဲ့ ကံကံရဲ့ အကျိုးဆက်ကြောင့် လုပ်ရတဲ့ တချို့သော အနုပညာအလုပ်လေးတွေ ရှိတယ်။ ဒါကလည်း အစ်မအတွက် ဟင်းပွဲအနေနဲ့ ပြောရရင် Side dish ပေါ့။ စနစ်တကျနဲ့တော့ လုပ်ပါတယ်။ ဒါပေမဲ့ အစ်မအရွယ်က ဘာပဲလုပ်လုပ် ပျော်တဲ့အရွယ်တော့ မဟုတ်တော့ပါဘူး။ ဒါကြောင့် အစ်မကတော့ ဈာန်ဝင်ပြီး လုပ်တာထက် စနစ်တကျနဲ့ သေသေချာချာ တည်ဆောက်ပြီးပဲ လုပ်ဖြစ်ပါတယ်။

**တကယ်တော့ စာပေ၊ စာနယ်ဇင်း အလုပ်လုပ်တဲ့သူတွေအတွက် အားလပ်ချိန်တွေ၊ ကိုယ်ပိုင်ချိန်တွေက နည်းကြတယ်။ အဲဒီလို အလုပ်ကို လုပ်နေရတဲ့ အစ်မအတွက် အိမ်ထောင်ရှင်မ တာဝန် မိခင်တာဝန်တွေ မလစ်ဟင်းအောင် ဘယ်လိုစီမံပါသလဲ။**

ဒါကတော့ Time Management ပေါ့။ လူက တစ်နေ့တာအလုပ်တွေကို ပြီးချင်ရင် ကိုယ့်ဟာကိုယ် Management လုပ်တတ်ရမယ်။ ဝန်ထမ်းဆိုလည်း ဒီလိုပဲပေါ့။ ဘယ်သူကို ဘယ်လို အလုပ်လုပ်နိုင်းမလဲပေါ့။ သူက ဘာအလုပ်လုပ်ရင် ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပြီးမလဲ။ ဒါကို စီမံပြီးသုံးတတ်ရမယ်။ အစ်မက သွေးပူတယ်။ အလုပ်ကို အမြဲစနစ်တကျနဲ့ တက်တက် ကြွကြွ လုပ်ဖို့ အဆင်သင့်ပဲ။ မနက် ဘယ်အချိန် ထမယ်ပေါ့။ အစ်မက ဒီနေ့အချိန်အထိအိမ်က မိသားစုကို ထမင်းဟင်းချက်ပြုတ် ကျွေးနေတုန်းပဲ။ မနက် (၇) နာရီထပြီး အစ်မက ကိုယ်ရဲ့ခန္ဓာကိုယ် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်တယ်။ ပြီးရင် ချက်ပြုတ်ပြီး ရုံးကို (၁၀) နာရီ အရောက်လာတယ်။ ရုံးအလုပ်ပြီးရင် သားဆီ ကြိုတာပြီးရင် အိမ်ရောက်တော့ မိသားစုအတွက် အချိန်ပေါ့။ အစ်မက တာဝန်ကျေတဲ့ မိန်းမတစ်ယောက်လည်း ဖြစ်ချင်တော့ နည်းနည်းတော့ ပင်ပန်းတာတပါတယ်။

**အစ်မက ကိုခန့်စည်သူတို့ရဲ့ 'မေတ္တာသင်္ဂဟ' အဖွဲ့နဲ့ အလှူတွေ လှူနေတာတွေ့နေရတယ်။ အစ်မက ကိုယ်တစ်ယောက်တည်းလည်း လှူနိုင်နေရဲ့နဲ့ ဘာကြောင့် လူတွေအများကြီး ဖွဲ့စည်းထားတဲ့ 'မေတ္တာသင်္ဂဟ'မှာ ပါဝင်ဖြစ်ခဲ့တာပါလဲ။**

အစ်မက 'မေတ္တာသင်္ဂဟ'မှ မဟုတ်ပါဘူး ။ အဖွဲ့အစည်းတွေနဲ့ဆို ပြေတီဦး Foundation မှာလည်း အစ်မလှူပါတယ်။ မဆင့်တို့အဖွဲ့မှာလည်း လှူပါတယ်။ အစ်မက တစ်ယောက်တည်း လှူတာထက် ဘာကိုကြိုက်လဲဆိုတော့ လှူဖြစ်ရတဲ့အထဲမှာ အစ်မက အုတ်တစ်ချပ်သဲတစ်ပွင့် ဖြစ်ရတာကို ကြိုက်တယ်။ အစ်မကိုယ်အစ်မ အုတ်တစ်ချပ်သဲတစ်ပွင့်ပေါ့။ မေတ္တာသိင်္ဂဟ မှာလည်း အစ်မက အုတ်တစ်ချပ် သဲတစ်ပွင့်ပေါ့။ ဒီလိုစိတ်လေးနဲ့ပဲ လုပ်ဖြစ်တယ်။ ဝိုင်းလုပ်ပေး ဖြစ်တယ်။ ရည်ရွယ်ချက်ကောင်းတဲ့အဖွဲ့တိုင်းမှာ အစ်မပါဝင်ဖြစ်တယ်။ ကိုဆောင်းဦးလှိုင်တို့လုပ်တဲ့ 'အညတရသူရဲကောင်း'မှာလည်း အစ်မပါခဲ့ပါတယ်။ နေရာတိုင်းမှာ အစ်မက အုတ်တစ်ချပ်သဲတစ်ပွင့်တော့ ဖြစ်ချင်ပါတယ်။

**အဲဒီလိုမျိုးတွေ အစ်မသွားလှူဖြစ်ခဲ့တဲ့ နေရာတွေထဲမှာ အစ်မအနေနဲ့ စိတ်ထိခိုက်စရာ အဖြစ်ဆုံး နေရာဆိုရင် ဘယ်နေရာဖြစ်မလဲ။**

စိတ်ထိခိုက်အဖြစ်ဆုံးနေရာ ၂ ခုရှိတယ်။ အဲဒါက ဖောင်ကြီးရဲ့ဟိုးတောင်ခြေအစပ်မှာနေတဲ့ မရမ်းချောင်ကိုသွားတုန်းက တစ်ခါပေါ့။ သူတို့ကိုတွေ့တော့ အစ်မမှာ လောဘတွေပျောက်ပြီး လူ့ဘဝမှာ ဘာမှမလိုချင်တော့အောင် ဖြစ်ခဲ့တယ်။ လူချင်းအတူတူဆိုပြီး သူတို့ဘဝတွေကို အစ်မဘယ်လိုမှ မခံစားနိုင်ခဲ့ဘူး။ သူတို့လူဖြစ်ရတဲ့ ပုံစံနဲ့ အစ်မလျှောက်လှမ်းရတဲ့ဘဝဆို အရမ်းကို ကွာတာပေါ့။ ဒါကိုတောင် ကိုယ်က တစ်ခါတစ်ခါ အားလျော့မိ အားငယ်မိနေသေးတာလေ။ သူတို့ကိုကြည့်ပြီး စိတ်မကောင်းတော်တော်ဖြစ်ခဲ့တယ်။ ရင်ထဲကနေလည်း ဆုတောင်းပေးခဲ့တယ်၊ နောက်တစ်ခုက မိဘမဲ့ကလေးဂေဟာသွားလှူတုန်းက တစ်ခါပေါ့။ တာဝန်ယူစိတ်မရှိတဲ့ မိဘတွေကြောင့် မိဘမဲ့ဂေဟာရောက်နေတဲ့ ကလေးတွေရဲ့အကြည့်က လာတဲ့သူတွေကို မျှော်လင့်ချက်လေးတွေနဲ့ ကြည့်နေတဲ့အကြည့်တွေက အစ်မရင်မှာ ဘယ်လိုမှမခံနိုင်ဘူး၊ ဆရာမတွေနဲ့ စည်းကမ်းဘောင်လေးတွေထဲမှာနေရင်း သူတို့ကို ဘယ်သူတွေများ အလိုလိုက်ပေးမလဲဆိုတာ လာတဲ့ဧည့်သည်တွေကို ကြည့်ပြီးမျှော်လင့်နေတာ။ ကလေးငယ်တွေကို အစ်မ မထိခိုက်စေချင်ဘူး။ ကလေးကို စွန့်ပစ်တာတောင် ကောင်းကောင်းမွန်မွန် မစွန့်ပစ်ကြဘူး။ ကိုယ်မှာ အခက်အခဲရှိလို့ ကလေးကို တာဝန်မယူနိုင်လို့ ကလေးကို ပစ်မယ်ဆိုရင်တောင် သပ်ရပ်သန့်ရှင်းတဲ့ နေရာမှာ နွေးနွေးထွေးထွေးလေးနဲ့ ပစ်ခဲ့ပေါ့။ ဒါမှ မွေးချင်တဲ့ သူကကောက်မွေးမှာပေါ့။ တချို့က အဲဒီလိုမဟုတ်ဘူး၊ မြောင်းထဲမှာ ပစ်တာမျိုး၊ အမှိုက် ပုံမှာ ပစ်ခဲ့တာမျိုးတွေ ကြားခဲ့တော့ အစ်မက တော်တော်ဒေါသဖြစ်တယ်။ ကလေးအတွက်လည်း ယူကျုံးမရဖြစ်ရတယ်၊ စိတ်နှလုံးမဖြူစင်တဲ့ မိဘတွေရဲ့ဝမ်းထဲမှာ ဝင်ရတဲ့ ကလေးရဲ့ ကံကိုလည်း စိတ်မကောင်းဖြစ်ရတယ်၊ ဒါကြောင့် ကလေးကိုပစ်ရင်တောင် နွေးနွေးထွေးထွေးလေးမပစ်တာကို ပြောချင်တာပါ။

**ဒီလိုအလှူအတန်းကိစ္စတွေကို အသက်အရွယ်ပြောင်းလဲမှုအရ လုပ်သင့်ပြီလို့ထင်လို့ လုပ်နေခဲ့တာလား။ ဒါမှမဟုတ်ကိုယ့်ဗီဇငယ်စဉ်တတည်းက လှူဖြစ်နေခဲ့တာပါလား။**

အစ်မက ဒီနေ့အချိန်မှာ ဒီလိုအခြေအနေလေးတစ်ခုနဲ့ နေနိုင်တာလည်း အစ်မက ပဋ္ဌာန်းလှူတယ်။ ငယ်ငယ်တည်းက လှူတာ။ အစ်မငယ်ငယ်က မုန့်ဖိုးတစ်မတ်ရတယ်၊ အဲဒီတော့ အစ်မက တစ်နေ့ကို ၁၀ ပြားစုတယ်။ အစ်မတို့ဆီမှာ ပဋ္ဌာန်းရွတ်တဲ့အချိန်ဆိုတာရှိတယ်။ အဲဒီမှာ အစ်မက ငါးကျပ်လှူချင်တယ်။ အဲဒီတော့ အစ်မကနေ့တိုင်းပိုက်ဆံစုရတယ်။ ဆယ်ပြားစုဖို့ဆိုရင် အစ်မက ကျောင်းကအပြန် ကားမစီးဘဲ လမ်းလျှောက်တယ်။ ပြီးတော့ အစ်မတို့ နယ်မှာက ၂ နာရီလောက်ဆိုရင် နှီးဆော်တယ်။ ဒါဆိုထပြီး ဆွမ်းထချက်တယ်။ ပြီးရင် ဆွမ်းလောင်းတယ်။ အစ်မက ငယ်ငယ်ကတတည်းက အလှူဆိုရင် ရှိမှ

လျှုတယ်ဆိုတာကို လက်မခံဘူး။ မရှိတဲ့ကြားကပဲ အစ်မက ငယ်ငယ်ကတည်းက လှူတယ်။ ပုံသကူလည်း ပစ်တယ်။ အခုလည်း အစ်မက သူများလို သိန်းတစ်ရာ နှစ်ရာမလှူနိုင်ပေမယ့် နိုင်သလောက်တော့ လှူဖြစ်တယ်။ တစ်ခုတော့ရှိတယ်။ အစ်မက ကမ္ပည်း ထိုးတာတို့၊ သူများတွေသိအောင် ကျော်ကြားအောင် မလှူချင်ဘူး။ လူမြင်သူမြင်လှူရတာမျိုးကို အစ်မမကြိုက်ဘူး။ လုပ်တဲ့သူတွေကို အစ်မက မကောင်းပြောတာ မဟုတ်ပါဘူး။

**အလှူအတန်းပြုတဲ့နေရာမှာ အလှူခံပုဂ္ဂိုလ်က အရေးကြီးတယ်လို့ ပြောကြတယ်။ အစ်မအနေနဲ့ရော ကိုယ့်ရဲ့ အလှူအထမြောက်ဖို့က အဓိကလို့ ခံယူလား။ အလှူခံပုဂ္ဂိုလ်က အဓိကလို့ ခံယူလား။**

အစ်မတို့ အသက်အရွယ်ဆိုတာက တချို့ကိစ္စတွေမှာ အလိုအလျောက်သိတဲ့ Sense တွေရှိတတ်တယ်။ ထက်ထက်မြက်မြက်နေရတဲ့ Life မှာနေရတော့ အစ်မဆိုကိစ္စတော်တော် များများကို မြင်လွယ်သိလွယ်တယ်။ မသိချင်တဲ့ ကိစ္စမျိုးတွေဆို သိအောင်လုပ်မနေတော့ဘူး။ အခုပြောတဲ့ အလှူခံပုဂ္ဂိုလ်လိုဟာမျိုးပေါ့။ တကယ့်အလှူခံပုဂ္ဂိုလ် စစ်စစ်လား။ အတုအယောင်လားဆိုတာ အလိုလို စိတ်ကသိနေ တတ်တယ်။ဒါပေမဲ့ အစ်မက ကိုယ့်အလှူကို ပဲ အဓိကထားပြီး လှူလိုက်တယ်။ ဒါတွေကို လိုက်ပြီး ကြည့်မနေတော့ဘူး။ တချို့နေရာတွေမှာ မသိချင်ယောင် ဆောင်တာ အကောင်းဆုံးပါပဲ၊ ဒီလို လှူတဲ့နေရာ ရတဲ့မှာဆို ပိုပြီးတောင် ကောင်းသေးတယ်။ ကိုယ့်အလှူအထမြောက်သွားဖို့က အရေးကြီးဆုံးပဲလို့ အစ်မကတော့ ခံယူထားတယ်။

**အစ်မတို့ တွေ့မြင်ကြတဲ့သူတိုင်းက အရမ်းလှတယ်ဆိုပြီး ချီးကျူးကြတယ်။ အဲဒီတော့ အစ်မက ကိုယ့်ရဲ့အလှအပအတွက်ရော ဘယ်လို ဂရုစိုက်မှုမျိုးတွေ လုပ်ဖြစ်ပါသလဲ။**

ဟုတ်လား။ ညီမလေးမေးတဲ့မေးခွန်းတွေထဲမှာ ဒီမေးခွန်းက အကောင်းဆုံးပဲ(ရယ်လျက်)။ ဒါပေမဲ့ လှတာကလည်း လူရဲ့စိတ်နဲ့ ဆိုင်တယ်။ အစ်မလည်း ငယ်ငယ်တုန်းကတော့လည်း ဒီလောက်လှမနေပါဘူး။ အဝနဲ့ဆိုင်တယ်။ လူတွေအားလုံးက မွေးကတည်းက အားလုံးလှပြီးသားပဲ။ ပြောင်းလဲသွားတာက စိတ်တွေနဲ့ပဲ ဆိုင်တယ်။ ကိုယ်ကျင့်သိက္ခာနဲ့လည်း ဆိုင်တယ်။ ကိုယ်ကျင့်သိက္ခာမရှိတဲ့ မိန်းကလေးက အလှတွေ ပျက်ကုန်တာပဲ။ မိန်းကလေးတွေက ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး ပစ်စလက်ခတ် မနေရဘူး။ အစ်မတို့မှာ ရှိတဲ့အတ္တကိုလည်း လျှော့ရမယ်။ မာန်တွေချရမယ်။ စိတ်က အေးအေးနေရင် မျက်နှာလည်း ကြည်လာမယ်။ စိတ်အေးချမ်းရင် ရုပ်ကြည်တာပေါ့၊ လှတာက မြဲတဲ့တရားမဟုတ်ဘူး။ အရေးကြီးတာက ကျန်းမာရေးပဲ၊ အစ်မက ကျန်းမာရေးကို ဂရုစိုက်တယ်။ အရင်တုန်းက အစ်မဝတယ်၊ အခုက ဝိတ်လျှော့လိုက်တာ၊ လှချင်လို့မဟုတ်ဘူး။ လူကဝလာတာနဲ့ ကျန်းမာရေးက ယိုယွင်းလာတာပဲ။ ဒါပေမဲ့ အစ်မက ဝိတ်လျှော့တာ ဆေးတွေဝါးတွေနဲ့ သောက်တာမဟုတ်ဘူး။ Silming Tea တောင် မသောက်ဘူး။ အစ်မက တော်ရုံတန်ရုံ အကိုက်အခဲ ပျောက်ဆေးတောင် မသောက်ဘူး။ အစ်မက အလုပ်တွေလုပ်နေတော့ Stress တွေရှိတယ်။ အဲဒီလို Stress ရှိတဲ့သူ တစ်ယောက်က ဆေးတွေရဲ့ ဒဏ်ကိုခံနိုင် မှာမဟုတ်ဘူးလေ။ အစ်မက အစားလျှော့တယ်။ ပြီးတော့ လေ့ကျင့်ခန်းလုပ်ပြီး လျှော့တယ်။ ထမင်းလျှော့စားတယ်။ အစ်မက ထမင်းကို သုံးလုပ်ပဲစားတယ်။ ညနေစာလျှော့တယ်။ အပြင်စာမစားဘူး။ အစ်မက ငယ်ငယ်ကတည်းက အချိုရည်မကြိုက်ဘူး။ ရေနွေးကြမ်းပဲ ကြိုက်တယ်။ အဆီအဆိမ့်မစားဘူး။ ဟင်းသီးဟင်းရွက်တွေ၊ အသီးတွေစားတယ်။ အရွက်တွေကို ရေဆေးရင်လည်း ဓာတ်မြေသြဇာဓာတ်တွေပါ သွားအောင် ဆားတွေနဲ့ စိမ်ပြီးမှ ဆေးတာ။ လတ်ဆတ်တဲ့ အသီးအရွက်တွေကို ပိုပြီးစားတယ်၊ ဒီလိုတွေပဲ ဂရုစိုက်ရတာပါ။

**မိန်းကလေးတစ်ယောက်က ရုပ်အလှထက် စိတ်အလှကပိုပြီး အရေးကြီးတယ်လို့ ပြောကြတယ်။ အဲဒီစကားကို အစ်မလက်ခံပါသလား။**

အဲဒီစကားက မှန်တာပေါ့။ ဒီခေတ်ကပိုဆိုးတာပေါ့။ စိတ်ကို ဘယ်လိုထားရမလဲဆိုတော့ အစ်မကတော့ အစ်မကြောင့်သူများထိခိုက်တာမျိုးမဖြစ်စေချင်ဘူး၊ အစ်မနဲ့တွေ့ရင် လူတိုင်းကို အမှန်အတိုင်းပဲ ဆက်ဆံပြီး စည်းကျော်အောင် ဘယ်တော့မှ မဝေဖန်ဘူး။ အစ်မဆီကို အခက်အခဲဖြစ်နေတဲ့လူတွေ ရောက်လာခဲ့ရင်လည်း အစ်မကူညီနိုင်သလောက်ကူညီတယ်။ အစ်မဆီမှာ အလုပ်လာလုပ်ရင်လည်း အစ်မက လေးလေးစားစားနဲ့ လုပ်ပေးတယ်။ စိတ်က အရေးကြီးတယ်။ ခုနကလည်း အစ်မပြောပြီးပြီပဲ။ စိတ်ကကြည်ရင် လူလည်းကြည်ပြီး လူတွေအမြင်မှာ လှတယ်လို့ထင်လာတတ်တယ်။

**ဟိုတလောက ကိုဆောင်းဦးလှိုင်စီစဉ်တဲ့ 'အညတရ သူရဲကောင်း' သီချင်းတွေမှာလည်း အစ်မသီချင်းဆိုထားသေးတယ်နော်။ အဆိုတော်အလုပ်ကိုရော အစ်မစိတ်ဝင်စားပါသလား။**

အမှန်အတိုင်းပြောရရင် အစ်မငယ်ငယ်က လုပ်တဲ့ မယ်လျှောက်တာတို့ ဓာတ်ပုံရိုက်တာတို့ကို ဝါသနာမပါဘူး။ လှယဉ်ကျေးမယ်ပြိုင်တာလည်း ဆုကြေးကြောင့်ပေါ့။ အစ်မက ဝါသနာတကယ်ပါတာက သီချင်းဆိုတာပဲ။ အသံလည်း မကောင်း ဆိုလည်းမဆိုတတ်တဲ့ အဆိုတော်ဆိုရင်တော့ အစ်မပဲလို့ပြောရလိမ့်မယ်။ ဒါပေမဲ့ တအားဆိုချင်တယ်။ အစ်မ ငယ်ငယ်တုန်းက မြန်မာ့အသံမှာ သီချင်းလွှင့်ဖို့ဆို သီချင်း ၃ ပုဒ်သွင်းဖူးတယ်။ မုန့်ဖိုးစုပြီး သီချင်းဝယ်တယ်။ ဦးသိန်းမြင့်သန်းနဲ့ တီးပြီး အသံသွင်းတယ်။ အဝတ်တွေချုပ်တယ်။ အားလုံးလုပ်ပြီးခါမှ အိမ်က မလုပ်စေချင်ဘူး၊ ဘာလို့လဲဆိုတော့ အဲဒီတုန်း က အစ်မကတွဲ့လည်း မရသေးဘူး။ သီချင်းက TV မှာ လွှင့်ပြီးသွားရင် လူသိပြီ၊ အဲဒီဆိုရင် ဘာဆက်လုပ်မလဲပေါ့၊ ဟိုမရောက်ဒီမရောက် ဖြစ်သွားမှာစိုးတာပေါ့၊ အဲဒါကြောင့် သွင်းပြီးတဲ့သီချင်း ၃ ပုဒ်ကို ဒီအတိုင်း ထားလိုက်ရတယ်။ အစ်မရဲ့ ဝါသနာကို နောက်ဆုတ်ထားလိုက်ရတာပေါ့။ အိမ်ထောင်ကျပြီးနောက်ပိုင်းလည်း သီချင်းတစ်ပုဒ်တောင် ဆိုအောင် မဆိုဖြစ်တော့ပါဘူး၊ ဒါပေမဲ့ အတိတ်ကရဲ့ အကြောင်းတရားတွေကြောင့် သီချင်းဆိုဖို့ ကိုဆောင်းဦးလှိုင်အခွေမှာ ဖြစ်လာခဲ့တယ်၊ ကိုဆောင်းဦးအခွေပြီးတော့ သူငယ်ချင်း ဥက္ကာဦးသာအခွေ၊ ကိုယ့်ကိုချစ်တဲ့ ထုတ်လုပ်သူအစ်မတွေရဲ့ အခွေပေါ့။ ငယ်ငယ်က ဝါသနာလေးတွေ ပြန်ပေါ်လာတာပေါ့။ အစ်မတောင် ရယ်စရာပြောနေသေးတယ်၊ ယောကျ်ားအိတ်ထဲကနှိုက်ပြီး တစ်ကိုယ်တော် ခွေလေးဘာလေး လုပ်ဦးမယ်လို့လေ။

**ရတီအမျိုးသမီး ပရိသတ်အတွက် စကားလက်ဆောင်လေး ပြောပြပေးပါဦး။**

အမျိုးသမီးဖြစ်ရတယ်ဆိုတာ ဘဝမှာ ကံဆိုးကံကောင်းပါပဲ။ အစ်မတို့ အမျိုးသမီးတွေက အချစ်ရေးမှာလည်း ရွေးချယ်ခွင့်မရှိဘူး။ မိန်းမတွေဆိုတာ ရွေးချယ်ခွင့်မရှိတဲ့ဘဝတွေနဲ့ ဖြတ်သန်းရတာများတယ်၊ ယောကျ်ားတွေလို စိတ်ရှိသလောက်လည်း သွားလာနေထိုင်လို့မရဘူး။ ဣန္ဒြေ သိက္ခာတွေနဲ့ နေထိုင်ရတယ်။ ချုပ်တည်းမှုအဆင့်ဆင့်နဲ့ ဖြတ်သန်းရတယ်။ အဲဒီမှာမှ တကယ်တော်တဲ့ အမျိုးသမီးစွမ်းဆောင်ရှင်တွေက ပေါ်လာရတာပါပဲ၊ ဒါက အစ်မတို့ အမျိုးသမီးတွေအတွက် ဂုဏ်ယူစရာပေါ့။ ပညာ တတ်အမျိုးသမီးတွေလည်း အများကြီးပဲ။ အခုဆိုရင် ဝန်ကြီးတွေ ဘာတွေတောင် အမျိုးသမီးတွေ ဖြစ်ကုန်ပြီလေ။ ဒါကြောင့်အစ်မက ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရှင်သန်နေတဲ့ အစ်မတို့ မိန်းမတွေကို သတ္တိရှိစေချင်တယ်။ ပြီးတော့ စီးပွားရေးလောကမှာလည်း ရှေ့ဆုံးကနေ ဦးဆောင်နိုင်တဲ့ အမျိုးသမီးတွေ ထွက်ပေါ်လာဖို့ ဆုမွန်ကောင်း တောင်းပါတယ်။ လက်ရှိမှာလည်း ခေတ်ရေစီး ကြောင်းမှာ ရေစုန်မျောပါမသွားတဲ့ အမျိုးသမီး ငယ်လေးတွေ ပေါ်ထွန်းလာဖို့လည်း ဆုမွန်ကောင်းတောင်းပါတယ်။ တို့ အမျိုးသမီးတွေ ဘယ်လို နေရာမျိုးမှာပဲ နေနေ ဂုဏ်မငယ် ရအောင် ဘဝ ပိုင်ဆိုင်ပါစေလို့လည်း အစ်မက ရတီအမျိုးသမီး ပရိသတ်အတွက် ဆုမွန်ကောင်း တောင်းပေးပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group



# WHAT'SHOT

MODEL : PYAE THEIN KHA & PAI PHYOE THU/ DRESS FOR BOY : K & K FASHION SHOP (YUZANA PLAZA)
DRESS FOR LADY : LAMIN PHU PHU NGE (DOZO)/ PHOTO : MAW -KUN-THIT / ARRANGED BY MOE THAUK KYAL

Asian Fame Media Group





# WHAT'S HOT

MODEL : MINN HTET & SU HTET GADAY/ DRESS FOR BOY : K & K FASHION SHOP (YUZANA PLAZA)
DRESS FOR LADY : NANG MAY THU AUNG (DOZO)/ PHOTO : MAW -KUN-THIT



Asian Fame Media Group





Asian Fame Media Group
MEDIA GROUP



# သူတို့ပြောတဲ့... M

arranged by phyoe su po po

နွေလေရူးတွေ တိုက်လေ့ရှိတဲ့ March လကို ရောက်လာပါပြီ။ လောကကြီးတစ်ခုလုံး သန့်စင်လှပနေတတ်တဲ့နွေဦးရဲ့လပါပဲ။ ဒီလို လှပတဲ့လလေးက ရတီအတွက်လည်း မင်္ဂလာရှိနေတတ်တဲ့လပါပဲ။ ဘာကြောင့်လဲဆိုတော့ March လဆိုတာက ရတီမဂ္ဂဇင်းရဲ့ နှစ်ပတ်လည် လလေးဖြစ်နေလို့ပါ။ ဒီနှစ် March လမှာ ရတီက ၉ နှစ်တိတိ ပြည့်ပါပြီ။ နှစ်ပတ်လည် လလေးမှာ ထူးခြားစေချင်တာနဲ့ သူတို့ပြောတဲ့ ကဏ္ဍအတွက် မိတ်ကပ်ပညာရှင်သုံးဦးကို ရွေးချယ်ဖြစ်ခဲ့ပါတယ်။ March ဆိုတဲ့ စကားလုံးလေးပါစေချင်တာ ကြောင့်လည်း "M" စာလုံးကို ရွေးခဲ့ပါတယ်။ ဒါကြောင့် March အပါအဝင် Make up, Money, Male နဲ့ Marriage ဆိုတဲ့ စကားလုံးတွေအကြောင်း ဆွေးနွေးဖြစ်ခဲ့ပါတယ်။



# မိတ်ကပ် တိုးတိုး

(Best Make-up Artist Asia Award)

## March

March ဆိုတာက လတစ်ခုကို ကိုယ်စားပြုထားတဲ့လပေါ့။ ဒီ March လက အရှေ့တောင်အာရှတိုက်မှာရှိတဲ့ နိုင်ငံတွေအတွက်တော့ ပူပြင်းစိုစွတ်တဲ့ ရာသီအဝင်ပေါ့။ ဖေဖော်ဝါရီလက ကူးတာလေ။ ဖေဖော်ဝါရီလကကျတော့ အေးသေးတယ်။ March လကတော့ ရာသီဥတု အသာယာဆုံးအချိန်ပဲ။ အရှေ့တက်တို့ ညပိုင်းတို့မှာ အေးပြီး နေ့ဘက်မှာတော့ တော်တော်လေး ပူပြင်းတတ်တယ်။ ရာသီဥတုတွေထဲမှာ အပူဆုံးအချိန်ကို ကျော်ဖြတ်ဖို့အတွက် အပူကို စပျိုးတဲ့ကာလပေါ့။ ဒီအချိန်မှာ ပျော်ပွဲရွှင်ပွဲတွေ Promotion ပွဲတွေ အဲဒီလိုပွဲတွေ တော်တော်များများလုပ်လေ့ရှိတော့ အစည်ကားဆုံးလပေါ့။ မြန်မာပြည်က စွတ်စိုပူပြင်းတဲ့ ရာသီဥတုရှိတဲ့နိုင်ငံ၊ အဲဒီတော့ စိုစွတ်တဲ့ ရာသီဆိုရင်လည်း ရေတွေကြီးတဲ့အထိ မိုးရွာတတ်တယ်၊ ချေကြီးတယ်။ ဆောင်းတွင်းမှာဆိုရင်လည်း အအေးလွန်ကဲတာကို ခံစားရတတ်တယ်။ အဲဒီလိုကာလတွေနဲ့မတူတဲ့ March လက ခြောက်သွေ့တဲ့ရာသီဥတုဖြစ်လို့ အသာယာဆုံးလပါပဲ။ ရာသီဥတုကလှတယ်။ ဒီတော့ အဲဒီလို အချိန်မျိုးမှာ အရောင်အေးလေးတွေ ဝတ်ပြီး ဖက်ရှင်ထွင်လို့ ရတယ်။ အပူစုပ်တဲ့ အရောင်တွေဖြစ်တဲ့ အနက်တို့၊ ပြီးတော့ မျက်စိစူးရှတဲ့ အရောင်တွေဖြစ်တဲ့ အဏုမြူစိမ်းတို့၊ အပြာတောက်တောက်ကြီးတို့၊ စိမ်းပြာကြီးတို့ မဝတ်ရဘူး။ ဒီအချိန်မှာ အကောင်းဆုံးက အဖြူရောင်ပဲ ပြီးတော့ အရောင်ဖျော့လေးတွေပေါ့။ မီးခိုးရောင်လည်းကောင်းတယ်။ ချည်ထည်လေးတွေဆို ပိုကောင်းတာပေါ့။ အခုချိန်မှာ ပြည်တွင်းဖြစ်ချည်ထည်လေးတွေ ပင်နီလေးတွေ မာဆရိုက်ချည်လေးတွေကို ဖက်ရှင်ထွင်ပြီးဝတ်လို့ရတယ်။

Asian Fame Media Group
MEDIA GROUP

## Make up

Make up Story ဆိုတာက လုပ်ကြံဇာတ်လမ်းပေါ့။ ဒီတော့ Make up ဆိုတဲ့ ဝေါဟာရဆိုရင် ဒါက အသစ်တစ်ဖန် ပြန်လည်ဖန်တီးနိုင်ခြင်း စွမ်းအားကို Make up လို့ အန်တီတို့က ပြောချင်တယ်။ နဂိုရှိရင်းစွဲ ဂုဏ်ထက်ပိုပြီး ထူးခြားတဲ့အလှ၊ ထူးခြားတဲ့ အမြင်ကို မြင်အောင် ဖန်တီးစွမ်းဆောင်နိုင်တဲ့ စွမ်းရည်ပေါ့။ မိတ်ကပ်ပညာနဲ့ လူတစ်ယောက်ရဲ့ပုံကို သရဲကြီးဖြစ်သွားအောင်လည်း လုပ်လို့ရတယ်။ သတို့သမီးတစ်ယောက်လို လှအောင်လည်း မိတ်ကပ်ပညာနဲ့ပဲ ဖန်တီးရတယ်။ မင်းသမီးတစ်ယောက်လိုလှအောင်လည်း မိတ်ကပ်ပညာနဲ့ပဲ ဖန်တီးရတာ၊ လူတိုင်းလူတိုင်းက ပြည့်စုံတဲ့အလှကို မပိုင်ဆိုင်ထားကြဘူး။ မပြည့်စုံတဲ့အလှတွေကို ပြီးပြည့်စုံတဲ့ အလှပိုင်ဆိုင်အောင် မိတ်ကပ်ပညာနဲ့ ဖြည့်ဆည်းပေးရတာ။ မျက်နှာပေါ်ကို မိတ်ကပ်တင်လိုက်တာနဲ့ ပြီးသွားတာမဟုတ်ဘူး။ အောက်က မျက်နှာအသားရောင်နဲ့လိုက်တဲ့ မိတ်ကပ်ကို အသုံးပြုပြီး နံပါတ်တစ် အသားအရောင်လှအောင်၊ နံပါတ် နှစ်မျက်တောင်၊ မျက်လုံးလှသွားအောင် လုပ်နိုင်ဖို့တော့ အရေးကြီးတယ်။ ဒါမှ မိတ်ကပ်ပညာရှင်တစ်ယောက်ပီသမှာပေါ့။ မိတ်ကပ်ပညာရှင်တိုင်းက သူတို့ရဲ့ တတ်ကျွမ်းနားလည်မှု အပိုင်းကို သိကြပါတယ်။ ဒါကြောင့် Make up ဆိုတဲ့ ဝေါဟာရကို အတိုချုပ်ပြောရမယ်ဆိုရင်တော့ ဖန်တီးနိုင်မှုစွမ်းပကားပါပဲ။ ဒီလိုဖန်တီးနိုင်ဖို့အတွက်ကတော့ အတွေ့အကြုံက တော်တော်ကို အရေးကြီးပါတယ်။ များများလုပ်မှ ပိုပြီးကျွမ်းကျင်မှုက ခိုင်မာပိုနိုင်တယ်၊ နောက်ပြီး ဝါလည်းအရေးကြီးတယ်။ ဒါကြောင့် မိတ်ကပ် ပညာရှင်တစ်ယောက်ဖြစ်ဖို့ လွယ်လွယ်နဲ့တော့ အကျော်အမော်တစ်ယောက် မဖြစ်ပါဘူး။ နံပါတ်တစ် မိတ်ကပ်ပညာကို လေ့လာ သင်ယူရတယ်၊ နံပါတ်နှစ်က ကြိုးစားရတယ်။ နံပါတ်သုံးက အများကလက်ခံတဲ့ လူတစ်ယောက် ဖြစ်လာရတယ်၊ အဲဒီလို အများက လက်ခံတော့မှ ကျော်ကြားတဲ့ပညာရှင်ဘဝကို ရောက်တာ။ အဲဒီလိုအဆင့်တွေကို ကျော်ဖြတ်ပြီးမှ ပညာရှင်ဘဝကို ရောက်တာပါ။ အခုခေတ်မှာတော့ မိတ်ကပ်ပညာရှင်ဖြစ်ဖို့က လွယ်သလိုဖြစ်နေတယ်။ ဒါကလည်း လူတွေနဲ့ဆိုင်တယ်။ ဘာလို့လဲဆိုတော့ မိတ်ကပ်ပြင်ချင်တဲ့လူတွေက သေသေချာချာ မလေ့လာကြဘူး။ အမှန်က အများကြီး ကြော်ငြာတိုင်း နေရာတိုင်းပါတိုင်း ပညာရှင်မဟုတ်ပါဘူး။ ပညာရှင်တစ်ယောက်ရဲ့ အတွေ့အကြုံတွေပညာပိုင်းဆိုင်ရာတွေကို အရင်လေ့လာပြီးမှ ပြင်သင့် မပြင် သင့်ဆုံးဖြတ်ရမှာ၊ တကယ့်ပညာရှင်နဲ့ ပြင်ရင်တော့ ပညာရှင် တစ်ယောက်ရဲ့ လက်ရာကို ခံစားရမှာပေါ့။ ပညာရှင်မဟုတ်တဲ့ သူတစ်ယောက်နဲ့ ပြင်ရင်တော့ ပညာရှင်တစ်ယောက်ရဲ့ လက်ရာကို ခံစားရမှာ မဟုတ်ပါဘူး။ ကြော်ငြာတွေတော့ အများကြီး ထည့်ပါတယ်၊ မိတ်ကပ်ပညာကိုတော့ မကျွမ်းကျင်ရင် ပညာရှင်တော့ မဟုတ်ဘူး။ ပြီးတော့ အန်တီတို့ဆီမှာ မိတ်ကပ်ပညာ ဆံထုံးပညာကို သင်ပေးတဲ့ ကျောင်းမရှိဘူး။ ဒီတော့ နာမည်ကြီး မိတ်ကပ်ပညာရှင်တွေဆီမှာသွားပြီး သင်တန်းတက်ကြတယ်။ အဲဒီလို သင်တန်းတက်တာနဲ့ သူက မိတ်ကပ်ဆရာ ဖြစ်သွားရော။ အဲဒီလို ဖြစ်နေတာလေ။ နိုင်ငံခြားမှာတော့ အဲဒီလိုမဟုတ်ဘူး။ အနုပညာအလုပ် အကုန်လုံးက ကျောင်းတွေရှိတယ်။ အဲဒီကျောင်းတွေမှာ သေချာလေ့လာပြီးတော့ အဲဒီ ကျောင်းတွေကနေ Certificate ဆိုတဲ့ အောင်လက်မှတ်တွေရပြီးတော့မှ ပညာရှင် ဖြစ်တာ၊ ဒါတောင် Certificate ရပြီးတာတောင် အတွေ့ အကြုံဆိုတာကို ရင်းရသေးတာ။ အဲဒီလို ရင်းနှီးမှုပေါင်းများစွာကို ရင်းပြီးမှ ပညာရှင် ဘဝကို ရောက်ရတာ။ အန်တီတို့ဆိုရင် ၁၉၇၄ တုန်းက မိတ်ကပ်အလုပ်ကိုလုပ်တာ။ အန်တီတို့ရဲ့ ဆရာက ထိုင်းနိုင်ငံ Pan Boonak ဆိုတဲ့ ဂါရင်တော်ဝင်မိသားစုမိတ်ကပ်ပညာရှင်ကြီးပါ။ အဲဒီဆရာကြီးဆီမှာ အန်တီတို့က လက်ပွန်းတတီးနဲ့ နှစ်ရှည်လများ ပညာယူရတယ်။ နှစ်တွေအကြာကြီး လေ့လာခဲ့ရတယ်၊ အဲဒီ ဆရာကြီးမရောက်ခင် Grace CM ဆိုတဲ့ကျောင်းမှာ ဆံထုံးပညာ၊ မိတ်ကပ်ပညာကို လေ့လာခဲ့ရသေးတာ။ အဲဒီလိုတွေ တွေ့လာခဲ့ရပြီးမှ အခုလို ပညာရှင်တစ်ယောက်အဖြစ် ဖြစ်လာခဲ့ရတာပါ။ လွယ်လွယ်နဲ့တော့ မဖြစ်ခဲ့ဘူး။ ကျန်တဲ့သူတွေ ဖြစ်တာတော့ ဘယ်လိုတွေဖြစ်ကြလဲဆိုတာ အန်တီတို့လည်း မပြောတတ်ပါဘူး။ မိတ်ကပ်ပညာရှင်တစ်ယောက်က အရောင်တွေနဲ့ ပတ်သက်ပြီးလည်း သိထားရသေးတာ။ အသားအရမ်းညိုတဲ့ မိန်းမကို အရောင်တောက်တွေ သုံးရင်မလှဘူး။ မိတ်ကပ်ပြင်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ကြည့်ဖို့ထက် သူများက ကိုယ့်ကိုကြည့်ရင် အမြင်တင့်တယ်အောင် ပြင်ရမှာလေ။ Color စပ်တာတွေက အရေးကြီးတယ်၊ တစ်ယောက်ချင်းစီရဲ့ အသားရောင်နဲ့ လိုက်ဖက်တဲ့ အရောင်တွေကို ပြင်ပေးနိုင်ရမယ်၊ အန်တီတို့ဆို မိတ်ကပ်ပြင်တာအပြင် မင်္ဂလာဝတ်စုံတွေပါ လုပ်တော့ ထဘီထိုင်မသိမ်းတစ်စုံဆိုရင် ဘာအရောင်တွေသုံးရမလဲဆိုတာ သေချာစဉ်းစားပြီးမှ ထွင်တာ။ ဘယ်လိုအရောင်တွေက လူတွေ လက်ခံနိုင်မလဲ။ ဘယ်လိုအရောင်တွေကို လူတွေ မကြိုက်ဘူးလဲဆိုတာ သေချာလေ့လာပြီးမှထွင်



Asian Fame Media Group

တာ။ ပန်းချီဆရာတွေတတ်သလိုကို မိတ်ကပ်ပညာရှင်တွေက တတ်ထားရမယ်။

## Money

Money ဆိုတဲ့ ငွေဆိုတာက တစ်လောကလုံးမှာရှိတဲ့ လူသားအားလုံး သည်းခြေကြိုက်တဲ့ အရာပါပဲ။ အန်တီတို့ကတော့ ငွေဆိုတာက ကိုယ့်ရဲ့ပညာနဲ့ကိုယ်ကြိုးစားပြီး ရှာထားတဲ့ငွေကို ပိုပြီး တန်ဖိုးထားတယ်။ လိမ်လို့ရတာ၊ အကုသိုလ်အလုပ်နဲ့ရတာ မသမာတဲ့ နည်းနဲ့ရှာတဲ့ ငွေဒီလိုငွေတွေကိုတော့ ဘယ်လောက် ချမ်းသာတဲ့ လူပဲဖြစ်ပါစေ၊ ဘယ်လောက်သုံးနိုင်တဲ့သူပဲ ဖြစ်ပါစေ။ အဲဒီလူကို အားမကျသလို အတုလည်းယူမှာမဟုတ်ဘူး။ လူငယ်တွေ ငွေအပေါ် ထား တတ်တဲ့ သဘောထားကတော့ သူတို့ရဲ့ မိဘ အုပ်ထိန်းသူနဲ့ ပတ်ဝန်းကျင်အပေါ် မူတည်တယ်။ မိဘနဲ့ ဆရာမှာလည်း သူတို့က ကောင်းမွန်တဲ့ ဘဝအတွေ့အကြုံ တွေကို ကျော်ဖြတ်ခဲ့ရမယ်။ ဒါမှ လူငယ်တွေကို မှန်တဲ့လမ်းကြောင်းကို ဦးဆောင်နိုင်မှာပေါ့။ ပိုက်ဆံကြောင့် လမ်းမှားရောက်သွားတဲ့ ကလေးတွေက မကောင်းတဲ့မိဘကြောင့် မတော်တဲ့ ဆရာသမားကြောင့် ဖြစ်ရတာ။ ပြီးတော့ ကိုယ်ကိုယ်တိုင်ပဲ။ ကိုယ်တိုင်က ပညာဗဟုသုတ ရှိထားရမယ်။ နောက်ပြီး ဘာသာတရားကိုင်း ရှိုင်းရမယ်။ ဘာသာရေး အသိမရှိရင် မာန်တက်တာတို့၊ စိတ်ပြောင်းသွားတာတို့၊ အလုပ်ကြိုးစားမှု လျော့သွားတာတို့ ဆိုတာတွေ ဖြစ်လာတယ်။ အန်တီတို့ရဲ့ ဗုဒ္ဓဘာသာမှာ ဒါတွေအားလုံးက တရားသဘောတွေပဲ။ ဖြစ်ပျက်ဆိုတဲ့ သဘောပဲ။ အမြင့်ဆုံးရောက်ပြီးရင် ပြန်ကျမှာပဲ။ တကယ်တော့ ပိုက်ဆံဆိုတာက ဘဝမှာ သိပ်ကို အရေးပါတဲ့ဟာ မဟုတ်ပါဘူး။ အထိုက်အလျောက်ပဲ လိုအပ်တာပါ။ ဘာလို့လဲဆိုတော့ အရာရာတိုင်းက ငွေနဲ့ ဝယ်လို့မရဘူး။ အရေးကြီးတာက တရားပါပဲ။ ဒါကြောင့် ကိုယ့်ကျင့်တရားကအရေးကြီးတယ်။

## Male

Male က အမျိုးသားပေါ့။ အန်တီတို့လည်း အမျိုးသားပဲလေ။ ဒါပေမဲ့ အတိတ်ဘဝက ကံကြောင့် ဒီလိုဖြစ်နေတာပေါ့။ အမျိုးသားဆိုတာရော အမျိုးသမီးရောက လူပါပဲ။ လိင်အရသာကွဲနေတာပါ၊ အမျိုးသမီးတွေကလည်း အမျိုးသားတွေနဲ့ ရင်ဘောင်တန်းနိုင်ပါတယ်။ အမျိုးသားဆိုရင် စွမ်းဆောင်နိုင်အား ပိုပြီး မြင့်တယ်လို့ ယူဆထားကြတယ်။ အာရှမှာဆိုရင် အမျိုးသမီးတွေထက် အမျိုးသားတွေကို ပိုပြီးအလေးပေးကြတယ်။ ဒါပေမဲ့ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် စွမ်းဆောင်နိုင်ရည် မြင့်တဲ့သူက စွမ်းဆောင်နိုင်သူပါပဲ။ လူ့စွမ်းအားအရင်းအမြစ်ဆိုတာ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် တာဝန်ရှိတာပဲလေ။ ဒါကြောင့် ခွဲခြားစရာမလိုဘူး။

တချို့ အမျိုးသမီးတွေဆို အမျိုးသားတွေထက် IQ ပိုမြင့်တာတွေရှိတယ်။ ဒါကြောင့် အမျိုးသမီးမို့လို့ နေရာပေးရမယ်တို့ ဘာတို့က မမှန်ပါဘူး။ အမျိုးသားကောင်းဆိုတာ သတ္တိရှိတယ်။ ဆုံးဖြတ်ချက် ပြတ်သားတယ်။ လုံ့လဝီရိယရှိပြီး ကြိုးစားမှု ရှိတယ်၊ တချို့အမျိုးသားတွေက အမျိုးသမီးတွေ လောက်တောင် မတော်ကြတာတွေရှိတယ်။ ဒါကြောင့် အန်တီတို့ကတော့ အမျိုးသားမို့လို့ဆိုပြီး သပ်သပ်တော့ တန်းမြင့်ပေးတာမျိုးမကြိုက်ဘူး။ အမျိုးသားရော၊ အမျိုးသမီးရော



တစ်တန်းတည်း အတူတူပါပဲ။ အန်တီတို့ရဲ့ မြန်မာအမျိုးသမီးတွေက သိမ်မွေ့တဲ့ စိတ်ဓာတ်နဲ့ 'သားကိုသခင် လင်ကိုဘုရား' ဆိုပြီးသတ်မှတ်ကြတယ်။ ယဉ်ကျေးမှုပေါ့။ ဒါပေမဲ့ ဒါကကျန်ခဲ့ပါပြီ။ ရှေ့လျှောက်တော့ မရှိနိုင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ အခုခေတ်မှာ အမျိုးသားတွေက အမျိုးသမီးလောက်တောင် ငွေမရှာနိုင်တာတွေ ရှိတယ်။ တချို့ဆို မိန်းမလုပ်စာထိုင်စားနေကြတာတွေတောင်ရှိတယ်။ ပြီးတော့ 'သားဆိုးအမေတပေပေ လင်ဆိုးမယား တဖားဖား'ဆိုတာလည်း ရှိသေးတယ်လေ။

## Marriage

Marriage ဆိုတာက ဖိုနဲ့မနှစ်ဦးရဲ့ လိင်ကိစ္စကို စနစ်တကျဖြေရှင်းဖို့အတွက် ဆောင်ရွက်တဲ့ကိစ္စပေါ့။ ဒါကို Marriage လက်ထပ်တယ်၊ မင်္ဂလာဆောင်တယ်ပြောတာပေါ့။ ယောကျ်ားတစ်ယောက်ကလည်း သူ့အတွက် အဖော်ကောင်းလိုသလို မိန်းမတစ်ယောက်ကလည်း သူ့အတွက် အဖော်ကောင်းလိုတယ်။ အန်တီတို့ပြောတဲ့စကားမှာ အားကိုးတယ်ဆိုတာ မပါဘူးနော်။ ယောကျ်ားတစ်ယောက်ကို မိန်းမတစ်ယောက်က အားကိုးတယ်ဆိုတာ အခုခေတ်မှာ မရှိတော့ဘူး။ Marriage လုပ်တဲ့ အမျိုးသားနဲ့ အမျိုးသမီးကနေ တစ်ဆင့် သားသမီးအဆွယ်အပွားဆိုတဲ့ အဖော်တွေ ထပ်ရတယ်။ အရွယ်မရောက်ခင်မှာတော့ ထိန်းကျောင်းရမှာပေါ့။ အရွယ်ရောက်ရင်တော့ သူတို့ကပြန်ပြီး အဖော်ကောင်းဖြစ်သွားတယ်။ မိဘဆိုတာက သားသမီးတွေ အတွက်တော့ ဒုတိယဘုရားပဲ၊ ဒါကြောင့် မိဘက လိုအပ်ရင် အချိန်မရွေး ဖြည့်ဆည်းပေးချင်ရမယ်။ မအား လို့တို့၊ မေ့သွားလို့တို့၊ မသိလိုက်လို့တို့ မရှိရဘူး။ ဒါက သားသမီးဝတ္တရားမကျေတာပဲ၊ ပြီးတော့ ဒီဘက်ခေတ်မှာ Globalization ဆိုတဲ့ ခေတ်မှာ အတုခိုးမှားပြီး မလုပ်သင့်တာတွေ လုပ်ကြတယ်။ သမီးရည်းစားတွေ လက်မထပ်ဘဲ အတူနေကြတာမျိုးတို့၊ ဘာတို့ပေါ့။ ဒါက အနောက်တိုင်း ယဉ်ကျေးမှုတွေ၊ အရှေ့တိုင်း မှာတော့ ဒီလို ယဉ်ကျေးမှုတွေ မရှိဘူး။ မိကောင်း ဖခင် သားသမီးတွေက ဒါတွေကို လက်မခံကြပါဘူး။ ကိုယ့်တန်ဖိုး ကိုယ်နားလည်တဲ့ မိန်းကလေး ကတော့ ထိန်းသိမ်းမှာပါပဲ။ အန်တီတို့ အိမ်နီးချင်းနိုင်ငံတွေမှာတော့ Same Sex တွေ အချင်းချင်း Marriage လုပ်ကြတယ်။ အမေရိကားမှာဆိုလည်း Homosexual ကို အခြေခံ ဥပဒေမှာ ပြဋ္ဌာန်းတာတွေရှိလာပြီ။ အိုဘားမားတောင် ဒီအဆိုကို ထောက်ခံလိုက်လို့ Gay Society က သဘောကျပြီး သူ့ကို ဝိုင်းပြီး မဲပေးကြတာပေါ့။ ဒါကြောင့် ရှေ့အနာဂတ် မှာလည်း ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်မှာ မြန်မာပြည်မှာ ဖြစ်လာနိုင်ပါတယ်။ တချို့ဆို အိမ်ထောင်တော့ ပြုကြပါရဲ့၊ မိန်းမကတစ်ဖက်၊ အပြင်မှာ ကိုယ့်ဆန္ဒကို ရထားတဲ့ဘဝ(Gay ဘဝ) နဲ့ တစ်ထပ် တည်းဖြစ်အောင် ပျော်သလိုနေကြတာပဲ။ ဒါကို တချို့ မိန်းမတွေက သိကြတယ်။ တချို့လည်း မသိကြဘူး။ သိတဲ့သူကလည်း မသိချင်ယောင်ဆောင်လို့ပေါ့။ ဒါမျိုးတွေ ရှိကြတယ်။ လူမသိ အောင်နေကြလို့ မရှိဘူးလို့ ထင်နေကြတာပါ။ ဒီကိစ္စဟာ ငြင်းလို့မရဘူးဆိုတာ ရဲရဲပြောနိုင်ပါတယ်။

Asian Fame Media Group

# မိတ်ကပ် ခင်စန်းဝင်း

## March

အမှန်အတိုင်းပြောရရင်တော့ March ရဲ့ အဓိပ္ပာယ်ကိုတော့ မကြီးစန်းနားမလည်ပါဘူး။ ဒါပေမဲ့ ငယ်ငယ်ကတည်းက မကြီးစန်းသိထားတာတော့ Marchလဆိုရင် ကျောင်းတွေပိတ်တယ်။ အဲဒီလိုဆိုရင် ပျော်တယ်။ နောက်ပြီး ဒီလို လုပ်ငန်းခွင်ထဲဝင်လာတော့လည်း Marchလက ဧပြီမရောက်ခင်တစ်လပေါ့။ မင်္ဂလာပွဲတွေ လုပ်ကြတယ်။ ရာသီဥတုသာယာတယ်။ ပြီးတော့ March လမှာ Marchလ(၂၇) ရက်နေ့က တပ်မတော်နေ့၊ ဒီတော့ March လက နေ့ထူးနေ့မြတ်တွေရှိတယ်။ မကြီးစန်းတို့ မြန်မာလမှာဆိုရင် March လက တပေါင်းလထဲပါတယ်။ မကြီးစန်းက အမေရေယာဉ်ကို ကိုးကွယ်တယ်။ အဲဒီတော့ တပေါင်းလဆိုရင် အမေရေယာဉ်ရဲ့ နတ်ပွဲကို မုံရွာတစ်ဖက်ကမ်းမှာရှိတဲ့ ပုလဲဆိုတဲ့ မြို့မှာ လုပ်တယ်။ အဲဒီတော့ မကြီးစန်းက တပေါင်းလဆိုနှစ်တိုင်း အဲဒီကိုသွားတယ်။ နတ်သွားချော့တယ်။ အဲဒါကတော့ March လတိုင်းမှာ မကြီးစန်းလုပ်တဲ့ အလေ့ အကျင့်ပေါ့။

## Make up

ငယ်ငယ်တုန်းကတော့ Make up ဆိုတာက မျက်နှာပေါ်မှာ လှအောင်လိမ်းတဲ့ဟာလို့ သိထားတယ်။ အပြင်သွားရင် လှအောင်လိမ်းတယ်ပေါ့။ မိတ်ကပ်ပညာရှင်တွေရှိတယ်။ မကြီးစန်းတို့ ငယ်ငယ်တုန်းကဆိုရင် ရုပ်ရှင်လောကမှာ မိတ်ကပ်ဆန်နီရှိတယ်။ သတို့သမီးဘက်မှာဆိုရင် မိတ်ကပ်ဦးတင်ထွဋ်ဆိုတာရှိတယ်။ မိတ်ကပ်ခင်ဇော်ဝင်းဆိုတာရှိတယ်။ မကြီးစန်းတို့ ငယ်ငယ်တုန်းက ကြားဖူးနားဝနဲ့ လေးစားခဲ့ရတဲ့ ပညာရှင်တွေပေါ့။ နောက်တော့ မိတ်ကပ်ကိုမာတို့ မိတ်ကပ်စိုးစိုး တို့ ရှိလာတယ်။ သူတို့လိမ်းထားတာတွေ ကြည့်ပြီး 'ငါလည်းသူတို့လို လိမ်းတတ်ချင်လိုက်တာ' ဆိုတဲ့ အားကျစိတ်တွေဖြစ်ခဲ့ရတယ်။ ဘာလို့လဲဆိုတော့ သူတို့တွေ လိမ်းထားတာက ကြည့်လို့လှနေတာကိုး။ နောက်တော့ ကိုယ်ကိုယ်တိုင် မိတ်ကပ်လောကထဲရောက်လာတော့ သိရတာက မိတ်ကပ်ပညာဆိုတာ တကယ်ကို နက်နဲသိမ်မွေ့တယ်ဆိုတာသိလာခဲ့ရတယ်။ အရမ်းစိတ်ကူးယဉ်ဆန်တယ်။ စိတ်ကူးစိတ်သန်းနဲ့ ဖန်တီးရတဲ့ အတတ်ပညာတစ်ခုဖြစ်တယ်။ နောက်ပြီး ပန်းချီဆရာတွေလိုပဲ ပညာရှင်တစ်ယောက်ဆီမှာ ကိုယ်ပိုင်ဟန်ဆိုတာရှိတယ်။ သူတို့ရဲ့ Basic Theory ရှိပေမယ့် သူတို့ရဲ့လက်ရာသီးသန့်ထွက်သလိုမျိုးတွေရှိတယ်။ အဲဒီတော့မှ သိတာက မိတ်ကပ်လိမ်းတယ်ဆိုတာ လိမ်းတယ်ဆိုတာထက် ပင်ကိုဗီဇတွေ ပါဖို့လိုတယ်ဆိုတာမျိုးလည်း သိတယ်။ ပြီးတော့ ဒီမိတ်ကပ်အလုပ်ကို Professional တစ်ယောက်အဖြစ်နဲ့ ထဲထဲဝင်ဝင် လုပ်ကြည့်တော့ ဘာတွေထပ်သိရလဲဆိုတော့ မိတ်ကပ်ပညာက လူတစ်ယောက်ကို လှအောင် လုပ်လို့ရသလို အတတ်ပညာမျိုးစုံမှာ လျှို့ဝှက်နက်နဲတဲ့ အကြောင်းအရာတွေမျိုးစုံလည်း ရှိတယ်။ အဲဒါကကျတော့ မကြီးစန်းတို့က ဒီအလုပ်ကို လုပ်ကြည့်ရင်းမှ အတွေ့အကြုံနဲ့မှ သိခဲ့ရတာပေါ့။ စကားပုံ တစ်ခုလိုပဲ 'သမားဆိုအိုမှ' ဆိုသလိုပေါ့။ ဒီ မိတ်ကပ်ပညာကလည်း လုပ်သက်အတွေ့အကြုံများမှ။ မကြီးစန်းဆိုရင် ကိုယ့်ထက် လုပ်သက်ရှိတဲ့ စီနီယာတွေ လိမ်းတာကို အမြဲလေ့လာနေရတယ်။ သူကတော့ အသက်ကြီးလို့ အောက်သွားပါပြီဆိုပြီး မှတ်လိုက်လို့မရဘူး။ သူတို့ဆီမှာမှ တကယ့်ကို အတွေ့အကြုံတွေနဲ့ ပေါင်းတဲ့ ပညာရပ်တွေ တွေ့နိုင်တာ။ အဲဒီလိုပဲ ကိုယ့်ထက်ငယ်တဲ့ အငယ်တွေ ပြင်တာကိုလည်း လျစ်လျူရှုထားလို့ မရဘူး။ တစ်ခါတလေမှာ မကြီးစန်းတို့ မတွေးမိ၊ မဖန်တီးမိတဲ့ လက်ရာမျိုးတွေက သူတို့ဆီမှာ ရှိနေတတ်တယ်။ အတတ်ပညာရှင်တိုင်းမှာ ပညာတွေရှိနေတတ်တယ်။ မိတ်ကပ်လိမ်းမယ့်သူ တစ်ယောက်က အရောင်တွေအကြောင်းကို ကောင်းကောင်း သိထားရမယ်။ ပန်းရောင်တောင်မှ အနုအရင့် အမျိုးမျိုးရှိတာ။ Low Tone၊ Dark Tone အစုံပဲ Color Tone တွေက အများကြီးပဲ။ မကြီးစန်းတို့ လိမ်းခြယ်ခွင့်ရတဲ့ သူတွေက အသားဖြူသူ၊ ညိုသူ၊ လတ်သူ၊ မည်းသူ အစုံပဲလေ။ တစ်ယောက်နဲ့ တစ်ယောက်တင်ရမယ့် Color တွေက မတူဘူး။ မကြီးစန်းဆိုရင် Make up ပညာကို ကျောင်းတက်ခဲ့ရတာမဟုတ်ဘူး။ အဲဒီတော့ Color Skin Tone တွေနဲ့Theory အကြောင်းကိုလည်း သေချာသင်ခဲ့ရတာ မဟုတ်ဘူး။ အတွေ့ အကြုံနဲ့ပဲ တတ်ခဲ့ရတာ။ နောက်ပြီး အရောင်တွေထဲမှာ Group တွေရှိတယ်။ Warm Color, Cool Color, Hot Color အဲဒါမျိုးတွေပေါ့။ Color Communication ဆိုပြီး အရောင်စပ် သုံးတာမျိုးရှိတယ်။ Opposite Color ဆိုပြီး ဆန့်ကျင်ဘက် အရောင်တွေ ပေါင်းသုံးရတာမျိုးတွေရှိတယ်။ ဒါတွေ အားလုံးက လက်တွေ့လုပ်ရင်းမှ သိနိုင်တာပါ။

## Money

Money ဆိုတာအလွယ်ပြောရရင် ပိုက်ဆံ



Asian Fame Media Group

ပါပဲ။ ဒါပေမဲ့ အဲဒီပိုက်ဆံမှာမှ အမျိုးမျိုးရှိသေးတယ်။ လူတွေအများစုက ချမ်းသာချင်ကြတယ်။ ကိုယ့်ဘဝဖူလုံဖို့အတွက် ကြိုးစားနေရတဲ့သူတွေလည်းရှိတယ်။ လူတွေက အကြောင်းအမျိုးမျိုးကြောင့် ရှင်သန်နေကြပေမယ့် အားလုံးပိုက်ဆံကြောင့်ပါပဲ။ မကြီးစန်းရဲ့ အတွေးကတော့ ဘောဂဗေဒနည်းနဲ့ ဆိုရင် Money က ကုန်ပစ္စည်းလဲတဲ့ နေရာမှာ သုံးတဲ့ကြားခံပစ္စည်းပါပဲ။ မကြီးစန်းအတွက် ပိုက်ဆံက မရှိမဖြစ်လိုအပ်တယ်ဆိုတာ ဝန်ခံတယ်။ ဒါပေမဲ့ မကြီးစန်းရဲ့ ပိုက်ဆံ က သမာသမတ်ကျသော၊ ရိုးသားသော ကိုယ့်ရဲ့ ကိုယ်ပိုင်ပိုက်ဆံပဲဖြစ်ရမယ်။ လာဘ်လာဘတစ်ခု အနေနဲ့ ကိုယ့်ကိုပေးလာတဲ့ ပိုက်ဆံမျိုးလည်း



ဘယ်တော့မှမယူဘူး။ သူများဆီက နိုင်ထက်ကလူပြုပြီးမှ ရှာရတဲ့ ပိုက်ဆံမျိုးလည်း မရှာဘူး။ သူတစ်ပါးရဲ့ ပိုက်ဆံကို ချော်လင့်ပြီး မသမာတဲ့နည်းနဲ့ ရယူခြင်းမျိုးလည်းမမက်ဘူး။ မကြီးစန်းရှာတဲ့ ပိုက်ဆံ ဒီနေ့ တစ်သိန်းရှာရလို့ တစ်သိန်းလုံးသုံးချင်သုံးပစ်မယ်၊ ဒါက ကိုယ်ရှာတဲ့ ကိုယ့်ရဲ့ ကိုယ်ပိုင်ပိုက်ဆံသုံးချင်သလို သုံးမယ်။ မနှမြောဘူး၊ ဒါပေမဲ့ သူများပိုက်ဆံကိုလည်း နည်းနည်းမှ မမက်မောဘူး။ မကြီးစန်းရှာလို့ရတဲ့ ပိုက်ဆံက ရိုးသားတဲ့ပိုက်ဆံမို့လို့ မကြီးစန်းက လိပ်ပြာလုံတယ်။ ဒါမှ ကိုယ့်ဘဝမှာ နောက်ကြောင်း အေးအေးနဲ့သိက္ခာ သမာဓိရှိရှိ ရပ်တည်နိုင်မယ်လို့ မကြီးစန်းယူဆတယ်၊ ပြီးတော့ ပိုက်ဆံ ပိုက်ဆံနဲ့ ပိုက်ဆံနောက်ပဲလိုက်နေရင်လည်း အဲဒီလူက အောင်မြင်မှာမဟုတ်ဘူး။ မကြီးစန်းငယ်ငယ်က ကြုံဖူးတယ်။ အဲဒီခေတ်က မိတ်ကပ်ပြင်ရင် သုံးဆယ့်ငါးကျပ်၊ ငါးဆယ်ကျပ်၊ တစ်ရာ ဒီလိုတွေပေးရတယ်။ အဲဒီခေတ်က ဈေးနှုန်းပေါ့။ တစ်ရာဆိုရင် အများဆုံးပေါ့။ မကြီးစန်းဆရာ မိတ်ကပ်ခင်ဇော်ဝင်းက တစ်ရာယူတယ်။ သူအများဆုံးပဲ၊ ပြင်နိုင်တဲ့ သူတွေကတော့ ပြင်ကြတယ်။ လူတွေကတော့ ၁၀၀ တောင် ယူတယ်ဆိုပြီး ကွယ်ရာပြောကြတယ်၊ ဒါပေမဲ့ သူက အများဆုံးတောင်းတယ်။ သူတောင်းတာနဲ့တန်အောင် တကယ့် Branded Make up တွေ Cosmetic တွေနဲ့ပဲ Customer ကို ပြင်ပေးတာ၊ သူသုံးတဲ့တချို့ Customic တွေဆို ဒီမှာတောင် မတွေ့ဖူးဘူး၊ နိုင်ငံခြားက လှမ်းမှာပြီး သူကသုံးပေးတာ။ အကောင်းဆုံးပဲ လုပ်ပေးတယ်၊ တန်အောင် လုပ်ပေးတယ်။ စေတနာနဲ့ အလုပ်ကို တန်ဖိုးထားပြီး လုပ်ပေးတယ်။ မကြီးစန်းတို့ဒီ Make up ပြင်တဲ့ အလုပ်ဆိုတာ အတတ်ပညာအပြင် ဝါသနာလည်းပါတယ်။ အဲဒီ ဝါသနာမှာ စေတနာလေးပါထည့်ရင်မှာ ပိုက်ဆံပဲကြည့်နေလို့မရဘူး။ နောက်ပြီး အလုပ်ပေါ်မှာ သစ္စာရှိဖို့လိုတယ်။ မကြီးစန်းရဲ့ သူငယ်ချင်း မိတ်ကပ်ခင်စိုးဝင်းဆိုတာရှိတယ်၊ သူက ရတဲ့ပစ္စည်းလေးနဲ့ လှအောင်လိမ်းနိုင်တဲ့ ပါရမီပါတယ်၊ တအားတော်ပြီး သူငယ်ချင်း အချင်းချင်းတောင် ဖြန့်အားကျရတယ်။ သူ့ရဲ့ ပညာပါရမီက၊ အဲဒီခေတ်က မင်းသမီးတော်တော် များများက သူနဲ့လိမ်းမှဖြစ် မယ်ဆိုတာတွေရှိတယ်။ ဒါပေမဲ့ သူက သူ့ရဲ့စိတ်ခံစားမှုကို အရမ်းဦးစားပေးတယ်၊ သူလုပ်ချင်ရင်လုပ်တယ်။ မလုပ်ချင်ရင် မလုပ်ဘူး။ အလုပ်ကိုလက်ခံထားပြီးမှ အကြောင်းပြချက် တစ်ခုခုပေးပြီး မလာတာမျိုး တွေရှိတယ်။ အလုပ်အပေါ် ကတိမတည်ဘူးပေါ့။ နောက်တော့ နာမည်ပျက်ပြီး ဒီလောကမှာ ပျောက်သွားတဲ့အထိ ဖြစ်သွားတယ်၊ အခုတော့ ဆုံးသွားပါပြီ။ မကြီးစန်းက ဒါကြောင့်ပြောတာ သစ္စာရှိရမယ်ဆိုတာ။ ကြိုးစားအားထုတ်မှုလည်း ရှိရမယ်။ အလုပ်တစ်ခုလုပ်ရင် ကိုယ့်ကိုယုံကြည် မှုရှိဖို့လည်းလိုတယ်။ ဒါမှကိုယ့်ကို လူတွေက အလုပ်အပ်မယ်၊ အဲဒီနောက်မှာမှ ဝင်ငွေဆိုတာ ပါလာမှာပေါ့။ ဘယ်လောက်ပဲ ပညာတော်နေနေ လူတွေမယုံကြည်ရင် လူမချစ်ရင် အလုပ်လုပ်လို့ မရဘူး။ နောက်ပြီး ငွေနဲ့ ပတ်သက်ရင် လူတွေ ငွေရှိချိန်နဲ့ မရှိချိန်နဲ့ စိတ်ထားတတ်ဖို့လိုသေးတယ်။ အခုလက်ရှိ မကြီးစန်းကြုံနေရတဲ့ ကိစ္စလေးတစ်ခု ရှိတယ်။ လူတစ်ယောက် နေရာတစ်နေရာ အောင် မြင်ဖို့အတွက် 'ဘုရားရှင်တောင် အမှီရှိမှ' ဆိုတဲ့ စကားလို အမှီလိုတယ်ပေါ့။ ဒီတော့ အကြောင်းမျိုးမျိုးနဲ့ မကြီးစန်း လူတစ်ယောက်ကို ပတ်သက်မိတယ်။ သူ့အတွက် အောင်မြင်ဖို့၊ တိုးတက်ဖို့အတွက် စိတ်စေတနာတွေ အပြည့်နဲ့ မကြီးစန်း လုပ်ပေးခဲ့တယ်။ သူ့အပြင်သူ့မိသားစုကိုပါ ကိုယ့် မိသားစုလို လုပ်ပေးရတာတွေရှိခဲ့တယ်။ ဒါပေမဲ့ တစ်ချိန်မှာ သူနည်းနည်းအောင်မြင်လာတယ်။ ဝင်ငွေလေး တွေရလာတယ်။ အဲဒီအချိန်ကျတော့ မကြီးစန်းမရှိလည်း ရတယ်ဆိုတဲ့ အခြေအနေမျိုး ဖြစ်သွားတယ်။ သူနဲ့ကိုယ်နဲ့ ပတ်သက်ခဲ့တဲ့ ပတ်သက်မှုမှာ ဘယ်လိုကတိတွေရှိထားရမလဲ။ ဘယ်လိုစောင့်ထိန်းမှုမျိုးတွေရှိရမလဲဆိုတာကို ဥပဒေအရမဟုတ်ပေမယ့် လူသားဆန်တဲ့ စောင့်ထိန်း မှုမျိုး မကြီးစန်းက ရှိစေချင်တာပါ။ ဒါက အောင်မြင်မှုနောက်ကွယ်မှာ မိတ်ဆက်တဲ့ မိန်းကလေးတွေ ရှိလာတယ်။ အဲဒီမိန်းကလေးတွေကို သာယာပြီး ကိုယ်နဲ့ ပတ်သက်တယ်ဆိုတာ သိမှာစိုးလာတယ်။ ကိုယ်နဲ့ ပတ်သက်တယ်ဆိုတာကို လိုက်ဖုံးတာမျိုးတွေ လုပ်လာတယ်။ မဟုတ်ပါဘူးဆိုပြီး လိုက်ဖြေရှင်းတာမျိုးတွေ လုပ် လာတယ်၊ အဲဒီတော့ တစ်ဖက်က မကြီးစန်းက နှလုံးသားလည်း ရင်းရတယ်။ ကိုယ့်ရဲ့ဘဝရော၊ သိက္ခာရော၊ စေတနာတွေရောရင်းပြီး လုပ်ပေးခဲ့ရတယ်။ သူကတော့ တစ်ဖက်က မိန်းကလေးဖြစ်တာနဲ့ပဲ အဲဒီ မိန်းကလေးနောက်ပါသွားတယ်။ ပတ်သက်ခဲ့ ပုံချင်းမတူပေမယ့် အနစ်နာခံခဲ့သူ ကိုမေ့ပြီး မိန်းကလေးဖြစ်လို့ဆိုတာနဲ့ ရွေးလိုက်တယ်။ ဒါကိုပြောတာပါ၊ လူတွေက ပြောင်းလဲတတ်တယ်လို့။ လူတွေက အောင်မြင်ကြီးပွားလာတာနဲ့ ကိုယ့်ရဲ့ မူလဇစ်မြစ်ကို မေ့လိုက်ကြတယ်။ မကြီးစန်းကတော့ ဘယ်တော့မှ ကိုယ့်ရဲ့ ဇစ်မြစ်ကို မမေ့ဘူး။ မကြီးစန်းမိဘတွေက ဆင်းရဲတယ်၊ အဖေက အစိုးရ လခစား၊ အမေက ကျောင်းမုန့် ဈေးတန်းမှာ ဈေးရောင်းတယ်။ မကြီးစန်းကိုယ်တိုင်လည်း ဈေးကူရောင်းပြီး ကျောင်းတက်ခဲ့ရတယ်။ ကိုယ့်မုန့်ဖိုးအတွက်၊ ကိုယ့်ကျောင်းစရိတ်အတွက် ရရာအလုပ်တွေလုပ်ပြီး ရပ်တည်လာရတယ်၊ ဒီနေ့ အချိန်မှာတော့ အတိတ်က မကြီးစန်းအကြောင်းတွေနဲ့ အရမ်းကို ကွာတဲ့အခြေအနေ ဖြစ်နေပြီ၊ ဒါပေမဲ့ မကြီးစန်းရဲ့ ရင်ထဲမှာ ဒီနေ့အထိ ဈေးရောင်းစားခဲ့တာလည်း မမေ့ဘူး။ ဆင်းရဲခဲ့တာလည်း မမေ့ဘူး။ လူတိုင်းကို အဲဒီလို မမေ့စေချင်ဘူး။ လူတိုင်းမှာ ကိုယ့်ရဲ့သမိုင်း ကြောင်းရှိတယ်။ ကိုယ့်ရဲ့ Image ပေါ့။ အဲဒီ Image က ဘယ်တော့မှ ဖျောက်လိုက် လို့မရဘူး။ ဒီတော့ ကိုယ်ကရိုးသားပွင့်လင်းရမယ်။ ထိမ်ချန် ဖုံးကွယ်ထားတာ မရှိဖို့လိုတယ်။ ဒါမှ လိပ်ပြာလုံမှာလေ။ ကိုယ့်ရဲ့ Image ကို ရဲရဲတုံ့တုံ့ ရင်ဆိုင် ရဲရမယ်။ မကြီးစန်းဆီမှာ တပည့်တွေထဲမှာလည်း ရှိပါတယ်။ မကြီးစန်းဆီမှာ ပညာလာ သင်တယ်။ ပညာသင် ပေးတယ်။ ထမင်းကျွေးတယ်။ ဒါပေမဲ့ သူတို့ အတတ်ပညာ



Asian Fame Media Group

တွေစုံသွားတဲ့ အခါကျတော့ သူကျတော့ ဘယ်လို ဆိုပြီး ဆရာသမားတို့ ကျေးဇူးရှင်တို့ ဘာမှမမြင်ဘဲ သူတို့ မှန်တယ်ထင်တဲ့ လမ်းကိုရွေးပြီး လျှောက်သွားကြတာမျိုးတွေ လည်းရှိတယ်။

## Male

Male ဆိုတာက ယောက်ျားပီသသောသူပေါ့။ ဒါမကြီးစန်းရဲ့ Defination ပေါ့။ မကြီးစန်းက Face book သုံးတယ်။ အဲဒီမှာ ဘယ် လိုက အတွေ့အကြုံတွေရလဲဆိုတော့၊ မကြီးစန်း ရယ်၊ အူဝဲရယ် အေးမြတ်သူရယ် Arty တို့နဲ့ ရိုက်ထားတဲ့ ဓာတ်ပုံလေးတင်လိုက်တယ်။ မကြီးစန်းက Face book သုံးတယ်ဆိုတာ ကိုယ့်ကိုချစ်တဲ့ ပရိသတ်တွေပြီးတော့ ကိုယ့်ကို အားပေးတဲ့ အနုပညာရှင်တွေနဲ့ Touch ဖြစ် အောင် သုံးတာပါ။ သူများတင်ထားတဲ့ ဓာတ်ပုံကို Comment မပေးသလို ကိုယ်က Comment ပေးရင်လည်း ကိုယ်လေးစားတဲ့ ချစ်တဲ့ သူတွေရဲ့ ပုံတွေပဲပေးပြီး ပေးတိုင်းလည်း ကောင်းတဲ့ Comment ပဲပေးတယ်။ အဲဒီ အူဝဲတို့နဲ့ပုံတင်လိုက်တော့ လူတစ်ယောက်က ဝင်ရေးတယ်။ "အခြောက်နှစ်ယောက်တောင်နော် သတိထားတဲ့" သူပြောလိုက်တဲ့စကားက သာမန်အရပ်ထဲမှာ အဆင့်မရှိ ပြောလိုက်တဲ့ စကားမျိုးပေါ့။ သူတို့ သိဖူးမြင်ဖူး တွေ့ဖူးတဲ့ အသိုင်းအဝိုင်းက ဘယ်လိုမျိုးလဲတော့ မသိဘူးပေါ့၊ မကြီးစန်းက ပြန်ရေးလိုက်တယ်၊ "....."ဆိုတဲ့ လူရေလို့ အခြောက်ကို အခြောက်လို့ ခေါ်တာတော့ စိတ်မဆိုးပါဘူးလို့။ ဒါပေမဲ့ လူတစ်ဖက်သားရဲ့ အားနည်းချက်ကို ထောက်ပြပြီး ပြောတာ ယောက်ျားကောင်း တစ်ယောက်ရဲ့ စိတ်ဓာတ် မဟုတ်ဘူးလို့။ မကြီးစန်း အမှန်အတိုင်း ဝန်ခံပါတယ်၊ မကြီးစန်းက မိန်းမစိတ်ပေါက်တယ်။ မိန်းမလို ဝတ်ထားတယ်။ မိန်းမလို့ခံယူထားတယ်။ ဒါပေမဲ့ ယောက်ျားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ တာဝန်ယူနိုင်တဲ့ စိတ်ဓာတ်ရှိတယ်။ ဖြေရှင်းပေးနိုင်တဲ့စိတ်ဓာတ် ရှိတယ်။ သမာဓိရှိတယ်။သိက္ခာရှိတယ်။ ယောက်ျား ဆိုတာ ကိုယ်လုပ်တဲ့ လုပ်ရပ်ကို ရင်ဆိုင်ရဲတဲ့ သတ္တိရှိရမယ်။ ဖြေရှင်းနိုင်တဲ့ သတ္တိရှိရမယ်။ သမာဓိရှိရမယ်။ သိက္ခာ ရှိရမယ်။ ခုနက သူရေးလိုက်တဲ့ စာက သိက္ခာမရှိလို့ရေးတာပေါ့။ နောက် တစ်ယောက်လည်း အဲဒီလိုပဲ သူက ဘယ်လိုရေးလဲဆို တော့ မကြီးစန်းတို့ ပုံအောက်မှာ Comment တွေရေး ကြတာပေါ့။ မကြီးစန်း လှတယ် ဘာတယ်ပေါ့။ အဲဒါကို သူက မကြီးစန်းနဲ့ ဒီလောက်တောင် ကြိုက်နေရင် အတူတူအိပ်ကြည့် ပါလားတဲ့။ ကဲ ဘယ်လောက်အဆင့်မရှိ လိုက်လဲဆိုတော့။ အဲဒီလူကိုလည်း မကြီးစန်း ရိုးရိုးပဲ ပြန်ရေးပေးလိုက်တယ်။ ကိုယ်သုံးတဲ့ အသုံးအနှုန်းက ကိုယ့်ရဲ့ အဆင့်အတန်းနော်လို့။ မကြီးစန်း Story ကို စုံစမ်းကြည့် လိုက်။ မကြီးစန်းက အခြောက်ပေမယ့် Image ကောင်းတယ်။ မကြီးစန်း ဘာလို့ အောင်မြင်လဲ ဘာလို့ကျော်ကြားလဲ။ ဒါက သာမန်ထက် ကောင်းတဲ့အရာတွေ ရှိလို့ပေါ့နော်။ ဒီလိုမင်းသမီးတွေ ကိုယ့်ကို ဖက်လဲတကင်း နေရဲတယ်ဆိုတာ ကိုယ့်အပေါ် ယုံကြည်မှုရှိလို့ပေါ့။ မကြီးစန်းတို့ မင်းသမီးတွေနဲ့ ခရီးသွားကြတဲ့အခါ ခုတင်တစ်ခုတည်း အိပ်ရတာမျိုးလည်း ရှိတာပဲ၊ တွေးတဲ့ အတွေးတွေက ယောက်ျားမဆန်ရင် ဒီလို လူမျိုးကိုလည်း ယောက်ျားပီသတယ်လို့ ပြောလို့ မရဘူး။ နောက်ပြီး ကောင်လေးတစ်ယောက်က မကြီးစန်းကို ပွဲတစ်ခုမှာ မိတ်ဆက်တယ်။ ပြီးတော့ ဓာတ်ပုံ ရိုက်ပါရစေဆိုတော့ မကြီးစန်းနဲ့ တွဲရိုက်တယ်ပေါ့။ မကြီးစန်းကို လေး စားတဲ့ချစ်တဲ့ ပရိသတ်ဆိုတာ မကြီးစန်းတို့လည်း မင်းသမီးတွေလိုပါပဲ။ ယောက်ျားပရိသတ်ရော မိန်းမပရိသတ်ရော ရှိတယ်။ ရိုးရိုး သားသားပါပဲ။ အဲဒီ ဓာတ်ပုံ ရိုက်တဲ့ ကလေးက သူနဲ့ရိုက်တဲ့ပုံကို Face book မှာ တင်နော်တဲ့။ ဒါက ဒီကလေးက သူက မကြီးစန်းနဲ့ခင်တယ်ဆိုတာ လိုချင်တာပါ။ အခု ခေတ်ကလေးတွေက လူကို လူပဲမြင်တတ်ကြပါတယ်။ ယောက်ျားမိန်းမ အခြောက်ဆိုပြီး ခွဲမမြင်တတ်ဘူး။ လူကိုလူပဲမြင်တတ်တယ်။ အဲဒီ ပုံတင်တုန်းက တစ်ယောက်က ဘာဝင်ရေးလဲဆို တော့ AIDS နော် သတိထားတဲ့။ တစ်ဖက်ကလေးက ရိုးရိုးခင်တာလေ။ AIDS သတိထားဆိုတော့ ဒီကလေးကို စော်ကားတာ မဟုတ်ဘူးလား။သူတို့က အခြောက်တစ်ယောက်မြင်တာနဲ့ AIDS လို့ မြင်ကြတာလား။ ဝေဘာဂီဆေးရုံမှာ သွားသွား မင်္ဂလာဒုံဆေးရုံ သွားသွား AIDS ဖြစ်နေတာမှာ အခြောက် ဘယ်နှယောက်ရှိလဲ။ ယောက်ျား ဘယ်နှယောက်လဲ အချိုးချကြည့် ဒါဆို သူဒီ Comment ရေးမှာ မဟုတ်တော့ဘူး။ အခြောက်ပဲဖြစ်ဖြစ် ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ကိုယ့်စည်းကမ်းနဲ့ ကိုယ်နေနေတဲ့လူတွေ အများကြီးပါပဲ။

တစ်ဖက်သားကို နှိမ်ချတဲ့လူတွေကလည်း ယောက်ျားကောင်းတစ်ယောက် ဖြစ်တယ် လို့ မကြီးစန်းမမြင်ဘူး။ ပြီးတော့ အခွင့်အရေးယူ တဲ့ သူတွေပေါ့။ သူများ သမီးပျိုကို လက်ထပ် ပေါင်းသင်းခြင်းမရှိဘဲ လက်ကိုင်၊ ပခုံးဖက်၊ တည်းခိုခန်းခေါ်သွားတဲ့ ယောက်ျားမျိုးတွေပေါ့။ ယောက်ျားပီသတဲ့ စိတ်ရှိရမယ်ဆိုတာမှာ နမခြင်း စာနာတတ်တာလည်း ပါတယ်။

## Marriage

Marriage ဆိုတာက လူနှစ်ဦး လက်ထပ် ပေါင်းသင်းတာပေါ့။ ယောက်ျားလေးတွေက ဘယ်လိုသဘောရှိလဲ။ မိန်းမတစ်ယောက်က အခွင့်အရေးမပေးရင် မပေါင်းချင်ကြတာတွေ ရှိတယ်။ မိန်းကလေးကို တန်ဖိုးမထားဘူးပေါ့။ ဒီဘက်ခေတ်မှာ ဒီလို Case တွေတအား များလာတယ်။ မိန်းကလေးတွေကလည်း ကိုယ့် တန်ဖိုးကို လျှော့ပစ်လိုက်ကြတယ်။ ဒါပေမဲ့ တချို့ ယောက်ျားလေးတွေကျတော့လည်း ကိုယ့်ကိုယ် ကိုယ်လည်း တန်ဖိုးထားတယ်။ တစ်ဖက်သား မိန်းကလေးအပေါ်လည်း တန်ဖိုးထားတာတွေရှိ ပါတယ်။ လက်ထပ်ပေါင်းသင်းတယ် ဆိုတာ မြန်မာတွေအတွက် ပိုပြီးတန်ဖိုးထားတယ်။ မိန်းကလေး တစ်ယောက်က တစ်သက်မှာ တစ်ခါပဲ မင်္ဂလာရှိတယ်လို့ ပြောကြတယ်။ မင်္ဂလာဦးညကိုလည်း အရမ်းကို ရင်ခုန်စိတ်လှုပ်ရှားကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ခင်နှစ်သက်ကြတယ်။ နှစ်ဖက် မိဘတွေအထိ သဘောတူပြီးမှ လက်ထပ်ပေါင်း သင်းကြတယ်။ တချို့ကျတော့လည်း လက်ထပ် တာကို ကလေးကစားစရာလို သဘောထားပြီး နေနေကြတဲ့ သူတွေလည်းရှိကြတယ်။ မကြီးစန်း တို့ကတော့ မင်္ဂလာကိစ္စတွေ ဝန်ဆောင်မှု ပေးနေ တော့ လူအမျိုးမျိုးကို တွေ့နေရတာပဲ။ မကြီးစန်း ပြောချင်တာက မင်္ဂလာဆောင်မယ့် မိန်းကလေး ရယ်မဟုတ်ပါဘူး။ မိန်းကလေးတိုင်းက ကိုယ့် ကိုယ်ကိုယ် တန်ဖိုးထားစေချင်တယ်။ လက်မထပ် ခင်မှာ ထိန်းသိမ်းပြီး အပျိုစင်ဆိုတဲ့ ဂုဏ်လေးကို မထိခိုက်စေချင်ဘူး။ တန်ဖိုးရှိအောင်နေရင် သူ့ တာသူ တန်ဖိုးကတက်လာလိမ့်မယ်။ အလွယ် ဆိုရင် တန်ဖိုးထားခြင်းမခံရဘဲ အလွယ်ပဲ ဖြစ် သွားလိမ့်မယ်။ မကြီးစန်းကတော့ Same Sex ကို Marriage လုပ်တာကို ဆန္ဒရှိပါတယ်။ ဒါပေမဲ့ မကြီးစန်းတို့နိုင်ငံမှာက မကြီးစန်းတို့လို သူတွေနဲ့ကြိုက်ရင် ယောက်ျားအစစ်တွေပဲ။ နိုင်ငံခြားမှာက Same Sex Marriage လုပ်တယ် ဆိုတာ Gay တွေ သူရောကိုယ်ရော Gay တွေ ပဲ။ အဲဒီတော့ ယောက်ျားတစ်ယောက်က Gay တစ်ယောက်လိုတော့ အရှက်ကင်းမဲ့မှာ မဟုတ် ဘူး။ ပြီးတော့ မိဘအသိုင်းအဝိုင်းဆိုတာ ရှိသေး တယ်။

မကြီးစန်းတို့ မြန်မာလူမျိုးတွေက ဆွေမျိုး ရယ် အသိုင်းအဝိုင်းရယ်၊ ညီအစ်ကို မောင်နှမ ရယ်နဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနေကြတဲ့ ဓလေ့လေ။ ဒီတော့ ဒီလူတစ်ယောက်ရဲ့ လုပ်ရပ်က သူ့အသိုင်း အဝိုင်းကို ထိခိုက်မလားဆိုတဲ့ အတွေးပေါင်း များစွာရှိတယ်။ တုန်ကုန်ပြောရရင် သူငယ်ချင်း အချင်းချင်းတောင် အခြောက်ကြီးကို ကြိုက်ရ မလားဆိုပြီး ကဲ့ရဲ့ကြတာခံရတယ်။ အဲဒီတော့ မကြီးစန်းရဲ့ ဘေးမှာမကြီးစန်းကို တကယ်ချစ်တဲ့ သူလည်းတွေ့ခဲ့ရဖူးပါတယ်။ ဒါပေမဲ့ ပတ်ဝန်း ကျင်က တိုက်ခိုက်တာကို မခံနိုင်လို့ နောက်ဆုတ် သွားကြရတယ်။ နောက်ဆုံးတော့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုနဲ့ရှိဖို့ပဲ မကြီးစန်းတို့ အတွက် လိုအပ်တာပေါ့။ လက်ထပ်ရတာလောက် အထိတော့ မဖြစ်နိုင်သေးပါဘူး။

Asian Fame Media Group



# မိတ်ကပ် ဂျိုးဂျိုး

## March

ဂျိုးဂျိုးက March လ ၃၀ ရက်မွေးတာဆိုတော့ ဂျိုးဂျိုးရဲ့မွေးလပေါ့။ ဒါကြောင့် March လ ဆိုရင် တခြားလတွေထက် ပိုပြီး ပျော်တတ်တယ်။ ပြီးတော့ ဂျိုးဂျိုးဆရာ မိတ်ကပ်အောင်အောင် (တောင်ကြီး) ကလည်း March လမွေးပဲ။ ပြီးတော့ March လ ဆိုတာက နွေဦးလဆိုတော့ ရာသီဥတုကလည်း ပွင့်လင်းပြီးလှတယ်။ တခြားတော့ ဂျိုးဂျိုးမှာ ထူးထူးခြားခြားပြောစရာမရှိပေမယ့် March လဆိုရင် ကိုယ့်မွေးနေ့မှာ သူငယ်ချင်းတွေနဲ့ မွေးနေ့ပွဲလေးလုပ်ပြီး ပျော်ရွှင်ရလို့ ပျော်တယ်။ ဂျိုးဂျိုးအတွက် ကံကောင်းစေတဲ့လပါ။

## Make up

Make up ဆိုတာတော့ လူတွေကို လှအောင်ဖန်တီးလို့ရတဲ့ ပညာရပ်တစ်ခုပါ။ ဂျိုးဂျိုးအနေနဲ့တော့ Make up ဆိုတာနဲ့ ပတ်သက်ပြီး ကိုယ့်ရဲ့လုပ်ငန်းအတွေ့အကြုံကလည်း သိပ်ပြီးနှစ်ကြာသေးတာ မဟုတ်တော့ သိပ်ပြီး မပြောတတ်ပေမယ့် ဒီ Make up ပညာကို ဝါသနာပါပြီး ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့တာတော့ အမှန်ပဲ။ ဂျိုးဂျိုးရဲ့ လက်ဦးဆရာက လက်ပံတန်းက 'အောင်' ဆိုတဲ့မိတ်ကပ်ဆရာပါ။ မိတ်ကပ်ဦးမောရဲ့တပည့်ပါ။ ကျောင်းမတက်ခင် လက်ပံတန်းမှာသင်ဖြစ်ခဲ့တဲ့ ဆရာပါ။ ဂျိုးဂျိုးတောင်ငူမှာ တက္ကသိုလ်တက်ပြီးဘွဲ့ရတော့ ရန်ကုန်လာပြီး မိတ်ကပ်အောင်အောင်(တောင်ကြီး) ဆီမှာ ပညာသင်ပြီး ဒီလောကထဲရောက်ခဲ့တာပါ။ မာမီအောင်ကို အားကျပြီး သူ့လို ဘယ်သူ့ကို လိမ်းလိမ်းလှတယ်ဆိုပြီး ဖြစ်ချင်တဲ့စိတ်နဲ့ပေါ့။ ဘွဲ့ယူမယ့်သူပဲ ဖြစ်ဖြစ်၊ သတို့သမီးပဲဖြစ်ဖြစ်၊ မင်းသမီးပဲဖြစ်ဖြစ်ပေါ့။ မိတ်ကပ်ကတော့ လူတိုင်း (အခြောက်) တိုင်း လိမ်းတတ်ကြပါတယ်။ ဒါပေမဲ့ သူများတွေထက် လှအောင်ဆိုတဲ့စေတနာလေးတော့ ဂျိုးဂျိုးက ပိုထည့်ပေးထားတယ်။ ဂျိုးဂျိုးမြင်



Asian Fame Media Group
MEDIA GROUP

လိုက်လို့ လှသွားတယ်ဆိုရင်ပျော်တယ်။ Make up ပညာနဲ့က လူတွေကို လှအောင်အပြင် ရုပ်ဆိုးအောင်၊ အသက်ကြီးအောင်၊ အသက်ငယ်အောင် အဲဒီလိုတွေပြင်လို့ရတယ်။ ဒါပေမဲ့ ဂျိုးဂျိုးကတော့ ဒီပညာကို လှအောင်လုပ်တဲ့နေရာမှာပဲ သုံးချင်တယ်။ ကိုယ်ပြင်လိုက်လို့လှသွားတယ်၊ သူတို့စိတ်ချမ်းသာသွားတယ်ဆိုရင် ဂျိုးဂျိုးကျေနပ်တယ်။ Make up ပြင်တာကို မင်းသမီးမှ မဟုတ်ပါဘူး။ လူတိုင်းအလှပြင် သင့်တယ်လို့မြင်တယ်။ လောကမှာ ရှိရှိသမျှ လူတွေအားလုံးလှနေရင် ကောင်းတာပေါ့နော်။

## Money

Money ဆိုတာကတော့ ပိုက်ဆံပေါ့။ ပိုက်ဆံကတော့ လူတိုင်းလူတိုင်းအတွက် မရှိမဖြစ်ပါပဲ။ ဒါပေမဲ့ ဒီမရှိမဖြစ်ပိုက်ဆံက ရှိလည်းမကောင်း၊ မရှိလည်း မကောင်းပါ။ လူတွေကတော့ ငွေရှိရင် အရာရာကို ဖန်ဆင်းလို့ရတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ အချို့ကိစ္စတွေမှာက ငွေရှိရုံနဲ့ မရဘူး။ ဒါကြောင့် ငွေကတော့ အရေးကြီးလား ဆိုရင် စား၊ ဝတ်၊ နေရေးအတွက်ကတော့ မရှိမဖြစ်ပေါ့။ ကျန်တဲ့ နှလုံးသားရေးရာ ကိစ္စတို့၊ မေတ္တာရေးရာတို့ တချို့ လူမှုရေးကိစ္စတို့မှာ ငွေရှိရုံနဲ့မရပါဘူး။ ဒါကကျတော့ ငွေကအဓိကမကျဘဲ မေတ္တာတို့၊ စေတနာတို့၊ ကရုဏာတို့ ဒါမျိုးတွေနဲ့ ဆိုင်သွားပြီ။ ဂျိုးဂျိုး ဘဝအတွက် ဆိုရင်တော့ ငွေက ၇၀ ရာခိုင်နှုန်းလောက် အရေးကြီးတယ်။ ကိုယ်က နယ်ကနေတက်လာပြီး ရန်ကုန်မှာကိုယ်တိုင်ကြိုးစားပြီး ရပ်တည်ရတာပါ။ ကိုယ်ဝါသနာပါတဲ့ အလုပ်ကိုပဲလုပ်မယ် ဆိုတော့ အိမ်က ပံ့ပိုးမှုမပေးဘဲ မလုပ်ချင်ကြဘူး။ အိမ်က မကြိုက်ဘူးပေါ့။ ဒီတော့ ကိုယ့်ရပ်တည်မှုနဲ့ ကိုယ်ကြိုးစားရတယ်။ ရန်ကုန်မှာ အဆောင်နေပြီး ပညာလည်းရှာ အလုပ်လည်းလုပ်ရတော့ ငွေက ဂျိုးဂျိုးဘဝမှာ အရေးပါနေတာပေါ့။ ဒါကြောင့် ငွေနောက်ကိုပဲလိုက်ပြီး လုပ်ငန်းကိုင်မှားတွေ ဖြစ်ဖူးတယ်၊ တစ်မနက်တည်းမှာ မင်္ဂလာပွဲကို (၃) (၄) ပွဲလက်ခံလိုက်မိတာမျိုးတို့ ဘာတို့ပေါ့။ အမှန်က အဲဒီလိုတွေမလိမ်းသင့်ဘူး။ မနက်တစ်ပွဲ၊ နေ့လယ်ပွဲ ဒီလိုမျိုးလေး ခွဲပြီးမှ အလုပ်လက်ခံသင့်တာပေါ့။ ဒါပေမဲ့ ဂျိုးဂျိုးက ကိုယ့်ရဲ့ Customer ကို ဘယ်တော့မှ ဖြစ်သလို မလုပ်ပေးပါဘူး။ အလှဆုံးပဲ လုပ်ပေးပါတယ်။ ကိုယ်ကတော့ စိတ်ဖိစီးမှုတွေ ဖြစ်ရပြီး စိတ်ပင်ပန်း လူပင်ပန်းတွေ ဖြစ်ရတာပေါ့။ ဂျိုးဂျိုး နောင်တရဖူးတယ်။ ဘာလဲဆိုတော့ ဘွဲ့သမားတွေကို အများကြီးကို လက်ခံလိုက်မိတယ်။ ပိုက်ဆံ အများကြီးရတယ် ဆိုပြီးပေါ့။ တအားများတော့ စိတ်တိုင်းကျ မပြင်ပေးလိုက်ရဘူး။ မြန်မြန်တွေ လုပ်ပေးရတာကိုး။ နောင်တ အရမ်းရသွားတယ်၊ အဲဒီနောက်ပိုင်းမှာ လုံးဝ အဲဒီလိုပွဲတွေ အများကြီးကို လက်မခံတော့ဘူး။ ဘွဲ့သမားဆိုလည်း ကိုယ်လက်နိုင်ခြေလောက်ပဲ လက်ခံတော့တယ်။ ငွေနောက် တအားလိုက်မိရင် ကိုယ့်ရဲ့ အရည်အချင်းတွေ လျော့ကျကုန်တာပေါ့။

## Male

Male ဆိုတာယောကျ်ား၊ အမျိုးသားပေါ့။ လူတစ်ယောက် Female မဟုတ်ရင် Male ပေါ့။ လောကမှာ ယောကျ်ားနဲ့ မိန်းမနှစ်မျိုးပဲရှိတယ်။ အဲဒီထဲမှာမှ ကံအကြောင်းတွေကြောင့် ဂျိုးဂျိုးတို့လို လူတွေလည်း ရှိတယ်ပေါ့။ ယောကျ်ားဆိုရင် ယောကျ်ားပီသရမယ်။ ယောကျ်ားတွေက သတ္တိရှိတယ်။ ရဲရင့်တယ်၊ ဆုံးဖြတ်နိုင်စွမ်းတွေရှိတယ်။ ဦးဆောင်နိုင်တယ်။ စိတ်ဓာတ်ကလည်း မြင့်မြတ်တယ်။ ဒါပေမဲ့ တချို့ယောကျ်ားတွေ ယောကျ်ားတန်မဲ့ စိတ်ဓာတ်အောက်တန်းကျတာ တွေရှိတယ်။ ဦးဆောင်မှုစွမ်းရည်လည်းညံ့တယ်။ ဒီလိုယောကျ်ားမျိုးကတော့ ယောကျ်ားကောင်း မဟုတ်ဘူးပေါ့။ ပြီးတော့ ယောကျ်ားတစ်ယောက်ဖြစ်နေပြီး သူများအတင်းပြောတာ၊ သူများကိုချောက်ချတာ သူများဒုက္ခရောက်သွားအောင် ကောက်ကျစ်လိုက်တာ ဒါမျိုးကတော့ ယောကျ်ားကောင်းတော့ မဟုတ်ဘူးပေါ့။ ငါက ယောကျ်ားပဲ ဟေ့ဆိုပြီး မိန်းမတွေ နှိပ်တာမျိုးလည်းရှိတယ်။ ဒီလိုလူမျိုးတွေကလည်း ယောကျ်ားမှန်ပေမယ့် ယောကျ်ားကောင်းမဟုတ်ဘူးပေါ့။ တချို့တွေကတော့ Gay တွေဆိုရင် မိန်းမစိတ်လို့ပဲ ထင်တယ်။ ဒါပေမဲ့ အဲဒီစိတ်ကို အသုံးချသင့်တဲ့နေရာမှာပဲ အသုံးချတယ်။ အနေအထိုင်၊ အပြောအဆို၊ လုပ်ပုံကိုင်ပုံ သိမ်မွေ့နူးညံ့မှုတွေက မိန်းမဆန်ပေမယ့် ယောကျ်ားတွေလို ဆုံးဖြတ်ချက်ချရဲတဲ့၊ သိက္ခာရှိရမယ့်၊ သမာဓိရှိရမယ့် နေရာမျိုးတွေမှာလည်း ယောကျ်ားလိုပဲ ဂျိုးဂျိုးတို့က စိတ်ဓာတ်ခွန်အားမွေးတယ်။ ဂျိုးဂျိုးသိတဲ့ Male ကတော့ အဲဒီလိုပါပဲ။

## Marriage

Marriage ဆိုတာက လက်ထပ်ထိမ်းမြားတာပေါ့။ ဂျိုးဂျိုးတို့ ပတ်ဝန်းကျင် မင်္ဂလာကိစ္စတွေက အမြဲတွေ့နေရ ပါဝင်နေရတာလေ။ သတို့သမီး မိတ်ကပ်တွေပဲ ပြင်နေရတော့လေ။ လူနှစ်ယောက် မင်္ဂလာဆောင်တယ်ဆိုတာလည်း မင်္ဂလာပွဲကြီးတွေလုပ်မှ စာချုပ်မှာ လက်မှတ်ထိုးမှ မဟုတ်ပါဘူး။ အဓိကက အဲဒီလူနှစ်ယောက်ရဲ့စိတ်ပဲ။ ပထမက အချစ် ပြီးတော့ သံယောဇဉ်ပေါ့။ အချစ်ဆိုတာမျိုးက အချိန်မရွေး ပျောက်သွားနိုင်တယ်။ ဒါပေမဲ့ သံယောဇဉ်ကတော့ အဲဒီလို မဟုတ်ဘူး။ သူက ကြာလေခိုင်လေ။ ဒါကြောင့် အိမ်ထောင်ပြုကြဆိုရင် အချစ်နဲ့စပြီးသံယောဇဉ်နဲ့ တည်ဆောက်မှ ခိုင်မြဲမှာပါ။ ဘေးကလူတွေ လိုက်ပြီး ဖြည့်ဆည်းပေးလို့ရတာက ရုပ်ဝတ္ထုပစ္စည်းတွေပဲရတယ်။ စိတ်ပိုင်းကျတော့ ကိုယ် တိုင်လုပ်မှရတာ။ ဂျိုးဂျိုး လိမ်းပေးရတဲ့ တချို့ မင်္ဂလာပွဲတွေမှာ တွေ့ဖူးတယ်။ လူတွေကတော့ မင်္ဂလာပွဲအတွက် ပြင်ဆင်နေကြပြီး ကာယကံရှင်တွေက စိတ်တွေမပါကြတာမျိုးတွေရှိတယ်။ အဲဒီလိုတွေ တွေ့နေရရင် ဂျိုးဂျိုး အရမ်းစိတ်မကောင်း ဖြစ်ရတယ်။ အမှန်တော့ Marriage လုပ်တယ်ဆိုတာ ရင်ခုန်ပြီး ပျော်စရာကောင်းပါတယ်။ ဂျိုးဂျိုးတို့လို Gay ဘဝအတွက်တော့ Marriage ဆိုတာ အိပ်မက် တစ်ခုပါပဲ။ (ဘယ်တော့မှ ဖြစ်မလာနိုင်တဲ့ အိပ်မက်ပေါ့)။

**ဖြိုးစုပိုပို**




(Fashion Ceremony)
Reinvent
FASHION


Asian Fame Media Group
MEDIA GROUP



# Reinvent FASHION

မော်ဒယ် - စိုင်းစတီးလ်ဖင်၊ ဥက္ကာရဲရင့်၊ မြူးမြူး၊ ဆုမေ
ဒီဇိုင်နာ - ဆုမေ (Fashion Ceremony)
မိတ်ကပ် - ကြူကြူ (တော်ဝင်သူ)၊ ဇော်ထွန်း (တော်ဝင်သူ)
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

Asian Fame Media Group
af MEDIA GROUP




Asian Fame Media Group


Asian Fame Media Group

မော်ဒယ် – နန်းကြာဖြူထွန်း၊
သဇင်ပန်း–အန်တီသိန်း(ပွင့်တန်ဝေသဇင်ခြံ၊ဆရာစံလမ်း)
လက်ကိုင်ပန်း–ခင်မောင်ဝင်း၊
လက်ဝတ်ရတနာ–ထွန်းထွန်းလင်း(ဗိုလ်ချုပ်ဈေး)
ဓာတ်ပုံ–ဘုန်းမြတ်ထူး(စိုင်းဘုန်းထူး)
စီစဉ်သူ–မိုးသောက်ကြယ်



မော်ဒယ်–နန်းကြာဖြူထွန်း
သဇင်ပန်း–အန်တီသိန်း(ပွင့်တန်ဒေသဇင်ခြံ၊ ဆရာစံလမ်း)
လက်ကိုင်ပန်း–ခင်မောင်ဝင်း
လက်ဝတ်ရတနာ–ထွန်းထွန်းလင်း(ဗိုလ်ချုပ်ဈေး)
ဓာတ်ပုံ–ဘုန်းမြတ်ထူး(စိုင်းဘုန်းထူး)

Asian Fame Media Group

# Artist's Sketch

## ထွန်းထွန်းလင်း

**အခုလို Professional တစ်ယောက်ဖြစ်လာဖို့ ဖြတ်သန်းခဲ့ရတဲ့ ဘဝအဆင့်ဆင့်ကို ပြောပြပေးပါဦး။**

ဘယ်သူ့ကိုမှလည်း မပုတ်ခတ်ဘူး၊ ဘယ်သူ့ကိုမှလည်း မဆိုလိုလိုပါဘူး။ Professional တစ်ယောက်လို့လည်း ကိုယ့်ကိုယ်ကိုယ် မခံစားဘူး။ ဒါပေမဲ့ Professional တစ်ယောက်ဖြစ်လာဖို့အရေးကို ဦးထွန်း နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရတယ်။ နောက်တစ်ခုက ဦးထွန်းတို့ခေတ်မှာ ဒီလိုအလှပြင်ပစ္စည်းတွေ မပေါ်များဘူး။ ဒီလို Ready Made ဆံပင်တွေဆိုတာကတော့ ဝေလာဝေးပဲ။ ရှိတဲ့ ဆံထုံး ဆံစလေးတွေ ရှိတဲ့မိတ်ကပ်ပစ္စည်းလေးတွေနဲ့ လှပအောင် ကြိုးစားခဲ့ရတာပေါ့နော်။ ပြောပြမယ်ဆိုရင်တော့ အရှည်ကြီးပါ။ ပညာဆိုတာကတော့ ကုန်တယ်လို့မရှိပါဘူး။

**အခု ဦးထွန်းရဲ့ဆိုင်မှာ Customer တစ်ယောက်ကို ဘယ်လို Service တွေပေးနိုင်ပါသလဲ။**

ဦးထွန်းဆိုင်မှာ Customer တစ်ယောက်လာပြင်တယ်ဆိုရင် လာတဲ့ Customer တစ်ယောက်က တချို့တတ်နိုင်တဲ့သူတွေ ရှိတယ်၊ မတတ်နိုင်တဲ့ Customer ရှိတယ်။ သူတို့နဲ့ ညှိနှိုင်းပြီးတော့ တတ်နိုင်သရွေ့ အဆင်ပြေအောင် လုပ်ပေးပါတယ်။ ဥပမာ - တချို့ဆိုရင် အရမ်းကို သုံးနိုင်တဲ့အင်အားရှိတယ်။ သုံးနိုင်ရင် သုံးနိုင်သလောက် လုပ်ပေးတယ်။ မတတ်နိုင်တဲ့ သူကိုတော့လည်း သူတတ်နိုင်တာလေးနဲ့ လှပအောင် စိတ်ချမ်းသာအောင် လုပ်ပေးတယ်။ ဦးထွန်းနဲ့ ပြင်လို့ စိတ်ဆင်းရဲသွားတယ်ဆိုတာ ဦးထွန်းဘဝမှာ တစ်ယောက်မှ မရှိပါဘူး။

**တစ်ခါတလေ ကိုယ်ပေးတဲ့အကြံဉာဏ်နဲ့ သူတို့လိုချင်တာ ကွဲလွဲမှုရှိရင် Customer နဲ့ ဘယ်လိုညှိယူပါသလဲ။**

ဦးထွန်းပေးတဲ့ အကြံဉာဏ်နဲ့ သူတို့လိုချင်တာကွဲလွဲမှုရှိခဲ့ရင် မင်္ဂလာဆိုတာ တစ်သက်မှ တစ်ခါဆောင်တာလေ၊ သူတို့က ဦးထွန်းထွန်းလင်းကို ကြိုက်လို့လာတာလေ။ အတတ်နိုင်ဆုံး Customer တွေ စိတ်ချမ်းသာအောင် သူတို့လိုချင်တဲ့ အချက်တလေးတွေ၊ သူတို့ဖြစ်ချင်တာလေးတွေကိုတော့ အတတ်နိုင်ဆုံး လိုက်လျောပေးပါတယ်။ မကောင်းရင် ဒါလေးပြင့် သမီးနဲ့မကောင်းဘူး၊ သမီးနဲ့မလိုက်ဖက်ဘူးဆိုပြီး ဦးထွန်းက နားလည်အောင် အတတ်နိုင်ဆုံးရှင်းပြပေးတယ်။ အတတ်နိုင်ဆုံးတော့ Customer ရဲ့စိတ်ကြိုက်ကိုပဲ လိုက်လျောပေးပါတယ်။

**ပညာအမွေဖြန့်ဝေပေးဖို့ သင်တန်းတွေ ဘာတွေရောပေးဖို့ အစီအစဉ်ရှိလား။**

ယခင်တစ်ချိန်တုန်းကတော့ ပညာအမွေအနေနဲ့ သင်တန်းတွေတော်တော်များများ ပေးခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်မှာလည်း ဦးထွန်းတပည့်တွေရှိတယ်။ ရန်ကုန်မှာလည်း ဦးထွန်းတပည့်တွေရှိပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းတကယ်ပညာလိုတယ်ဆိုရင်တော့ သင်တန်းပေးချင်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုစော်ကားတဲ့ တပည့်တွေရှိလာတဲ့အခါမှာကျတော့ ပညာသင်ပေးဖို့ဆိုတာ မသင်ပေးချင်တော့ဘူး။

**ဦးထွန်း အခုလိုအနေအထားဖြစ်ဖို့ အဓိကသင်ကြားပေးတဲ့ဆရာရင်းကရော ဘယ်သူများပါလဲ။**


ဦးထွန်း အခုလိုဖြစ်ဖို့ အဓိကသင်ကြားပေးခဲ့တဲ့ဆရာကတော့ ဦးထွန်း အရင်က တေးသရုပ်ဖော်ကခဲ့တယ်လေ။ ဦးထွန်းတို့ အဲဒီလိုကခဲ့တဲ့အဖွဲ့ထဲက ခေါင်းဆောင်စက်မှုတက္ကသိုလ် ဦးမျိုးဘော်ကနေ ဒီလောကထဲရောက်အောင် ဆွဲသွင်းခဲ့တယ်။ ဆံပင်ပညာအနေနဲ့ သင်ကြားပေးခဲ့တာကတော့ ကန်တော်လေးက ကိုသန်းထွန်း၊ နောက်ပိုင်းကိုယ့်ဘဝဆက်လက်အောင်မြင်အောင် အစစအရာရာ ဘက်စုံထောင့်စုံက မိဘလိုဆရာလိုကူညီပံ့ပိုးပေးခဲ့တာကတော့ ယနေ့ထင်ရှားနေတဲ့ မိတ်ကပ် 'ဦးမာ' ပါပဲ၊ အတွေ့အကြုံရှိအောင် နိုင်ငံခြားတွေ ဘာတွေကိုလည်း ခေါ်သွားပေးခဲ့တယ်။

**ပြင်ဆင်ခြယ်သမှုတတ်တယ်ဆိုရင် မလှတဲ့သူမရှိဘူးဆိုတဲ့စကားကို ဦးထွန်းတို့လို အလှဖန်တီးရှင်တစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲ။**

Professional တစ်ယောက်အနေနဲ့ မလှတဲ့သူမရှိဘူးဆိုတဲ့ စကားကိုဆန့်ကျင်နိုင်အောင် အတတ်နိုင်ဆုံး လှအောင်ကြိုးစားပေးခဲ့ပါတယ်၊ ဥပမာ - သွားခေါနေတဲ့ မိန်းမကြီးကို သွားမခေါအောင် ပြင်ပေးပါဆိုရင်တော့ ဘယ်လိုမှလုပ်လို့မရဘူး။ နဂိုရှိမှ နဂိုင်းထွက်မယ်ဆိုတဲ့စကားက အလကားစကားမဟုတ်ဘူး။ အဲဒီတော့ ဥပမာပေါ့၊ မင်းသမီးတစ်ယောက်က သူချောလို့ မင်းသမီးတက်ဖြစ်တာလေ။ ဒီမင်းသမီးကို ဒီထက်လှချင်ပါတယ်ဆိုရင်တော့ ကိုယ့်ရဲ့နဂိုဥပဓိရုပ်အခံမရှိဘဲနဲ့ မဖြစ်ဘူး။ ဒါပေမဲ့လည်း အတတ်နိုင်ဆုံး နဂိုရုပ်ထက်စာရင် လှပအောင် ဦးထွန်းတို့က ပြင်ဆင်ပေးပါတယ်။ ဦးထွန်းဘဝမှာတော့ မှတ်မှတ်ရရ လွန်ခဲ့တဲ့ ၁၇ နှစ်ကျော်လေးလောက်ကာလက မိတ်ကပ်ပစ္စည်းတွေလည်း ဒီလောက်မပေါ်သေးဘူးပေါ့နော်၊ အဲဒီ ၉၇ ခုနှစ်အချိန် ဘန်ကောက်မှာ ကျောင်းသွားတက်တဲ့အချိန် Cover Mark ဆိုတဲ့ မိတ်ကပ်ကို ဝယ်လာရင်း စသုံးဖြစ်ခဲ့တယ်။ အဲဒီအချိန်က ဦးထွန်းပြင်ခဲ့ရတဲ့ သတို့သမီးဆို မွေးကတည်းက စာနီအမှတ်ကြီးပါတယ်။ မျက်နှာတစ်ခုလုံး စာနီအမှတ်ကြီးပေါ်နေတယ်၊ အဲဒါကို ဦးထွန်း ကြိုးစားပမ်းစားနဲ့ ၃ နာရီလောက်ကြာအောင် မိတ်ကပ်ကို ဂရုတစိုက်နဲ့ အမှတ်ဖုံးအောင် လိမ်းပေးခဲ့ရတယ်။ အဲဒီအတွက်ကြောင့်လည်း သတို့သားက သတို့သမီးကို လူမှားသွားတဲ့အဖြစ်ပေါ့၊ အမြဲတမ်းတော့ မပျောက်နိုင်ဘူးပေါ့။ မင်္ဂလာဆောင်တုန်းကမှာတော့ မိတ်ကပ်တွေနဲ့ လိမ်းခြယ်ထားလို့ ဖက်ရာကို လုံးဝပျောက်သွားတဲ့အချိန်မှာ သတို့သားတော်တော်အံ့သြသွားတယ်၊ ဦးထွန်း ဘဝမှာတော့ မှတ်မှတ်ရရအဖြစ်အပျက်လေးပေါ့။ (သူတို့ IBC မှာ မင်္ဂလာဆောင်ထားတဲ့ ဓာတ်ပုံတွေလည်း အမှတ်တရရှိနေပါတယ်) ဦးထွန်းဘဝမှာ အဲဒီသမီးလေးကိုလည်း ဘယ်တော့မှ မေ့လို့မရပါဘူး။ သူတို့ရဲ့ ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမတွေဆိုရင် လည်း ယနေ့ချိန်ထိ ဦးထွန်းမှ ဦးထွန်းပါပဲ။ လူတွေအားလုံးက တစ်သက်မှာ မင်္ဂလာတစ်ခါပဲ ဆောင်တာလေ၊ ကိုယ့်ရဲ့မင်္ဂလာပွဲကိုတော့ ဘယ်သူမဆို အလှဆုံးဆင်နွဲချင်ကြတာပဲ မဟုတ်လား။ ဦးထွန်း ဆီကို လှချင်လို့လာတဲ့ Customer တွေကို ဦးထွန်းက အမြဲစိတ်ချမ်းသာအောင် ကူညီပေးပါတယ်၊ ဦးထွန်းဆီလာရင် အနည်းဆုံး ၁၀၀ မှာ ၉၀ ကတော့ စိတ်ချမ်းသာစေရမယ်လို့ ဦးထွန်း အာမခံတယ်။

**အလှဖန်တီးရှင်များကိုယ်စား မဂ္ဂဇင်းနဲ့ ပရိသတ်ကို ဦးထွန်းဘာများပြောချင်သေးလဲ။**

အမွေဆက်ခံမဲ့ သူတွေအတွက်ကတော့ ဆရာကို ဆရာမှန်းသိတတ်ဖို့၊ နောက်တစ်ခုက ဆရာကာပြန် အာခေါင်လှုံစူးဆိုတဲ့ စကားကို ကြားဖူးတယ်မလား။ ဦးထွန်းတို့ကတော့ ဆရာကို အမြဲတမ်း မိဘလိုရှိသေလေးစား ဦးထိပ်ထားတယ်။ ပြီးတော့ မဂ္ဂဇင်းဆိုတာကလည်း ဒီကနေတစ်ဆင့် ဦးထွန်းတို့အတွက် ပရိသတ်တွေများလာအောင် ဝေငှပေးတဲ့ ကြားခံမဏ္ဍိုင်တစ်ခုဆိုတော့ ဒါကိုလည်း လေးစားရမယ်။ သူတို့လုပ်ပေးလို့ ဒီမိတ်ကပ်ဆရာက ဘယ်သူပါ၊ ဘယ်လိုပညာတွေရှိပါတယ်လို့ ဖော်ပြပေးခံရတာလေ၊ ဦးထွန်းတို့ကို တစ်ဖက်တစ်လမ်းကနေ ကူညီပေးနေတဲ့ မဂ္ဂဇင်းတွေရော၊ အမွေဆက်ခံမယ့် အလှဖန်တီးရှင်လေးတွေရော အောင်မြင်ပါစေ၊ တိုးတက်ပါစေလို့ ဦးထွန်းဆုတောင်းပေးပါတယ်။



ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါး ဆိုတဲ့ အရသာ ၆ ပါး အနက်အများစုက ချိုမြိန်အရသာကို ပိုလို့ နှစ်သက်တတ်ကြလေ့ရှိပါတယ်။ ဒီအချိုဓာတ်ဟာ သွေးတွင်းလွန်ကဲလာတဲ့အခါ ဘေးဥပဒ်ဖြစ်စေ တတ်ပါတယ်။ မလေးရှားနိုင်ငံမှာ လူဦးရေ ၁. ၈ သန်း ခန့်ဟာ သကြားဓာတ်လွန်ကဲစွာ စားသုံး မှုကြောင့် ဆီးချိုနဲ့နှလုံးရောဂါဝေဒနာကို ခံစားနေ ကြရပါတယ်။ *WHO* ကတော့ လူသားတွေရဲ့ နေ့စဉ်စား သုံးမှုမှာ သကြားဓာတ်ကို တစ်အောင်စ ခန့် လောက်တောင် ထည့်သွင်းစားသုံးဖို့ မသင့် ကြောင်း အဆိုပြုထားပါတယ်။ ဆီးချိုသွေးချိုဟာ အချိုဓာတ်စားသုံးမှုလွန်ကဲရုံမက အငန်ဓာတ်နဲ့ အဆီများလွန်းတဲ့ အစားအစာကြောင့်လည်း ဖြစ်တတ်တာမို့ ဆီနဲ့အငန်ကြိုက်ပြီး ထမင်းစားပြီး ချိန် အချိုတည်းတတ်ကြသူ မြန်မာလူမျိုးတွေ အဖို့ သတိပြုမိဆင်ခြင်စရာ တစ်မျိုးပါပဲ။ ဒါကြောင့် ရတီပရိသတ်များအတွက် ဆီးချို သွေးချိုဆိုင်ရာအတွက် ကျန်းမာရေး ဗဟုသုတ တွေကို ဆေးတက္ကသိုလ် ၂ ရဲ့ ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်နဲ့ တွေ့ဆုံပြီး မေးမြန်းခဲ့ သမျှ မျှဝေပေးလိုက်ပါတယ်။

**ဆီးချိုရောဂါဟာ အချိုဓာတ်လွန်ကဲစွာ စားသုံးမှု ကြောင့်ဖြစ်ရတာ ဟုတ်ပါသလား။**

ဆီးချိုသွေးချိုရောဂါဆိုတာက အချို ဓာတ်လွန်ကဲစွာ စားသုံးမှုကြောင့်တစ်ခုတည်း မကဘဲ ချိုလွန်း၊ ငန်လွန်း၊ အဆီများ လွန်းတဲ့ အစားအစာတွေ စားသုံးရင်လည်းဖြစ်တတ် ပါတယ်။ အဝလွန်သူတွေနဲ့ ကိုယ်ကာယလှုပ် ရှားမှုနည်းပါးလွန်းသူတွေ၊ နောက် ဆွေမျိုးရင်း ချာတွေမှာ ဆီးချိုသွေးချိုရောဂါရှိသူတွေ၊ ဆီးချို သွေးချိုရောဂါအဖြစ်များတဲ့ လူမျိုးနွယ်စုတွေ၊ သွေးတိုး ရောဂါရှိသူတွေ၊ ဥပေါင်နဲ့အထက် ကိုယ် အလေးချိန်ရှိတဲ့ ကလေးမီးဖွားတဲ့ အမျိုးသမီးတွေ ဒါမှမဟုတ်ဘဲ ကိုယ်ဝန်ဆောင်စဉ်မှာ ဖြစ်ပွားတဲ့

# သိထားသင့်တဲ့ ဆီးချိုသွေးချိုအန္တရာယ်

• မြင့်သူဇာထွန်း •



ဆီးချိုသွေးချိုရောဂါဖြစ်ဖူးတဲ့ အမျိုးသမီးတွေ၊ သားဥမှာ အရည်အိတ်တွေတည်နေတဲ့ ရောဂါစု ရှိသူ အမျိုးသမီးတွေရယ်နဲ့ နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်ဖူးတဲ့သူတွေ၊ ဆီးချိုသွေးချိုရောဂါ တနည်းအဆင့်ရှိသူတွေ စတာတွေကြောင့် ဆီးချို သွေးချိုရောဂါ ဖြစ်လာတာဖြစ်ပါတယ်။

**သွေးချိုရောဂါကရော ဆီးချိုနဲ့ အတူတူပဲ လား၊ ဆီးချိုရဲ့နောက်ဆက်တွဲ ရောဂါလား ဒါမှမဟုတ်သီးသန့်စီဖြစ်သလား သိချင်ပါတယ်။**

ဆီးချိုသွေးချိုရောဂါဆိုတာ ဇီဝကမ္မဖြစ်စဉ် ချို့ယွင်းလို့ဖြစ်ပေါ်လာတဲ့ရောဂါစုတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်တွင်း အင်ဆုလင် ဟော်မုန်းဓာတ်ချို့ တဲ့နေလို့ဖြစ်စေ၊ အာနိသင်လျော့နည်းနေလို့ဖြစ် စေ၊ ကစီဓာတ်၊ အသားဓာတ်နဲ့ အဆီဓာတ်တို့ အားလုံးရဲ့ ဇီဝကမ္မဖြစ်စဉ်တွေပျက်စီးပြီး သွေး တွင်း အချိုဓာတ်တွေ အစဉ်တစိုက်နှစ်လကြာ ရှည်အောင် များပြားနေတဲ့ရောဂါစုတစ်ခု ဖြစ်ပါ တယ်။ ဒီနေ့ကာလမှာ အများကလက်ခံထားတဲ့ ရောဂါအမည်အဓိပ္ပာယ်ဖွင့်ဆိုချက် (Definiation) ကို ဘာသာပြန် ထားတာပဲဖြစ်တယ်။ အဲဒီ အဓိပ္ပာယ်သတ်မှတ်ချက်အရတော့ ဒီ Diabetes Mellitus ရောဂါကို 'သွေးချို' ရောဂါလို့ပဲ ခေါ် သင့်တာပေါ့လေ။ ဒါပေမဲ့ ပြည်သူလူထုက ရှေး ပဝေသဏီတည်းကစပြီး အစဉ်တစိုက် လက်ခံ

သုံးစွဲလာတဲ့ 'ဆီးချိုရောဂါ' နဲ့ လုံးဝမတူဘဲ ရောဂါအသစ်တစ်ခုလို့ မှတ်ထင်ယူဆသွားစရာ ရှိတယ်။ အမှန်တကယ်လည်း အထင်လွဲနေကြောင်း နေ့စဉ်တွေ့နေရတာပါပဲ။ Diabetes Mellitus ရောဂါရှိသူရဲ့ ဆီးကို ရှေးခေတ်သမားတော်တွေ လျှာနဲ့တို့ကြည့်တဲ့အခါ ချိုနေတာကို ရှာဖွေတွေ့ရှိခဲ့ကြလို့ 'ဆီးချိုရောဂါ' လို့အရင်ကတည်းက ခေါ်ဝေါ်သုံးစွဲခဲ့ကြတာ၊ Diabetes Mellitus ရဲ့ မူရင်းအဓိပ္ပာယ်ကိုကပဲ ဆီးတွေဒလဟော ထွက်ကျနေပြီး အဲဒီဆီးတွေကလည်း ချိုနေတယ်လို့ အဓိကညွှန်းဆိုခေါ်ဝေါ်တာပါပဲ။ အများ ပြည်သူတွေက 'ဆီးချို' လို့ နားလည်လက်ခံထားတဲ့ ရောဂါကို ဒီနေ့ကာလခေတ်ပေါ် အဓိပ္ပာယ် သတ်မှတ်ချက်အရ 'သွေးချိုရောဂါ' လို့ပြင်ပြီး ခေါ်လိုက်ရင် လူတွေက ရောဂါအသစ်တစ်ခုလို့ပဲ ထင်မြင်မှာပါပဲ၊ 'ဆီးချို' ရတာဟာ 'သွေးချို' နေလို့ဖြစ်တာဆိုပြီး ဒီရောဂါကို 'သွေးချိုဆီးချို' လို့ခေါ်သင့်တယ်လို့ ပြောကြတာတွေလည်း ရှိပါတယ်။



မြန်မာနိုင်ငံမှာ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက်အနေနဲ့တော့ ပြည်သူတွေနဲ့ ရင်းနှီးပြီးသား၊ အရိုးစွဲသိနေပြီးသား 'ဆီးချိုရောဂါ' ကို ဒီနေ့ကာလ အဓိပ္ပာယ်သတ်မှတ်ချက်အရ 'သွေးချို' ခြင်းပါထပ်ထည့်ပြီး 'ဆီးချိုသွေးချို' ရောဂါလို့ ခေါ်ဝေါ်သုံးစွဲနေတာ ဖြစ်ပါတယ်။ လူအများရှုပ်ထွေး မှားယွင်းမှုနည်းရအောင် ရှေးသုံးကိုလည်းမပယ်၊ ဈေးသုံးကိုလည်း မလွယ်ဆိုတဲ့ သဘောတရားအရ 'ဆီးချိုသွေးချိုရောဂါ' လို့ခေါ်နေတာပါပဲ။

**ဆီးချိုသွေးချိုသမားက အချိုအဆီအဆိမ့် ရှောင်ရမယ်ဆိုရင် သူတို့အခြားရောဂါနဲ့ နေမကောင်းတဲ့အခါ အားရှိတယ်ဆိုတဲ့ အိုဗာတင်းတို့ ဟောလစ်တို့လို လူမမာ အားဖြည့်အစားအစာတွေကို စားသောက်လို့ မရနိုင်ဘူးလား။ ဒါဆို သူတို့က အားအင်ပြတ်လပ်မှု ဆိုတဲ့နောက်ဆက်တွဲ ပြဿနာတွေကိုရော မတွေ့ကြုံရနိုင်ဘူးလား ဆိုတာလည်း သိချင်ပါတယ်။**

ဆီးချိုသွေးချိုရောဂါရှင်တွေဟာ အားမရှိဘူး အားပြတ်တယ်ဆိုတာအဓိကကတော့ သွေးတွင်း သွေးချိုဓာတ်တွေ များနေလို့ဖြစ်ရတာပါ။ အဲဒါကို အချိုဓာတ်တွေများတဲ့ ဟောလစ်၊ အိုဗာတင်းတွေ သောက်မယ်ဆိုရင် ရောဂါမသက်သာဘဲ ပိုဆိုးဖို့ပဲ ရှိပါတယ်။ ရေလိုက်လွဲတဲ့ အယူအဆတွေပဲ ဖြစ်ပါတယ်၊ အချိုများနေတဲ့ရောဂါကို အချိုဓာတ်တွေထပ်သောက်လို့ ကတော့ ရောဂါသက်သာစရာ မရှိပါဘူး။

**ဆီးချိုသွေးချိုရောဂါဟာ ကိုယ့်မှာစတင်ရှိလာပြီဆိုရင် ကြုံရမယ့်လက္ခဏာတွေက ဘာတွေပါလဲ။**

ဆီးချိုသွေးချိုရောဂါ ဖြစ်လာရင် ဆီးအသွားများလာတတ်ပါတယ်။ အထူးသဖြင့် ညဘက် ဆီးအသွားများတတ်ပါတယ်။ ရေငတ်လွန်းပါတယ်။ ဒါကြောင့် ရေတွေခဏခဏ သောက်ရလေ့ရှိပါတယ်။ အစားအသောက်လည်းကောင်းကောင်းစားနေရက်နဲ့ ပိန်သွားတတ်ပါတယ်၊ ပြီးတော့ ခန္ဓာကိုယ်အနှံ့ ယားယံတတ်ပါတယ်။ လိင်အင်္ဂါတွေ ယားယံတာမျိုးတွေလည်း ဖြစ်တတ်ပါတယ်။ အကြောင်းမရှိဘဲနဲ့ တစ်နေကုန်နွမ်းနယ်နေတာမျိုး၊ ဘာပဲစားစား အားမရှိသလိုနဲ့ နုံးချည့်နေတတ်တာမျိုးတွေကလည်း ဒီရောဂါတွေရဲ့လက္ခဏာတွေပါပဲ။ နောက်အနာတွေလည်း မကြာခဏပေါက်တတ်တယ်။ အနာတွေကလည်း ကျက်ခဲတယ်။ ဒီရောဂါလက္ခဏာတွေ အဖြစ်များတယ်ဆိုပေမယ့် ဒီလက္ခဏာတွေဘာမှ မပြဘဲ မခံစားရဘဲလည်း ဆီးချိုသွေးချိုရောဂါ ဖြစ်နေနိုင်ပါတယ်။ ဒီအချက်ကလည်း အရေးကြီးပါတယ်။ ဆီးချိုသွေးချိုရောဂါရဲ့ လက္ခဏာတွေကို လူတွေ သိထားသင့်ကြသလို အဲဒီ ရောဂါလက္ခဏာတွေမရှိဘဲလည်း ဆီးချိုသွေးချိုရောဂါဖြစ်နေတတ်တယ် ဆိုတာ သိထားကြဖို့ လိုအပ်ပါတယ်။ အချို့သော ရောဂါရှင်တွေကတော့ စဖြစ်ကတည်းက ဆီးချိုသွေးချိုရောဂါရဲ့ နောက်ဆက်တွဲရောဂါတွေရဲ့ ရောဂါလက္ခဏာတွေ ရှိနေတတ်ပါတယ်။ ခြေလက်တွေ ထုံကျဉ်နေတတ်တာမျိုး၊ ခြေလက်တွေ ဖောယောင်တာမျိုးနဲ့ တချို့ကတော့ လေဖြတ်သွားတတ်ပါတယ်။ ဒါကြောင့် ရောဂါကို စောစီးစွာရှာဖွေတွေ့ရှိဖို့ လိုအပ်ပါတယ်။

**ဆီးချိုသွေးချို ရောဂါဟာ မျိုးရိုးအစဉ်လိုက်ရော ဆင်းသက်လာတတ်ပါသလား။**

အထက်မှာ ပြောခဲ့သလိုပဲ ဆီးချို သွေးချိုရောဂါဟာ မျိုးရိုးလိုက်တတ်တာလည်း ဒီရောဂါဖြစ်စေတဲ့ အကြောင်းအချက်တစ်ခုပါပဲ။

**ဆီးချိုရှိသူက မျက်စိမှုန်တယ် ဆိုတာလည်း ကြားဖူးပါတယ်။ အဲဒီအတွက် ရှောင်ကြဉ်ရမှာတွေကိုလည်း သိချင်ပါတယ်။**

မျက်စိမှုန်ခြင်း၊ မျက်စိအမြင်လွှာထိခိုက်ခြင်းတို့ဟာ ဆီးချိုသွေးချိုရောဂါရဲ့ နောက်ဆက်တွဲရောဂါ ဖြစ်ပါတယ်။ အဓိက ရှောင်ရမှာက သွေးချိုဓာတ်ကို ကောင်းကောင်း ထိန်းသိမ်းထားဖို့ အချိုဓာတ်ပါတဲ့ အစာတွေရှောင်ရမယ်။ သွေးချိုထိန်းဆေးကို ဆရာဝန်ပေးတဲ့အတိုင်း အတိအကျလိုက်နာပြီး သောက်နေရမယ်။ မျက်စိကို ၆လ တစ်ခါ စစ်ဆေးကြည့်နေရမယ်။

Asian Fame Media Group

**စားချင်တာစားပြီး ဆေးသောက်တယ်ဆိုတဲ့ ဆီးချိုသွေးချိုသမားတွေကို ဘာများပြောလိုပါသလဲ။**

အင်မတန် အန္တရာယ်များတဲ့အမူအကျင့်ပါ။ ဆီးချိုသွေးချိုရောဂါဖြစ်ပြီ ဆိုကတည်းက စားချင်တာ စားလို့မရပါဘူး။ စားသင့်တာပဲ စားရမှာပါ။ အစားမရှောင်ဘဲ ဆေးသောက်နေရုံသက်သက်နဲ့ သွေးချိုကောင်းစရာ အကြောင်းမရှိပါဘူး။

**ဒီရောဂါက အမြစ်ပြတ်အောင် ကုသလို့ရနိုင်ပါသလား။ အချို့က အမြစ်ပြတ်နိုင် တယ်လို့ ဆေးတွေ ညွှန်းကြတာတွေ ကြားနေရပါတယ်။ အဲဒါတွေ အတွက်ရော ဘာများ ပြောလိုပါသလဲ။**

ဆီးချိုသွေးချို ရောဂါဟာ အမြစ်ပြတ်အောင် ကုသလို့မရနိုင်ပါဘူး။အစား အသောက် အနေအထိုင် ဆင်ခြင်ပြီး လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပြီး ရောဂါကို ထိန်းထားလို့ပဲ ရနိုင်ပါတယ်။ ဆီးချိုသွေးချို ရောဂါဖြစ်ဖို့ အဓိက အကြောင်း အချက် ၂ ရပ်လိုအပ်ပါတယ်။ မျိုးရိုးဗီဇ (Genetic)နဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များ (Environmental Factors) တို့ပဲ ဖြစ်ပါတယ်။ ဗီဇနဲ့ ပတ်ဝန်း ကျင်နှစ်ခုအနက် ဗီဇကို ပြုပြင်ပြောင်းလဲလို့ မရနိုင်ပါဘူး။ ပတ်ဝန်းကျင်ကိုသာ ပြုပြင်ပြောင်းလဲဖန်တီးယူလို့ ရပါတယ်။ ပတ်ဝန်းကျင်ဆိုတာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူ့ဘဝနေထိုင် မှုဟန်တွေ ဖြစ်ဖို့ လိုပါတယ်။အစားအသောက်၊ အနေအထိုင်၊ ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ အဝလွန် လာခြင်းတွေကိုသတိပြု ဆင်ခြင်လိုက်နာနေထိုင်ခြင်းအားဖြင့် လူတစ်ဦးမှာ ဆီးချို သွေးချိုရောဂါ မျိုးရိုးရှိနေရင်တောင် ၆၀ ရာခိုင်နှုန်းလောက် အထိ ဆီးချို သွေးချို ရောဂါကို ကာကွယ်နိုင်ပါတယ်။

**ကိုယ်ကာယလေ့ကျင့်ခန်း ပြင်းပြင်းထန်ထန် လုပ်တဲ့အခါ သွေးတွင်းသကြားဓာတ်ကျဆင်း သွားတတ်တယ်လို့ ဆိုကြတာ ကြားဖူးပါတယ်။ ဆီးချို သွေးချိုသမားကရော ဒီလို ပြဿနာမျိုးတွေကို ရင်ဆိုင်ရတတ်ပါသလား။ အကျိုးဆက်က ဘာဖြစ်တတ်ပါသလဲ။**

ကိုယ်ကာယလေ့ကျင့်ခန်း ပြင်းပြင်းထန်ထန် ပြုလုပ်တဲ့အခါ သွေးတွင်းသကြားဓာတ် ကျဆင်းသွားတတ်တာ မှန်ပါတယ်၊ ဆီးချိုသွေးချိုရောဂါရှင်တွေဟာ ပုံမှန်လေ့ကျင့်ခန်းကို စမလုပ်မီမှာ ကောင်းစွာ စစ်ဆေးစမ်းသပ်မှုတွေ ပြုလုပ်သင့်ပါတယ်။ လေ့ကျင့်ခန်း ပြုလုပ်ဖို့သင့်လျော်မှု ရှိမရှိ ရောဂါရှာဖွေမှုကိုလည်း ပြုလုပ်သင့်ပါတယ်၊ အထိုင်များလို့ လှုပ်ရှားမှု နည်းသူတွေအတွက် လေ့ကျင့်ခန်းလုပ်မှုကို ဖြည်းဖြည်းနဲ့မှန်မှန်ပဲ တိုးပြီးပြုလုပ်သင့်ပါတယ်။ လေ့ကျင့်ခန်းလုပ်တဲ့ ရက်တွေမှာ အစာစားပြီး လေ့ကျင့်ခန်းလုပ် သင့်ပါတယ်။ သွေးချိုဓာတ်တွေ သိပ်ကျသွားရင် သတိမေ့သွားတဲ့အထိ ဖြစ်သွားနိုင်ပါတယ်၊ သွေးချိုဓာတ်ဆိုတာ များလွန်းလည်း မကောင်းသလို နည်းလွန်းလည်း မကောင်းပါဘူး။

ဆီးချိုသွေးချိုရောဂါဖြစ်လာရင်
ဆီးအသွားများလာတတ်ပါတယ်။
အထူးသဖြင့်ညဘက်
ဆီးအသွားများတတ်ပါတယ်။
ရေငတ်လွန်းပါတယ်။
ဒါကြောင့်ရေတွေခဏခဏ
သောက်ရလေ့ရှိပါတယ်။
အစားအသောက်လည်းကောင်းကောင်း
စားနေရက်နဲ့ပိန်သွားတတ်ပါတယ်။
ပြီးတော့ခန္ဓာကိုယ်အနံ့
ယားယံတတ်ပါတယ်။





ယခုဖော်ပြခဲ့တဲ့ ဆီးချို၊ သွေးချိုရောဂါအကြောင်း ဖတ်ရှုပြီးခဲ့တဲ့ ရတီ ပရိသတ်အတွက် ဆီးချိုသွေးချိုရောဂါ ကာကွယ်ရှောင်ရှားဖို့ အချိုဓာတ်၊ အငန်ဓာတ်နဲ့ ဆီလွန်ကဲစွာ စားသုံးမှုကို ရှောင်ကြဉ်ရတယ်ဆိုတာ သတိပြုမိပြီး ဖြစ်မှာပါ။ ထို့အတူပဲ မိမိရဲ့ခန္ဓာကိုယ်လည်ပတ်မှုလုပ်ငန်းစဉ်မှာ သာမန်ထက်ပိုလို့ ဆီးသွားများလာ၊ ရေငတ်လွန်းလာတာတွေ ဖြစ်နေရင် ဆီးချိုသွေးချိုတက်ပြီလားလို့ ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။ ဒါကြောင့် ကျန်းမာတဲ့ လူ့ဘဝရရှိဖို့ မှန်ကန်တဲ့ နေထိုင်စားသောက်မှု ဓလေ့တွေကို ဒီကတည်းကနေ ရရှိစေဖို့ ဆန္ဒပြုလိုက်ပါတယ်။

**မြင့်သူဇာထွန်း**

# In Healthy Lifestyle

Model : Nan Myat Phyoe Thin,
Photo : Ko Naing (Popular)



လူနေမှုစနစ်တွေ ဖွံ့ဖြိုးမှုအရှိန်မြင့်မားလာတဲ့ နှစ်ဆယ့်တစ်ရာစုမှာ အချိန်တွေ ရှားပါးလို့ နေထိုင်မှု ပုံစံတွေလည်း ပြောင်းလဲလာခဲ့ကြတဲ့ အတွက် ကျန်းမာလှပစွာနေနိုင်ဖို့ဟာ ကြီးမားတဲ့ စိန်ခေါ်မှု ဖြစ်လာနေပါတယ်။ ဒီလိုကာလမှာ Non Communicable Disease တွေဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါတွေ ဝင်မလာ နိုင်အောင် သတိပြု နေထိုင်ရင်း နဂိုရုပ်ရည်စိုပြည် အောင်လည်း ထိန်းသိမ်းထားနိုင်တဲ့ သရုပ်ဆောင် နန်းမြတ်ဖြိုးသင်းရဲ့ healthy life style ကို ရတီ ပရိသတ်တွေ မြင်တွေ့ခံစား နိုင်အောင် တင်ပြလိုက်ပါတယ်။

**မြင့်သူဇာထွန်း**







Fame Media Group
MEDIA GROUP



ဆီတွေ အသားတွေထက် အသီးအရွက်တွေကို များများစား တယ်။ ပုံမှန်လည်ပတ်မှုမှန်အောင် Fiber ဓာတ်တွေ လိုအပ်တယ်လေ။အသီးမျိုးစုံက နဂိုကတည်းက နှန်းမြတ်ရဲ့ Favourite အစားအစာပဲ။ အသားအရေကိုလည်း လှပစေတယ်။ ဆီးချိုကာကွယ်ဖို့ အချိုဓာတ်များလွန်းတဲ့ အနောက်တိုင်း အစားအစာတွေလည်း သိပ်မစားဘူး။



အနားယူတဲ့အချိန်တွေမှာ သစ်သီးဖျော်ရည်လေး တစ်ခွက်လောက်တော့ ပုံမှန်သောက်ဖြစ်တယ်။



သွေးထဲက သကြားဓာတ်တွေကို ထိန်းချုပ်ဖို့နဲ့ အဆီပိုတွေ တက်မလာအောင်တော့ နေ့တိုင်း လေ့ကျင့်ခန်း လုပ်ဖြစ်တယ်။

# Yati HOROSCOPE

## ဒေါက်တာမြတ်သစ် (မန္တလေး)

### မိန်ရာသီ (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

Pisces

တစ်ဖက်မှ အလိုမလိုက် ဆန့်ကျင်မှုများပြင်းထန်နေ၍ စိတ်မချမ်းမသာဖြစ်ရတတ်သည်။
နေအိမ်စိတ်တိုင်းမကျ၍ အားမရ မပျော်မရွှင် ဖြစ်ရတတ်ပေသည်။ အိမ်သူအိမ်သားတို့အတွက်
ထမင်းချက်စားဖို့မှုး ကောင်းမရှိ၍ စိတ်ညစ်ရတတ်ပေသည်။ ပညာရေး ပုံမှန်ရှိ၍ မစိုးရိမ်ရတတ်ပေ။
အိမ်ထောင်ဖက် ခွဲမွေးရန်အခြေအနေ ဖြစ်ပေါ်လာတတ်ပေသည်။ အခန်းငှားဘဝ မလွတ်ကင်းသေးပါ။
ရည်းစားသစ်မရှာသင့်၊ လက်ရှိအပေါ် သစ္စာရှိသင့်ပေသည်။ လောင်းစာဆီ ဈေးကောင်းတတ်သည်။
**ယတြာ။ ။မွေးနံဘုရား ၇ ရက်ဆက်တိုက် ရေသပ္ပာယ်ပါ။**

### မိဿရာသီ (မတ် ၂၀ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

Aries

သားချင်းတို့၏ ရန်ရှာခြင်းကို ရှုတ်တရက်ခံရတတ်သည်။ မိမိကြောင့် မိဘဂုဏ်ငယ်ရတတ်သည်။
ပညာရေး ထူးချွန်စွာဖြေဆိုနိုင်၍ မြောက်စားခံရမည်။ ဝင်ငွေပစ္စည်း မတည်မြဲနိုင်သေးပါ။
မြို့ မြေ၊ လယ်ယာ ဥယျာဉ်တို့ ထွက်စေတတ်ပေသည်။ ကုသိုလ်ရေး တရားစခန်း ဝင်ရတတ်ပေသည်။
အချစ်ရေး ချောမွေ့မှုမရှိသဖြင့် စိတ်ညစ်စရာကြုံလာတတ်ပေသည်။
စက်ပစ္စည်းအသေးစား ပျောက်ရတတ်သည်။ မီးဘေးသတိပြုသင့်ပေသည်။
**ယတြာ။ ။နှင်းဆီနီ ၃ ပွင့်လှူပါ။**

### ပြိဿရာသီ (ဧပြီ ၂၀ မှ မေ ၂၀ ကြား မွေးဖွားသူများ)

Taurus

စီးပွားဥစ္စာ အထူးတိုးတက်ပြည့်စုံကာကောင်းလာစေ သော အချိန်ကာလတစ်ခုပင်ဖြစ်ပေလိမ့်မည်။
ပညာရေးဖြေဆိုမှု အဆင်ပြေ၍ ပျော်ရွှင်မှုများ ရရှိလာပေလိမ့်မည်။ အလုပ်နေရာ ရွှေ့ပြောင်းရတတ် သည်။
ရာထူးတိုးခြင်း ခံရမည်။ ဝင်ငွေပိုင်းကောင်းရုံသာမက စုဆောင်းလာ နိုင်ပေမည်။ စက်၊ ကား၊ ယာဉ်အမျိုးမျိုး
ဖိနပ်၊ ပတ္တမြားစသည်တို့ ရောင်းဝယ် ခြင်းအကျိုးမြတ်ရှိပေလိမ့်မည်။ အချစ်ရေး ကြိုးစားမှုကြောင့်
အဆင်ပြေပါလိမ့်မည်။ ငွေချေးငှား မပြုသင့်ပါ။ ခရီးရှည် စီစဉ်ပျက်တတ်ပေသည်။ အိမ်ထောင်ရှင်တို့
သားသမီးထပ်မံရရန် မြင်ပေသည်။
**ယတြာ။ ။ငှက်ပျောသီး လှူပါ။**

### မေထုန်ရာသီ (မေ ၂၂ မှ ဇွန် ၂၀ ကြား မွေးဖွားသူများ)

Gemini

စိတ်ပျော်ရွှင်မှုများ ရှိလာတတ်ပေသည်။ အားလုံး၏ မြှောက်စားမှုကို အပြည့်အဝရရှိလာပေလိမ့်မည်။
ရေရှည်အတွက် ကြိုတင်စီမံကိန်းချမှတ်သင့်ပေသည်။ ပညာရေး အကောင်းဆုံးအနေအထား ဖြေဆို
နိုင်ပေမည်။ သင်တန်းအသစ် စီစဉ်အဆင်ချောသလို ပြည်ပခရီးသွားမှု အတွက် အောင်မြင်ပါမည်။
ခေါင်းခိုက်မိတတ်၍ သတိထားသင့်ပေသည်။ အချစ်ရေး ကြာကြာတွဲ၍ မကောင်းတတ်ခြင်းကြောင့်
မြန်မြန်လက်ထပ်သင့် ပေသည်။ အပေါင်းအသင်းကောင်းကြောင့် ဘေးအန္တရာယ်ဆိုးမှ လွတ်ကင်း
စေတတ်သည်။ ဝတ်စားဆင်ယင်မှုသတိပြုပေးပါ။
**ယတြာ။ ။အဝါရောင်ပန်း ၅ ပွင့်လှူပါ။**

Asian Fame Media Group

# Yati HOROSCOPE

Cancer



## ကရကဋ်ရာသီ (ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

လက်ရှိပတ်ဝန်းကျင်မှ နေအိမ်ကောင်းသို့ ပြောင်းရွှေ့ရတတ်ပေသည်။ အတူနေမိသားစု၏ မလိုမုန်းထားမှုခံရတတ်သည်။ အလုပ်ရာထူးစာမေးပွဲ အောင်မြင်ပေလိမ့်မည်။ ပညာရေး အခက်အခဲမရှိ ဖြေဆိုနိုင်မည်။ အမွေကိစ္စညှိနှိုင်း၍ မရှောမွေနိုင်ပေ။ ကားပျက်စီးတတ်၍ သတိထားမောင်းနှင်သင့်ပေသည်။ မိဘအန္တရာယ် ပေါက်ကွဲခြင်းစသည်တို့ ကြုံတွေ့လာတတ်သည်။ အချစ်ရေး လုပ်ငန်းတွင်းမှ စိတ်ဝင်စားမိတတ်သည်။ မြေပြဿနာတချို့ ဖြေရှင်းနိုင်လိမ့်မည်။

**ယတြာ။ ။ ရေတော်ဂုဒ္ဓတ်တပ်လှူပါ။**

Leo



## သိဟ်ရာသီ (ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

ယခုကာလအချိန် စီးပွားအခြေအနေကောင်းကို ရရှိစေမည်။ အကျိုးအမြတ်များစေတတ်သည်။ ရွှေဝယ်ယူစုဆောင်းခြင်း အကျိုးရှိစေလိမ့်မည်။ ပညာရေး စာကောင်းကောင်းကျက်မှတ်ထားမှုကြောင့် ဖြေဆိုနိုင်မည်။ အလှူတစ်ခုပါဝင်လုပ်ဆောင်ရမည်။ စကားပြောဆိုရိုင်းပြမှုတို့ကို ပြုပြင်ပါ။ သယ်ယူပို့ဆောင်ရေး ကားလုပ်ငန်းဝင်ငွေ အနည်းငယ်ကျမည်။ အချစ်ရေးတစ်ဖက်၏ယုံကြည်မှုကိုရရန် ကြိုးစားသင့်ပေသည်။ အရှေ့မြောက် အရပ် ခရီးသွားမှု သတိထားသင့်သည်။ လူမျိုးခြားနှင့် အိမ်ထောင်ရေးကိစ္စ စကားပြောရတတ်သည်။ ရွှေရေးမတည်ငြိမ်တတ်ပေ။ အကျဉ်းသက်သို့ ဦးတည်လာ၏။

**ယတြာ။ ။ မွေးနေ့ ပုတီးဂုဏ်တော်အဝီဌာန်ဝင်ပါ။**

Virgo



## ကန်ရာသီ (ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြား မွေးဖွားသူများ)

အန္တရာယ်မကင်းသော အလုပ်များ၊ ပစ္စည်းတို့ကို ပါဝင် ရောင်းဝယ်လုပ်ကိုင်ရတတ်ပေသည်။ နိုင်ငံခြားသွားရောက်လုပ်ကိုင်ရန် အလုပ်လမ်းစပေါ်လာတတ်သည်။ သင်တန်းအသစ် တက်ရောက်ရန် မြင်ပေသည်။ ပညာရေး ရဲရဲရင့်ရင့်ဖြေဆိုနိုင်လိမ့်မည်။ လက်ရှိလုပ်ကိုင်သော လုပ်ငန်း မမြဲနိုင်ပေ။ အိမ်နီးချင်းနှင့် သင့်မြတ်အောင် ပေါင်းသင်းသင့်ပေသည်။ မိဘအကြီးအကဲ ကျန်းမာရေးဂရုစိုက်ပေးပါ။ အချစ်ရေး အလုပ်ရတတ်၍ စိတ်ဆင်းရဲရပေမည်။ ကလေးတို့ကျန်းမာရေး စိတ်မောရမည်။ စားသောက်ဆိုင်၊ စပါး၊ ဆန်၊ ဆေးဝါးရောင်းဝယ်မှုတို့ အဆင်ပြေမည်။

**ယတြာ။ ။ ဝုဏ်တော်ကွန်မြာ သတ်စေ့စိတ်ပါ။**

Libra



## တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)


ဘဝအတွက် အလုပ်အကိုင်ကို အခြေတကျဖြစ်လာစေရန် အတွက် ကြိုးစားသင့်သော ကာလတစ်ခုဖြစ်လိမ့်မည်။ ငွေကြေးအခက်အခဲ တို့ကို ရှန်းထွက်ရတတ်ပေသည်။ ဆုံးပါးကွယ်လွန်သော လူကြီးဘိုးဘွား အမွေကိစ္စ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းရတတ်ပေသည်။ လူလိမ်လူညာနှင့် တွဲ၍ ခရီးသွားမိတတ်၍ အထူးသတိထားသင့်သည်။ စပ်တူရှယ်ယာလုပ်ကိုင်မှု ထင်သလိုမကောင်းတတ်ပေ။ တစ်ကိုယ်တော်လုပ်ကိုင်မှုသာ အကောင်း ဆုံးဖြစ်လိမ့်မည်။ အချစ်ရေး အသံမကြားလို့ မမြင်လို့အဆုံး ဖြစ်နေရတတ်သည်။ ကားအပြောင်းအလဲ မြင်ပေသည်။

**ယတြာ။ ။ ဇရဲသီးလှူပါ။**

Asian Fame Media Group

## ဗြိစ္ဆာရာသီ (အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)


Scorpio



မကြာမီ အောင်မြင်ကံကောင်းဖြစ်ထွန်းလာမည်ကို သဘောပေါက်လာမည်။
ရပ်ဝေးနယ်များတွင် တာဝန်ယူလုပ်ကိုင်ခြင်းတို့မှာ အထူးပင် အဆင်ပြေပါလိမ့်မည်။
ပါရဂူဘွဲ့များအတွက် ဖြေဆိုမှုစာတမ်း ဖတ်ခြင်းများ အကျိုးရှိပါလိမ့်မည်။ ယခုပညာဖြေဆိုမှုအတွက်
ဂုဏ်ထူးများ ပါရှိလိမ့်မည်။ မိဘတို့ဖြစ်နေသော ရောဂါဥပဒ်ကို သေချာစွာကုသင့်ပေသည်။
အချစ်ရေး ပိုမိုအဆင်ပြေ ပျော်ရွှင်ရတတ်သည်။
**ယတြာ။ ။ထမင်းကြော် လှူပါ။**

## ဓနုရာသီ (နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁ ကြား မွေးဖွားသူများ)

Sagittarius



ရန်မကင်းသောအလုပ်တို့ကို စွန့်လွှတ်ရတတ်ပေသည်။ စိုးရိမ်မကင်းသော ဆန့်ကျင်ဘက်
လိင်အနောင့်အယှက်တွေ့ရတတ်၍ သတိပြုသင့်ပေသည်။ အလုပ်သစ်အတွက်
စဉ်းစားဆဲဖြစ်ရတတ်ပေသည်။ ပညာရေး အမှားမတွေ့ဘဲ ဖြေဆိုနိုင်လိမ့်မည်။ လုပ်ငန်းတွင်းမှ
ကူညီသူ အဖော်ကြောင့် စိတ်ချမ်းသာရလိမ့်မည်။ အနုပညာအလုပ် အထူးအကျိုးပေးလိမ့်မည်။
လျှပ်စစ်ဝါယာကြိုးသုံးခြင်း သတိထားပေးပါ။ ရွှေရောင်ကျနိုင်၍ ဝယ်ထားသင့်သည်။
အချစ်ရေး ယခုအခါ ရွေးချယ်မှုမှန်ကန်မည်။ အိုမကြီး ပိုင်း၊ သားအိမ်ပိုင်း ဒုက္ခပေးတတ်သည်။
**ယတြာ။ ။မုန့်တီ လှူပါ။**

## မကာရရာသီ (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

Capricorn



ပိုင်ဆိုင်ရှုရှောင်းသောားပစ္စည်း ဆုံးရှုံး၍ စိတ်ညစ်ရတတ်ပေသည်။ ရှုပ်ထွေးပွေလီသော လူမှုရေး၊
အိမ်ထောင်ရေးကြောင့် မှုခင်းများ ရင်ဆိုင်လာရတတ်သည်။ လက်ထဲစုဆောင်းခြင်းထက် ဘဏ်၌သာ
လျှင် စုဆောင်းလျှင် ပိုမိုကောင်းမွန်ပေလိမ့်မည်။ သားသမီးရေနန် ကြိုးစားမှု တို့ စိတ်မောရတတ်သည်။
ခေတ္တရေးငှားထားသော ကိစ္စအတွက် ရင်မဆိုင် ရဲဖြစ်ရတတ်သည်။ ပညာရေး အခက်အခဲတွေ့မည်။
အချစ်ရေး ဆုံးဖြတ်မှု ကို ပြန်လည်ပြင်ရတတ်သည်။
**ယတြာ။ ။လမုန့် လှူပါ။**

## ကုမ်ရာသီ (ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

Aquarius



အများအမြင် အကျိုးရှိသယောင်ယောင် ရှိတတ်သည်။ အရှုံးနှင့်ရင် ဆိုင်အိတ်စိုက်ရခြင်းတို့
ရှိလာ၍ လုပ်ငန်းခွဲတွင်ရန် စဉ်းစား လာရတတ်ပေသည်။ အရည်အချင်းရှိ လူသစ်ထပ်မံ
မွေးရတတ်သည်။ ပညာရေး အချိန်လုဖြေရလိမ့်မည်။ အိမ်ထောင်ရေး အားမရ ဖြစ်တတ်ပေသည်။
ကားသစ်၊ ဟောင်းအပြောင်းအလဲ ကြုံစေတတ်ပေသည်။ လူလိမ် လူညာများ၍
သတိထားဆက်ဆံသင့်ပေသည်။ ချေးငှားငွေများ တော်တော်နှင့် ပြန်မရတတ်ပေ။
စက်ပစ္စည်းအသစ်အတွက် ခရီးရှည်သွားရတတ်ပေသည်။ ရည်းစားအသစ်မြင်ပေသည်။
**ယတြာ။ ။ကြာပွင့် လှူပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)၊ ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group
MEDIA GROUP




# လူငယ်နှင့် လေ့လာစူးစမ်းမှု

ဂျူး

မကြာသေးမီက ပြင်သစ်စာရေးဆရာကြီး ဗစ်တာဟျူးဂိုး ရေးသည့်နာမည်ကြီးဝတ္ထု Les Miserables ကို ပြန်ရိုက်ကူးသည့် တေးသံစုံ ရုပ်ရှင်ကို ကြည့်လိုက်ရသည်။ မြန်မာလိုပြန် ဆိုရလျှင်တော့ စိတ်ညစ်ညူးဖွယ် ဆိုးရွားသည့် အတွေ့အကြုံတွေဟု ပြောနိုင်မလားမသိပါ။ ထိုဝတ္ထုကို ပြန်ရိုက်ထားသည့် ရုပ်ရှင်ကားကို သုံးမျိုးကျွန်မ ကြည့်ပြီးပြီ။ သူ့ခေတ်နှင့်သူ ရိုက်ကူးသွားသည့် ဇာတ်ကားများသည် ကောင်းပါသည်။ အခုကားကတော့ Musical ဟု ခေါ်သော တေးသံစုံ ဖြစ်သဖြင့် တစ်မျိုး ရင်ခုန်စရာကောင်းသည်။ သည်အထဲတွင် အစိုးရကို ပုန်ကန်သည့် တော်လှန်ရေး ဇာတ်ကွက်များပါဝင်သည်။ ထိုတော်လှန်ရေးကို စတင်သူမှာ လူငယ်လေးတွေ ဖြစ်သည်။ ထိုဇာတ်ကား အဆုံးတွင် ကျွန်မဖြင့် မျက်ရည်လည်း ကျမိပါသည်။ အတွေးနယ်လည်း ချဲ့မိပါသည်။ ဘယ်နေရာမှာ မဆို ဘယ်နိုင်ငံမှာ မဆို ရှေ့ဆုံးမှ တက်ကြွစွာ ဦးဆောင်လှုပ်ရှား သူတို့မှာ လူငယ်လေးတွေချည်း ပါပဲလားဟု တွေးမိသည်။ နိုင်ငံရေးမှာ၊ အနုပညာနယ်မှာ လူငယ်တွေက ရဲရင့်စွာ ချီတက်ကြတာပဲကိုး။

ဆရာကြီးမင်းသုဝဏ်တို့ခေတ်တွင်လည်း ဇော်ဂျီတို့ မင်းသုဝဏ်တို့သည် လူငယ်လေးတွေပဲမဟုတ်လား။ မြန်မာနိုင်ငံ၏ ခေတ်သစ် စာပေနယ်တွင် ဦးဆောင်ခဲ့ကြသူတို့မှာ လူငယ်လေးတွေပါပဲ။ အသက် ၂၁နှစ်အရွယ်ရှိ လူငယ်လေး မောင်ဝန်က ဟံသာ့ကြေးမုံ လက်ရေးစာစောင်တွင် အယ်ဒီတာတဲ့။ မင်းသုဝဏ်၏ ကျောင်းသားဘဝနှင့်ဗဟုသုတဟူသော မှတ်တမ်းစာအုပ်ကို ကျွန်မဖတ်ရသည်။ ၁၉၃၀ ခုနှစ် ဇူလိုင်လ ခေါင်းကြီးပိုင်း 'ကျောင်းအားရက်တွင် ဘာလုပ်မလဲ' ရေးသူ မောင်ဝန်ဟု ဆရာကြီးက ပြန်ရေးပြထားသည်။ သူတို့ခေတ်က မှတ်စုကိုလည်း အင်္ဂလိပ်လိုပင် ရေးကြ၏။ ဆရာကြီးက မြန်မာလိုပြန်ဆိုပြီး ဆောင်းပါးရေးပြထားခြင်း ဖြစ်သည်။ ထိုစာအုပ်မှာပင် အင်္ဂလန်ပြည်မှ ပြန်လာသော ပန်းချီဆရာကြီး ဦးဘဉာဏ်၏ ပန်းချီပြပွဲကို ဆာဂျေအေမောင်ကြီး၏အိမ်တွင် သွားကြည့်သည့်အကြောင်း ရေးထားသည့် မှတ်တမ်းကို ဖတ်ရ၏။ လူငယ်လေး မောင်ဝန်ရေးထားသည့် ထိုနေ့မှတ်တမ်းမှာ ကျေနပ်မှုနှင့်ပြည့်နေသည်။ သို့သော် ထိုကျေနပ်မှုမှာ တစ်ကိုယ်တည်းခံစားပြီး အားကျကျေနပ်နေတာမဟုတ်။ ထိပ်သီးက လူကြီးတွေကို တွေ့ရပြီး သူမှတ်ချက်ချလိုက်ပုံက 'အမိမြန်မာပြည်ကြီး အရတော်လေစွ' တဲ့။ သူက မြန်မာနိုင်ငံကြီးအတွက် မျှော်တွေးပြီး ကျေနပ်သွားခြင်း ဖြစ်သည်။ အသက် ၂၁ နှစ်အရွယ်ကောင်လေး မောင်ဝန်က သူ့မှတ်တမ်းမှာ အမိမြန်မာပြည်ကြီးအရ တော်လေစွဟု ရေးထားသည်ကို ကြည့်ပြီး ကျွန်မဖြင့် ကြက်သီးတောင် ထမိပါသည်။

Asian Game Media Group

9th ANNIVERSARY
2004-2013

**ဒါကြောင့် လူငယ်တွေက စိတ်ဓာတ်ရှိနေရုံဖြင့် မရ။ အတွင်းကျကျ စနစ်ကျကျ သိထားရမည့် အချက်တွေကို သိအောင် ကြိုးစားကြရမှာ ဖြစ်သည်။ ဒါကို ထိမိသော စကားလုံးဖြင့် ပြောရလျှင် သုတေသန နည်းဖြင့် ရှာဖွေ စုဆောင်းလေ့လာထားသည့် အားကိုးထိုက်သောဗဟုသုတ ရှာဖွေစုဆောင်းခြင်းဟု ခေါ်သည်။ Creation of Reliable Knowledge through research တဲ့။**

မင်းသုဝဏ်တောင် နှမြောတသခဲ့ရသည့် ကဗျာဆရာလေး မောင်အာယုကရော။ ကျွန်မ အခုထိ အလွတ်ရနေသည့် ကျွန်မကို ခွန်အားတွေ ဖြည့်ဆည်းပေးခဲ့သည့် ခရီးသွားကဗျာကို ရေးခဲ့သည့် မောင်အာယုသည် ကွယ်လွန်ချိန်တွင် အသက် ၂၇နှစ်တဲ့။ ရွှေပြေးအရှက်မြည်ဖြင့် မှုန်ရီရီတောင်ညိုစောင်းခွင်က ခေါင်းတင်ကာ ပေါ်လာဆဲဟာမို့ ခဲလို့စောင့်တုန်း ဆိုသည့် နောက်ဆုံးအပိုဒ်လေးသည် ကျွန်မအား လဲရာမှ ထဖြစ်အောင် အားငယ်ရာမှ မျှော်လင့်ချက်တွေဖြင့် အားခဲနိုင်အောင် ဘဝတစ်လျှောက်လုံး ခွန်အားပေးခဲ့သည်။

အောင်ဆန်းဆိုသည့် လူငယ်လေးကို လေးစားအားကျရသည့်အမြစ်ကတော့ ဖော်ပြ၍ပင် မစွမ်းသာနိုင်ပေ။ ဗိုလ်အောင်ကျော်လည်း လူငယ်လေးပါပဲ။ ကိုဗဟိန်းလည်း လူငယ်လေးပါပဲ။

ကျွန်မတို့ခေတ်က အသက် ၂၀အရွယ် လူငယ်လေးတွေရော ဘယ်လိုနေကြသလဲ။ အခုခေတ်က လူငယ်လေးတွေရော။

ကျွန်မတို့နိုင်ငံမှာ အခုနှစ်ပိုင်းများအတွင်း နိုင်ငံအရေးကို စိတ်ဝင်စားသည့် လူငယ်များ ပိုနေရာသည်နေရာမှ ထွက်ပေါ်လာကြသည်ကို သတိထားမိသည်။ နာဂစ်၏ ကြေကွဲဖွယ် ဆိုးကျိုးတွေထဲမှ ကောင်းကျိုးလေးတစ်ကွက်ဟု ကျွန်မ ယူဆပါသည်။ သူတို့သည် ကူညီစောင့်ရှောက်ဖို့ လိုအပ်သူတွေကို ကူညီချင်လာကြသည်။ ကိုယ့်အားကိုယ်ကိုးသည့် စိတ်ဓာတ်တွေ ခိုင်မာလာကြသည်။ သူများကို ကူညီခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်လာပြီး စိတ်ကျေနပ်မှုရတတ်သည်ကို သိလာကြသည်။ လူငယ်တွေသည် နေရာအသီးသီးမှာ နည်းမျိုးစုံဖြင့် လှုပ်ရှားဆောင်ရွက်ဖို့ အစပျိုးလာပြီဟု ကျွန်မ မြင်ရသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အသိပညာပေးလှုပ်ရှားမှုတွေမှာ သူတို့ ပိုပြီး စိတ်ဝင်စားကြသည်ကို တွေ့ရသည်။ သူတို့သည် သဘာဝပတ်ဝန်းကျင်ကို အထူးစိတ်ဝင်စားကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သူတို့မှာ ဘယ်သူကမှ ပေးမထားသည့် တာဝန်ရှိသည်ဟု လက်ခံထားသည့် တာဝန်သိစိတ်တွေ ရှိကြသည်။ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတတွေ တရိပ်ရိပ် ဆုံးရှုံးနေတာကို သူတို့သိသည်။ သဘာဝ သယံဇာတဆိုသည်မှာ နှစ်ရှည် ကာလကြာရှည် ထိန်းသိမ်းပြီး တဖြည်းဖြည်း ထုတ်သုံးရသော အရာမို့ အခုလို လောဘတကြီး ထုတ်ယူနေကြသည့်အခါ သူတို့အတွက် မကျန်တော့မှာကို သူတို့ သိကြပုံပေါ်သည်ဟု ကျွန်မအရပ်တွေးတွေးကြည့်မိသည်။ ရေနံတွေ၊ သဘာဝဓာတ်ငွေ့တွေ၊ သစ်တောတွေ၊ ရွှေ ကျောက်စိမ်း၊ ကြေးနီ၊ ကျောက်မီးသွေး၊ နီကယ်လ်၊ သံမဏိ ဘာများကျန်သေးလို့လဲ။ လူငယ်လေးတွေအတွက် သူတို့ခေတ်အတွက် ဘာများ ကျန်နေခဲ့မှာမို့လို့လဲ။

သစ်ပင်စိုက်သည့်လှုပ်ရှားမှုဖြင့် စကြသည့် လူငယ်အဖွဲ့လေးတွေ ရှိသည်။ အမှိုက်ကောက်သည့်လှုပ်ရှားမှုဖြင့် စကြသည့် လူငယ်အဖွဲ့လေးတွေ ရှိသည်။ လမ်းပျဉ်းမနားမှာ ကြာပင်ရွာဟု ခေါ်လား။ ဟောပြောပွဲသွားရင်း ကျွန်မ ကြုံခဲ့ရသည့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စုပေါင်းဆောင်ရွက်နေသည့် ကလေးတွေကို ကျွန်မ သိသည်။ ရေနံချောင်းသူမို့ ရေနံချောင်းက စိမ်းလန်းသောအနာဂတ်အဖွဲ့ဝင် လူငယ်လေးတွေကို ကျွန်မသိသည်။

လူငယ်ဆိုတာကို ဘယ်အရွယ်နှင့် သတ်မှတ်မလဲဟု မေးခွန်းပေါ်လာစရာ ရှိပါသည်။

တချို့က လူငယ်ကို အသက် ၁၈နှစ်မှ ၂၄နှစ်အထိ သတ်မှတ်သည်။ ဓါတ်တာနေဝင်းဦးဆောင်လှုပ်ရှားနေသည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း လူငယ်အဖွဲ့သည် အသက် ၁၈နှစ်မှ ၂၄နှစ်အတွင်းကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနေခြင်း ဖြစ်သည်။ တချို့က ၁၈နှစ်မှ ၂၉နှစ်အထိ သတ်မှတ်သည်။ ကျွန်မလည်း ၁၈နှစ်မှ ၂၉နှစ်ကို လူငယ်ဟု သတ်မှတ်ကြည့်ချင်ပါသည်။ လူလတ်ပိုင်းအရွယ်မရောက်မီ လူငယ်ဘဝကို သူတို့ ကြာကြာလေး မြည်းစမ်းစေချင်ပါသည်။

လူငယ်တွေက သိချင်တတ်ချင်သည်။ ထို့အတွက် သူတို့ဗဟုသုတ ရှာကြသည်။ လူကြီးတွေက သူတို့ကို ဗဟုသုတဖြစ်မည့်အကြောင်းအရာတွေကို အများအပြား ပေးနိုင်ရမည်။ ခက်နေတာက သူတို့အတွက် သုတေသနပြုလုပ်ဖို့၊ လေ့လာရှာဖွေဖို့ အချက်အလက် စာအုပ်စာတမ်းတွေက အခုထိတိုင် မပေါ်များသေးပေ။ သူတို့သည် သဘာဝပတ်ဝန်းကျင်အကြောင်းကို စနစ်တကျ သိဖို့လိုသည်။ ကမ္ဘာကို အနည်းအကျဉ်း သိစေဦးတော့ မြန်မာနိုင်ငံဆိုင်ရာ သဘာဝပတ်ဝန်းကျင်အရေးကိုတော့ အများအပြား သိနေရမည်။ ဦးဆောင်မည့်သူကိုး။ နောက်မှာ ဘေးမှာ လူငယ်တွေ အများကြီးကို နေရာပေးခေါ်ယူပြီး ခရီးအတူသွားကြမည့်သူတွေသည် ခရီးအကြောင်း အကောင်းအဆိုး အချိုးအကွေ့ အနိမ့်အမြင့် အနေအထားအားလုံး သိနေကြမှဖြစ်မှာပေါ့။

ထို့ကြောင့် လူငယ်တွေ သိသင့်သော အကြောင်းအရာတွေ ရှိသည်။ ဖတ်သင့်သော စာအုပ်တွေ ရှိပါသည်။ တွေ့သင့်သော ပုဂ္ဂိုလ်တွေ ရှိသည်။ တက်ရောက်သင့်သော ပို့ချခြင်း၊ ဆွေးနွေးပွဲ၊ ညီလာခံ စသည်တို့ရှိသည်။ မြန်မာနိုင်ငံတွင် နာမည်ဖော်ပြီး အလုပ်လုပ်သည့် နိုင်ငံတွင်း ဒေသခံအဖွဲ့အစည်းတွေ ရှိသလို နာမည်မဖော်ဘဲ သို့မဟုတ် သိုသိုသိပ်သိပ် အလုပ်လုပ်နေသည့် ဒေသခံအဖွဲ့အစည်းတွေလည်း ရှိသည်။ ကျွန်မ သိသလောက်တော့ အနိကယ်ဦးအုန်းတို့ ဖရီဒါ

Asian Family Media Group

အောင်ဆန်းဆိုသည့်
လူငယ်လေးကို
လေးစားအားကျရသည့်
အဖြစ်ကတော့
ဖော်ပြ၍ပင်
မစွမ်းသာနိုင်ပေ။
ဗိုလ်အောင်ကျော်လည်း
လူငယ်လေးပါပဲ။
ကိုဗဟိန်းလည်း
လူငယ်လေးပါပဲ။



အဖွဲ့ (FREDA)၊ ဒေါက်တာထင်လှတို့ ဘန်ကာ (BANCA)အဖွဲ့၊ ဦးသန်းမြင့်တို့၏ ဝဗလျူစီအက်စ်အဖွဲ့(WCS)။ ဆရာဦးအောင်မြင့်တို့၏ ရင်းမ် (REAM)အဖွဲ့။ ကိုဝင်းမျိုးသူတို့၏ အီကိုဒက်ဗ် (Eco Dev) အဖွဲ့၊ ပြီးတော့ ဆရာမ ဒေါ်ဒေဝီသန့်စင်တို့၏ Global Green အဖွဲ့ Green net workအဖွဲ့။ ပြီးတော့ စပက်ထရမ် (Spectrum) အဖွဲ့ စသည်စသည်။ လူငယ်အဖွဲ့ တွေကလည်း အများကြီးပါပဲ။ ဂေဟဗဟိတခေါ်သော အဖွဲ့ တစ်ဖွဲ့ ရှိသည်။ လူမှုအပြောင်းအလဲအတွက် မြန်မာလူငယ်ဟူသောအဖွဲ့ Youth for Social Change တဲ့။ လူငယ်သဘာဝ ပတ်ဝန်းကျင် ကွန်ရက် Youth Environmental Network တဲ့။

စိတ်တက်ကြွစရာ မဟုတ်သေးသည့် တိုင်အောင် စိတ်သက်သာစရာတော့ ဖြစ်လာခဲ့ပြီ။ သို့သော် တစ်ဖက်ကို ပြန်ကြည့်ပြန်တော့ သယံဇာတတွေ ပျက်စီးဆုံးရှုံးမှုက အစုလိုက်အပြုံလိုက် လှိုင်မြန်လွန်းနေတော့ ဒီလူငယ်လေးတွေမီမှ မီပါ့မလားဟု စိုးရိမ်မိသည်။ စနစ်တကျ စုပေါင်းပြီး ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်နေပြီ။ အခု အချိန်မှာမှ မစလျှင် နောက်ကျ သွားတော့မည်။

ရေ့မှ ဦးအောင်သည် တက်ကြွသည့် လူငယ်လေးတွေ မဟုတ်သည့်တိုင်အောင် ဘာကိုမှ စိတ်မဝင်စားဘဲ အသားလေးအလိုက်သင့် ခေတ်ကို လေဟုန်စီးပြီး လိုက်နေသည့် လူငယ်လေးတွေကိုရော စိမ်းလန်းသည့် ဝယ်ယူစားသုံးသူတွေ ဖြစ်လာအောင် ဆွဲဆောင်ကြည့်လို့ရမလား၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့၏ပူးပေါင်း ဆောင်ရွက်မှုလည်း လိုတာကိုး။ လူငယ်တွေကို လူငယ်တွေ အချင်းချင်းကသာ လက်တွဲခေါ်နိုင်မည်ဟု ကျွန်မ ထင်ပါသည်။

လူမှုအပြောင်းအလဲအတွက် လှုပ်ရှားဆောင်ရွက်သည့်အခါ နေရာပေါင်းစုံမှ တတ်ကျွမ်းသည့် ပညာရှင်ပေါင်းစုံကိုလည်း လေ့လာဖို့ မေးမြန်းဖို့ အကူအညီတောင်းဖို့လိုပါသည်။ ပြဿနာတစ်ခုကို အရင်းအမြစ်ကစပြီး သိဖို့လိုပါသည်။ ဒါမှသာ ပြေလည်အောင် ဖြေရှင်းဖို့ နည်းလမ်းတွေကို စနစ်ကျကျသိမည်။ ဒါကြောင့် လူငယ်တွေက စိတ်ဓာတ်ရှိနေရုံဖြင့် မရ၊ အတွင်းကျကျ စနစ်ကျကျ သိထားရမည့် အချက်တွေကို သိအောင် ကြိုးစားကြရမှာဖြစ်သည်။ ဒါကို ထိမိသော စကားလုံးဖြင့်ပြောရလျှင် သုတေသနနည်းဖြင့် ရှာဖွေစုဆောင်းလေ့လာထားသည့် အားကိုးထိုက်သော ဗဟုသုတ ရှာဖွေစုဆောင်းခြင်း ဟုခေါ်သည်၊ Creation of Reliable Knowledge through research တဲ့။

ကြေးစင်တောင် လက်ပံတောင်းတောင်တို့မှာ ဖြစ်ပျက်နေသည့်အဖြစ်တွေကို သိချင်သလား၊ စီမံကိန်းများကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု Environmental Impact ကို စနစ်ကျကျသိဖို့လိုမည်။ မြစ်ဆုံ စီမံကိန်း၏ အတွင်းကျကျ ဆိုးကျိုးတို့ကို အမှန်တကယ်သိဖို့လိုသည်။ ရွှေသဘာဝဓာတ်ငွေ့နှင့် ပိုက်လိုင်းတွေ၏ ကောင်းကျိုးဆိုးကျိုးကို စနစ်ကျကျ သိဖို့လိုမည်။ သစ်တောပြုန်းတီးခြင်းကို စနစ်ကျကျ သိဖို့လိုမည်၊ လေထု ရေထု ညစ်ညမ်းမှုကို စနစ်တကျ သိဖို့လိုမည်။ လူငယ်တွေသည် ကိုယ်ဝယ်ယူသည့် ကိုယ်သုံးစွဲသည့် ပစ္စည်းက သဘာဝပတ်ဝန်းကျင်ကို ဘယ်လောက် ထိခိုက်စေသလဲ ဘယ်လောက် ဆိုးရွားသလဲ သိဖို့လိုသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းအောင် ဘယ်လို ပစ္စည်းမျိုးကို သုံးစွဲရမလဲ သိဖို့လိုသည်။ ဒါကို Green Consumer ဟု ခေါ်သည်။ လူငယ်တွေသည် Green Consumer အဖြစ်ဖြင့် ကျေနပ်နေလို့မရ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကိုယ်တိုင်လှုပ်ရှားတက်ကြွသော Ecological citizen တွေ ဖြစ်နေဖို့လည်း လိုအပ်ပါသည်။

မိမိ၏ ဂေဟဗေဒခြေရာ ecological foot print ဘယ်လောက်ကြီးသလဲ။ မိမိတစ်နေ့တာ ဝတ်လုံး တစ်နှစ်ပတ်လုံး သုံးစွဲနေသည့် သဘာဝပတ်ဝန်းကျင်မည်မျှ ကြီးမားသလဲ။ တွက်ကြည့်ရတာ စိတ်ဝင်စားစရာကောင်းပါသည်။

စနစ်ကျကျသိသည့် လူငယ်တို့သည် အကြံပေးအဖွဲ့ဝင်များ Advisory bodies အဖြစ် ပါဝင်ဖို့ သင့်တော်ပါသည်။ နိုင်ငံက အစိုးရ အုပ်ချုပ်ရေးက လူငယ်တို့ကို ထည့်သွင်းမှု မပြုသေးလျှင်တောင် အစိုးရမဟုတ်သော အပြင်လူအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ဖို့ အရေးကြီးပါသည်။ လူငယ်တွေမှာ စိတ်ထဲက လေးစားအားကျသော ခေါင်းဆောင် အနည်းဆုံး တစ်ဦးရှိဖို့ လိုပါသည်။ နိုင်ငံရေးခေါင်းဆောင်၊ တပေနယ်က ဦးဆောင်သူ၊ အနုပညာနယ်မှ လေးစားထိုက်သူ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်ပယ်မှ မိမိလေးစားအားကျသူ စသဖြင့် ရှိနေလျှင် မိမိ၏ ဘဝမျှော်မှန်းချက် ပိုပြီးထိရောက်လိမ့်မည်ဟု ကျွန်မ ထင်သည်။

ခုခေတ်ကတော့ အီလက်ထရွန်းနစ် မီဒီယာက သိပ်အင်အားကောင်းနေသဖြင့် လိုအပ်သော အချက်အလက်များကို အင်တာနက်ဖြင့် ရှာဖွေကြတာကို ကျွန်မသိပါသည်။ ကိုယ်အားကိုးထိုက်သော သတင်းအရင်းအမြစ် ဟုတ်မဟုတ် စေ့စပ်စွာလေ့လာဖို့လိုပါသည်။ ဒါကြောင့်လည်း reliable knowledge through research ဟု အပြည့်အစုံထည့်ပြီး ဖော်ပြထားခြင်းဖြစ်သည်။

လူငယ်တွေ၏တက်ကြွမှုကို ကျွန်မတို့ အားကိုးရမည့်အချိန်သို့ ရောက်ပြီ။

ဖျ

# ချစ်ဖွယ်ပေါတဲ့ ယောသူတို့ရွာ


ခင်ခင်ထူး

( ၁ )

ကျွန်မတို့စီးလာသည့်ကား ဂန့်ဂေါကိုရောက်တော့ ညရှစ်နာရီ ကျော်ပြီ။ မနက်စောစော နှင်းတဖျောက်ဖျောက် လေးနာရီလောက်ကတည်းက ကျွန်မတို့မိသားစု မန္တလေးက ထလာခဲ့ရသည့်ခရီး။ ခရီးချင်းကြည့်တော့ မန္တလေး ဂန့်ဂေါခရီးကို ဆယ့်ခြောက်နာရီ လာခဲ့ရတာပါလား။ လမ်းမှာ ကျွန်မ ရောက်ဖူးချင်ခဲ့သည့် 'ပုံတောင် ပုံညာ' ကို ကျော်ခဲ့ရသည်၊ ရေမျက်နှာနှင့် ကျောမြို့ကလေးတွေကို ဖြတ်ခဲ့ရသည်။ သည်ခရီးကို ရက်တော်တော် စောစောကတည်းက စီစဉ်ခဲ့ကြခြင်း ဖြစ်ပါ၏။

"ဆရာမတို့မန္တလေးကို ကျွန်တော် ကားတစ်စီး လွှတ်ထားတယ်။ မနက်စောစော ထွက်ကြပေါ့။ ပခုက္ကူမှာ ကျွန်တော်တို့စောင့်နေမယ်။ ပခုက္ကူမှာ မနက်စာစားပြီးမှ မြိုင်လမ်းကတစ်ဆင့် ယမားချောင်းကိုဖြတ်ပြီး ပုလဲ၊ မင်းတိုင်ပင် လမ်းကနေ ဂန့်ဂေါကို သွားကြမှာပါ"

ပခုက္ကူက ဆရာကြီးဒေါက်တာ သက်လွင်ခမှာ ဂန့်ဂေါ၊ ကလေး၊ တမူးဟောပြောပွဲခရီးစဉ်အတွက် အစစအရာရာ စီစဉ်ရသူဆိုတော့ ကျွန်မတို့ဆီကို မကြာခဏဖုန်းဆက်သည်၊ ဆရာကြီးဒေါက်တာသက်လွင်ကို ကျွန်မတို့မဆုံဖူးကြပေသိ ဆရာကြီးကို အလေးထားပင် ခင်မင်နေကြပြီ၊ မကြာခဏ ဖုန်းဆက်သဖြင့် အားပင်နာရပါ၏။ မူလအစီအစဉ်က ကလေးမြို့ ဟောပြောပွဲအတွက်သာ စီစဉ်ထားခြင်းဖြစ်သည်။ ဂန့်ဂေါမြို့ကလည်း စီစဉ်ချင်ကြသည်ဆို၍ ကလေးမြို့တာမေဟောပြောပွဲနှင့်ကပ်ပြီး



Asian Fame Media Group

ရက်ပေးလိုက်ရသည်။ တစ်ခါ တမူးမြို့ကလည်း စာပေဟောပြောပွဲ ကျင်းပဖို့ စီစဉ်ကြပြန်တော့ ကလေးမြို့စာပေပွဲအပြီးမှာ ဟောဖို့ တမူးကိုပါ ရက်ပေးလိုက်ရသည်။ သည်တော့ ကျွန်မတို့ခရီးစဉ်က ဂန့်ဂေါ၊ ကလေး။ တမူး။ ခရီး အရ ပထမဆုံးဟောရမည့် ဂန့်ဂေါကို အရင်ဝင်ကြရမည်။

ဂန့်ဂေါ. . .။

ကျွန်မ ရောက်ဖူးချင်ခဲ့သော မြို့ကလေး။ မြို့ကလေးလို့သုံးလိုက်ရပေသိ မြို့ကြီးလား. . . မြို့ကလေးလားသိနှင့်တာတော့ မဟုတ်ပါ။ ပထဝီမှာ သင်ခဲ့ရဖူးသလောက် ပခုက္ကူခရိုင်၏အနောက်မြောက်ဘက်ကျ၍ အရှေ့ဘက်ကပုံတောင်၊ အနောက်မှာ ချင်းနိုးမတောင်။ ဂန့်ဂေါမြို့က ကျဉ်းမြောင်းရှည်ရှည် မြေနိမ့်ထဲက မြို့ကလေးဆိုတာကို မှတ်မိလို့ သုံးလိုက်ရခြင်းပါ။ လွန်ခဲ့သည့် ဆယ်နှစ်လောက်က ပုလဲမြို့နယ်ထဲက ကင်းဝန်မင်းကြီးဇာတိရွာ မင်းတိုင်ပင်ကို စာပေဟောပြောပွဲ ခရီးရောက်ခဲ့ဖူးပါသည်။ မင်းတိုင်ပင်က ဆက်သွားရင် ဘယ်ရောက်နိုင်သလဲလို့ ကျွန်မမေးဖူးသည်။ ဂန့်ဂေါကို ရောက်တယ်ဆိုကြပါ၏။ အခု တစ်ခေါက်ခရီးက တစ်ခါက ကျွန်မ မေးခဲ့ဖူးသည့် ခရီးဖြစ်နေသည်။ ပခုက္ကူက မြိုင်လမ်းကိုဝင်သည်။ မြိုင်မြို့ကိုမရောက်ခင် ပုသိမ်မုံရွာကားလမ်းကတစ်ဆင့် ပုလဲမြို့ကိုဝင်သည်။ ပုလဲကတစ်ဆင့် မင်းတိုင်ပင်။ သည်ကမှဂန့်ဂေါ။ လမ်းကမကောင်းသည့်နေရာ မကောင်း၊ ဆိုးသည့်နေရာဆိုးလို့သာ ဆိုချင်တော့သည်။ ကားမောင်းလို့တော့ ဖြစ်သား၊ ခရီးကတော့ မတွင်လှပါ။

“ဂန့်ဂေါက ခရိုင်မြို့ပါ။ အင်မတန်အေးချမ်းတယ်၊ စိုက်ပျိုးရေးနဲ့ အထည်လုပ်ငန်းတချို့ရှိတယ်။

“များရွာကထွက်တဲ့ ဂန့်ဂေါထည်တွေ နာမည်ကြီးပေါ့”

ကျွန်မတို့နှင့် ခရီးအတူပါလာသည့် သတင်းဆရာ ဆရာနေဦးမောင် (ပခုက္ကူ)က ပြောပြသည်။ တစ်ခါက စိတ်ကူးနှင့် ရောက်ခဲ့သော ဂန့်ဂေါ။

“နရသီဟပတေမင်းက အမူတော်ထမ်းမကျေတဲ့ စစ်ကဲတပ်မှူးတွေကို မီးလောင်တိုက်သွင်းစေ အမိန့်ချပြီးမှ အမျက်တော်ပြေလို့ သစ်တောလေးရပ်ပို့စေလို့ အမိန့်ပြင်တာကိုးဆရာမရဲ့။ သစ်တောလေးရပ်အပါအဝင် ဂန့်ဂေါဖြစ်လာမယ့် အနောက်ဂန့်ဂေါကိုရောက်လာတော့ မြစ်သာမြစ်ကို တွေ့ကြတယ်။ မြစ်သာထဲစီးဝင်တဲ့ တောင်ချောင်း၊ သဲချောင်း၊ ပလောချောင်း၊ ဇာဟောချောင်းတွေကလည်း သည်နားမှာပဲ ဆိုတော့ ရေသာမိုးသာအရပ်ဆိုပြီး ရွာတည်ထောင်ကြရာက ဂန့်ဂေါဖြစ်လာတာခင်ဗျ”


သမိုင်းထဲက ဂန့်ဂေါကိုပါလာသူတစ်ဦးကပြောပြလို့ အသိဖမ်းထားခဲ့သည်။ ထိုနေရာအလယ်မှာ ကန့်ကော်ပင်ကြီးတစ်ပင် ရှိခဲ့လို့ ကန့်ကော်ရွာက ဂန့်ဂေါရွာဖြစ်လာတာလို့ တစ်ဦးကပြည့်သည်။

“တချို့က ရှေးတုန်းကဂန့်ဂေါ တစ်ရွာတည်းရှိရာက မြစ်သာမြစ်က မြစ်ကြောင်းပြောင်းပြီး နှစ်ရွာကြားစီးလို့ နှစ်ခြမ်းကွဲသွားတယ်လို့လည်း ပြောကြတာကြားဖူးတယ်။ တချို့ကလည်း အနောက်ဂန့်ဂေါကို မင်းရွာသူကြီးမင်းက သုပိုင်ရယ်လို့သစ္စာပြုတော့ နဂိုသူကြီးက အရှေ့ဘက်ကမ်းပြောင်းပြီးရွာသစ်တည်ရာက အရှေ့ကန့်ကော် အနောက်ကန့်ကော် ဖြစ်ရတယ်လို့လည်း ဖတ်ဖူးတယ်”

ဂန့်ဂေါသမိုင်းအကြမ်းကို ပြောနေကြခြင်းဖြစ်သည်။ ဆရာကြီးဒေါက်တာသက်လွင်က အကြောင်းဆိုက်လျှင်ဆိုက်သလို ရွာသမိုင်း နယ်သမိုင်း၊ သာသနာ့အာဇာနည်များပေါ်ထွန်းရာ ရွာသမိုင်းတွေကို ပြောပြတတ်သဖြင့် ခရီးထဲတသမိုင်းပုံရိပ်တွေကို သိခွင့်ရခဲ့ပါ၏။ လမ်းမှာတော့ ကျွန်မအာရုံထဲမှာ နှစ်နှင့်ချီပြီး စွဲလမ်းထင်ထင်ရှိခဲ့ရသော ပုံတောင်နှင့် ပုံညာတောင်တွေကို ဖြတ်ခဲ့ရသည်။

(၂)

ဆရာမြသန်းတင့်ရေးခဲ့သည့် ‘ပုံတောင်ပုံညာ သွားတောလား’ စာအုပ်မှာတော့ ယောနယ်အကျယ်အဝန်းကို မြောက်ဘက် ကလေး၊ သောင်သွပ်၊ တောင်ဘက် စေတုတ္တ



Asian Prime Media Group
MEDIA GROUP

ရာ၊ အရှေ့မှာ ဧရာဝတီနှင့်ချင်းတွင်း၊ အနောက်မှာ ဖိုးခေါင်တောင်ရိုးနှင့် ချင်းတောင်တန်းလို့ ရေးခဲ့တာ ဖတ်ရပါသည်။ ထီးလင်း၊ ဂန့်ဂေါက မြောက်ယော။ ဆောနှင့်ယောမြို့က တောင်ယောဆိုပါ၏။

ပုံ တောင် တောင် ထိပ် ကို ရောက်တော့ ကားဆရာက ရပ်ပေးသည်။ ကျွန်မတို့အားလုံးကားပေါ်က ဆင်းကြပြီး ဓာတ်ပုံရိုက်ကြသည်။

စစ်ကိုင်းတိုင်းအဆုံး မကွေးတိုင်းအစ ဆိုင်းဘုတ်နှစ်ချပ်ကိုလည်း တွေ့ရသည်။ နတ်ထိပ်ခေါ်ကြသည့် ပုံတောင်ထိပ်ကလှမ်းမျှော်လျှင် လွင်ပြင်ထဲက ပုဂံနှင့် ပုပ္ပါးရိပ်ရိပ်ပါးပါးကိုမြင်နိုင်သတဲ့။ နတ်ထိပ်တောင်ပေါ် ဈေးဆိုင်က ပြောပြခြင်းဖြစ်သည်။ ကျွန်မ လှမ်းကြည့်တော့ မမြင်ရပါ။ နေအကျ မြူတွေကြောင့် ထင်ပါ၏။ အမေရေယဉ်နန်းပေါ် တက်ပြီး အရိုအသေပြုဖို့လည်း ဈေးသည်က တိုက်တွန်းသည်။

"အမေရေယဉ်နန်းလေ. . အမေကြီးက အကျိုးပေးတယ်။ ယုံယုံကြည်ကြည်ပသသွား. . . ခလုတ်မထိဘူး ဆူးမငြိဘူး"

အမေ ရေယဉ်နန်းရင်းကို ကျွန်မရောက်ဖူးပါသည်။ နန်းရင်းက ပုလဲယင်းမာပင်လမ်းပေါ်ရှိ လယ်ငေါက်ရွာလမ်းခွဲမှအတွင်းသို့ ဆယ်မိုင်လောက်ဝင်ရသည်။ မောင်းတုံရွာမှာ အမေ ရေယဉ်နန်းရင်းရှိသည်။ အမေရေယဉ်နတ်သမိုင်း နှစ်မျိုးကွဲပေသိ ကျွန်မ ကြားဖူးသလောက် ဇာတ်လမ်းနှစ်မျိုးစလုံးမှာ အမေရေယဉ်ကို ဓောနန်းမွန်အဖြစ် ပြောကြလေ့ရှိသည်။ ယောနယ် ယောဒေသကို အမေရေယဉ် ရောက်ခဲ့တာကိုလည်း နတ်သမိုင်းတွင် ဖတ်ရှုရပါ၏။ နတ်ချော့ချင်းမှာတော့ အမေရေယဉ်ကို အမျိုးမျိုးဖွဲ့သည်။

"ရွှေညာမြေက ယမားသူတဲ့၊ ဆပ်သွားမှုနဲ့ ရေငိုးသူတဲ့၊ ဆပ်သွားပင်နဲ့ ရေယဉ်သူတဲ့၊ ကြိမ်ပိုက်တောနှင့် မျှော့တောသူတဲ့၊ နဂါးရုံနဲ့ မောင်းတုံသူတဲ့၊ ဆန်မနေခနဲ့ ပြောင်းတောသူတဲ့"

ပုံတောင်က ဆင်းကြတော့ နေဝင်ပါပြီ။ ပုံညာတောင်က အနောက်ဘက်မှာရှိလို့ ပုံတောင်ပုံညာတွဲခေါ်ကြသော်လည်း တောင်ချင်းကဝေးသည်။ ပုံတောင်က ပျှမ်းမျှ ပေလေးထောင်လောက်မြင့်သည်ဆိုပါသည်။ ပုံတောင်ညနေခင်းနှင့် ပုံညာညဦး။

ကားဆရာက ပုံညာတောင်က ဆင်းတော့ နန်းဦးနန်းဖျားကန်တော့ အရိုအသေပြုရကြောင်း ပြောပြသည်။ ယောကတော်၊ ဆောကတော်၊ နှောကတော်၊ ခရယဉ်ကတော်က တော်လေးပါးကို ဦးတင်ရခြင်းကို ဆိုပုံရပါ၏။ သူ့ဒေသနှင့် သူ့ဓလေ့ပင်။ ပုံတောင်နှင့် ပုံညာတောင်နှစ်တောင်ကြားက ကျော့ရွှာ၊ ပုံညာအဆင်းက ရေမျက်နီရွာ။ ညောင်လည်၊ လယ်မရွာတွေကို လွန်တော့ ဂန့်ဂေါ။

နာရီကြည့်တော့ ညရှစ်နာရီကျော်ပြီ။


(၃)

မနက်စောစော ဂန့်ဂေါမြို့ဈေးခင်းကိုကြည့်ချင်သဖြင့် ခရီးဝင်ခဲ့သည့်ကြားက လူလူးလဲလဲထရပါ၏။ သမီးကလေးကိုနိုးတော့ ထချင်ပုံမရ။ ဖွတ်နှိုးခဲ့ရတော့သည်။ ဂန့်ဂေါမနက်ခင်းက အေးတော့အေးသားပင်။ ကျွန်မတို့တည်းခိုရသည့် အိမ်ရှင်ဦးမင်းဇော်မိသားစုက လမ်းညွှန်လိုက်သဖြင့် လမ်းမကြီးတချိုးကာ မြို့အနောက်ဘက်ကို လျှောက်လာခဲ့ကြသည်။

မြစ်သာမြစ်ကို တွေ့ရပါပြီ။ လှလိုက်သည့်မြစ်။ မြန်မာပြည်ထဲ စီးဆင်းသမျှမြစ်တွေထဲမှာ ထူးခြားလှစွာ တောင်မှမြောက်ကို ပြန်စီးသော မြစ်။ ရေစစ်ချိန်မို့ ရေပါးပေသိ မြစ်ပုံရိပ်ကျန်ပါသေးသည်။ ကြိုးတံတားကြီးက အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါရွာ၊ ရှုံးရှီးရွာတွေကို တွယ်ဆက်ပေးထားသည်။ မြစ်ဘေးစိုက်ခင်းတွေကလည်း စိမ်းစိမ်းလန်းလန်းရှိကြပါ၏။ ဂန့်ဂေါသူကလေးများဖြစ်ကြသည့် ယမုံဖူး၊ ခိုင်မီမီဦးနှင့် ချောချောတို့က ကျွန်မတို့နှင့်အတူ ပါလာကြသည်။ ကျွန်မတို့တစ်တွေ ကြိုးတံတားအတိုင်း အနောက်ဂန့်ဂေါအထိ လျှောက်ဖြစ်ခဲ့ကြသည်။

"ဆရာမတို့ညကျရင် အနောက်ဂန့်ဂေါမှာဟောရမှာ. . . သည်ကြိုးတံတားက ဆိုင်ကယ်နဲ့ လှုပဲဖြတ်လို့ရတာလေ။ ကားတွေကတော့ ကားကူး သစ်လုံးတံတားက ဖြတ်ရမယ်။ ကားကူးဖို့ တစ်နှစ်တစ်ခါသုံးတံတားထိုးရတာပေါ့။ ရေကြီးလာရင် သစ်လုံးတံတား မရှိတော့ဘူး။ မြောက်ဘက်မှာတော့ ကားကူးနိုင်တဲ့မြစ်ကူးတံတားရှိတယ်။ စိုင်ဒူးတံတားခေါ်တယ်"

စိုင်ဒူးတံတားကို ဖြတ်ပြီး ချင်းတောင်ဟာခါး၊ ပုလဲနယ်တွေကို သွားနိုင်ကြသည်ဆိုပါ၏။ မြစ်ကူးကြိုးတံတားပေါ်က ဖြတ်သန်းသွားလာနေကြသော ဈေးသည်တွေကို တွေ့ရပါသည်။ ကြိုးတံတားအဆုံးလျှောက်ကြပြီး ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်ကြသည်။ တချို့က ဈေးသွားသူတွေ။ တချို့က ဈေးဝယ်ပြန်တွေ။ တချို့က ဈေးတောင်းတွေ ရွက်ကြလို့၊ တချို့က ဆန်ကောကြီးတွေလို ဗန်း







Asian Fame Media Group

တွေရွက်ထားကြသည်။ ဈေးမှာပါလာသည့် ကုန်တစ်မယ်မယ်ချရောင်းပြီး အပြန်မှာ ဈေးဝယ်ပြန်ကြပုံရပါ၏။ ကျွန်မက ဘယ်ရွာတွေကတုံးဆိုတော့ ရွာနာမည်တွေ ပြောကြသည်။ ယောသူတို့ဈေးအပြန်ကို ဓာတ်ပုံရိုက်ယူတော့ ရယ်သူကရယ်လို့၊ ရှက်သူကရှက်လို့။ ကျွန်မတို့အညာကဈေးပြန်တွေလိုပါပဲ။

ဈေးဘက်ကိုလျှောက်ခဲ့သည်။ ဈေးထဲမှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေ စုံလိုက်ပုံများ။ ခေတ်အသုံးအဆောင်တွေကလည်း ပြည့်ပြည့်စုံစုံရှိသည်။ ဒေသစိုက်ပန်းတွေကလည်း အမျိုးစုံလှပါ၏။ ယောသူတွေက မျက်နှာပြုံးပြုံး၊ စကားပြောပြန်တော့ ပွင့်ပွင့်လင်းလင်း အားရပါးရပြောကြတာ သတိထားမိပါသည်၊ တစ်ခါတစ်ရံရောက်လာတတ်သော ဧည့်သည်မှန်းသိကြသူတွေများသည်။ ဧည့်သည်မို့ ဈေးမတင်ကြဘဲ ရောင်းနိုင်သည့်ဈေးရင်းအတိုင်း ရောင်းကြသည်။ လာပို့ဖာပောာ၊ ရှုံးရှီရွာတွေက လာရောင်းကြတာဆိုပါ၏။ ဒေသထွက် ချင်းတောင်ပန်းသီးတွေက သဘာဝ





အတိုင်း ချိုနေကြသည်။ ငှက်ပျောသီးဝဝတွေကလည်း သဘာဝအတိုင်း မှည့်ကြသည့်အသီးတွေ။ ချင်းတောင်ဘက်ဆီက လာသောတောဝက် သားခြောက်တွေက တစ်ပိဿာ တစ်သောင်းဈေး။ ယောသနပ်ခါးခေါက်တွေကလည်း ဝယ်ချင့်စဖွယ် လိမ်းချင့်စဖွယ်။ သစ်ပင်တွေကခွာလာခဲ့သည့် မှိုတွေကလည်း ဖွေးလို့။ ယောသူတွေ ဈေးလာကြတော့ ဆိုင်ကယ်နှင့် လာကြသူတွေရှိသလို၊ ခြေလျင် လျှောက်လာကြသူတွေလည်း ရှိသည်။ မနက်လေးနာရီငါးနာရီက စခင်းခဲ့သော ဈေးကလေးက မနက်ရှစ်နာရီကိုးနာရီမှာ ဈေးကွဲသည်ဆိုပါ၏။ ကျွန်မတို့ဈေးကပြန်တော့ ဈေးလည်းကျဲပြီ။ ကျွန်မကိုရော သမီးလေးကိုပါ လက်ဆောင်တွေ ကမ်းကြတာကလည်း ယူလို့ပင်မနိုင်။ ဈေးထဲမှာ ကျွန်မစာဖတ်ပရိသတ်တွေတွေ့ရလို့ ဝမ်းသာရပါ၏။ တချို့က ဝတ္ထုတိုတွေ ဖတ်ထားကြသည်။ တချို့က လုံးချင်းဖတ်သူတွေ။

"စာအုပ်ရှားတယ် ဆရာမရဲ့။ မန္တလေးကိုမှာရတယ်။ စာတွေဖတ်ပြီးပြီ။ ညကျတော့ ဟောပြောတာ နားထောင်မယ်လေနော"

တကယ့်ကိုယ် ခင်မင်ရင်းနှီးသည့်အသံတွေ။

ထမင်းစားချိန်မှာတော့ အရှေ့ဂန့်ဂေါမှာ စားလိုက်ကြ၊ အနောက်ဂန့်ဂေါမှာစားလိုက်ကြ၊ ယောထမန်း၊ ယောဟင်း (ယောထမင်း ယောဟင်း) တောင်းလိုက်ပုံများ။ တစ်မနက်ခင်းမှာတော့ အိမ်ရှင်များကလိုက်ပို့လို့ စိုင်ဒူးတ်တားကို ဖြတ်ပြီး အုံ့တုံးတောင်ပေါ် ဘုရားဖူးရောက်ခဲ့ရသည်။ ဟောပြောရမည့်ညကတော့ အနောက်ဂန့်ဂေါကို စေ့စေ့စပ်စပ်ကူးခဲ့ကြသည်။

အနောက်ဂန့်ဂေါကလည်း သာယာလှပသော အေးချမ်းလှသည့် ရွာကြီးဖြစ်ပါသည်။ အနောက်ဂန့်ဂေါသူ သမိုင်းဌာနမှဆရာမ ဒေါ်ဖြူသဲအိကို လမ်းကလေးတစ်လမ်းသာခြားသော ရှုံးရှီရွာကို လိုက်ပြသည်။ ချင်းလူမျိုးများ အများစုနေထိုင်သော ရှုံးရှီရွာမှာ ချင်းတို့နေထိုင်ကြသော အိမ်ဖလေ့ကို လေ့လာခွင့်ရခဲ့ကြပါသည်။ ရှုံးရှီရွာမှာ အဘဦးရှန်းမော်နှင့် တွေ့ခဲ့ရသဖြင့် ရွာသမိုင်း ရပ်သမိုင်းတွေကြားခဲ့ရပါ၏။ ချင်းပြည်နယ် ဟားခါးမြို့ဆုပ်ဆီး၊ ဒါဒီန်းရွာတွေက ဈေးအစဉ်အဆက် မြေပြန့်ကို ဆင်းလာကြသော ချင်းတိုင်းရင်းသားများ ရွာတည်ကာနေခဲ့ကြသည့် ရွာကြီးဟုဆိုပါသည်။

အနောက်ဂန့်ဂေါမှာ ကျင်းပသည့် စာပေဟောပြောပွဲကား စည်ကားလှသည်၊ မြစ်သာမြစ်ဘေးကဆောင်းညဟောပြောပွဲမို့ ရာသီကအေးလွန်းလှပေသိ ပရိသတ်ကခွဲကောင်းကြသည်။ ဟောပြောပွဲပြီးမှပြန်ကြသည်။ ညနေပိုင်းကတည်းက စာရေးဆရာတွေကို လာမိတ်ဆက်ကြ၊ လက်ဆောင်တွေပေးကြနှင့် စာပေဟောပြောပွဲအပေါ် အတော်ကလေးစိတ်ဝင်စားကြတာ တွေ့ရလို့ ဝမ်းသာရသည်။ တချို့က ကျွန်မရေးသည့် ဝတ္ထုစာအုပ်တွေယူလာပြီး လက်မှတ်ထိုးခိုင်းကြသည်။ ကျွန်မ



စာတွေကို ဆွေးနွေးကြသူတချို့ကို လည်းတွေ့ခဲ့ရသည်။ ယောနှင့် အညာ မဝေးဘူးလေနော့. . . တဲ့။ ကျွန်မ စင်ပေါ်တက်ခါနီးတော့ ပရိသတ်တစ်ဦးက ယောသံဖြင့် အားပေးသည်။

"အား. . . ဆရာမ အလှပြန် တာ မန်းသမီးကျလို့" တဲ့။

ဆရာမအလှပြင်တာ မင်းသမီး ကျလို့ဆိုတော့ ကျွန်မပြုံးမိရ သည်။



( ၄ )

ကျွန်မတို့ရောက်ချင်သော ယောထည်ရက်ကန်းရွာ ပျားရွာကို လည်း လိုက်ပို့ကြသည်။ ပျားရွာသည် ယောအဆင်ဆန်းတွေကြောင့် သတင်းကြီးလှသည်။ ဈေးကလို မဲဆိုး မနှစ်ထည်တွေ ရှိသေးသလား မေးတော့ရှားပြီ ဆို၏။ တရုတ်ချည် အိန္ဒိယချည်တွေသုံးကြပေသီ လက် ရက်ကန်းတန်းတွေ အိမ်စေ့ရှိကြ သည်။ တစ်စင်ဝင် တစ်စင်ထွက် ကျွန်မတို့ လိုက်ကြည့်ကြတော့ အဆင်အမျိုးမျိုး ဒီဇိုင်းလှလှ၊ အရောင်ဆန်းဆန်း ရက်လုပ်နေကြ တာများ ပျားရွာသူတွေ အားရသူမရှိ။ ပျားရွာသူ ဒေါ်စိန်မူက စာရေးဆရာ တွေကို ချစ်ခင်ရှာမျှော်နေသူ ဖြစ် သည်။ ကျွန်မတို့စာရေးဆရာသုံးဦး ကို ယောပုဆိုး၊ ယောထဘီတွေ လက်ဆောင်ပေးရုံပင်မက ရန်ကုန် မြို့နေ ဆရာချစ်ဦးညိုအတွက်ပါ လက်ဆောင်ကမ်းပေးပါဆိုလို့ ယူခဲ့ ရပါ၏၊ အမြတ်တနိုး ဝတ်ဆင်စေ ချင်လို့ ဝတ်ဖြစ်အောင်ဝတ်ပါလို့ပင် မှာလိုက်သေးသည်။ ရက်ကန်းခုံစင် ပန်းခုံစင်များနှင့် ရွာကြီးမှာ ရက် ကန်းခတ်သံတွေ ညံမစဲ။ ကျွန်မပင် လက်ရက်ကန်းဆည် ယောထဘီ၊ ယောပုဆိုးတွေ ဝယ်ဖြစ်ခဲ့ပါသည်။

ယောသူကလေးတွေ ကိုယ် တိုင်က ဒီဇိုင်းဆန်းကလေးတွေ တကန်တကဝတ်ပြကြရင်း အလှပြ ကြသည်။ ကျွန်မအဖို့ရာ သူတို့ ကလေးတွေကိုရော ယောထည်ဆင် လှလှကလေးတွေကိုပါ ဓာတ်ပုံရိုက် ယူဖို့ အခွင့်အရေးရခဲ့ပါသည်။ ကျွန်မက ယောထဘီကလေးတွေ ဝယ်ဖို့ ဖြန့်ကြည့်တော့ အဆင်တွေက အကုန်လှသည်။ ဘယ်အဆင်ရွေးလို့ ဘယ်အသွေးချယ်ရမည်ပင်မသိ။

"ဘယ်အဆန် (အဆင်) ဝတ် ဝတ် ဆရာမနဲ့လှတယ်ကော . . . ကျွန်မတို့တောင် လှနေတာကြည့်"

တစ်ယောက်ကနောက်တော့ အားလုံးကရယ်ကြသည်။ ယောသူ ကလေးတွေ တကယ်လည်း လှကြ ပါသည်။ တကယ်လည်း ယဉ်ကြပါ သည်။ ယောသူကြီးတွေကလည်း ယဉ်ယဉ်သန့်သန့် ခန့်ခန့်ကြီးတွေ။ ယောစကားပြောကြတော့ ယော သံဝဲဝဲ။

အားရပါးရ ပလုတ်ပလောင်း ပြောကြတာ နားမှာတစ်မျိုးဆန်းပြီး နာပျော်ဖွယ်ကောင်းလှပါ၏။ စကား လုံး တစ်ဝက် အပြုံးတစ်ဝက်။

ကျွန်မကို ယောသနပ်ခါးတုံး တွေပေးကြသည်။ "ယောသနပ် ခါးလိမ်းမှ ယောသူတွေလိုလှမှာပေါ့" တဲ့။

ပကတိစင်ကြယ်သော ရိုးဂုဏ် ကို နေရာတိုင်းမှာတွေ့ရသည်။ သိမ်မွေ့နူးညံ့ခြင်းကို နေရာတိုင်းမှာ တွေ့ရသည်။

ချစ်ဖွယ်ပေါတဲ့ ယောသူတို့ရွာ ကို ကျွန်မတကယ်ရောက်ခဲ့ရပြီ။ ကျွန်မတို့ ကလေးမြို့ကို ကူးဖို့ပြင်ကြ တော့ "လာခဲ့ကြဦးလေနော" တဲ့။

လာချင်ပါ့ရှင်. . . ။

**ခင်ခင်ထူး**

Asian Fame Media Group

# မရေးမကောင်း ရေးမကောင်း

ညီ ညီ ညာ ညာ ညက် ညက် ညော ညော



## ကားပေါ်က ဘုရင်မ

ညောညောတို့မိန်းမသားဘဝ နယ်ပယ်စုံမှာ တယ်လည်း အတွန်းအတိုက် အတို့အထိခံရကာပါ ကလားနော်။ ညောညောရုံးက ညီမလေး တစ်ယောက်ကို ကားပေါ်မှာ သကောင့်သား တစ်ယောက်က လှုပ်ပါးဝလိုက်သတဲ့လေ။ နေရာမရ လို့ မတ်တပ်ရပ်ရတာချင်းအတူတူ အဲ့ဒီသကောင့် သားက သူ့ကောင်မလေးပခုံးကို ဖက်ထားသတဲ့။ ဖက်ထားတဲ့ အဲ့ဒီလက်တစ်ဖက်စွန်းက လက်ညှိုး က သူ့ကောင်မလေးကိုကျော်ပြီး ညီမလေးပခုံးစွန်း ကို လာလာကုတ်သတဲ့လေ။ ကျူးကျော်စစ်ပွဲဖြစ် လာပြီဆိုတော့ ညီမလေးလည်း မခံစားနိုင်ဘဲ ဒီသကောင့်သားလက်ကို သူ့လက်သည်းရှည် တဆုံးထိအောင် ထိုးဆိတ်ပစ်လိုက်တော့ သကောင့်သားခမျာ အော်လည်းမအော်ရဲဘဲ ကြိတ်မှိတ်အီစိမ့်သွားသတဲ့လေ။ ဒီမှာတင် အခန်း ထဲက နောက်တစ်ယောက်ကလည်း ယောကျ်ား တွေက ကားပေါ်မှာ ပေါင်ကိုစေ့မထိုင်ကြတာ လည်း ဘာသဘောလဲမသိဘူး။ သူတို့ရဲ့ နေရာ ယူကျူးကျော်မှုကလည်း လွန်လွန်းအားကြီးတယ်။ သူ အဲ့လိုယောကျ်ားတွေကို တွေ့ရလွန်းလို့ ဒေါသ ထွက်ပေမယ့် ခုချိန်ထိ မပြောဖြစ်သေးတာကာ ယောကျ်ားတွေက ပေါင်ကို စေ့လို့ကိုမရတဲ့အမျိုးမို့ အဲ့လိုထိုင်ကြတာလားဆိုတာ သိပ်မသေချာလို့ဆို တော့ အခန်းထဲမှာ ရယ်လိုက်ကြတာ ဘုန်းခနဲပဲ။ တစ်နေ့ဆီကတော့ ညောညောလည်း ကားစီးပြီး အပြန်လမ်းမှာ ညောညောရှေ့ထိုင်ခုံမှာထိုင်နေတဲ့ အမူးသမားတစ်ယောက် မူးမူးနဲ့ မိန်းမတွေရဲ့ မကောင်းကြောင်းတွေ မပြီးနိုင် မစီးနိုင်ရစ်နေတာ တွေ့ခဲ့ရပါတယ်။ စိတ်ကျပ်လူကျပ်ကားပေါ်မှာ ဒီလိုအသံ ဒီလိုဟန်နဲ့ ကြားနေရတာ ကြာတော့ ပတ်ဝန်းကျင်က ဒီလူကို ဆွဲချချင်နေပါပြီ။ ဒါပေမဲ့ စပယ်ယာက ဟာဒယရှင်ဆေးတိုက်ကျွေးနေသ လို တပြုံးပြုံးနဲ့ လက်ခံနေတော့လည်း မပြောသာ ဘူးပေါ့။ နောက်တစ်မှတ်တိုင်လည်းရောက်ရော အားကောင်းမောင်းသန်ပုံစံနဲ့ မိန်းမကြီးတစ်ဦး တက်လာပါတယ်။ သူက အမူးသမားဘေးနား တိုးမိရက်သား ဖြစ်သွားပါတယ်။ မိန်းမကြီးဟာ ပထမတော့ အံ့သြစူးစမ်းတဲ့ပုံနဲ့ အမူးသမားကို ကြည့်ပါတယ်။ နောက်တော့ အမူးသမားအပြော ကို မျက်မှောင်ကြုတ်ပါတယ်။ ဒီနောက်တော့ တစ်ကားလုံး အံ့အားသင့်သွားအောင် လုပ်ချလိုက် တာကတော့ အမူးသမားဆံစကို ဆွဲဆွဲဆောင့်ပြီး "ဟဲ့ ယုတ်မာတာ နင်တို့ယောကျ်ားတွေ၊ ပက်စက် တာက နင်တို့တွေ. . . ဘာ မိန်းမမကောင်း ကြောင်းပြောနေတာလဲ၊ နင်ပြောနေတာတွေ အခု ရပ်ရင်ရပ် မရပ်ရင်သတ်ပစ်လိုက်မယ်၊ တစ်နေ့လုံး ရှာရဖွေရတာ ဖတ်ဖတ်မောရတဲ့ကြားထဲ ကားပေါ် ရောက်တာတောင် စိတ်မချမ်းသာဘူး" တဲ့လေ။ အားလုံးဟင်ခနဲ ဟာခနဲဖြစ်ပြီးသကာလမှာ ကျိတ်ရယ်သူရယ်၊ ပြုံးသူက ပြုံး၊ ထောက်ခံသူကခံ။ ညောညောအမြင်မှာတော့ ဒီမိန်းမကြီးဟာ ဖြူဖြူ ကျော်သိန်းတို့ မေခလာတို့သီချင်းထဲကလို ငါ ဘုရင်မပါပဲရှင်။ အမူးသမားဆိုတာ တိတ်သွား လိုက်တာများ 'ကစ်ခနဲ'တောင် မမြည်ရဲတော့ဘူး။ ကဲ မိန်းမသားထုအပေါင်းရေ. . . အမြင်မတော် အကြားမတော် မိန်းမထုအပေါင်းကို စော်ကား လာပြီဆို ဒီလို ဆောင့်ဆွဲရဲပါသလား။ ရဲတဲ့သူ လက်ညှိုးထောင်။

Asian Family Media Group



## ဒီသူငယ်လေး မက်မောဖွယ်

တစ်လောကလေးဆီက မီဒီယာလောကရဲ့ လူသိရှင်ကြားပွဲတစ်ခုမှာ မင်းသားလေး တစ်ယောက်နဲ့ ချစ်ရေးချစ်ရာတွေဖြာ ၊ မင်းသား လေးရဲ့ ပါးပါးနဲ့တောင် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်း ရဲတဲ့ အဆိုတော်မင်းသမီးလေးက အခုတော့လည်း ချစ်တူအတစ်ကလေး ပြောရင်းဆိုရင်း မင်းသမီး လေးကို သဘောကျလွန်းလို့ သွားရည်တွေတောင် ထွက်ပြီး စကားက အပီတော့ဘူး။ အဲ ဆက်ပြော မယ်နော်။ အဲ့ဒီမင်းသမီးလေးက ချစ်သူအသစ် ကလေးနဲ့ ရွှေလက်တွဲလို့ လူမြင်ကွင်းမှာ ပေါ်ပေါ် တင်တင် ပွဲတက်လာတာမို့ ဖွင့်မပြောရုံတမယ် ကြော်ငြာလိုက်တဲ့သဘောပါ။ သတင်းသမား များကတော့ ဓာတ်ပုံတွေ ဝင်းလက်ပြိုးပြက်ပေါ့။ နှုတ်သွက်အာသွက်ရှိတဲ့ သတင်းသမားများက အတင်းမေးလေတော့ မင်္ဂလာသတင်း မကြာမီ လာမည်ဆိုတဲ့သဘောမျိုးတောင် ပြောသွားပါသေး တယ်။ ချစ်သူအသစ်လေးက ရိုးသားတဲ့ဖိုးသခွား ပုံစံလေးဆိုတော့ မင်းသမီးလေးအတွက် အခုမှ စိတ်အေးရတယ်ဆိုပြီး နှစ်ထောင်းအားရဖြစ်သူ ကဖြစ်၊ အမယ်လေးဟဲ့ဆိုပြီး အတင်းပြောသူက ပြော ဘာပဲပြောပြော အဲ့ဒီနေ့ အဲ့ဒီပွဲကတော့ မင်းသမီးလေးရဲ့ချစ်သူသစ် ကြော်ငြာပွဲအဖြစ် မှုလပွဲသတင်းထက်တောင် ပွဲဆူသွားခဲ့ပါသေး သတဲ့ ပရိသတ်တို့ရေ၊ ဒီကြားထဲ မိတ်ကပ်မာမီ တစ်ယောက်က ဘေးကတစ်ယောက်ကို ခပ်တိုး တိုးပြောလိုက်တာ ညီညီကြားဖြစ်အောင် ကြား လိုက်သေးတယ်။ "နင်ရော မက်လောက်စရာ သူငယ်လေးတွေ့ပြီလား" တဲ့။ အဟိ အဟိ။



## လှန်ခြင်းရဲ့ အဓိပ္ပာယ်

ညက်ညက်တို့မြန်မာ့ရိုးရာမှာ မိန်းမသားဆို တာ အိမ်ထောင်မှု နိုင်နင်းရပါတယ်၊ အိမ်တွင်းမှု လုပ် သိမ်းထုပ်သေချာဆိုတာ မိန်းမသားတို့တာဝန် ကလား။ ဒီတော့ ရာသီပေါ်စာလေးတွေကအစ ငါးခြောက်ငါးခြမ်းအဆုံး နေပူလှန်းခြင်းအလုပ်ကို တတ်ခြောက်ကြရပါတယ်၊ ငါးခြောက်လေးဆို လည်း နေပူလှန်း ဟိုဘက်ဒီဘက်လှန် ကြွပ်ရွနေ ရင် ကြော်တဲ့ဖုတ်တဲ့အခါ ဆီကုန်သက်သာစားလို့ ကောင်း၊ ကြက်သွန်နီ ကြက်သွန်ဖြူလည်း နေပူ လှန်း ဟိုဘက်ဒီဘက်လှန် ဆီကျက်တဲ့အခါ ရှဲခနဲ ချက်ချင်းကြွပ်တယ် ဒီသဘောပေါ့။ အဘွားတို့ မိခင်တို့မည်သည် သူတို့သမီးကညာလေးတွေကို ဒီလိုလှန်လှော်ခြင်း အတတ်ပညာကို မိန်းမသား တို့ရဲ့ အဋ္ဌာရသအဖြစ် မဖြစ်မနေ သင်ပေးကြပါ တယ်။ အခုခေတ်ပျိုမေ မော်ဒယ်လေးတွေဟာ လည်း ဒီလိုလှန်လှော်ခြင်းအတတ်ပညာကို ကောင်းကောင်းကြီး အသုံးချနေကြတော့တာပါပဲ။ ဟုတ်ကဲ့ မီးဖိုချောင်အတတ်ပညာအတွက် မဟုတ်ပါဘူး။ လူမြင်ကွင်း သူမြင်ကွင်း မီးထိန် ထိန်လင်းနေတဲ့ စင်တွေပေါ်မှာပါ။ ဟုတ်ပါတယ် လှန်လိုက်ကြတာ လှန်လိုက်ကြတာဆိုတာ ဖွေးခနဲ ဖွေးခနဲပါပဲရှင်၊ ဟုတ်ပါတယ်။ အလှမယ် ရွေးပွဲတစ်ခုမှာပါ။ ဝတ်ထားကြတာလေးတွေက ခုခေတ် ခေတ်စားတဲ့ အသားရောင်နဲ့တစ်ထပ် တည်းအစကလေးတွေ၊ အောက်ကလည်း ပါးလွှ တဲ့အစလေးတွေကို ဂါဝန်ဖြစ်အောင် အထပ်ထပ် ကလေးတွေ၊ ပြီးတော့ ဒိုင်လူကြီးတွေရှေ့ရောက်တဲ့ အခါ အဲ့ဒီပါးလွှသော အထပ်ထပ်လေးတွေကို ဆွဲခါလှန်လှော့ဖွင့်ပြလိုက်တဲ့ သကာလမှာ အောက်ခံတိုလေးတွေက ထင်းခနဲ ထင်းခနဲပါပဲ။ ဒါဟာ တစ်ယောက်တည်းလားဆိုတော့ မဟုတ် ပြန်ပါဘူး။ ပြိုင်တဲ့အလှမယ်လေးတွေအားလုံး လှန်ကြတာပါ။ ဒိုင်တွေတော့ မျက်စိတွေကျိန်းစပ် နေကြတော့မှာပါ။ ဒီမှာတင် ညက်ညက်စဉ်းစား တယ်။ ဟုတ်ပြီ ဝတ်ပြီ အလှပြပြီ သို့သော် ဘာ ကြောင့်များ ဒိုင်တွေရှေ့ ပရိသတ်တွေနဲ့ အနီးစပ် ဆုံး အနေအထားကျမှ ဘာကြောင့်များ ဟိုဘက် ဒီဘက် လှန်လှော်ပါပြကြသနည်း။ ငါးခြောက်လှန် တာ ကြော်ကောင်းအောင် ဖုတ်ကောင်းအောင် စားကောင်းအောင်၊ ကြက်သွန်နီ ကြက်သွန်ဖြူလှန် တာ ဆီစားသက်သာအောင် စားကောင်းအောင်၊ မော်ဒယ်လေးတွေလှန်တာ စားကောင်းအောင် ဟုတ်ပေါင် . . . ယောင်လို့ ဘာကြောင့်လှန် သနည်း။ ညက်ညက်စဉ်းစားလို့ မတတ်။


Asian Fame Media Group
MEDIA GROUP





## တစ်လုံးတည်း အပြီးပေါက်

စာပေသမားများစုရပ်က ထွက်တဲ့သတင်းပါ။ တစ်လောလေးဆီက နာမည်တစ်လုံးတည်းနဲ့ လက်ကျန်မရှိအောင် ရောင်းအားကောင်း ညှို့ယူ ဖမ်းစားသွားတဲ့ မဂ္ဂဇင်းတစ်စောင်အကြောင်းပါ။ ဖတ်ပြီးတဲ့သူတွေကလည်း ပြုံးစိပြုံးစိ အဟိ အဟီ။ ဖတ်ရဲတယ် ထုတ်ရဲဘူးဆိုသူကလည်း ရှိ။ မဖတ်ပြီးသေးတဲ့သူကလည်း ဘယ်မှာရနိုင်မလဲ မေးတငေါ့ငေါ့ မေးသူကမေး လက်သိပ်ထိုးပြသူက ပြနဲ့ တကယ် အုတ်အော်သောင်းတင်းဖြစ်သွားခဲ့တာပါ။ ဒီမှာတင် စာပေရပ်ကွက်ဆီက အသံတွေ ဆူဆူညံညံဖြစ်ကုန်ကြပတာပေါ့။ ငါတို့မှာလေ စာဖတ်သူအတွက် ပြည်သူအတွက်တွေ ဘာတွေ ကြွေးကြော်ပြီး တစ်ပတ် တစ်ပတ် တစ်လ တစ်လ ကောင်းအောင် ကြိုးစားလိုက်ရတာ၊ ဒါပေမဲ့ စောင်ရေက တက်လာတယ်မရှိဘူး။ ငါတို့ကတော့ ပရိသတ်က စာပေဘက်အာရုံမရှိတော့ဘူး တခြား တခြားသော မီဒီယာတွေဘက် အာရုံကျ တယ်ထင်နေတာ၊ ခုတော့ ဒီမဂ္ဂဇင်းလည်းကျရော တစ်လုံးတည်း အပြီးပေါက်သွားလိုက်တာ လက်ကျန်တောင်မရှိဘူးတဲ့၊ ပရိသတ်ကို နာရင်းတောင် အုပ်ချင်လာပြီတဲ့လေ၊ ဒီလိုပြောလာတဲ့ စာပေသမားကို နောက်ထပ် စာပေဂုရုကြီးတစ်ဦးက ဘယ်လိုခြေပသလဲဆိုတော့ "ဟ ဟိုမဂ္ဂဇင်းက နာမည်နဲ့လိုက်အောင် တစ်လုံးတည်းနဲ့ ညှို့သွားတာကွ၊ ဖတ်နေရင်းနဲ့ စာရွက်ပေါ် တောင်ပြေးကပ်သွားချင်တာ၊ မင်း ဒီလိုဖမ်းစားနိုင်လို့လား" တဲ့လေ၊ ဟုတ်သားပဲ၊ ညာညာလည်း ဒီစကားဝိုင်းကို နားထောင်ရင်းမှ ပညာတစ်ခုရသွားတယ်။ ကိုယ့်မဂ္ဂဇင်း ကိုယ့်စာစောင်ပေါက်ချင်ရင် တစ်ခါတည်း စာမျက်နှာကို ပြေးကပ်သွားချင်စိတ်ပေါက်အောင် လုပ်တတ်ရမယ်ဆိုတာလေ၊ ဘယ်လိုလဲ အယ်ဒီတာမင်းအပေါင်းရေ၊ ပြေးကပ်သွားချင်အောင် လုပ်တတ်ပါရဲ့လား။

# ဘယ်လိုပုံစံနဲ့ ပြုံးချင်သလဲ





## ဒီလိုလုပ်တော့ ဟိုလိုမေ့

တီဗီအစီအစဉ်တစ်ခုကနေ ဝါသနာရှင်အဆိုသမားလေးတွေကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ကဏ္ဍလေး လူကြိုက်များနေပါတယ်။ ညက်ညက်လည်း ကြိုက်ပါတယ်။ ကြိုက်လို့လည်းကြည့်ဖြစ်ပါတယ်။ ကြည့်နေရင်း ကြည့်နေရင်းနဲ့ ဝါသနာရှင်လေးတွေကိုကြည့်ပြီး တဖြည်းဖြည်းသနားလာတော့တာပါပဲ။ ဘာလို့လဲဆိုတော့ သူတို့ဟာ သီချင်းဆိုတာ ဝါသနာပါလို့ အဆိုတော်ဖြစ်ချင်လို့ ဒီကဏ္ဍမှာပါဝင်ဖို့ ကြိုးစားကြတာလေ။ ဒါကို ပါဖောင့်မန့်စ်တွေ အတင်းလုပ်ခိုင်းပြီး လေ့ကျင့်ပေးတဲ့ဆရာတွေက စေတနာအပြည့်နဲ့ ဟိုလိုလုပ်ရမယ်၊ ဒီလိုလုပ်ရမယ်၊ ဒီလို ဒီလို ဒွန်လိုက်ပါဆိုပြီး အတင်းမောင်းတဲ့အခါ ကင်မရာရှေ့မှာ မျက်နှာလေးတွေငယ်ကျပြီး မှုဒ်မပါဘဲ ကြိုးစားပမ်းစားတွေ လုပ်နေကြတာ မြင်ရတာတကယ်ကို သနားလာတာပါ။ လူနည်းစုက လေ့ကျင့်သလို ပါလာပေမယ့် လူများစုက သူတို့ကိုယ်တိုင် ဒီလိုလေ့ကျင့်ရတာ ဝင်ပန်းခက်ခဲကြောင်း သူတို့ဝါသနာပါတာက သီချင်းဆိုဖို့ပဲဖြစ်ကြောင်းတွေ ပြောပြတာကိုကြည့်ပြီး သူတို့နေရာက ကိုယ်ချင်းစာမိပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများလည်း ဒီအပိုင်းကို ထည့်တွက်စဉ်းစားစေချင်ပါတယ်။ ပါဖောမန့်စ်လုပ်တတ်မှသာ အဆိုတော်ဖြစ်ကြကြောင်းဆို ဟိုအရင်က အဆိုကျော်ကြီးတွေဖြစ်တဲ့ မိမိဝင်းဖေတို့၊ ဟေမာနေဝင်းတို့ ခိုင်ထူးတို့ ခင်မောင်တိုးတို့ ဘယ်လိုလုပ်မလဲ. . နော်။ တာဝန်ရှိသူတွေဘက်က မပြင်ဘူးဆိုရင်တော့ ညက်ညက်အကြံပေးချင်တာက ဒီကဏ္ဍမှာ ဝင်ပြိုင်မယ့်ကလေးတွေ အရင်အဆိုမကျင့်နဲ့၊ ဟိုလုပ် ဒီလုပ်ကို အရင်အလုပ်ကျင့်။ ပခုံးလေးခါလိုက်၊ လက်ကလေးမြှောက်လိုက်၊ တောင်နဲ့မြောက်နဲ့ ပြေးလိုက် အားပါးတရ အရင်ကျင့်ကြပါ။ မသကာ ခွေးလိုက်ကိုက်တာ ခံရရုံပေါ့လို့။

# ဘယ်လိုပုံစံနဲ့ပြုံးချင်သလဲ


















"ဒီလိုပါ ဆရာကြီးဂျက်၊
အဲဒီသစ်ပင်ကြီးတွေ အောက်မှာရှိတဲ့
ရေအိုးတွေကို ဆရာကြီး
သတိထားကြည့်စမ်းပါ။
ရေခွက်တွေကို သံကြိုးနဲ့ ချည်ပြီး
သော့ခတ်ထားရပါတယ်
ဆရာကြီးဂျက်။ အဲဒါ ခိုးလွန်းအား
ကြီးလို့ လုပ်ထားရတာပါ။
သော့ မခတ်ထားလို့ကတော့
ခုထားရင် ခုပျောက်ပါပဲ
ဆရာကြီးဂျက်။

(တစ်)

ဂျက်တို့ငယ်ငယ်က သန်းထွန်းလေး၊ ခုတော့ ဖြင့် ပိုးအိစံတဲ့။ 'မွေးဌာနေအညာရပ်ဆီသို့' လို့ ဆိုပြီး အုန်းပင်ထိပ်ဖျားမှာ တင်ထားသည့် အော်လန်ကြီးကတစ်ဆင့် လယ်ကွင်းတွေကိုဖြတ်ကာ ဂျက်၏နားရွက်ထဲကို ဝင်ရောက်လာပြီးသည့် သကာလ ဂျက်၏နားစည်ကို လာရောက်ထိရှလာ လေသော အနှိုးတေးသံသည် ဂျက်၏ရင်ဘတ်ကိုပါ တဘမ်းဘမ်းလာ၍ ရိုက်ခတ်ဘိချေ၏။ နောက် တစ်ယောက်ကတော့ အဆိုတော်ကြီး စန္ဒရား ထွန်းညွန့်၊ "မြို့ကြီးပြကြီး မနိုးတဲ့ တောရပ်ဌာနေ . . . တောရပ်ဌာနေမှ . . . အဲဒီကစ လူဖြစ်ရတဲ့ ကိုယ့် ဘ၀အခြေ အနေ" ဆိုသော အသံဝါဝါကြီးသည် ရေဒီယိုထဲမှ ထွက်လာပြီးသည့် နောက် ဂျက်၏ ကလီစာကို ဝင်ရောက်နှောက် မွှေပြန်၏။

ဆရာကြီး ဒေါက်တာသခင်ကိုယ်တော်မှိုင်းကတော့ "ဖာတစ်တန်အထုပ် တစ်ဖက်ထထမ်းပါလို့ အညာပြန် ရှတ်တရက် မလှမ်းနိုင်ဘူ နှုတ်ဆက်စမ်းချင်လို့ လာခဲ့တယ်" ဟုဆိုကာ သူ၏ မွေးဌာနေကို တမ်းတ၏။ တရုတ်စာရေးဆရာကြီး လူရွှန်းကျပြန်တော့လည်း သူ့မွေးဌာနေသို့အပြန်ကို အိမ်အပြန်ဟူ၍ ဆွေးလျှစွာ ရေးချခဲ့ပေချေ၏။

မှန်ပေသည်၊ လူတို့သည် မိမိ၏မွေးဌာနေကို မိမိတို့ စုံမက်ချစ်ခင်ကြမြဲ ဓမ္မတာပင်ဖြစ်ဘိချေ၏၊ အနို့ဖြစ်ပေရာ လူသားထဲကလူသားတစ်ဦးပင် ဖြစ်ချေသော ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းသည်လည်း ကျွန်ုပ်၏ မွေးရပ်ဌာနေကို တမ်းတမိမည်မှာ မလွဲပင်ဖြစ်ချေသည် တမုံ့။

ဩော် . . . သပွတ်အူ၊ သပွတ်အူ၊ ဂျက်၏ နှလုံးသားထဲတွင် ဘယ်နံရောအခါတွင်မှ ဖယ် ထုတ်၍မရတတ်ကောင်းစွာသော မွေးဌာနေ ကျေးရွာကလေး သပွတ်အူ။ ခုလို ဘုတ်အုပ်စာပေ လောက၌ နေတစ်ဆူ၊ လ တစ်ပါး၊ ထင်ရှား ကျော် သူ



Asian Fame Media Group

ဇမ္ဗူတလူ ဆရာကြီးဂျက် အသွင်ဖြင့်များ သပွတ်အူရွာကလေး ကိုပြန်သွားရချေသော် ပသို့များရှိပါချေအံ့ဟု ကျွန်ုပ် စဉ်းစားမိပါ၏။ သည်တော့လည်း မရောက်တာကြာသည့် ရွာကလေးကို တစ်ခေါက် တစ်ခါ အရောက်သွားရန် ဂျက်က ဆုံးဖြတ်လိုက်မိပေသည်။

(နှစ်)

ပုစွန်တုပ်ကြီးများကို ပြုတ်ကာ ရှောက်ရည်ရွှမ်းရွှမ်းကလေးများဖြင့် သုပ်၍ စားရသော် ကောင်းလေစွဟု ဂျက်က တောင့်တမိ၏။ ဦးလေးသာဝက 'ဇတို့တောင် မမြင်ရတာကြာလှပေါ့' ဟု ခပ်ငေါ့ငေါ့စကားဆို၏။ ငရုတ်ကောင်းနဲ့ မွှေးမွှေး၊ ငါးခုငါးကျည်းနိုင်နိုင်ဖြင့် တောမုန့်ဟင်းခါးကလေး စားရသော် ကောင်းလေစွဟု ဂျက်က ဆိုမိပြန်၏။ 'နှင့်ပါးစပ်က ပြောတတ်လှချည်ကလား' ဟု အနီးမြက မျက်ထောင့်နီကြီးဖြင့် ငေါက်၏။ 'ငါးခုဆီပြန်မန်ကျည်းရည်ဖျန်းကလေးနဲ့ စားချင်လိုက်တာ' ဟု ဂျက်ကရင်ဖွင့်မိပြန်၏။ 'မစားရတာ သူတစ်သက်လေ' ဟုဆိုကာ အနီးရှိဆယ်နှစ်သမီးကလေးကို မကုလားမက မေးထိုးပြ၏။

ဩော် . . . ဆွေးစရာတွေနဲ့ မွေးဌာနေပါကလားဟုပင် ကျွန်ုပ်ဂျက်က နှလုံးသွင်းမိသည်။ သို့ဖြင့် မွေးဌာနေ သပွတ်အူကျေးရွာကလေးတွင် ဟိုတစ်အိမ် တစ်ညဝင်အိပ်လိုက်၊ သည်အိမ်တစ်နပ်ဝင်စားလိုက်နှင့် ရက်ကလေးအတန်အသင့်ရလာလေသောအခါ ရွာခံစာပေအနုသခင်သမားကလေးတချို့က သပွတ်အူကျေးရွာမှ ဆယ်တန်းဝင်ဖြေကြမည့် ကလေးများနှင့်တကွ သူတို့ကို စာစီစာကုံးတွေးနည်း၊ ရေးနည်းကလေးများ ဆွေးနွေးပို့ချ ဟောပြောပေးပါရန် အလီလီအခါခါဆိုသလို တောင်းပန်လာကြပေတုန်၏။ မွေးမြေအတွက် အကျိုးရှိရာရှိကြောင်း တောင်းဆိုမှု ဖြစ်နေပေရာ ကျွန်ုပ်ဂျက်မှာ တင်းခံလျက်ငြင်းဆန်မနေရက်ပေ။ အနို့နှင့်ပင် မွေးဌာနေအတွက် ခေါင်းကို ညိတ်မိခဲ့ပါပေ၏။ ထို ခေါင်းတစ်ညိတ်ကပင်လျှင် ကျွန်ုပ်ဂျက်ကို သပွတ်အူကျေးရွာ မူလတန်းကျောင်းကလေး၏ stage ခုံပေါ်သို့ ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်အံ့ချေသည်တမုံ။

(သုံး)

ယခုအချိန်အထိ မည်သည့်စာပေဟောပြောပွဲကမှ လူလူသူသူဖိတ်ကြားခြင်းကို မခံရသေးသော်လည်း စာပေဟောပြောပွဲပေါင်းများစွာကို နွှဲခဲ့ ကြဲခဲ့ပထဲခဲ့ဖူးပါသည်ဟူသော မျက်နှာပေးဖြင့် ကျွန်ုပ်ဂျက်က stage ပေါ်တွင် မတ်တတ်ရပ်နေ၏။ စာသင်ခုံများပေါ်တွင်ကား စာပေဝါသနာရှင်လူငယ်လူရွယ်ဆယ့်လေးငါးယောက်ခန့်။

ကျွန်ုပ်သည် စာစီစာကုံးတွေးနည်းနှင့် ရေးနည်းများကို ဟောပြောဆွေးနွေးရမည်ဖြစ်ပေရာ ကျောင်းသင် စာစီစာကုံးသည် အခြေခံဖြစ်ကြောင်း၊ စာစီစာကုံးမှတစ်ဆင့် ရသစာပေလောကသို့ ဝင်ရောက်သွားနိုင်ကြောင်း၊ ဆရာဦးသိန်းဖေမြင့်ကပင်လျှင် ကျောင်းသင်စာစီစာကုံးမှ ရသစာပေသို့ဟု ဆွေးနွေး ရေးသားခဲ့ဖူးကြောင်း စသည် စသည်ဖြင့် စကားပလ္လင်ရော၊ စကားကုလားထိုင်ပါခံပြီးနောက် စာစီစာကုံးတစ်ပုဒ်အတွက် အချက်အလက်ရှာပုံ ရှာနည်းကလေးများနှင့် ဘယ်သို့စုဆောင်းရမည်ကို လက်တွေ့ဆွေးနွေးပြခဲ့ရပေသည်။

"ကဲ. . . ဥပမာလေးတွေနဲ့တကွ ထင်သာမြင်သာအောင် ဝိုင်းဝန်းဆွေးနွေးသွားကြတာပေါ့၊ ဆိုကြပါစို့ မွေးဌာနေဆိုတဲ့ ခေါင်းစီးနဲ့ စာစီစာကုံးရေးကြမယ်ဆိုပါတော့။ ကဲပါ. . . ရှေ့ဆုံးမှာထိုင်နေတဲ့ ကလေးကပဲစပြီး ဆွေးနွေးရအောင်၊ လုပ်ပါဦး မင်းက ဘယ်သူ့သားလဲ"

"ကျွန်တော် ကိုသံချောင်းသား ဖိုးထောင်ပါ"

ထိုသူငယ်က နပ်ချေးဖတ်ကို တွင်တွင်ထိုးခွာနေရာမှ ခပ်သွက်သွက်ပင် လှမ်းဖြေ၏။

"ကိုသံချောင်းသားလား၊ အေး. . . အေးကောင်းပါပြီ၊ ကဲကွာ မောင်ဖိုးထောင်ရေ မွေးဌာနေဆိုတဲ့ခေါင်းစီးနဲ့ ဆရာတို့ စာစီကုံးကြမယ်ဆိုပါတော့၊ ဘယ်လိုအချက်ကလေးတွေများ မင်းက မြင်ထားမိသလဲ၊ တစ်ချက်လောက် လုပ်ပါဦး"

"ကျွန်တော် သပွတ်အူရွာကို ဝင်ဝင်ချင်း ညောင်ပင်ကြီးတွေအောက်က ရေအိုးစင်ကလေးတွေအကြောင်းကို ထည့်ရေးချင်ပါတယ် ဆရာကြီးဂျက်"

"ကောင်းတယ် မောင်ဖိုးထောင်၊ ကောင်းတယ်။ ဒါဟာ သပွတ်အူကို စီကုံးဖို့အတွက် အမြင်တစ်ချက်ပဲ။ ဆိုပါဦး ဘယ်လိုဖွင့်မယ်ဆိုတာကို"

"ဒီလိုပါ ဆရာကြီးဂျက်၊ အဲဒီသစ်ပင်ကြီးတွေအောက်မှာရှိတဲ့ ရေအိုးတွေကို ဆရာကြီး သတိထားကြည့်စမ်းပါ၊ ရေခွက်တွေကို သံကြိုးနဲ့ ချည်ပြီးသော့ခတ်ထားရပါတယ် ဆရာကြီးဂျက်။ အဲဒါ ခိုးလွန်းအားကြီးလို့ လုပ်ထားရတာပါ။ သော့မခတ်ထားလို့ကတော့ ခုထားရင် ခုပျောက်ပါပဲ ဆရာကြီးဂျက်။ အဲဒါလေးတွေကို မွေးဌာနေဆိုတဲ့ စာစီစာကုံးထဲမှာ ထည့်ရေးရင်များ"

'တော်'ဟူ၍ ကျွန်ုပ်က ခပ်ထန်ထန်ကလေး ငေါက်ပစ်လိုက်သည့်အတွက် အနီးမောင်ဖိုးထောင်၏စကား လမ်းတစ်ဝက်တွင် ရပ်သွား၏။

ဘယ့်နှယ် ရေအိုးစင်ကလေး အေးချမ်းပုံ၊ ရွာသူရွာသားတို့ စေတနာထက်သန်ကြပုံ၊ အေးမြသော ရေအိုးစင်ကလေးများ၏နံဘေးမှ အဝေးကိုထွက်ခွာမသွားလို ပုံစသည် စသည်တို့ကိုတော့ ရေးရန်စိတ်မကူး။ ရေခွက်တွေကို သော့မခတ်လို့ကတော့ နေမြင်ညပျောက်တဲ့။ ဒါ ရေးစရာလား၊ ဒါအလှလား။ ထွီ။ ဂျက် တော်တော်ရွံသွား၏။ အိုင်ဂျက်က စတိုင်ပျက်လှသည်အထိ ဒေါသထွက်သွားပြီကို သိသွားလေသောအခါ အနီးသကောင့်သားကလေးမှာ ခပ်ကုပ်ကုပ်ကလေး ဖြစ်သွားချေ၏။ ဩော် သပွတ်အူ၏ မျက်ခွက်ကို အိုးမည်းလူးမည့် ကလေးပါတကား။

(လေး)

"ကဲ. . . ကဲ ဟိုးနောက်ဆုံးက သမီးငယ်ကလေး ညည်းက ဘယ်သူ့သမီးလဲ လုပ်ပါဦး"

သည်တစ်ခါတွင်တော့ ကျွန်ုပ်က မိန်းကလေးတစ်ဦးကို ရွေးချယ်လိုက်မိ၏။ အနို့မိန်းကလေးက သန်းခုကို နှိုက်နေရာမှ ရုတ်ကိုရုက်ကန်းဖြစ်သွားပြီး

"ကျွန်မလေး ဟိုဥစ္စာလေ မတလုတ်ထော်သမီးပါ"

"အနောက်ပိုင်းက မတလုတ်ထော်လား။ အေး အေး သိပါ့ ငါတို့ငယ်သူငယ်ချင်းတွေပေါ့။ ကဲ . . . သမီးကလည်း ပြောပါဦး။ သမီးအမြင်ကလေးတွေ ကိုယ့်မွေးမြေသပွတ်အူနဲ့ ပတ်သက်လို့ ဘာလေးတွေ ထည့်ရေးချင်သလဲ တစ်ခုခုပေါ့"

"ကထိန်ပွဲပေါ့ ဆရာကြီးရယ် သိပ်စည်တာ"

"ဟုတ်ပြီ သပွတ်အူနဲ့ကထိန်ပွဲ ခွဲလို့ရတာမှမဟုတ်တာ။ သမီးက မြင်တယ်ကွာ။ ကဲ. . ကဲ လုပ်ပါဦး မြင်ကွင်းလေးတွေ"

ကျွန်ုပ်၏ အားပေးလိုက်မှုကြောင့်ပင် ဖြစ်မည်ထင်၏။ မတလုတ်ထော်သမီးကလေး၏ မျက်နှာမှာ ဝင်းပ၍သွားချေ၏။

"မနှစ်က ကထိန်ပွဲကတော့ ဆရာကြီးရယ် ထိန်းမနိုင် သိမ်းမရပါဘဲ။ ဘယ်သူမှ တားလို့မရဘူး။ သမီးတို့ သပွတ်အူမှာက အရှေ့ပိုင်းရယ်၊ အနောက်ပိုင်းရယ်၊ ရွာမပိုင်းရယ်ရှိတယ်မဟုတ်လား၊ အဲဒါ ဘာပဲလုပ်လုပ် မခံချင်စိတ်နဲ့ အပြိုင်အဆိုင်ပဲ။ မနှစ်က ကထိန်တုန်းကတော့ တစ်ပိုင်းနဲ့တစ်ပိုင်း ပဒေသာပင်တွေ အပြိုင်ကိုသီးကြတာ။ အနောက်ပိုင်းကဆို အော်လန်ကြီးနဲ့ကို တပ်အော်တာ၊ ပဒေသာပင်တန်ဖိုး ငါးထောင်ကျော်သွားပြီတဲ့။ မစားဘဲနဲ့ လှူရဲတာ အနောက်ပိုင်းတဲ့၊ မလှူရက် မတန်းရက်နဲ့ ရှိတာကလေးထုပ်ထားပြီး ငရဲသွားမယ့်ထဲမှာ အနောက်ပိုင်းသားတွေ မပါဘူးတဲ့။ ဆရာကြီးရယ် အရှေ့ပိုင်းကလည်း အော်လန်ကြီးနဲ့ပဲ ပြန်အော်တာပဲ။ ပဒေသာပင်တန်ဖိုးတစ်သောင်းပြည့်တော့မယ်တဲ့၊ အလှူချင်းပြိုင်ရင် အိမ်တိုင်ပါ ချွတ်ရောင်းပစ်လိုက်မယ်တဲ့။ ရွာမ



Asian Fame Media Group

ပိုင်းကတော့ ဘယ်လောက်လျှလျှ စိတ်ထားမဖြူရင် အလကားတဲ့။ ရွာမပိုင်းက သန့်သန့်လေးတဲ့။ သူတို့ကလည်း ဖော်လန်နဲ့ပါပဲ။ ဆရာကြီးရယ် ကထိန်သင်္ကန်းလှည့်တဲ့နေ့ကျတော့ တစ်ပိုင်းနဲ့တစ်ပိုင်း ရိုကြရင်းက ရိုက်လိုက်ကြတာ"

"တော်"

"လဲသူလဲ၊ ကွဲသူကွဲ"

"တော်ဆိုနေ"

"ဦးလေးကြွက်သိုးဆိုရင် ခေါင်းမှာ. . ."

"ဟဲ့ . . . တော်စမ်းလို့ပြောနေ"

ဤတွင်မှ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ "ဘာတွေလဲဟင် ဒါဘာတွေလဲ ကထိန်ပွဲကြီး စည်ကားပုံ၊ ရွာသူရွာသားတွေ ချစ်ချစ်ခင်ခင်နဲ့ စုပေါင်းပါဝင်ကြပုံ၊ ကကြခုန်ကြပုံ ဒါတွေတော့ မစဉ်းစားဘဲ သပွတ်အူကို အကျည်းတန်အောင်"

"တကယ်ဖြစ်တာ ဆရာကြီးရဲ့ လေးလေးမှတ်ဆိတ်ကို မေးကြည့်ပါလား"

"တကယ်ဖြစ်ဖြစ် မဖြစ်ဖြစ် ထည့်ရေးစရာမလိုဘူး၊ ညည်းတို့တွေ တော်တော်ခက်ပါလားငါတယ်"

ဖရုသဝါစာတို့ ယုတ်လှစွာထွက်ကျလှဆဲဆဲဂျက်၏ပါးစပ်ကို အလျှင်အမြန်ဆိုသလိုပင် ဘရိတ် အုပ်ခဲ့ရချေပေသည်။

(ငါး)

"ဆရာကြီးဂျက် ကျွန်တော့် အနေနဲ့များ တစ်ခုလောက်တင်ပြရင် ရမလားလို့ပါခင်ဗျ"

ရိုသေသမှု၊ လေးစားသမှုများဖြင့် တောင်းဆိုချလာချေသော မျက်နှာပြားပြားနှင့် လူငယ်ကို ကျွန်ုပ်က စိုက်ကြည့်လိုက်မိ၏။

"ရပါတယ် သူငယ်၊ အဲ. . . တစ်ခုတော့ရှိတယ်။ မွေးဌာနေ သပွတ်အူရွာကလေးရဲ့ စည်းလုံးမှုကို ထိပါးတဲ့အချက်မျိုးကိုတော့ အကျွန်ုပ်အလိုမရှိပေဘူး"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော်က မွေးမြေရဲ့ စည်းလုံးမှုအလှကို ဖော်ပြချင်တာပါ"

"အင်း . . . ဆိုပါဦး"

"ကျွန်တော်တို့ သပွတ်အူရွာကလေးရဲ့ ဘေးကနေ ဖြတ်သွားတဲ့ ကားလမ်းမကြီးကို ဆရာကြီး သိပါသလားခင်ဗျာ"

"ဟုတ်တယ်၊ ဒီအကွက် သိပ်လှတယ်။ တစ်ဖက် တစ်ချက်မှာ ကုက္ကိုပင်ကြီးတွေနဲ့ တို့သပွတ်အူဘေးကနေ ဖြတ်သွားတဲ့ ကားလမ်းမကြီးမဟုတ်လား။ ဒါ ရေးသင့်တာပေါ့။ လုပ်ပါဦး စည်းလုံးပုံလေးက"

"ဟုတ်ကဲ့ပါ ဆရာကြီးဂျက်။ အဲ. . . ကျွန်ခဲ့တဲ့ လေးလလောက်က အဖြစ်အပျက်ကလေးများဆို သိပ်ကိုလှတာ၊ ဒီလိုပါ ကျွန်တော်တို့ ရွာသားတစ်သိုက်ပေါ့၊ အဲဒီနေ့တုန်းက ကားလမ်းမကြီးပေါ်မှာ တစ်ဖက်ကိုဆယ်ယောက်စီခွဲပြီး ဘောလုံးကန်နေကြတာဗျ။ ကျွန်တော်တို့တွေ ကန်ကောင်းကောင်းနဲ့ ကန်နေကြတုန်း ဖြန်းဆို ကားတစ်စီးလာပါလေရော။ ဘယ်ရမလဲ ကျွန်တော်တို့က လုံးဝဖယ်မပေးဘဲနဲ့ ဆက်ကန်နေကြတာပေါ့။ အဲဒါကို ကားသမားက ခပ်မာမာနဲ့ လမ်းတောင်းတယ်လေ။ ပြောရရင် တစ်ယောက်တစ်ခွန်းစကားများရင်းနဲ့ နောက်ဆုံးမှာ ကြီးတော်သာမြသားကြောင့် ရှေ့မှန်ကြီး ကွဲသွားပါလေရော၊ ဒါနဲ့ကွန်တော်တို့လည်း ဖော်ဆဲပြီး ရွာကိုပြန်ပြေးတာပေါ့။ ကားပေါ်က လူတွေကလည်း နောက်က ဆင်းလိုက်လာကြတယ်။ ဒီမှာတင် ဆရာကြီးရယ် တစ်ရွာလုံး ထွက်လာလိုက်ကြတာ ဓားလှံတွေနဲ့ မိန်းမတွေရော ဖော်ဖော်ပြီး ဆဲလိုက်ကြတာ။ ကွန်တော်တို့ သပွတ်အူဗျာ ညီလိုက်တာ"

"မင်းစကားကို ရပ်လိုက် ငါ ဆက်မကြားချင်ဘူး"

ဝုံးပေါက်သလို ကျူးငေါက်ပစ်လိုက်သည့် ကွန်ုပ်အသံကြောင့် ရုတ်တရက် တိတ်ကျသွား၏။ မိမိကိုယ်မိမိ ငါဟူသော နာမ်စားဖြင့် ရန်စကားသဖွယ် ကျွန်ုပ်ပြောမိချေပြီ။

"မွေးဌာနေ ဇာတိစာကုံးမှာ အဲဒါလေးထည့်ရေးလို့ . . .

"ဒီမယ် မောင်ရင့်ပါးစပ်ကို ပိတ်လိုက်စမ်း"

ဘယ်နှယ့်ဗျာ။ သပွတ်အူရွာသူရွာသားတွေ သွားလာရတာ လွယ်ကူတာတို့၊ လမ်းလျှောက်လို့ကောင်းတာတို့ ရေးစရာတွေ အပုံ။ ဘယ်လိုအချက်ကြီးတွေများ ရွေးချယ်လိုက်ကြတယ်မသိ။ သပွတ်အူ၊ သပွတ်အူ၊ ရှုပ်ထွေးလှပါဘိတကား။

(ခြောက်)

ဇာတိစာကုံးတစ်ပုဒ်အတွက် အချက်အလက်တွေကို ဘယ်လိုရွေးမည်၊ ပြီးတော့ ဘယ်လိုရေးမည်ဟု ဂျက်၏မွေးမြေမှ သပွတ်အူရွာသားများနားလည်လာကြစေရန် အလို့ငှာ မွေးဌာနေဟူသော ခေါင်းစဉ်ကို နမူနာပြအဖြစ်ထားလျက် ဂျက်က ဦးဆောင်ဆွေးနွေးခဲ့ရသော ပွဲသည် အတော်တော့ ကသိကအောက် နိုင်လှချေ၏၊ သို့သော် မတတ်နိုင်၊ လမ်းကိုတော့ ဆုံးအောင် လျှောက်ကြည့်ရပေမည်။

"မွေးဌာနေနဲ့ပတ်သက်ပြီး မင်းတို့တွေမေ့နေတဲ့ ရေကွက်ကလေးတစ်ကွက် ရှိတယ်ကွ"

ကျွန်ုပ်ဂျက်က တစ်ခန်းလုံးကို ဖုံးလွှမ်း၍ ကြည့်လိုက်သည်။ အားလုံးသည် မျက်တောင်ကလေးများ ပုတ်ခတ်ပုတ်ခတ်။

"ရွာအရှေ့ကနေ စီးဆင်းသွားတဲ့ မြစ်ကြီးလေကွာ"

သည်တော့မှ အားလုံးဆီမှ ဝေါခနဲအသံများ ထွက်ပေါ်လာသည်။

"ဘယ့်နှယ် ဘယ်သူဖွဲ့တတ်သလဲ"

"ကျွန်တော် ဖွဲ့ကြည့်ပါ့မယ် ဆရာကြီး"

ကျွန်ုပ်က ဘာမှပြောမနေဘဲ ခေါင်းကိုသာ တစ်ချက်ဆတ်ပြလိုက်မိသည်။

"မြစ်ကြီးက မြောက်ကနေ တောင်ကို တငြိမ့်ငြိမ့်စီးဆင်းနေပါတယ်။ ရေလှိုင်းပြာကလေးတွေက တဖျပ်ဖျပ်နဲ့ပေါ့။ ကိုတင်ါတွေက ပိုက်ချရင်းသီချင်းကလေးတွေ အော်ဟစ်ဆိုနေကြတယ်။ ညနေခင်းနေရောင်ခြည်ဟာ မြစ်ပေါ်မှာ ဖြာကျလို့။ သောင်ပေါ်မှာကတော့ ငှက်ကလေးတွေ"

"မင်းအဖွဲ့အနွဲ့က ရင်ထဲထိမိုက်ရောကြီး"

"ဟုတ်ပါတယ် ဆရာကြီး။ သိပ်ထိမိုက်စရာကောင်းလှပါတယ်။ အဲလိုလှပနေတဲ့ မြစ်ပြင်ပေါ်မှာ ခဏကြာတော့ ခနီးသည်တင်မော်တော်ကလေးတစ်စင်း မောင်းလာပါတယ်။ အဲဒီ မော်တော်လေးဟာ ရုတ်တရက် တိမ်းမှောက်သွားတယ်ခင်ဗျ၊ ဘာရမလဲ ကျွန်တော်တို့ သပွတ်အူရွာသားတွေ ရရာလှေတွေနဲ့ ထွက်လာကြပြီး တွေ့သမျှပစ္စည်းတွေကို ဆယ်လိုက်ကြတာဆိုတာ"

"မင်းအဖွဲ့အနွဲ့ကို ရပ်လိုက်တော့" ကျွန်ုပ်စကားကြောင့် ထိုသူတွန့်သွားသည်။

"ဟုတ်တယ် မောင်ရင် ရပ်လိုက်တော့၊ ဒီမယ် ကျွန်ုပ်ဆရာကြီးဂျက် ပြောမယ်။ သောင်ပြင်ပေါ်မှာ ငှက်ကလေးတွေ ဝဲပျံတဲ့အထိပဲ ရေးပါ။ မော်တော်ဝင်လာတာ မထည့်ပါနဲ့"

ပြောလေသမျှ ဒေါ်တွေပွရလေသော တွေးနည်း ရေးနည်းစကားဝိုင်းကြီးကို ကျွန်ုပ်က မြန်မြန်ပင်လျှင် ရပ်ဆိုင်းပစ်လိုက်ရပေသည်။

(ခုနစ်)

မွေးဌာနေ သပွတ်အူ ကျေးရွာကလေးကို ကျောခိုင်းကာ ကျွန်ုပ်ရွာမှ ပြန်လာခဲ့သော မနက်ခင်းက ကျွန်ုပ်ကိုလိုက်ပို့သူမှာ ကျောင်းဆရာလေး မောင်ဝင်းနိုင်တစ်ယောက်တည်းသာ ဖြစ်၏။ ကျွန်ုပ်က ဘယ်တော့မှ ပြန်မလာတော့ဟု၍ပင် စိတ်ကို ကောက်ပစ်လိုက်ပါသေး၏။

"ဒီလိုတော့ မစိမ်းလိုက်ပါနဲ့ ဆရာကြီးဂျက်ရယ်၊ ကမ္ဘာကြီးအတွက် ဆရာကြီးဂျက် မဟုတ်လားဗျာ၊ သူတို့လေးတွေ စာပေနယ်ထဲရောက်အောင် လမ်းညွှန်သွန်သင်ပေးမှပေါ့"

ဩော် . . . မသိသား ဆိုးရွားလှချေပါကလား ဆရာလေးမောင်ဝင်းနိုင်။

စာရေးဆရာဆိုတာ အလှကိုမြင်ပြီး အလှကို မင်တတ်ရလေမပေါ့။ သည်လိုအရုပ်ဆိုး အကျည်းတန်တာတွေချည်း လိုက်လိုက်မြင်နေတတ်လို့ကတော့။

**ဂျက်တွမ်းမြဲကုန်း**



Asian Fame Media Group

# လက်ရည်ကျော်

(၁)

လူဦးရေငါးသန်းပဲရှိသည့် ဒိန်းမတ်လိုမျိုးနိုင်ငံက အဲသည်လောက်ချမ်းသာနေတာကိုတော့ မနာလိုပဲ ဖြစ်ရမှာလား၊ အံ့ပဲ အံ့ဩရမှာလား တော်တော်ဝေခွဲရခက်လှသည်။

ကြည့်လေ။

အစည်းအဝေးတဲ့။

လုပ်သည့်နေရာက ပင်လယ်ကမ်းခြေမှာ။

ရွာတွေ၊ အိမ်တွေ၊ လူတွေစည်ကားနေသော ပင်လယ်ကမ်းခြေမျိုး မဟုတ်။ သဘာဝအတိုင်းရှိနေသည့် တောနက်နက်၏ အစွန်က ပင်လယ်ကမ်းခြေဖြစ်သည်။

အဲသည် တောအုပ်ကိုပဲ လူသွားလမ်း၊ ကားလမ်းတွေမျိုးစုံ ဖော်ပြီး အလယ်ခေါင်မှာ သဘာဝသစ်သား၊ အုတ်တို့ဖြင့် ဟိုတယ်ကလေးတစ်လုံးဆောက်ထားသော်လည်း ပတ်ဝန်းကျင်မှာ အိမ်တွေ၊ ရွာတွေမရှိသဖြင့် ပကတိ ဆိတ်ငြိမ်နေသည်။

အဲသည့်ဟိုတယ်တစ်ခုလုံးကို အစည်းအဝေးဦးဆောင်ကျင်းပသည့်အဖွဲ့အစည်းက အစည်းအဝေးလာတက်သူ ဆရာဝန်များအတွက် ပုတ်ပြတ်ငှားထားသည်။

ဆရာဝန်တစ်ယောက်ကို



Asian Fame Media Group
MEDIA GROUP



Asian Family Media Group

သဘာဝသစ်သားများဖြင့် အဆင့်မြင့်မြင့်မွမ်းမံထားသော အိပ်ခန်းတစ်ခန်းရသည်။ အလားတူ သဘာဝပစ္စည်းများဖြင့် အဆင့်မြင့်မြင့် မွမ်းမံထားသော ကျယ်ဝန်းခေတ်မီသည့် အဆင့်မြင့် အစည်းအဝေးခန်းမတွေလည်းပါသည်။

အစားအသောက်က အလျှံပယ်။

ရှမ်းပြည်နယ်လောက်သာ အကျယ်အဝန်းရှိပြီး ရန်ကုန်မြို့လောက်တောင် လူဦးရေ မရှိသည့် နိုင်ငံတစ်ခု၏ ဧည့်ခံနိုင်စွမ်းက အံ့သြစရာကောင်းလွန်းမနေဘူးလား။

စပျစ်စိုက်ခင်းတွေကလွဲလျှင် ဘာသယံဇာတမှ သိပ်မရှိသော နိုင်ငံလေး။ လျှပ်စစ်ဓာတ်ကို လေရဟတ်တွေ အားကိုးနှင့် ရှာနေရတုန်းနိုင်ငံလေး။ ရေသူမကလေးပုံပြင်ကလွဲလျှင် ဘာသမိုင်းကြောင်းမှ ထင်ထင်ရှားရှား သူမကြားဖူးခဲ့သည့် နိုင်ငံလေး။

ခက်တာက အဲသည်နိုင်ငံထက် အံ့သြစရာကောင်းတာက သူကိုယ်သူပါပဲ။ အမိမြေကနေ နေ့တစ်ဝက်ကြာအောင် ကမ္ဘာကို လေးပုံတစ်ပုံပတ်ပြီး လေယာဉ်စီး၍ သည်အစည်းအဝေးကို လာတက်သည့်သူဆိုသည့် ဆရာဝန်က လွန်ခဲ့သည့် ၁၃ နှစ်ကမှ ကိုယ်ပိုင်ကားဆိုတာ စီးနိုင်ဖူးသည့် ဆရာဝန်တစ်ဦးမဟုတ်ပါလား။

“ဒီညနေပိုင်းဆွေးနွေးမှာက အဖျားနဲ့တက်တာနဲ့ တွဲတဲ့ကလေးတွေ အကြောင်း ချည့်ပဲ။ ပရော်ဖက်ဆာတို့နိုင်ငံမှာရော အဲဒီပြဿနာများသလား”

ယောင်ယမ်း၍ခေါင်းညိတ်ပြမိသည်။

သူခေါ်သလိုပဲ လက်တွေ့မှာ တကယ်ကို ပါမောက္ခကြီးတစ်ဦးဖြစ်နေပြီဖြစ်သော်လည်း သူ့အတွေးထဲမှာတော့ သူကိုလွန်ခဲ့သည့် အနှစ်နှစ်ဆယ်၊ ဘွဲ့လွန်ကျောင်းသား လက်ထောက် ဆရာဝန်ဘဝကနေ တစ်ဆင့်မှ မတက်ရသေးသလိုလို ထင်ယောင်ထင်မှားအမြဲ ဖြစ်နေတတ်သဖြင့် စောစောက အိမ်ရှင်ဆရာဝန်ကလေးက 'ပရော်ဖက်ဆာ' ဟုခေါ်လိုက်တာကို နည်းနည်းအမ်းသွားခဲ့ခြင်းဖြစ်ပါသည်။

ဖျားပြီး တက်တာနှင့် ပတ်သက်၍ ငွေကြေးအမြောက်အမြားအကုန်အကျခံ၍ လုပ်ထားသော သုတေသနများက တွေ့ရှိချက်များကို ဆွေးနွေးကြတော့မည်။

သူတို့နိုင်ငံမှာရော အဲသည်ပြဿနာများသလားတဲ့။

ကလေးဖျားပြီးတက်သည့် ပြဿနာမများသည့် နိုင်ငံတော့ရှိမည် မထင်။ မြန်မာနိုင်ငံမှာလည်း အများကြီးပေါ့။ သူလည်း ကလေးအထူးကုဆရာဝန်သက်တမ်း ၂၂ နှစ် အတွင်းမှာ ရေတွက်၍ပင်မရ။

သို့သော် အဲသည်ဖျားပြီး တက်သည့် ကလေးတွေနှင့်တွေ့ရသည့် အတွေ့အကြုံတွေ အများကြီးထဲက အမိက အကျဆုံးနှစ်ခုကိုသာ ထုတ်ပြောပြလိုက်ရလျှင် သည်အိမ်ရှင်ဆရာဝန်ကလေး ပါးစပ်အဟောင်းသားဖြစ်သွားရှာပေရော့မည်။

(၂)

လွန်ခဲ့သည့် ၂၂ နှစ်။

သူ့အသက်က သုံးဆယ်ပင်မပြည့်တတ်သေး။

ဇနီးကတစ်၊ သားကတစ်၊ ပိုင်ဆိုင်မှုကကျပ်နှစ်ထောင့်လေးရာ ရှိခဲ့ဖူးသည်ဟု ဆိုရမည်။

ကျပ်နှစ်ထောင့်လေးရာရှိခဲ့ဖူးသည်ဆိုတာက နယ်ဆေးရုံကလေးတစ်ရုံကနေ ကလေးအထူးကုဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲအောင်မြင်တော့ သူ့လက်ထဲမှာ ငွေကျပ်နှစ်ထောင်လေးရာ ရှိနေခဲ့ဖူးတာကို ပြောတာဖြစ်သည်။

အဲသည်နယ်မြို့ကလေးမှာက ယောက္ခမအိမ်ရှိသည်။ ရန်ကုန်ကိုလာနေရမည်ဆိုတော့ ရန်ကုန်မှာ



တစ်ခုက သူ့ရင်သွေးကလေး နှစ်ယောက်ကို "အာယူးကြော်" နှင့် "ဖူးပိုက်" သာ ဆောင်ကြဉ်းပေးနိုင်သည့် ဖခင်တစ်ယောက် ဘဝတုန်းက ကိုယ်ကိုကိုယ်ကိုယ်ရော၊ သူ့ကို ကလေးတွေကိုပါ သည်းခံနိုင်လို အခြေအနေမျိုး ရောက်အောင် . . . .

က မိဘအိမ်ရှိသည်။ နယ်အိမ်မှာက ဇနီးရော၊ သားရောကိုယ်ရော နေဖို့ကာသော်လည်း ရန်ကုန်အိမ်မှာက ကိုယ့်တစ်ယောက်တောင် မနည်းတိုး၍နေရမည်။ ရန်ကုန်အိမ်ငှားခနှင့် စဘော်ကိုလည်း မျက်မွေးထော်မော်လို့မှ မကြည့်ရဲ။

နောက်ဆုံးအိမ်ထောင်သက် နှစ်နှစ်၊ သားကလေးရှစ်လမှာ မိသားစုခွဲနေဖို့ ဆုံးဖြတ်လိုက်ကြရသည်။

ဒါကနေရေး။

သွားရေး လာရေးကလည်း မပြေလည်။

မိဘအိမ်ကနေ အနီးဆုံး ဘတ်စကားဂိတ်က ၁၅ မိနစ်လမ်းလျှောက်ရပြီး အဲသည့်ဘတ်စကားစီးပြီး ရန်ကုန်ကလေးဆေးရုံကြီးနှင့် အနီးဆုံးမှတ်တိုင်ကနေ ဆေးရုံအထိ နောက်ထပ် ၁၅ မိနစ်လမ်းလျှောက်ရမည်။ ဆေးရုံအပြင်တခြားသွားစရာတွေကလည်း ရှိသေးသည်။ ဒါနှင့်ပင် 'ဖီးဆင့်' တစ်ပတ်ရစ်ထိုင်းစက်ဘီးကလေးတစ်စီးကို ငွေကျပ် နှစ်ထောင့်လေးရာနှင့် ဝယ်လိုက်ရသည်။

ပြောင်ရော။

လခကလေးတစ်လကျပ်ထောင့်နှစ်ရာချွေတာသုံးရင်းကတက်ခဲ့ရသော ဘွဲ့လွန်သင်တန်း။

ငွေကြေးထက်ပိုဆင်းရဲနေတာက ပညာနှင့်အတွေ့အကြုံ။ ငါဆက်တက်ဖို့မှ နိုင်ပါတော့မလားဟု တွေးမိတိုင်း ရှုံချင်သလိုလို ဖြစ်ရသည်က အကြိမ်ကြိမ်။

အဲသလိုဖြစ်နေသည့် အကြိမ်တစ်ကြိမ်မှာ တကယ် ရှုံသွားလောက်သော ကိစ္စတစ်ခုက ဖြစ်ခဲ့သည်။

နယ်မှာ ကျန်ခဲ့သည့် သားကလေး အဖျားကြီးပြီး တက်သွားသတဲ့။ ပြာနှမ်းပြီး အသက်ရှုပါရပ်မလို ဖြစ်တာတဲ့။ နယ်မှာရှိသည့် လက်ထောက်ဆရာဝန်တွေပြောပြတော့ ဆေးရုံတင်ထားရသတဲ့။

ပျက်ကွက်ခွင့်မရှိသလောက်ဖြစ်သော ဘွဲ့လွန်သင်တန်းကိုပင် ထွက်ချင်လည်း ထွက်ရပါစေတော့၊ သားကလေး အခြေအနေကြည့်၍ စိတ်ချရမှ ပြန်လာတော့မည်ဟု ဆုံးဖြတ်ပြီး ဟိုင်းလပ်လိုင်းကားကို

နောက်ဆုံးအလယ်ခုံက ထိုင်၍ နယ်မြို့ကလေးဆီ နေ့တစ်ဝက်ခရီးနှင်ခဲ့ရသည်။

ကားကဆေးရုံနှင့် မလှမ်းမကမ်းမှာ ရပ်သည်အထိ ရင်ကဗလောင်ဆူနေဆဲ။ သားကလေးကို ကျန်းကျန်းမာမာနှင့် တွေ့ရနိုင်ပါဖို့ အရေးတိုင်တည်လို့ ရသမျှလည်း အကုန်တိုင်တည်၍ မနားတမ်းဆုတောင်းလာခဲ့ရသည်။

ကားပေါ်ကဆင်းပြီး အိတ်တစ်လုံးလွယ်၍ ဆေးရုံဆီပြေးလာခဲ့တော့ ဆေးရုံပေါက်ဝမှာ ဇနီးနှင့်တိုးသည်။

သားကလေး မပါတော့ ထိတ်ခနဲ။

သို့သော် သူ့မျက်နှာကတော့ အေးအေးဆေးဆေးပါ။

"သားတောဟင်။ သားကော"

"သားကောင်းပါတယ်။ အဖျားကြောင့် တက်တာပဲတဲ့။ အဖျားတော့ ရှိတုန်းပဲ။ မတက်တော့ဘူး။ ကိုလာနေပြီဆိုလို့ တောင်းဆင်းလာခဲ့တယ်။ အိမ်မှာ။ အခုက ဆေးရုံဆင်းစာအုပ်လာယူတာ"

စိတ်နည်းနည်းအေးသွားပြီး ဇနီးနှင့် အိမ်လိုက်သွားသည်။ လမ်းလျှောက်တတ်စ၊ စကားပြောတတ်စ သားကလေးက နေထိထားသည့် ပန်းကလေးလို နွမ်းခွေနေသော်လည်း ဂိုတော့မကျ။ ဇနီးကရှိစုမဲ့စု မုန့်ဖိုးနှင့် ဝယ်ချော့ထားသော အရုပ်ကလေးနှင့် ဆော့နေရှာသည်။

"ဘာမှမစားဘူးလားဟင်"

"ကျွေးတာပဲ။ မရဘူး။ သား ဘာစားမလဲ။ ဖေဖေ့ကို ပြောပြလိုက်လေ"

သားကလေးက မော့ကြည့်သည်။

"အာယူးကြော်"

"ဘာ. . . သား"

"အာလူးကြော်တဲ့။ အဲဒီတစ်မျိုးပဲ ကျွေးလို့ရတယ်။ ဖအေတူတာ နေမှာပေါ့။ ကိုက အဲဒီလောက် အာလူးကြော်ကြိုက်တာ။ အထုတ်တွေကလည်း ဆီကမသန့်။ အိမ်မှာလည်း ဘယ်သူမှ မကြော် အားတော့ ဟိုနားလမ်းထောင့်က ဆီသန့်တဲ့ဆိုင်ကို နေ့တိုင်းကြော်ပေးဖို့မှာ

Asian Fame Media Group

ထားရတယ်။ ခဏနေရင် သူတို့ဖွင့်တော့မယ်။ ကို အိမ်ကစက်ဘီးနဲ့ သွားဝယ်ပေးပါလား"

အာလူးကြော်တစ်ခုတည်း စားနေ၍ သားအာဟာရမပြည့်ဝမှာ စိုးသော်လည်း သားက တကယ့်ကို 'အာလူးကြော်'ကလွဲ၍ ဘာမှ ကျွေးမရတာတွေ့ရတော့ အဲသည့် အကြော်ဖိုကို သူနေ့တိုင်းစက်ဘီးနှင့် သွားဝယ်ရသည်။

သားကလည်း သူပြန်လာသည်နှင့် မျက်နှာကလေးဝင်းပသွားပြီး၊ 'အာလူးကြော်'ဟုပြုံးပြုံးကလေး တောင်းရှာသည်။

သုံးရက်လောက်နေတော့ သား အဖျားကျသွားသည်။

'အာလူးကြော်' ကလွဲ၍ ဘာမှမစားသေးသော သားကို ဂရုစိုက်ဖို့ ဇနီးကို အထပ်ထပ်မှာပြီး သူရန်ကုန်ပြန်သည်။ နောက်တစ်နှစ်ကျော် အကြာတွင် သူအဲ့လွှန်ရပြီး ကလေး အထူးကု ဆရာဝန်ပေါက်စ ဖြစ်လာသည်။

(၃)

သူစာမေးပွဲအောင်ပြီး များမကြာခင် ဇနီးက သမီးကလေးတစ်ယောက်ထပ်မွေးသည်။ ရန်ကုန်မှာ လာမွေးတာပါ။

ရန်ကုန်မှာတော့ ခေါ်မထားနိုင်သေး။ သူက နိုင်ငံခြားမှာ တော်ဝင်သမားတော်အဖွဲ့သွားယူနိုင်ဖို့ အတွက် စာမေးပွဲတွေ ဆက်ဖြေနေရပြန်သည်။ နေရေးစားရေး အဆင်မပြေတတ်သေး။

အဲသည် သမီးကလေးလမ်းလျှောက်တတ်စ၊ စကားပြောတတ်စတွင် တစ်ခါဖျားပြီးတက်ပြန်သည်။ နယ်မှ ဆေးရုံတင်လိုက်ရပြန်သည်။ သူအပြေးအလွှားလိုက်ရပြန်သည်။

သည်တစ်ခါတော့ သူရောက်သွားချိန်မှာ သမီးကလေးက ဆေးရုံပေါ်မှာပဲ ရှိနေသည်။

"အိပ်နေတာလား၊ သတိရောရရဲ့လား"

"ရတယ်၊ ခုပဲအိပ်သွားတာ။ မအိပ်ပျော်ခင်တောင် ဖေဖေလိုက်လာလိမ့်မယ်လို့ သူ့ကို ပြောပြထားသေးတယ်"

သူနှင့်ဇနီးဖြစ်သူ စကားပြောသံတွေကြောင့် သမီးကလေးက



မျက်လုံးဖွင့်ကြည့်သည်။

ပြီးတော့ သူဘယ်လိုမှ ထင်မထားမိသည့်ကိစ္စတစ်ခုကို လုပ်လိုက်သည်။

အဲဒါကတော့ ဆေးရုံခုတင်ပေါ်မှာ တစ်ပတ်ပြီး တစ်ပတ်လှိမ့်လာ၍ အဖေရှိရာဆီရောက်လာပြီး အဖေ့လည်ပင်းကို လှမ်းနိုဖက်၍ ပြန်အိပ်ပျော်သွားခြင်းပါပဲ။

သူမျက်ရည်လည်လာသည်။

မွေးကတည်းက အဖေနှင့် မနေရသည့် သမီးကလေးက သည်လောက်နေမကောင်းဖြစ်နေသည့် အချိန်မှာတောင် အဖေ့ကိုသည်လောက် ချစ်သတဲ့လား။

ကလေးအထူးကုဆရာဝန်ပေါက်စ အဖေရောက်လာပြီဆိုတော့ ထိုစဉ်က ကလေးအထူးကု ဆရာဝန် မရှိသေးသော ဆေးရုံမှ အိမ်ပြန်ချင်ကြောင်း တောင်းဆင်းရပြန်သည်။

သမီးကလေး အိမ်ရောက်တော့ သားတုန်းကလိုပါပဲ။ ဘာမှမစား။

"ဖူးပိုက်၊ ဖူးပိုက်"

အဲသည့် မပီကလာ၊ ပီကလာ စကားကလေးသာ တွင်တွင်ပြောနေသည်။

"အဲဒါဘာပြောတာလဲ"

ဇနီးက ထိုင်းနယ်စပ်က ဝင်လာသော အဝကို ပိုက်ကလေး နှင့်ဖောက်၍ စုတ်သောက်ရသည့် စက္ကူအချိုရည်ဗူးကလေးများကို ကတ်လိုက်ဝယ်ထားတာကို ပြသည်။

"ဗူးကိုပိုက်နဲ့ သောက်ရလို့ သမီးက ဖူးပိုက်လို့ခေါ်တာ"

သူသက်ပြင်းချ၍ ခေါင်းခါမိသည်။

ကြည့်တာနှင့်ပင် အာဟာရစံနှုန်းမမီသော အပျော်သောက် လူတိုင်းတတ်နိုင်သည့် ပစ္စည်းများမှန်း သိသာနေသည်။

"ဘယ်လိုလုပ်မလဲ။ သူက ဒါပဲ တောင်းတာကို"

နောက်တော့လည်း သမီးကလေး ဖူးပိုက်နှင့်ပင် နာလန်ထူသွားပြီး သူရန်ကုန်ပြန်ခဲ့ရသည်။

မိသားစုအတူနေခွင့်ကတော့ နောက်ထပ် ငါးနှစ်ကြာမှ သူရခဲ့သည်။ အဲဒါကလေးနှင့်ရင်းပြီး ရလာခဲ့သည့်ဘဝတိုးတက်ရာ တိုးတက်ကြောင်း အထောက်အပံ့တွေကတော့ အများကြီးပေါ့။

မိသားစုကတော့ အချိန်တန်တော့ ပြန်ခွဲရတာပါပဲ။

(၄)

အဖျားကြီးပြီးတက်သည့် ကလေးများအကြောင်းကို နိုင်ငံပေါင်းစုံက ဆရာဝန်ကြီးများနှင့် တစ်ညနေလုံးဆွေးနွေးပြီးတော့ သူ့ကို သီးသန့်ပေးထားသော အိပ်ခန်းထဲသို့ သူဝင်လာခဲ့သည်။

ဆရာဝန်တချို့က တောလမ်းကလေးအတိုင်းအပြေးအားကစားလုပ်ကြသည်။ တချို့က ကမ်းခြေဘက် လမ်းလျှောက်ကြသည်။

သူကတော့ အခန်းထဲတန်းဝင်ပြီး အိုင်ပက်ဖွင့်၍ အင်တာနက်ချိတ်သည်။ ဒီနီးမတ်ထက် တိုးတက်ပါသည် ဆိုသောနိုင်ငံကြီးများတွင်ပင် ရနိုင်ခဲလှသည့် မြန်နှုန်းမျိုးရှိသော အင်တာနက်ကို အခန်းတိုင်းအတွက် လွှင့်ပေးထားလေရာ မြန်မာနိုင်ငံမှ လာသောသူအတွက် အင်တာနက် ကကမ်းခြေနှင့် တောလမ်းထက်ပို မက်စရာဖြစ်နေသည်။

သည်မြို့ကနေ နှစ်နာရီခရီးလောက်သာ ဝေးသော 'ကိုပင်ဟေဂင်'မြို့တွင် မိတ်ဆွေလင်မယားနှင့် အတူ စောင့်နေသော ဇနီးဆီက လည်း စာတွေပို့ထားသည်။ နယူးယောက်မြို့တွင် အင်ဂျင်နီယာဘာသာနောက်ဆုံးနှစ်တက်နေသော သားဆီကလည်း စာတွေဝင်သည်။ စင်ကာပူနိုင်ငံတွင် ပန်းချီပညာ ဒုတိယနှစ်တက်နေသည့် သမီးက လည်း ဓာတ်ပုံတွေပို့ထားသည်။

ဖျား၍ တက်တာကလေး၏ ဉာဏ်ရည်ကို မထိခိုက်တတ်ဘူးတဲ့။ သားနှင့်သမီးက သက်သေပါပဲ။ ဖခင်ထက်တောင်မှ ထက်မြက်၊ သွက်လက်နေလိုက်ကြတာ။

ဟိုတလောက မြန်မာပြည်က ရုပ်မြင်သံကြားအဖွဲ့စင်ကာပူအထိ သွားပြီး သမီးတို့ကောလိပ်မှာ အင်တာဗျူးလုပ်တော့ အင်္ဂလိပ်ဘာသာဖြင့် သွက်လက်စွာ ဖြေကြားနေသည့် သမီးကလေးပုံရိပ်ကို ဖန်သားပြင်ပေါ်တွင် ကြည့်ရင်းသူမျက်ရည်ဝဲရသေးသည်။

ဒါ ဖူးပိုက်ဆိုတဲ့ကလေးပေါ့ဟု တစ်ဆက်တည်းမှာပင် သူသွားစဉ်းစား မိတာက နှစ်ခု။

တစ်ခုက သူ့ရင်သွေးကလေးနှစ်ယောက်ကို "အာလူးကြော်"နှင့် "ဖူးပိုက်"သာကျွေးပေးနိုင်သည့် ဖခင်တစ်ယောက်ဘဝတုန်းက ကိုယ့်ကိုယ်ကိုယ်ရော၊ သူတို့ကလေးတွေကိုပါသည်နေ့လို အခြေအနေ မျိုးရောက်အောင် လုပ်ပေးနိုင်လိမ့်မည်ဟု ဘယ်သူကများ ထင်ခဲ့မိမှာလဲ ဆိုတာကိုပါ။

မျှော်လင့်ချက်ဆိုတာ ပြည်ဖုံးကားချ၍ကောင်းသောအရာ မဟုတ်ပါကလား။

နောက်တစ်ချက်က "အာလူးကြော်"နှင့် "ဖူးပိုက်"သာကျွေးပေးနိုင်သောဘဝက ကလေးတွေ၏ မျက်နှာကလေးတွေကို တစိမ့်စိမ့်ကြည့်ပြီး ရက်ပိုင်းကလေး ဖြစ်ဖြစ်တော့ နေနိုင်ခဲ့သေးသည်။

ဘဝမှာ လူငယ်တိုင်းမက်တတ်သည့် အိမ်မက်တွေကို သူတို့အတွက် ဖြည့်ဆည်းပေးနိုင်ပြီဆိုသည့် အခါကျတော့ ဟိုးအဝေးကြီးမှာနှစ်နှင့်ချီပြီးထားနေရပြီ။

ပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်တာကလေးကို အားရနိုင်သော်လည်း ချစ်ချင်တာကလေးတောင် ချစ်ခွင့်မရသည့် ဖခင်ဘဝကိုတော့ မချင့်မရဲဖြစ်မိသည်။

"အာလူးကြော်"နှင့် "ဖူးပိုက်" တုန်းကတောင် ဟုတ်တုတ်တုတ်။

**လက်ာရည်ကျော်**

MEDIA GROUP
Asian Fame Media Group
9th ANNIVERSARY 2004 - 2013

# ဖေခိုင်ဝင်း

ပုတီးကုန်း

# ပန်းပွင့် သစ်မြစ်၊ မြစ်တစ်စင်းနှင့် ရေဝေတောတောင်

(၁)

သူနှင့်ကျွန်တော်သည် ဝေးကွာလွန်းစွာရှိလျှင် ဆက်စပ်နေသော အရာနှစ်ခုဖြစ်လိမ့်မည်။ ကျွန်တော်က ပန်းတစ်ပွင့်ဖြစ်မူ သူက ရေသောက်မြစ်ဖြစ်ပါလိမ့်မည်။ သူက ရေဝေတောတောင် ဖြစ်ပါမူ ကျွန်တော်က မြစ်တစ်စင်းဖြစ်နေပါလိမ့်မည်။

ထိုအသိကို ရလာခဲ့သည်မှာ ကြာလှပြီဟု မဆိုနိုင်သေး။

(၂)

မူလတန်းကျောင်းဝန်းကလေးကအထွက်မှာ ကျွန်တော်က အဘိုးမျက်နှာကိုမော့ကြည့်ရင်း မေးလိုက်သည်။

"အဘ ဘာဖြစ်လို့ အဖေနာမည်ကို အဘနာမည်မထည့်ရတာလဲ"

ကျွန်တော်က ကျွန်တော့်အမေ၏အဖေအဘိုးကို အဘဟုခေါ်သည်။ ကျွန်တော်က အမေကို ကျွန်တော်၏အစ်မဟုသာ ထင်ပြီး ကျွန်တော့်အဘိုးအဘွားကို သာ အဖေအမေဟု နားလည်ထားခဲ့ပါသည်။ ထိုကျောင်းအပ်သည့်နေ့ကတော့ အဘိုးနှင့်သူငယ်ချင်းဖြစ်သော ကျောင်းအုပ်ဆရာကြီးနှင့် ကျွန်တော့်အဘိုးတို့ အချီအချပြောစကားများကို ကျွန်တော်ကြားရပြီး အံ့သြခဲ့ရပါသည်။

"မခေါ်ချင်နေလို့ ရတယ်။ မတော်ချင်နေလို့ မရဘူးကွ။ အဖေနာမည်ကို သူ့အဖေနာမည်ပဲ ထည့်ရမယ်။ မင်းနာမည်ထည့်လို့ မရဘူး"

ဆရာကြီးက အဘိုးကို ပြောခဲ့သည့် စကားဖြစ်သည်။ ဆရာကြီးက နှုတ်မှရေရွတ်ပြီး ရေးချလိုက်သော ကျွန်တော့်အဖေ၏ နာမည်ကို ထိုနေ့မှစပြီး ကျွန်တော် ကြားဖူးခဲ့ပါသည်။

"အဘက မင်းအဖေမဟုတ်ဘူးကွ မင်းအဘိုး၊ ဒါကြောင့် မင်းအဖေရဲ့နာမည်ကိုပဲ ကျောင်းစာရင်းမှာ သွင်းရတာ"

"ဘာဖြစ်လို့ အဘတို့က ညာ



Asian Pacific Media Group

ထားရတာလဲ"

"မင်း မှတ်ထား၊ နောက်ကို အဲဒီအကြောင်း ဘယ်တော့မှ မမေးရဘူး"

အဘိုးအသံ မာဆတ်ဆတ်ကြောင့် အဘိုးမျက်နှာကို အလန့်တကြား မော့ကြည့်လိုက်မိသည်။

ကျွန်တော်သည် တစ်အိမ်လုံးမှာ အဘိုးကို အကြောက်ရဆုံးဖြစ်ပြီး အဘိုးစကားကို ဘယ်တုန်းကမှ လွန်ဆန်ရဲခဲ့သူမဟုတ်ပါ။ ရွာနီးချုပ်စပ်မှ ရွာသားအများစုကပင် အဘိုး၏ဩဇာကို ခံယူလျက်၊ အဘိုးကို ချစ်ကြောက်ရိုသေကြသူများ ဖြစ်ကြသဖြင့် ကျွန်တော့်အဘိုးကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည်မှာ မထူးဆန်းလှပါ။

ကျွန်တော် မမြင်ဖူးသော အဖေတစ်ယောက် ကျွန်တော့်မှာ ရှိတာပါလားဆိုသည့် အသိကတော့ ကျွန်တော့်ရင်ထဲ စွဲကျန်ရစ်ခဲ့ပြီပဲ။

(၃)

ကျွန်တော့်တို့အိမ်ကြီးရှိရာ ရွာအလယ်တစ်ပိုင်းလုံးက ဆွေမျိုးများသာဖြစ်သည်။ ကျွန်တော်က အခွင့်အရေးရလျှင် ရသလို ကျွန်တော့်အဖေနှင့်ပတ်သက်သည့် အကြောင်းကို ဆွေမျိုးများအား မေးကြည့်ဖြစ်သည်။ ကလေးကို ဒီအကြောင်းတွေ ဘာမှမပြောကြနဲ့ဟု ဟိုးအရင်ကတည်းက အဘိုးပိတ်ပင်တားမြစ်ထားကြောင်း။ အဘိုးစကားကို ဘယ်သူကမှ မပယ်ရှားဝံ့ကြောင်းသာ ကျွန်တော့်ကို ပြန်ပြောတတ်ကြစမြဲ။

"နင် ဒီလောက်သိချင်နေရင် ငါပြောမယ်။ ငါပြောတယ်လို့ ဘယ်သူ့မှ ပြန်မပြောရဘူး ကြားလား"

ကျွန်တော့်ကို ကျွန်တော့်အိမ်ဘေးအိမ်မှ ဒွေးလေးက တိုးတိုးပြောတော့ ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"နင့်အဘိုးက ဘကြီး (အကြီး) က အရမ်းထက်တယ်၊ နေရာတကာ အမြော်အမြင်ရှိတယ်။ ဘာပဲလုပ်လုပ် ရှေ့ကိုကြိုမြင်တယ်"

သူတို့က အဘိုးကို ဘကြီးဟု ခေါ်ကြပြီး အဘိုးတော်ပုံ၊ ထက်ပုံတွေကို ပြောပြသည်။

"နင့်အဖေက သိပ်ရိုးတာ၊ အေးတာ။ ခပ်တိုတိုပြောရရင်တော့ နင့်အဘိုးကို မလိုက်နိုင်ဘူး။ နင့်အဘိုးက စိတ်တိုင်းမကျဘူး၊ လူစွမ်းလူစနည်းတယ်လို့ နင့်အဘိုးက ထင်မှာပေါ့။ ပြီးတော့ လယ်ပိုင်ရှင်တွေချင်း လူကြီးချင်းစီစဉ်ပြီးပေးစားကြတာဆိုတော့ နင့်အဖေကလည်း ကြာကြာ အပြောအဆိုမခံနိုင်ဘူးထင်တယ်။ နင် လေးလသား လောက်မှာ သူ့ အိမ်ပြန် သွားတာ ပြန်မလာတော့ဘူး။ နင့်အမေကို လာခေါ်ပါတယ်။ နင့်အမေက မလိုက်တာ။ ဒါနဲ့ နောက်ဆုံးနောက် အိမ်ထောင်ပြုသွားတာတဲ့။ ဒွေးလေးပြောတာတွေ ဘယ်သူ့မှ ပြန်မပြောနဲ့နော်"

"အမေက လာခေါ်တော့ ဘာလို့ လိုက် မသွားတာလဲ ဒွေးလေး"

"အမယ်လေး နင့်အဘိုးက ဘယ်သူက [illegible]ခံရဲလို့လဲ။ နင့်အမေမပြောနဲ့။ ငါတို့တောင် သူ့စကားကို မလွန်ဆန်ဝံ့တာ။ ဒါပေမဲ့ နင့်အတွက်စဉ်းစားတာလည်း ပါပါလိမ့်မယ်"

"ဘာကိုလဲ ဒွေးလေး"

"နင်လိုက်ချင် လိုက်သွား၊ နင်လိုက်သွားရင် နင့်ဘဝလေး သူဌေးဖြစ်ချင်ဖြစ်မယ်၊ ဘယ်တော့မှ လူရာဝင်မှာမဟုတ်ဘူး။ ငါပြောလိုက်မယ်၊ လူကြီးမိဘက အမြော်အမြင်ကြီးမှ ကလေးဆိုတာ လူရာဝင်တာတဲ့၊ အဲဒီလိုပြောတာ ငါတို့အကြားပဲ၊ ငါတို့ရှေ့မှာ ပြောတာပဲ"

ထိုစဉ်က အဘိုးပြောခဲ့သည်ဆိုသော စကားကို ဒွေးလေးထံမှ ကျွန်တော် ကြားခဲ့ရသော်ငြား အဓိပ္ပာယ်ကိုကား မသိခဲ့ပါ။

မူလတန်းအောင်ပြီး တက္ကသိုလ် ကျောင်းသွားတက်ရမည့် အလယ်တန်းကျောင်းကို ဆက်ထားတော့မှ အဘိုးစကားကို ကျွန်တော် ရိပ်စားမိလာခဲ့ရသည်။

"မင်းနယ်ကွာ လယ်တွေ၊ ချောင်းတွေလုပ်ကွက်တွေ ဒီလောက်များနေတာ၊ ကလေးကို တက္ကသိုလ် စာသင်ခိုင်းနေရသေးတယ်လို့"

အဘိုးသူငယ်ချင်း တစ်ယောက်က ကျောင်းမထားရန် ကန့်ကွက်

## နှုတ်မှအသံထွက်သော စကားလုံးတို့ နည်းပါးလှသော်လည်း ရင်တွင်းမှစကားများစွာကို ကျွန်တော် ကြားနေနိုင်ပါသည်။ ဘယ်တော့မှ ခြေမချပဲ မာနအတ္တတို့ဖြင့် စွန့်ခွာခဲ့သော သည်ခြံရိပ်ကို ရောက်လာခဲ့ခြင်းကပင်....

စကားဆိုသည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းလွန်းသဖြင့် ကျောင်းဆက်တက်သူရှားပါးလွန်း၏။

"စီးပွားရှာတာ၊ ပိုက်ဆံရှာတာက လွယ်တယ်ကွ။ ငါလို လေးတန်းတောင်အောင်တဲ့သူတောင် စီးပွားရှာတတ်သေးတာ။ ပညာတတ်မှ လူရာဝင်မှာ။ ငါ့မြေးကို ပညာအမွေပဲ ပေးရမယ်"



ထိုစဉ်က အဘိုးပြောခဲ့သော စကားဖြစ်သည်။ ကျွန်တော့်အဖေနှင့်သာ ကျွန်တော့်ကိုထည့်လိုက်ပါက ကျွန်တော့်ကို ပညာတတ်တစ်ယောက်ဖြစ်လာအောင် ကျွန်တော့်အဖေနှင့်အမေက မြေတောင်မြှောက်ပေးမည်မဟုတ်ဟု အဘိုးထင်ထားခဲ့ပုံရကြောင်း ကျွန်တော်နားလည်လာသည်။ အဘိုးရောအဖေ့ဘက်ကပါ ထိုစဉ်က လယ်ကေများစွာပိုင်ကြသော လယ်ပိုင်ရှင်များဖြစ်ကြသဖြင့် ကျွန်တော်သည် လယ်ပိုင်ရှင်ထက်မပိုသော သူတစ်ဦးသာ ဖြစ်သွားမှာကို အဘိုးကြိုတွေးမိဟန်တူသည်။

"ဒီမှာ လူလေး၊ အဖေမရှိဘူးဆိုတာဟာ အားပျက်စရာတစ်ခုမဟုတ်ဘူး။ အားတက်စရာတစ်ခုလို့ မင်း နားလည်ထားရမယ်။ တစ်ခုခု မင်းမှားရင်၊ မင်းညံ့ခဲ့ရင် အဖေမရှိလို့ပဲလို့ သူများတွေမမြင်အောင်၊ မပြောအောင် မင်းကြိုးစားရတော့မယ်။ သူများတွေ မိဘအစုံအလင်ရှိတဲ့သူတွေထက် မင်းက အားကိုပိုပြီးစိုက်ထုတ်ရမယ်။ ဒါကြောင့် အားတက်စရာတစ်ခုလို့ အဘက ပြောတာ ကြားလား လူလေး"

အဘိုးစကားတို့သည် သာမန်လယ်သမား၊ ချောင်းသမားတို့ ပြောနိုးပြောစဉ်စကားများထက် ထူးဆန်းနေတတ်ပြန်သည်။ အဘိုး၏စကားတို့က ကျွန်တော့်စိတ်မာတ်၊ ကျွန်တော့်နှလုံးသားကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိခဲ့သည်။

အဖေ၏ လစ်ဟာမှုသည် ကျွန်တော့်အား ခံစားမှုတစ်စုံတစ်ရာ မဖြစ်စေခဲ့ဘဲ ကျွန်တော်၏ စံပြသူရဲကောင်းသည် ကျွန်တော့်အဘိုးသာ ဖြစ်နေခဲ့တော့၏။

(၄)

အဖေနေသည့် ရွာသည် ကျွန်တော်တို့ရွာနှင့် မလှမ်းမကမ်းမှာ ရှိနေသော်လည်း ထိုရွာကို အလယ်တန်းအောင်သည် အထိ ကျွန်တော် မရောက်ဖူးပါ။

"နင့်အဖေက နင့်ကိုခေါ်ချင် ပြောချင်ပေမယ့် နင့်အဘိုးကို ကြောက်လို့ မခေါ်ရဲမပြောရဲတာနေမှာ"

ဟု ဒွေးလေးက ကျွန်တော့်ကို



Asian Fame Media Group

ပြောပြတတ်ပါသည်။ ကျွန်တော်သည်လည်း အဘိုးကိုကြောက်စိတ်ဖြင့် အဖေရှိသော ရွာသည်ပင်လျှင် ကျွန်တော်နှင့်မဆိုင်သလို ဖြစ်ခဲ့ရသည်ပဲ။

အထက်တန်းရောက်တော့ အဘိုးက ကျွန်တော့်ပညာရေးအတွက် ကျွန်တော့်ကို တနယ်တကျေးပို့လိုက်တော့သည်။ အဖေနှင့်ဝေးရာသို့ ကျွန်တော်ရောက်ရှိသွားကာ ကျွန်တော့်ဘဝမှာ အဖေဆိုသော လိုအပ်မှုကို သတိမထားမိသလောက် ဖြစ်သွားပါတော့သည်။

မူလတန်းကျောင်းသားဘဝက လမ်းမှာတွေ့သော လူကြီးတစ်ယောက်က ဘယ်နှတန်းရောက်ပြီလဲမေး၍ ကျွန်တော်က ပြန်ဖြေသည်။ မျက်နှာချင်းဆိုင်မှလာသော ရွာသားတစ်ဦးက စောစောက မင်းကိုနှုတ်ဆက်တာ ဘယ်သူလဲသိလားမေးတော့ ကျွန်တော်က ခေါင်းကိုခါယမ်းပြလိုက်၏။ အဲဒါ မင့်အဖေပဲဟုဆိုတော့မှ သူ့မျက်နှာကိုအလွတ်ရအောင် အသေအချာမကြည့်လိုက်မိတာ တွေးရင်းနောင်တရခဲ့ဖူးပါသည်။

တက္ကသိုလ်တက်နေရင်း ကျောင်းပိတ်ရက်အပြန် အလှူတစ်ခုကိုသွားသည်။ ကျွန်တော့်ကို အသေအချာကြည့်ရင်း ခပ်လှမ်းလှမ်းမှ ပြုံးပြနေသူတစ်ဦးကို ပြန်ပြုံးပြဖြစ်၏။ အဲဒါ ဘယ်သူလဲဟု သူငယ်ချင်းကို မေးကြည့်တော့မှ မင်းအဖေလေဟု ပြောတော့ နှုတ်ဆက်ချင်ပေမယ့် ရှာမတွေ့ရတော့။

ဘွဲ့ရပြီးအလုပ်တစ်ခုရကာ အရာရှိဖြစ်ပြီဆိုတော့ မင့်အဖေကိုသွားကန်တော့လိုက်ဟု အဘိုးကပြောသည်။ အဘိုးစကားကြောင့် ကျွန်တော်ရော အိမ်သားအားလုံးပါမက တစ်ရွာလုံးက တအံ့တဩဖြစ်ရသည်။ သူမြေတောင်မြှောက်ပေါင်းသင်ပေးခဲ့သောအပင်မှ အပွင့်ဝေခဲ့ပြီဟု အဘိုးက အသိပေးချင်ခဲ့တာ နောင်မှတွေးမိလာသည်။

နှစ်ပေါင်းအစိတ်ကျော်ကျော် ဝေးကွာနေခဲ့ရသော သားအဖနှစ်ယောက်၏ ပြန်ဆုံခန်းမှာ ပြောစရာစကားတွေ နည်းပါးလွန်းလှပါသည်။

မျက်ဝန်းမှ မျက်ရည်စတို့ကိုတော့ ဘယ်သူမှဖုံးကွယ်မထားနိုင်ကြပါ။

အဘိုးဆုံးသွားတော့ အဖေ့အိမ်ကိုသွားပြီး အခါအားလျော်စွာကန်တော့ဖြစ်ပါသည်။ အမေကတော့ နဂိုကအေးဆေးသူမို့ မသိဟန်ပြု၍နေစမြဲ။

အမေဆုံးပြီးစနှစ်မှာပင် တိုက်တိုက်ဆိုင်ဆိုင် အဖေ ရန်ကုန်ဆေးရုံကြီးမှာ ဆီးကျိတ်လာခွဲခဲ့ပါသည်။ ဆေးရုံကို ကျွန်တော်တို့မိသားစု သွားတွေ့ကြပြီး ဆေးရုံကအဆင်းမှာတော့ ကျွန်တော့်အိမ်မှာ အဖေ တစ်ညအိပ်နေသွားခဲ့ပါ၏။

နောက်ပိုင်းမှာတော့ တစ်နှစ်လျှင် နှစ်ခေါက်လောက် အဖေ့ရွာကိုသွားပြီး ကျွန်တော်ကန်တော့ဖြစ်ပါသည်။ ခက်တာက သူနှင့်ကျွန်တော့်ကြားမှာ ပြောရာစကား ရှားပါးနေလွန်းခြင်းပင်၊ ကျွန်တော်တို့သည် နားမစားမပါသော စကားများကိုသာ ပြောဖြစ်ကြ၏။ ကျွန်တော့်တပည့်လေးများနှင့်တွေ့တိုင်း ဟိုစာရေးဆရာသတင်း ဘာထူးသေးလဲဟု မေးတတ်သည်ချည်း။

နာလံထူဖြစ်ပြီး ကျွန်တော့်တပည့်လေးတစ်ဦးထံ အဖေရောက်လာပြီး စိုးရိမ်တကြီး သတင်းမေးသည်။ မနက်ဖြန် ငါလိုက်သွားတော့မလို့ဟု ဆိုသည်။ ကျွန်တော်တို့ ဖုန်းဆက်ပြီးပြီ ဘာမှမဖြစ်ပါဘူးပြောတော့ ဒါဆိုလည်း မလိုက်တော့ပါဘူးဆိုပြီး ပြန်သွားသည်ဟု တပည့်လေးက ပြန်ပြောပြ၏။

အသက်ရှစ်ဆယ်ကျော်ပြီ ဖြစ်၍ ကျန်းမာရေးကောင်းသော်ငြား တစ်ဦးတည်း ခရီးသွား၍ မသင့်တော်သော အရွယ်မှာ အစိုးရိမ်ပိုတတ်သော ဖခင်စိတ်ကို ခံစားနားလည်ခွင့်ရလိုက်ခြင်းက အဝေးဆုံးအရာနှစ်ခု၏ အဆက်အစပ်ကို အထင်းသားပေါ်စေပြန်သည်။

(၅)

သည်နှစ် သင်္ကြန်တွင်း ရွာမှာနေမည်ဆုံးဖြတ်၍ သင်္ကြန်မတိုင်မီ တစ်ပတ်ကပင် ရွာကိုရောက်သည်။

ရွာရောက်ပြီး နောက်နေ့မှစကာ ဒုလာသွေးဝမ်းသွားတော့သည်။ ခါတိုင်းလည်း သည်နှယ်နှစ်ရက်သုံးရက် ဖြစ်တတ်သဖြင့် စိတ်မပူမိ။ လေးငါးရက်ကြာလာတော့ လူက အားနည်းပြီး ပက်လက်ကုလားထိုင်ပေါ်က ထလို့မရတော့။ ရောက်ပြီး နောက်ရက်မှာပင် အဖေ့ကို ကန်တော့ဖို့သွားမည် စဉ်းစားထားသော်လည်း မရောက်ဖြစ်၊

တစ်နေကုန် ပက်လက်ကုလားထိုင်ပေါ်မှာနေပြီး ညနေပိုင်းမှောင်ရီပျိုးချိန်မှာ ရေချိုးဖို့ အိမ်အောက်ကိုဆင်းသည်။

အိမ်ခေါင်းရင်းမှာ ရေချိုးဖို့ရေစည်ရှိ၏။ ရေချိုးနေရင်းမှ ကျွန်တော့်ခြံနောက်ဖေးပေါက်မှ လူတစ်ယောက်ဝင်လာတာကို ခပ်ဝါးဝါးမြင်ရသည်။ ကျွန်တော်တို့ခြံသည် တစ်ဧကလောက်ကျယ်ပြီး အိမ်က ရှေ့ဘက်မှာ လူဆောက်ထားသဖြင့် နောက်ဖေးမှာ ခြံကကျယ်သည်။ အလင်းရောင်မှောက်ခါနီးအချိန်မှာ ဝင်လာသူကို အနားမရောက်မချင်း ဘယ်သူဘယ်ဝါဟု ကျွန်တော်မသိ၊ လက်တစ်ဖက်က တုတ်တစ်ချောင်း ကျန်လက်တစ်ဖက်မှာ ပစ္စည်းတစ်ခုကိုင်လာသူက ကျွန်တော်နှင့် နီးသထက်နီးလာ၏၊ မလှမ်းမကမ်းအရောက်မှာ ကျွန်တော့်အဖေဟု ကျွန်တော် သိလိုက်တော့သည်။ ကျွန်တော့် တစ်သက် ဒီခြံထဲမှ ထွက်သွားခဲ့သော ကျွန်တော့်အဖေ ဒီခြံထဲကို ပထမဆုံးအကြိမ် ခြေချလာတာ တွေ့ရတော့ အိပ်မက်တစ်ခုကို မက်နေသလိုပင်၊ ဒီခြံနှင့်ပတ်သက်၍ သူ့ရင်မှာ နာကြည်းစရာ၊ ခံပြင်းစရာတွေ ရှိကောင်းရှိနေမှာပါလားဟု ကျွန်တော် စဉ်းစားမိသေး၏။ ရုပ်ရှင်ကားတွေ၊ ဝတ္ထုတွေထဲကလို ကျွန်တော်က ရေဖလားကိုပစ်ချ၊ အဖေ အဖေ ကျွန်တော့်ဆီကိုလာတာလားအဖေဟု ပြေးပြီးပွေ့ဖက် နှုတ်ဆက်လိုက်ဖို့ ကျွန်တော် သတိရလိုက်သေးသည်၊ အမှန်မှာတော့ သည်လိုနှုတ်မဆက်ဖြစ်ခဲ့ပါ။

"တစ်ယောက်တည်း လာတာလား။ ဘာလို့တစ်ယောက်ယောက်ကို လိုက်မပို့ခိုင်းတာလဲ"

အနားကိုတိုးသွားရင်း သည်လိုပဲ ကျွန်တော်မေးဖြစ်သည်၊ နေဝင်ခါနီးမှာ ရွာအပြင်ဘက် လယ်ကွင်းတွေကို ဖြတ်လာရသော သက်ကြီးရွယ်အိုတစ်ဦးအတွက် စိုးရိမ်စကား၊ ရွာထဲလမ်းမှ မော်တော်ဆိုင်ကယ်နှင့် တစ်ဦးဦးက လိုက်ပို့လျှင်ဖြစ်နိုင်သည့်ခရီး၊

"မင်း နေမကောင်းဘူးကြားလို့။ လာချင်စိတ်ပေါက်လို့ တစ်ယောက်တည်းထွက်လာခဲ့တာ။ ခြံနောက်ဖေးပေါက်ကို မနည်းရှာရတယ်ကွ။ မမှတ်မိဘူး"

အိမ်ပေါ်တက်ရန်အသွားမှာ ပြောသည်။ သူ့သားအတွက် စိုးရိမ်သောကတိုက်တွန်းမှုဖြင့် ရုတ်တရက်ထထွက်လာဟန်တူသည်။ အိမ်မှာက တခြားသူတွေ ရှိနေချင်မှရှိနေမည်။

"ဒါက အိမ်မှာလုပ်တဲ့ ဆနွင်းမကင်းတွေ။ ဒါက ကောက်ညှင်းဆန်၊ ကောက်ညှင်းပေါင်းနဲ့ ငရုတ်သီးဖောင်းနဲ့ စားရင် ဒုလာသွေးဝမ်း ပျောက်တယ်ပြောလို့ထည့်ယူလာခဲ့တာ"

စားပွဲပေါ်တင်ထားသည့် ပစ္စည်းများကိုပြရင်း ပြောသည်။

"ကျွန်တော် တော်တော်သက်သာနေပါပြီ။ နောက်နှစ်ရက်လောက်ဆို လာကန်တော့တော့မလို့ဘဲ"

"မင်းမထနိုင်ဘူးထင်လို့ ငါလိုက်လာတာ"

နှုတ်မှအသံထွက်သော စကားလုံးတို့နည်းပါးလှသော်လည်း ရင်တွင်းမှစကားများစွာကို ကျွန်တော်ကြားနေနိုင်ပါသည်။ ဘယ်တော့မှ ခြေမချဟု မာနအတ္တတို့ဖြင့် စွန့်ခွာခဲ့သော သည်ခြံရိပ်ကို ရောက်လာခဲ့ခြင်းကပင် မေတ္တာ၏ရောင်စဉ်တန်းဟု ကျွန်တော်တွေး၏။

အပြန်မှာတော့ ကျွန်တော့်တူကလေးကို ဆိုင်ကယ်ဖြင့် လိုက်ပို့ခိုင်းလိုက်ပါသည်။

(၆)

ပန်းတစ်ပွင့်၏ရနံ့၊ ပန်းတစ်ပွင့်၏အလှနှင့် ဝေးရာအရပ်မှ ရေသောက်မြစ်၏ကျေးဇူးတရားကို ကျွန်တော်သတိရမိသည်၊

ရေဝေတောတောင်တို့၏ ကျေးဇူးပြုမှုကြောင့် မြေမပြိုသောင်မထွန်းသော မြစ်တစ်စင်း၏အပြစ်ကို စင်စစ်နားလည်လိုက်မိ၏။

**မောင်စိန်ဝင်း(ပုတီးကုန်း)**

Asian Fame Media Group



ဝတ္ထုတိုရသ

# မုက္ကာဝီ

# ကျွန်မသူ့ကို ချစ်သင့်ပါသလား

Asian Free Media Group



"မေလေးလား"

"ဟယ်. . ကိုနေ. . . နင် ဒီနေ့ နေပြည်တော်ကိုသွားရမှာ မဟုတ်လား။ ဘယ်က ဆက်နေတာလဲ"

"အေး. . ဟုတ်တယ်။ မရောက်သေးပါဘူး။ ငါ လမ်းတင်ရှိသေးတယ်. . နင်ကော အိမ်ကနေ ရုံးကို ထွက်ပြီလား"

တစ်ရုံးတည်း အတူနေ၊ တစ် ပတ်မှာ စနေနေ့တစ်ဝက်နဲ့ တနင်္ဂနွေ ပိတ်ရက်တွေလောက်သာ မျက်နှာချင်းမဆိုင်ဖြစ်ကြရတဲ့ ဒီနှစ်ဦးသားကြားမှာ သူက အလုပ်ကိစ္စနဲ့ နေပြည်တော်လေး တစ်ရက်ပြေးရပါတယ်။ လမ်းတစ်ဝက်တင်ရှိသေး မနေနိုင်မထိုင်နိုင် ဖုန်းလှမ်းဆက်ပြီး လွမ်းပြပြီလား၊ မေလေးရင်ထဲဒိန်းခနဲ တစ်ချက် ခုန်လှုပ်သွားရပြီး ဂုဏ်ယူကျေနပ်တဲ့အသံလေးနဲ့ "ပို လိုက်တာဟယ်။ နင်ဘယ်လောက် ပိုပြပြ ငါကတော့ သူ့ဘက် ကိုယ့်ဘက် အကြောင်းမသိ ဘာမသိ၊ ခြောက်လ လောက်တော့ အချိန်ယူစဉ်းစားဆုံးဖြတ်ဦးမယ်ဆိုတဲ့ ငါ့စကားကို မပြင်နိုင်ပေါင်"လို့ အကျောလေးနဲ့ ပြောလိုက်အုံ့ဆဲဆဲ . . . .

"နင် ရုံးမရောက်သေးရင် ငါ့ကို တစ်ခုလောက် ကူညီစမ်းပါ။ ညနေသုံးနာရီ အစည်းအဝေးမှာ နင်နဲ့ နင့်ဘော့စ်တို့လည်း ပါတယ် မဟုတ်လား။ အဲဒီမှာ ငါ့ဘော့စ် ဖတ်ရမယ့် ဖိုင်တစ်ခု ငါ့အိမ်မှာ ကျန်ရစ်ခဲ့တယ်။ အဲဒီဖိုင်သာ သူ့ဆီ အချိန်မီမရောက်ရင် သူလည်း တခြားဌာနတွေရှေ့မှာ အကွဲ၊ ငါလည်း ပြဿနာမှ တကယ့်အကြီးကြီးပဲ။ အဲဒါ နင်ငါ့အိမ်ကို တစ်ချက်အရင်ဝင်ပြီး အဲဒီဖိုင်လေးကိုဝင်ယူပြီးမှ ရုံးသွားလို့ရမလား"

တောက် သေလိုက်။ သူများကဖြင့် ဘုမသိဘမသိ ထရင်ခုန်ပြီး ပေါက်ကရတွေလျှောက်ပြောမိရင် အရှက်က ကွဲရဦးမယ်။ ကိုနေဆိုတဲ့လူဟာ အဲဒီလိုမျိုးပဲ။ ဘာမှမရေရာ မသေချာတဲ့၊ ဘာစည်းကမ်းမှမရှိတဲ့၊ လုပ်လိုက်ရင်အမြဲ တလွဲနဲ့ မေ့မေ့လျော့လျော့ချည်းပဲ ဖြစ်နေတတ်တဲ့လူမျိုး။ အဲဒါကြောင့်မို့လည်း သူ ချစ်ခွင့်ပန်မလာခင်ကတည်းက ကိုယ်ကစလို့တောင် စိတ်ဝင်စားနေခဲ့ရသေးပေမယ့်၊ သူ့ဆီက ချစ်စကားတစ်ခွန်းကို စကြားလိုက်ရတော့ မူးမေ့တောင်လဲရမတတ် အရည်ပျော် တုန်လှုပ်ခဲ့ရပေမယ့် ခုတ်တရက်ချက်ချင်း အဖြေပြန်မပေးဝံ့သေးဘဲရှိခဲ့ရတာ။ တော်ကြာကျ ကိုယ်အဖြေ ပြန်ပေးထား တာကိုပါ မေ့ပစ်ပြီး "နင့်ကိုငါ ပြောထားဖူးလို့လား" ဆိုရင် ဘယ့်နှယ့် လုပ်ကြမတုံး လို့။

"သူ့ အကျင့်စရိုက် တွေနဲ့ ငါနဲ့ ဖြစ်ပါ့မလား၊ ဒါမျိုး စည်းမရှိ ကမ်းမရှိ ကပျက်ကချော် ကို ငါ တစ်ဘဝလုံးစာ အတွက် သည်းခံ ခွင့်လွှတ်သွားနိုင်ရဲ့လား။ အလုပ် အကိုင်က တော့ ပေမယ့် အဲဒီလို အမြဲ ဖြစ်နေရင် ဒီလို လူမျိုးဟာ ထက်လမ်းမှ ဖြောင့်ဖြူးပါ့မလား" ဘာဘာ

> တောက်. . .
> သေလိုက်လို့ကလည်း
> နောက်တစ်ကြိမ်
> ထပ်မပြောရဲတော့။
> သူက
> နေပြည်တော်သွား
> ဟိုင်းဝေးလမ်းမကြီး
> ပေါ်မှာတင်ရှိနေသေးတာ
> မဟုတ်လား။
> အဲဒီလမ်းနဲ့ ကားတွေ
> အကြောင်းကလည်း
> သိတော်မူကြတဲ့အတိုင်း။



ညာညာ အတွေးပေါင်းစုံနဲ့ ရင်ထဲက ခံစားချက်ကို ဦးနှောက်က လိုက်လိုက် ဘရိတ်အုပ်၊ ချီတုံချတုံနဲ့ ထိန်းချုပ်ရင်း အိပ်ပျက်ရတဲ့ ညတွေကလည်း များလှပြီ။

"နင့်အိမ်က တစ်ယောက်ကို ရုံးလာပေးခိုင်းလိုက်လို့ မရဘူးလား။ မကူညီချင်တာတော့ မဟုတ်ပေမယ့် ငါနင့်အိမ်ကို မသွားချင်ပါဘူး။ နင့်မိဘတွေက နင်ကကြိုက်တယ်လို့ ပြောထားရုံလေးနဲ့ အိမ်ရောက်လာတဲ့ မိန်းကလေးဆိုပြီး တော်ကြာ ဘာဘာညာညာ တစ်မျိုးထင်"

"အတွေးကလည်း ခေါင် လိုက်တာ။ ဒါပေမဲ့ မစိုးရိမ်ပါနဲ့။ ငါ့မိဘတွေက အိမ်မှာမရှိဘူး။ မန္တလေးရောက်နေကြလို့ ခုလောလောဆယ် အိမ်မှာ ငါ့အဘိုးတစ်ယောက်ပဲရှိတယ်။ သူက နင့်ကို ဘာဘာညာညာ မထင်တဲ့အပြင် ဒါပြောပြထားလို့ အရမ်းတွေစိတ်ဝင်တစားတွေ့ချင်ပြီး နင်မှနင် ဖြစ်နေတာ။ ကျွန်မ မေလေးပါ။ ကိုနေ့ကောင်မလေးပါ အဘိုးလို့ သာပြောလိုက်။ နင်ရုံးမီဖို့တောင် မနည်းစကားဖြတ်ထပြန်မှရမယ်။ ဖူးဖူးမှုတ်ဆီးကြိုပြီးတော့တောင် ချစ်ခင်နေမှာ"

"အောင်မာ၊ ဘာလို့ပြောရမှာလဲ။ နင်လည်း နစ်နာနေပါဦးမယ်။ ပြီးရော. . ပြီးရော။ ဒီတစ်ခါတော့ရှိစေ။ နောက်တစ်ခါဆိုရင် နင့်အမေ့အလျော့နဲ့နင်၊ ပြဿနာကို အကြီးကြီးပဲဖြစ်ဖြစ်။ ဧရာမကြီးပဲတက်တက် ငါနဲ့ ဘာမှကိုမဆိုင်ဘူး။ ဘာမှ လုပ်မပေးဘူး။ အဲဒါ မျိုး အကျင့်တွေပေါ့။ ငါနင့်ကိုမကြိုက်တာ"

"ဟဲဟဲ . . . ဆောရီး။ ဒုတိယအကြိမ်မြောက် ဆောရီးကတော့ ငါတို့ တိုက်ခန်းတွေမှာ မနေ့ကပဲ ဓာတ်လှေကားက ပျက်သွားတာ၊ ပြန်ပြင်ဖို့ တစ်ပတ်ကြာမယ်တဲ့။ ငါတို့အခန်းက (၇)ထပ်"

တောက် သေလိုက်လို့ကလည်း နောက်တစ်ကြိမ် ထပ်မပြောရဲတော့။ သူက နေပြည်တော်သွား ဟိုင်းဝေးလမ်းမကြီးပေါ်မှာတင် ရှိနေသေးတာ မဟုတ်လား။ အဲဒီလမ်းနဲ့ ကားတွေအကြောင်းကလည်း သိတော်မူကြတဲ့အတိုင်း။

◆

ဘဲလ်သံအဆုံးမှာ အိမ်တံခါးက ဟစိလေး အသာပွင့်သွားတော့ ကိုယ်က ကိုယ်နဲ့ မျက်လုံးချင်းရေပြင်ညီတစ်တန်းတည်း နေရာလောက်ကိုပဲ အာရုံစိုက် စောင့်ကြည့်နေမိတာပေါ့။ အမလေး. . . ပလုတ်တုတ်၊ ခြောက်ပေနီးပါးလောက်ရှိတဲ့ လူတစ်ယောက်ရဲ့ အဘိုးဆိုတာကလည်း ပုတားလိုက်တာ။ ဒီလောက်အရပ်ကလေးနဲ့ ဆိုတာကို ကြိုလည်းမပြောထားပါလား သင်းက။ အေးလေ. . . ငါကလည်း ဘာတွေတွေးနေတာလဲ။ "ငါ့အဘိုးက ပုပုလေးနော်။ သတိထား" ဆိုတာမျိုးတော့ ဘယ်သူက ပြောနေမှာလဲ။

တကယ်တမ်းဆိုရင် အဲဒီလောက် အရပ်ကလေးနဲ့ လူတစ်ယောက်ဟာ အိမ်တံခါးဖွင့်ပြီးရင် နည်းနည်းလေးလောက်တော့ မျက်လွှာလေးပင့်၊ ခေါင်းကလေးလှန်မော့ကြည့်ပြီးမှ ကိုယ့်အိမ်ရှေ့ရောက်လာတဲ့ ဘဲလ်တီးသူကို ဘယ်သူပါလိမ့်လို့ စူးစမ်းရမှာ မဟုတ်ဘူးလား။ သို့သော်. . . ထိုအဘိုးပုပုကလေးက (ကိုယ့်လိုပဲပေါ့) သူနဲ့ မျက်လုံးချင်းတစ်တန်းတည်းလောက်ကိုသာ မျက်မှောင်ကုပ်ကုပ်နဲ့ ကြည့်နေပြီး. . .

"ဘာ အကွက်တွေလဲ"

နည်းနည်းလေးချွမ်းအေးသလား လို့ ကိုယ်ဝတ်ဆင်ထားမိတာက ရုံးယူနီဖောင်းပေါ်မှာ အနီအနက်နက်ပြာ အကွက်တွေပါတဲ့ ဂျာကင်တစ်ထည်ပါ။ အဘိုးပုပုလေးရဲ့ စကားကို ရယ်ကလည်းရယ်ချင်၊ စိတ်ထဲလည်း တစ်မျိုးလေးဖြစ်သွားရပြီးမှ. . .

"အဘိုး. . . သမီးက 'နေနိုင်' တို့ရုံးကပါ။ နေနိုင်က သူခရီးထွက်သွားတာ ရုံးမှာပေးရမယ့် ဖိုင်တစ်ခုကို အိမ်မှာချန်ထားခဲ့မိတယ်၊ ဝင်ယူသွားပေးပါဆိုလို့။ ဖိုင်အပြာလေးတဲ့ အဘိုး။ ဧည့်ခန်းထဲက စားပွဲပေါ်မှာပဲတဲ့"

"ပြော်. . အေးအေး။ ရှာပေးလိုက်မယ်။ တံခါးဖွင့် မပေးလိုက်လို့ရလား"

"ရပါတယ် အဘိုးရဲ့၊ သမီး ဒီအပြင်ကပဲ စောင့်နေပါ့မယ်"

"အေးအေး. . . မြေးလုပ်တဲ့သူက ဘယ်သူစိမ်းကိုမှ သံပန်းတံခါးတော့ ဖွင့်မပေးရဘူး ဆိုလို့ပါ"

ကြည့်ရတာ တစ်နေ့တစ်နေ့ ဒီအဘိုးကြီးလေးပဲ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ရပြီး အိမ်ရှိလူကုန်က အပြင်သွား၊ အလုပ်သွား လုပ်ကြရတယ်ထင်ပါရဲ့။ ရန်ကုန်မြို့ကြီးရဲ့ လူနေမှုစတိုင်လ်တွေက သက်ကြီးရွယ်အိုတွေအတွက် နည်းနည်းတော့ ကသိကအောက်နိုင်ချင်စရာပေ။ ဟိုတစ်ယောက်မေ့ကျန်ခဲ့တယ်ဆိုတဲ့ ဖိုင်အပြာလေးကတော့ သံပန်းတံခါးကတစ်ဆင့် ဧည့်ခန်းထဲက တီဗီတင်ထားတဲ့ စားပွဲပေါ်မှာ လှမ်းမြင်ရပေမယ့် အဘိုးကြီးလေးက လှုပ်တုပ်လှုပ်တုပ်နဲ့ တစ်လွဲဘက်ကို သွားနေတာမို့ ရုံးအမြန်ရောက်ချင်နေတဲ့ ကိုယ်ကပဲ စိတ်မရှည်နိုင်စွာ. . . .

"အဘိုး. . . ဟိုမှာ ဟိုမှာ။ ဒီကနေတောင် လှမ်းမြင်နေရတယ်။ ဟို တီဗီဘေးမှာ"

"ဟင် ဘာလို့ အဲဒီကနေလှမ်းပြီး သူများအိမ်ထဲကို ချောင်းကြည့်ရတာလဲ။ နင်က ဘယ်သူလဲ"

"မဟုတ်ဘူးလေ အဘိုး။ သမီးက နေနိုင်တို့ ကုမ္ပဏီကလေ။ ဖိုင်လာယူတာလေ"

"ကုမ္ပဏီ နင်ပြောတော့ ရုံးကဆို။ ကုမ္ပဏီကဆိုရင် ဘာရောင်းတာလဲ"

အင်း. . . Elderly Problem။ ခုနကတည်းက လူကို မော့မကြည့်ဘဲ အကွက်တွေ ကိုပဲ ဘာပါလိမ့်လို့ စိတ်ဝင်စားနေ ကတည်းက နည်းနည်းလေးတော့ တစ်မျိုးပါလို့၊ သူငယ်ပြန်နေတာ၊ အသိဉာဏ်ချွတ်ယွင်းနေတာ လောက်အထိတော့ ဟုတ်ချင်မှဟုတ်ပေမယ့် ဒီအရွယ် လူကြီးတွေရဲ့ စိတ်မလုံခြုံခြင်း၊ လူတွေကိုမယုံ တတ်တော့ခြင်းကိုတော့ ကိုယ်ကပဲ နားလည်သည်းခံရမှာပေ။ ငါ့ကိုက ဘူဘာသာသွားနေတာကို စိတ်မရှည်ဘဲ အလန့်တကြား သွားအော် လိုက်မိတာကိုး။ စစ်ဆေးရေးဝင်ပြီပေါ့။ သူ့မြေးရဲ့ရုံးက တကယ်ဟုတ် မဟုတ်။

"သမီးတို့ ကုမ္ပဏီက Branch တွေ အများကြီးရှိပါတယ်။ သမီး တို့ လုပ်ငန်းခွဲက နေနိုင်တို့နဲ့တော့ မတူဘူးအဘိုး၊ သမီးတို့အခွဲက ရေနဲ့ ရေသန့်စင်ပစ္စည်းတွေရော၊ ရေချိုးခန်းသုံးပစ္စည်းတွေရော အစုံပဲလေ"

စကားလည်းဆုံးရော သစ်သားတံခါးကလည်း ဝုန်းခနဲကို ပိတ်သွားတော့တာပါပဲ။ "သွား. . . သွား . . . ဘာမှမဝယ် ချင်ဘူး။ ဒီအိမ်မှာ လူငယ်တွေရှိ တယ်။ အောက်ဓာတ်ပဲဆင်းသွား ကြတာ။ တော်နေကြာပြန်တက် လာကြမှာ။ တစ်အိမ်လုံးမှာ ငါ တစ် ယောက်တည်း မဟုတ်ဘူး" တဲ့။

♦

"ဟုတ်တယ်လေ. . . ငါတို့ (၁၁၅)မိုင်မှာ၊ ဒါပေမဲ့ ငါ့ဘေးနားမှာ အမ်ဒီဦးမြင့်သိန်း ရှိနေတယ်။ ပြီးခဲ့တဲ့ တစ်ပတ်ကတိစ္စကို ဆွေးနွေးရဦးမယ်ပြီး lesson ပေးနေတာ။ ဘာမှတောင် မျိုလို့မကျဘူး။ နင်ဘာကိစ္စလဲ"

ကျွတ်. . . အသံကိုက တိုးဖွဖွ ခပ်တုပ်တုပ်နဲ့။

"နင်မမကို ဖုန်းတစ်ချက်လှမ်းဆက်ပေးဦး၊ နင့်အဘိုးက ငါ့ကို မောင်းထုတ်လိုက်တယ်"

"နင့်ဘာသာ ကြည့်ကျက်လုပ်လေ၊ ငါက ဖုန်းဆက်ဖို့ အဆင်မပြေဘူး။ အဘိုးနဲ့ ဖုန်းပြောမိရင် ပြန်ချလို့ ရတော့မှာ မဟုတ်ဘူး"

"ငါလည်း မပြောတူး။ နင်တို့ကုမ္ပဏီက ဘာရောင်းတာလဲလို့ မေးပြီးတာနဲ့"

"ဟာ ကုမ္ပဏီတွေကနေ ပစ္စည်းတစ်ခုခုလာရောင်းတဲ့ အရောင်းဝန်ထမ်းလိုတော့ ထင်မသွားစေနဲ့ဦး။ ဟိုတစ်ပတ်ကပဲ လမ်းထဲမှာ အဲဒီလို အဘွားကြီး တစ်ယောက်တည်းပဲ ကျန်ခဲ့တဲ့အိမ်ကို ပစ္စည်းလာရောင်းတာပါလို့လိမ်ပြီး တံခါးလည်းဖွင့်ပေးလိုက်မိရော လူကို ဝင်သတ်ပြီး တစ်အိမ်လုံးကပစ္စည်းတွေ အကုန်မွှေရှာယူသွားတာ။ အဘိုးက အဲဒါကို ကြားထားပြီး အရောင်းသမားဆို လန့်နေတာ"

ငါနော်။ အဲဒါကို စောစောစီးစီး ကြိုကျက်ပြောထားပါလား။ "ငါ့အဘိုးက သိပ်ပုံမှန်မဟုတ်လှတော့ဘူး" ဆိုတာကိုပါ မကွယ်ဝှက်တမ်း ကြိုအသိပေးထားပါလား။ ဟင် ကြည့်စမ်း သူများက စိတ်တိုနေဆဲ သူက "ဒါပဲ၊ ဒါပဲ" ဆိုပြီး ဖုန်းကို ဦးအောင်ချသွားပြီ။ ဟင်း. . . သင်းတော့လား။ ဒါဆိုလည်း နေ ဟယ်ဆိုပြီး ပစ်ထားလိုက်ပြန်ရင် လည်း ညနေကျအစည်းအဝေးမှာ သူ့အထက်ကလူဆီ အဲဒီဖိုင် ကြိုရောက်မနေရင် သူ့ဘဝရှေ့ရေးက လုံးဝလှတော့မှာမဟုတ်။ တောက် အဖြေပြန်မပေးချင်သေးပေမယ့် သူ့အပေါ်ထားမိနေတဲ့ ကိုယ့်ရဲ့ သံယောဇဉ်အတိုင်းအတာကလည်း ကိုယ်ပဲ သိသမို့ ခက်လှသည်။ ဖြစ်ချင်ရာဖြစ်ပစေရယ်လို့ မျက်နှာ လွှဲခဲ ပစ်မလုပ်လိုက်နိုင်တာ၊

"ဟား. . သေချင်လိုက်တာ၊ ထွက်စမ်း အကြံကောင်းတွေ၊ ငါဘာဆက်လုပ်ရမလဲ"

♦

စပရင်တောက်ဆံပင်ဖွာဖွာတိုရုံးတက်ရမှာမို့ သပ်သပ်ရပ်ရပ်ကလေး စည်းနှောင်ထားတာကို ဆွဲဖြေဖွ၊ ကွဲကော်ကိုင်းအနက်ပတ်လည် စာကြည့်မျက်မှန်ကိုထုတ်တပ်၊ နူတ်ခမ်းနီရဲရဲကြီးတစ်ထောင့်ပါလာတာ အတော်ပဲ၊ တွတ်တွတ်ရဲအောင် ထုတ်ဆိုး။ ဂျာကင်အင်္ကျီက နှစ်ဖက်လှဆိုတော့ ပြောင်းပြန်ပြန်လှန်ဝတ်လိုက်ရင် ဂျင်းအပြာရောင်ဖြောင် ဖြစ်သွားပြီ။ ကဲ. . . ဒီလောက်ဆိုရပြီလား။ သူ့အရပ်က လေးကခပ်ပုပုမို့ ကိုယ့်မျက်နှာကို သေချာအောင်တောင် ကြည့်လိုက် မြင်လိုက်ဟန်မတူတဲ့ သက်ကြီးရွယ် အိုတစ်ယောက်ကို ဒီလောက်ဆိုရင် နောက်ထပ်လူသစ်တစ်ယောက် အဖြစ်နဲ့ လှည့်စားပြီး ပြန်ဝင်နိုင်လောက်ပြီလား။ (တီး. . . တောင်)

"အဘ. . . ကျွန်မက ကိုနေနိုင်ရဲ့ မိန်းကလေးပါ။ သူက အဘနဲ့ သွားမိတ်ဆက်ပါဆိုလို့"

တောက် လျှာယားလိုက်တာ။ ခုနေ ဘေးနားမှာ ရှိလို့ကတော့ ကျောတစ်ပြင်လုံး အပုပ်ပဲ။ အလဲ့. . . ဝမ်းသာအားရနဲ့ သော့တွဲတောင် ပြေးယူတယ်တော့။ အဘိုးနဲ့သမီးလို့ ပြောထားမိပြီးတာကို အဘနဲ့ ကျွန်မအဖြစ် သတိလေးထားပြောင်းပြောနေရ မှာကလွဲလို့ ဒီနည်းက အလုပ်ပို ဖြစ်တယ်။ အေးလေ. . . သင်းလည်း စိတ်တိုမနေတော့ပါဘူး။ နဂိုကတည်းက သူက ဒီလိုပဲပြောလို့ သင်သားပဲ၊ ငါ့ကိုက မပြောချင်တာကိုး။

"အဘ . . ရရဲ့လား။ ကျွန်မကူဖွင့်ပေးရမလား"

လျှာရှည်ပြန်ပြီ။ နင့်ဟာလေ တော်တော်လျှာရှည်ပါလား မိပေလေးရဲ့၊ သူ့ဘာသာ လက်တုန်တုန်နဲ့ပဲ ဖွင့်ဖွင့်၊ တံခါးတစ်ခါဖွင့်တာ နာရီဝက်ပဲကြာကြာ၊ အခ်ိဳကော နင့်အိမ်ထဲရောက်ဖို့ပဲ၊ လှမ်းမြင်နေရတဲ့ ဖိုင်အပြာကို မရရအောင် ခိုးသွားနိုင်ဖို့ပဲ၊ ဝမ်းသာအားရတံခါးဖွင့်နေတဲ့သူက လျှာရှည်သံကို ထင့်ခနဲဖြစ်သွားပုံနဲ့ တစ်ချက်မော့ကြည့်လိုက်တော့ ကိုယ်ပဲ မျက်နှာ ကမထားတတ်၊ ရုပ်ကအပိုးမသေ ဖြစ်ရပြီ။

"ထိုင်ပါဦးမြေးမရယ်။ အေး . . . အဘနဲ့လာတွေ့တာ ဝမ်းသာတယ်။ ဒီကောင်က ဒီလိုတော့လည်း ကတိတည်သားပဲ။ ခေါ်လာပါဦးဆိုတာကို ဟိုနေ့လိုလို ဒီနေ့လိုလိုနဲ့ နေ့ရွှေ့ညရွှေ့လုပ်နေတာလေ။ ခုမှပဲ မြင်ဖူးရတော့တယ်။ အေး . . . ဝမ်းသာလိုက်တာ"

ဘုရားရေ၊ အမ်ဒီဦးမြင့်သိန်း ကြီးဘေးထားပြီး သူ သူ့အဘိုးဆီ ဖုန်းလှမ်းမဆက်ရဲတာ ဒါ့ကြောင့်ကိုး။ လုံးဝ Non-Stop ပါလား။ တစ်လုံးမှ ဝင်ပြောခွင့်လည်းမရှိ၊ စကားစဖြတ် လို့လည်းမရ၊ ရုံးချိန်ကကျော်သွားပြီ။ ဒီတိုင်းဆိုရင် လက်မှတ်ခိုးထိုးဖို့တောင် ညှိမရတော့မယ့် အနေအထားလောက်ဖြစ်နေပြီ။ လက်ကလည်း နှစ်ဖက်စလုံးကို ဆုပ်ကိုင်ထားတာ ပြန်လွှတ်မယ့်ပုံကို မရ၊ ဒီပုံအတိုင်းဆိုဖိုင်က တိတ်တိတ်ခိုးယူဖို့ထက် အကွက်ဆင် တောင်းယူမှပဲ ရတော့မှာ။ အဘိုးကြီးလည်း မျက်နှာပူအားနာပေမယ့် သူ့မြေး သူ့အရမ်းချစ်လို့ မြေးရဲ့ကောင်မလေးကို မျှော်နေတာက အရေးမကြီးဘူး။

သူ့မြေးကို ပြန်စဉ်းစားရင် ကိုယ့်ကို အရမ်း ကြိုဆိုချစ်ခင်မယ့် အဘိုးကြီးတစ်ယောက်ကိုပါ ထည့်တွက်ပြီး အမှတ်တိုး စဉ်းစားပေးသင့်တာ ကလည်း နောက်မှ၊ ခုလောလော ဆယ်ကတော့ဖြင့် . . .

"အဘ . . . ကျွန်မ ရုံးနောက်ကျတော့မှာမို့ ပြန်မှ ရတော့မယ် အဘရယ်။ နောက်လည်း လာမယ်နော်။ ဟင် ဟိုမှာ . . . သူ့ ရုံးက ဖိုင်တစ်ခုက အလုပ်မှာ ရှိမနေ ဘဲ အိမ်မှာကျန် ရစ်နေပါလား။ အဲဒါက အရေးကြီးတယ် အဘ၊ ကျွန်မ ယူသွားပေးလိုက်မယ်"

ကဲ . . . ပိပိရိရိ ရှိရှိမရှိရှိ။ တီဗီတင်ထားတဲ့စားပွဲကဖြင့် ကိုယ့်နောက်မှာ၊ လည်လိမ်ကိုယ် စောင်းပြီး ရုတ်တရက်တွေ့လိုက်တဲ့ ပုံဖမ်းရတာအပြင် ပိုကောင်းတဲ့ လှုပ်ပုံလုပ်နည်းလည်း မစဉ်းစားတတ်တော့ဘူး။ ဟောတော့. . . စကားတွေများနေတုန်းကဖြင့် တပြုံးပြုံးနဲ့ ခုကျတော့ ဖိုင်ကို အမြန်ပြေးယူပြီး ကျောနောက်ပို့ ဖက်သိမ်းလိုက်ပုံက လုံးဝ မဖော်ရွေချင်တော့တဲ့ပုံကြီးပဲ ပေါက်သွားပြီ။ ရုံးကပါဆိုပြီး ဖိုင်လာတောင်းရင်း ရေသန့်ပုလင်းတွေ ရောင်းမယ့် မိန်းကလေးတစ်ယောက်ကို ပြန်သတိရသွားတာများလား။ ကိုယ်ကလည်း သူရိပ်မိသွားပြီလားလို့တွက်ရင်း မျက်နှာက နှစ်ဆလောက် အရင်မှုက်ပြီးနင်သား ဖြစ်နေတတ်တော့ ခက်ပြီ။

"အဘ . . . ဟိုပင်း. . . အဲဒါက"

အသက်အရွယ်နဲ့တောင်မှ မမူ။ ကိုယ့်ဘက် ရုတ်တရက်ပြန်ရောက်လာ၊ ဆံပင်ကိုဆွဲလှဲပြီး စည်းနှောင်တဲ့ပုံ လုပ်ကြည့်၊ မျက်မှန်ကြီးဆွဲဖြုတ်၊ လှုပ်လှုပ်ရှားရှား ဖြစ်သွားလို့ ရွဲ့စောင်းသွားတဲ့ အင်္ကျီရဲ့ အောက်ဘက်က အသားကို လှန်ကြည့်၊ ပြီးတာနဲ့ လက်ကိုအတင်း ဆွဲပြီး ကုလားထိုင်ပေါ်ကနေ ထခိုင်း၊ ကျောကနေကို တွန်းတွန်းလွှတ်ပြီး ပါးစပ်ကနေလည်း စူးစူးဝါးဝါး ကျယ်ကျယ်လောင်လောင်နဲ့. . .

"သွား. . . သွား. . . နင် ထွက်သွား. . လူလိမ်. . . လူလိမ်မ . . . ငါ့ကိုသတ်ချင်လို့ လာလိမ်နေတာ"

အတင်းပြန်ရုန်းပြီး ဖိုင်ကိုပါ တစ်ခါတည်း ဆွဲလုပြေးခဲ့ရင် ကောင်းမလားဆိုတာမျိုး တစ်ချက်လေးတော့ စိတ်ကူးထဲဝင်လာပါသေးရဲ့။ ဒါပေမဲ့ လက်တွေက သံ တံခါးကို အမြန်ဆွဲဖွင့်၊ ခြေထောက်တွေကတော့ အိမ်အပြင်ထိ ပြေးထွက်မိခဲ့ရက်သားကို ဖြစ်နေပြီ။ ဘယ့်နှယ်. . . သူ့အသံကြီးက အရပ်ပုပုလေးနဲ့မှ မလိုက်အောင် အကျယ်ကြီး။ အိမ်တွေကလည်း တိုက်ခန်းတွေဆိုပေမယ့် ဟိုတစ်လောလေးကတင် အဘွားကြီး တစ်ယောက် အသတ်ခံထားရတဲ့ ကိစ္စရှိနေတာ။ သဲ့ခနဲ တစ်ချက်လောက် ကြားကြတာနဲ့ အရိုးနဲ့အသား တစ်ပုံစီ ခြားသွားမှာပေါ့။

◆

ထမင်းစားပြီးချိန်လောက် နောက်တစ်ခေါက်ပြန်ရောက်လာတော့ လူက ကိရိယာတန်ဆာပလာအစုံအလင်နဲ့ လူအင်အားကလည်း နှစ်ဆဖြစ်လာပြီ။ နှစ်ဆဆိုမှတော့ နှစ်ယောက်ပေါ့။ အဲဒီနောက်တစ်ယောက်ကလည်းပဲ ရုံးကနေအပြင်ကို သပ်သပ်တစ်ခေါက်ပြန်ထွက်နိုင်ဖို့က သူ့ပဲ အဆင်ပြေတာမို့ ဆွဲသာခေါ်လာရ၊ နေနိုင့်ရဲ့ကိစ္စဆိုရင် လုပ်မပေးချင်ပါဘူး ဆိုတဲ့အထဲက။ ဘာလို့ဆို သူကလည်း ကိုယ့်ကိုပဲ လိုက်ကြိုက်ထားဖူးသေးတာလေ။

ကိုယ်က သူ့တုန်းကကျတော့ အပြတ်တစ်ခါတည်း ငြင်းလွှတ်လိုက်ပြီး နေနိုင့်ကျ လက်ခံစဉ်းစားပေးနေပါတယ်ဆိုတော့ သကောင့်သားက ဘယ်လာ နာလိုလိမ့်မတုံး။ ဒါ တောင် သူလည်း နောက်တစ်ယောက် ထပ်ရှာတွေ့သွားပြီးသား၊ အဲဒီနောက်တစ်ယောက်နဲ့ပဲ အဆင်လည်း အင်မတန်ပြေနေပါရက်နဲ့ အူကိုကပုပ်တာ။သူတင်လား ဆိုတော့ "ငါ တစ်ယောက်တည်း ဘယ်လိုမှ မဖြစ်နိုင်တော့လို့ ဟန်ဝင်းအောင်ကိုပါ အကူအညီ ထပ်တောင်းနေရပြီ။ နင့်အဘိုးကို နင့် ဖုန်းမဆက်ချင်လို့ မရတော့ဘူး။ လှမ်းဆက်ထားပေတော့။ ငါအစား အဲဒီဖိုင်ကို နင့် အဘိုးဆီမှာ ဟန်ဝင်းအောင်ပဲ သွားယူပေးလိမ့်မယ်" လို့ ဖုန်းနဲ့ လှမ်းပြောလိုက်တော့ နေနိုင်ဆိုတဲ့ သူကလည်း ဂူတူးဝါးတားနဲ့။ ဟန်ဝင်းအောင် ဝင်ကူညီတာကို လက်ခံရမယ့်အစား ဒုက္ခပဲ ရောက်လိုက်ချင်တော့ သလိုလို ဘာလိုလို။ ယောက်ျားတွေများ တစ်ယောက်မှ ဦးနှောက်က မမှန်တာ။

"ငါအကုန်ရှင်းပြပြီးသားနော်။ နေနိုင့်ဆီက ဖုန်းဝင်လာပြီးတာနဲ့ နင်တက်သာသွား။ ကြည့်ကျက်လုပ်ခဲ့။ ငါ ဒီလက်ဖက်ရည်ဆိုင်ထဲကပဲ ထိုင်စောင့်နေတော့မယ်။ ဘာပဲ ဖြစ်ဖြစ်၊ ဘာကြီးပဲဖြစ်နေပစေနော် အဲဒီဖိုင်တော့ အပါယူခဲ့ပေး"

လက်ဖက်ရည်ဆိုင်ရဲ့ အပြင်ဘက်ထောင့်စွန်းစားပွဲကနေ လှမ်းကြည့်ရင် နေနိုင်တို့အိမ်ရဲ့ ဧည့်ခန်းပြတင်းပေါက်နဲ့က တန်းနေတာပဲ။ စင်တစ်ခုပေါ်တင်ထားတဲ့ လိုင်းဖုန်းတစ်လုံးကိုပါ မြင်နေနိုင် သေးတယ်။ နေနိုင်က နောက်ငါး မိနစ်လောက်ကျ ဖုန်းလှမ်းဆက် လိုက်မယ်လို့ ပြောထားတာ။ အဘိုးကြီးလေး ဖုန်းလာပြောနေတာကို လှမ်းမြင် လိုက်တာနဲ့ ဟန်ဝင်းအောင်ကို တက်ခိုင်းလိုက်ရုံပဲ။

"ဟဲ့ . . . ဩော်. . . အရှေ့ထဲ ဘယ်လဲ။ ငါ့နားပဲ နေလေ။ ဒီကပဲ စောင့်"

"ကွမ်းယာဆိုင်တော့ ခဏသွားပါရစေ မဖုရားရယ်။ ဟိုကောင့်ဆီက ဖုန်းလာတာတွေ့ရင် ငါ့ကို လှမ်းအချက်ပြလိုက်ပေါ့။ နင့်ကို ဟိုကနေ ငါလှမ်းကြည့်နေပါ့မယ်"

ကျွတ် . . . ငါးမိနစ်ဆိုတဲ့ သတ္တဝါကလည်းပဲ ဆယ်မိနစ်တောင် ကျော်နေပြီ။ ပြတင်းပေါက်က ဖုန်းဆီကို အဘိုးကြီးက ပေါ်မလာသေး။ ကွမ်းယာဆိုင်ခဏဆိုတဲ့ လူကလည်း ဆိုင်ရှင်နဲ့များ တစ်အိုးတစ်အိမ် ထူထောင်နေပြီလားမသိ။ ပြန်ကို မလာ။ အသည်းတွေ ယားရတယ်နော်။ ဒါနဲ့ပဲ ပြန်ရှာနဲ့ ဘာနဲ့ သုံးနာရီကမိပါ့မလား။ ဟော ပြတင်းပေါက်မှာ အဘိုးကြီးပေါ်လာပြီ။ ဟုတ်ပြီ။ ဒီလိုဆိုတော့ ကြိုတင်ပြင်ဆင်လာခဲ့တဲ့ ကိုယ့်ရဲ့ ကိရိယာတန်ဆာပလာကို ထုတ်။ ပြတင်းပေါက်က ဝေးတယ်လေ။ ဖုန်းပြောနေမယ့် အဘိုးကြီးကို သိပ်ကြီး သဲသဲကွဲကွဲ မမြင်နိုင်ဘူးလေ။

အောင်မလေး . . . ဘုရားသိကြား။ ဘာကြီးလဲဟ။ ဟမ်သူကြီးကလည်းပဲ ငါနဲ့မှ အကြိတူ ဉာဏ်တူ တိုက်တိုက်ဆိုင်ဆိုင် သူကလည်းပဲ မှန်ပြောင်းကြီးနဲ့ပဲ။ သူက ဘာကို ကြည့်ချင်နေတာလဲ။ ဟင် လက်စသတ်တော့ ငါ့ကိုပဲ။ ဘုရားရေ. . . သူ့မှန်ပြောင်းကြီးက ငါနဲ့မှ တည့်တည့်ကြီး၊ ငါ့ကိုသာ ချိန် ကြည့်နေတာ။ ဒုက္ခပဲ ဟော့။ မြင်သွား ပြီ။ မြင်တာမှ သူ့ကို မှန် ပြောင်းနဲ့ လှမ်းချောင်းနေပြန်တဲ့ အဖြစ်အပျက်ကိုပါ တည့်တည့်ကြီးကို မြင်သွားပြီ။

ဒေါ်မေလေး တစ်ယောက် လက်ထဲကမှန်ပြောင်းကို အမြန်ပြန်ချ၊ ဟိုအိမ်ရဲ့ ပြတင်းပေါက်ဘက်ကို ဆတ်ခနဲ ကျောပေးထိုင်၊ ဘာဆက်လုပ်မလဲစဉ်းစား။ ကွမ်းယာသည်နဲ့ နှစ်ပါးသွားနေတဲ့သူ ရှိနေတဲ့ဘက်ကိုလည်း ပြန်မလှည့်ရဲတော့။ လှမ်းလှက်ခေါ်ပြီး အမြန်ထလစ်ဖို့ အတွက် သင်းကလည်း ကိုယ့်ဘက်မှ ကြည့်မနေ။ ကျောယားလိုက်တာ။ အဘိုးကြီးက သူ့မှန်ပြောင်းကြီးနဲ့ပဲ

ခုချိန်မှာ ကိုယ့်စိတ်ထဲ တစ်ခုလေးပဲ၊
ကိုယ့်ဘာသာ သိပ်ကို သေချာချင်နေတာ
တစ်ခုလေးပဲ ရှိတော့တာ။ မေလေး သူ့ကို
အဖြေပြန်ပေးဖြစ်ဦးမယ် ထင်သလား။
ဘယ်လို ထင်ကြသလဲဟင်။

Asian Fame Media Group

ကိုယ့်ကိုဆက်ကြည့်နေသေးတာလား။ သူ့လိုပဲ သူ့ဘက်မှန်ပြောင်းနဲ့ လှမ်းချိန်နေရက်သား တည့်တည့်တိုးတဲ့ မေလေးကိုတော မနက်ကကောင်မလေးပဲလို့ မှတ်မိသွားသေးလား။ လတ်စသတ်တော့ အဘိုးကြီးက ဖုန်းလာပြောတာမှ မဟုတ်တာ။ သူ့ဘာသာ သူ့အလုပ် နဲ့သူ။ ဒါဖြင့် ဟိုနေပြည်တော်က ကိုယ်တော်က သူ့အဘိုးဆီ ခုထိပဲ လှမ်းမဆက်သေးတာလား။ သူဆက် လိုက်လို့ပဲ သူ့အဘိုးက မသင်မကာနဲ့ ထွက်ချောင်းတာလား။

ဘာလုပ်ရမလဲ။ ဘာဆက်လုပ်ရမလဲ။ စိတ်ရင်းမှန်အရဆိုရင်တော့ ထပြီးတော့ကို ထွက်ပြေးသွားလိုက်ချင်ပြီ။ နေနိုင်တစ်ယောက်ဘောစ်ရဲ့ အငြိုးအငြင်ကို ခံရရုံမကလို့ အလုပ်ပဲပြုတ်သွားစေဦး၊ မေလေးအခု ခံစားနေရတဲ့ စိတ်ညစ်ညူးရှုပ်ထွေးရမှုကိုတော့ မိနိုင်မယ်မထင်ပါဘူး။ တောက် ဒုက္ခရောက်လိုက်တာဟယ်။ ကဲ. . . နောက်ဆုံးပဲ။ ဒီတစ်ခေါက်လောက်တော့ စိတ်အားတင်းပြီး နောက်ဆုံးအနေ နဲ့ တစ်ချက်လောက် လှည့်အကဲ ခတ်လိုက်မယ်။ ဟင် ဖုန်းပြောနေပြီ။ ဟိုတစ်ယောက် ခုမှပဲ လှမ်းဆက်ပြီပေါ့။

"ဟဲ့. . . ချွတ်ချွတ်ချွတ် . . . ချွတ်ချွတ်၊ ဟိုမှာ . . . ဟိုမှာ"

မေလေးရဲ့ အချက်ပြသံတွေ၊ မျက်ရိပ်မျက်ခြေတွေကို ကွမ်းယာဆိုင်က မိန်းမကြီးက အံ့သြတကြီးကြည့်နေလေရဲ့။ ဟန်ဝင်းအောင်က ခုမှရုတ်တရက် ထသဘောပေါက်ပြီး နေနိုင်တို့ ထိုက်ခန်းဘက်ကို ပြေးတယ်။ ကိုယ်ကတော့ ပြတင်းပေါက်ဘက် ရဲရဲပြန်လှည့်ပြီး ဖုန်းပြောနေတဲ့ အဘိုးကြီးကိုပဲ ဆက်အကဲခတ်နေလိုက်တာပေါ့၊ မှန်ပြောင်းကြီးကို ပြန်မသုံးရဲတော့ သဲသဲကွဲကွဲကြီး မဟုတ်ပေမယ့် ခေါင်းတွေက ညိတ်ညိတ်နဲ့ စကားပြောနေတာတော့ သေချာပါတယ်။ ဒီတစ်ခါတော့ အဆင်ချောမယ် ထင်တယ်။ ပြတင်းပေါက်ကနေ အဘိုးကြီးရဲ့ ပုံရိပ်ပြန်ပျောက်သွားပြီ။ ဟန်ဝင်းအောင်ကို တံခါးဖွင့်ပေးဖို့ အိမ်တံခါးဝဘက်ထွက်သွားတာပဲ နေမယ်။ ဟော ကိုယ့်ဆီဖုန်းလာနေတာ။ နေနိုင်ပဲ အကျိုးအကြောင်း လှမ်းမေးတာလား။

''ဟဲ့ . . . မေလေး . . . မေလေး . . . နင်လား"

"နေနိုင်လား"

"နင့် အဘ မဟုတ်ဘူး။ ငါ ငါ။ ဒီမှာ အဆင်မပြေဘူး။ အဘိုးကြီးက တံခါးဖွင့်မပေးဘူး။ ပြီးတော့ ဘာလိုလို စကားအဆန်းတွေလည်း ပြောနေတယ်၊ ငါသိပ်မသက်ာဘူး။ ဘာလဲမသိဘူး"

"ကျွတ် အဘိုးကြီးက အသက်ကြီးနေတော့ နည်းနည်း တော့ ဟိုဒင်းဖြစ်တာပေါ့။ နေနိုင် ဖုန်းလှမ်းဆက်ပြီး ပြောပေးထားတာ ကျွန်တော်ပါပဲလို့ နင်က မပြောဘူးလား. . . ဟန်ဝင်းအောင်ရဲ့"

"မပြောဘဲနေမလား။ ဘယ်သူမှ သူ့ဆီ ဖုန်းဆက်ပြော မထားပါဘူးတဲ့။ သူကသာ ဆက်ထားတာတဲ့"

"သူက ဘယ်သူ့ဆီဆက်တာလဲ"

"အဲဒါ ငါပြောတာပေါ့. . . မသက်ာဘူး"

"အာ. . . အဆင်ပြေအောင်ဖြင့် မလုပ်နိုင်ဘဲနဲ့ စုံထောက်ဇာတ်ကြီးလိုက်နေပြန်ပြီ။ မအောင်မြင်ရင်လည်း ဆင်းခဲ့တော့လေ။ ဘာဆက်လုပ်နေသေးလဲ။ အဲဒီမှာ"

"သူက ငါတို့ စောင့်နေတော့ စောင့်ဦးတဲ့"

"ဘာကိုစောင့်ရမှာလဲ. . . ဘာလဲ"

မေလေးရဲ့ စကားတွေ မဆုံးလိုက်ရပါ။ ကိုယ်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်စားပွဲလေးဘေး ဆိုင်ရှေ့မှာ လူခပ်ရှုပ်ရှုပ်ဖြစ်သွားပြီး ရုတ်တရက် မှောင်မည်းအုံ့သွားပါတယ် မှတ်တာ။ အသက်ခပ်ကြီးကြီး လူကြီးတွေ၊ အဒေါ်ကြီးတွေ အပြင် ဟင် ရဲတွေလည်း ပါနေပါလား။ ဘာဖြစ်ကြတာပါလိမ့်။

"ဒီမှာ ကလေးမလေး။ ဦးတို့နဲ့ ရပ်ကွက်ရုံးဘက် ခဏလိုက်ခဲ့ပါ"

"ရှင် . . . ဘယ်သူ့ကို ပြောနေတာပါလဲ။ ကျွန်မလား"

"ဟုတ်တယ်။ မင်းကို ဟိုကွန်ဒို(B)က လှမ်းတိုင်ထားလို့။ နည်းနည်းလောက် မေးမြန်းချင်"

"ဟာ ဘာလဲ။ ကျွန်မက ဘာလုပ်လို့လဲ။ အဓိပ္ပာယ်မရှိတာ"

"ဟုတ်တယ်။ ဟုတ်တယ်။ သူပဲ။ အပေါ်မှာလည်း နောက်တစ်ယောက်ရှိသေးတယ်။ မြန်မြန်ကလေး သွားတက်ဖမ်းကြစမ်းပါ။ ဟိုတစ်ယောက်က တက်သွားတာကြာပြီ၊ ဘာတွေဖြစ်ကုန်ပြီလဲတောင် မသိဘူး။ ကျွန်မဆီမှာ သတင်းလာ တိုင်ကြပြီး သူတို့ချင်း မျက်ရိပ်မျက်ခြေတွေနဲ့ အချက်ပြပြီးမှ တက်ချသွားတာ။ အပေါ်မှာပဲ။ ခုထိ အပေါ်မှာပဲ ရှိနေသေးတယ်"

အုယားဖားယားသံတစ်ခု ထပ်ပေါ်လာလို့ လှည့်ကြည့်လိုက်ပြန်တော့ ကွမ်းယာဆိုင်ရှင် မိန်းမကြီး၊ အဲဒီနောက်တော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ဖြစ်သွားမှန်း ဂဃနဏ ရေရေရာရာတောင် သိပ်မသိလိုက်ရလေးတဲ့ ဒေါ်မေလေးတစ်ယောက် "လူသတ်မားပြတိုက်ရန်ကြံစည်မှု" နဲ့ ရပ်ကွက်ရုံး၊ အဲဒီကမှတစ်ဆင့် ရဲစခန်းအထိ ပါသွားလေရောတဲ့ရှင်။

"ဟဲ့. . . မေလေး။ နင်က ဘယ်ရောက်နေတာလဲ။ ဒီမှာ အစည်းအဝေးစနေပြီနော်။ ဦးတိုးဝင်းတောင် သူတို့ပရောဂျက်အကြောင်း စရှင်းနေပြီ။ နင့်ဘောစ်လည်း မျက်နှာကြီးတင်းနေပြီ။ နင် ပျောက်နေလို့"

"ငါ ဘယ်ရောက်နေလဲဆိုတာက ပြော နေရင်ရှည်မယ်၊ ငါ့အဖြစ်ကတော့ ပြန်ပြောပြချင်စိတ် တောင်မရှိတော့ဘူး။ ဒါနဲ့ နင်က ရုံးကနေ လှမ်းဆက်နေတာလား နှင်းနှင်း။ နေနိုင်တို့ဘောစ်က ဘာတွေရှင်းနေလဲ သူ့မှာ သူတို့ပရောဂျက်အကြောင်း နေနိုင် ရေးပေးထားတဲ့ ရှင်းလင်းချက်ဖိုင်မှ မရှိသေးတာ။ ခုသူက ဘာတွေပြောနေတာလဲ"

"ဘာလို့ မရှိရမှာလဲ။ ရှိလို့ဖြင့် ပြောတောင် ပြောနေပါပြီဆို"

"ဟဲ့ . . . နေနိုင်က ငါ့ကို ပြောတော့ သူ့အဲဒီဖိုင်ကို သူ့ အိမ်မှာ မေ့ကျန်ခဲ့လို့တဲ့။ ဦးတိုးဝင်း ဆီမှာ နောက်ထပ် တစ်ကော်ပီ ရှိနေသေးတာလား ဒါဆို"

"ဟယ်. . . ဖြစ်ရမယ်။ နင်က အဲဒါကို သွားယူနေပေးနေရလို့ ခုပျောက်နေတာလား။ နေနိုင်. . . နေနိုင်. . . ငါမှန်းလိုက်တာ၊ သေဦးမယ်. . . အဲဒီကောင်။ ဘယ်ကလာသူ့အိမ်မှာ မေ့ကျန်ခဲ့ရမှာလဲ၊ သူပဲ ခရီးထွက်စရာရှိလို့ဆိုပြီး မနေ့ကတင် ငါ့ပါလာလောပြီး အပြီးအချောသပ်ပေးသွားတာ။ ဦးတိုးဝင်းလက်ထဲပါ တစ်ခါတည်း ထည့်သွားတာလေ။ ငါ့ရှေ့တင်"

"ဟင် ဟိုလေ . . . အပြာလေး"

"ဟုတ်ကဲ့ပါ။ အပြာလေး။ နေနိုင်ကိုင်တဲ့ ဖိုင်တွေအားလုံး အပြာလေးတွေချည်းဟာကို"

သူ့ဆီလည်း ခုထိဖုန်းလှမ်းဆက်လို့မရသေး။ ဆက်သမျှဖုန်း Busy Tone ချည်းဖြစ်နေတော့ တမင်လုပ်ထားတာပဲ ဖြစ်မှာပေါ့။ သူ့အဘိုးလုပ်တဲ့ သူကလည်း ဘယ်လိုရှင်းပြပြ လက်သင့်မခံ။ ရပ်ကွက်ထဲက လူကြီးတွေ၊ တာဝန်ရှိသူတွေကတောင်မှ မေလေးနဲ့ ဟန်ဝင်းအောင်တို့ရဲ့ ရှင်းပြချက်တွေကို လက်ခံသင့်သလောက်လက်ခံကာ နေနိုင့်အဘိုးကို နားချပါသော်လည်း "ဈေးရောင်းမှာကို အကြောင်းပြပြီး သူ့ကိုသတ်ဖို့ ကြံပါတယ်" ဆိုတဲ့ တိုင်တမ်းချက်ကို အဘိုးအိုလေးက ရုတ်သိမ်းမပေးပါ။

ဟန်ဝင်းအောင်ရဲ့မိဘတွေနဲ့ လက်ရှိကောင်မလေးတို့ပါ(ဘယ်သူက လှမ်းအကြောင်းကြား ပေးလိုက်သည်မသိ) ပေါက်ချလာကြပြီး မေလေးကိုပဲ မျက်စောင်းတခဲခဲ ပြူးဆောင့်အောင့်ရင်း သူတို့လူသူတို့အမြန်ပြန်ထုတ်သွားလို့ရအောင် လှုပ်ရှားနေကြပြီ။ မေလေးမှာတော့ ကိုယ့်အိမ်နဲ့ကိုယ့်မိဘတွေ ကိုတောင် လှမ်းမပြောရဲသေးတာမို့ ကုကယ်ဘက်ပင်းပေးမယ့် လူလည်း ဝေးလို့။ လူကလည်း ငူငေးငေး အူကြောင်ကြောင်ကြီးပဲ ဖြစ်နေတော့ပြီ။

ခုချိန်မှာ ကိုယ့်စိတ်ထဲ တစ်ခုလေးပဲ၊ ကိုယ့်ဘာသာ သိပ်ကို သေချာချင်နေတာ တစ်ခုလေးပဲ ရှိတော့တာ၊ မေလေး သူ့ကို အဖြေပြန်ပေးဖြစ်ဦးမယ် ထင်သလား၊ ဘယ်လိုထင်ကြသလဲဟင်။

ပုဏ္ဏမီ

Asian Fame Media Group
MEDIA GROUP


ဝတ္ထုတိုရသ

# ခ င့် ဆု တော င်း များ

## မိမိုး
L

**"ဆရာမက** ချစ်စရာလေးပါ" လို့ အလိုက်သင့်စကားတွေပြောနေရင်း စိတ်ထဲမှာလည်း တကယ်ချစ်စရာလေးပဲလို့ တွေးဖြစ်ပါတယ်။ သူတို့ကုထုံးအပြောအရဆို ခင့်ကို အနာထုတ်တဲ့နေ့ကစပြီး ဆေးသွင်းဆေးထည့် ဒီနေ့ပါနဲ့ဆို ခင့်ရောဂါကုနေတာ လေးရက်ရှိပြီ။ လေးရက်လုံး အဖြူအပြာသူနာပြုဝတ်စုံလေးကိုသာဝတ်ထားတာမြင်ရတဲ့ ဆရာမလေးရဲ့ အလုပဟာယဉ်ယဉ်လေးနဲ့ ချစ်စရာပါ။ အနောက်တိုင်းကုထုံးနည်းလို့ပြောလို့မရတဲ့ ဒီဆေးခန်းမှာ ဆရာမလေးဟာ အဖြူအပြာဝတ်စုံကို မဝတ်လို့လည်း ရတာပဲလို့ ခင်တွေးမိပါရဲ့၊ ဒါပေမဲ့ သူတို့ကုထုံးကလည်း ဆန်းတော့ အဆန်းသား၊ အနာထုတ်ပြီးပြန်တော့ လက်ကို ပုလင်းအသေးလေး နှစ်လုံးချိတ်သွင်းရပြန်တာမို့ အနောက်တိုင်းနဲ့ စပ်ကုတယ်လို့ပဲ ပြောရမယ်ထင်ပါတယ်။ ခင်ကလည်း လျှို့လျှို့ဝှက်ဝှက် သူတို့ကုထုံးကိုပဲ သိချင်နေပြန်ကာ မြန်မာစကားတစ်လုံးမှ နားမလည်သောဆရာကို မေးမရသည့်အတူ ဆရာမလေးကိုပဲ သိချင်တာတွေ အစ်အောက် မေးနေဖြစ်ခဲ့တော့တာပင်။

ဆရာမလေးကတော့ ခင်သိချင်နေတဲ့ ဆေးရည်ပုလင်းတွေကို "ဒါ အနာကျက်ဆေးနဲ့ ပိုးသတ်ဆေးရည်တွေပါ၊ အန်တီ အဲ. . . အစ်မ အနာအမြန် ပျောက်တာပေါ့တဲ့" လေ။ ဒါလည်း တစ်ဒုက္ခ၊ အသက်နှစ်ဆယ့်ငါးနှစ်လောက်ပဲရှိဦးမယ့် ဆရာမလေးခင်မှာ အသက်လေးဆယ့်တစ်နှစ်ရှိပြီဖြစ်တဲ့ ခင့်ကို အန်တီလို့တစ်ခါခေါ်တိုင်း မျက်စိမျက်နှာပျက်သွားတာ အားတွေနာရင်း ကန့်တော့ တန်တော့လို့လည်း ပြောပြန်သေးတာ။ ခင်ကတော့ သူကန့်တော့တစ်ခါလုပ်တိုင်း အေးနှိပ်စက်လိုက်တလို့သာ စိတ်ထဲကုန်း



Asian Fame Media Group

အော်ချင်တော့တာပင်။ ဟုတ်သည်လေ၊ အနိတ်အရွယ်မို့ အနိတ်ခေါ်တာပဲ သမီးရယ် ၊ ခေါ်ပါလို့ကြည်ကြည်ဖြူဖြူပါမစ်ပေးပြီးသား ဖြစ်ပါလျက်နဲ့ ကလေးမက နှုတ်မရဲ ဖြစ်ကာ အနိတ်ဖြစ်လိုက် အစ်မဖြစ်လိုက်၊ အနိတ်အရွယ်ကို အတင်းကြီးဟန်လုပ်ကာ အစ်မလုပ်ပေးနေတာကိုက ခင့်ကို ပိုစိတ်ကျစေတယ်ဆိုတာ ဒင်းကလေး မသိလောက်သေး။ ထားလိုက်တော့။ ဆရာမလေးငယ်ရှာသေးတာကိုး။

လူတစ်ယောက်က ရောဂါဝေဒနာ တစ်ခုခုဖြစ်လိုက်ပြီဆိုတာနဲ့ ကို စိတ်ကျလူကျဖြစ်ကြတာ လူ့သဘာဝထင်ပါရဲ့၊ ဒါတောင် ခင်က သတ္တိနည်းတဲ့ထဲမှာမပါ။ အနာထုတ်ထုတ်ပြီးချင်းမှာကို သူတို့ဆေးအစွမ်းကထက်လိုက်တာများ လူနာက ခုတင်ပေါ်က ချက်ချင်းလမ်းဆင်းလျှောက်လို့ရ၊ ကိုယ့်ဟာကိုယ် ကားငှားပြန်လို့ရအောင် ဆေးစွမ်းကထက်ခဲ့ပါရဲ့။ ဒီတော့လည်း နဂိုကတည်းကစိတ်မာမာ ခင်က တက္ကစီငှားကာ တစ်ယောက်တည်း အိမ်ပြန်အလာမှာ ကားမောင်းသူဘေးက နောက်ကြည့်မှန်လေးက နောက်ခန်းမှာ ထိုင်လိုက်လာသည့် ခင့်အတွက် မကြည့်ချင်မြင်လျက်သား။ ခင်က လူကသာ ထူးမခြင်တတ်သော်လည်း မှန်ကြိုက်လိုက်သမှ လမ်းသွားပြီဆိုကွမ်းယာဆိုင်က မှန်လည်းမကျန်၊ သရက်သီး နောင်နောင်သယ်ဆိုင်က မှန်လည်း မျက်လုံးဝေ့ခဲ့သေးတာ၊ နောက်ဆုံး ခင်တို့လမ်းထိပ်က နိုးမဘက် မှန်မည်းမည်းကြီးတွေကို စွေစောင်းကြည့်တတ်သူ။

အခုတော့ ကားမှန်ထဲက အိုစနာကျနေတဲ့ ခင့်ရုပ်သွင်ကို နည်းနည်းမှသည်းမခံနိုင်တော့ပြီ။ သူများတွေဆို အမယ်လေး အဘလေး တမည့်တကယ့်နေရာက အနာ



Asian Fame Media Group
MEDIA GROUP



ကို ခွဲထားတဲ့ နေ့ပါလားဆိုတာတွေ ဘာတွေ ဂရုမစိုက်နိုင်။ ကားဆရာကို ဈေးတီပါလာတန်း မောင်းခိုင်းပြီး မျက်နှာခေား ကြေးချွတ်၊ ဆံပင်ပုံသွင်း အဲ့ဒါတွေ လုပ်ပြီးမှကို အိမ်ပြန်ပစ် လိုက်တော့တာပင်။ ဟုတ်သည်လေ။ အနောက်တိုင်းနည်းနဲ့ ဆေးရုံတက်၊ ခွဲစိတ်ခန်းတွေဝင်၊ ရုံးမတက်နိုင် အဲ့ဒီဒုက္ခတွေမခံချင်လို့သာ သတင်းစာမှာပါသည့် သူတို့ကြော်ငြာဖြတ်ပိုင်းလေးယုံပြီး ပုံကာသွားခဲ့သော်လည်း သူတို့ကလည်း အနောက် တိုင်းစရိတ် လောက်နီးနီး ကုန်ကျလိုက်သည်မှာ အသပြာသုံးသိန်း ထွက်သွားခဲ့ပြီ။ ဒီတော့ အလုပြင် စရိတ်အတွက် တော့ဖြင့် ထူးနေမြောနေဖို့ မသင့်တော့ဘူး မဟုတ်ပါလား။ ရုပ်ကျခံလို့ မဖြစ်။ ရုပ်အခံနဲ့ လုပ်ကြံ နေရတဲ့ ကိစ္စတွေ လောကကြီးမှာ အများကြီးလေ။ အံမယ်။ နောက်နေ့ ဆေးထည့် ဆေးသွင်းသွားလုပ်သည့် အချိန်မှာတော့ ခင်ကုန်ရက်ကြီးနပ်သား။ ဆရာမလေးကခင့်ကို အန်တီက စိုးမြတ်သူဇာနဲ့တူတယ်ဆိုပါလား ကွယ်ရို့။ ခင်သတ္တိကောင်းတာတော့ သူတို့ ဆေးခန်း တစ်ခုလုံးက ပြုံချ ယူကြရတော့တာပင်။ ဆေးခန်း အနာထုတ်သည့်အချိန်မှသည် နောက်နေ့ နောက်နေ့အနာ ဆေးလာထည့် ဆေးသွင်းလုပ်ရသည့် အချိန်တွေထိ တစ်ကိုယ်တည်း လာလုပ်သွားသော ခင်ဟာ သူတို့အတွက်တော့ အထူးအဆန်း။ တချို့ ယောက်ျားသားနားများတောင် အဖော်အသင်းလေးနဲ့ လာနေကြတာ ခင့်မျက်မြင်လေ။

ဆရာမလေးကတော့ စိတ်ညစ်ဟန်ဖြင့် "တချို့များဆို အန်. . အဲ့ဒါမရယ် ဘာမှမလုပ်ရသေးဘူး ကုန်းအော်တော့တာ၊ နာလို့လား ဆိုတော့လည်း မနာပါဘူးတဲ့၊ ယောက်ျားကြီးတွေ ပိုဆိုး" တဲ့လေ၊ ခင်ကတော့ သူတို့ခွဲစိတ်ခန်းကျဉ်းကျဉ်းလေးရဲ့နံရံမှာ ယောက်ျားကြီးတစ်ယောက် ဘောင်းဘီကိုပြေလျော့လျော့ချွတ်ချတာ တစ်ဖက်စောင်းလှည့် ဒူးလေးကွေးပြီးလှဲနေသည့် သရုပ်ပြခါတ်ပုံကိုမြင်တိုင်း သူတို့လည်း လူနာတာထက် စိတ်နာနာ ရှက်ရှက်နဲ့ အော်နေတာနေမှာလို့ ခပ်ဖြေဖြေ တွေးဖြစ်ပါရဲ့။

ချစ်စရာကောင်းတဲ့ ဆရာမလေးကို ခင်စိတ်နာသည့် အချိန်ကတော့ ခင့်လက်တွေကို ဆေးသွင်းဖို့ သွေးကြောရှာသော အချိန်ပင်။ "အကြောကိုမမြင်ရဘူး ဘယ်လိုလက်လည်းမသိဘူး" ဟု သူလေး ရေရွတ်မြည်တမ်းလေတိုင်း ဆင်စွယ်လက်မောင်းဆိုသော အကြောမတင်လက်ကို ဒီတလေးမ မမြင်ဖူးရှာဘူးထင်တယ်ဟု ခပ်နှိမ်နှိမ်တွေး ပစ်လိုက်ရင်း ဆေးခန်းတစ်ခုလုံး အရပ်ကယ်ပါ လူဝိုင်းပါ ဖြစ်ရတော့တာပင်။ ကြိုးနှင့်စည်းကာ အကြောရှာတာလောက်တော့ ခင့်သွေးကြောတွေက ရယ်တောင် ရယ်ချင်သေး၊ ဆေးခန်းအကူ ဗလတောင့်တောင့်ကောင်လေးအတင်းပဲ လာဖျစ်ညှစ်ရှာလည်း မတုန်လှုပ်၊ အကြောရှာချင်လျှင် ခပ်နာနာလေးရိုက်ဟုများ သူတို့ဆေးပညာက သင်ပေးထားလား မပြောတတ်၊ အရက်ပြန်ဆွတ်လိုက် တဖျပ်ဖျပ်ရိုက်လိုက်လုပ်နေတာလည်း အသားတွေသာ ရဲတက်လာ အကြောကမတွေ့၊ မြန်မာစကားမတတ်သည့် သူတို့ဆရာဖြူဖြူပိန်ပိန်လည်း ကွဲကွဲကွကွဖြင့် အခန်းထဲရောက်လာကာ ခြေထောက်တွေထိ အကြောရှာဖွေခန်း လုပ်လို့ရယ်၊ ခင်ကတော့ တုံးတယ်ပဲပြောပြော ဆေးသွင်းတာကို ခြေထောက်ကြီးကသွင်းနေတာ မတွေ့ဖူးသမို့ ခြေထောက်ကအကြော မတွေ့ပါစေနဲ့လို့ပဲ ဆုတောင်းနေမိတော့တာ၊ နောက်ဆုံး ဟိုးရှေ့မျက်မှန်ဆိုင်က မျက်မှန်အရောင်းသမားပါ မကျန် လူကုန်ရှာမှ သွေးကြောတစ်ကြောခက်ခဲစွာရှာတွေ့မြ၊ ဆရာမလေးမှာ ခင့်ကို တစ်ခါဆေးသွင်းတိုင်း အဖဘုရားသခင်ကောင်းချီးကို တောင်းရလွန်းသောကြောင့် ဆရာမလေးမှာ ခရစ်ယာန်ဘာသာဝင်မှန်း ခင် သိခဲ့ရတာပင်။ အဲ့ဒီမှာ ဇာတ်လမ်းကစခဲ့တာလို့ ပြောရတာမှာ၊ ဆေးနှစ်ပုလင်းကို ပက်လက်လှန် ပျင်းရိစွာ မသွင်းနေချင်သောခင်က အနားလာနေသော ဆရာမလေးကို ဟိုမေးဒီမေးမေးရင်း ဆရာမလေးရဲ့ စိတ်မကောင်းစရာဖြစ်ရပ်ကို သိခဲ့ရတော့တာ။

လစာဘယ်လောက်ရလဲဆိုတဲ့ ခင့်ရဲ့ စပ်စုမေးခွန်းကို ဆရာမလေးက လက်ဟန်ခြေဟန်လေးနဲ့ ဖြေရှာတယ်။ ကြည့်ရတာ မပြောရဘူးလို့များ ပညတ်ထားလားမသိ။ ပျင်းနေတဲ့ ဆရာမလေးကလည်း သူ့မိဘတွေက ဟိုးနယ်စပ်ကဆိုတာတွေ တစ်နှစ်မပြောနှင့် သုံးလေးနှစ်နေတာတောင် မတွေ့ဖြစ်ဘူးဆိုတာတွေ၊ မိဘဆိုပေမယ့်လည်း အဒေါ်တွေနဲ့နေရတာများတော့ မိဘကိုတွေ့ချင်လှချည်ရဲ့ဆိုတာ ငယ်ငယ်လေးကတည်းက မဖြစ်ခဲ့ဘူး ဆိုတာတွေ စုံလို့ရယ်ပါ။ လမ်းသုံးဆယ်မှာ ဒီနားပတ်ဝန်းကျင်က ဆေးခန်းအသီးသီးက နာစ်လေးတွေ ချည်းစုပြီး တစ်လတစ်သောင်းနဲ့ ဆယ်ယောက်စုနေကြသတဲ့လေ။ မဆိုးပါ

Asian Fame Media Group
MEDIA GROUP



**အန်တီအရွယ်မို့ အန်တီခေါ်တာပဲ သမီးရယ်၊ ခေါ်ပါလို့ ကြည်ကြည်ဖြူဖြူ ပါမစ်ပေးပြီးသား ဖြစ်ပါလျက်နဲ့ ကလေးမက နှုတ်မရဲဖြစ်ကာ အန်တီဖြစ်လိုက် အစ်မဖြစ်လိုက်၊ အန်တီအရွယ်ကို အတင်းကြီးဟန်လုပ်ကာ အစ်မလုပ်ပေးနေတာကိုက ခင့်ကို ပိုစိတ်ကျစေတယ် ဆိုတာ ဒင်းကလေး မသိလောက်သေး။**

ဘူးလို့ပဲ ခင် တွေးမိတယ်။ ရွယ်တူချင်းလေးတွေ အတူနေရတယ်။ တစ်သောင်းပဲပေးရတယ်၊ ပြီးတော့ နာစ်လေးတွေ ချည်းဆိုတော့ အပေါင်းအသင်းများမှာလည်း မစိုးရိမ်ရ၊ အပေါင်းအသင်းကြောင့်လည်း ဝုဏ်မပျက်နိုင်၊ အကောင်းဆုံးက နာ့စ်ရေးဖျားရေးဆိုလည်း အချင်းချင်း လှည့်ပတ်ကုလိုက်ရုံနဲ့ ပျောက်ကရောပေါ့။ ခင် သဘောတောင်ကျမိသေး။

ဆရာမလေးက တွတ်တွတ်တွတ်တွတ်နဲ့ စကားကတော့အတော်ပြောတယ်။ သူ့ မိုးဟေကို သိပ်ကြိုက်ကြောင်းလည်း ပါတယ်။ မိုးဟေကိုက တော်တော်ချမ်းသာမှာပဲနော်ဆိုတဲ့ ကလေးပြောလေးက ပါသေး။ နောက်တော့မှ သူ့ဆိုလိုရင်းက သူမလေးက မင်းသမီးအလွန်ဖြစ်ချင်ခဲ့တာဆိုပဲ၊ အခု အသက်ပိုင်းမှသာ ရှုပ်ပြောင်းသွားတာ။ သူ ဆယ်ကျော်သက်တုန်းကဆို မွေးဥနေအောင် ချောတာလို့လည်း ရှက်ပြုံးလေးနဲ့ ပြောပြနေပြန်ရဲ့ "မဝတ်နိုင် မစားနိုင်ဆိုတော့လည်း ရုပ်ဘယ်ထွက်တော့မလဲ အန်တီရယ်နော် " ဆိုတဲ့ ခပ်ဝဲဝဲအပြောကိုတော့ ခင် စိတ်ထဲက သေသေချာချာ ထောက်ခံဖြစ်တယ်။ ဟုတ်တယ်လေ။ လောကမှာ ဝိုက်ဆံသာရှိ မလှတဲ့မိန်းမရှိကို မရှိစေရဘူးလို့ ခင် ထင်တာပဲ၊ အကုန်ပြုပြင်ပြောင်းလဲလို့ရနေတဲ့ ခေတ်ကြီးကို။

စကားပြောနေရင်းနဲ့ပဲ ခင်က အမှတ်မထင် နောက်လိုက်တာပါ။

"ဆရာမလေးက မဝတ်နိုင် မစားနိုင်ဆိုပေမယ့် ပြင်တော့ပြင်နိုင်ပါတယ်၊ မျက်တောင်လေးလည်း ကော့လို့၊ ပါးနီလေးတွေလည်းဆိုးလို့၊ နှုတ်ခမ်းနီအရောင်လေးကလည်း လှသားပဲ" လို့ ခင်က နောက်လိုက်တာ။ ဆရာမလေးမျက်နှာက ချက်ချင်းလို ညှိုးသွားပြီး "ဒါတွေအားလုံး တစ်ခုမှ ကိုယ်ပိုင်မဟုတ်ပါဘူး"တဲ့လေ။ ဒီအဆောင်ကို သူမလေး ရောက်လာတာ မကြာသေးကြောင်း၊ အဆောင်ပြောင်းသည့်နေ့မှာပဲ ပစ္စည်းတွေ အတင်အချလုပ်နေရင်း ပိုင်ဆိုင်သမျှ ပိုက်ဆံသုံးသိန်းနှင့် အဝတ်အစားအိတ် ပျောက်သွားခဲ့တာဖြစ်ကြောင်း၊ အခုအချိန်မှာ သူငယ်ချင်းတွေဆီက အလှပြင်ပစ္စည်းကအစ အဝတ်အစားအဆုံး အကုန်လုံးယူသုံးနေရကြောင်း၊ သူငယ်ချင်းတွေကလည်း မငြီးမငြင်ပေးသုံးကြကြောင်း ပြောပြရှာပါတယ်။

"ခိုးတဲ့သူခိုးကို တောင်းပန်ချင်တာ၊ နင်လည်း ဝတ်လို့ခိုးတာ၊ ငါ့ပစ္စည်းတွေကို ယူ. . . ယူ၊ ငါ ဘာမှမပြောဘူး၊ ငါ့ရုထားတဲ့ပိုက်ဆံလေးတွေလည်း ငါပြန်မတောင်းဘူး၊ ရလည်းမတိုင်ဘူး၊ ဒါပေမဲ့ ငါ့ကျမ်းစာအုပ်လေးနဲ့ သင်တန်းဆင်းလက်မှတ်ကတော့ နင့်အတွက် ဘာမှအသုံးမဝင်ပါဘူး၊ အဲ့ဒါလေးတော့ ပြန်ပေးပါ ငါ့အတွက် အရမ်းလိုအပ်လို့ပါလို့ တောင်းပန်ချင်တာလေ"

အသံလေးက တိုင်းရင်းသူမို့ ဝဲပါတယ်၊ လေသံမှာ ဘာလောဘဒေါသ မောဟမှ မပါဘူး၊ တကယ့်ကို ဖြူဖြူစင်စင် တောင်းပန်တိုးလျှိုးခြင်းတွေနဲ့ သူဆုတောင်းနေတာလေးကို ကြားရပြီး ခင်လေ ကိုယ့်ရောဂါတွေကိုလည်း မေ့သွားတယ်၊ စိတ်ကူးနဲ့ ချက်ချင်းလို ရှက်လွင့်ပြီးခိုးသွားတဲ့ သူခိုးကိုကုတ်ဆွဲခေါ်လာလို့ ဆရာမလေးရှေ့ ပို့ပေးချင်လိုက်တာ။ ခင်ဆုတောင်းတွေကို ယုံတယ်။ ခင်နဲ့ ဆရာမလေး ဘာသာမတူပေမယ့် ညရောက်လို့ ဘုရားရှိခိုးရင် ဆရာမလေးအတွက် ဆုတောင်းပေးဦးမယ်လို့ တွေးဖြစ်တယ်၊ တကယ်လည်း ခင် ဆုတောင်းပေးဖြစ်ခဲ့တယ်၊ ပြည့်မပြည့်ဆိုတာတော့ ခင်မသိနိုင်ဘူး။ ဘယ်သူမှလည်း သိနိုင်မယ် မထင်ပါဘူး။

(၂)

ခင်တို့ရုံးအပြန် ကားကြောက သူများကားကြောထက်ကို ပိုကျပ်နေတာဟာ စိတ်ညစ်စရာပဲ၊ ကားပေါ်ကဆင်းရင်ကို ခင့်တစ်ကိုယ်လုံး ချွေးတွေရွှဲနေတတ်တယ်၊ ကိုယ်က နဝိုကတည်းက ချွေးထွက်သန်သန်ဆိုတော့ ကားပေါ်က ဆင်းရင်ကို တစ်ရှူးနဲ့နိုင်အောင် သုတ်ပေတော့ပဲ။ အခုလည်း တစ်ရှူးနဲ့မျက်နှာကို တို့တို့ပြီး ချွေးသုတ်နေရတာနဲ့ မျက်နှာချင်းဆိုင်က သူငယ်ချင်းကို ချက်ချင်းမမြင်ဘူး။ သူငယ်ချင်းဆိုလို့ နာမ်စား တခြားသုံးစရာမရှိလို့သာ သူငယ်ချင်းသုံးလိုက်ရတာ၊ သူ့နာမည် နှင်းဆီမောင်ဆိုတာကလွဲပြီး သူနဲ့ခင့်ကြားက ထူးခြားစပ်ဆက်မှုဘာဆိုတာမှ ခင်မမှတ်မိဘူး။ ခင်တို့ အထက်တန်း ကျောင်းတက်တုန်းက ဆယ်တန်းနှစ်မှာ သူနဲ့တစ်တန်းတည်း အတူနေဖူးတယ်။ ခင်က နှင်းဆီပန်း အရမ်းကြိုက်တာဆိုတော့ ခင်ကြိုက်တဲ့ပန်းနာမည်နဲ့ အဲ့ဒီသူငယ်ချင်းကို နာမည်အမှတ်တရဖြစ်နေတာတော့ အမှန်ပဲ။ သူသာ တခြားနာမည်တစ်ခုပိုင်ဆိုင်ခဲ့ရင် ခင် သူ့ကို မှတ်မိပါ့မလားမသိဘူး။ အခုတော့ နာမည်ကို အမှတ်သညာရှိရင်းနဲ့ လူကိုပါမှတ်မှတ်ရရဖြစ်သွားခဲ့တယ်ထင်ပါရဲ့။ သူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြနှုတ်ဆက်နေတော့ ခင်လည်း သူ့ကို ရပ်နှုတ်ဆက်ရင်း ပြောစရာစကားအစ ရှာတွေ့သွားတယ်။

ဟုတ်တယ်၊ ခင့်မှာ မျက်နှာပူစရာ ပြဿနာတစ်ခု အွန်လိုင်းမှာ ကြုံနေတယ်။ ကိုယ့်အလုပ်က အင်တာနက်အီးမေးလ် တစ်ချိန်လုံး ဖွင့်ထားမှ အဆင်ပြေမှာဆိုတော့လည်း ခင်က မနက်ရုံးရောက်တာနဲ့ ကိုယ့်လက်တော့ပ်ကို ဖွင့်ထားဖြစ်တယ်၊ ဒီချိန်မှာ နန်းသီတာဝင်းဆိုတဲ့ အကောင့်တစ်ခုတက်လာပြီး ခင့်ကို ရင်းရင်းနှီးနှီးတွေ ပြောဆိုနေလိုက်တာ၊ နောက်ဆုံး သူက "တို့ဆယ်တန်းတက်တုန်းက အချိန်တွေ အရမ်းသတိရတယ်" တွေဘာတွေ ပြောပြီး တခြားနာမည်နှစ်ခုသုံးခု

Asian Fame Media Group

နိုးတဲ့သူနိုးကို
တောင်းပန်ချင်တာ၊
နင်လည်း
ငတ်လိုနိုးတာ၊
ဝို့ပစ္စည်းတွေကို
ယူ...ယူ၊
ငါဘာမှမပြောဘူး၊
ငါစုထားတဲ့
ပိုက်ဆံလေးတွေလည်း
ငါပြန်မတောင်းဘူး၊
ရဲလည်းမတိုင်ဘူး

တွေလျှောက်မေး၊ ပြီးတော့ သူတို့နဲ့ တွေ့သေးလားတွေ ဘာတွေလုပ်နေတော့ ခင့်မှာရှိသမျှ မှတ်ဉာဏ်တွေ ခြစ်ကုန်ပြီး စဉ်းစားလိုက်ရတာလေ။ သူက ဆယ်တန်းတုန်းက အတူတက်ခဲ့တာတော့ သေချာပြီ။ ဒါပေမဲ့ သူ ဘယ်လိုပုံစံလဲ၊ ငါနဲ့ဘယ်လောက် ရင်းနှီးမှုရှိခဲ့လဲဆိုတာတွေ ခင် လုံးဝ လုံးဝ တူးဖော်လို့မရနိုင်ခဲ့ဘူး။ နောက်ဆုံးအားနာနာနဲ့ပဲ "မင်း ဆယ်တန်းတုန်းက ဘယ်သူနဲ့တွဲတာလဲ၊ တို့နဲ့ရော အရမ်းရင်းနှီးခဲ့လားဟင်" လို့လည်း ပြန်မေးလိုက်ရော တစ်ဖက်က စိတ်ဆိုးသွားတယ် ထင်တယ်။ စကားပြန်ကိုမရတော့တာ။ ခင် အားနာလိုက်တာမှလေ။ သူ့ အကောင့်ထဲ ဝင်ကြည့်တော့လည်း အခုအချိန်ထိတောင် အရမ်းကြည့်ကောင်းနေတဲ့ ဇင်ကာပူနိုင်ငံရောက် အမျိုးသမီးအဖြစ်ကလွဲပြီး ခင်ဘာဆို ဘာမှမှန်းလို့မရဘူး။ ငယ်ရုပ်ကို မှန်းကြည့်တော့လည်း သိသလို မသိသလို။ ခင့်မှာ အွန်လိုင်းပေါ်တက်တိုင်း မီးလုံးလေးစိမ်းနေပါရောနဲ့ စကားတစ်ခွန်းမှ လာမပြောတော့တဲ့ သူငယ်ချင်းဆီသူလေးကို စိတ်ထဲက အကြိမ်ကြိမ် တောင်းပန်နေမိတော့တယ်။ ဒီလိုစွကို ခင် ငယ်ပေါင်း တစ်ယောက်ယောက်ဆီမှာ မေးကြည့်ချင်နေတာ။ အခုတော့ နှင်းဆီမောင်နဲ့တွေ့တုန်းတွေ့ခိုက် နန်းသီတာဝင်းဆိုတာ ဘယ်သူလဲ မေးကြည့်မိတယ်။ "ဟယ် ခင်. . နင် တကယ်မေ့သွားတာလား၊ နန်းသီတာဝင်း ဆိုတာ. . . လေ" ဆိုပြီး နှင်းဆီမောင်က အတိတ်က အကြောင်းတွေ တရစပ်တူးဆွနေလေရဲ့။

နားထောင်နေတဲ့ခင်က ပါးစပ်အဟောင်းသားနဲ့ ငါလည်း ကိုရီးယားကားတွေထဲကလို အတိတ်ကို အကန့်လိုက် အကန့်လိုက် ခွဲပြီးများ မေ့နေလေသလားလို့ ယောင်ယမ်းတွေးနေမိတော့တယ်။ ဒါပေမဲ့ ခင်ကိုယ့်ဟာကိုယ် ခွင့်လွှတ်ဖြစ်ပါတယ်။ တကယ်တော့ ခင်တို့ မိသားစုအရေးတွေက အဲ့ဒီအချိန်က အရမ်းကို ရှုပ်ယှက်ခတ်နေခဲ့တာ၊ မိဘတွေကြောင့် စိတ်နှလုံးတွေ နာကျင်နေရတဲ့ခင်ဟာ အဲ့ဒီအချိန်ကာလမှာ ဘဝဟာ ဘာမှ ပျော်စရာမကောင်းပါလားလို့ တွေးနေခဲ့တဲ့ သူတစ်ယောက်လေ။ ခင် အဲ့ဒီတုန်းက မပျော်တတ်ဘူး။ ပျော်နေတဲ့ သူတွေကိုလည်း ကြည့်မရဘူး။ သေချာတာကတော့ ခင်ဟာ အဲ့ဒီအချိန်ကာလတွေကို စိတ်ထဲက အကုန်ဖျောက်ဖျက်ပစ်ခဲ့တယ်ထင်ပါရဲ့။

နှင်းဆီမောင်ပြောတာတွေကို အလိုက်သင့်နားထောင်နေရင်း မိန်းမသားပီသစွာ ခင်တို့တစ်ယောက်အလှကို တစ်ယောက် ချီးကျူးဖြစ်တယ်၊ နှင်းဆီမောင်ကတော့ ခင့်ကို လောကဝတ်အရ ချီးကျူးတာနေမှာပါ။ ခင်ကတော့ သူ့ကို စိတ်ပါလက်ပါကို ချီးကျူးဖြစ်နေတာ။ ဟုတ်တယ်လေ၊ ဒူးအောက်ကို နည်းနည်းလေးလောက်ပဲရောက်တဲ့ စကတ်လေးနဲ့ အပေါ်ကလိုက်ဖက်တဲ့ဆွယ်ရှပ်လေးကို ဝတ်ဆင်ထားတဲ့ နှင်းဆီမောင်ဟာ သက်လတ်ပိုင်းမိန်းမတစ်ယောက်လို့ နည်းနည်းမှ ထင်ချင်စရာမကောင်းဘူး။

ပြီးတော့ သူ့ဆံပင်လေးကလည်း ကြည့်ကောင်းရဲ့ အရောင်တင်ထားပြီး မျက်နှာဝင်းဝင်းလေးနဲ့ လိုက်လိုက်တာ။ လိမ်းထားတဲ့ မိတ်ကပ်လေးက ညက်ပြီးပြောင်နေတာပဲ။ ခင်ကတော့ ခင့်အသက်အရွယ်ခင့်ကိုယ်လုံးနဲ့ ဒီလိုစကတ်တွေ ဘာတွေဝတ်ဖို့ဆိုတာ အိပ်မက်ထဲတောင် မဖြစ်နိုင်ဘူးထင်မိတယ်။ နှင်းဆီမောင်က ငယ်ငယ်တုန်းက သိပ်လှတဲ့ စာရင်းထဲမပါခဲ့ပါဘူး။ သူ့အလှက အသက်ရလာမှ ပိုပိုလှလာတဲ့ အလှပဲထင်ပါရဲ့။ ဒါကြောင့်လည်း ခင်က "ရှင် အရမ်းစိတ်ချမ်းသာလို့ထင်တယ်၊ အရမ်းကိုလှနေတာပဲ" လို့ သူ့လက်လေးကိုကိုင်ပြီး ပြောလိုက်မိတယ်။ နှင်းဆီမောင်က ခင့် စကားကိုကြားတော့ ရယ်တယ်၊ ရယ်တာမှ ခပ်ဟက်ဟက်တလေးကို ရယ်တာ။ သူ့ရယ်သံက ခင့်လိုပါးနပ်တဲ့မိန်းမတစ်ယောက်အတွက် ဘာစကားမှ ဆက်ပြောစရာမလိုအောင် နင့်စကားက ငါ့အတွက် ဆန့်ကျင်ဘက်ပဲဆိုတာကို ဖော်ကျူးပြနေသလိုပဲ။ ခင်က ပြောမိတာကိုပဲ အားနာသွားသလိုလို ဘာလိုလိုနဲ့တွေ့ဆိုင်းဆိုင်းကြီးဖြစ်သွားရင်း ဒီနေရာကလည်း ခွာချင်နေမိပြီ။ တကယ်ဆို ခင်နဲ့ သူမတွေ့တာ နှစ်ပေါင်းအတော်ကြာလှပေါ့။ ဖြတ်သွားဖြတ်လာ ရှောင်တိမ်းမရ မျက်နှာချင်းဆိုင်တွေ့ကြရင်သာ ပြုံးပြနှုတ်ဆက်ဖြစ်ကြတာလေ။ အခုတော့ နန်းသီတာဝင်းအကြောင်းကို ခင်မေးချင်တာနဲ့ပဲ စကားလက်စမသတ်နိုင်ဖြစ်သွားတာရော။

"လှတိုင်း စိတ်ချမ်းသာရတော့ မှာလားခင်ရယ်. . . ဟင်းဟင်း၊ ငါက နင်ပြောတာနဲ့ပြောင်းပြန်၊ စိတ်ချမ်းသာရမလားဆိုပြီး အလှတွေစွတ်ပြင်နေမိတာလေ. . နင်ငါတို့ကို တွေ့တွေ့နေလို့ ဒီစကားပြောလိုက်တာမဟုတ်လား၊ ဟိုနေ့က နင့်ရုံးကားနဲ့ငါတို့ကား မီးပွိုင့်မှာဆုံတာ ငါသိပါတယ်"

ခင် သူ့ကို ဘာစကားမှ မပြန်နိုင်ဘူး၊ တအံ့တဩပဲ ပြန်ကြည့်နေမိတယ်။ တကယ်ဆို ခင့်လိုအတွေးများတဲ့မိန်းမဟာ မီးပွိုင့်မှာ ကားရပ်ထားတာတောင်ရပ်လို့ရပ်မှန်းမသိ ကိုယ့်အတွေးနဲ့ကိုယ် အလုပ်ရှုပ်တတ်သူဆိုတာ သူ့ကိုဘယ်လိုပြောရမှာပါ။ ခင်ဘေးနားမှာ သူတို့ကားရပ်တယ်ဆိုတာ ခင် သိကိုမသိခဲ့တာ။ နေပါဦး . . သူပြောတဲ့ ငါတို့ဆိုတာ ဘယ်သူတွေလဲ၊ သူနဲ့ ဘယ်သူနဲ့လဲ။



"ငါ သူနဲ့တွဲနေတာ ကြာပြီခင်၊ ငါ့ယောကျ်ား နေပြည်တော် သွားကတည်းကပဲ၊ ငါ့ယောကျ်ားလည်း ဟိုမှာ သူနေချင်သလိုနေ၊ ငါလည်း ဒီမှာနေချင်သလိုနေ မကောင်းဘူးလား ဟင်းဟင်း. . . တကယ်တော့ ငါတို့မိန်းမသားတွေက ဘယ်လိုလုပ်ဖောက်ပြန်ချင်မှာလဲခင်ရယ်၊ ဒါပေမဲ့ ငါ သူ့ကိုမခံချင်ဘူး၊ သူ့ဖုန်းထဲမှာ အဲ့ဟာမပုံ တွေ့လိုက်ကတည်းက ငါသိတယ်၊ သူက ငါ့ကို ပေါ်တင်ကြီး ညာတာ၊ မေ့ပြီးမဖျက်မိတာပါ ဘာညာပေ့ါဟာ၊ ငါငတုံးမှ မဟုတ်ဘဲခင်ရယ်၊ နင်ဆိုလည်း သိမှာပဲမလား၊ ဒါတွေက ငါတို့မိန်းမတွေအတွက် ဘယ်လိုပြောရမလဲ၊ အလိုလိုသိတဲ့ စိတ်ပညာတွေလေ ဟုတ်တယ်မလား"

တကယ်ဆို သူပြောတဲ့စကားတွေကို ခင် ခေါင်းတဆတ်ဆတ်ညိတ်နေရင်းက လိုက်လို့မီအောင်အတော်နားထောင်နေရတယ်၊ နှင်းဆီမောင်ဟာ ခင့်ကို သူတစ်သက်လုံးတွဲလာခဲ့တဲ့ သူငယ်ချင်းတစ်ယောက်လို တရစပ်ရင်ဖွင့်နေတော့တာ၊ ဒီလိုစကားမျိုးတွေဟာ ခင့်လိုလူမျိုးပြီးတော့ လမ်းမှာ မတော်တဆကြုံရတဲ့ မိတ်ဆွေတစ်ယောက်ကို မပြောအပ်ဘူးဆိုတာလည်း သူ မေ့နေပုံပဲ၊ ခုချိန်မှာ သူ့အတွက်က တစ်စုံတစ်ယောက်ကို ဒီအကြောင်း ပြောပြလိုက်ရရင် ရင်ပေါ့သွားမယ့်သဘောမျိုးရှိနေတယ်။ ခင့်မှာလည်း ခင့်အခက်အခဲနဲ့ ခင်။ နားထောင်နေရင်းက ချွေးတွေပြန်လာပြီး နားထောင်နေရတာကိုပဲ အားနာလိုက်တာမှလေ။ တော်ကြာ သူအသိပြန်ကပ်တဲ့အခါ ခင့်ကို ဒါတွေပြောမိပါလားဆိုပြီး မျက်နှာပူနေရင်မခက်ပါလား။

"မိန်းမ တော်တော်များများက ညာကြတယ် ခင်၊ ငါကတော့ မညာဘူး၊ ငါ sex ကို ကြိုက်တယ်၊ ငါနဲ့ သူ့ကြားမှာ ဒါတွေလိုတယ်၊ ငါကြိုက်တယ်ဆိုတာ ပေါ်တင်ပြောပြီးသား၊ သူ့ဘက်က လုံးဝ မလာဘူး၊ ငါပြောမှဆိုတာ ငါ့ကို စော်ကားတာပဲလေ၊ ဒါ သားငယ်လေးမွေးပြီးမှဖြစ်သွားတာ၊ ငါနဲ့သူ့ကြားက ဆက်ဆံရေးလုံးဝရပ်သွားတာ တစ်နှစ်ရှိပြီ၊ သူနဲ့သူ့ဟာမ အသံထွက်တာလည်း တစ်နှစ်ရှိသွားပြီ"

သူ့စကားတွေကို ခင်ဖိန်းတိမ်းရှိန်းတိမ်းနဲ့နားထောင်နေရင်း တုံ့ပြန်စကားတစ်ခွန်း ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်၊ ထွက်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် စိတ်တိုလိုက်တာလေ၊ ဒီ့ထက်ကောင်းတဲ့ စကားများအားပေးဖို့ မရှိတော့ဘူးလားဟယ်။ နှင်းဆီမောင်ကတော့ ခင့် စကားကို ဟာသ လို့ပဲ။

"ဟင်း ဟင်း သူ ငါ့ထက် လေးနှစ်ငယ်တယ် ခင်၊ ငါတောင် တက်တက်ကြွကြွရှိနေသေးတာ၊ သူက ငါ့ထက်ငယ်တာပဲ၊ နောက်ပြီး နင်လည်းသိတာပဲ ခင်ရယ်၊ ယောကျ်ားဆိုတဲ့ အမျိုးက ဖွဲတစ်ဆုပ်နိုင်တောင် ဒီစိတ်မပျောက်ပါဘူးဟာ"

"အေးပါ နှင်းဆီရယ် ဆောရီး ငါလည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဒါနဲ့ နင်တခြားတစ်ယောက်နဲ့ ထပ်တွဲနေတာကို နင့်ယောကျ်ား မသိဘူးလား၊ နင့်ကလေးတွေရော. ."

"သိတယ်၊ သိပေမယ့် ဘာမှမပြောဘူး၊ နင် ငါ့နေရာက ခံစားကြည့်စမ်းပါ ခင်၊ ငါ အရှင်လတ်လတ် ငရဲရောက်နေသလိုပဲ၊ အခုတော့ ဒီကိုင်ငါ ပျော်ပျော်နေလိုက်တော့တယ်ဟာ၊ မနက်ဆို ငါ့ဘဲအသစ်ကကားနဲ့လာခေါ်တယ်၊ ငါ့ကိုပြန်ပို့ပေးတယ်၊ လုပ်တာလည်း တစ်ရုံးတည်းဆိုတော့ တစ်နေကုန် သူနဲ့သာသာယာယာပဲလေ၊ ညနေခင်းဆိုလည်း အိမ်မပြန်ချင်သေးရင် ကန်တောင်မှာဆင်းလမ်းလျှောက်၊ စကားလေးဘာလေးပြောပေါ့၊ နောက်ဆုံး ငါ့သားလေး ဗွေးလွန်တုပ်ကွေးဖြစ်တော့လည်း သူပဲ ငါ့ကို အစစကူညီတာ၊ ငါ့အတွက် လိုအပ်တာမှန်သမျှ ငါ့ယောကျ်ားမလုပ်ပေးနိုင်ဘူး၊ သူပဲလုပ်ပေးရတာ"

"နှင်းဆီ. . နင့် နင့်လူအသစ်ဆိုတာ လူပျိုလား အိမ်ထောင်နဲ့လား"

"ဘယ်လိုလုပ် လူပျိုဖြစ်မလဲ နှင်းဆီရယ် . . ငါ့ထက် ခြောက်နှစ်လောက်ကြီးတဲ့ဟာကို၊ သူ့မှာလည်း ကလေးနှစ်ယောက်ပဲ၊ သူ့မိန်းမက ဆရာဝန်မ"



ခင့်ရင်ထဲ ဟာခနဲ ဖြစ်သွားတယ်။ ဆက်ပြီးနားထောင်နိုင်တဲ့ အစွမ်း ခင့်မှာမရှိတော့ဘူး၊ ခင့်အတွေးထဲမှာ အပြစ်မဲ့တဲ့ ကလေးတွေရဲ့ ပုံရိပ်တွေပဲ ဝေ့ဝဲလာတယ်။ ခင်ဆက်နားထောင်နေရင် နှင်းဆီမောင်ကို မတားဆီးနိုင်ဘဲ အားပေးသလိုဖြစ်နေတော့မယ်။ ဒါကြောင့်လည်း သူ့အတွက် အတတ်နိုင်ဆုံး အဖြစ်သင့်ဆုံး လမ်းညွှန်စကားတစ်ခုပဲ ပေးလိုက်မိတော့တယ်။

"နှင်းဆီ နင် နေပြည်တော်ကို လိုက်သွားသင့်တယ်၊ နင်တို့မိသားစု တစ်ကွဲတပြားမနေသင့်ဘူး၊ မိသားစုဘဝတည်မြဲဖို့ထက် ဘာများအရေးကြီးစရာရှိလို့လဲဟာ"

"ခင်ရယ် ဒီစကားမျိုးတွေက နင့်အရင် ငါ့ဆွေမျိုးတွေအကုန်လုံး ငါ့ကို ပြောခဲ့ပြီးပြီ၊ ငါ့ကိုယ်ငါလည်း ပြောကြည့်ပြီးပြီ၊ ဒါပေမဲ့ မဖြစ်နိုင်တာ ငါဘယ်လိုလုပ်ရမလဲ၊ သူက အရာရှိဆိုပေမယ့် ရာထူးကတစ်သိန်းခွဲ၊ ငါက ဒီမှာရတဲ့လခက ရှစ်သိန်းကျော်တယ်၊ ငါ ဘယ်လိုလုပ်ရမလဲ၊ ငါမွေးထားတဲ့ ကလေးတွေကို သူ့လစာနဲ့ ဘယ်လိုသွားကျွေးမလဲ၊ ဘယ်လိုပညာသင်မလဲ၊ တစ်ယောက်ရှာတာကို အကုန်ထိုင်စားလို့ရတဲ့ ခေတ်ဆိုရင်တော့ ငါ သူ့နောက်လိုက်သွားတာ ကြာပေါ့ ခင်"

ခင် ကားပေါ်မှာတုန်းကထက် ချွေးတွေ ပိုပြန်လာတယ်၊ နှင်းဆီမောင်နဲ့ ဘာတွေ ဘယ်လိုဆက်ပြောပြီး ဘယ်လိုလမ်းခွဲလာမိမှန်းမသိတော့ဘူး၊ မဖြစ်ဘူး ခင် အအေးဆိုင်ဝင်ပြီး အအေးတစ်ခွက်တော့ သောက်မှ ။

"ဟော့ သံပရာရည် အေးအေးလေး တစ်ခွက် အမြန်လုပ်ပါဟော့"

ခင်သံပရာရည် ချိုချိုချဉ်ချဉ်လေးကို ရှိုက်သောက်နေတုန်း စားပွဲနားကို သီလရှင်သေးသေးလေး တစ်ပါး လာအလှူခံတယ်၊ တကယ်တော့ သာသနာ့ဝတ်စုံနဲ့ ဆိုင်တွေထဲထိ အလှူခံတာ ခင်အားမပေးချင်ဘူး၊ ဒါပေမဲ့ သီလရှင်လေးက ငယ်လည်းငယ် ချစ်လည်း ချစ်စရာလေးဆိုတော့ ဘေးအိတ်ထဲက နှစ်ရာတန်လေး ထည့်ပြီးလှူဖြစ်တယ်။

"ဒကာမကြီး ချမ်းသာပါစေ ဒကာမကြီး ထီပေါက်ပါစေ"

ခင်ကတော့ အသံစာစာလေးနဲ့ ခင်မကြားဖူးတဲ့ ခေတ်ပေါ်ဆုတောင်းလေးကို ရွတ်ဆိုသွားတဲ့ သီလရှင်လေးကို ငေးကြည့်ကျန်ရစ်မိတယ်၊ နောက်တော့ ခင့်နှုတ်ဖျားက နှင်းဆီမောင် ချမ်းသာပါစေ၊ နှင်းဆီမောင် ထီပေါက်ပါစေလို့ရွတ်ကြည့်မိတယ်၊ တိုးတိုးလေးပါ။ တကယ့်ကို တိုးတိုးလေး။

ခင် ဆုတောင်းတွေကို ယုံတယ်လေ။ ဒါပေမဲ့ ခင့်ဆုတောင်းတွေ ပြည့်မပြည့်ဆိုတာကို ခင်ကိုယ်တိုင်လည်း မသိဘူး။ ဘယ်သူမှလည်း သိနိုင်မယ်မထင်ပါဘူးလေ။

ဝိမိုး

Asian Fame Media Group



## လိုတရ သစ်ပင်

ပုံပြင်တစ်ပုဒ်အောက်မှာ
ကလေးတွေ ငြိမ်သက်လို့ အိပ်ပျော်ကျ
သက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း ...
အမှုတွေကို ခေါင်းအုံးလုပ်ပြီး အိပ်ပစ်လိုက်တယ်
မကုန်နိုင်တဲ့ မနက်ဖြန်တွေထဲမှာ
ဘဝကို ရှုဆက်လျှောက်လို့
လိုတရ သစ်ပင် မဟုတ်ပေမယ့်
ကလေးတွေကတော့ လိုတရ သစ်ပင်လို့ ထင်မှတ်ကြ
ဟန်ဆောင်အပြုံးတွေနဲ့ မျက်ရည်ကို အကြိမ်ကြိမ်သုတ်ရင်း...
အဖေတစ်ယောက်ရဲ့ မေတ္တာတွေက
ဖူးပွင့်စပြုကလေးတွေအတွက် အားဆေးဖြစ်ခဲ့တယ်။
မနက်ဖြန်ဆိုတာ မှုန်ဝိုးမ သားသမီးအဖေတွေအတွက်က
ဘဝကခါးပါစေ သွေးနဲ့ချွေးကိုရင်းလို့
မေတ္တာတွေက ချိုနေဆဲပဲ
မပြောင်းလဲတဲ့ ဝါးချောင်းရဲ့အောက်မှာ
ကလေးတွေကတော့ မျှော်လင့်မှု ဖောက်ထားရင်း ...
လိုတရ သစ်ပင်အောက်
အမှုအပင်ကင်းမဲ့စွာနဲ့ အိပ်ပျော်ကျလို့ ကောင်းတုန်းပေါ့ ။

ဆောင်းဒိုက်နှင်း(ရွှေကို)



## စိတ်ကူးယဉ်နေကျ အသံတွေ မကြားတော့ဘူး

ဒေါသထွက်လွယ်တဲ့နေရာ အတိတ်မေ့မလွယ်တဲ့နေရာ
စိတ်ပျက်သလိုလေလံနဲ့ ပြောတော့ သက်ပြင်းတွေလည်း
နာရီပိုင်းအတွင်း မရေမတွက်နိုင်အောင်ချ
မျက်ကွင်းညိုနေရသူတွေ ရင်ကတ်ဆို့နင့်နေရသူတွေ
အရာရာလွှတ်ချ ပြုံးလိုက်ရင်း တစ်နေ့ကို မြင်ရမှာကြောက်လို့
ခါတိုင်းလို မျက်နှာကို ဝှက်ထားတယ်
ဆက်ပြီးတော့ မတက်နိုင်တော့ဘူး
ထပ်ပြီးတော့ မဖြစ်နိုင်တော့ဘူး
အသက်မှန်မှန်ရှုဖို့ လူလိုလူလိုနေချင်လို့ ...

ငြိမ်း



## ရေမှော်များ

အနိစ္စကို နိစ္စရေမှော်ဖုံးတယ်
ဒုက္ခကို သုခရေမှော်ဖုံးတယ်
အနတ္တကို အတ္တရေမှော်ဖုံးတယ်
အသုဘကို သုဘရေမှော်ဖုံးတယ်
ကွယ်နေတဲ့အရာတွေ မမြင်နိုင်သရွေ့
သံသရာလမ်းဆုံးကို တွေ့နိုင်ပါ့မလား ။

လင်း

Asian Fame Media Group
af MEDIA GROUP



## "သန်းခေါင်အလွန်"

ကမ္ဘာမြေကို နာကြည်းကြောင်း သက်သေပြဖို့
'လ'ဟာ သူ့မျက်နှာကို တစ်ဖက်လှည့်
အဲဒီမှာ အရာအားလုံးဟာ · အလင်းမဲ့အရောင် 'အမှောင်' ...
မြစ်တစ်စင်းရဲ့ ကြွေကြောင်းသံ
ပန်းပွင့်တွေရဲ့ သံစဉ်
ကမ္ဘာမြေရဲ့ ညည်းချင်း
နွေလေတွေရဲ့ တေးသီဆိုခြင်းဟာ
'ည'ကို အလန့်တကြား နိုးထစေခဲ့ ...
အမေ အဖေ ချစ်သူ အားလုံး
ဗိုက်ကို ထားခဲ့ကြတယ်
အထီးကျန်မှုတွေနဲ့ ညတိုင်းမှာ
ကြောက်လန့်တကြား ဖို့ကိုယ်ငါးချိုင်း နားစွင့်နေမိပြီ
ညှို့ဂုဏ်တစ်ကောင် အသံကုန်သွင် အော်ဟစ်ပုံသန်းသွားတော့တယ် ...
ထိတ်လန့်ခြင်းဟာ မြွေတစ်ကောင်လို တဖြည်းဖြည်းရစ်ပတ်
ချွေးတွေနဲ့ ရွှဲစို အခင်းများတွန့်ကြေ
ပိုးသတ်ကိုယ်စားစစ်ဖြစ်နေ ရင်ဘတ်ထဲက နှုးအေးသင့်လာ
ဘေးနားက တက်ဝံရပ်ကိုသာ
အားကိုးတကြီး ဆွဲဖက်ထားနေမိတော့တယ် ...
ကြားနေရတယ်
ခပ်ဖွဖွ ခြေသံများ ...
သက်ပြင်းချသံ သဲ့သဲ့ ...
တီးတိုးရွတ်သံ ...
ဘာသာဗေဒ စကားသံများ ...
ဟော သူတို့ပြန်လာကြပြီလား
ဝမ်းသာအားရ ဟဲ့မိမွှင့် မြူးအတွက်
အမှောင်ဟာ တစ္ဆေတစ်ကောင်လို ဆီးကြိုရစ်ပတ်
နှလုံးသားကို ကိုင်လှုပ်ရုတ်ပြီး ကမ္ဘာမြေပေါ် ချွေးပြိုင်ကြဲပစ်လိုက်တယ် ...
ညဗိုညာဉ့် တစ်ကောင်ရဲ့ ကြောက်လန့်တကြားအော်သံဟာ
အမှောင်ကိုခွင်းလို့ ကျယ်လောင်စွာ ထွက်ပေါ်လာ
အဲဒီမှာပဲ ·
သွေးရောင်ခြယ်ပတ်သစ်နဲ့ အရုဏ်ဦးဟာ
မနက်ခင်းကို စတင်ကြောင်း ကြေညာလိုက်တော့တယ် ...

နန္ဒာ(Tgi)



## ဆန္ဒ

နာကျင်စရာတွေများခဲ့တော့
မနာကြည်းတတ်တာ မှားလား...
ကျေနပ်ပြီး 'ဘဝဆိုတာတိုက်ပွဲ' ဆိုတဲ့
ရိုးလွန်းတဲ့စကားတွေ မပြောကြပါနဲ့
လောကဓံရဲ့ သံစဉ်ကပေါ်ပြင်ပြင်း
ခံနိုင်ရည်အားက နည်းနည်းဆိုရင်
အနုပညာမြောက်တဲ့ သီချင်း
ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး...
ကိုယ့်အနုပညာအတွက် ကိုယ်တိုင်စိုက်ပျိုး
ကိုယ်တိုင်ရိတ်သိမ်းခဲ့ရလို့ ဝမ်းသာတယ်
မျှော်လင့်ချက် နည်းနည်းထားပေမယ့်
လိုအင်ချက်တွေ ရှိနေဆဲပဲ
အလိုမကြီးပေမယ့် ကျွန်တော်အရှုံးနည်းခဲ့တယ်...

လင်းကိုကို(အိမ်မဲ)

Asian Fame Media Group
af MEDIA GROUP



## "အဲဒီအလင်းတွေ ဘယ်မလဲ ဖြူဖြူ"

အဲဒီအလင်းတွေ ဘယ်မလဲ ဖြူဖြူ
တောင်စွယ်ကလေး ယွန်းလို့သွားပြီ
ဆို့နှင့်ကြေရှုနေတဲ့ ရင်ဘတ်ကို
ဘယ်လိုဘယ်လို အလင်းတွေနဲ့
ဘယ်လိုဘယ်ပုံ ဖြေသိမ့်ပေးရတော့မလဲ
ပြောခဲ့ပါ… ဖြူဖြူ … ဖြစ်နိုင်ရင်
ပြောပြခဲ့ပါ…
လက်တွေတွဲထားခဲ့ပါလျက်နဲ့
အဲဒီညနေမှာပဲတို့ အပြီးတိုင်ပေးခဲ့ကြတယ်
ရှိသရွေ့ရယ်… ရန်တစ်စုံ
မဟားပြုခဲ့ကြတဲ့ … ပီကာတောင့်များ
တတုဆိုးဆေးမပါသော … ဆံနွယ်စများ
ကဗျာဆန်ဆန် … အပြုံးဆိုင်ချိုများ
ခုတော့ … အပြီးတိုင်ပေးခဲ့ကြပါပြီ

ကျက်သရေ အလင်းတွေဆောင်လာသူဟာ … နှင်
ဘယ်စစ်ပွဲကိုမဆို မုန်းတီးခဲ့သူဟာ … နှင်
စိမ်းနုရောင် ပန်းနုရောင်တွေကို ကြိုက်ခဲ့သူဟာ … နှင်
ခုတော့…
ကားနှစ်စီးကြောင့် မြေဇာပင်ဖြစ်ခဲ့ရသူဟာ … နှင်
ဘယ်ကြမ္မာဆိုးတွေကများ ငါတို့ကိုအလစ်ဝင်စီးခဲ့ကြပါလိမ့်

ငါ့ချစ်တဲ့ ဖြူဖြူ အုတ်ဂူပြာလေးထဲမှာ
ကြယ်လေးတွေ မှိတ်တုတ်မှိတ်တုတ်နဲ့
အိပ်ပျော်နေရှာပြီ
ပြန်ပါဦးမယ် …
ပြန်ပါဦးမယ် …
ခြေထောက်တို့ မြေပြင်နှင့် မထိကြ
ကောင်းကင်ဟာ ဖိနပ်အောက်မှာများလား…
တိမ်တွေဟာ ငါ့အနောက်မှာ များလား…

ပန်းနုရောင်လွယ်အိတ်တစ်လုံးနဲ့
အနက်ရောင်လွယ်အိတ်တစ်လုံးတို့
ညင်သာစွာ ထိတွေ့ပြန်ခဲ့ရတဲ့ အိမ်ပြန်လမ်းတွေ
ကြွေလွင့်လို့ သွားခဲ့ပြီ …
အဲ့နောက်တော့ …
တုန်ရီချည့်နဲ့နေတဲ့ ခြေလှမ်းတွေနဲ့
နိုဝင်ဘာ ၁၀ ရက်နေ့တိုင်း လူတစ်ယောက်
နင့်ဘေးမှာ ကဗျာတွေလာရွတ်နေလိမ့်မယ် …

အခုတော့ … ဖြူဖြူရေ
ငါဟာ ဖျော့တော့တော့ ပေပေတေတေ
ကဗျာဆရာတစ်ယောက် ဖြစ်လို့နေပြီကွဲ့
နင်ရှိတုန်းက လင်းချင်းခဲ့တဲ့ကဗျာဆရာ
ခုတော့ … မကြားမှန်းသိလျက်နဲ့ မေးမိနေတယ်
"အဲဒီအလင်းတွေ ဘယ်မလဲ … ဖြူဖြူ"

ရွှေကြယ်မိုး

Asian Fame Media Group
MEDIA GROUP



## ခေတ် … အိပ်

အလင်းရောင်က အမှောင်ခန်းမှာ
အိပ်ပျော်သလိုမျိုး
ထိုင်နေခဲ့သော ထိုင်ခုံများက
ကိုက်ကဆိုက် ငြိမ်းသက်ကြတယ်
ငါထိုင်နေတဲ့ခုံက ငါလားလို့
မြန်မေးမိတိုင်း
ငါ ဘာမှပြန်မဖြေတတ်ခဲ့ဘူး…

စိတ်လွှန်ကဲမှုရဲ့ နောက်မှာ
ပေါက်ကွဲမှုတွေက ရယ်မောလိုက်တိုင်း
ငါ့ကိုယ်ငါ ပြန်မြင်တယ်
မနေ့ကနဲ့ ဒီနေ့ရဲ့ ငါ
ဘယ်သူက ငါလဲ…

အတိတ်… အတ်ရာ…အပြုံး…
အပ်ချည်ပင်ရဲ့ စုစည်းမှုမှာ
ဖြစ်သလို အသက်ရှူနေကြတာက
နှစ်ဆယ့်တစ်ရာစုရဲ့ သီချင်းသံ ထင်ပါရဲ့
သံစဉ်တွေကိုက
အေးရောင်စုံတွေ တရွဲ့ရွဲ့နဲ့…။ ။

နေခ



## တစ်ကိုယ်တော်အလွမ်း

ဟိုးအဝေးကို ဦးတည်ပုံသန်းရင်း
မိုးကုပ်စက်ဝန်းအောက်မှာ
အလွမ်းနှစ်တွေကို ချန်ထားရစ်ခဲ့တဲ့
ပန္နွန် နာရီတွေကြားမှာ…
ပျောက်ကွယ်လုလု နေဝန်းနီနီရဲ့
အမှောင်လုလု အလင်းလုလု ဆည်းဆာမှာ…
မျက်ဝန်းမှာ မျက်ရည်တွေ ခိုစီးနေလေရဲ့
အတောင်တစ်စုံ ညောင်းလို့တောင်မှ
နိဒ္ဒါအရာ ရှာမတွေ့
အထီးကျန်မီးလျှံတွေကို
ဖြတ်ကျော် ပျံသန်းရင်း
ဘယ်တော့မှ ပြန်မဆုံနိုင်မယ့်ဆီကို…
သွားရမယ်ဆိုရင်တောင်မှ …
နှုတ်ဆက်ရမယ့်သူ တစ်ယောက်မှ အနားမှာမရှိ။

မြန်မာ့ထင်

Asian Fame Media Group
af MEDIA GROUP

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

"ကျွန်တော် ဒီနေ့ အလုပ်ထွက်ပြီ မနော်"

မနော် အံ့အားသင့်သွားလေသည်။

မနော်ဆိုသော အမည်ကို မသိထားတောင် လှုပုံပန်းက ဆံပင်တိုတို၊ အသားဖွေးဖွေး၊ မျက်နှာလေးထောင့်စပ်စပ်၊ အရပ်ပုပျပ်ပျပ်၊ ဘယ်အခါပဲ ကြည့်ကြည့် ကရင်အမျိုးသမီးဆိုတာ မလွဲနိုင်စရာ။ လုပ်ဖော်ကိုင်ဖက်တွေကတော့ ကရင်မဟု ချစ်စနိုးခေါ် လေ့ရှိလေ၏။

"ဟယ်၊ နင်တကယ်ပြောတာလား မောင်ဘောက်ရယ်"

"ကျွန်တော် ကြံစည်နေတယ်လို့ ပြောပြောနေသားနဲ့"

"ဒါပေမဲ့ ဒီနေ့အလုပ်ထွက်မယ်လို့လည်း ကြိုမပြောထားပါလား"ဟု မနော်က အပြစ်တင်နေသည်။

ဝန်ထမ်းများ ရုံးတက်ချိန်မတိုင်မီ နံနက်ရှစ်နာရီကတည်းက စောရောက်နေရသော ရုံးသန့်ရှင်းရေးဝန်ထမ်း မနော်သည် ရုံးအဝင်ဝတွင် ကြမ်းတိုက်တံမြက်ရှည်ကိုင်ပြီး ရပ်နေသည်၊ ဆင်ဝင်အောက်မှ အသားလတ်လတ် ခေတ်ပုံစံဆံပင်ထိုးထိုးထောင်ထောင်၊ အရပ်အမောင်း ခပ်တန်တန်နှင့် ယာဉ်မောင်းမောင်ဘောက်သည် ကားသော့တွဲကို လှုပ်ကိုင်လျက်သား အကျိုးအကြောင်းရှင်းပြနေ၏။

"နောက်အလုပ်မှာ နင်ဘာလုပ်ရမှာလဲ"

"ရောင်းမောင်း"

"ရောင်းမောင်း" ဟု မနော်က သံယောင်လိုက်သည်။

"အဲဒီအလုပ်ကို နင်ရပြီမို့လို့လား"

"ရလို့ထွက်တာပေါ့ဗျာ၊ မဟုတ်ရင် ကျွန်တော်တို့မိသားစုငတ်သေမှာပေါ့"

ခေတ္တစကားဆုံ့သွားကြသည်။

အလုပ်ထွက်ပြီဆိုတာတော့ ဟုတ်ပါရဲ့၊ ကားသော့ပြန်အပ်ပြီဆိုတာလည်း နားလည်ပါရဲ့။ လစာငွေကို လခထုတ်ရက်ကျမှ ထုတ်ရမည့် ထုံးတမ်းစဉ်လာအရ မောင်ဘောက်သည် နောက်တစ်ခေါက်တော့ ရုံးသို့လာရောက်ပေလိမ့်ဦးမည်။ အနည်းဆုံး တစ်ခေါက်တော့ ပြန်ဆုံကြရဦးမှာပေါ့။

"ဘာလဲ ရောင်းမောင်း" ဟု မနော်က နားထွေးစွာမေးသည်။

"ကုမ္ပဏီက ရောင်းမယ့်ပစ္စည်းတွေကို ဆိုင်တွေကို ကားမောင်းပြီး လိုက်ပို့တာကို ပြောတာ"

"လခပိုကောင်းလို့လား"

"မကွာပါဘူး၊ ဒါပေမဲ့ ဒီမှာက ဆရာကြီးတွေချည်းပဲ၊ မာကြောလွန်းတယ်"


"အင်း၊ နင်ပြောတဲ့အတိုင်းပါပဲ" ဟု မနော်က တိုးတိုးထောက်ခံသည်။

မနော်လည်း ဖြစ်နိုင်လျှင် ပိုကောင်းသော အလုပ်ရနိုင်ပါက ပြောင်းချင်သည်။ ပိုကောင်းသော အလုပ်ဆိုတာက ပထမအချက်အနေနှင့် လစာပိုရဖို့ဖြစ်သည်။ ဒုတိယအချက်အနေနှင့် အလုပ်ချိန်နည်းလျော့စေချင်သည် (ဥပမာ နံနက် ကိုးနာရီမှ ညနေလေးနာရီ၊ ခုတော့ နံနက် ၈ နာရီမှ ညနေ ၅ နာရီ၊ ဟွန်း ခိုင်းလွန်းပေရဲ့)။ တတိယအချက်အနေနှင့် အသိုးရုံးပိတ်ရက်တိုင်း ပိတ်ပေးစေချင်သည်။ (သည်ရုံးမှာက အပတ်စဉ် စနေနေ့အထိ အလုပ်ဆင်း၊ တနင်္ဂနွေ တစ်ရက်သာ ရုံးပိတ်သည်။)

"နင့်ရောင်းမောင်းက ပိတ်ရက်ရှိလား"

မောင်ဘောက် ရှုံ့မဲ့ကာ

"စီးပွားရေးလုပ်ငန်းမှာ ပိတ်ရက်ရှိလို့လား' ဟု တုံ့ပြန်မေးခွန်းထုတ်သည်။





# မောင်ဘောက်ရဲ့အမွှေ မနော်ကြောင်းသို့

ဝဏ္ဏ တိုရသ

သည်လိုနှင့် မနော်က ကွန်ပျူတာကုမ္ပဏီမှာ ကျန်ရစ်သည်။ မောင်ဘောက်က ရွှေပြည်သာ ဘီစကွတ်စက်ရုံသို့ ရောင်းမောင်းအဖြစ် အလုပ်ပြောင်းသွားတော့သည်။

မောင်ဘောက်က မနော်တို့ ဝန်ထမ်းတွေကို အကြိုအပို့လုပ်ပေးရင်းက သည်အလုပ်ခွင်မှာ ဆုံစည်းကြတာပါ။ ဖယ်ရီတွင် လူစုံအောင် စောင့်ရချိန်တွေမှာစကားပြောဖြစ်ကြရင်း တစ်ယောက်အကြောင်းတစ်ယောက် ပိုသိလာခဲ့ကြလေသည်။

သူက မိဘမဲ့။ ဦးလေးနှင့်အဒေါ်အိမ်မှာ ဝိုင်းလုပ်ဝိုင်းစားနေထိုင်ရင်း စာပေးစာယူဘွဲ့ကို ရခဲ့သည်။ ဦးလေးက ညဝိုင်းတက္ကစီမောင်းတာမို့ သူက အဖော်လိုက်ပေးရင်း ကားပျက်လျှင် ဝိုင်းနှိုက်ဝိုင်းပြင်၊ စက်နှိုးပေး၊ ရှေ့တိုးနောက်ဆုတ်လုပ်၊ တစစနှင့် ကားမောင်းတတ်လာသည်။ ကားလိုင်စင်ဝင်ဖို့ ဦးလေးက စီစဉ်ပေးသည်။ တက္ကစီမဆွဲမီက သူသည် တွင်ခုံမှာ လုပ်သေးသည်။

တစ်ဖန် ဦးလေးနှင့်တွဲပြီး တက္ကစီဆွဲသည်။ နောက်တော့ ဦးလေး မကျန်းမာဘဲ အိပ်ရာထဲလဲသွားသည့်အတွက် ဦးလေးတို့ဇနီး မောင်နှံနှင့် သူတို့၏သားသမီးများ၏ စားဝတ်နေရေးကို မောင်ဘောက် တာဝန်ယူဖို့ ဖြစ်လာတော့သည်။ သူ့မောင်နှမဝမ်းကွဲတွေ၏ ပညာရေးသည်လည်း အရေးကြီးကဏ္ဍမှာ ရှိနေလေ၏။ ဦးလေးတို့က သူ့ကိုမိဘသဖွယ် လုံခြုံနွေးထွေးစွာ ကြည့်ရှုစောင့်ရှောက်ခဲ့ရတာမို့ သူ့အလှည့်ကျလာသောအခါ မောင်ဘောက်က ကျေကျေနပ်နပ် လိုလိုလားလားပင် တာဝန်တစ်လှည့် ယူခဲ့ပါသည်။ ယူနေပါသည်။

အဲဒါတွေကြောင့်များ မနော်ကို ချစ်စကားကြိုက် စကားမပြောဖြစ်လေသလားဟူ၍မူကား မောင်ဘောက် သိသိသာသာ မတွေးခဲ့မိဘူးထင်ပါသည်။

မနော်ကတော့ တစ်ခါတစ်ရံ တွေးမိပါသည်။ ဘာကြောင့်များ မောင်ဘောက်က သူမအား ချစ်ခင်စုံမက်နှစ်သက်ကြောင်း ဖွင့်မပြောတာလဲဆိုတာ သူမ သိချင်မိတတ်ပါသည်။ မောင်ဘောက်ကသာ ဘဝခရီးဖော်အဖြစ် လက်တွဲချင်ပါသည်ဟု ကမ်းလှမ်းလာလျှင် သူမဘက်က လက်ခံဖို့ပြင်ဆင်ထားပါသည်။

ခုတော့ သူသည် အဝေးတစ်နေရာသို့ ရွှေ့သွားပါပကော။

သူမမှာတော့ ပိုပြီးအဆင်မပြေမည်ထင်ရသော အလုပ်အကိုင်ကို မတွေ့သေးသဖြင့်သည် ကွန်ပျူတာကုမ္ပဏီမှာသာ ကျန်ရစ်နေရတော့သည်။

မနော်သည် ဖခင်ဆုံးသွားပြီးကတည်းက ရှစ်တန်းပင် မအောင်လိုက်ရဘဲ ကျောင်းထွက်ခဲ့ရသည်။ အမေ အလုပ်လုပ်သော အထည်ချုပ်စက်ရုံတွင် သူမလည်း အလုပ်ဝင်ကာ စက်ချုပ်ပြီး သားအမိနှစ်ယောက်၏ လစာငွေဖြင့် ဆန်အိုးကိုဖြည့် ဉာဏ်အိုးကို မွမ်းမံလာလိုက်ရသည်မှာ စိတ်မောဟိုက်ပင်ပန်းလှသည်။ အငယ်တွေက အပြိုင်းအရိုင်း တက်လာကြပြီး ခုနစ်တန်း၊ ဆယ်တန်း၊ တက္ကသိုလ်အသီးသီးရောက်ကြတာမို့ မနော် ရုန်းကန်ရကျိုးတော့ နပ်ပါသည်။

တစ်ခုပဲ စိတ်မကောင်းတာက တက္ကသိုလ်ကျောင်းသူ၏ အမှတ်မဲ့ ရင်တွင်း စကားတစ်လုံးကြောင့်ပါပဲ။ ဘိုးမူ (ညီမလေး) ဘွဲ့ရပြီး အရာရှိဖြစ်လာရင် နားနား(အမ)ကို ခုလို ရုံးသန့်ရှင်းရေးအလုပ် မလုပ်ခိုင်းတော့ဘူးတဲ့။ မနော်လည်း ဘယ်လုပ်ချင်ပါ့မလဲ။ စက်ချုပ်ဝါသနာရှိပြီး အတန်အသင့်တတ်သည့် အခံရှိလေရာ ဒီဇိုင်းပညာတစ်နှစ်လောက် သင်ယူလိုက်ရပါလျှင် ပထမတော့ သူများဆိုင်မှာလုပ်၊ အဲသည်နောက်တော့ ကိုယ်ပိုင်အပ်ချုပ်ဆိုင်ဖွင့်။ ခက်တာက ပညာသင်နေသည့် တစ်နှစ်အတွင်း သည်မိသားစုငါးယောက်၏ဆန်အိုးကို ဘယ်သူဖြည့်ပါ့မလဲ။ ကျောင်းစရိတ်တွေ ဘယ်လိုရှင်းပါ့မလဲ။

သည့်အရင်က မောင်ဘောက်သည် ဦးလေးနှင့်တွဲပြီး တက္ကစီဆွဲသည်။ ကားမောင်းကျွမ်းကျင်သည့် အခံနှင့် ကွန်ပျူတာကုမ္ပဏီမှာ အလုပ်ရသည်။ အဲသည်ကနေ ရောင်းမောင်းလုပ်သည်။ သူ့အသက်က ရှိလှ နှစ်ဆယ့်ခြောက်ခွန်ပေါ့။

တံမြက်စည်းကိုင်ပြီး မနော်ဝေးရှိဦးတော့ ရှိလှမှ သုံးလေးမိနစ်ပါပဲ။

ဆင်ဝင်အောက်သို့ ကားတစ်စီး ဆိုက်လာသည်။ ကားပေါ်မှ ဆင်းလာသော အရာရှိအား တံခါးစောင့်ဝန်ထမ်းကလေးက မှန်တံခါးဖွင့်ပေးသည်။ မနော်သည် အမြန် အခန်းထဲဝင်လိုက်ရတော့တာ စောစောကတည်ထားသော ရေနွေးဆူပလားစစ်ဆေးရသည်။ အရာရှိအတွက် ကော်ဖီဖျော်မှ။ မရှေးမနှောင်းမှာ နောက်ထပ်အရာရှိတွေ ရောက်လာကြဦးတော့မည်။

ဝန်ထမ်းတွေ တဖွဲဖွဲရောက်လာသည်နှင့်အမျှ သူတို့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရင်း နေ့ခင်းအထိ မနော် အလုပ်များနေဦးတော့မှာပါ။

မောင်ဘောက်နုတ်ထွက်သွားပြီဆိုတာကို မနော်သတိရအားချိန်သည် လူစုံသည်အထိ ရုံးဖယ်ရီနံဘေးမှာ ရပ်စောင့်နေချိန်တွေဖြစ်လေသည်။ အဲသည်အချိန်မှာ အချင်းချင်း သတင်းပေးကြရင်း ဝမ်းနည်းကြသည်။ နှမြောတမ်းတကြသည်။ "မောင်ဘောက်က စိတ်ရှည်တယ်ကွာ နောက်ခန့်တဲ့ကောင်က သူ့မှ မီပါ့မလား"ဟု ဦးသိန်းက စိတ်ပူကြောင့်ကြ၏။ "ဒီလိုနဲ့ပဲ ငတာန်းသေ ငနွေပေါ်တာပါပဲတော်" ဟု မနော်နှင့်ဘဝတူ သန့်ရှင်းရေးဒေါ်တင်မြူက သူမ၏အတွေ့အကြုံအရ မှတ်ချက်ချလေသည်။

တစ်နေ့ပြီးတစ်နေ့၊ ကြာတော့



"အလုပ်တောင် အပြင်ပန်းကြည့်ပြီးရွေးရတာ လိုချင်တာမရရင် စိတ်ပျက်စရာဖြစ်ရတာ၊ အလုပ်က ပြောင်းလို့ရလို့သာ တော်တာ၊ တစ်သက်လုံး အတူနေထိုင်သွားရမယ့် မိန်းမကျတော့ ပြောင်းရင် သူ့တစ်ယောက်တည်း မဟုတ်ဘူးလေ၊ ရထားမယ့်ကလေးတွေ ဒုက္ခရောက်ကုန်မယ်"

မနော် အလေ့အကျင့်ဖြစ်လာသည်။ အကြောင်းရှိမှသာ သူ့ကို မနော် သတိရဖြစ်လေတော့၏။

သတိပေးသူက မောင်ဘောက်နှင့်ဘဝတူ ယာဉ်မောင်း ဦးသိန်းဖြစ်သည်။

"မောင်ဘောက် သင်္ဘောလိုက်တော့မယ် မနော်"

"ဟင်၊ ဘယ်လိုလုပ်ပြီး ရောင်းမောင်းကနေ အလုပ်ပြောင်းသွားရမြန်တာလဲ"

"လျှောက်လို့ရသွားလို့ပေါ့ဟာ၊ ငွေသွင်းပေးမယ့် စပွန်ဆာရတာ အဓိကပေါ့၊ သိန်းသုံးဆယ်တဲ့၊ လခတစ်ဝက်ကို ပြန်ပို့ရတယ်တဲ့၊ သူ့ဘက်စာချုပ်မှာ သူနဲ့ သူ့စပွန်ဆာအကောင့် တွဲဖွင့်ထားတယ်၊ အဲဒီငွေကို သူ့စပွန်ဆာက ထုတ်မှာ၊ တစ်နှစ်ဆပ်ရင် ကျေမယ်ဆိုပဲ"

မနော်စဉ်းစားသည်။

အဲဒါဟာ တစ်နေ့နှစ်နေ့ တစ်လနှစ်လနှင့် ဖြစ်လာတာတော့ မဟုတ်ပါ။ မေ့သလောက်ရှိနေသော တစ်နေ့မှာ ရုံးသို့ မောင်ဘောက် ရောက်ချလာသည်။ သိဟောင်းကျွမ်းဟောင်းတွေကို လာနှုတ်ဆက်အသိပေးတာပါ။

"ကျွန်တော် မလေးရှားသင်္ဘောလိုက်သွားတော့မယ်ဗျ"

"အေး၊ ဦးသိန်းပြောပြလို့ ငါတို့သိတယ်၊ ပါသွားပြီတောင် ထင်နေကြတာဟဲ့"

မောင်ဘောက် ရယ်နေသည်။

"မသွားခင် သင်တန်းတက်ရသေးတယ်၊ အလှည့်စောင့်ရသေးတယ်"

မနော် ဝမ်းသာဝမ်းနည်းဖြစ်နေသည်။

"ဒီအလုပ်ကတော့ နင်လုပ်ချင်တဲ့အလုပ်ပေါ့နော် မောင်ဘောက်"

မောင်ဘောက် ခေါင်းခါသည်။ ခေါင်းညိတ်သည်၊ ခေါင်းခါပြန်သည်။

"အကြွေးရှိရတာ စိတ်ထဲမှာ လေးတေးတေးကြီးဗျ၊ ဒါပေမဲ့ နိုင်ငံခြားရောက်ရမယ်၊ ပိုက်ဆံပိုရမယ်၊ လစဉ် ငွေလွှဲဆပ်သွားရင်း ကျေသွားမယ် ပြောတယ်ဗျာ"

"ကောင်းပါတယ်ဟယ်၊ ငယ်တုန်း စွန့်စားရတာပေါ့၊ ငါကျတော့

ဆယ်တန်းမအောင်တော့ အလုပ်ခေါ်ရင်တောင် အိမ်ဖော်ပဲရမယ်။ ငါ့ညီမတွေ မောင်တွေက ငါ့ရဲ့ အခု အလုပ်တောင် အဆင့်နိမ့်တယ် ထင်နေကြတာ၊ အိမ်ဖော်အလုပ်နဲ့တော့ နိုင်ငံခြားမသွားပါနဲ့တဲ့၊ လူကုန်ကူး ခံသွားရမယ်တဲ့"

"လူကုန်ကူးတယ်ဆိုတာ ပြည်တွင်းပြည်ပ ခေတ်စားတယ်နော်" ဟု မောင်ဘောက်က စဉ်းစားသည်။

"ငါတို့အရပ်ထဲက ကောင်မလေးနှစ်ယောက် လူကုန်ကူးခံရပြီး တရုတ်ပြည်ပါသွားတယ်တဲ့" ဟု ဒေါ်တင်ပြုံးက ဝင်ပြောသည်။

သူတို့ကြားသိသမျှ အပြန်အလှန်ဖောက်သည်ချကြလေသည်။

"ကောင်မလေးတွေဟာ လူကုန်ကူးမှု တားဆီးရေးအဖွဲ့နဲ့ အဆက်အသွယ်ရလို့ ပြန်ရောက်လာကြတယ်တဲ့" ဟု ဒေါ်တင်ပြုံးက ဆက်ပြောပြသည်။

"ကောင်မလေးတွေကို တရုတ်တွေနဲ့ ယူခိုင်းတယ်၊ ဒိုးပြန်လာတော့ ကလေးတွေ ကျန်ခဲ့ကြတယ်တဲ့"

"ဟာ၊ စိတ်မကောင်းစရာပါပဲလား"

မောင်ဘောက် ငိုင်ကျသွားသည်။ အကြောင်းအမျိုးမျိုး ကြောင့် မိသားစု မစုံမလင်ဖြစ်ရပါကလား။

အဲသဟာသည် မောင်ဘောက်နှင့်မနော်တို့တွေ နောက်ဆုံးတွေ့ဆုံခြင်းဖြစ်ခဲ့သည်။ မောင်ဘောက်က မလေးရှားသို့ သဘော်လိုက်သွား။

မနော်က အိမ်ထောင်ကျ၊ ကွန်ပျူတာကုမ္ပဏီမှထွက်။ အိမ်ထောင်တာဝန် ထမ်းရင်း ကိုယ်ဝန်ရှိလာ။ ဘဝအဆစ်ချိုးတွေ များခဲ့လေသည်။

"မိသားစုတာဝန် ရှိနေတယ်ဗျာ၊ ကျွန်တော်မိန်းမ မယူနိုင်သေးဘူး၊ အဲသလိုနဲ့ပဲ ဖြစ်ချင်တိုင်း ဖြစ်မလာနိုင်ကြတာထင်ပါရဲ့" ဟု မောင်ဘောက်က ဦးသိန်းအား ရင်ဖွင့်ခဲ့ကြောင်းဖြင့် တစ်ဆင့်စကား ကြားရသည်။

မနော်ဖြေသိမ့်နိုင်ခဲ့ရပါသည်။

မနော်၏ကလေး တစ်နှစ်သားရလာပြီး မကြာခင်တစ်နေ့မှာ မောင်ဘောက်၏အဒေါ် ဆုံးပါးသည်ဟု ဦးသိန်းထံမှ သတင်းရရှိသည်။ မြောက်ဥက္ကလာနှင့် လှိုင်သာယာသည် ဝေးတော့ဝေးသားပင်။ ဘတ်စကားလိုင်း သိလျှင်တော့လည်း ခရီးဆန့်ဖို့ အဆင်ချောမွေ့ပြန်သည်။

မောင်ဘောက်ရှိမနေခိုက် ဝိုင်းဝန်းဖေးမကြရမည်ဟု ကူငွေပေးဖို့ကြရင်း ဦးသိန်းတို့ ဒေါ်တင်ပြုံးတို့နှင့်အတူ မနော်လည်း သူ့ဦးလေးမိသားစုအိမ်သို့ သွားရောက်ကြသည်။

"ရှေ့နှစ်ခါ မောင်ဘောက်ကွန်ထရက်ပြီးပြီဗျ၊ သူသီတင်းကျွတ်မတိုင်မီ ပြန်ရောက်လာလိမ့်မယ်"

မောင်ဘောက်၏ဦးလေးက အင်မတန်ရိုးစင်းသော အကြောင်းတစ်ခုကို ပြောပြသည်။

"ကျုပ်ရဲ့သားသမီးတွေက ငယ်သေးတယ်လေ၊ ထိန်းသိမ်းပေးမယ့် ချက်ပြုတ်ကျွေးမွေးမယ့်သူ လိုနေတယ်၊ မောင်ဘောက်ပြန်လာရင် အိမ်ထောင်ချပေးရတော့မယ်ဗျ"

ရိုးစင်းသော အကြောင်းရှိကိုပင်လျှင် သူတို့အုပ်စုက ချက်ခနဲနားမရှင်း။

"ကျုပ်ဆေးကုစရိတ်တွေ များရတဲ့အထဲ ဇနီးသည် မဟာလိုက်တာ အကြွေး[illegible]ပိ သွားတယ်ဗျာ၊ မောင်ဘောက်ပါလာမယ့်ငွေနဲ့ အဲဒီကြွေးတွေကိုလည်းဆပ်ရင်း ကြွေးရှင်ရဲ့သမီးကိုလည်း တောင်းရမ်းရင်း"

တစ်မျိုးကြီးတော့ တစ်မျိုးကြီးပါပဲလားဟု မနော် မအီမလည်ဖြစ်ပြီး ပြန်လာသည်။ အပြန်လမ်းကျတော့ ဒေါ်တင်ပြုံးက ရှင်းပြလေသည်။

"ဦးလေးမိသားစုနဲ့လည်း အလွမ်းသင့်အောင် မောင်ဘောက်ကိုလည်း ချည်ပြီးတုပ်ပြီး ဖြစ်အောင်ပေါ့ဟယ်၊ အဲဒီကလေးမနဲ့ မောင်ဘောက်ကိုပေးစားလိုက်ရင် နှစ်ဦးနှစ်ဖက် မိသားစု အဆင်ပြေသွားကြမှာပေါ့"

မနော် အစာမကြေသေး။

"သူတို့က တစ်ယောက်ကို တစ်ယောက် ချစ်လားကြိုက်လား စောင့်မကြည့်ကြတော့ဘူးလား'

"အသက်သုံးဆယ် နီးကြပြီပဲ၊ ရင်ခုန်တာတွေ ဘာတွေ သိပ်စဉ်းစားနေတော့မယ် မထင်ပါဘူး၊ ငါတို့ခေတ်ပုံကြည့်လာကြတယ် မဟုတ်လား၊ ရုပ်ရည်ရော ဝတ်စားဆင်ယင်မှုရော မဆိုးလှဘူး၊ မောင်ဘောက် လက်ခံနိုင်လောက်ပါတယ်"

"မဟုတ်ဘူးလေ၊ ကျွန်မ ပြောတာက မိန်းကလေးမှာ ရည်းစားသနာရှိနေနိုင်တယ် မဟုတ်လား၊ စီစဉ်ပြီးကာမှ သူငြင်းလိုက်ရင် ကျွန်မတို့လူမျိုးကြီးမှာ အသားလွတ်အသည်းကွဲ မနေရပေဘူးလား"

ဦးသိန်း စိတ်မရှည်ချင်တော့။

"မိန်းမကောင်းရဖို့ အရေးကြီးတယ် မနော်ရဲ့"

အချင်းချင်း ဆွေးနွေးငြင်းခုံကြရသည်မှာ ဘတ်စကားပေါ်ရောက်သွားမှ လူကျပ်သိပ်တိုးဝေ့ရင်း စခန်းရပ်သွားရတော့သည်။

သူတို့အုပ်စု တွေ့ဆုံဆွေးနွေးဖြစ်သည်မှာလည်း အဲသဟာ နောက်ဆုံးပါပဲ။

မောင်ဘောက် ပြန်ရောက်နေတာပင်လျှင် သူလာလည်မှ သိရတော့သည်။

"တွေ့ အစ်မ၊ ဒေါ်တင်ပြုံးကို မေးပြီး အစ်မအိမ်ကို လာလည်တာဗျ"

အဲသည်တော့မှ မနော်၏သားကို မောင်ဘောက် တွေ့ဖူးရသော်လည်း၊ အဲသည်မတိုင်ခင်ကတည်းက မနော် အိမ်ထောင်ကျနေပြီ ဆိုတာကို မောင်ဘောက် သိထားခဲ့သည်။

ပြန်လည်ဆုံတွေ့ကြချိန်မှာ မောင်ဘောက်ယူလာသော သားကလေးအတွက် စိတ်ဆိုးငှက်အရုပ်ကို ဆီးယူရင်း မနော် ဝမ်းသာနိုင်ခဲ့ပါ၏။

"မောင်တော် ပြန်မလာသေးဘူးလား မနော်"

"သူက စားသောက်ဆိုင်မှာ ငွေသိမ်းရတယ်၊ ညသန်းခေါင်မကျော်တဲ့နေ့ကို မရှိပါဘူးဟယ်"

ကလေးသည် ခေတ်ကလေးဝီသစ္စာပင် မောင်ဘောက်၏လက်ဆောင် စိတ်ဆိုးငှက်ကို အတော်ကြိုက်ကာ လက်မှမချတော့။ သူတို့ အေးဆေးသက်သာ စကားပြောနိုင်ကြလေသည်။

"နင့်ငွေရေးကြေးရေး ပြဿနာ ပြေလည်သွားပြီလား"



Asian Fame Media Group
MEDIA GROUP

"ဘာကိုပြောတာလဲ မနော်ရဲ့"

"နင်ယူထားရတဲ့ ငွေဆိုတာလေ၊ နင့်စပွန်ဆာကိုဆပ်လို့ ကျေပလားလို့ မေးတာပါ"

"ခြော်၊ တစ်နှစ်ကတည်းက ကျေပြီးသားပါ၊ အခုပါလာတဲ့အထဲက ဦးလေးဆေးကုစရိတ်တွေ၊ အဒေါ်ဆုံးတုန်းက ကုန်ကျတာတွေလည်း ဆပ်ပြီးပါပြီ"

သည်တော့မှ မနော် စိတ်အေးသွားသည်။ မောင်ဘောက် တစ်ယောက်ကြွေးနှင့် အသိမ်းမခံရတော့ဘူးပေါ့။ ဟိုကလေးမကို သူနှစ်သက်မှ လက်ထပ်ရုံသာ ရှိတော့တာပေါ့။

"ကဲ ဘယ်တော့ ငါတို့ မင်္ဂလာထမင်းဟင်းစားကြရမှာလဲပြော"ဟုလည်း စပ်စုနိုင်လာသည်။

မောင်ဘောက်က တည်တည်ငြိမ်ငြိမ်ပင်။

"ကျွန်တော်က ဘယ်သူ့ကို ယူရမှာလဲ မနော်ရာ၊ မိန်းမယူတယ်ဆိုတာ အလုပ်ပြောင်းရသလိုပဲ ထင်သလောက် မလွယ်ပါဘူး"

မနော် အံ့အားသင့်သွားရသည့်အလှည့်။

"နင်ရောက်ရင် နင့်ဦးလေးရွေးပေးထားတဲ့ ကောင်မလေးနဲ့ နေ့ကောင်းရက်သာရွေးချယ် လက်ထပ်ကြရုံပဲဆို"

"အဲသလောက် မလွယ်ပါဘူးဆိုမှ၊ သူ့ကိုမှ ကျွန်တော် မကြိုက်ဘဲ"

"ရုပ်ရည်သင့်တင့်သားနဲ့ဟယ်"

"အလုပ်တောင် အပြင်ပန်းကြည့်ပြီးရွေးရတာ လိုချင်တာမရရင် စိတ်ပျက်စရာဖြစ်ရတာ၊ အလုပ်ကပြောင်းလို့ရလို့သာ တော်တာ၊ တစ်သက်လုံး အတူနေထိုင်သွားရမယ့် မိန်းမကျတော့ ပြောင်းရင် သူ့တစ်ယောက်တည်း မဟုတ်ဘူးလေ၊ ရထားမယ့်ကလေးတွေ ဒုက္ခရောက်ကုန်မယ်"

မနော် အံ့အားသင့်ရပြန်လေပြီ။

"နင်ရွေးရမှာမှ မဟုတ်ဘဲ"

"ဟာ၊ ကျွန်တော့်ကလေးတွေလေ၊ ပထွေးနိုပ်စက်မှာပေါ့"

မနော်ရယ်မိသည်။

"ဖအေတွေဟာ အဲသလိုကလေးတွေအပေါ် ဂရုစိုက်တတ်လို့လား"

မောင်ဘောက်စဉ်းစားသည်။

"မနော်က ကျွန်တော့်အကြောင်း အကုန်သိတယ်ထင်ထားတာ၊ တကယ်တော့ မနော် မသိပါဘူး"

မနော်မျက်လုံး ကလယ်ကလယ် ဖြစ်နေသည်။

"ကျွန်တော့်အမေကို အဖေက ပစ်ပြီး နောက်မိန်းမယူသွားလို့ အမေ့မောင် ကျွန်တော့်ဦးလေးက ကောက်မွေးထားရတာ၊ ကျွန်တော့်မှာ ခံစားချက်ရှိတယ်ဗျ"

မနော် ငိုင်ကျသွားလေသည်။

"အမေက နောက်ယောကျ်ားကောက်ယူပြီး ရှမ်းပြည်နယ်စပ်ပါသွားတယ် ပြောတယ်၊ သေမှန်းရှင်မှန်း မသိရဘူးဆိုတာပဲ၊ ခုခေတ်လို အင်တာနက် မထွန်းကားဘူးလေ၊ ရေဒီယိုတွေကနေလည်း အသံလွှင့်မရှာဖြစ်ကြဘူးလေ"

မနော်သိထားသော မောင်ဘောက်၏ဘဝ ကွက်လပ်ကလေးကို သနားစရာပြုံခြင်းများစွာဖြင့် မနော်မှာ ဘယ်လိုစိတ်ပင် ဘယ်ပျောက်သွားသည် မသိတော့။

"မင်မယားတွေ ကွဲကြတော့ ယောကျ်ားက နောက်မိန်းမယူ၊ မိန်းမက နောက်ယောကျ်ားယူ၊ သူတို့ မွေးထားတဲ့ ကလေးကတော့ အသိုက်ပျောက်တာပါပဲ"

ခေတ္တခဏ ဆိတ်ငြိမ်သက်နေကြလေသည်။

တစ်အောင့်ကြာမှ မောင်ဘောက်ကပဲ စကားစပြန်ကောက်ကာ မနော်၏အမေးကို အဖြေပေးသည်။

"လိုချင်တဲ့အလုပ်မရလို့ ရတဲ့အလုပ်တွေ ခဏခဏ ပြောင်းလုပ်ရပေမယ့် လိုချင်တဲ့ မိန်းမ မရလို့ကတော့ ရတာပဲတော့ မယူဘူးဗျာ"

မနော်က စကားကပ်ချင်စိတ်ကလေးတော့ ကျန်သေးသည်။

"ဘယ်တော့မှ မတွေ့ရင်ကော ဘယ့်နှယ်လုပ်မလဲ"

မောင်ဘောက်ကလည်း သူ့အဖြစ်ကိုသူ ဟာသလုပ်ချင်လာဟန်ရှိသည်။

'အင်း၊ တော်ကြာ မိန်းမစံ ရှေး မိန်းမခွေးနဲ့ညားမှာလည်း စိုးရသေးသဗျ"

မနော်ကတော့ အတည်ယူကာ စိုးရိမ်သည်။

"အေးဟဲ့၊ နင်တို့ယောကျ်ားတွေ ဖြစ်တတ်ကြတယ်၊ ဦးလေးတို့ ရွေးထားတာပဲ ယူပါဟယ်၊ စဉ်းစားပါ"

ဖြစ်နိုင်လျှင် မောင်ဘောက်ကို နှစ်သိမ့်အားပေးချင်ပါသည်။ လူအများစုသည် ဖြစ်ချင်တာတွေ မဖြစ်ရဘဲ ဘဝတစ်လျှောက် အဆင်သင့်သလိုသာ ရေလိုက်ငါးလိုက် မျောပါသွားကြရသည်။ ဒါကို မောင်ဘောက် လက်ခံတတ်လာစေချင်မိပါသည်။

"ဒီတစ်ခါ နင်နဲ့တွေ့ရင် ငါသိချင်နေတာတစ်ခု မေးဖြစ်အောင်မေးမယ် စိတ်ကူးထားတယ် မောင်ဘောက်ရဲ့"

မောင်ဘောက်သည် မနော်၏ သားကို မြူနေသည်။ ခါးကလေးကိုတို့လိုက် ချိုင်းကလေးကိုတို့လိုက်၊ ကလေးက တခစ်ခစ် လွန့်လူးနေလေ၏။

"မေးလေ၊ ဘာမေးမှာလဲ၊ ကျွန်တော်ချစ်တဲ့ ကြိုက်တဲ့သူတွေ့ပလား အဲဒါလား"

"မဟုတ်ပါဘူးဟယ်"

မနော် တော်တော်ကြီးကိုသိချင်နေတာ အမှန်ပင်။

သိချင်ပါလျက် မမေးဖြစ်တာကတော့ မောင်ဘောက်နှင့် တွေ့ဆုံခွင့်တွေ နည်းပါးသွားလေမှ မေးစရာအကြောင်းက ပေါ်လာခြင်းသည် အဓိက ဖြစ်နေသည်။ တစ်ခါတလေမှ ဆုံတွေ့ဖြစ်ကြပြန်သောအခါ သူပြောချင် ကိုယ်ပြောချင် အပေါင်းအသင်းတွေကလည်း ပြောချင်ဖြင့် သတိမရနိုင်လိုက်တာတွေ များသည်။ သတိရနေပါလျက် မေးသင့်သော အချိန်အခါ မဟုတ်တာတွေကလည်း များသည်။ ဥပမာ ဖယ်ရီကား စောင့်ဆိုင်းနေကြရသောအခါ၊ သို့မဟုတ် အချင်းချင်းတွေထဲက ဖြေရှင်းစရာ အကျပ်အတည်းအတွက် ဦးစားပေး ဆွေးနွေးကြရသောအခါ။

ကလေးက တောက်လျှောက်ကြည်သာနေရာမှ ငိုညိုငိုညိုဖြစ်လာသည်၊ နို့ဖြတ်ပြီးစမို့ ကလေးက စိတ်နုနေပြီး မထင်လျှင်မထင်သလို မနားတမ်း ငိုနေတတ်လေရာ သူ့ကို အရေးသယ်ပါသည် ဂရုစိုက်ပါသည်ဟု ပြသသည့်သဘောနှင့် ထမင်းခွံ့ချိန်ကို ဦးစားပေးရသည်။ အဲဒါကို မောင်ဘောက်ကလည်း

"ကဲဗျာ၊ ကလေးကို ထမင်းခွံ့ပါဦးမနော်ရဲ့၊ ကျွန်တော့်ကိုလည်း မေးပါ၊ မြန်မြန်မေး၊ တော်ကြာ အခါအခွင့်မသင့်တာနဲ့ မမေးဖြစ်တာ နောက်တစ်နှစ် ကြာသွားနိုင်သေးတယ်"

"နင်က အလုပ်တွေ တစ်ခုပြီးတစ်ခုသာ လုပ်နေတယ်၊ နင်လုပ်ချင်တဲ့အလုပ် မဟုတ်ဘူးဆိုလို့ပါ၊ နင်က ဘယ်အလုပ်မျိုးမှ လုပ်ချင်တာလဲလို့ပါဟယ်"

မောင်ဘောက်က မနော်အား စူးစိုက်ကြည့်သည်။ ပြုံးသည်။ ရယ်ချင်နေသည်ဆိုလျှင် ပိုမှန်ပေမည်။ မနော်မှာတော့ မောင်ဘောက်က ဘယ်လိုအလုပ်မျိုးကို လုပ်ချင်တာလဲ၊ ကိုယ်ပိုင်ကားတွေ ငှားစားချင်သလား၊ ကားပြင်ဝပ်ရှော့ထောင်ချင်တာလား၊ တွင်ခုံဆိုင်ဖွင့်ချင်တာလားနှင့် ဘယ်လိုအချိုကြီးဝင်မည့်အလုပ်မျိုးပါလိမ့်ဆိုပြီး အတော်အတွေးခေါင်နေမိတာ။ မောင်ဘောက်အပေါ် အထင်ကြီးနေတာ ဖြစ်မှာပါပဲ။

"ကျွန်တော့် ကိုယ်ပိုင်အိမ်ကလေး ဆောက်ချင်တယ်"

"အင်း" မနော်က ထောက်ပေးသည်၊

"စတိုးဆိုင်ကလေးဖွင့်ပြီး ရသလောက်ဝင်ငွေနဲ့ အေးအေးချမ်းချမ်းနေချင်တာပါပဲဗျာ"

ဟင်၊ ဒါပဲလား။

မနော် အားမလို အားမရဖြစ်မိသည်။ သို့ပါသော်လည်း

"အင်းပေါ့လေ"

မနော် လက်ခံလိုက်ပါသည်။

**မြနှောင်းညို**



Asian Family Media Group

# ရတီစာအုပ်စင်

**သိန်းဖေမြင့် – ခေတ်သစ်ဆန်းပြီ**

မူလက အိန္ဒိယနိုင်ငံတွင် ပြည်သူ့သဘင်ပွဲ (Indian Peoples Theatre Association) က ဇာတ်ခုံတင် ကပြရန်အတွက် ထိုခေတ်ကာလက ဂျပန်လက်အောက်မှာ ကျရောက်နေသော မြန်မာနိုင်ငံ၏ အခြေအနေအကြောင်း ရေးသားခဲ့သော ပြဇာတ်တစ်စောင်ဖြစ်သည်။ စာရေးဆရာကြီး သိန်းဖေမြင့်သည် ဤပြဇာတ်ကို မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး ပုံနှိပ်ထုတ်ဝေရာတွင်မူ မြန်မာမူနှင့်အင်္ဂလိပ်မူကို သီးခြားစီ ထုတ်ဝေခြင်းသာ ရှိခဲ့ပြီး ယခုမှသာ တစ်ပေါင်း တစ်စည်းအဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဂျပန်တို့၏ ဖက်ဆစ်စနစ်အောက်တွင် ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံ၏ အခြေအနေကို ဇာတ်ဆောင်ဒေါ်စိုးမယ်၊ ဦးညြဇာ၊ ဦးတိလောက၊ ဖိုးရှင်း နှင့်တင်မေတို့ဖြင့် မဏ္ဍိုင်ပြုကာ ဖန်တီးထားသည်၊ ဆရာကြီးသိန်းဖေမြင့်၏ ခေတ်စပ်ပြောင်မြောက်သော ပြဇာတ် ဖန်တီးမှုအနုပညာကိုလည်း တွေ့မြင်ကြရမည်။ ထိုခေတ်က မြန်မာနိုင်ငံ၏ အခြေအနေကိုလည်း တစေ့တစောင်း တွေ့မြင်ကြရမည်။ ဆန်းသစ်ဦး စာအုပ်တိုက်မှ တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေပြီး ဂန္ထဝင်သစ်စာပေမှ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။





**မောင်ဆွေသက် – ကျွန်တော်နှင့်ဆရာများ**

တစ်ချိန်က ဗိုလ်မှူးကြီးဟောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသလို သံအမတ်ကြီး၊ ဒုတိယဝန်ကြီးလည်း ဖြစ်ခဲ့သူ စာရေးဆရာမောင် ဆွေသက်၏ ဘဝတစ်လျှောက်တာဖြတ်သန်းမှုတွင် ပါဝင်ခဲ့သော ဆရာ့ကျေးဇူးများကို ဖော်ကျူးသည့် မှတ်တမ်းစာစုများပင် ဖြစ်သည်။ ဆရာတွေရှိဖူး၊ ရှိခဲ့ ရှိဆဲပုဂ္ဂိုလ်အားလုံးတို့ ရည်စူး၍ ဤစာအုပ်ကို ဖြန့်ချိရခြင်းဖြစ်ကြောင်း' နှင့် ဤစာအုပ်၏ တတစ်မျက်နှာသည် 'စာရှုသူတစ်ဦးအတွက် ဆရာ့ ကျေးဇူးကို သတိတရနှလုံးသွင်းမိစေရန် တစ်ခဏ အထောက်အကူပြုသည်' ဖြစ်လျှင် ရေးသားရကျိုး နပ်ပြီဖြစ်ကြောင်း အမှာတွင်ဖော်ပြထားသည်။ ၁၉၅၄ ခုနှစ်တွင် ကျောင်းသားအမှတ် ၁၆၊ ဗိုလ်လောင်းတစ်ဦးဘဝဖြင့် တပ်မတော်ကို စတင် ဝင်ရောက်စဉ်ကစလို့ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသည့် ဆရာများအကြောင်းကို လွမ်းဆွတ်တသခြင်း၊ အောက်မေ့သတိရခြင်းများစွက်လျက် ရေးသားထားသည်ကို ဖတ်ရှုကြရမည်။ ငွေသော်တာ စာပေမှ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။




**သက်(အမြင့်ပန်း) – ကဗျာပုလဲပန်းတို့ကြဲပြန့်နေတဲ့မွေ့ရာ**

ကလေးများအတွက် အထူးရည်ရွယ်ရေးဖွဲ့သော 'ကဗျာပုလဲပန်းတို့ ကြဲပြန့်နေတဲ့မွေ့ရာ' ကဗျာစာအုပ်သည် မြန်မာနှင့်အင်္ဂလိပ်နှစ်မျိုး ပေါင်းစပ်ရေးဖွဲ့ထားသော ကဗျာလေးများစုစည်း ထားခြင်းဖြစ်သည်၊ အင်္ဂလိပ်ဘာသာစကား သင်ယူမှုတွင် အသံထွက်မှန်ကန်ရေးအတွက် အခက်အခဲမရှိစေရန် ပံ့ပိုးပေးသလို ဝေါဟာရ ကြွယ်ဝစေရန်လည်း အထောက်အကူပြုနိုင်ပေသည်။ ချိုသာပြေပြစ်သောအသံဖြင့် ဖန်တီးထားသည့်အတွက် ရွတ်ဆိုသည့်အခါ ကလေး များအတွက် မြူးထူးပျော်ရွှင်ဖွယ် ဖြစ်လာစေမည်မှာ အမှန်။ ကလေးတို့၏ နေမှု၊ ထိုင်မှုမှအစပြု၍ ထိတွေ့ရသော ပတ်ဝန်းကျင်၏ သဘာဝအားလုံး ကို စေ့ငုစွာထည့်သွင်းစပ်ဆိုထားသဖြင့် ကလေး သူငယ်များအပေါ် အာရုံဖြန့်ကျက် ထားနိုင်သည့် သက် (အမြင့်ပန်း) ၏ ချစ်ခြင်းမေတ္တာကို တွေ့မြင်ရမည်။ စုစုပေါင်းကဗျာပုဒ်ရေ ၁၀၀ ကျော် ပါဝင်၍ တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် လဝန်းဖြူစာစဉ်မှ စီစဉ်ကာ စိတ်ကူးချိုချိုမှ ထုတ်ဝေလိုက်ပြီဖြစ်သည်။




Asian Fame Media Group

# ရေစီးထဲ စုန်ဆန်မျောပါ

ဝတ္ထုတိုရသ

ခံပယ်ဖြုနု



လိပ်စာအရတော့ သည်တိုက်ပါပေ။

စာရွက်လေးပေါ် ချရေးလာသောလိပ်စာကို သေချာအောင် ကျွန်မ နောက်တစ်ကြိမ် ဖတ်လိုက်ပါသည်။ တိုက်အမှတ်လည်း မှန်နေပြီ။ ညွန်းထားသော စတိုးဆိုင်လေးသည်လည်း မြေညီထပ်မှာ။ ဒါဆို ခုနစ်လွှာအထိ တက်သွားရုံပေါ့။

ကျဉ်းမြောင်းသော လှေကားထစ်လေးများပေါ် ခြေချနင်းတက်ရင်း ကျွန်မရင်ထဲ တငြိမ့်ငြိမ့်လှုပ်ခုန်စပြုလာပါသည်။ ကာလအချို့ကြာအောင် ဝေးကွာခဲ့သော၊ တစ်ချိန်က စိတ်နှလုံးချင်း ရင်းနှီးနီးကပ်ခဲ့သော မိတ်ဆွေကို တွေ့ရတော့မည်မဟုတ်လား။

သူရှိသည့်လိပ်စာကို ပြီးခဲ့သည့် တစ်ရက်ကမှ အမှတ်မထင် ရခဲ့ပါသည်။ လိပ်စာကို အမှတ်မထင် ရခဲ့သလို သူနှင့်ပတ်သက်သည့် ဝမ်းနည်းစဖွယ် သတင်းတစ်ခုကိုလည်း မျှော်လင့်မထားသော ပုံစံမျိုးနှင့် ကြားနာခဲ့ရသည်။

ထိုခဏ၌ ကျွန်မစိတ်ထဲ နောင်တရမဆုံးသည်မှာ ဘာကြောင့်များ ကာလရှည်ကြာ သူနှင့် အဆက်အသွယ် မလုပ်မိပါလိမ့်။ သူက စဆက်သွယ်မလို ကိုယ်က စဆက်သွယ်မလိုနှင့် သူ့ဘဝ ကိုယ့်ဘဝများထဲ ကျင်လည်ရင်းက တဖြည်းဖြည်း ဝေးကွာမြဖြစ်သည့် မြို့ပြလူမှုဝန်းကျင်သည် ကျွန်မတို့နှင့် အသားကျခဲ့သည်လား မသိ၊

ခုတော့ ကျွန်မ၏ စိတ်နှလုံးသည် မိတ်ဆွေကို သတိတရနိုးထခဲ့ပြီ၊ သည်အားလပ်ရက်၌ မတွေ့ကျွင်လည်း နောင်တစ်ကြိမ် မတွေ့တွေ့အောင် ရှာရန် စိတ်ပိုင်းဖြတ်ထားခဲ့ပြီ။

Asian Fame Media Group



လေ့ကားထစ်လေးများပေါ် ကျွန်မ ဆက်၍ဆက်၍ နင်းတက်သာ ခဲ့ပါသည်။

ကျွန်မတို့သည် လွန်ခဲ့သော ငါးနှစ်ကျော်က လှည်းတန်းက အဆောင်တစ်ခု၌ စတင်ဆုံဆည်းခဲ့ကြလေသည်။ မိန်းကလေးဆောင်သည် အုတ်ခံပျဉ်ထောင်နှစ်ထပ်အိမ်ကို အဆောင်ပြုလုပ်ထားသော ဈေးနှုန်းအလယ်အလတ်ရှိသည့် အဆောင်မျိုးပင်။ မိန်းကလေး အယောက်နှစ်ဆယ်မျှ နေထိုင်သော ထိုအဆောင်သို့ အဆောင်သူအသစ်အဖြစ် ထိုစဉ်က ကျွန်မရောက်ခဲ့ရ၏။

သူနှင့်ပတ်သက်သမျှ ပြန်တွေးတိုင်း မှတ်မှတ်ရရ ဖြစ်ရသည်မှာတော့ ကျွန်မသည် တွေ့စနေ့ရက်များက သူ့ကိုထက် သူ့အခန်းကိုသာ စိတ်ဝင်စားခဲ့သည်ဆိုတာပင်။ သည်အကြောင်း သူ့ကိုပြောပြရန်လည်း ဘယ်တော့မှ ဝန်မလေးခဲ့။

ကျွန်မ၏အဖြစ်မှာ အခန်းကို လိုချင်တပ်မက်ရင်းက အခန်းရှင်အပေါ် ရင်းနှီးလာရသော အဖြစ်သာတည်း။

ထိုအခန်းလေးသည် ကျွန်မ နေရသောအခန်းနှင့် နှစ်ခန်းကျော်မျှဝေးပါသည်။ တစ်ယောက်ခန်းဖြစ်သော အဲသည်အခန်းကို ရောက်စကတည်းက စိတ်ဝင်တစားဖြစ်ရသည်။ ကျွန်မက တစ်ယောက်ခန်း မရသည့်အတွက် နှစ်ယောက်ခန်းသို့ ရောက်လာရသူ မဟုတ်လား၊ အဆောင်တွင် တစ်ယောက်ခန်းမှာ ရှားရှားပါးပါး တစ်ခန်းသာရှိလေသည်။

ပြီးတော့ အခန်းကလည်း နှစ်ယောက်ခန်းနီးပါးကျယ်ကာ လေဝင်လေထွက်လည်း ကောင်းသေးသည်။ မြင်ရုံနှင့်ပင် နေချင်စဖွယ်။ အေးအေးလူလူ စာရေးလို့ကောင်းမယ့် အခန်းမျိုးပဲ။

သည်ကြားထဲ အဆောင်ရှင်ကလည်း အားပေးလိုက်သေးသည်။ လောလောဆယ်နေတဲ့သူ ပြောင်းရင် သမီးကို ထားပါမယ်တဲ့။ သည်တော့ ကျွန်မမှာ အဲသည်အခန်းရှေ့ကဖြတ်တိုင်း အခန်းကို လှမ်းအကဲခတ်မိတတ်သည်။ အခန်းရှင်ရှိသည့်အချိန်အယောင်မြင်လျှင်တော့ မျက်

နှာခေါင်းလုံးလုံးပဲ။ သို့သော် စိတ်ထဲက သိလိုသည်မှာ သူ ဘယ်တော့ပြောင်း မှာပါလိမ့်။

နောင်တစ်ချိန် ပြန်တွေးလျှင်တော့ ကျွန်မသည် မနာလိုစိတ်သက်သက်နှင့် သူ့ကို စိတ်ဝင်တစားရှိခဲ့တာ ဖြစ်ပါသည်။ ငါနေချင်တဲ့အခန်းမှာ နေရတဲ့သူဟု သူ့ကိုတွေ့လျှင် စိတ်ပေါက်ပေါက်နှင့် တွေးမိတတ်သည်။ ရေချိုးကန်မှာ တစ်ကြိမ်၊ နှစ်ကြိမ်တွေ့တော့ သူပြုံးပြသည်ကို အားနာပါးနာသာ ပြုံးပြလိုက်ရ၏။ စိတ်ထဲက ပါသည်မဟုတ်။ မျက်နှာကလည်း တင်းသယောင်ယောင်များ ဖြစ်နေမလားမသိ။

သူကတော့ အဆောင်သူသစ်က တစ်မျိုးပဲဟု ထင်ကောင်းထင်မည်။ သို့သော် ကျွန်မမှာတော့ ကိုယ့်အကြောင်းနှင့် ကိုယ်။

သူသည် အသက်ဘယ်မျှရှိပြီဟု အတိအကျမမှန်းသာ။ အရပ်ပုပုပ်ပုပ်၊ အသားညိုညို၊ မျက်နှာသွင်ပြင်သည် ကြည့်ကောင်းသော အမျိုးအစားထဲမှာလည်း မပါသလို တစ်ခုခုမှတ်ချက်ချချင်စရာ အသွင်လည်း မဟုတ်ပါ။ ခြုံပြောရလျှင်တော့ သာမန် မိန်းမတစ်ယောက်ဟုသာ ဆိုပါစို့။

သူ့ကို တစ်ဆောင်လုံးက မမ ဟု ခေါ်ကြသည်ကိုတော့ နှစ်ပတ်ကျော်မျှကြာလျှင် အကြားနှင့်သိလာရပါသည်၊ သူ့နာမည်အရင်းကိုတောင် အားလုံးက ဝေဝေဝါးဝါးပဲ ဆိုလား။ ဘယ်သူက စခေါ်မှန်းမသိဘဲ မမဟူသော အခေါ်သည်ပင် တွင်နေသည်တဲ့။

"မမက အဆောင်မှာ အသက်အကြီးဆုံးပဲလေ။ ၄၀ ပတ်ဝန်းကျင် ရှိပြီထင်တာပဲ" ဟု အခန်းဖော်က ပြောပြတော့ ကျွန်မ အံ့ဩရသည်။ မိန်းကလေးဆောင်မှာ သည့်အသက်အရွယ်အထိ ဘာကြောင့်များ ရှိနေသည်လဲ။ အဆောင်သည် မဖြစ်၍သာ နေရသော ကျွန်မအတွက်တော့ နေပျော်ရာအရပ် မဟုတ်ပါပေ။

တိတ်တိတ်ဆိတ်ဆိတ်သာ နေချင်သူ ကျွန်မသည် အဆောင်၌ သူတကာ စကားသံဆူညံနေလည်း မပြောသာ။ သီချင်း မနားတမ်းဖွင့်သူကိုလည်း အသံနည်းနည်းတိုးပါလား

ဟု ည ၁၀ နာရီကျော်မှ သွားပြောရဲသည်။ ညဥ့်နက်မှ စာဖတ်စာရေးလုပ်ကာ အိပ်ရာဝင်နောက်ကျသော ကျွန်မမှာ မိုးအလင်းအိပ်တတ်သည်နှင့်အမျှ နံနက်စောစောထထတ်သော၊ နိုးလာသည်နှင့် စကားသံညံတတ်သော အဆောင်သူအချို့နှင့် သဟဇာတမဖြစ်လှပါပေ။

အပြင်ပန်းကသာ ရန်မများလို၍ ပြုံးနေရမည်။ သည်လို ကိုယ်နှင့် စရိုက်မတူသူများ ကြုံရသည့်အခါ စိတ်ပျက်လှတာ ဝန်ခံရပေမည်။ သူ့လိုတော့ အဆောင်တွင် အသက် ၄၀ နီးပါးအရွယ်၌ နေနိုင်မည် မဟုတ်။



"သူ ဘယ်တော့ပြောင်းမယ် ကြားသလဲဟင်"

တစ်ရက်တွင် အခန်းဖော်ကို ကျွန်မ စပ်စပ်စုစု မေးမိပါသည်။

"ဘယ်ကလာ၊ လူတွေသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားမယ်။ မမက မပြောင်းဘူးရယ်၊ သူ့အဆောင်သက် ဘယ်လောက်ရှိပြီ မှတ်လို့တုံး။ ဒီအဆောင်မှာ။ ခုနစ်နှစ်နော် ခုနစ်နှစ်"

ခုနစ်နှစ် . . .။ အင်း . . . နည်းနည်းနောနော အဆောင်သက် မဟုတ်ပါလား။

ဒါကြောင့်သာ အဆောင်ရှင်အန်တီက သူ့ကို ရင်းနှီးလှတာဖြစ်ပေမည်။ အဆောင်သက်ကြာသူ၏ အခန်းကိုမှ ကျွန်မကို မျှော်လင့်ချက်ပေးလိုက်သေးသော အဆောင်ရှင်ကိုလည်း အံ့ဩမနေချင်တော့ပြီ၊ အခန်းကိုလည်း မျှော်မနေချင်တော့ပြီ။

ကျွန်မနေရသော နှစ်ယောက်ခန်းသည်လည်း သူ့အတိုင်းအတာနှင့်သူတော့ အဆင်ပြေသည်မဟုတ်လား။ အခန်းဖော်ကလည်း စကားကျရန်သာ အာရုံရှိတတ်သော ခပ်အေးအေးမိန်းကလေးမျိုးပါ။ ထောင့်ခန်းက မိန်းကလေးများ၏ ဆူညံတတ်သောအသံတို့ကို မေ့ထားနိုင်လျှင်တော့ ကျွန်မ အခန်းလေးကလည်း နေပျော်စဖွယ်။

သည်လိုနှင့် အခန်းကိစ္စကို တဖြည်းဖြည်းမေ့လျော့စ ပြုလာပါသည်။ သူနှင့် ပြုံးပြနှုတ်ဆက်နိုင်ပြီ၊ နှုတ်ဆက်စကားတစ်ခွန်း နှစ်ခွန်းမျှ ပြောကြသည့် အဆင့်ရှိခဲ့ပြီ။ သည့်ထက်တော့ ပို၍အကျွမ်းတဝင် ဖြစ်လာမည်မထင်ခဲ့တာ ဝန်ခံရမည်ပင်၊ သူသည် တွေ့လိုက်တိုင်း ရယ်မောပျော်ရွှင်နေတတ်သည်မို့ အလိုလိုနေရင်း ရယ်စရာရှာနေသူဟု ကျွန်မ စိတ်ထဲ ဆန်းနေ၏။ ခင်မင်လိုစိတ်လည်း မဝင်။ သည်အတိုင်းသာ ခပ်ကင်းကင်းနေခဲ့ပါသည်၊

သို့သော် တစ်ရက်တွင်တော့ သူနှင့် ရင်းနှီးကျွမ်းဝင်ရဖို့ ကံကဖန်လာခဲ့သည်။ ထိုနေ့သည် ရုံးအားလပ်ရက် တနင်္ဂနွေနေ့ဖြစ်သည်ဆိုတာ ကျွန်မ မှတ်မိ၏။

ထိုနေ့နံနက်ခင်းက ကျွန်မသည် အိမ်နှင့်ဖုန်းပြောရသည်၊ အိမ်အပေါ်ထပ်က အန်တီ့အခန်းမှာ ဖုန်းပြောပြီး အခန်းထဲပြန်ရောက်တော့ ကျွန်မ၌ အင်အားမဲ့နေသည်သို့ ခံစားချက်က စီးဝင်လာပါသည်။ အမေ နေမကောင်းဘူးတဲ့။ သည်စကားသံကို သာ တသသကြားယောင်နေသည်၊ အမေသည် ကျွန်မထံ ဖုန်းပင်လာမပြောနိုင်။ နှစ်ခြံကျော်မှာရှိသော အိမ်သို့ အဖေက ဖုန်းလာကိုင်ရှာသည်။

စိတ်မပူနဲ့ဆိုသော အဖေ့စကားသံကို ယုံကြည်သော်လည်း ကျွန်မ ဝမ်းနည်းမဆုံး။ အမေ နေမကောင်း

ချိန်၌ သမီးကို မည်မျှလွမ်းဆွတ်နေမည်လဲ။ ဘယ်သူပဲ ပြုစုသည်ဆိုဆို သမီးလုပ်သူကိုတော့ အမေ လွမ်းနေမှာပဲ။

ကျွန်မသည် ခုတင်ပေါ်တွင် စိတ်ပျက်လက်ပျက် ခွေခေါက်လဲနေမိ၏။ မျက်ရည်များ တလိမ့်လိမ့် စီးကျလာသည်ကို မတားလိုတော့ပြီ။ ရှိုက်သံများ ထွက်လာလျှင် လက်ဝါးနှင့် အုပ်ကာရသည်။ အခန်းဖော် မရှိသည့်အတွက် အောက်ထပ်တွင် လူရှင်းနေသည့်အတွက် တစ်ချက်တစ်ချက် ထွက်ကျလာသေးသော ရှိုက်သံများကိုတော့ တားမနေတော့ပါပေ။

သည်မှာပင် တံခါးခေါက်သံ သဲ့သဲ့ထွက်ပေါ်လာပါသည်။ အခန်းဖော်များ ပြန်လာလေသလား။ မျက်ရည်များကိုတို့သုတ်ကာ ကျွန်မ တံခါးဖွင့်ပေးရသည်။ သို့သော် အခန်းဖော် မိန်းကလေးမဟုတ်။ တံခါးဝ၌ ရပ်နေသူမှာ မမပါတကား။

"အားတော့ နာတယ်၊ တံခါးလာခေါက်ရတာ။ ကိုယ် ဘာကူညီရမလဲဟင်။ ဟိုလေ မင်းအခန်းရှေ့က ကိုယ်ဖြတ်နေတာ နှစ်ခါရှိပြီ။ တံခါးခေါက်ရမလား၊ မခေါက်ရဘူးလား စဉ်းစားနေတာနဲ့"

ကျွန်မသည် မျက်ရည်များ စိုနေမည့် မျက်နှာနှင့်ပင် ယောင်ကန်းကန်း ပြုံးပြလိုက်ပါသည်။

"ရပါတယ် မမရယ်။ ဘာမှ မဟုတ်ပါဘူး။ အမေ နေမကောင်းဘူးဆိုလို့၊ စိတ်တော့ မပူရဘူး ပြောတာပဲ။ ဒါပေမဲ့ ကျွန်မက အဝေးမှာမို့လား"

သူကလည်း အခန်းထဲ မဝင်၊ ကျွန်မကလည်း ဝင်ဖို့ပြောရန်မေ့နေပါသည်။

'အြော် . . . စိတ်မကောင်းမဖြစ်ပါနဲ့ ညီမရယ်၊ ဒီမှာလည်း သူလိုကိုယ်လိုပဲ အိမ်နဲ့ဝေးနေတဲ့ သူတွေ အများကြီးပဲ။ ငါတစ်ယောက်တည်း မဟုတ်ဘူးလို့သာတွေးပါကွယ်" ဟုဆိုကာ ကျွန်မပခုံးကို တစ်ချက်မျှ ဖျစ်ညှစ်လိုက်၏။

သူ့နှုတ်ခမ်းတွင်ကား နှစ်သိမ့်သော၊ စာနာသော အပြုံး။ သူ့မျက်နှာတွင်လည်း မေတ္တာနှင့် နူးညံ့သိမ်မွေ့နေသည်ကို ကျွန်မ မြင်ရပါသည်။

"မင်းဝမ်းနည်းတိုင်း ငါတစ်ယောက်တည်း ဒီလိုကြုံရတာ မဟုတ်ဘူးလို့သာတွေး၊ ငါ့ထက် ဝမ်းနည်းစရာဘဝတွေတောင် ရှိနိုင်တယ်လို့တွေး သိလား"

သူကပဲ နှစ်သိမ့်တတ်တာလား၊ ကျွန်မကပဲ အမှန်ကို မြင်သွားသည်လားမသိ။ သူ နှုတ်ဆက်၍ ထွက်သွားသည့်နောက် မျက်ရည်မကျဖြစ်တော့။ အမေ့ကို ရည်မှန်းမေတ္တာပို့ရင်း လူကလည်းပဲ နည်းနည်းတော့ စိတ်လက်ပေါ့ပါးလာပါသည်။

## မင်းဝမ်းနည်းတိုင်း ငါတစ်ယောက်တည်း ဒီလိုကြုံရတာ မဟုတ်ဘူးလို့သာတွေး ငါ့ထက်ဝမ်းနည်းစရာ ဘဝတွေတောင် ရှိနိုင်တယ်လို့တွေး သိလား. . . .

ညနေပိုင်းတော့ အခန်းဖော် ပြန်ရောက်လာလျှင် ကျွန်မသည် နံနက်ပိုင်းက အဖြစ်လေးကို ဘာရယ်မဟုတ် ပြန်ပြောပြမိပါသည်။ မမအပေါ် ကျွန်မ ခင်မင်စိတ်ဝင်လာသည့်အကြောင်းဖြစ်၍ ပြောပြခဲ့မိတာပင်။

"ငါ့ထက် ဝမ်းနည်းစရာဘဝတွေတောင် ရှိတယ်လို့တွေးလို့ အားပေးမှာပေါ့ကွယ်၊ သူက မိဘလည်း မရှိတော့ဘူးလေ၊ အစ်မ တစ်ယောက်တည်း ရှိတာ။ အဲဒီ အစ်မနဲ့ကလည်း သိပ်အနေမနီးဘူးဆိုလား၊ သူက တကယ်ကို တစ်ယောက်တည်း သမားကိုး"

အခန်းဖော်၏စကားကို ကြားရချိန်မှာတော့ ကျွန်မတွင် ပြောစရာစကားများပင် ပျောက်ဆုံးသလို ဖြစ်လာပါသည်။ သူ့ကို တစ်ပြန်တစ်လှည့် စာနာစိတ်ဝင်လာ၏။ ကျွန်မကို အားပေးစဉ်ကပြောခဲ့သောစကားများသည် စင်စစ်တော့ သူ့နှလုံးအိမ်ထဲက ထွက်ကျလာတယ် ထင်ပါသည်။

ငါ့ထက် ဝမ်းနည်းစရာဘဝတွေတောင် ရှိနိုင်တယ်လို့တွေး. . ။ ကျွန်မသည် သူ့စကားသံကို ပြန်ကြားယောင်လာ၏။ ကျွန်မကို နှစ်သိမ့်နေသော ခဏ၌ မေတ္တာနှင့် နူးညံ့နေသော မျက်နှာကိုလည်း ပြန်မြင်ယောင်လာပါသည်၊ ဟို ယခင်ကတော့ သူ့ မျက်နှာကို စေ့စေ့ ကြည့်ဖူးသည် မဟုတ်၊ အဆောင်သူများက ဝိုင်းဝန်း ခင်မင်နေကြသည်ကိုပင် အံ့ဩသည်အလွဲ၍ စိတ်ဝင်တစားစကားဆိုလိုခဲ့သည် မဟုတ်။ ခုတော့ ကျွန်မ ၏ စိတ်နှလုံးသည် သူ နှင့်ရင်းနှီးလာသလို ခံစားလာရပြီ။

နောက်ရက်များတွင်တော့ ထိုစိတ် နှလုံး၏ ယုံကြည်ရာက တွန်းပို့သည်ဖြစ်၍ သူနှင့် လျှင်မြန်စွာ နီးကပ်လာခဲ့ပါသည်။ ကျွန်မတို့သည် အလုပ်သွားရန် ကားမှတ်တိုင်သို့ သွားချိန်တွင် အဆောင်မှ အတူထွက်ကြသည်၊ လမ်းထဲက လက်ဖက်ရည်ဆိုင်မှာ နံနက်စာအတူ စားတတ်ကြသည်။ လက်ဖက်ရည်ဆိုင်နှင့် မလှမ်းမကမ်းက ထမင်းဆိုင်မှာ ထမင်းဘူးထဲ နေ့လယ်စာအတွက် ထမင်းနှင့်ဟင်း ဝယ်ဖြည့်ကြသည်၊ ဒါသည် ကျွန်မတို့၏ နံနက်ပိုင်း လုပ်ရိုးလုပ်စဉ်များ ဖြစ်လာပါသည်၊

ညနေပိုင်းများတွင်တော့ ပြန်ရောက်ချိန်က မတူသည်မို့ ကိုယ့်အစီအစဉ်နှင့်ကိုယ်သာ။ သူနှင့် အနီးကပ်နေမိသည်နှင့်အမျှ သူ့စိတ်ထဲသို့ ကျွန်မ မှန်းမြင်တတ်လာပါသည်။ လောကတွင် စိတ်နာကျင်ဖွယ်တို့ကို လက်ခံခဲ့ရသမျှ အဖြစ်အပျက်အားလုံးကို ရယ်စရာအသွင်ဖြင့်သာ ကျော်ဖြတ်တတ်တော့သည်ကိုလည်း နားလည်လာခဲ့သည်၊ ယခင်က ပျော်ပျော်နေတတ်လွန်းသူဟု အဆိုးမြင် မြင်မိတော့မတတ်ဖြစ်ခဲ့ဖူးသည်ကိုပင် အားနာလာခဲ့ရပါသည်။

ကျွန်မ မက်မောခဲ့ဖူးသော အခန်းလေးထဲသို့ ရောက်စနေ့မှာပင် တစ်ချိန်က သူ့အပေါ် မြင်ခဲ့သမျှကို ပွင့်ပွင့်လင်းလင်းပင် ပြောမိသည်၊ သူကတော့ ထုံးစံအတိုင်း ရယ်မောလျက်သာ။ အခန်းလေးအပေါ် ကျွန်မ လိုချင်တပ်မက်ပုံကို ကြားရတော့လည်း ရယ်မောမဆုံး။

"ကိုယ်က အဆောင်ခေါ့ကြီးမှန်းသိတော့ အခန်းမရတော့ပါဘူးဆိုပြီး စိတ်ပျက်မသွားဘူးလား"

"ဟာ ဘယ်နေမလဲ စိတ်ပျက်တာပေါ့" ဟု ဆိုလျှင် သူ့ရယ်သံမှာ အခန်းပြင်ပင် လျှံထွက်နေတော့သည်။

"အခုကော ဆိုစမ်းပါဦး။ ကိုယ့်အခန်းရချင်သေးလား"

"မလိုတော့ပါဘူးလေ။ အခု ကျွန်မ နှစ်ခန်းစလုံး စိတ်ကြိုက်နေနိုင်တာပဲဟာ။ မမအခန်းလည်း တံခါးမရှိ ဝင်နိုင်တာပဲ တော်ပြီ"

ကျွန်မသည် ထိုအခန်းလေးသို့ ညချမ်းတိုင်း ခဏတော့ဖြစ်ဖြစ် ရောက်တတ်သည်။ သူ့အခန်းလေးမှာ ခုတော့ ကျွန်မနှင့် ရင်းနှီးနေပါပြီ။ အခန်းမှာ အမြဲလိုရှင်းလင်းသပ်ရပ်နေသည်။ အိပ်ရာကအစ အဝတ်အစားလေးများ ချိတ်ထားပုံအဆုံး သပ်သပ်ရပ်ရပ်ပင်။ စာအုပ်ကလေးများကို အစီအရီထားပုံမှာလည်း ကျွန်မနှင့် ကွာလှပါပေသည်။ ပြီးတော့ ဘုရားစင်ကို အခန်းထဲ၌ တရိုတသေထားသူ၊ သစ်သီး၊ ပန်း အစဉ်ဆက်ကပ်သူ။ သူ့အခန်းထဲရောက်လျှင် ကျွန်မစိတ်မှာ အေးချမ်းနေရတတ်ပါသည်။

ကျွန်မတို့သည် အသက်အရွယ် ချင်းကွာသော်လည်း စိတ်နှလုံးတူ၊ အမြင်တူသည်မို့ စကားဆိုရာတွင် အဆင်ချောလှ၏။ စာအကြောင်းလည်း ပြောကြသည်။ သူက ရသစာပေကို စွဲလမ်းသူ။ စာအုပ်များကိုလည်း စုဆောင်းတတ်သူ။ သည့်



Asian Fame Media Group
MEDIA GROUP

အပြင် ရုပ်ရှင်များကို ထူးထူးခြားခြား နှစ်သက်သူ။

နေပြည်တော် ရုပ်ရှင်ရုံတွင် ဇာတ်ကားသစ်လဲတိုင်း ကျွန်မက အဖော်လိုက်ပေးရသည်။ စာအုပ်ဆိုင်များတွင် ဓအေးဓအေးလုလု စာအုပ်ရှာချင်လျှင် အတူပါရသည်။ အတူသွားလာတိုင်း သဘောကျရမည်လား အံ့အားသင့်ရမည်လား မဆိုနိုင်သော သူ့အမူအကျင့်များကို ကြုံရတတ်ပါသည်။ သူသည် လိုင်းကားကြပ်လည်း ကျွန်မလို ညည်းညူတတ်သူ မဟုတ်။ ပိုက်ဆံအိတ်ထဲ ငွေနည်းနေလျှင်လည်း အားငယ်နေတတ်သူ မဟုတ်၊ အဝတ်အစားသစ် မဝတ်နိုင်လျှင်၊ ဖိနပ်အသစ် မလဲနိုင်လျှင် မျက်နှာငယ်တယ်ထင်တတ်သူ မဟုတ်။ သူ့တွင် ပိုက်ဆံတော်တော်နည်းနေပြီဆိုလျှင် ကျွန်မကျွေးသည်ကိုလည်း မစားတော့ပါ။ ကိုယ်မှ ပြန်မကျွေးနိုင်သေးဘဲတဲ့။ စားလျှင်လည်း သူ့ကိုယ်တာကို အတင်းရှင်းတတ်ပါသည်။ သို့ပေမယ့် လက်ကုန်ရက် ငွေပြတ်တုန်း ရုပ်ရှင်ပြမည်ဆိုလျှင်တော့ လိုက်ကြည့်တတ်ပြန်သည်။

"ကိုယ်က မျိုသာမကျတာ။ မျက်လုံးနဲ့တော့ ရတယ်လေ" ဟုဆိုတော့ ကျွန်မမှာ ရယ်မောရပါသည်။

တစ်ခါတစ်ရံတော့ သူ့ဘဝဇာတ်ကြောင်းများကို မမေးဘဲ မနေနိုင် တစ်ခွန်းစ နှစ်ခွန်းစမေးမိတတ်ပါသည်၊ သူသည် စိတ်လိုလက်ရရှိလျှင်တော့ သည်အကြောင်းများကို သိုင်းဝိုင်းပြောပြတတ်ပြန်သည်။

"ကိုယ့်အစ်မက ရန်ကုန်မှာတင် နေတာပဲ။ ကိုယ်က သူ့ကိုချစ်တော့ ချစ်ပါတယ်လေ။ ဒါပေမဲ့ သိပ်မသွားပါဘူး သိတယ်မို့လား၊ သူကလည်း စီးပွားရေးသိပ်အဆင်မပြေ၊ သားသမီးတွေနဲ့ ပတ်ချာလည်နေတုန်း ကိုယ့်ကိုမြင်ရရင် မောမှာစိုးလို့။ ကိုယ့်ကို သူပြန်မကြည့်နိုင်ဘူးလို့ စိတ်မကောင်းမဖြစ်စေချင်တာ"

"မမကလည်း ကိုယ့်မှာ ဒီအစ်မလေးတစ်ယောက်ပဲ ရှိတဲ့ဟာ။ အဆက်အသွယ်တော့ လုပ်ပေါ့"

"လုပ်ပါတယ် ဖြူဖြူရယ်၊ ကိုယ်ဖုန်းဆက်ပါတယ်"

ဪဟု ကျေနပ်စွာရေရွတ်ဆဲ နှစ်လလောက်နေရင် တစ်ကြိမ်ပေါ့ ဟု ဆိုတော့ ကျွန်မမှာ ရယ်ပဲရယ်ရမလို ပင့်သက်ပဲရှိုက်ရမလို။

"သူက သိပ်စိတ်ပျော့တာ။ ကျန်းမာရေးကလည်း သိပ်ကောင်းတာ မဟုတ်ဘူး။ တစ်ခုခုဆို ကိုယ်က ဟန်ဆောင်နေရတယ်။ သူ့ရှေ့ဘာမှ မညည်းရဲဘူး။ ကိုယ်ကလည်း နေတတ်ပါပြီလေ။ အမေဆုံးပြီဆိုကတည်းက စိတ်ကိုထားတတ်အောင် ထားပြီးနေလာတာပဲ။ ၁၅ နှစ်နီးပါးရှိပြီ။ ကိုယ့်မှာ မိဘရယ်လို့ အားကိုးစရာမှ မရှိတော့တာ၊ အခုထိ ကိုယ်ဘယ်သူ့မှတော့ အားမကိုးခဲ့ရဘူး။ အားလည်း မကိုးချင်ဘူး။ ကိုယ့်ကြောင့် ဘယ်သူမှ ဝန်မလေးစေချင်ဘူးလေ။ လောကမှာ တစ်ယောက်တည်းလည်း ကိုယ်ပျော်အောင် နေတတ်ပါတယ်"

"အဆောင်မှာ ညီမတွေအများကြီးပဲဟာ မမကလည်း" ဟု ဆိုတော့ သူက ရယ်မောပြန်၏။

"ဟုတ်ပါတယ်ကွယ်၊ ကိုယ့်ကို ခင်ကြတာ ကိုယ်သိပါတယ်။ ဒါပေမဲ့ ခုကတည်းက ကြိုပြောထားရမယ်။ ဘယ်ကိစ္စမိုမဆို ကိုယ်မပြောလို့ မသိရလို့ စိတ်မဆိုးနဲ့၊ ငါ့ကို မခင်ဘူးလို့တော့ မတွေးလေနဲ့။ ကိုယ်က စကားအကုန်ပြောမှာ မဟုတ်ဘူး။ အပူတွေကို ကိုယ်လည်း လက်မခံဘူး။ လက်ခံခွင့်တောင် မိတ်ဆွေတွေကို ထပ်မပေးချင်ဘူး"

သူ့မျက်နှာက အပြုံးတစ်စကို ဒေးတော့ ကျွန်မ ခေါင်းညိတ်ခဲ့ရပါသည်။

သည်လိုစကားများကို နားယူကာ ကျွန်မသည် သူ့အလုပ်အဆင်ပြေလေသလား၊ လူမှုရေးအဆင်ပြေလေသလားသည်ဖြင့် မေးခွန်းထုတ်ခြင်းကင်းခဲ့ပါသည်၊ ကျွန်မသည် မိတ်ဆွေစစ်သာ ဖြစ်လိုခဲ့၏။ အခန်းဖော်ကတော့ မှတ်ချက်ပေးသည်မှာ ညီအစ်မလိုပဲတဲ့။

ပြောခဲ့ဖူးသော စကားများအတိုင်းပင် သူသည် ဘဝ၏အချိုးအကွေ့အချို့ကို နောက်ကျမှပင် ကျွန်မကို အသိပေးခဲ့ဖူးပါသည်။ ကျွန်မအတွက်တော့ ကြားရသည်မှာပင် စိတ်နာကျင်ဖွယ်။ သို့သော် သူဘယ်လိုများ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပါလိမ့်။ ဖွင့်ပြောစရာလူမရှိပါဘဲ ရင်ထဲ ဘယ်လိုသိုဝှက်ခဲ့ပါလိမ့်။ နောက်ကျမှ သိခွင့်ရရချည်ရယ်လို့ အပြစ်မဆိုသာ။ ဒါသည် သူ့အမူအကျင့်ပေပဲ။

တစ်ကြိမ်ကတော့ သူစိတ်နှလုံးတည်မိရာ၊ သို့သော် ချစ်သူဟု ဆိုသင့်သည်လား မသေချာသော လူတစ်ယောက်ကို လက်လွှတ်ရချိန်ပင်။ ကျွန်မသည် သူနှင့်ခင်မင်ရင်းနှီးသည့် ကာလတိုအတွင်း အဲသည်တစ်ယောက် အကြောင်းကို သိပ်မကြားဖူးဘူးထင်သည်။ သူပြောခဲ့ဖူးသလား ပြန်စဉ်းစားတော့ မရေရာ။ ညနေခင်းက အောင်နဲ့တွေ့နေလို့လေဟု တစ်ကြိမ်တော့ ပြောဖူးသလိုပဲ။ သို့သော် မရေရာ။

ကျွန်မသိခွင့်ရတော့ သူတို့ဝေးကွာသည်မှာ တစ်လကျော်ပြီ။

"သူက ကိုယ့်ထက် ခုနစ်နှစ်လောက် ငယ်တယ်သိလား။ ဒါပေမဲ့ ကိုယ့်ကို နားလည်တယ်။ မင်းလိုပဲ နားလည်ပေးနိုင်တယ် ဖြူဖြူရဲ့၊ သူက ကိုယ့်ကို ချစ်တယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဘူး။ သူမပြောတော့ ကိုယ်လည်း ပြောစရာမလိုခဲ့ဘူး၊ ကိုယ်တို့ တကယ့်မိတ်ဆွေစစ်တွေလိုပဲ တစ်ယောက်လိုအပ်ချိန်မှာ တစ်ယောက်ရှိခဲ့တယ်၊ ဒါပါပဲကွယ်၊ ခုတော့ သူက သူ့မြို့ကို ပြန်သွားခဲ့ပြီ။ မိဘတွေက အိမ်ထောင်ချပေးသတဲ့လေ"

ကျွန်မသည် သူ့နှုတ်ခမ်းပေါ်က အပြုံးကို ငေးနေခဲ့ပါသည်။ အပြုံးကတော့ နူးညံ့လို့ပါပဲ။ မျက်နှာကလည်း ကြည်လင်လို့ပါပဲ။ နှလုံးသားကိုတော့ မမြင်သာ။

"မတားဘူးလား မမရယ်"

"တားရအောင် ကိုယ့်မှာ. ."

အဲသည်နောက် သူ ဘာမှဆက်မပြောတော့ပါ။ ကျွန်မလည်း ဆက်မမေးတော့ပါ၊ သူပြောလိုသည့်အချိန် ဘယ်အချိန်မဆို စကားလုံးများစွာကို ကျွန်မနားထောင်ပေးနိုင်ပါသည်။ သို့သော် သူ ထုတ်ဖော်မပြောလျှင်တော့ ဘယ်သောအခါမှ မေးမြန်းခြင်းဖြင့် နာကျင်စေမည်မဟုတ်ပါ။

ကျွန်မသည် နောက်ပိုင်းရက်များ၌ သူ့ကိုနှစ်သိမ့်လိုစိတ်နှင့် အရင်ထက် ဂရုတစိုက်ရှိရသည်။ သူ့မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ရသည်၊ သို့သော် သူ့မျက်နှာတွင် အပြုံးကိုသာ တွေ့ရမြဲ။

သည်လိုနှင့် စိတ်ချလက်ချရှိလာဆဲ တစ်ရက်မှာတော့ သူ အဆောင်သို့ ပြန်ရောက်မလာသည်ကို ကြုံရပါသည်။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ တစ်ပတ်မျှကြာသည်။ ကျွန်မ သူနှင့်ရင်းနှီးသည့် ကာလတစ်လျှောက် သည်လို တစ်ကြိမ်မျှ မကြုံဖူးပါ။

အဆောင်တွင် သူ့သတင်းကို ဘယ်သူမှ မသိပါပေ။ အဆောင်ရှင်ကိုတော့ ခရီးသွားနေကြောင်း ခွင့်လှမ်းတိုင်သည်ဟု တစ်ဆင့်စကားကြားပါသည်၊ သို့သော် ကျွန်မ အဲသည်စကားကို မယုံ။ တစ်ခုခုတော့ ထူးခြားနေမည်ဟုသိသည်။ တစ်ဖက်က သိလိုစိတ်နှင့် အခြားသော တစ်ဖက်က ပူပန်စိတ်တို့ အားပြိုင်ကာ အဲသည်ရက်များက ကျွန်မမှာ နေမရထိုင်မရဖြစ်ရသည်။

တစ်ပတ်မျှကြာချိန်တွင်တော့ ညနေခင်း၌ သူသည် အဆောင်ကို ပုံမှန်လိုပင် ပြန်ရောက်လာပါသည်၊ ကျွန်မသည် သူရောက်သည်ကို သိသည်နှင့် သူ့အခန်းလေးသို့ ချက်ချင်းလို ရောက်သွားခဲ့၏။

သူ့မျက်နှာမှာ သိသိသာသာပင် ချောင်ကျနေသည်ကို တွေ့ရပါသည်။ မျက်လုံးများက ခါတိုင်းလို တောက်တောက်ပပတော့ မရှိဘူးထင်သည်။ ကျွန်မ စိတ်ထင်လို့ပဲလား။ သူ့မျက်နှာတွင် တစ်ကြိမ်မျှမတွေ့ခဲ့ဖူးသော အားငယ်ရိပ်ကို တွေ့ရသလိုပါပဲ။ သို့သော် ထိုအရိပ်သည် သူဖျတ်ခနဲ အပြုံးမှာ လွင့်ပျောက်သွားပြန်သည်။

"ဘယ်ရောက်နေတာလဲ မမရယ်။ ကျွန်မမှာ စိတ်ပူလို့" ဟုဆိုလျှင် သူသည် ကျွန်မမျက်နှာကို တစ်ကြိမ်မှ မမြင်ဖူးသူလို တစ်ခဏငေးနေ၏။

"စိတ်မကောင်းဖြစ်မှာစိုးလို့ ကိုယ်မပြောတာ။ အန်တီတောင် မပြောရသေးဘူး၊ ကိုယ့်အစ်မ ဆုံး



Asian Fame Media Group

သွားပြီ ဖြူဖြူရယ်"

အို. . .။ ကျွန်မ သူ့လက်များကို ဆုပ်ကိုင်လိုက်ပါသည်။ သူသည် ပင့်သက်တစ်ချက်ရှိုက်ကာ ကျွန်မလက်များကို ပြန်လှန်ဆုပ်ထားသည်။ အဲသည်ခဏ၌ သူငိုတော့မလားဟု ကျွန်မ ထင်နေခဲ့သည်၊ သို့သော် သူမငိုပါ။ အပြုံးများကတော့ လျော့ရဲရဲဟု ထင်ရပါသည်။

"ကလေးနှစ်ယောက်က လက်လွှတ်ရတဲ့အရွယ်မို့ တော်သေးတာပေါ့လေ။ သူတို့ အဖေဘက်က ဆွေမျိုးများတော့ သူတို့အတွက် ပူစရာတော့လည်း မရှိပါဘူး။ ကိုယ့်ကိုတော့ သူတို့က လာနေစေချင်တယ်။ အဆောင်မှာမနေဘဲ လာနေဖို့တဲ့။ ဒါပေမဲ့ ဘယ်သင့်တော်ပါ့မလဲကွယ်။ အစ်မရှိတုန်းကတောင် ကိုယ်က တစ်ယောက်တည်း နေလာတာပဲဟာ"

ခုတော့ တကယ့်ကို တစ်ယောက်တည်း. .။ အဲသည်ညနေခင်းက ကျွန်မသူ့ကိုဝေးရင်း တွေးခဲ့မိသည်။ သူ့ကို စိတ်ပိုင်းဆိုင်ရာအားပေးဖို့ လိုမည်ဟုလည်း ကျွန်မထင်ခဲ့ပါသည်။

သို့သော် သည်တစ်ကြိမ်တွင်လည်း ကျွန်မ အထင်မှားယွင်းခဲ့ပြန်သည်။ သူသည် ရက်အနည်းငယ်မျှကြာလျှင် ပေါ့ပေါ့ပါးပါး ရှိနေသည်သို့ မြင်လာရပါသည်။ သူ့မျက်လုံးများလည်း မှုန်မှိုင်းမနေ။ အပြုံးများကလည်း တောက်တောက်ပပပါ။

ညနေခင်း သူမို့ အဆောင်ပြန်ရောက်လျှင် ရယ်သံကို ပုံမှန်လိုကြားရမြဲ။ သူ့စာအုပ်စင်တွင် စာအုပ်များ တဖြည်းဖြည်းများလာကာ သူ့ကိုလည်း အားလပ်သည်နှင့် စာအုပ်တစ်အုပ် လက်ထဲကိုင်ထားသည်ကိုသာ တွေ့ရမြဲ။ သူ့အခန်းသည် သပ်ရပ်သန့်စင်ကာ ဆီမီးရေချမ်းကပ်သော ဘုရားစင်နှင့် အေးချမ်းမြဲ။ သူ့ မျက်နှာသည်လည်း ဘယ်သောအခါ ကမျှ သောကကို မကြုံဖူးသူလို ကြည်လင်မြဲ။

ကျွန်မတို့သည် အရာရာပုံမှန် လည်ပတ်ကြဆဲ တစ်ရက်တွင်တော့ အားလုံးခွဲခွာကြရဖို့ ဖန်လာပါသည်။ အန်တီက အဆောင်ကို ကန်ထရိုက်ပေးကာ တိုက်ခန်းပြောင်းဆောက်မည်တဲ့။ လှည်းတန်းသည် ထိုကာလ၌ လုံးချင်းအိမ်ငယ်လေးများစွာ တိုက်ခန်းအဖြစ် ပြောင်းကြလျှင် ကျွန်မတို့ အဆောင်သည်လည်း အပါအဝင်ဖြစ်လာပါသည်။

ပြောင်းကြရမည် ဆိုတော့လည်း တစ်ယောက် တစ်နေရာစီ။ သူက လှည်းတန်းတွင်ပင် အဆောင်ရ အောင်ရှာဦးမည်ဆို၏။ ကျွန်မကတော့ မန္တလေးက သူငယ်ချင်းများ ရန်ကုန်ကို ရောက်လာကြသည်ဖြစ်ရာ သူတို့နှင့်အတူနေကြဖို့ တာမွေသို့ ပြောင်းခဲ့ရပါသည်။

ပထမတော့ မကြာမကြာဆုံကြပါမည်ဟု ကျွန်မတို့ ကတိထားခဲ့ကြသည်။ တကယ်လည်း နှစ်ကြိမ်၊ သုံးကြိမ်မျှ ဆုံဖြစ်ကြသေးသည်။ သို့သော်လည်း နောက်ပိုင်းတွင်တော့ သိပ်မတွေ့ဖြစ်တော့ပါ။ အကြိမ်ရေကျဲပါးရာက တဖြည်းဖြည်း ဝေးခဲ့ကြပါသည်။

◆

လှေကားထစ်လေးများပေါ်ခြေချရင်းတက်ရင်းက ကျွန်မသည် သူ့မျက်နှာကိုသာ မြင်ယောင်နေမိပါသည်။ သူ့ကို ကျွန်မ ဘယ်သို့မြင်တွေ့ရမည်နည်း။

ပြီးခဲ့သည့်တစ်ရက်ကမှ သူနှင့်ပတ်သက်သော သတင်းစကားကို ကျွန်မရပေသည်။ အဲသည် နေ့က ညနေခင်းရုံးအဆင်းတွင် လှည်းတန်းသို့ ရောက်ပါသည်။ လအနည်းငယ်မျှ ဝေးကွာသည်အတွင်း ကျွန်မချစ်သောအရပ်သည် ယခင်လိုပင် စည်ကားမြဲ။ လူငယ်တို့၏ တက်ကြွသော မျက်နှာများ၊ အပြုံးများကို တွေ့ရမြဲ။

ဘယ်ကိုသွားမည်ဟု ရည်ရွယ်ချက်လည်းမရှိသည်မို့ ဟိုဝေး သည်ဝေးသာ လျှောက်လာခဲ့မိပါသည်။ တစ်နေရာတွင်တော့ ကျွန်မ၏ နာမည်ကို လှမ်းခေါ်လိုက်သံကြောင့် ခြေစုံရပ်ကာ လှည့် ကြည့်ရသည်။

မုန့်ဟင်းခါးစားနေပုံရသော မိန်းကလေးသည် ဆိုင်လေးထဲက အပြေးထွက်လာသည်ကို မြင်ရ၏။ မြင်လျှင်မြင်ချင်းပင် တစ်ဆောင်တည်း အတူနေခဲ့ဖူးသူဟု ကျွန်မ မှတ်မိလိုက်ပါသည်။

နေကောင်းလားမှ အစပြုကာ မေးခွန်းများ မေးသည်ကို ဖြေရသည်။ ကျွန်မတို့သည် လမ်းဘေးတွင်ပင် တိုးကပ်ရပ်ကာ စကားစမြည်ပြောကြသည်။ မိန်းကလေးကပင် မေးရင်း ပြောရင်းနှင့် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရဟန်ရှိလာပါသည်။

"ဟယ် မေ့လို့ကြည့်စမ်း။ မမ အကြောင်း သိတယ်မို့လားဟင် အစ်မ။ ကြားတယ်မဟုတ်လား"

"ဘာမှတော့ မကြားဘူး ညီမလေးရဲ့။ အစ်မလည်း မတွေ့တာ ဘယ်နှလရှိပြီမှန်းတောင် မသိဘူး"

"အစ်မရယ်။ မမလေ သနားပါတယ်။ သူ့အဆောင်မီးလောင်လို့တဲ့"

အို. . .။ မိန်းကလေးကို ပါးစပ်အဟောင်းသားနှင့် ကျွန်မငေးနေမိပါသည်၊ ဘာမှပင် ဆက်မမေးနိုင်။ ရုတ်ချည်းဆိုသလို ပေါ်လာသော ပူပန်စိတ်ကလည်း ရင်ထဲလှုပ်ခတ်နေသည်၊

"ရုံးချိန်ဖြစ်တာ အစ်မရဲ့။ ဘာမှတောင် ပြန်မရလိုက်ဘူးလေ၊ မမအခန်းလေးက အကုန်ပါတယ် ဆိုလား။ ညီမတို့တောင် ချက်ချင်း မသိကြဘူး။ ခရီးကပြန်ရောက်တော့မှ ကြားတာ"

ကျွန်မသည် ရုတ်တရက် ငိုချင်သလို ဝမ်းပန်းတနည်းဖြစ်စပြုလာပါသည်။ သူ့ကို ဘာကြောင့်များသည်လောက် ကာလရှည်ကြာ အဆက်အသွယ် မလုပ်မိပါသနည်း။ သူကတော့ ဆက်သွယ်မည့်သူ မဟုတ်။ အခက်အခဲကြုံချိန်မှာ ဘယ်သောအခါမျှ ဆက်သွယ်မည် မဟုတ်။

"အခု သူဘယ်မှာနေသလဲ သိလားဟင်"

"ညီမတော့ မသိဘူးအစ်မရဲ့။ သိတဲ့ တစ်ယောက်ရဲ့ ဖုန်းနံပါတ်တော့ အစ်မကိုပေးလိုက်မယ်။ ညီမဘေးအခန်းက မြောင်းမြသူသိတယ်မို့လားအစ်မ။ သူ့ကို မေးကြည့်လိုက်နော်။

ခုတော့ အဆင့်ဆင့်ရခဲ့သော လိပ်စာအတိုင်း သူ့ဆီအရောက်လာခဲ့ပေပြီ။

မလာခင်တော့ သူ့ကို ဖုန်းကြိုဆက်ရန်မကြိုးစားခဲ့ပါ။ ရုံးဖုန်းကို သိထားသော်လည်း ကြိုပြော မနေချင်။ သူရှိနေမည်ဟု မျှော်လင့်ရသော တနင်္ဂနွေနေ့ကို ရွေးကာရောက်လာခဲ့ပြီ။ သူ့ကို ဘယ်သို့ တွေ့ရမည်နည်းဟု စိတ်စောကာ ရောက်လာခဲ့ပြီ။

အခန်းလေး မီးလောင်စဉ်က ဘာပစ္စည်းမျှ ပြန်မရလိုက်သောအခါ သူသည် လုပ်ဖော်ကိုင်ဖက်များ၏ အကူအညီကိုပင် လက်မခံချင်ဘဲ လက်ခံခဲ့ရသည်တဲ့။ အဲသည်စကားကို တစ်ဆင့်ကြားရတုန်းက ကျွန်မသည် သူ့စိတ်ရင်းကို နားလည်သူမို့ ဝမ်းနည်းခြင်းဖြစ်ရပါသေးသည်။ ခုတော့လည်း နှစ်လကျော်မျှ ရှိခဲ့ပြီပေါ့။ သည်တစ်ခါ အချိုးအကွေ့ကို သူ ဘယ်သို့များ ရင်ဆိုင်ခဲ့ပါသနည်း။

အတွေးတ လည်လည်ကြား၌ ခြေလှမ်းများကို ခရီးဆက်ရင်း ခုနစ်လွှာက အဆောင်ဖွင့်ထားရာ အခန်းဆီ ရောက်လာပါသည်။ အခန်းရှေ့တွင် လူခေါ်ခေါင်းလောင်းလေးကို နှိပ်ပြီး စောင့်မျှော်ရသည်။ မိန်းကလေးငယ်တစ်ဦး ထွက်လာလျှင် ကျွန်မ သူ့နာမည်ကိုမေးရသည်။ အခန်းညွှန်ပေးသည်ဖြစ်၍ ကျွန်မ ထိုအခန်းဆီ လျှောက်လာခဲ့၏။ မမရေ ဧည့်သည်ဟု သူ့ကိုအသံပေးသည်ကို ကြားလျှင်တော့ ပြုံးမိရပါသည်။ နေရာပြောင်းခဲ့သော်လည်း သည်နာမည်က တွင်ဆဲပါတကား၊

အခန်းလေးရှေ့တွင် ရပ်ကာ တံခါးခေါက်ရန် လက်ရွယ်ဆဲ တံခါးက ရုတ်ချည်းဆိုသလို ပွင့်လာပါသည်။

ထိုခဏ၌ သူ့မျက်နှာတွင် အံ့ အားသင့်သော အပြုံးသည် လက်ခနဲပေါ်လာ၏။ သူရယ်သည်။ ပွင့်လင်းလွတ်လပ်စွာ ရယ်မောပါသည်၊ ရယ်ဟန်မှာ ဟိုယခင်က အတိုင်း။ မျက်လုံးများကလည်း လိုက်ပါပြုံးရယ်နေသည်၊ သူ့မှုပိုင် အပြုံးသည် လှိုင်းတို့၏ အရှိုက်ကိုပင် ကျော်လွှန်ခဲ့ပေပြီ။

"အတော်ပဲ ကြည့်စမ်း ကိုယ် ရုပ်ရှင်ကြည့်ချင်နေတာနဲ့။ နေပြည်တော်ရုံမှာ ကားသစ်လဲတာ တစ်ပတ်ကျော်လို့မှ မကြည့်ရသေးဘူးဆိုရင် ကိုယ့်ရာဇဝင်ရိုင်းမယ်မို့လား"။

**စံပယ်ဖြူနု**

Asian Fame Media Group

သူ့မျက်ခွံများ လေးလံလာသည်။ စောစောက စားထားသည့် မျှစ်ချဉ်နှင့် ဝက်သားက တန်ခိုးပြနေပြီထင့်။ အမြင်အာရုံများက တဖြည်းဖြည်းဝေဝါးလာပြီး ငိုက်ခနဲဖြစ်သွားချိန်တွင် "ဒေါက်တာ ဒေါက်တာ" ဟူသောအသံကြောင့် လန့်သွားသည်။ မော်နီတာကတစ်ဆင့် ကြည့်လိုက်တော့ ဟိုဘက်တစ်လမ်းကျော်က လူပျိုကြီး ကိုသာမညဖြစ်နေသည်။

သူထိုင်နေသည့် ကုလားထိုင်လက်တန်းပေါ်က ခလုတ်တစ်ခုကို နှိပ်လိုက်တော့ တံခါးကလျှောခနဲ ပွင့်သွားရာ ကိုသာမညဝင်လာသည်။ သူက မေးဆတ်ပြလိုက်တော့ ကိုသာမည သွားကလေးဖြီးပြသည်။

"ဟိုဒင်းဗျာ ခင်ဗျားဆီမှာ စက်ရုပ်အော်ဒါမှာလို့ရတယ် ကြားလို့" ဩော် . . . လက်စသတ်တော့ ဒီလူကြီး စက်ရုပ်အော်ဒါမှာချင်တာကိုး၊ အင်းပေါ့လေ သူက တစ်ကိုယ်တည်းလူပျိုကြီးဆိုတော့ လိုချင်ရှာပေမပေါ့။


"ရတယ် ခင်ဗျားက ဘယ်လိုစက်ရုပ်မျိုး လိုချင်တာလဲဗျ"

သူ့အမေးကို ဖြေဖို့အတွက် ကိုသာမညက တောင်ကြည့်မြောက်ကြည့် ကြည့်လိုက်သေးသည်။ တကယ်က ဘေးမှာ ဘယ်သူမှလည်း ရှိတာမဟုတ်။ သူ့အိမ်ကလည်း ၁၀၀ ရာခိုင်နှုန်းအသံလုံစနစ် တပ်ဆင်ထားတာ။

"ဒီလိုဗျာ မာရီလင်မွန်ရိုးအသက် ၂၀ အရွယ်က ဆိုဒ်အတိုင်းနဲ့ မျက်နှာကတော့ ခင်သန်းနုအသက် ၂၀ ကရုပ်ပေါ့ဗျာ ဟဲဟဲ"

ရတာမှ သိပ်ရသပေါ့။ သို့သော် ဒီလူပျိုကြီးကို နည်းနည်းတော့ ငွေညှစ်ရမည်။ ဈေးကိုင်ထားမှ။ သူ ဒီစီလီကွန်စက်ရုပ်များ လုပ်နေခဲ့တာ ကြာပြီ။ အော်ဒါတွေလည်း လာလိုက်သည့်ဖြစ်ခြင်း။

စီလီကွန်က အထိအတွေ့ညက်ညောသည်။ စက်ရုပ်ဖြစ်သည့်အတွက် ကိုယ်ကြိုက်သလို မှာယူနိုင်သည်။ တချို့ဆို ကိုရီးယားမင်းသမီးလေးတွေ ပုံစံမှာကြသည်။ အွန်စော့ကတော့ အမှာအများဆုံးပေါ့။ ခုဆို သူ အွန်စောရုပ်လုပ်ပေးခဲ့တာ ၃၃၉ ရုပ်ရှိသွားပြီ။ ခက်တာက သူ့စက်ရုပ်



များနှင့် အတူနေထိုင်ဖူးသူများအား လုံး လူသားများနှင့် မနေချင်ကြ တော့။ အဲဒီအတွက် သူကတော့ ပိုက်ဆံရသည်ပေါ့။

လူသားတို့၏သဘာဝကို တော် လှန်ရာကျနေမလားလို့ ခဏခဏ စဉ်းစားရသည်။ သို့သော်လည်း အချိန်တန်လို့ အမှာရောက်လာရင် သူ့လက်တွေက တွန်ပျူတာဆီ အလိုလိုရောက်သွားမြဲ။ သူကပရော် ဖက်ဆာကြီးဆိုပေမယ့် ရှေးဟောင်း ပစ္စည်းများကိုတော့ မြတ်နိုးလှသည်။

သူများတွေကို စက်ရုပ်ဇနီးတွေ၊ စက်ရုပ်ခင်ပွန်းတွေ ဖန်တီးပေးနေ ပေမယ့် သူကတော့ တကယ့်လူသား ဇနီးသည်ကို ပေါင်းနေသူ ဖြစ် သည်။

"တဲ ဒေါက်တာ ဘယ်တော့ ရမလဲ၊ ဘယ်လောက်ကျမလဲ၊ စရန် ဘယ်လောက်ပေးခဲ့ရမလဲ"

ကိုသာမညအသံက သူ့အတွေး ကို ဖြတ်တောက်လိုက်သည်။ သူ ခေါင်းထဲတွင် ပေါင်းနုတ်မြှောက်စား အမြန်လုပ်ပြီး ပြောလိုက်သည်။

"ဒေါ်လာ ၆ သောင်းကျမယ်ဗျ" သူ့ စကားကြောင့် ကိုသာမညက နည်း နည်းတော့တွန့်သွားသည်။ တွန့်ပေ မပေါ့။ ဒီစက်ရုပ်ဇနီးသည်ကို လိုချင် လွန်းလို့ နှစ်ပေါင်းများစွာ စုဆောင်း လာသည့်ငွေတွေ တစ်ထိုင်တည်း ကုန်တော့မှာကိုး။

သို့သော် တန်ပါသည်။ စက်ရုပ် ဇနီးသည်က လူသားဇနီးသည်လို စကားမများ၊ နောက်ဆုံးပေါ် အဆင် ဆန်းဝတ်ချင်လှချည်ရဲ့လည်း မပူ ဆာ၊ ထမင်းလည်းကျွေးစရာမလို



Asian Fame Media Group

ရုပ်ရှင်လည်း လိုက်ပြဖို့မလို။ ဒါပေမဲ့ ဒီစက်ရုပ်ဇနီးသည်ဆီကတော့ ကိုယ်လိုအပ်သလောက် ချမ်းသာသုခ အပြည့်အဝရနိုင်သည်။ ပြီးတော့ အိမ်မှုကိစ္စတွေလည်း နိုင်နင်းလိုက်သည့် အမျိုး။ အသက်ကလည်း ကိုယ်ကသာ ကြီးချင်သလောက် ကြီးလာမည်၊ သူတို့က ဒီအရွယ်က ဒီအရွယ်။ ဘယ်လောက်ကောင်းလိုက်သလဲဆိုတာ။

ကိုသာမညက စရန်ခေါ်လာ တစ်သောင်းထုတ်ပေးရင်း တိုးတိုးကပ်ပြောသည်။

"ကျွန်တော့်ကို မောင်တော်ဘုရားလို့ခေါ်အောင် ထည့်ပေးထားနော်၊ အသံကတော့ ကြိုးကြာလေးရဲ့ အသံပေါ့ဗျာ"

သူ့စက်ရုပ်တွေ ဘယ်လောက်တောင် လူကြိုက်များသလဲဆိုရင် တချို့များ အဲဒီစက်ရုပ်ပိုင်ဆိုင်ပြီး နောက်ပိုင်းရှိထားသည့် လူသားမိန်းမများနှင့်ကွာ၊ ရည်းစားများနှင့် ပြတ်သည်အထိ ဖြစ်ကြသည်။ တစ်အိမ်ကျော်က ကိုဆွေကတော့ အရုပ် ၂ ရုပ်မှာ ထားသည်။ တစ်ရုပ်က မို့မို့မြင့်အောင် ၁၆ နှစ်သမီးက မျက်နှာနှင့် နန္ဒာလှိုင် ၂၀ အရွယ်က ကိုယ်လုံးတဲ့။ နောက်တစ်ရုပ်ကတော့ အွန်စော မျက်နှာနှင့် မိုးဟေကိုဆိုဒ်၊ အ သ ာ း အရောင်က မေသန်းနုလို။

သူ့ဆီကို ထူးဆန်းသည့် အမျိုးသမီး ၂ ယောက်လည်း လာဖူးသည်။ သူတို့က သတ်သတ်စီ တစ်နေ့ရာစီက လာကြတာဆိုပေမယ့် မှာတော့ ကီဗင်ကော့စနာနဲ့ တစ်ပုံစံတည်းတူတဲ့ ယောက်ျားလိုချင်သည်ဟု ဆိုသည်။ သူက လုပ်ပေးရတာ အပန်းမကြီး။ အွန်စောတောင် ၃၃၉ ရုပ် လုပ်ပေးခဲ့တာပဲ။ ကီဗင်ကော့စနာ ၂ ရုပ်လောက်များ ဘာမှမခက်။ သို့သော် ခက်နေတာက ထိုအမျိုးသမီးများဖြစ်သည်။ သူ့ရှေ့တွင် သူအရင်မှာတာ၊ ကိုယ်အရင်မှာတာ ဖြစ်ကုန်သည်။ သူက ၂ ရုပ်လုပ်ပေးပါမည်ဆိုတော့ လက်မခံ၊ တစ်ရုပ်တည်းဖြစ်ရမည်တဲ့။ ရန်ထဖြစ်လိုက်တာ ကြက်ကြက်ညံသွားသည်။ နောက်ဆုံး မနည်းတောင်းပန်ပြီး မဲစနစ်နှင့် လုပ်ခိုင်းရသည်။ မဲမပေါက်တဲ့သူကိုတော့ ဘရက်ပစ်ပဲယူပါဟု ပြောလိုက်ရသည်။

တစ်အိမ်ကျော်က
ကိုဆွေကတော့
အရုပ် ၂ ရုပ်မှာထား
သည်။ တစ်ရုပ်က
မို့မို့မြင့်အောင် ၁၆ နှစ်
သမီးက မျက်နှာနှင့်
နန္ဒာလှိုင် ၂၀ အရွယ်က
ကိုယ်လုံးတဲ့။ နောက်
တစ်ရုပ်ကတော့
အွန်စောမျက်နှာနှင့်
မိုးဟေကိုဆိုဒ်၊
အသားအရောင်က
မေသန်းနုလို။

မိန်းမကတော့ သိပ်မလာ။ ကြည့်ရတာ လူယောက်ျားတွေကိုပဲ ကြိုက်နေတုန်းထင်သည်။ ခက်တာက ယောက်ျားတွေဖြစ်သည်။ သူတို့ လိုအပ်ချက်က ဆန်းကြယ်လွန်းလှ၏။ လိုအပ်ချက်က ပြည့်ပဲမပြည့်နိုင်ကြ။ ခုန ကိုသာမညပဲကြည့် မောင်တော်ဘုရားလို့ခေါ်အောင် လုပ်ပေးရမယ်တဲ့။

ကိုဆွေကျတော့ တစ်မျိုး၊ သူ့စက်ရုပ်မနှစ်ရုပ်ကို သဝန်တိုတတ်တဲ့ စိတ် ထည့်ပေးထားရမယ်တဲ့။ ကြဲကြဲဖန်ဖန်။ တော်တော်အနုစိတ်ရတာ ဆိုတော့ ဒေါ်လာ ၅ ထောင် ပိုယူလိုက်သည်။ ကိုဆွေကတော့ သူဒွေးဆိုတော့ အေးဆေးပဲထုတ်ပေးပါသည်။ သဝန်တိုစိတ် ထည့်ပေးထားတဲ့ မို့မို့မြင့်လှိုင်နဲ့ အွန်စောကိုနတို့က အသက်ဝင်လာတာနဲ့ တစ်ယောက်ကို တစ်ယောက် စောင်းနေကြတော့သည်။ ကိုဆွေက တစ်ယောက်အနားကို ကပ်ရင် နောက်တစ်ယောက်က ဖြူစုဆောင့်အောင့်သည်။ နှုတ်ခမ်းစူစိတ်ကောက်သည်။ တခြားတစ်ယောက်နားကပ်ရင် ကျန်တစ်ယောက်က ပစ္စည်းတွေကို ဆောင့်ချသည်။ မျက်စောင်းထိုးသည်။ ကိုဆွေကတော့ ကျေနပ်လို့။

သူကတော့ ဒီစက်ရုံတွေကိုထွင်ရင်း ပိုက်ဆံတွေ ထားစရာနေရာ မရှိတော့။ သို့သော်လည်း သူ့ကြောင့် ကမ္ဘာ့လူဦးရေလျော့ကျမှုကြီး ဆက်တိုက်ဆိုသလို ဖြစ်လာနေပြီ။ ကြာလျှင် လူသားများမျိုးသုဉ်းသွားပြီး ပုရွက်ဆိတ်နှင့် လင်းပိုင်များသာ ကြီးစိုးသော ကမ္ဘာကြီးဖြစ်တော့မည်ဟု တချို့ပညာရှင်များက မှန်းဆနေကြသည်။ ထို့အတွက် ရှေးရိုးအယူအဆရှိသူတို့က ယကြာချေကြသည်။

သူ့အတွေးမဆုံးခင် ဇနီးသည် သူ့အနားရောက်လာသည်။ ကော်ဖီလင်ဗန်းကလေးကို ကိုင်ရင်း သူ့နားမှာ ထိုင်လိုက်သည်။ သူ့ဇနီးက ငယ်ငယ်က တော်တော်လှသည်။ ခုတော့ အသက်အရွယ် အရ အလှတွေ ပျောက်ဆုံးကုန်ပြီ။ ငယ်ငယ်က အလှက နည်းနည်းသာ ရိုးတိုးရိပ်တိတ်လေး ကျန်တော့သည်။ သူ့ဇနီးကိုကြည့်ရင်း သူ့စိတ်ထဲ အားသီသ တစ်ခုဖြစ်ပေါ်လာသည်။ သူ့စက်ရုပ်တွေကို သူခိုင်းချင်တိုင်း ခိုင်းလို့ရ၊ ပြောချင်တိုင်း ပြောလို့ရနေတာ၊ တစ်ခါလောက်တော့ လူသားဇနီးသည်ကိုခိုင်းကြည့်ဦးမှ ဆိုသည့်စိတ်ကလေးဖြစ်၏။ ကိုသာမညပြောခဲ့သည့် စကားတစ်ခွန်းကို သတိရမိသွားသောကြောင့် ဇနီးသည်ကို ကြည့်ပြီး ပြောလိုက်သည်။

"ခင် ကိုယ့်ကို မောင်တော်ဘုရားလို့ ခေါ်ပါလားဟင်" ဇနီးသည်က ပြုံးပြုံးလေးကြည့်နေသည်၊ သူ အားတက်သွား၏။

"ခေါ်မလား၊ အဲလိုခေါ်ပါနော်၊ ကိုယ်က ခင့်ရေဆိုရင် မောင်တော်ဘုရားလို့ထူးပေါ့"

ထိုစဉ် ဘုံးခနဲ အသံကြီးတစ်သံ ကြားလိုက်ရသဖြင့် လန့်သွားသည်။ "ဟင် သေနာကျ အိပ်နေလိုက်တာ ကုလားသေ၊ ကုလားမော၊ ဒင်းကိုများ ကျုပ်က မောင်တော်ဘုရားလို့ ခေါ်ရမယ်တဲ့ဟုတ်လား။ ကဲကဲ ခေါ်မယ်၊ မောင်တော်ဘုရားရေ ဒီနေ့ မီးမလာတော်မူတဲ့နေ့မို့လို့ ထမင်းကို မီးသွေးတော်မွှေးပြီး ချက်ရမယ်။ ချိုးရေတော်တွေလည်း မရှိတော့ဘူး။ အဲတော့ ရပ်ကွက်ရေတွင်းက ရေသွားခပ်ဖို့ ဒီမှာ ရေပုံးတော်ကြီး။ သွားတော်မူတော့၊ ရှင့်ရဲ့ ရေလက်စနှစ်ကြောင်းတောင် မပြီးသေးတဲ့ စာမူတော်ကြီးကို ညကျမှ ဖယောင်းတိုင်တော်ထွန်းပြီး ဆက်ရေးပေါ့ဟုတ်ပြီလား"

ပြောပြီး တောက်ဆတ်ဆောက်ဆတ်ထွက်သွားတဲ့ သူ့မိန်းမရဲ့ ထဘီစကိုဆွဲလို့ လိုက်သွားတာက တော့ သူ့ရဲ့ မတိမ်းမယိမ်း ဘု၊ စုံ ခရသုံးကောင်။ အင်းလေ စက်ရုပ်တွေ မတီထွင်နိုင်သေးတော့လည်း လူသားမျိုးသုဉ်းမှု အန္တရာယ်မကြုံရဘူးပေါ့။

**တူးတူးသာ**





# မန္တလေးအတွေး မန္တလေးအရေး

## ပြုံးစရာလေးတွေ ကြုံရတတ်တဲ့ ရှန်းကန်နေကြရှာသော အသက်ဝိညာဉ်များ

ကိုထွန်း-လမ်း(၈၀)

တစ်နေ့တစ်နေ့ ဘာမှန်းမသိဘဲနဲ့ အချိန်တွေ အကုန်မြန်လိုက်တာများတဲ့။ ညည်းသံလေးနဲ့ ပြုံးရယ်ပြီး ပြောလိုက်တဲ့ မိတ်ဆွေကို ကြည့်ရင်း ကျွန်တော်ပါ ရောယောင်ပြုံးလိုက်မိပါတယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်တော်တို့မှာ မိသားစုကိစ္စ၊ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတွေက အများသားကလား။ တစ်နေ့ပြီးတစ်နေ့ တစ်ရက်ပြီးတစ်ရက်၊ အဲဒီနောက် တစ်လပြီးတစ်လ၊ ဒီလိုနဲ့ နှစ်တစ်နှစ်ကုန်ဆုံးသွားခဲ့၊ အသက်အရွယ်လည်း တစ်နှစ်ထပ်တိုးကြီးလာခဲ့၊ ဒါပေမဲ့ နောက်ထပ်ရောက်လာတဲ့နှစ်ကလည်း မြန်နှုန်းမြင့်တဲ့ ခေတ်ရဲ့နှစ်ဖြစ်နေတာမို့ လူက သက်သက်သာသာမရှိဘဲ ခေတ်နောက်ကို တက်သုတ်ရိုက်လိုက်နေရပါတယ်။

အဲဒီတော့လည်း ခေတ်ရဲ့အပြောင်းအလဲ၊ ခေတ်ရဲ့သဘောကို စောဖေက နှောကြေနေသမို့ လူငယ်တွေနဲ့တွေ့တဲ့အခါတိုင်း အချိန်မဖြုန်းကြဖို့၊ တန်ဖိုးရှိရှိ အသုံးချကြဖို့ ပြောဖြစ်ပါတယ်။ လူငယ်ဆိုတာ တက်ကြွတယ်၊ ဖျတ်လတ်တယ်။ မျှော်လင့်ချက်တွေ ယုံကြည်ချက်တွေ ရှိကြတယ်။ ဒါပေမဲ့ တချို့လူငယ်တွေ ခများမတော့ ဘဝရဲ့ကြမ်းတမ်းတဲ့ ရိုက်ချက်ပြင်းပြင်း ထိတွေ့လိုက်တဲ့အခါ တစ်ခါတလေ ယုံကြည်ချက်တွေ ပျောက်ဆုံးပြီး စိတ်ဓာတ်တွေ ကျဆင်းသွားတာမျိုး သတိပြုမိပါတယ်။ ဒီတော့လည်း သူတို့ကို အားပေးရတာပေါ့။ မင်းဘာဖြစ်ချင်တာလဲ၊ ဘယ်လောက်ပဲခက်ခဲတယ်လို့ပဲ ဖြစ်ဖြစ် မင်းလိုချင်တဲ့နေရာ၊ မင်းသွားချင်တဲ့နေရာမှာ မင်းအတွက် တစ်နေရာစာ အမြဲရှိနေတယ်လို့ ပြောပြီး စိတ်ဓာတ်ခွန်အားဖြည့်ပေးရတာပေါ့။ လွန်ခဲ့တဲ့ နှစ်သုံးလေးဆယ်ကျော်က ကျွန်တော့်ဦးကြီး ပြောတဲ့စကားကို ပြန်လည်သတိရလိုက်မိပါတယ်။ မင်းက ဇာတ်ပွဲသွားကြည့်တယ်ဆိုပါတော့။ ပွဲခင်းကြီးက ကြိတ်ကြိတ်တိုးစည်ကားပြီး ပရိသတ်တွေနဲ့ ဟည်းထနေတယ်၊ ဒါကို ကြောက်လန့်ပြီး လှည့်မပြန်နဲ့နဲ့။ ပွဲခင်းထဲကို တဖြည်းဖြည်းနဲ့ တိုးလို့ ရသလောက်တိုးသွား၊ ပွဲခင်းအလယ်မှာ မင်းအတွက် နေရာတစ်နေရာ ရှိစမြဲပဲတဲ့၊ မှန်ပါတယ်၊ ကိုယ်လိုချင်တဲ့နေရာက ကိုယ့်အတွက် စောင့်ကြိုနေတာပါ။ အောင်မြင်မှုအတွက် အဓိကအရေးကြီးတာက စိတ်ရှည်သည်းညည်းခံမှုနဲ့ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိထားဖို့ပါပဲ။ ယနေ့ အသက်အရွယ်ငယ်ငယ်နဲ့ ထိပ်တန်းနေရာမှာ ရှိနေကြတဲ့ လူငယ်တွေဟာ သူတို့ရဲ့အနာဂတ်ခရီးကို တစ်လှမ်းချင်း ဖြည်းဖြည်းမှန်မှန်သွားပြီး တစ်ဆင့်ချင်း တည်ဆောက်သွားခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိနေရာမှာ သူတို့ရပ်နေလို့ မရဘူး၊ ရှေ့သို့ဆက်လက်ချီတက်မှ ဖြစ်မှာပါ။

လူတွေရဲ့ ဘဝပုံရိပ်တွေကို ကြည့်လိုက်ရင် ရှန်းကန်နေတဲ့ အသက်ဝိညာဉ်တွေဟာ သူတို့ရဲ့ အားမာန်တွေ၊ မျှော်လင့်ချက်တွေ၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ထားတာကလား။ တစ်လောက လူငယ်ဓာတ်ပုံဆရာ ကိုဘဦးရဲ့ ဓာတ်ပုံပြပွဲကို ရောက်ဖြစ်သွားပါတယ်။ ဘယ်အချိန်ပဲ ကြည့်ကြည့် အမြဲတမ်း ပြုံးရယ်နေတဲ့ မောင်ဘဦး၊ လူတိုင်းကို တတ်နိုင်သမျှ ကူညီတတ်သူမို့ လူချစ်လူခင်လည်း ပေါများပါတယ်၊ ကျွန်တော်က သူ့ကိုတွေ့တိုင်း ကိုယ့်ညီတစ်ယောက်လို သဘောထားပြီး အလိုက်သင့် မောင်ဘဦးလို့ သီချင်း

Asian Fame Media Group

လေးဆိုပြီး စတက်နောက်တတ်ပါတယ်။ ထုံးစံအတိုင်း သူကတော့ ပြုံးလို့ရယ်လို့။ အမှန်က သူ့ကို ညီအရွယ်လို့ သဘောထားလိုက်တာ၊ အသက်အရွယ်က တော်တော်ကွာပါတယ်။ ၁၉၇၃ခုနှစ် ကျွန်တော် အသက် ၂၀ အရွယ် ဆယ်တန်းအောင်တဲ့နှစ်မှ သူ့ကိုမွေးတာပါ။ အရွယ်အားနဲ့ဆိုရင် ဦးလေးနဲ့တူအရွယ်ပေါ့။ ဒါပေမဲ့ မရဘူးလေ။ ကျွန်တော်ကလည်း ရတီမဂ္ဂဇင်းမှာ ပင်တိုင်ရေးနေတဲ့သူဆိုတော့ ကိုယ့်ကိုယ်ကိုယ် လူငယ်တွေဆီက နုပျိုလန်းဆန်းမှုတွေ ဖွတ်ကြီးကူးစီးအောင်လုပ်ပြီး လူငယ်တွေနဲ့တွေ့တိုင်း ကိုယ်က ညီလေးလို့ ဦးအောင်

## ပြောရရင်
## အသက်အရွယ် ငယ်ငယ်လေးနဲ့ ဘဝအတွက် ပြုံးပြုံးရယ်ရယ်နဲ့ ရုန်းကန်နေတဲ့ အသက်ဝိညာဉ်တစ်ခုပေါ့

ခေါ်ပစ်လိုက်တာ။ ဆိုလိုချင်တာက မင်းတို့ငါ့ကိုခေါ်ရင်လည်း အစ်ကိုကြီးလို့ခေါ်ကြပေါ့၊ မပိုင်ဘူးလား။

ယင်းသမိုင်းကြောင့် ကျွန်တော် ကိုထွန်းလမ်း(၈၀) ညီလေးမောင်ဘဦးရဲ့ တစ်ကိုယ်တော်ဓာတ်ပုံပြပွဲကို ရောက်သွားခဲ့ပါတယ်။ လက်ရွေးပြရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတွေကို ငေးမောခံစား၊ နှုတ်တစ်ရာ စာတစ်လုံးတဲ့။ အဲဒီလိုပါပဲ ဓာတ်ပုံဆရာရဲ့ အမှတ်မထင်ရိုက်ကူးလိုက်တဲ့ ဓာတ်ပုံတစ်ပုံဟာ ကြည့်ရှုခံစားသူရဲ့ အတွေးခံစားမှုတွေကို စာလုံးပေါင်းအခြောက်အမြားနဲ့ ဖော်ပြထားသလိုပါပဲ၊ သူ့ရဲ့ဓာတ်ပုံတွေကို အချိန်ယူပြီး ကြည့်ရှုဖြစ်ပါတယ်။ တချို့ဓာတ်ပုံတွေကတော့ ကြည့်ရှုသူရဲ့ ရင်ထဲမှာ ကြည်နူးမှုတွေ ဖြစ်ထွန်းလာပေမယ့် တချို့ဓာတ်ပုံတွေကတော့ ကြည့်ရင်းနဲ့ ရင်ထဲမှာမွန်းကျပ်သွားပါတယ်။ ခရေပန်းလေးနဲ့စပယ်ပန်းလေးတွေထည့်ထားတဲ့ ဗန်းကလေးကိုရွက်ရင်း ပြုံးရယ်နေတဲ့ ကလေးမလေးရဲ့ဓာတ်ပုံကို မြင်လိုက်ရတော့ ကြည်နူးသွားရပါတယ်။ ပန်းသည်ကလေးမလေးရဲ့ လွတ်လပ်ပေါ့ပါးတဲ့အပြုံးကို ဓာတ်ပုံဆရာက ကြည့်ရှုခံစားသူရဲ့ ရင်ထဲကိုနှလုံးသားချင်း ကူးဆက်သွားအောင် သူ့ရဲ့အနုပညာနဲ့ ဖန်တီးပေးသွားခဲ့တာပါ။ ဗန်းထဲက ပန်းကလေးတွေ ရောင်းရရင် ငွေဘယ်လောက်ရမလဲ။ ပန်းသည်ကလေးမလေးရဲ့ တစ်နေ့ဝင်ငွေက ဘယ်လောက်ရှိမလဲ။ ကျောင်းမနေဘဲ မိသားစုကို အရွယ်ငယ်ငယ်နဲ့ ရှာဖွေကျွေးမွေးနေရတာလား၊ ကျွန်တော်မသိဘူး၊ ဓာတ်ပုံဆရာကလည်း မပြောဘူး။ ဓာတ်ပုံဆရာရဲ့စိတ်ကူးက ပန်းကလေးနဲ့တူတဲ့ ပန်းသည်ကလေးမလေးရဲ့ တစ်ခဏတာ မြင်တွေ့လိုက်ရတဲ့ လွတ်လပ်ပေါ့ပါးတဲ့အပြုံးကိုပဲ အမိအရရိုက်ယူပြီး ခံစားသူရဲ့ရင်ထဲကို အရောက်ပို့ဆောင်ပေးလိုက်ခဲ့တာပါ။ ပြောရရင် အသက်အရွယ်ငယ်ငယ်လေးနဲ့ ဘဝအတွက် ပြုံးပြုံးရယ်ရယ်နဲ့ ရုန်းကန်နေတဲ့ အသက်ဝိညာဉ်တစ်ခုပေါ့။

ဒါပေမဲ့ တခြားပုံတွေကို တွေ့လိုက်တဲ့အခါ ကျွန်တော့်မှာမွန်းကျပ်ပြီး သက်ပြင်းချလိုက်မိပါတော့တယ်။ မန္တလေးမှာ ရေကြီးခဲ့စဉ်က ခါးလယ်လောက်ရှိမယ့်ရေထဲမှာ ထမင်းထုပ်လေးကိုင်ရင်းဖြတ်သန်းနေတဲ့ မိန်းမပျိုလေးရဲ့ပုံကိုတွေ့ရတော့ သံသရာဝဲဂယက်ထဲက တစ်ဘဝစာအတွက် မတွေးနိုင်အားသေးဘဲ အသက်ရှင်ရပ်တည်ဖို့ တစ်နေ့တစ်နပ်စာအတွက် ရုန်းကန်နေရတာကို သတိပြုမိရင်း စောစောကကြည်နူးမှုကလေးတွေ ရုတ်ခြည်းပျောက်ကွယ်သွားခဲ့ရပါတယ်။ အဲဒီလိုပါပဲ နောက်ထပ် ရင်မောစရာကောင်းလှတဲ့ ဓာတ်ပုံတွေဟာ တစ်ပုံပြီးတစ်ပုံ ကျွန်တော့်ရင်ထဲကို တိုးဝင်လာခဲ့ပါတယ်။ လူတွေရဲ့နှလုံးသားဟာ မူလပကတိက ဖြူစင်ပါတယ်။ နောက်မှလောဘ၊ ဒေါသတွေ အရောင်ဆိုးခံရပြီး အမျိုးမျိုးဖြစ်ပေါ်ပြောင်းလဲသွားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ မေတ္တာ၊ ကရုဏာနဲ့ သနားညှာတာကိုယ်ချင်းစာခြင်းတွေကတော့ အမြဲရှိနေပါတယ်၊ ဒီလိုမျိုးတွေ လက်တွေ့မြင်တွေ့ရတဲ့အခါ ခံစားကြရသူတွေအတွက် သက်ပြင်းအခါခါ ချမိကြပေါ့နော်၊ ကင်မရာဆီကဖျတ်ခနဲ အလင်းရောင်နဲ့အတူ ရုန်းကန်နေတဲ့ အသက်ဝိညာဉ်တွေဟာ ပြခန်းထဲကို ဝင်လာတဲ့ ကျွန်တော့်ကို သူတို့ရဲ့ အကြောင်း စာလုံးပေါင်းမြောက်မြားစွာနဲ့ဖော်ညွှန်းနေသလိုပါပဲ။ ကိုဘဦးက ဘယ်လိုရည်ရွယ်ချက်နဲ့ ရိုက်ကူးပြီး တစ်စုတစ်စည်းဖော်ပြခဲ့တာလဲ။ သူ့ရဲ့ ပြခန်းကို ကြည့်ရှုအားပေးကြသူတွေများလွန်းလို့ သူနဲ့ စကားပြောခွင့်မသာဘဲ လှည့်ပြန်လာခဲ့ရပါတယ်။ မပြန်ခင်တော့ ကိုပုညဆွေရဲ့ ရာပြည့်မန္တလေးစာအုပ်ဆိုင်ထဲမှာ စာအုပ်ဝယ်ပေါ့။ ရာပြည့်မန္တလေးဆိုင်က ၃၄လမ်းမှာရှိတဲ့ ရာပြည့်မန္တလေးစာအုပ်ဆိုင် အမှတ်(၂) ပါ။ ဒီဆိုင်မှာပဲ စာအုပ်အရောင်းပွဲတော်တွေ၊ ဓာတ်ပုံပန်းချီပြပွဲတွေ လစဉ်ကျင်းပနေပါတယ်၊ အခုဆိုင်က လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဖွင့်တာပါ။ သူကလည်း ကျွန်တော့်မိတ်ဆွေကြီး ဥက္ကာရလမင်း ဦးသန်းဆွေရဲ့သား လူရည်ချွန်တစ်ဦးပါ။ စိတ်ကူးကောင်းတဲ့ လူငယ်တစ်ယောက် ဖြစ်



Asian Frame Media Group
MEDIA GROUP

ပါတယ်။ ၇၃ လမ်းနဲ့ ၃၅ လမ်းထောင့်မှာ ရာပြည့်မန္တလေးဆိုင်အမှတ် (၁) ရှိပါတယ်။ အဲဒီဆိုင်ဖွင့်ပြီး တစ်နှစ်အကြာမှာ ပထမသမီးလေးအလက်ာကို မွေးပါတယ်။ အခုလည်း ရာပြည့်မန္တလေး အမှတ်(၂)ဆိုင်ဖွင့်ပြီး တစ်နှစ်အကြာလောက်မှာ ဒုတိယမြောက် သားလေးရပြန်ပြီတဲ့။ ကြည့်ရတာ ညီငယ်မောင်ပုညတစ်ယောက် ရတနာပုံမန္တလေးနေပြည်တော်ကြီးမှာ နေထိုင်၍ သကာလ စာအုပ်ဆိုင်အသစ်တွေဖွင့်ချင်ဖွင့်၊ စာအုပ်ဆိုင်မဖွင့်ရင်လည်း ကလေးတစ်ယောက်မွေးလေမလား မပြောတတ်၊ ဒီလိုဆိုရင် ရတနာပုံမန္တလေး မြို့ကြီးရဲ့ အတိတ်နိမိတ်နဲ့လည်း ကိုက်ညီနေတာကော။



မန္တလေးဟာ ရတနာပုံမင်းနေပြည်တော်မဟုတ်လား။ ရတနာပုံဆိုတဲ့အတိုင်း နေထိုင်ကြသူအပေါင်းရတနာတွေစုပုံနေတဲ့ သဘောလို့တွေးလို့ရသပေါ့။ အဲဒီတော့ ကိုပုညဆွေတစ်ယောက် သားသမီးရတနာ၊ စာအုပ်ရတနာတွေ စုပြုံဝင်ပြီး ရတနာပုံ မြို့သားကြီးဖြစ်သွားပြီပေါ့နောလို့ ပြောလိုက်ရင် မောင်ပုညတစ်ယောက် ဆုဖြိုးတဲ့သူ့ဝမ်းဗိုက်ကြီးကို ပွတ်သပ်ရင်း တဟဲဟဲရယ်နေမယ် ထင်ပါရဲ့။

ကျွန်တော်ဖြင့် တစ်ချိန် တစ်ခါက ရတနာပုံမင်းနေပြည်တော် ကြီးဖြစ်ခဲ့တဲ့ မန္တလေးမြို့ကြီးမှာ နေထိုင်ခွင့်ရတာ နည်းတဲ့ကုသိုလ်ကံမဟုတ်ဘူးလို့ တွေးတောရင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေပါတယ်။ သူ့ကုသိုလ်နဲ့သူကိုးလေဆိုလိုက်ရင်ဖြင့် ရန်ကုန်မှာနေထိုင်နေကြတဲ့ မန္တလေးသားတွေက မျက်စောင်းခဲကြမလားမသိ။ ရန်ကုန်နဲ့ မန္တလေးဟာ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေး အစစအရာရာ ကွာခြားပါတယ်။ အလုပ်ကိစ္စအတွက် တောင်/မြောက်ဒဂုံ၊ လှိုင်သာယာတို့လို နေထိုင်တဲ့သူတွေ မြို့ထဲကိုလာရင် ဘတ်စ်ကားစောင့်ရတာနဲ့ ဘာနဲ့ မြို့ထဲသွားဖို့ ၁ နာရီခွဲလောက် အချိန်ယူရပါတယ်။ ပြန်တော့လည်း ဒီအတိုင်းပါပဲ။ ဘတ်စ်ကားကကျပ်၊ လမ်းမှာ ယာဉ်သွားယာဉ်လာ ရှုပ်ထွေးဖြစ်နေလို့ ကိုယ့်နေရာကို ပြန်တော့မယ်ဆိုရင် ညနေ ၅ နာရီလောက်ကတည်းက ဟန်ပြင်ရပါတော့တယ်။ မန္တလေးမှာတော့ ဒီလိုမဟုတ်ဘူး။ ဆိုင်ကယ်တွေပေါ်နေတော့ မြို့ရဲ့မြောက်ဖျားမှ တောင်ဖျားသို့သွားရင်လည်း ပိုးခနဲနဲ့ ခဏလေးရောက်သွားပါတယ်။ ရန်ကုန်မှာ နေကြရသူအများစုက တိုက်ခန်းတွေနဲ့ပေါ့။ လေဝင်လေထွက် မကောင်း ပိတ်လှောင်မွန်းကျပ်၊ မန္တလေးမှာတော့ တိုက်ခန်းတွေနဲ့နေရတာ အထာမကျသေးဘူး။ ရပ်ကွက်ဝင်းတွေထဲမှာ အိမ်ကလေးတွေ ပြွတ်သိပ်ကျပ်နေပေမယ့် တစ်အိမ်နဲ့ တစ်အိမ် ဝင်းထရံတွေ ခြားထားလို့ ကြားကွက်လပ်နေရာတွေ ရှိပြီး လေဝင်လေထွက် အသင့်အတင့်ရနေပါတယ်။ ပြီးတော့ အပြင်ကိုသွားချင်လာချင်ရင်လည်း ရန်ကုန်မှာလို လေးငါးခြောက်ထပ်အမြင့်က အောက်ကိုဆင်းပြီး ဘတ်စ်ကားဂိတ်သွားစရာမလိုဘဲ အိမ်ရှေ့မှာရပ်ထားတဲ့ ဆိုင်ကယ်တို့၊ စက်ဘီးတို့စီးပြီး လိုရာခရီးကို သွားရုံပါပဲ။ ဒီတော့ မန္တလေးမှာ နေကြတဲ့သူတွေဟာ ရန်ကုန်သူ၊ ရန်ကုန်သားတွေ ကြုံတွေ့နေရတဲ့ သွားရေးလာရေး၊ နေရေးထိုင်ရေး အခက်အခဲမဖြစ်သလို ဖိအားတွေနဲ့ ကင်းဝေးနေပါတယ်။

ခေတ်က မြန်နှုန်းမြင့်တဲ့ ခေတ်ကို ရောက်နေပေမယ့် သက်သောင့်သက်သာ အခွင့်အရေးလေး နည်း

နည်းပါးပါး ရှိနေသေးတာမို့ မန္တလေးသားဖြစ်ရတာ ဟန်ကျလေစွလို့ ပြောရမလားဘဲ။ လူတွေဟာ သူတို့ရဲ့ ဘဝဖြတ်သန်းမှုတွေက သူတို့ရဲ့ နှလုံးသားကို ပုံသွင်းထု ဆစ်ပေးနေတာပါ။ ဒီတော့ ရန်ကုန်နဲ့ မန္တလေးမှာနေထိုင်ကြသူတွေရဲ့ မျက်နှာတွေကို ဖတ်လိုက်ရင် လွတ်လပ်ပေါ့ပါးနေတဲ့ အမူအရာတွေက မန္တလေးသူ၊ မန္တလေးသားတွေ (အထူးသဖြင့် အိုးမော်ဒယ်မန္တလေးသားတွေ) ရဲ့ မျက်နှာမှာ အထင်းသား ပေါ်လွင်နေပါတယ်။ တစ်ခါတလေတော့လည်း စိတ်အလိုမကျတာတွေတော့ ရှိသပေါ့။ အခုတလော လျှပ်စစ်မီးတွေ ခဏခဏပျက်နေပါတယ်။ အရင်တုန်းက (ဒီနှစ်အတွင်း) လျှပ်စစ်မီးပျက်ရင် တစ်မိနစ်၊ နှစ်မိနစ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ နာရီတွေခြားပြီး မီးပျက်လာခဲ့တာပါ။ အင်တာနက်ဆိုင်ပိုင်ရှင် တရုတ်မလေးက မနှစ်တုန်းက နွေပေါက်ခါနီး ဖေဖော်ဝါရီလလောက်မှာ လျှပ်စစ်မီးတွေ ပြတ်တောက် ပြတ်တောက်ဖြစ်ပြီး ဒီနှစ်ကျတော့ ဇန်နဝါရီလကတည်းက ပျက်နေတယ်။ ဒီပုံအတိုင်းဆိုလျှင် နောက်နှစ်မှာ ဒီဇင်ဘာလရောက်တာနဲ့ ပျက်တော့မလားမသိဘူးလို့ ရယ်ရယ်မောမော ပြောလိုက်ပါတယ်။ ကျွန်တော်က လျှပ်စစ်မီးတွေ ပုံမှန်ပြန်လာအောင် နောက်ထပ်တစ်ကြိမ် ဖယောင်းတိုင်မီးထွန်းပြီး လမ်းပေါ်ထွက်ကြတာပေါ့ဆိုပြီး သူ့ကို ပြန်နောက်လိုက်ပါတယ်။ အဲသမှာပဲ အတူပါလာတဲ့ ကျွန်တော့် မိတ်ဆွေက ဒီတစ်ခါတော့ ဖယောင်းတိုင်မီးနဲ့ မရဘူး။ ကိုလိုနီခေတ်တုန်းကလို မီးတုတ်ရှို့နဲ့လုပ်မှဖြစ်တော့မယ်ဗျို့ . . . တဟားဟားရယ်ရင်း ပြောလိုက်တဲ့သူ့စကားကြောင့် ကျွန်တော်တို့ပါ သူနဲ့အတူ ရောယောင် ပြုံးရယ်လိုက်မိတာဟာလား။ ပြောချင်တာက ကြုံလာရတဲ့ အခက်အခဲတွေကို အပြုံးအရယ်နဲ့ ချေဖျက်ပြီး ပေါ့ပေါ့ပါးပါး ဖြစ်အောင် နေခဲ့ကြရတာပါ။ အဲဒီတော့ သူ့ရင်ထဲ ကိုယ့်ရင်ထဲမှာရှိတဲ့ တင်းမာနေတာတွေ အလိုလိုနေရင်း လျော့ပါးသွားခဲ့ရပါတယ်။

ဆောင်းကုန်ခါနီးလို့ ရာသီဥတု အအေးဒဏ်က တစ်ညထက်တစ်ည ပိုအေးလာပါတယ်။ ည ၇ နာရီ၊ ၈ နာရီလောက်ရောက်ရင် အပြင်မထွက်တော့ဘဲ အိမ်တွင်းအောင်း နေမိပါပြီ။ ဒါပေမဲ့ အခုလို အလွန်အေးတဲ့ ရာသီအချိန်ကြီးမှာပဲ ကိုဆူးငှက်က ချမ်းချမ်းစီးစီးသကြန်ကျမယ် ဆိုလို့ အံ့ဩစိတ်နဲ့ မျက်ခုံးအစုံမြင့်တက်သွားရပြန်ပါတယ်။ ကိုယ်တော်ချောက ဖေဖော်ဝါရီလ (၄) ရက်နေ့ အိုရီရင်တယ်ဟောက်(စ်)မှာ မန္တလေးမြို့မအသင်းကြီးနဲ့ တွဲဖက်ပြီး ရေနန်းသဘင်၊ ရွှေမန်းတွင်၊ ငွေငန်းဆင်ခေါင်းစဉ်နဲ့ သူ့ရဲ့ တစ်ကိုယ်တော်ဟာသပြောပွဲ ကျင်းပမှာပါတဲ့၊ သူ့ရဲ့ဟာသပြောချက်နဲ့အတူ သကြန်သီချင်းအဆိုအကတွေ တင်ဆက်မယ်။ ရတနာပုံခေတ် သကြန်ပုံရိပ်တွေ၊ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ နောက်ဆုံး သကြန်မီးအထိ ခေတ်အလိုက် မန်းသကြန်ရဲ့ ယဉ်ကျေးမှုတွေကို တင်ဆက်သွားမှာပါတဲ့။ အဲဒီပိုစတာရောက်လာတော့ သူ့ကို မျက်စောင်းထိုးလိုက်မိပါရော။ ဘယ့်နှယ်ဗျာ၊ ဒီလိုအချိန်မျိုးမှ သူမို့လို့ [illegible]တော်စူးရောက်ပြီး သကြန်အလွှမ်းကို ပွဲထုတ်ချင်နေတယ်။ နွေဦးပေါက်ချိန် ဆယ်တန်းဖြေပြီးမှလုပ်ရင် မဖြစ်ဘူးလား။ အဲဒီလိုဆိုရင် သူ့ရဲ့ တစ်ကိုယ်တော်ဟာသပြောပွဲကတစ်ဆင့် အာရုံတွေ နိုးလာပြီး မကြီးမငယ်နဲ့ သကြန်ပွဲကို ဆက်နွှဲရုံပါပဲ။ ပါးစပ်က ဗျစ်တောက်ဗျစ်တောက် မြည်တမ်းရင်း သူ့ပွဲကို သွားရောက် အားပေးရပါတယ်။ မသွားလို့လည်း မဖြစ်ဘူး။ မသွားရင် အတင်းပြောခံရတော့မယ်။ သွားပြန်တော့လည်း ပိုက်ဆံထွက်ရဦးမှာ။ ဆုတော်ငွေ ချီးမြှင့်ရမယ်လေ။ တကယ်ဗျာ။ ကိုဆူးငှက်က ကျွန်တော့်ဆိုရင် သိပ်နိုင်တာ။ သူစီစဉ်တဲ့ပွဲမှန်သမျှ ကျွန်တော့်မှာ နောက်ကနေ ငိုပါလာရစမြဲပါ။ ပြီးတော့ ရှိတဲ့ပိုက်ဆံလေးတွေထွက်ပါလေရော။ အခုလည်း ဒီလိုပါပဲ။ သူ့ရဲ့ပွဲကျင်းပတဲ့ အိုရီယမ်တယ်ဟောက်(စ်)ကို သွားတာနဲ့ ပုဏ္ဏားတော်ကြီးဗေဒင်ဟောသလို ပိုက်ဆံထွက်နီးကီးပါတော့မယ်။

မော်တော်ကားမောင်းနှင်ရင်း ကိုဆူးက ဒီလောက်ချမ်းချမ်းစီးစီးမှာ ရေနန်းသဘင်၊ ရွှေမန်းတွင်၊ ငွေငန်းဆင် . . . တာက အရေးမကြီးဘူး၊ လေဖျန်းရင် ခက်မယ်လို့ အတူပါလာတဲ့ ကိုနေ(နေဝင်းမြင့်)ကို ပြောလိုက်တော့ သူက ပြုံးစိစိနဲ့ ရွှေနန်းတင်ကို မေ့ထားကြသလားလို့ ကာရန်အချိတ်အဆက်နဲ့ နောက်လိုက်ပါတယ်။ ဒီလိုနဲ့ တဟားဟားရယ်မောရင်း အိုရီယမ်တယ်ဟောက်(စ်)ကိုရောက်သွားခဲ့ပါတယ်။ မြူးကြွတဲ့ သကြန်သီချင်းတွေက ကျွန်တော်တို့ကို ဆီးကြိုနေပါတယ်။ ကိုဆူးရဲ့ ဟာသပြောချက်၊ ပြီးတော့ သကြန်သီချင်း၊ အကတွေ၊ ပွဲကြည့်ပရိသတ်တွေကလည်းအပြည့်။ ကြည့်လိုက်တော့ ကိုယ်နဲ့သက်တူရွယ်တူတွေ၊ ကိုယ့်အသိတွေက ခပ်များများ၊ သကြန်သီချင်းတွေက ကျွန်တော့်ကို အဝေးဆီသို့ ခေါ်သွားပါတယ်၊ သကြန်နဲ့ ကျွန်တော်တို့ရဲ့ငယ်ဘဝ ပျော်ရွှင်မှုများ၊ အချိန်အတော်ကြာသွားမှန်းမသိ၊ ပြန်ကြရအောင်လို့ ကိုနေက သတိပေးလိုက်တော့မှ အတိတ်အလွှမ်းထဲက နစ်မျောနေရာမှ ပြန်လည်နိုးထလာခဲ့ပါတယ်။ ပြီးတော့ ဂျာနယ်ဖောင်ပိတ်ချိန်ဖြစ်တဲ့ ကိုယ့်အလုပ်ကို သတိရလိုက်လို့ မျက်လုံးပြူးသွားမိပါတယ်။

အိုရီယမ်တယ်ဟောက်(စ်)က ထွက်လာတော့ အပျော်တွေနောက်မှာ ကျန်ခဲ့သလို ဆောင်ရွက်ရမယ့် အလုပ်အကြောင်းတွေးမိရင်း ရင်ထဲမှာ လေးလံသွားခဲ့ရပါတယ်။ လက်တွေ့ရင်ဆိုင်ရမယ့် ပစ္စုပ္ပန်ဝန်းကျင်က ကျွန်တော်တို့ကို နောက်ကြောင်းပြန်ပြီး အတွေးနဲ့ ပျော်ရွှင်မနေဖို့ သတိပေးနေသလိုပါပဲ။ အလုပ်ကိစ္စအတွက် တက်သုတ်ရိုက်အလုပ်လုပ်ဖို့ အိမ်ကို မြန်မြန်သွက်သွက်ပြန်လာခဲ့ရပါတယ်။ မျက်လုံးထဲမှာ မောင်ဘဦး ရဲ့ ဓာတ်ပုံပြပွဲက ရုန်းကန်နေတဲ့ အသက်ဝိညာဉ်ပုံရိပ်တွေ ဖြိုးခနဲ ဖျတ်ခနဲ ပေါ်လာတယ်၊ ပြီးတော့ ဘဝအလွှမ်းအမောတွေကို ခေတ္တမေ့ ပျောက်ပြီး အိုရီယမ်တယ်ဟောက်(စ်)က ကျွန်တော်တို့ရဲ့ သကြန်အလွှမ်းနဲ့ ခံစားပျော်ရွှင်မှု၊ စိတ်အာရုံတွေဟာ ရောထွေးနေပါတယ်။ ဒီကနေ့ ရေးစရာရှိတဲ့စာတွေ ပြီးအောင်ရေးပြီးရင် မနက်ဖြန် ဟာသပြောပွဲတွေ ပြန်ထွက်၊ စာပေဟာသပြောပွဲတွေကလည်း တောက်လျှောက်ပဲဗျာ၊ ခင်ဗျားလည်း အားတဲ့ရက်နဲ့ကြုံရင် ဟာသပြောပွဲတွေ လိုက်ပေးဦးဗျာလို့ ကိုနေက ပြောလိုက်ပါတယ်။ ကျွန်တော်ကလည်း အေးဗျာ လိုက်နိုင်အောင်ကြိုးစားရမှာပဲ၊ အလုပ်တွေက နေ့တိုင်းကျင်ပြေလည်တာဗျလို့ အဓောနဲ့ပြောလိုက်တော့ ကိုနေက ကျွန်တော့်ကို ပြုံးစိစိနဲ့ကြည့်ရင်း ဒီလောက်အလုပ်တွေများနေရင် ကိုယ့်မိန်းမအနားကပ်နိုင်သေးရဲ့လား . . ငါ့သူငယ်ချင်းလို့ ပြောလိုက်ပါတယ်။ ဟက်ခနဲရယ်ရင်း သူ့ကိုကြည့်လိုက်မိပါတယ်၊ ကျွန်တော့်ဆီက အသံထွက်လာအောင် အချွန်နဲ့မနေတာကို ဒီကလည်း သိသပေါ့၊ ဒါပေမဲ့ ကျွန်တော်ကလည်း သိပေမယ့် မနေနိုင်ဘူး၊ မကပ်ချင်ပါဘူး ကိုနေရာ၊ အဘွားအိုကြီး စော်နံနေပါပြီလို့ ချစ်ချစ်မရှိတုန်း အားရပါးရပြောလိုက်ပါတယ်။ အဲဒီအချိန်မှာ လက်ကိုင်ဖုန်းက ကွိခနဲ မြည်လာပါတယ်။ ကြည့်လိုက်တော့ ချစ်ချစ်ဆီက တယ်လီဖုန်းဖြစ်နေပါတယ်။ မျက်လုံးပြူးသွားတဲ့ကျွန်တော့်ကိုကြည့်ရင်း ကိုနေက တဟားဟား ရယ်ပါတော့တယ်။ ပြီးမှ မိန်းမကို စိတ်ထဲကတောင် မကောင်းတဲ့ အတွေးအကြံတွေမထားနဲ့ဟ . . . တဲ့။ သူ့စကားကို သဘောကျရင်း မနေနိုင်တော့ဘူး။ တဟဲဟဲရယ်မိတော့တာပေါ့။ အနားမှာ ဖြတ်သွားနေတဲ့ မော်တော်ဆိုင်ကယ်ပေါ်က လူတွေ ကျွန်တော်တို့ရယ်သံကြောင့် လှမ်းကြည့်လိုက်ပါတယ်။ သူတို့စိတ်ထဲမှာ ဒီဘိုးတော်ကြီးတွေ ဘာတွေကြောင့် ရယ်သံတွေနဲ့ အူမြူးနေတာပါလိမ့်လို့ တွေးကြလေမလား။ အင်း . . ဘဝဆိုတာ ဒီလိုပါပဲ။ ရုန်းကန်ရှင်သန်နေတဲ့ အသက်ဝိညာဉ်တွေဟာ တစ်ခါတစ်ခါတော့လည်း ပြုံးစရာ ရယ်စရာလေးတွေ တွေ့ရစမြဲကိုးနော့။

**ကိုထွန်း-လမ်း(၈၀)**

# ရတီစာအုပ်စင်


## မင်းခိုင် – စုရဲ့ဆု

၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံရေးဇာတ်ခုံ ပေါ်တွင် လှုပ်ရှားခဲ့သူ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သော ဆုတံဆိပ်များ ကို စာရင်းပြုစုထားသည့် စာအုပ်ဖြစ်သည်။ စာအုပ်ကို ညွှန်းဆိုထားရာ၌ 'ဆုတွေရခဲ့တဲ့ စုအကြောင်း၊ စုရခဲ့တဲ့ ဆုတွေအကြောင်း' ဟု မျက်နှာဖုံးတွင် ပါရှိသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ချီးမြှင့်ခဲ့ကြသော ဆုတံဆိပ် များအကြောင်း၊ ထိုဆုတံဆိပ်များကို ချီးမြှင့်ပေးအပ်သည့် အဖွဲ့အစည်းများ အကြောင်းများနှင့် အပ်နှင်းခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝအကြောင်း တစေ့တစောင်း ပါဝင်နေသည်။ ဟံသာဝတီဦးဝင်းတင်က အမှာစာရေးသားထားပြီး ထိုအမှာစာ၌ 'စာအုပ်ပြုစုသူဟာ ဆုတံဆိပ်တွေရဲ့ အမည်စာရင်း ကို ဇယားချပြတာမဟုတ်ဘူး၊ အပ်နှင်းတဲ့ဆုတွေရဲ့ ဂုဏ်ရည်ကိုလည်း စူးစမ်း ဖော်ထုတ်တယ်။ ဆုအပ်နှင်းတဲ့ အဖွဲ့အစည်းတွေ ရဲ့ ဂုဏ်သတင်းကိုလည်း စူးစမ်းဖော်ထုတ်တယ်။ ဆုတွေရဲ့ဂုဏ်ရည်၊ ဆုနှင်းအဖွဲ့အစည်းတွေရဲ့ ဂုဏ်သတင်းဟာ ဆုချီးမြှင့်ခံရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်သိက္ခာကို ဆတက်ထမ်းပိုး ဆယ်ပြန်ရာပြန်တိုးစေတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အောင်ဆုဆင်ပန်းအောင်ပွဲခံ ခရီးရှည်ကြီးမှာ အတူလိုက်ပါ စီးမျောကြည့်ပါ' ဟု ညွှန်းထားကြောင်း တွေ့ရသည်။ ဤစာအုပ်ကို ဂန္ထဝင်သစ် စာပေမှ စီစဉ်၍ တန်ဖိုး ၃၅၀၀ ကျပ်ဖြစ်သည်။



## ကလောင်စုံ – ကြယ်စင်ဆယ့်တစ်

ရသစာပေကို အင်တာနက်စာမျက်နှာများထက်၌ ဖန်တီးရေးသားကြသူ Blogger စာရေးဆရာ တစ်ဆယ့် တစ်ဦးစုပေါင်း၍ ပုံနှိပ်ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သောကြောင့် ကြယ်စင်ဆယ့်တစ်ဟု အမည်ပေးထားခြင်းဖြစ် သည်။ အိန်ဂျယ်လိုင်၊ ချစ်ကြည်အေး၊ အိမ်ချမ်းမြေ့၊ နှင်းပွင့်၊ ကိုဇော်၊ ကိုကိုအိမ် (မန္တလေး)၊ မြသွေးနီ၊ နန်း အသန်ယာ၊ ရွှေစင်ဦး၊ သတိုး၊ သက်တန့်ချိုတို့၏ ပေက်ရာစာ ၂၂ ပုဒ်ပါဝင်သည်။ မိဘနှင့် သားသမီးမေတ္တာကို ဖော်ကျူးသည့် 'စုန်၍စီးဆင်းနေသော မြစ်တစ်စင်း' ကဲ့သို့ ဝတ္ထု၊ ယင်း ငါးရာ့နှစ်ဆယ့်ရှစ်မေတ္တာကိုပင် ဆရာမ ချစ်ကြည်အေးက 'မကြင်စောအုန်းစတိုင်' ဖြင့် ဖွဲ့ထားပုံများကို ဖတ်ရှုရမည်ဖြစ်ပြီး 'မြတ်နိုးခဲ့ဖူးသည်'၊ 'သွေ့လွင်ပြင်' တို့ကဲ့သို့ လွမ်းစရာထောင့်ငါးရာ ရသစာများ၊ ဘဝကို တစေ့တစောင်းပြသော၊ ထင်းပြက်စွာ ပြသောဝတ္ထုများ စုံလင်စွာဖတ်ရှုခံစားကြရမည်။ စာရေးဆရာနေဝင်းမြင့်က အမှာစာတွင် 'ကောင်းကင်ပိန်းပိန်းထဲက လင်းလက်သော ကြယ်ပွင့်များ' ဟု တင်စားခဲ့သော ဤဘလော့ဂါဆယ့်တစ်ဦး၏ ဖန်တီးချက်ရသစုံကို သက်တန့်ချိုက စီစဉ်၍ ကြယ်စင်ဆယ့်တစ်မှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။




## ဓလ (စီးပွားရေးတက္ကသိုလ်) – နှလုံးသားပေါ်သွေးတဲ့တားနှင့် မဂ္ဂဇင်းဝတ္ထုတိုများ

စာရေးဆရာမ ဓလ (စီးပွားရေးတက္ကသိုလ်) ဖန်တီးခဲ့သော မဂ္ဂဇင်းစာမျက်နှာများထက်မှ ဝတ္ထုတိုများကို စုစည်းပြီးထုတ်ဝေလိုက်ခြင်းဖြစ်သည်။ မဟေသီ၊ ရွှေအမြုတေ၊ Faces၊ ဖြူးတီး၊ အလင်္ကာဝတ်ရည်၊ ပီတောက်နွယ်၊ ပေဖူးလွှာ မဂ္ဂဇင်းတို့တွင် ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်ပြီး ဆရာဦးဝင်းငြိမ်းက အမှတ်တရအမှာစာရေးသား ပေးထားသည်။ ဆရာမ ဓလ (စီးပွားရေးတက္ကသိုလ်) သည် ဘဝအလွှာစုံမှ ဆေးချက်အသွေးအရောင်စုံတို့ကို ပီပီ ပြင်ပြင်သရုပ်ဖော်ရေးဖွဲ့ထားသလို ခေတ်၏သရုပ်ကိုလည်း ထင်ဟပ်လှစ်ဟပြနိုင်သောကြောင့် ငြင်းချက်ထုတ်စရာမရှိ ခိုင်ခဲ့သော ဝတ္ထုတိုများကို ဖန်တီးနိုင်သည့် ဇာတ်ကားအပေါ် တာဝန်ကျေသော လူငယ်စာရေးဆရာမတစ်ဦး ဖြစ်ကြောင်း ဆရာဦးဝင်းငြိမ်းက ကောက်ချက်ချ ညွှန်းဆိုခဲ့သည်။ ဤစာအုပ်ကို လင်းလွန်းခင်စာပေ မှ ၂၅၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။




Asian Fame Media.com
MEDIA GROUP

# ရတီစာအုပ်စင်





**ဇော်ဇော်အောင်　　–ဇော်ဇော်အောင်၏စာကလေးများ**

မဟေသီ၊ ချယ်ရီ၊ ဟန်သစ်၊ ပိတောက်မြေ၊ စံပယ်ဖြူ၊ မုဒိတာ၊ အိုင်ကွန်၊ ရွက်နုဝေအစရှိသော မဂ္ဂဇင်းများနှင့် ဖတ်စရာဂျာနယ်၊ မိုးဂျာနယ်၊ သတင်းလွှာ၊ Ecovision တို့တွင်ရေးသားခဲ့သော ဆရာဇော်ဇော်အောင်၏ စာစုများ စုစည်းထုတ် ဝေထားခြင်းဖြစ်သည်။ စာကြီးပေကြီးများမဟုတ်ဘဲ ရောရိရောရာစာများ၊ စာငယ်ပေငယ်များ ဖြစ်သော ကြောင့် 'စာကလေးများ' ဟု အမည်ပေးထားကြောင်း ဆရာဇော်ဇော်အောင်က အမှာစာတွင် ရေးသားဖော်ပြထားသည်။ ဂျာနယ်မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သောခုနှစ်အလိုက် စာများကိုစုစည်းထားသည်။ ဤစာအုပ်ကို အက္ခရာစာပေမှ စီစဉ်ကာ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။



**သစ္စာနီ　　–ဓဝံမေသုတ်**

အလျဉ်မြန်နှုန်းမြင့်လာသော သတင်းနည်း ပညာခေတ်အတွင်း ရယ်မောစရာအချိန် ရှားပါးလာမှုသည် ကုစားရမည့်ပြဿနာတစ်ရပ်ဟု ဆိုလျှင် ဆရာသစ္စာနီ၏ 'ဓဝံမေသုတ်' စာအုပ်သည် ယင်းပြဿနာကို ကုစားနိုင်မည့် ဆေးတစ်ခွက်အဖြစ် ထွက်ပေါ်လာသည်ဟု ဆိုရပါမည်။ လူ့လောက၏ အမြီးအမောက်မတည့်မှုများကို သရော်စာဖြင့် ထောက်ပြ တည့်မတ်သည့် စာများကို နှစ်မြိုက်စွာရေးသားခဲ့ပြီး ထိုစာများကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ ဖြတ်သန်းရသော ကာလတစ်လျှောက် မြင်ရကြားရကြုံတွေ့ရသမျှသော ကိစ္စရပ်မှန်သမျှကို ရေးသားခဲ့ခြင်းကြောင့် ဖတ်ရှုရင်း ရယ်မောပျော်ရွှင်ရမည်သာမက တစ်စုံတစ်ရာသော အချက်အလက်များကိုပါ ရရှိစေမည့် စာများလည်းဖြစ်သည်။ အက္ခရာစာပေမှ စီစဉ်ပြီး တန်ဖိုး ၁၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်သည်။




**ဖြူမွန်　　–အငေးရောက်သစ်တစ်ပင်နှင့် အခြားဝတ္ထုတိုများ**

ကဗျာ၊ ပန်းချီ၊ Performance စသော အနုပညာရပ်များကြားတွင် ရှင်သန်ရင်ခုန်နေသူ ဆရာမ ဖြူမွန်၏ ဝတ္ထုတိုများကို စုစည်းလိုက်သည့် ဤစာအုပ်သည် သူ့ဘဝစာမျက်နှာ၏ အခြား တစ်ဖက်မှ ထွက်ပေါ်လာသည့် အနုပညာထုတ်ကုန်တစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရပါမည်။ ဆရာ ဇော်ဇော်အောင်၊ ဆရာသစ္စာနီနှင့် ဆရာအောင်ချိမ့်တို့ အမှာစာ ရေးသားပေးထားကြရာတွင် ဆရာမဖြူမွန်၏လက်ရာများ ပဉ္စလက်သရုပ်မှန် (Magical Realism) ဟု ကင်ပွန်းတပ်ထားကြပြီး ထူးခြားစွာဆိုခဲ့သော ဆရာအောင်ချိမ့်၏ ဆန္ဒကို ပြည့်ဝစေသည့် ဝတ္ထုတိုများလည်း ဖြစ်သည်ဟု ညွှန်းဆိုရပါမည်၊ သူမ၏ ပန်းချီကောက်ကြောင်းများ၊ ကဗျာလိုင်းစည်းချက်များ၊ ထက်သန်သော Performance အငွေ့အသက်များ ရောစပ်ပါဝင်နေမည်ဟု မျှော်လင့်ထားသူများအတွက် ရသမျိုးစုံ ပေးစွမ်းမည့် ဝတ္ထုတို ၁၈ ပုဒ် ပါဝင်သည့် အက္ခရာ စာပေမှ တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ထုတ်ဝေလိုက်ပြီ ဖြစ်သည်။




**ကာလောင်စုံ - POT**

ပန်းချီဆရာ ပေါ်ဦးသက်၏ဘဝနှင့် အနုပညာအကြောင်းကို စုစည်းထားသော စာအုပ်ဖြစ်သည်။ အတ္ထုပ္ပတ္တိမပီသော်လည်း သူ့ဘဝကောက်ကြောင်းကို စုစပ်တွဲသီလိုက်သော စာ၊ ပန်းချီများပေါင်းစည်းဖော်ပြထားသောကြောင့် ရုပ်ပုံလွှာစာပန်းချီဟု ခေါ်နိုင်မည်ထင်သည်။ ဆရာပေါ်ဦးသက်ကိုယ်တိုင်ရေးသားထားသော ဘဝအကြောင်း၊ အနုပညာအကြောင်း ဆောင်းပါးများအပါအဝင် ဆရာမကြီးလူထု ဒေါ်အမာ၊ ဆရာကြီး မင်းသုဝဏ်၊ နန္ဒာသိန်းဇံ၊ အော်ပီကျယ်၊ မောင်မိုးသူ၊ ဒါရိုက်တာဝင်းဖေ၊ ဒေါက်တာသန်းထွန်း၊ ခင်ဝမ်း၊ ချစ်စံဝင်း၊ မောင်စွမ်းရည်၊ ခင်မောင်ရင်နှင့် မောင်နွေထက်တို့ ရေးသားထားကြသော ပေါ်ဦးသက်အကြောင်း ဆောင်းပါး ၅၃ ပုဒ်ပါဝင်သည်။ ယင်းစာများနှင့်အတူ ဆရာပေါ်ဦးသက်၏လက်ရာ ပန်းချီကား ၃၆ ကားကိုပါ ထည့်သွင်းဖော်ပြထားသည်ကို ရှုမြင်ခံစားကြရမည် ဖြစ်သည်။ အက္ခရာစာပေမှ ထုတ်ဝေပြီး တန်ဖိုး ၈၀၀၀ ကျပ်ဖြစ်သည်။



ဝေဖန်ရေးသည် အကောင်းဆုံး ဝန်ဆောင်မှုဖြစ်သည်

# အာဃာ၏ 'အမြူရောင်တိမ်တိုက်များ'

မောင်အိမ်စံ

(၁)

ကိုယ်ရည်ကိုယ်သွေး မြင့်မားသော လူသားတစ်ဦး၏ အရည်အချင်းတွင် သည်းခံနိုင်မှုသည် တစ်ခုအပါအဝင်ဖြစ်သည်။ စိတ်ယဉ်ကျေးမှုရှိသူတစ်ဦး၏ အရည်အချင်းတွင် လက်စားမချေခြင်း၊ ကျေးဇူးသိတတ်ခြင်းများလည်း ပါဝင်သည်။ လက်စားချေခြင်းသည် ပြဿနာကိုပို၍ကြီးမားစေပါသည်။ ကျေးဇူးသိတတ်ခြင်းသည် စိတ်ကို ချမ်းမြေ့စေပါသည်။

ဝတ္ထုဇာတ်ညွှန်းကိုမူကြို ဒါရိုက်တာအာဃာ၏ "အမြူရောင်တိမ်တိုက်များ"သည် ဘဝအောင်မြင်မှုအတွက် ကြိုးပမ်းနေသူ မောင်လူ(မြင့်မြတ်)၏ ဘဝဖြတ်သန်းမှုကို ရိုက်ကူးပြထားသည့် ဗီဒီယိုဇာတ်ကားတစ်ကား ဖြစ် သည်။ ဘစ်နည်းဆိုရသော် သည်းခံနိုင်မှု၊ ကျေးဇူး သိတတ်မှုတို့သည် ဘဝတွင် အောင်ပွဲဆင်နိုင်သည်ဟု ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကား ဖြစ်ပါသည်။

မွေးကင်းစကတည်းက စွန့်ပစ်ခံရသည့် မောင်လူကို ကောက်ယူမွေးစားခဲ့ပြီး ၁၀ တန်းအရောက်တွင် မောင်လူသည် သုံးဘာသာဂုဏ်ထူးနှင့်အောင်မြင်ခဲ့သည်။ လူမှုဝန်ထမ်းကျောင်း၌ ဆရာလုပ်ရင်း ဝင်ကူနေစဉ်တွင် ငွေကြေးချမ်းသာသူ ထွန်းထွန်းဝင်းက ယာဉ်တိုက်မှုဖြစ်ပြီး ခေါင်းတွင် ဒဏ်ရာရသည်ကို ဆေးရုံပို့သည်မှုမှစ၍ သူ၏သွေးဖြင့် အသက်ကယ်လိုက်သည်။ ထွန်းထွန်းဝင်းက အကြောင်းစုံသိသောအခါ မောင်လူကို သူ့အိမ်သို့ခေါ်လာပြီး ပညာသင်ပေးသည်။ သူ၏ တစ်ဦးသောသမီး သင်းသီရိ(ချစ်သုဝေ)ကို စောင့်ရှောက်စေခဲ့သည်။ ချစ်သုဝေက သူ့ကို အထင်သေး၊ နှိမ့်ချသည်၊ နှိမ်သည်။ သို့ရာတွင် ထွန်းထွန်းဝင်းက မောင်လူ၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ကြိုးစားမှုတို့ကို သိမြင်လာရသဖြင့် သူ၏ သစ်လုပ်ငန်းကြီးကို လွှဲအပ်လိုက်သည်။

တစ်ဖက်တွင် သင်းသီရိနှင့် ထက်ဝေ (ပြေဇင်)တို့က ချစ်သူများဖြစ်ကြသည်။ နောက်ဆုံးနှစ် စာမေးပွဲအပြီးတွင် လက်ထပ်ထားရန် ထက်ဝေက ပူဆာသဖြင့် သီရိသဘောတူလိုက်သည်။ ထိုနေ့တွင် မောင်လူက သီရိကိုသွားကြိုသည်။ ထက်ဝေက လက်မှတ်ထိုးရန်ခေါ်သည်။ မောင်လူက ထွန်းထွန်းဝင်းအား ပြန်ပြောရန် "စကားတစ်ခွန်းပြောပါ" ဟု သီရိကိုပြောရာ ထက်ဝေက မောင်လူကိုထိုးသည်။ သူတို့အကြံအစည်ပျက်သွားသည်။ ထက်ဝေသည်မိဘများရှိရာနိုင်ငံခြားသို့ပြန်သွားပြီး မိဘသဘောတူသည့်

Asian Fame Media Group
MEDIA GROUP

မိန်းကလေးနှင့် လက်ထပ်လိုက်ပြီဟု သီရိထံ ဖုန်းဆက်ပြောသည်။ ထိုအချိန်တွင် ထွန်းထွန်းဝင်း၏ ကျန်းမာရေးအခြေအနေက ပိုဆိုးလာသည်။ ထွန်းထွန်းဝင်း၏ ဆန္ဒအရ မောင်လူနှင့် သီရိ လက်ထပ်လိုက်ကြသည်။ သို့ရာတွင် လင်မယားအရာ ဆက်ဆံမှုမရှိခဲ့ပါ။ ထက်ဝေက "သူ လက်မထပ်ဖြစ်ပါ" ဟုဆိုပြီး မြန်မာပြည်သို့ ပြန်လာပြီး သီရိကို တွေ့ခွင့်တောင်းသည်။ သီရိသည် မောင်လူ၏ဘဝဇာတ်ကြောင်းကို သိရှိသွားပြီး မောင်လူကို လင်ယောကျ်ားအဖြစ် လက်ခံလိုက်သည်။

(၂)

'အဖြူရောင်တိမ်တိုက်များ' သည် သူတကာ ဇာတ်ကားများကဲ့သို့ ဇာတ်လမ်းလှည့်ကွက်များဖြင့် ပရိယာယ်ကိုဖမ်းစားရန် ကြိုးပမ်းသော ဇာတ်ကားမျိုးမဟုတ်။ ယနေ့ဘီယာဆိုင်၊ ဘီလီယက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် ဘောလုံးပွဲအကြောင်းကို ပြောပြီး အချိန်ဖြုန်းနေကြသည့် လူငယ်များအား အရိပ်ကိုလိုပါလျှင် နေပူထဲ၌ ကြိုးပမ်းကြပါဟု တပ်လှန့်ပေးလိုက်သော ဇာတ်ကားမျိုးဖြစ်သည်။

ဆရာအောင်သင်း မကြာခဏ ပြောခဲ့သော စကားတစ်ခွန်းရှိသည်။ ယင်းမှာ "အားလပ်ချိန်များသည် လူငယ်များအား ဖျက်စီးခြင်းတွင်းဝသို့ ပို့ပေးရန် အသင့်စောင့်ဆိုင်းနေသော ကူးတို့ဆိပ်ကြီးများသဖွယ် ဖြစ်နေတတ်သည်" ဟူသော စကားဖြစ်သည်။

ဤဇာတ်ကား၏ ပဓာနဇာတ်ကောင် မောင်လူသည် လူ့အဖွဲ့အစည်း၏ ဟိုးအောက်ဆုံးမှ လူသားတစ်ဦးဖြစ်သည်။ မွေးကင်းစကတည်းက စွန့်ပစ်ခံရသူ၊ အမိ၊ အဖ မည်သူဟုမသိ။ မွေးနေ့ မွေးရက်ကိုမသိ။ အဘွားကြီးတစ်ဦး၏ လက်ထဲတွင် ဆိတ်နို့သောက်ပြီး အသက်ရှင်ကြီးပြင်းလာရသူဖြစ်သည်။ သို့ရာတွင် စာရေးဆရာသည် ထိုမိဘမဲ့ကလေးအား 'အသိုက်အဝန်း' ကောင်းလေးတစ်ခုထဲသို့ ချပြခဲ့ပါ၏။ ကိုရှုမှာ လူမှုဝန်ထမ်းကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သည်။ ထိုဝတ်ဝန်းကျင်တွင် ကြိုးပမ်းရင်း၊ လူမှုဝန်ထမ်းကျောင်းမှ ကလေးများကို ကူညီစောင်မပေးရင်း၊ မောင်လူ ၁၀ တန်းအောင်ခဲ့သည်။ အားလပ်ချိန်မထားဘဲ ကြိုးစားသော မောင်လူသည် တိုးတက်လာခဲ့သည်။

အာယုသည် မောင်လူကို တန်းတူရည်တူ မဆက်ဆံလိုသော သီရိကို သူငယ်ချင်းများနှင့် စကားပြောခန်း၊ အိမ်တွင် မလွဲမရှောင်သာ ဆက်ဆံရသည့် အခန်းများနှင့် ကားပေါ်ကအဆင်း သီရိခြေထောက် ခေါက်လဲကျသည့် အခန်းများဖြင့်ပြသည်။

ဇာတ်ကောင်တစ်ကောင်၏ အတွင်းစိတ်ကို အရုပ်များဖြင့် ဖော်ပြရသည့် အလုပ်သည် မလွယ်ကူ။ သို့ရာတွင် အာယုသည် မောင်လူ၏ သည်းခံနိုင်မှု၊ ကျေးဇူးသိတတ်မှုတို့ကို ထက်ဝေ လက်သီးနှင့် ထိုးသည့်ပြကွက်၊ ညဘက်မအိပ်မီ ဆိတ်မကြီးပုံကို ရှိခိုးသည့်ပြကွက်၊ ထွန်းထွန်းဝင်းကသီရိနှင့် လက်ထပ်ရန်ပြောသည့် ပြကွက်တို့ဖြင့် ပြသည်။

'အဖြူရောင်တိမ်တိုက်များ'တွင် ဇာတ်ကို အထောက်အကူမပြုသော Plot များမပါ။ တည်းဖြတ်ထားမှု ကောင်းသည်။ လူငယ်များ စိတ်ညစ်၍ အရက်သောက်ခန်းများ မပါ။ ပြဇာတ်ဆန်သော အဆိုအတီးပြကွက်များမပါ။ ဒါရိုက်တာ၏ မျက်ရည်ချူခန်းလည်းမပါ။ ပရိသတ်သည် ငိုလည်းမငိုရ။ ရယ်လည်းမရယ်ရ၊ ငိုရရယ်ရမှ ရသမြောက်သည် မဟုတ်။ ဤဇာတ်ကားကို ကြည့်မိသူများအဖို့ Message တစ်ခုကိုမူ ရလိုက်ပါ၏။ ထိုအရာမှာ အပတ်တကုတ်ကြိုးပမ်းခြင်း သည်းခံနိုင်ခြင်းတို့ဖြင့် အောင်မြင်မှုကို ရရှိနိုင်သည်ဟူသော အချက်ပင် ဖြစ်သည်။

> မောင်လူသည် လူ့အဖွဲ့အစည်း၏
> ဟိုးအောက်ဆုံးမှ လူသားတစ်ဦး
> ဖြစ်သည်။ မွေးကင်းစကတည်းက
> စွန့်ပစ်ခံရသူ၊ အမိ၊ အဖ မည်သူဟု
> မသိ။ မွေးနေ့ မွေးရက်ကိုမသိ။
> အဘွားကြီးတစ်ဦး၏ လက်ထဲတွင်
> ဆိတ်နို့သောက်ပြီး
> အသက်ရှင်ကြီးပြင်းလာရသူ
> ဖြစ်သည်။

နောက်တစ်ချက်ရှိပါသေးသည်။ ဤဇာတ်ကား၌ 'ဗီလိန်' မပါ။ မြန်မာဗီဒီယိုဇာတ်ကားများသည် သမားရိုးကျ တည်ဆောက်ကြသည်ကများသည်။ 'ဗီလိန်'မပါသည့် ဇာတ်လမ်းဟူ၍ မရှိသလောက်ဖြစ်သည်။ ရုပ်ရှင်သဘောအရ ဗီလိန်ပါပါမှ ဇာတ်လိုက်ကို သနားလာမည်ဖြစ်သည်။ ဝတ္ထုသဘောတွင်လည်း ဗီလိန်သည် 'အဖောက်ချည်'ဖြစ်သည်။ ထို့ကြောင့်လည်း သူလှုပ်လေလေ၊ ဇာတ်လမ်းက လှုပ်လာလေလေ ဖြစ်သည်။ ဇာတ်လမ်းကို အသားပေးရိုက်ကူးကြသည့်အတွက် အဖောက်ချည်ကို သုံးရခြင်း ဖြစ်သည်။

အာယုကမူ ထိုသို့မဟုတ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာများဖြင့် ဇာတ်ကောင်များ၏ စရိုက်ကိုပြသည်။ 'မောင်လူ'ကိုပြရာ၌ ပီပြင်သည်။ ဆိတ်မကြီးသေသော Plot ရန်ဖြစ်ခန်း၊ ညဘက်ရှိခိုးခန်းနှင့် ဘုရားပေါ်၌ ပန်းဆီမီး ကပ်လှူခန်းတို့သည် မောင်လူ၏ စရိုက်ဖြစ်သည်။

(၃)

အစွန့်ပစ်ခံ လူသားတစ်ဦးအဖြစ် ဘဝဖြတ်သန်းခဲ့ရသူ မောင်လူအဖြစ် သရုပ်ဆောင်ရသော မြင့်မြတ်သည် ဤဇာတ်ကား၌ အလွန်ပီပြင်သည်။ သူ၏ နဂိုဟန်မှ ပုဆိုးမခန်းမျိုးများပင် မပါခဲ့ပါ။ ဒါရိုက်တာ၏ ညွှန်ပြမှုအောက်တွင် ပိပိရိရိ သေသေသပ်သပ် သရုပ်ဆောင်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ပြေဇင် လက်သီးနှင့် ထိုးသည့်အခန်း၊ မင်္ဂလာဦးညနှင့် ဇာတ်သိမ်းပိုင်းတို့တွင် သရုပ်ဆောင်မှုအလွန် ကောင်းသည်။ တစ်ဦးတည်းသော သူဌေးသမီး၊ အဆင့်ခွဲခြား ဆက်ဆံတတ်သူ ချစ်သူ၏ သစ္စာဖောက်မှုကို ခံရသူ၊ ဆန္ဒမပါဘဲ လက်ထပ်ရသူ သင်းသီရိအဖြစ် သရုပ်ဆောင်ရသော ချစ်သုဝေကမူ တချို့အခန်းများတွင် အမှုအရာ ထပ်နေသည်။ တချို့အခန်းတွင် 'ပို'နေသည်။ ဇာတ်သိမ်းပိုင်း အခန်းကမူ အလွန်ပီပြင်သည်။ ကျောင်းအုပ်ဆရာကြီးအဖြစ် သရုပ်ဆောင်ရသော ကိုရှုပကမူ ဝါရင့်သရုပ်ဆောင်တစ်ဦးပီပီ၊ တည်တည်ငြိမ်ငြိမ် ကျောင်းဆရာအဖြစ် သရုပ်ဆောင်နိုင်ခဲ့သည်။ ခါတိုင်းဇာတ်ကားများတွင် 'ပို'နေတတ်သော ထွန်းထွန်းဝင်းသည် ဤဇာတ်ကား၌ မပို။ သရုပ်ဆောင်ကောင်းသည်။

ဆင်းရဲခြင်း၊ နိမ့်ကျခြင်းတို့ဟူသည် လူ့အဖွဲ့အစည်းတစ်ခု၏ သတ်မှတ်စံများသာ ဖြစ်ပါသည်။ မိဘမဲ့၊ တစ်ကောင်ကြွက်၊ ဂုဏ်မရှိ၊ ဖြပ်မရှိဟူသည်မှာလည်း သတ်မှတ်ချက်များသာ ဖြစ်ပါသည်။

ဝတ္ထုရေးဆရာက မည်သို့ပင် ရေးသားခဲ့သည် ဖြစ်စေကာမူ ရုပ်ရှင်သည် အရုပ်များဖြင့် စကားပြောရသော အလုပ်ဖြစ်သဖြင့် လွယ်လွယ်ကူကူနှင့် ပရိသတ်ရင်ထဲရောက်သွားစေရန် ဒါရိုက်တာသည် ဘဝထဲမှ ပြကွက်များဖြင့် ပြသရန်လိုသည်။ အာယုသည် သူ့ဇာတ်ကားတစ်လျှောက်လုံးတွင် ဘဝထဲမှ ပြကွက်များဖြင့် ပြသသွားသည်။

ကျွန်တော် တိုက်မိသည်မှာ ကြည့်ရသူ လူငယ်တစ်ဦး အနေဖြင့် စိတ်အင်အားရရှိစေသောကြောင့် ဖြစ်ပါသည်။

**မောင်အိမ်မံ**

**ယခုလအညွှန်း**


၁။ မေတ္တာကွန်ရက်
(သရုပ်ဆောင်သစ် ရည်ဖြိုးကိုတင်သည်)
၂။ လက်ထပ်ခြင်း
၃။ နေ့ဦးရဲ့ယည်သကို


Asian Fame Media Group




ချစ်သော...ရတီဝရီသတ်ကြီးငွေမတ်လရဲ့
Audience of Celebrities' Choice ကဏ္ဍရဲ့
တမျက်နှာအောက်ကိုရောက်ရှိလာခဲ့တဲ့ သူတွေကတော့
Celebrity မြတ်သူကျော်နဲ့ ပန္နလေးမြို့မှာ
နေထိုင်သူ နန်းမြတ်ချယ်ရီတို့ပဲဖြစ်ပါတယ်။
Celebrity နဲ့ Audience တို့ရဲ့လိုက်ဖက်တဲ့
Fashion နဲ့ ချစ်စရာပုံရိပ်တွေကို ပြည်သူ့ဥယျာဉ်
(Natural World) မှာ ဓာတ်ပုံကိုနိုင် (ပေါ်ပြူလာ) က
အပီအပြင်ရိုက်ကူးပေးခဲ့ပါတယ်ရှင်။

ARRANGED BY THIDA SOE

# AUDIENCE OF CELEBRITIES' CHOICE

Model> Myat Thu Kyaw, Nang Myat Cherry Make-up> Hello(Ma Khaing, Ma Cho) Dress For Boy> IDOL Dress For Girl> Yummy Yo Location> Natural World Photo> Ko Naing(Popular)


Model
Myat Thu Kyaw
Nang Myat Cherry
Make-up
Hello (Ma Khaing, Ma Cho)
Dress For Boy
iDOL
Dress For Girl
Yummy Yo
Location
Natural World
Photo
Ko Naing (Popular)
AUDIENCE OF CELEBRITIES' CHOICE



Asia Time Media Group
MEDIA GROUP




## ပရိသတ်အမေး အနုပညာရှင်အဖြေ

**အစ်ကို့အနေနဲ့ အနုပညာလောကကို ဘယ်လိုမျိုး စတင်ဝင်ရောက်ခဲ့တာလဲ။ ပြီးတော့ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဘယ်လို ရင်ဆိုင်ပါသလဲ။**


အနုပညာလောကကို စတင် ဝင်ရောက်လာခဲ့တာကတော့ Model တစ်ယောက်အနေနဲ့ပေါ့။ မတင်မိုးလွင်ဆီမှာ သက်တန်းတက်ခဲ့တာပါ။ အဲဒီကနေမှတစ်ဆင့် သူငယ်ချင်းတွေရဲ့ ပြောစကားတွေကို ကြားရပြီး MRTV-4 ရဲ့ "The Sign of Love" ဇာတ်လမ်းတွဲအတွက် ဝင်ပြိုင်ဖြစ်ခဲ့ပါတယ်။ အစ်ကို့ရဲ့ အနုပညာသက်တမ်းက တစ်နှစ်ကျော်ကျော်လေးပဲ ရှိသေးတာပါ။ အခက်အခဲကတော့ သူ့နေရာနဲ့သူ ရှိနေတာပါပဲ။ အဆက်အသွယ်မရှိတဲ့ အသစ် တစ်ယောက်အနေနဲ့ ကြိုးစားရတာပေါ့နော်။ ပတ်ဝန်းကျင်က လူတွေနဲ့လိုက်လျောညီထွေ ဖြစ်အောင် နေရတာပေါ့။ အနုပညာကို တကယ်သာ ဝါသနာပါရင် ကြုံလာတဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းဖို့ အဆင်သင့် ရှိနေမှာပါ။ အဓိကကတော့ တကယ်ဝါသနာပါ ဖို့ပါပဲ။

**အခုလို အစ်ကို သရုပ်ဆောင်ထားတဲ့ "The Sign of Love" ဇာတ်လမ်းတွဲကို ပရိသတ်တွေ ကြိုက်နှစ်သက်ကြတဲ့အပေါ် အစ်ကို့ရဲ့ ပီတိတ. .**

ပြောမပြတတ်အောင် ဝမ်းသာမိပါတယ် ညီမ။ အနုပညာသက်တမ်း တစ်နှစ်ကျော်ကျော်လေးနဲ့ ပရိသတ်သတိထားမိတဲ့အတွက် အရမ်းဝမ်းသာခဲ့ရပါတယ်။ မထင်ထားလောက်တဲ့ အဖြစ်မျိုးကို ရခဲ့တာပါ။ ပရိသတ်ကြီးကိုလည်း



Asian Fame Media Group
MEDIA GROUP



အရမ်းကျေးဇူးတင်မိပါတယ်၊ ပရိသတ်က အားပေးလို့သာ 'မြတ်သူကျော်' ဆိုပြီး ဖြစ်လာခဲ့တာပါ။ ပရိသတ်နဲ့အတူ MRTV-4 ကိုလည်း ကျေးဇူးတင်ပါတယ်။

**အနုပညာလောကထဲကို ဝင်ချင်တဲ့ ညီမတို့လို လူငယ်တွေကို အစ်ကို့အနေနဲ့ အကြံဉာဏ်ပေးပေး ပါဦး။**

ဘယ်လိုပဲ ဖြစ်ဖြစ် ကိုယ်ဝါသနာပါတယ်ဆိုရင် မဖြစ်ဖြစ်အောင် လုပ်စေချင်ပါတယ်။ ဘာပဲဖြစ်လာဖြစ်လာ ရင်ဆိုင်ပြီး တတ်နိုင်သလောက် ကြိုးစားစေချင်ပါတယ်။ ဒါပေမဲ့ အနုပညာကလည်း ကံ၊ ဉာဏ်၊ စန်း၊ ဝီရိယတွေရှိမှ အဆင်ပြေတာများတယ်လေ။ အစ်ကိုလည်း အနုပညာလောကမှာ အဆက်အသွယ်မရှိတော့ ဒီလိုပဲ ကြိုးစားရတာပေါ့နော်။

နယ်က လူငယ်တွေကျတော့ အနုပညာအလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ချင်ပေမယ့် မိဘတွေက စိတ်မချတာတွေရှိတာကို တွေ့ရတယ်လေ။ မိဘတွေကတော့ သားသမီးတွေ အပေါ် စိတ်ပူတာပေါ့။ ဘာပဲဖြစ်ဖြစ် တကယ်ဝါသနာပါရင်တော့ အောင်မြင်တဲ့ ကြယ်တစ်ပွင့်ဖြစ်လာအောင် ကြိုးစားစေချင်ပါတယ်။ ရှေ့မှာ ပြောခဲ့သလိုပါပဲ အခက်အခဲကတော့ နေရာတိုင်းမှာ ရှိမှာပါပဲ။ ကိုယ့်ဘက်က ကြိုးစားမှုသာ မလျော့ဖို့ အရေးကြီးပါတယ်။ ကိုယ်ကလည်း ကြိုးစားနေမယ်၊ စန်းတွေ၊ ကံတွေကလည်း တက်လာတယ်ဆိုရင် ကိုယ့်အတွက် အဆင်ပြေစေတာပေါ့။ အနုပညာရှင်အနေနဲ့ သရုပ်ဆောင်နေတဲ့အချိန်မှာ လူတွေ ကြည့်နေရင်လည်း အိုက်တင် လုပ်နိုင်ရပါမယ်။ ရှက်တာကို ဘေးဖယ်ပြီး အိုက်တင်မပျက်အောင် လုပ်ရမှာပါ။ လူတွေကို ကြောက်နေရှက်နေလို့ မဖြစ်ဘူးလေ။ အစ်ကိုတို့ စရိုက်တုန်းကလည်း ရှက်တာပေါ့။ အဲ့ဒါကြောင့် အစ်ကိုတို့ကြုံတွေ့သလို ဖြစ်နေမှာစိုးတဲ့အတွက် အစ်ကိုက အကြံဉာဏ်ပေးတာပါ။

**အစ်ကို ပါဝင်သရုပ်ဆောင်ထားတဲ့ " The Sign of Love" ဇာတ်လမ်းတွဲထဲက ဇာတ်ရုပ်ကို ပီပြင် ဖို့ ဘယ်လိုကြိုးစားအားထုတ်ခဲ့ရပါသလဲ။**

ဇာတ်ကားတစ်ကား ရိုက်တော့မယ်ဆိုရင် ဇာတ်ညွှန်းကို အရင်ဆုံးပေးထားကြတယ်လေ။ အဲဒီတော့ အစ်ကိုအနေနဲ့ ဇာတ်ညွှန်းကို သေချာလေးဖတ်တယ်။ ထွေထွေထူးထူးကြီး လေ့လာဖြစ်တာတော့ မရှိပါဘူး။ ဆရာတို့ဘက်ကလည်း ဆရာဝန်တစ်ယောက်ကို ခေါ်ပေးထားပါတယ်။ ဆရာဝန်နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို ကိုင်ပြီး သရုပ်ဆောင်ရမယ်ဆိုရင် ဆရာဝန်က ဘေးကနေ ဘယ်လို ကိုင်ရမယ်၊ ဘယ်လိုမျိုး သုံးရမယ်ဆိုတာကို ပြောပါတယ်။ အစ်ကို့ရဲ့ သူငယ်ချင်းထဲမှာ ဆရာဝန်တွေလည်းရှိတော့ ကိုယ် သရုပ်ဆောင်ရမယ့် ဆရာဝန်ဇာတ်ဝင်ခန်းနဲ့ ပတ်သက်တဲ့အကြောင်းတွေကို မေးပါတယ်။ အဲဒီလိုမျိုး လေ့လာတာတွေ ရှိတာပေါ့နော်။ အစ်ကို့အနေနဲ့ သိသင့်သိထိုက်တာလေးတွေကိုတော့ သိအောင် လုပ်ရတာပေါ့။ ဒါပေမဲ့ အစ်ကို့ ဇာတ်ရုပ်က အငြိမ်ဆိုတော့ သရုပ်ဆောင်ရတာ ပိုအဆင်ပြေသွားတယ်။

**အစ်ကိုက ဘယ်လို Fashion မျိုးကို ဝတ်ရတာ သဘောကျလဲ။ အစ်ကို့ရဲ့ လက်ရှိ လုပ်ဖြစ်နေတဲ့ အနုပညာအလုပ်တွေက. .**

အခုလောလောဆယ်မှာတော့ "The Sign of Love(3)" ကို ရိုက်နေပါတယ်။ ကျန်တာကတော့ ကြော်ငြာနဲ့ မဂ္ဂဇင်းဓာတ်ပုံတွေရိုက်ဖြစ်နေတယ်။ အပြင်တိုက်တွေနဲ့ ဗီဒီယို ဇာတ်ကားတွေရိုက် ဖို့ကတော့ လူကြီးတွေနဲ့ တိုင်ပင်ပြီးမှ လုပ်ရမှာ လေ။ Fashion အနေနဲ့ ပြောရမယ်ဆိုရင် အစ်ကိုက အပြင်မှာဆိုရင်တော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလေးတွေ ဝတ်ရတာ သဘောကျတယ်။ သရုပ်ဆောင်တဲ့အချိန်မှာတော့ ဇာတ်ရုပ်နဲ့လိုက်အောင် ဝတ်တာပေါ့နော်။ အစ်ကိုက ရှပ်အင်္ကျီကိုကြိုက်တော့ ရှပ်အင်္ကျီလေးတွေဝတ်ဖြစ်တာ များတယ်။ အခုနောက်ပိုင်းမှာတော့ ဒီဇိုင်နာနဲ့ ချုပ်ဝတ်တာတွေလည်း ရှိပါတယ်။

Asian Fame Media Group

## Celebrity ဖြစ်တဲ့သူကျော်ရဲ့စကားသံ

ဒီကဏ္ဍလေးကို ရိုက်ရတာ အဆင်ပြေပါတယ်။ ကောင်းလည်း ကောင်းပါတယ်။ ပရိသတ်နဲ့အခုလိုပြင်ဆင်ပြီးရိုက်ရတော့ တစ်မျိုးလေး ထူးခြားနေတာပေါ့။ ဒီညီမလေးနဲ့ အလှ ဓာတ်ပုံတွေရိုက်ရတယ်။ အင်တာဗျူးတွေ အပြန် အလှန်မေးပြီး ပြောရတာ အဆင်ပြေပါတယ်။ Outdoor ရိုက်ရတာ နေပူပေမယ့်လည်း ပုံလေးတွေက အဆင်ပြေတဲ့အတွက် ကျေနပ်မိပါတယ်။ မရိုက်ဖြစ်တဲ့ ပရိသတ်တွေအတွက်လည်း စိတ်မကောင်းပါ ဘူးလို့ ပြောချင်ပါတယ်။ တကယ်တော့ ပရိသတ်တွေ အကုန်လုံးနဲ့ ရိုက်ချင်တာပါ။ ဒီကဏ္ဍလေး ကို စိတ်ဝင်စားတဲ့ ပရိသတ်များလည်း Form တွေတင်ပြီး ကိုယ်နှစ်သက်တဲ့ အနုပညာရှင်နဲ့ ဆုံနိုင်ကြပါစေလို့ ဆုတောင်း ပေးလိုက်တယ်။ ရတီမဂ္ဂဇင်းလည်း ၉ နှစ်ပြည့်မှ နောင်နှစ်ပေါင်းများစွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

---

## အနုပညာရှင်အမေး ပရိသတ်အဖြေ


**ညီမလေးရဲ့နာမည်နဲ့ ဒီ Form ကို ဘယ်လိုမျိုးတင်ဖြစ်ခဲ့တယ်ဆိုတာကို ပြောပြပါဦး။**

ညီမရဲ့နာမည်က နန်းမြတ်ချယ်ရီပါ။ အသက်ကတော့ ၁၉ နှစ်ရှိပါပြီ။ A.G.T.I တက်နေပါတယ်။ ဒီကဏ္ဍလေးကို မဝတ်မှုန်ရွှေရည်မှာကတည်းက သတိထားမိခဲ့တာပါ။ အဲဒီ အချိန်တုန်းက ညီမက ၁၀ တန်းကျောင်းသူ ဆိုတော့ ပညာရေးကို ဦးစားပေးဖြစ်တာပေါ့နော်။ ကိုယ် ကြိုက်တဲ့အနုပညာရှင် အလှည့်ကို စောင့်နေရင်းနဲ့ အခု အစ်ကို့အလှည့်ကျမှ Form တင်ဖြစ်ခဲ့တာပါ။

**ညီမက အနုပညာကို ဝါသနာပါတယ်ဆိုတော့ အနုပညာနဲ့ပတ်သက်ပြီး လှုပ်ရှားမှုတွေက**

ညီမက မတင်မိုးလွင်ဆီက သင်တန်းဆင်းထားတာပါ။ သင်တန်းကတော့ မန္တလေးမှာပဲတက်ခဲ့တာပါ။ အခုလက်ရှိမှာတော့ မန္တလေးမှာ ရှိုးတွေတော်တော်များများ လျှောက်ဖြစ်နေပါတယ်။ အခုအချိန်မှာတော့ အနုပညာနဲ့ပတ်သက်ပြီး အားလုံးကို လေ့လာနေပါတယ်။ ရန်ကုန်မှာနေပြီး အနုပညာအလုပ်တွေလုပ်ဖို့ကတော့ အစ်ကိုရေ့မှာပြောသလိုပါပဲ၊ မိဘတွေက စိတ်မချဘူးလေ။ စိတ်ပူတာပေါ့နော်။ အဲဒီတော့ မန္တလေးမှာပဲ ရှိုးလေးတွေ လျှောက်ဖြစ်တာပေါ့။ ဖြစ်နိုင်ရင်တော့ အနုပညာအလုပ်ကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ချင်ပါတယ်။

**အနုပညာကိုဝါသနာပါတော့ အနုပညာ**



Asian Fame Media Group

**အပေါ် အမြင်လေးကို ပြောပြပေးပါဦး။**

ဟုတ်. . . . ။ ညီမ အခုလျှောက်လှမ်းနေပြီ သလောက် ပြောရမယ်ဆိုရင်တော့ အနုပညာဟာ မလွယ်ကူပါဘူး။ ဘယ်အရာမဆို ခက်ခဲမှုတွေ ရှိပေမယ့် အပြင်ကအတိုင်း သဘာဝကျကျသရုပ် ဆောင်နိုင်ဖို့ဆိုတာ မလွယ်ပါဘူးလို့ မြင်ပါတယ်။ ညီမတို့လို အသစ်တွေအတွက်က ပိုတောင်ခက်ခဲ ပါတယ်။ အနုပညာအလုပ်ကို တကယ်လုပ်ကြည့်မှ ခက်ခဲမှုန်းပိုပြီးသိလာတယ်။ ဒါကတော့ ညီမရဲ့ အမြင်လေးကို ပြောပြတာပါ (ရယ်လျက်)။

**ညီမအနေနဲ့ အနုပညာနဲ့ပတ်သက်ပြီး ဘယ်လောက်အထိလုပ်သွားဖို့ စဉ်းစားထားလဲ။**


ညီမက အောင်မြင်တဲ့အနုပညာရှင်တစ်ယောက်ဖြစ်ချင်ပါတယ်။ မလွယ်ကူဘူးဆိုတာ သိပေမယ့် အသစ်တစ်ယောက်အနေနဲ့ ကြိုးစားချင်ပါတယ်။ အစ်ကိုပြောသလို ကံနဲ့ စန်းကလည်း လိုသေးတယ်လေ။ ဒါတွေကတော့ ကိုယ့်ရဲ့ကုသိုလ်ကံတရားပေါ့နော်။ အောင်မြင်နေတဲ့ အနုပညာရှင်တွေကိုလည်း လေးစားအားကျပြီး အတုယူမိပါတယ်။

**အနုပညာနဲ့ Fashion က ခွဲလို့မရတော့ ညီမက Fashion နဲ့ပတ်သက်ရင် ဘယ်လိုမျိုးဝတ်ရတာကြိုက်လဲ။ Fashion နဲ့ပတ်သက်ပြီး လေ့လာတာတွေရှိလား။**

Fashion နဲ့ပတ်သက်ရင် ပေါ့ပေါ့ပါးပါးနဲ့ ချစ်ဖို့ကောင်းတဲ့ ပုံစံလေးတွေကို ကြိုက်ပါတယ်။ ဒီနေ့ အစ်ကိုနဲ့ ရိုက်တုန်းက ဝတ်ထားတဲ့ ပန်းမိတ်ကပ်အရောင်အကျီလေးကို သဘောကျပါတယ်၊ Sexy ပုံစံထက် အဲဒီလိုမျိုး ချစ် ဖို့ ကောင်းတဲ့ပုံစံလေးတွေကို ပိုကြိုက်ပါတယ်။ Fashion နဲ့ ပတ်သက်ပြီး သီးသန့် လေ့လာဖြစ်တာမျိုးတော့ မရှိပါဘူး။ Fashion နဲ့ပတ်သက်တဲ့ စာအုပ်တွေ ဖတ်တယ်။ ပြီးတော့ ဒီနိုင်ငံက မဂ္ဂဇင်းတွေ၊ ကတ်တလောက် တွေမှာပါတဲ့ Fashion ပုံစံ တွေလည်း လေ့လာဖြစ်တယ်။ အဓိကကတော့ ကိုယ်သွားရမယ့်ပွဲကို ကြည့်ပြီး အဝတ်အစားကို ရွေးချယ်တာက ပိုများပါတယ်။ ဘာပဲဖြစ်ဖြစ် Fashion ကျကျလေး ဖြစ်နေရင်တော့ ပိုကောင်းတာပေါ့နော်။

## Audienceနှင်းမြတ်ချယ်ရီရဲ့စကားသံ

ဒီကဏ္ဍလေးကို သဘောကျပါတယ်။ သတိထားမိတာလည်း ကြာပါပြီ။ အခုမှပဲ ဆုံဖြစ်တာ ပေါ့နော်။ ကိုယ်ကြိုက်တဲ့အနုပညာရှင်နဲ့ ပြည်သူ့ဥယျာဉ်မှာ Outdoor ထွက်ရိုက်ရတာကို ပျော်ပါတယ်။ အစ်ကိုကလည်း တွဲခေါ်တဲ့အတွက် ရိုက်ရတာ ပိုအဆင်ပြေပါတယ်။ အခုလိုမျိုး ကစားကွင်းမှာရိုက်ရတော့ ဘေးမှာလူတွေက ဝိုင်းကြည့်နေပေမယ့်လည်း အခက်အခဲမရှိအောင် လုပ်နိုင်ခဲ့ပါတယ်။ ရှက်သလိုလိုနဲ့ စိုးရိမ်စိတ်ကတော့ နည်းနည်းရှိတာပေါ့နော် (ရယ်လျက်)။ အားလုံးက ဝိုင်းဝန်းကူညီပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်အနေနဲ့ ကိုယ်သဘောကျတဲ့ အနုပညာရှင်တစ်ယောက်နဲ့ ဒီလိုတိုက်ရိုက်တွေ့ဆုံခွင့်ရတာ အရမ်းကိုကျေနပ်ဖို့ကောင်းပါတယ်။



ပရိသတ်ကြီးရေ . . . လစဉ်ဒီကဏ္ဍလေးမှာ အနုပညာရှင်တွေနဲ့ တွဲရိုက်ဖို့ ဖိတ်ခေါ်ထားပါတယ်။ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်ပေးတာဖြစ်လို့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီတဲ့ မည်သည့်ပရိသတ်ကိုမဆို ရတီမဂ္ဂဇင်းမှာ အနုပညာရှင်နဲ့တွဲဖက်ပြီး ဖော်ပြပေးသွားမှာပါ။

မတ်လရဲ့ကဏ္ဍအတွက် ကူညီပံ့ပိုးပေးခဲ့တဲ့ အနုပညာရှင် မြတ်သူကျော်၊ အဝတ်အစား ကူညီပေးခဲ့တဲ့ iDol နဲ့ Yummy Yo Fashion ဆိုင်၊ မိတ်ကပ် Hello နဲ့ ဓာတ်ပုံကိုနိုင် (ပေါ်ပြူလာ) တို့ကို ကျေးဇူးတင် ရှိပါတယ်။ လျှောက်လွှာတင်ခဲ့တဲ့ ပရိသတ်များနဲ့ ရတီမဂ္ဂဇင်းရဲ့ပရိသတ်များ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ရှင်။ ။

သီတာစိုး

Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက်
"Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ ဖွန်လထုတ် ရတီမဂ္ဂဇင်းအတွက် အဆိုတော် <u>**အိမ့်ချစ်**</u> နဲ့အတူ
ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့
ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်၊

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို
မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့
ရတီမဂ္ဂဇင်းကစီစဉ်ပေးမှာနော်၊

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ခေါင်းတိုက်မြင် ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ်ပေးတဲ့
အစီအစဉ် ရက်ချိန်းများအတိုင်း အဝီအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ <u>**၂၀၁၃ ဧပြီလ ၁၀ ရက် (ဗုဒ္ဓဟူးနေ့)**</u> နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီးအမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်၊*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

---

| | |
|---|---|
| အမည် | ------------------------------ |
| မွေးသက္ကရာဇ် | ------------------------------ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ------------------------------ |
| ပညာအရည်အချင်း | ------------------------------ |
| အလုပ်အကိုင် | ------------------------------ |
| အနုပညာလှုပ်ရှားမှု | ------------------------------ |
| အိမ်ထောင်ရှိ/မရှိ | ------------------------------ |
| အရပ်အမြင့် | ------------------------------ |
| နေရပ်လိပ်စာ | ------------------------------ |
| ဖုန်းနံပါတ် | ------------------------------ |

Asian Fame Media Group

# ဒေသ သင်္ကေတ

**ပတ္တမြားမြေ မိုးကုတ်**

**လှမြင့်ဆွေ**


မြန်မာနိုင်ငံမှာသာမက ကမ္ဘာပေါ်မှာပါ 'ပတ္တမြားမြေ' လို့ ထင်ရှားကျော်ကြားလှတဲ့ မိုးကုတ်မြို့လေးဟာ မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်ထဲမှာတည်ရှိပြီး မြင့်မားလှတဲ့တောင်စဉ်၊ တောင်တန်းကြီးတွေ ပတ်လည်ဝိုင်းနေတဲ့ ဒယ်အိုးပုံသဏ္ဍာန်ခွက်ထဲမှာ တည်ရှိနေတဲ့ မြို့လေးဖြစ်ပါတယ်။ မိုးကုတ်နယ်မြေကထွက်တဲ့ ပတ္တမြားတို့ နီလာတို့၊ ဥဿဖယားတို့ စတဲ့အဖိုးတန်ကျောက်ရတနာမျိုးစုံတွေအတွက်ရော၊ သဘာဝအလှတွေနဲ့ ပြည့်စုံလှတဲ့ တည်နေရာအတွက်ရော မိုးကုတ်မြို့ကို စိတ်ဝင်စားပြီး ရောက်ဖူးချင်တဲ့သူတွေ တော်တော်များလှပါတယ်။ အမှန်တော့ မိုးကုတ်မြို့ဟာ အေးမြသာယာလှပတဲ့ ရာသီဥတုရှိပြီး အလွန်မိုးသားဖြူစင်ကြတဲ့ ရှမ်း ၊ လီဆူ ၊ တအန်း (ပလောင်)၊ ဗမာစတဲ့ တိုင်းရင်းသားလူမျိုးတွေ ရှေးနှစ်ပေါင်းများစွာကတည်းက စုစုစည်းစည်း၊ ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြတဲ့ ဒေသလေးတစ်ခုဖြစ်ပါတယ်။ သမိုင်းသုတေသီတွေနဲ့ ဘူမိဗေဒပညာရှင်တွေရဲ့ ခန့်မှန်းတွက်ချက်မှုအရ မိုးကုတ်ဒေသဟာ သမိုင်းမတင်မီခေတ်ကတည်းက လူသားတွေနေထိုင်ခဲ့ကြတဲ့ အထောက်အထားတွေကို တွေ့ရှိရပြီး မိုးကုတ်ဒေသအောက်ခံ ကျောက်ဖျာစုကြီးဟာ မြန်မာနိုင်ငံရဲ့ သက်တမ်းအရင့်ဆုံး ကျောက်ဖျာထုကြီးတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်လို့ သိရပါတယ်။





Asian Fame Media Group









မိုးကုတ်မြို့နယ်ဟာ မန္တလေးမြို့ကနေ ၁၂၈ မိုင် ၊ သပိတ်ကျင်းမြို့ကနေ ၆၀ မိုင် ၊ အရှေ့ဘက် မိုင်းလုံမြို့ကနေ ၂၁ မိုင် ၊ မြောက်ဘက် မိုးမိတ်မြို့ကနေ ၂၈ မိုင် ကွာဝေးပြီး မိုးကုတ်မြို့နယ် တစ်ခုလုံးဟာ အရှေ့နဲ့အနောက် မိုင် ၃၀ ၊ တောင်နဲ့မြောက် ၁၅ မိုင်ကျော်ရှိပြီး စုစုပေါင်းစတုရန်းမိုင် ၄၅၃.၆ မိုင်ပေါင်းရှိတယ်လို့ သိရပါတယ်။ မိုးကုတ်မြို့နယ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ မြို့ပြင်တောင် ၊ အရှေ့မြောက်ဘက်မှာရှိတဲ့တောင်မဲတောင် ၊ အနောက်ဘက်မှာရှိတဲ့ ခေါ်နန်းကြည့်တောင်နဲ့ ပင့်ကူတောင် စတဲ့တောင်စဉ်တောင်တန်းကြီးတွေဟာ မိုးကုတ်ဒေသကိုသဘာဝအလှဆင်ပေးကြတဲ့ တောင်စဉ် တောင်တန်းကြီးတွေဖြစ်ရုံသာမက အလွန်အဖိုးထိုက်တန်တဲ့ ကျောက်သတ္တုရတနာမျိုးစုံကို သားစဉ်မြေးဆက် နှစ်ပေါင်းများစွာထုတ်လုပ်ပေးနေကြတာ ဖြစ်ပါတယ်။




မိုးကုတ်သမိုင်းတွေရဲ့ အဆိုအရ မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ် မိုးမိတ်စော်ဘွားကြီး 'သိုဟန်ဖက်' လက်ထက်မှာ အခုမိုးကုတ်လို့ခေါ်တဲ့အရပ်ကို မိုးမိတ်ဘက်က ရှမ်းမုဆိုး ၃ ဦး တောလည်ရင်း မျက်စိလည် လမ်းမှားကာ ရောက်ရှိသွားရာမှ ပတ္တမြားကျောက်အနီကို တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ရှမ်းမုဆိုး ၃ ဦးဟာ အဲဒီပတ္တမြား ကျောက်အနီကို သူတို့ရဲ့ အရှင် စော်ဘွားကြီးကိုဆက်သတဲ့အခါ စော်ဘွားကြီးက တန်ဖိုးကြီးမှန်းသိတဲ့အတွက် ကျောက်အနီတွေ့ရှိတဲ့နေရာကို ရှမ်းလူမျိုးခေါင်းဆောင် တစ်ဦးနဲ့ လူ (၃၀) ဦးစေလွှတ်ကာ ရွာတည်၍စောင့်ရှောက်ခိုင်းရာမှ တဖြည်းဖြည်းကျယ်ဝန်းလာပြီး မိုးကုတ်မြို့ရယ်လို့ ဖြစ်လာတယ်လို့ နယ်မြေခံတွေက ဆိုကြပါတယ်။ မိုးကုတ်တွင်းထွက် ပတ္တမြားကျောက်နဲ့ ပတ်သက်ပြီး ပထမဦးဆုံးသိသွားကြတဲ့ နိုင်ငံခြားသားတွေကတော့ တရုတ်တွေပဲ ဖြစ်ပါတယ်။ တရုတ်ကုန်သည်တွေဟာ ၁၃ ရာစုလောက်ကစပြီး ယူနန်ပြည်နယ်ဘက်က တစ်ဆင့် ဗန်းမော်၊ မိုးမိတ်၊ မိုးကုတ်အထိ ရောက်လာပြီး သူတို့ပါလာတဲ့ ကုန်ပစ္စည်းတွေနဲ့ မိုးကုတ်တွင်းထွက်ပတ္တမြားကျောက်တွေကို လဲလှယ်ယူဆောင်သွားကြရာ တရုတ်နိုင်ငံမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ပျံ့နှံ့သိရှိသွားကြတာပဲဖြစ်ပါတယ်။














MEDIA GROUP







ရှမ်းပြည်နယ်နဲ့ဆက်စပ်နေတဲ့ မိုးကုတ်မြို့လေးမှာ ရှေးယခင်ကတည်းက ရှမ်းတိုင်းရင်းသားတွေ အများစုနေထိုင်ကြတာကြောင့် မိုးကုတ်မြို့ရဲ့ ရှေးရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေဟာ ရှမ်းတိုင်းရင်းသားတွေရဲ့ ရှေးရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေအများဆုံးရှိနေတာ ဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသာအများစုဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့ အတွက် မိုးကုတ်မြို့နယ်တစ်ဝိုက်က တောင်စဉ်တောင်တန်းတွေ ပေါ်မှာ စေတီဘုရားတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ သာသနိက အဆောက်အအုံတွေနဲ့ စည်ဝေလို့နေတာဖြစ်ပါတယ်။မိုးကုတ်မြို့နယ် ထဲမှာ တအန်းလို့ခေါ်တဲ့ ပလောင်တိုင်းရင်းသားတွေရဲ့ ကျေးရွာတွေ လည်း တော်တော်များများရှိပါတယ်။ ပိန်းပြစ်၊ ကျောက်ဆောင်၊ဘော ပဒန်း ၊ သခွတ်လျှို ၊ မိုင်းလုံ စတဲ့ဒေသတွေမှာ ဗုဒ္ဓဘာသာဝင် တအန်း (ပလောင်) တိုင်းရင်းသားတွေ နေထိုင်ကြပြီး သူတို့ရဲ့ ရှေးရိုးဓလေ့ တော်တော်များများဟာလည်း ရှမ်းတိုင်းရင်းသား ရိုးရာ ဓလေ့တွေနဲ့ တူညီကြပါတယ်။

မိုးကုတ်မြို့နယ်ထဲကို ရှမ်း၊ တအန်း (ပလောင်) တိုင်းရင်းသားတွေရဲ့နောက်ပိုင်း ဝင်ရောက်လာသူတွေကတော့ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်ဖက်က လီဆူတိုင်းရင်းသားတွေပဲ ဖြစ်ပါတယ်။ လီဆူ တိုင်းရင်းသားတွေကို တချို့က 'လီရှော'လို့ခေါ်ကြသလို တချို့က လည်း 'လီစူး' လို့ ခေါ်ကြပါတယ်။ လီဆူတွေထဲမှာတော့ ဗုဒ္ဓဘာသာ ဝင်တွေ ရှိသလို ခရစ်ယာန်အယူဝါဒ ကိုးကွယ်သူတွေ၊ ရိုးရာနတ် ကိုးကွယ်တဲ့သူတွေ ရှိပါတယ်။ မိုးကုတ်မှာရှိတဲ့ လီဆူတိုင်းရင်းသား တွေဟာ ပူတာအိုတို့၊ မြစ်ကြီးနားတို့၊ ဗန်းမော်တို့ဘက်မှာရှိတဲ့ တခြား လီဆူ တိုင်းရင်းသားတွေရဲ့ ရိုးရာဝတ်စုံတွေနဲ့မတူဘဲ ကွဲပြားခြား နားကြပါတယ်။



လီဆူတိုင်းရင်းသားတွေရဲ့ ထူးခြားတဲ့ဓလေ့တစ်ခုကတော့ နေရာဒေသ၊ဘာသာအယူဝါဒ ဘယ်လိုပဲကွဲပြားခြားနားသည်ဖြစ်စေ မိမိတို့ရဲ့မျိုးနွယ်စုတူချင်း လက်ထပ်လို့မရတာဘဲ ဖြစ်ပါတယ်။ လီဆူမျိုးနွယ်မှာ ဓောမျိုး၊ ဖော်မျိုး၊ ဗျာမျိုး၊ ဝကြာမျိုး၊ ဗီဖာမျိုး၊ ချိုကြာ၊ မှုကြာ၊ ထွားကြာစသဖြင့် အမျိုးမျိုးရှိပြီးသားသမီးတွေအားလုံးဟာ အဖေဘက်ကအမျိုးအနွယ်ကို ဆက်ခံရတာဖြစ်ပါတယ်။ အဖေဖြစ်သူက ဓောမျိုးနွယ်ဖြစ်ရင် သားသမီးတွေအားလုံးကလည်း ဓောမျိုးနွယ်ပဲဖြစ်ရပါတယ်။ အဲဒီဓောမျိုးနွယ်က သားယောက်ျားတွေအိမ်ထောင်ကျပြီး ပေါက်ဖွားလာတဲ့ သားသမီးတွေဟာလည်း ဓောမျိုးနွယ်ဖြစ်ပေမယ့် အဲဒီဓောမျိုးနွယ်က မိန်းကလေးဟာ အိမ်ထောင်ကျသွားပြီး သားသမီးတွေမွေးလာရင် အဲဒီမိန်းကလေးရဲ့ ယောက်ျားဘက်က မျိုးနွယ်စုကိုပဲ ယူရတာဖြစ်ပါတယ်။ ဒါကြောင့် တစ်ဖအေ၊ တစ်မအေတည်းက ပေါက်ဖွားလာတဲ့ မောင်နှမအရင်းပင် ဖြစ်စေကာမူ သူတို့ကဆင်းသက်ပေါက်ဖွားလာတဲ့ သားသမီးတွေဟာ မျိုးနွယ်စုတစ်စုစီ ဖြစ်သွားကြတာ ဖြစ်ပါတယ်။ ဒါကြောင့် လီဆူတိုင်းရင်းသားတွေဟာ လူပျိုမလှည့်ခင်၊ မစေ့စပ်ခင်၊ မျိုးနွယ်စုကိုအရင်မေးကြရတဲ့ ထုံးစံရှိတယ်လို့ ဆိုပါတယ်။ ဒါဟာ မိုးကုတ်ဒေသက လီဆူတိုင်းရင်းသားတွေရဲ့ ထူးခြားလှတဲ့ ဓလေ့ထုံးစံလေးပဲဖြစ်ပါတယ်။

အမှန်တော့ တိုင်းရင်းသားလူမျိုး တစ်ရာကျော်နေထိုင်ကြတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီလိုထူးခြားလှတဲ့ သူ့ဒေသ၊ သူ့ထုံးစံ၊ သူ့သင်္ကေတလေးတွေ ကိုယ်စီရှိနေကြပြီး ဒီ'ဒေသသင်္ကေတ' လေးတွေ မပျောက်မပျက်ရအောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ လိုအပ်မယ်လို့ ယူဆမိပါတယ်။

Asian Free Media Group



# THEIR HANDS THEIR LIFE

arranged by
phyoe su po po

ကျွန်မတို့ရဲ့ လူမှုအဖွဲ့အစည်းကြီးတိုးတက်ဖို့ အတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်စတဲ့သူတွေ များစွာ လိုအပ်ပါတယ်။ နယ်ပယ်အသီးသီးက ပညာရှင်တွေရဲ့ လက်တွေနဲ့ ပိုင်းဝန်းဖန်တီးမှပဲ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာမှာပါ။ လူတွေအတွက် ဗဟုသုတတွေမျှဝေပေးတဲ့ လက်၊ လောကကြီးရဲ့ သဘာဝအလှတွေကို မျှဝေနေတဲ့ လက်၊ ပျော်ရွှင်မှုတွေပေးတဲ့ လက်၊ ကြင်နာမှုတွေ ဝေနေတဲ့ လက်၊ ဒီလိုလက်ပိုင်ရှင်တွေကို ကျွန်မတို့တွေ လိုအပ်ပါတယ်။ ဒါကြောင့် ပဉ္စလက်ဆန်တဲ့ လက်ပိုင်ရှင်များဖြစ်တဲ့ စာရေးဆရာမ လမင်းမိုမို၊ ဒီဇိုင်နာ သက်နှင်းအေး၊ အကမင်းသမီး တင်ဇာမိုးဝင်း၊ မိတ်ကပ် ထက် (Pop Soul)၊ ပန်းချီဆရာမ ပန်ပန် တို့နဲ့ တွေ့ဆုံပြီး ရတီစာဖတ်သူတွေအတွက် Their Hands Their Life ကဏ္ဍလေးကို စီစဉ်တင်ဆက်ပေးလိုက်ပါတယ်။ လောကအကျိုးကို ဖန်တီးနိုင်တဲ့လက်တစ်စုံပိုင်ရှင် ဖြစ်ကြပါစေလို့လည်း တောင်းဆုပြုလိုက်ပါတယ်။

af MEDIA GROUP
Asian Family Media Group

# လမင်းမိုမို

**လူတွေတော်တော်များများက လက်ချောင်းကလေးတွေကြည့်ပြီး နောင်တစ်ချိန်မှာ ဘာဖြစ်မယ်ဆိုပြီး ခန့်မှန်းတာတွေ ရှိကြတယ်နော်။ ဆရာမရဲ့ငယ်ဘဝမှာကော အဲလိုတွေ ခန့်မှန်းပေးခဲ့တာမျိုး ကြုံခဲ့ဖူးပါသလား။**

ရှိခဲ့တယ်။ ဘာဖြစ်မယ်ဆိုပြီး ခန့်မှန်းတာထက် အစ်မရဲ့ လက်ချောင်းတွေကရှည်ပြီး အပေါ်ဆုံးလက်ဆစ်တွေက ကော့နေတဲ့အတွက် ဘွားဘွားတို့ မေမေတို့က အနုပညာရှင်လက်လို့ တော့ပြောခဲ့ဖူးပါတယ်။

**ဟိုးအရင်တုန်းက စာရေးတဲ့သူတွေက ကိုယ့်ရဲ့ လက်ကိုပဲအားကိုးပြီး ကလောင်တံနဲ့ ရေးခဲ့ကြတယ်။ အခုခေတ်မှာတော့ ကွန်ပျူတာနဲ့ စကားလုံးတွေ သီကြတယ် ။ ဆရာမအနေနဲ့ကော ကိုယ့်ရဲ့အနုပညာစျာန်ကို ဖော်ဆောင်တဲ့အခါမှာ ကိုယ့် ရဲ့ လက်တွေကို အားရလား . . ကွန်ပျူတာကို ပိုအားသန်ပါသလား။**

ကိုယ့်လက်နဲ့ကိုယ် ကလောင်တံကိုင်ရေးရတာကိုပဲ နှစ်ခြိုက်အားရပါတယ်။

**စာရေးဆရာမ တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ အနုပညာ စိတ်ကူးစိတ်သန်းတွေကို ဦးနှောက်နဲ့ အသည်းနှလုံးက တရစပ်ထုတ်လွှတ်နေချိန်မှာ ဆရာမရဲ့ လက်လေး တွေက နောက်ကအမီလိုက်နိုင်ပါရဲ့လား။**

စိတ်အတွေးတွေကတော့ အမြဲပိုမြန်ပြီးရှေ့ကိုရောက်နေတာပေါ့နော်။ခေါင်းထဲကပျောက်မသွားခင်တော့ တတ်နိုင်သမျှ အမီလိုက်ရေးရတာပါပဲ။ တစ်ခါတစ်ရံလည်း ကြွင်းကျန်ရစ်ခဲ့တာမျိုးရှိနိုင်တယ်။ ချရေးချင်တာတွေ ဦးနှောက်ကတစ်သွင်သွင်စီးဆင်းနေတဲ့ အချိန်မျိုးမှာဆိုရင် စိတ်ကလည်း တက်ကြွနေတတ်ပြီး လက်ကလည်း ပုံမှန်အချိန်တွေထက်တော့ သွက်လက်ပါတယ်။ လက်ရေးတွေ သိပ်သော့သွားတတ်တယ် ရှုပ်ယှက်ခတ်ပြီး တော်ရုံလူ အစ်မရဲ့ လက်ရေးကို မဖတ်တတ်ပါဘူး။ အစ်မစာမူကို ကွန်ပျူတာရိုက်ဖို့ တစ်ဦးတည်းသီးသန့်ပဲ ထားရပါတယ်။ စာရေးသော့ပြီးမြန်လို့ လက်ချောင်းလေးတွေ ခွန်အားစိုက်ထုတ် ပင်ပန်းရပါတယ်။ စာရေးပြီးချိန်တိုင်း လက်ချောင်းလေးတွေ နာပါတယ်။

**အပြင် တခြားဘယ်လိုဖန်တီးမှုတွေ အနုပညာတွေကို ဝါသနာပါသေးလဲ။**

ပန်းချီဆွဲတာ ဝါသနာပါပါတယ်။ ငယ်ငယ်ကတော့ ဆရာနဲ့လည်းသင်ခဲ့တယ် ဆွဲလည်း ဆွဲဖြစ်တယ်။ နောက် စာလည်း အရမ်း ရေးချင်တော့ စာတွေလည်း ရေးမိခဲ့တယ်။ အဲဒီနှစ်ခုမှာ စာရေးရတာကို ပိုပြီး နှစ်သက်ခံစားမိပါတယ်။ စာတွေ ပိုရေးဖြစ်ရာက စာအုပ်ထုတ်ဖြစ်သွားတော့ ဒီဘက်ကိုပဲ အာရုံစူးစိုက်မိတော့တဲ့အခါ ပန်းချီဆွဲဖို့ အာရုံ လျော့သွားပါတယ်။ ဒါပေမဲ့ ပန်းချီကိုလည်း မြတ်နိုးတုန်းပါပဲ။ စာရေးစရာ ခေါင်းထဲက



MEDIA GROUP

မထွက်ဘဲ စဉ်းစားနေတဲ့ အခါမျိုးတွေ မှာ လက်က ဟိုခြစ်ဒီခြစ်နဲ့ ရောက်တတ်ရာရာ ပုံကလေးတွေဆွဲနေမိတာပါ။ ခုထိ ပန်းချီဆွဲချင်စိတ်က ရှင်သန်နေတုန်းပဲ။

**အခုခေတ်မှာတော့ တော်များများက လက်သည်းလေးတွေကို အမျိုးမျိုးအလှဆင်တတ်ကြတယ်။ ဆရာမကရော ဒီလို အလှဆင်ဖန်တီးတာမျိုးကို နှစ်သက်ပါသလား။**

သူများတွေ လက်သည်းလေးရှည်ရှည်ထားပြီး အလှဆင်ထားတာတွေ့ရင် အစ်မအရမ်းချစ်ပါတယ်။ အစ်မ ခြေသည်းတွေကို အလှဆင်လေ့ရှိပေမယ့် လက်သည်းကိုအလှမဆင်ဘူး။ လက်သည်းရှည်မထားဘူး။ မှတ်မှတ်ရရပြောရရင် သားလေးကို စကိုယ်ဝန်ဆောင်တည်းက အစ်မလက်သည်းရှည်ထားကျင့် ဖျက်လိုက်ပါတယ်။ သားလေးမွေးလာတော့ ကလေးကို ချီရာ ထိန်းရာ ကိုင်တွယ်ရာမှာ လက်သည်းရှည်နဲ့ဆိုရင်ဘယ်လိုမှ အဆင်မပြေပါဘူး။ ကလေးကို ထိမိခိုက်မိမှာလည်း စိုးတယ်။ လက်သည်းမှာ ကြေး ဖုန်ဝင်ခဲ့ရင်လည်း ကလေးကျန်းမာရေးအတွက် မကောင်းဘူးလို့ ယူဆလို့ပါ။ နောက် သားလေးနည်းနည်းကြီးလာတော့လည်း လက်သည်းအရှည် ပြန်မထားဖြစ်တော့ပါဘူး။ စာရေးတဲ့အခါ Ball Pen ကိုင်တဲ့အခါမှာ လက်သည်းက Ball Pen နဲ့ ထောက်နေရင် အနှောင့်အယှက်ဖြစ်တာလည်း ပါပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ အစ်မက အိမ်ရှင်မတစ်ယောက်ဖြစ်တော့ အစ်မ မီးဖိုချောင်ဝင်ရပါတယ်၊ ဟင်းချက်ပါတယ်။ ကိုယ်မချက်ချင်လည်း မချက်ဘဲနေနိုင်ပေမယ့် ( ချက်မယ့်သူရှိပေမယ့်) အစ်မကိုယ်တိုင်ချက်တဲ့နေ့ များပါတယ်။

ဘယ်သူမှ အစ်မကိုယ်တိုင်ချက်ဖို့ မခိုင်းပေမယ့် အစ်မရဲ့စိတ်မှာကိုက အစ်မကိုယ်တိုင်ချက်တဲ့နေ့ ယောက်ျားရော သားရော ထမင်းပိုစားလို့ ကောင်းသလားထင်နေတာ. . ရူးခြင်းတစ်မျိုးပေါ့ နော် ညီမရယ် . . ၊ ဟင်းချက်မှာဖြစ်တဲ့အတွက် လက်သည်းကို တုံးတိထက် နည်းနည်းလွန်ရုံလောက်ပဲ ပြီး ပိုမရှည်စေတော့ပါဘူး၊ အလှဆင်ဖို့လည်း စိတ်မကူးမိတဲ့အပြင် ကိုယ့်ဘာသာအပျင်းပြေတောင် လက်သည်းမဆိုးပါဘူး။ (အလှခေတ်ပုံရိုက်ဖို့လိုတာမျိုးကလွဲရင် ပြောတာပါ)။ သူများအလှဆင်ထားရင် အမြဲနှစ်သက်အားကျပေမယ့် ကိုယ်တိုင်လက်သည်းအလှဆင်ဖို့ စိတ်ကူးမယဉ်မိပါဘူး ညီမရေ။

**ဆရာမဘဝမှာဆရာမရဲ့ လက်ချောင်းလေးတွေက ဘဝမျိုးစုံတာဝန်မျိုးစုံကို ဖြတ်သန်းခဲ့တယ်လို့ ထင်ပါတယ်။ စာရေးဆရာမဘဝ၊ အိမ်ထောင်ရှင်မဘဝ၊ မိခင်ဘဝ ဒီဘဝတွေ အားလုံးကို ဆရာမ ဟန်ချက်ညီ တာဝန်ကျေစွာ ထမ်းဆောင်နိုင်ခဲ့တယ်လို့ ယုံကြည်ပါသလားရှင်။**



အစ်မ တာဝန်ကျေတယ် မကျေဘူး ဆိုတာကတော့ ဘေးပတ်ဝန်းကျင်က သတ်မှတ်ခြင်းကသာလျှင် အဖြေမှန်အနီးစပ်ဆုံးဖြစ်မှာနော်၊ အစ်မပြောနိုင်တာကတော့ အစ်မရဲ့ဘဝအဆင့်တိုင်းမှာ အစ်မပတ်ဝန်းကျင်မှာရှိတဲ့ ဆက်စပ်ပတ်သက်သူတိုင်းအပေါ် ကိုယ်အတတ်နိုင်ဆုံးတာဝန်ကျေဖို့ အစ်မကြိုးစားခဲ့တယ် ဆိုတာပါပဲ။

အစ်မ သားသမီးဘဝမှာ မိဘအပေါ် အတတ်နိုင်ဆုံးတာဝန်ကျေတဲ့ သမီးတစ်ယောက်ဖြစ်ဖို့ ကြိုးစားပါတယ်။ အိမ်ထောင်ရှင်တစ်ယောက်ဘဝမှာလည်း ခင်ပွန်းသည်အပေါ် တာဝန်ကျေတဲ့ ဇနီးတစ်ယောက်ဖြစ်ဖို့ ကြိုးစားပါတယ်။ မိခင်တစ်ယောက်ဘဝမှာလည်း သားကလေးအပေါ် အစွမ်းကုန်တာဝန်ကျေနိုင်အောင် အစ်မ ကြိုးစားပါတယ်။ အစ်မချစ်တဲ့ ဆွေမျိုး အပေါင်းအသင်း မိတ်ဆွေတွေအပေါ်လည်း မိတ်ဆွေဝတ်ကျေအောင် အစ်မကြိုးစားတယ်။ ယုတ်စွအဆုံး စာရေးဆရာမ တစ်ယောက်ဘဝမှာလည်း အစ်မရဲ့ စာဖတ်သူတွေအပေါ် အစ်မတာဝန်ကျေနိုင်ဖို့ အမြဲကြိုးစားခဲ့ပါတယ်။ ကျန်းမာရေးချို့ယွင်းထိခိုက်နေတဲ့အချိန်မျိုးတောင် အစ်မ ဆောင်ရွက်နေကျယန္တရားကို အတတ်နိုင်ဆုံး မရပ်တန့်အောင် တာဝန်ကျေချင်တဲ့သူမျိုးပါ။

အစ်မရဲ့လက်တွေဟာ မိဘကိုလုပ်ကျွေးဖူးတဲ့ ပြုစုစောင့်ရှောက်ဖူးတဲ့လက်၊ ဝါသနာအရရော စာဖတ်တဲ့ပရိသတ်အတွက်ပါ စာလုံးတွေရေးဖွဲ့နေတဲ့လက်၊ ခင်ပွန်းသည် ဝေယျာဝစ္စ အိမ်မှုကိစ္စ မီးဖိုချောင်အလုပ်တွေ နွေးစဉ်နဲ့အမျှ ဆောင်ရွက်နေတဲ့လက်၊ သားရဲ့ပုခက်ကိုလွှဲခဲ့တဲ့လက်၊ သားကို ချီပိုးယုယခဲ့တဲ့လက်၊ ခုချိန်ထိ သားအတွက် လိုအပ်သမျှဆောင်ကြဉ်းပေးနေတဲ့ လက်၊ အကူအညီလိုအပ်သူကို တတ်နိုင်သမျှ အကူအညီပေးနေကျလက်၊ မြတ်စွာဘုရားရှင်ကို အမြဲရှိသေမြတ်နိုးရှိခိုးကန်တော့နေတဲ့ လက်ပါ။

တစ်ခါတစ်ရံတော့ အစ်မလက်ကလေး တွေ ပင်ပန်းပါတယ်။ တကယ်ပြောတာပါ၊ Uric Acid တွေတက်နေတဲ့အချိန် ဆိုရင် အစ်မ လက်ချောင်းလေးတွေဟာ အိပ်ရာထတိုင်းတင်းပြီး ဖောင်းပြီး လက်သီးမဆုပ်နိုင်အောင် နာကျင်ကိုက်ခဲတတ်ပါတယ်၊ ဘာမှမလုပ်ချင်ဘဲ လက်ကလေးတွေကို အနားပေးထားချင်တဲ့ အချိန်တွေ ရှိတတ်ပါတယ်။ ဒါပေမဲ့ များသောအားဖြင့်တော့ အစ်မအနားပေးလို့ မရပါဘူး။ ဒီလက်ကလေးတွေက အစ်မရဲ့နေ့စဉ်ဘဝမှာ တန်ဖိုးမဖြတ်နိုင်အောင် အရေးပါလှတဲ့ အဖိုးတန်လက်ကလေးတွေပါ။ အဲသလိုပြောလို့ လက်အမွှန်းတင် လက်ဂုဏ်မောက်နေတယ်လို့ မထင်စေချင်ပါဘူး။ အစ်မတင်မကပါဘူး။ လူတိုင်းရဲ့ဘဝမှာ သူတို့ရဲ့လက်ကလေးတွေဟာ အသီးသီးအရေးပါပါတယ်။ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းဘဝအတွက်သော် လည်းကောင်း၊ သူတို့ရဲ့ မိသားစုဘဝ လူမှုဘဝအတွက်သော်လည်းကောင်း၊ မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ။ လူတိုင်းကိုယ်စီရဲ့လက်ကလေးတွေ အရေးပါလှစွာဟန်ချက်ညီညီ တာဝန်ထမ်းဆောင်နေကြတာပါ။

**အခုလက်ရှိအချိန်မှာရော ဆရာမရဲ့ လက်တွေဟာ ဘယ်လိုအကြောင်းအရာကိစ္စများအတွက် အများဆုံး လှုပ်ရှားအသုံးပြုနေ ဖြစ်ပါသလဲ။**

ကိုယ့်ကိစ္စ၊ မိသားစုကိစ္စ၊ အများကိစ္စ အဲလိုဖြေလိုက်ရင် ပြေးမလွတ်တော့ဘူးပေါ့။

**အလှဆုံးလက်ပိုင်ရှင်ဆိုတာကိုလူတွေက အမျိုးမျိုး တင်စားနှိုင်းယှဉ် တတ်ကြတယ်။ ဆရာမကရော အမြင်ဘယ်လိုရှိပါလဲ။**

အစ်မ ယူဆတာကတော့ အလှဆုံးလက်ဆိုတာ တတ်နိုင်သမျှတာဝန်ယူသော တာဝန်ကျေသောလက်ပါပဲ ညီမ။

Asian Fame Media Group

## သက်နှင်းဝေအေး

**ညီမလေးက ဘယ်အချိန်မှာစပြီး ဒီဇိုင်းဆွဲတဲ့ ခံတားကို စကိုင်ဖြစ်ခဲ့တာပါလဲ။**

ဒီဇိုင်းကို စဆွဲတဲ့အချိန်ကတော့ ၄ တန်းလောက်ကတည်းကပေါ့။ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက ကိုယ်က အင်္ကျီလှလှလေးတွေ ဝတ်ချင်တယ်။ အမေက Designer လုပ်နေပေမယ့် သူက တခြား Customer တွေရဲ့ အပ်ထည်တွေချုပ်နေရတော့ ညီမတို့အင်္ကျီမချုပ်ပေးနိုင်ဘူး။ ကိုယ်က အမေကို ချုပ်ပေးပါပူဆာရင်လည်း သူက Customer က အရေးကြီးတော့ ကိုယ့်ကို မချုပ်ပေးဘူး။ ကိုယ်ပူဆာလွန်းတော့ အမေက ဒါဆို ကိုယ့်ဟာကိုယ် Design ဆွဲပြီးချုပ်တဲ့။ ဒါနဲ့ ကိုယ့်ဟာကိုယ် Design စဆွဲဖြစ်တာ။ လက်ပြတ်အင်္ကျီကော်လံလေးကို စဆွဲဖြစ်တာ။ အဲဒါက ၄ တန်းတုန်းက။ အဲဒီအင်္ကျီလေးကို ပြီးအောင်ဆွဲဖြစ်တယ်။ ချုပ်လည်း ချုပ်ပြီးဝတ်ဖြစ်ခဲ့တယ်။ အဲဒီအင်္ကျီပြီးတော့ နောက်တစ်ထည်ထပ်ပြီး ဆွဲတယ်။ ဒါပေမဲ့ အဲဒီတုန်းက ကလေးဆိုတော့ ပြီးအောင်မချုပ်ဖြစ်ဘဲ လုပ်လက်စတန်းလန်းနဲ့ ထားလိုက်တယ်။ ကိုယ့်အင်္ကျီလေးကို ကိုယ်စချုပ်ပြီး ဝတ်ဖြစ်တာကစပြီး Design ဆွဲတဲ့ ခံတားလေးကို ကိုင်ဖြစ်ခဲ့တာပါ။

**ဒီဇိုင်နာတစ်ယောက်ကို ကြည့်လို့အကောင်းဆုံးအချိန်က သူဒီဇိုင်းထိုင်ဆွဲနေတဲ့အချိန်လို့ ပြောကြတယ်။ ညီမလေးအမေရဲ့ အဲဒီလိုပုံရိပ်တွေကို တွေ့ပြီးများ ညီမလေးက ဒီဇိုင်နာဖြစ်ချင်ခဲ့တာများလား။**

ဟုတ်ပါလိမ့်မယ်။ အမေက ညီမတို့ငယ်ငယ်ကတည်းက ဒီအလုပ်လုပ်တော့ အမေက ဒီဇိုင်းအမြဲဆွဲတယ်။ ညီမကျောင်းက ပြန်လာရင် အမေဒီဇိုင်းဆွဲတဲ့ခုံမှာပဲ ဘေးမှာထိုင်ပြီး အိမ်စာလုပ်တာတို့ ကျောင်းစာလုပ်တာတို့ လုပ်ရတာလေ။ အမေက ဒီဇိုင်းဆွဲရင်း ညီမတို့ကို စာသင်ပေးရတာကိုး။ အဲဒီတော့ အမေ့ရဲ့ ဒီဇိုင်းဆွဲတဲ့ခုံက ညီမအတွက် အမြဲရင်းနှီးနေရတယ်။ အမေရဲ့ ဒီဇိုင်းဆွဲတဲ့ပုံကလည်း ညီမအတွက် မြင်နေကျဖြစ်နေတာပေါ့။ နောက် ညီမ ၁၀ တန်းပြီးတော့ အမေ့အလုပ်တွေကိုဝင်ပြီး ကူလုပ်ရတယ်။ နောက်တော့ Customer တွေက ကိုယ်လုပ်ပေးတဲ့ ဒီဇိုင်းလေးတွေကို ကြိုက်တယ်ပြောတော့ ဒီအလုပ်ကိုနှစ်သက်ပြီး ပျော်လာတယ်။ အဓိက ညီမဒီဇိုင်နာဖြစ်လာရတာက အမေက ညီမကို အင်္ကျီမချုပ်ပေးနိုင်တာကစတာပဲ။ ညီမက ကိုယ့်အဝတ်အစားကို ကိုယ့်ဟာကိုယ်တွင်ဝတ်ရတာကို ကြိုက်တယ်။ ဝတ်လည်း ဝတ်ဖြစ်တယ်။ အမေ့ကို အားကျတာလည်း ပါပါတယ်။ ညီမ Second Year မှာ အမေက ကျန်းမာရေးမကောင်းလို့ ဆေးရုံတက်ရတယ်။ အဲဒီအချိန်မှာ အမေ့ဆီမှာ လာအပ်ထားတဲ့





အရေးကြီးအပ်ထည်တွေကို ကိုယ်ကယူလုပ်ရင်းနဲ့ ဒီအလုပ်ကို ထဲထဲဝင်ဝင် စလုပ်ဖြစ်တာပေါ့။ ဂျပန်မှာ ကျောင်းသွားတက်ဖို့ ပြင်ဆင်ရင်း ညီမက အပေးသင်တက်တယ်။ မနက်ဆို အမေ့ကို သင်တန်းကူပြပေးတယ်။ ညဆို ဒီဇိုင်းကူဆွဲပေးတယ်။ အဲဒီလိုလုပ်ရင်းနဲ့ အခုလို ဒီဇိုင်နာတစ်ယောက် ဖြစ်လာရတာပါပဲ။

**ညီမလေးအနေနဲ့ ဖက်ရှင်ဒီဇိုင်းအပြင် တခြားဘာတွေကို ဝါသနာပါသေးလဲ။**

ဒီဇိုင်နာကတော့ ညီမရဲ့အသက်မွေးဝမ်းကျောင်း အလုပ်ပေါ့။ ဝါသနာလည်း ပါတယ်။ စိတ်လည်း တကယ်ဝင်စားတယ်။ ညီမက ဖက်ရှင်ဆိုရင် အကုန်ဝါသနာပါတယ်၊ မိတ်ကပ်တို့ ဆံပင်တို့လည်း ဝါသနာပါတယ်၊ လေ့လည်း လေ့လာတယ်။ နောက်ပြီး Graphic Design တွေလည်း ဝါသနာပါတယ်။ ဓာတ်ပုံရိုက်ရတာလည်း ဝါသနာပါတာပဲ၊ ပန်းချီလည်း ဆွဲတယ်။ အဲဒါတွေကိုတော့ ကိုယ့်ကို relax လုပ်တဲ့အနေနဲ့ပဲ လေ့လာဖြစ် လုပ်ဖြစ်ပါတယ်။

**ဘယ်လိုအချိန်မျိုးတွေမှာ ကိုယ့်ရဲ့လက်ချောင်းလေးတွေကို ကိုယ်ပြန်ပြီးကြည့်ဖြစ်လဲ။**

တကူးတက ကြည့်ဖြစ်တာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ အလုပ်ကိုတော့ ဒီလက်တွေနဲ့ပဲ လုပ်နေရတော့ အလုပ်လုပ်ရင်းနဲ့တော့ ကိုယ့်ရဲ့လက်တွေကို မကြည့်လည်း မြင်နေရတာပေါ့။ ဒါကြောင့် ညီမက လက်သည်းကို အရောင်တွေနဲ့ မဆိုးဘူး၊ လက်သည်းကိုလည်း အရှည် မထားဖြစ်ဘူး။ အတိုပဲ ညှပ်ထားတာ။ လက်သည်း လုံးဝမဆိုးဖြစ်ဘူး။ ကိုယ်က အရောင်တွေနဲ့ အလုပ်လုပ်နေရတော့ ပြီးတော့ ကိုယ်က လက်နဲ့ အလုပ်လုပ်နေရတော့ လက်က ကြည့်မှ စိတ်ကြည်တယ်လို့လည်း ထင်တယ်၊ အဲဒါကြောင့် လက်ကို အရောင်တွေနဲ့ မကြိုက်ဘူး။

**Hand Made Creation နဲ့ Machine Made မှာ ဘယ်လိုကွဲပြားမှုတွေ ရှိနေပါသလဲ။**

ပြောရမယ်ဆိုရင် Hand Made ဆိုတာက အခုနောက်ပိုင်းကျမှ လူတွေက စိတ်ဝင်စားလာကြတာလေ။ ညီမ ဂျပန်မှာ ကျောင်းသွားတက်တဲ့ အချိန်တုန်းက ဒီမှာ Hand Made မလုပ်ကြသေးဘူး။ Sequin တွေပဲ ထိုးကြသေးတာ။ ကျန်တဲ့ ပိတ်စတွေနဲ့ ဒီဇိုင်းလုပ်တာတို့၊ တခြား Hand Paint ဆွဲတာတို့ မရှိကြသေးဘူး။ ညီမကျောင်းတက်တဲ့ အချိန်တုန်းကဆိုရင် မြန်မာပြည်နဲ့ နိုင်ငံတကာနဲ့ ဖက်ရှင်က နှစ်နှစ်လောက်နောက်ကျနေတာ၊ အခုတော့ မဟုတ်တော့ပါဘူး၊ အဲဒီတုန်းကတော့ နောက်ကျတယ်။ ညီမက ကျောင်းချိန်ပြီးရင် ဂျပန်မှာ Shopping Mall တွေသွားတယ်၊ တခြားတွေ လေ့လာဖြစ်တယ်။ အဲဒီမှာ ဘာတွေ့လဲဆိုတော့ သူတို့ရဲ့ဝတ်စုံတွေမှာ Hand Made က တစ်နေရာမဟုတ် တစ်နေရာမှာ ပါနေတတ်တယ်။ အဲဒါနဲ့ ညီမက Smocking လေးတွေ သင်ချင်စိတ်ဖြစ်တယ်။ ဒါပေမဲ့ ညီမတက်တဲ့ ကျောင်းမှာ အဲဒါကို မသင်ပေးဘူးတဲ့။ ဒါပေမဲ့ အဲဒီမှာ ကလေးတွေ စာသင်တဲ့ ဆရာမတွေ train ပေးတဲ့ ကျောင်းရှိတယ်။ အဲဒီကျောင်းက Professor တစ်ယောက်က အဲဒါ တော်တော်တတ်တယ်တဲ့။ ညီမက အဲဒါကိုအရမ်းတတ်ချင်တော့ အဲဒီဆရာမကြီးနဲ့တွေ့ပြီး ကျောင်းအားချိန်လေးတွေမှာ ပြေးပြီး တက်ခဲ့တယ်။ တကယ်လည်း ဒီမှာ Smocking တွေ ခေတ်စားလာပါတယ်။ ညီမ စသင်တုန်းက ဂျပန်မှာတောင် ခေတ်မစားသေးဘူး။ အခုတော့ ခေတ်စားပြီပေါ့။ ဒီလို Hand Made တွေ ခေတ်စားလာတာ ကောင်းပါတယ်။ နိုင်ငံခြားမှာက Hand Made ဆိုရင် အရမ်းဈေးကြီးတယ်၊ 'YSL' Brand က တချို့ Coat အင်္ကျီတွေဆိုရင် တစ်ထည်လုံး လက်နဲ့ချုပ်တာ၊ ဈေးကလည်း အရမ်းကြီးတယ်။ အဲဒီလောက် Hand Made ကိုတော့ မြန်မာပြည်က မလုပ်နိုင်သေးပါဘူး။ ဒါပေမဲ့ Plus လေးတွေပေါ့။ Machine Made မှာ Hand Made လေးတွေ နည်းနည်းစီထည့်ပြီး ချုပ်တာမျိုးတွေတော့ ရှိပါတယ်။ ဒါကလည်း မတူတဲ့ ဒီဇိုင်းလေးတစ်ခု ရတာပေါ့။

**ညီမလေးအနေနဲ့ အားကျခဲ့ရတဲ့ လက်ဝိုင်ရှင်က ဘယ်သူဖြစ်မလဲ။**

အများကြီးပါပဲ။ အဓိကနံပါတ်တစ်ကတော့ အမေပေါ့။ မေမေ (ဒေါ်သီတာဝင်း Dozo) က နံပါတ်တစ်၊ ပြီးတော့ နိုင်ငံခြားက ဒီဇိုင်နာတွေလည်း တော်တော်များများ အားကျတယ်။ မြန်မာပြည်က နာမည်ကြီး ဒီဇိုင်နာတွေလည်း အားကျတယ်။ နာမည်ကြီးဖို့ဆိုတာက သူ့မှာအရည်အချင်းမရှိရင် နာမည်ကြီးမှာ မဟုတ်ဘူးလေ။ သူ့မှာ အားသာချက်တွေများမှ Creation တွေတော်မှ လူတွေအားပေးပြီး နာမည်ကြီးမှာလေ။ ဒါကြောင့် ညီမက ဒီဇိုင်နာတိုင်းကို လေးစားပြီး အားကျပါတယ်။

**အရမ်းကောင်းတဲ့ ဝတ်စုံတစ်စုံဖြစ်ဖို့အတွက် ဒီဇိုင်းပုံတွေးရတဲ့ Idea က အရေးကြီးတာလား။ အဲဒီ Idea ကို ဖန်တီးရတဲ့လက်တစ်စုံက အရေးကြီးတာပါလား။**

နှစ်ခုလုံးက အရေးကြီးတာပါ။ နံပါတ်တစ်ကတော့ ခေါင်းက ထွက်လာဖို့မှာ ဒီဇိုင်နာတစ်ယောက်က ခေါင်းကထွက်လာအောင် စဉ်းစားနိုင်မှ အသစ်တစ်ခု ဖြစ်လာမှာလေ။ ဒါမှ ဒီဇိုင်နာပေါ့။ ကိုယ်တိုင် Create လုပ်ရမယ်လေ။ သူများလုပ်ထားတာကို လိုက်တုပြီး လုပ်ရင်တော့ ဒါက tailor ပဲ ဖြစ်နေတော့မှာပေါ့။ Creation အသစ်လုပ်ဖို့က များများစဉ်းစားရမယ်။ ပြီးတော့ အဲဒီစဉ်းစားထားတာကို ဒီအတိုင်းထားလိုက်လို့ မရဘူး။ လက်တွေ့ အကောင်အထည် ဖော်နိုင်ရမယ်။ ဘယ်လောက်ပဲ စဉ်းစားနိုင်ပါစေ၊ လက်က ချမလုပ်ရင်တော့ ဒီဇိုင်နာဖြစ်မှာ မဟုတ်ဘူး။ ကိုယ့်ရဲ့လက်ရာတွေကို မြင်ခွင့်ရမှာမဟုတ်ဘူးလေ။

Asian Fame Media Group



Asian Fame Media Group

## တင်ဇာမိုးဝင်း

**မြန်မာ့ရိုးရာအကမှာ ခေါင်း၊ ခါး၊ ခြေ၊ လက် လှုပကျနရမယ်လို့ သိရတယ်။ အဲဒီ ၄ ခုထဲမှာမှ ဘယ်ဟာက ပိုပြီးအရေးကြီးပါသလဲ။**

ဒါကတော့ အကုန်အရေးပါတယ်။ ခေါင်းရော၊ ခါးရော၊ ခြေနဲ့လက်ရောက အချိုးကျကျနဲ့ ကမှပဲ လှပတဲ့ ကကွက်ဖြစ်မှာလေ။ ခေါင်းပဲ အချိုးကျပြီး ခါးနဲ့လက်က မလှလည်း ကြည့်မကောင်းဘူး။ လက်ကတော့ နွဲ့နွဲ့နှောင်းနှောင်း လေးဖြစ်ပါရဲ့။ ခါးက တောင့်နေရင်လည်း ကြည့်မလှဘူး။ ခေါင်း၊ ခါး၊ ခြေ၊ လက် အားလုံးလှမှ လှတဲ့ကကွက်လေး ဖြစ်မှာပါ။

**မြန်မာအက ကမယ့် သူတစ်ယောက်ရဲ့ လက်တစ်စုံက ဘယ်လိုပျော့ပျောင်းနွဲ့နှောင်းမှု တွေ ရှိရမလဲ။**

ဘယ်လိုပျော့ပျောင်းရမလဲဆိုတော့ ကရမယ့် သီချင်းအနေအထားပေါ် မူတည်တယ်။ သီချင်းက နူးနူးညံ့ညံ့လေးဆိုတော့လည်း ဖြည်းဖြည်းသာသာ နွဲ့နွဲ့လေးကရတာပေါ့။ သီချင်းက ခပ်မြန်မြန်လေး ဆိုတော့လည်း ကိုယ့်ရဲ့လက်တွေကို သွက်သွက် ကလေးနဲ့ လိုက်ကရတာပေါ့။ ဒါက မြန်မာအက မှ မဟုတ်ပါဘူး။ အနောက်တိုင်းအက၊ အရှေ့တိုင်း အက အကတိုင်းအတွက်တော့ လက်တွေက အရေးပါပါတယ်။ စက်ရုပ်က ကရင်တော့လည်း တစ်မျိုးပေါ့။ ဒါတောင် စက်ရုပ်ကကမယ့်သူရဲ့ လက်ကလည်း စက်ရုပ်နဲ့လိုက်အောင်မာနေမှ စက်ရုပ်တစ်ရုပ်လို ခပ်တောင့်တောင့် တွေလုပ်ပြီး ကနိုင်တာ။ ဒီအတိုင်းကကြည့် ဘယ်လိုမှစက်ရုပ် နဲ့ တူမှာမဟုတ်ဘူး။

**မတင်ဇာတို့က အဘိုးတွေ၊ အဖေတွေရဲ့အမွေ ကို လက်ဆင့်ကမ်းခဲ့ပြီးပြီ။ အခု အစ်မတို့က တစ်ဆင့် ပြန်ပြီးလက်ဆင့်ကမ်းရမယ့် မျိုးဆက် အပေါ်မှာရော စိတ်ချမှုရှိပြီလား။**

အခုတော့ အစ်မတို့နဲ့အတူ ဦးမိုးမင်းရဲ့သမီး က အကတွေသင်တယ်။ အဆိုတွေ သင်တယ်။ ငယ်ငယ်ကတည်းက သင်တာပါ။ အစ်မရဲ့မောင် လေးနေနေကလည်း ဒီကတာကို ဝါသနာပါတယ်။ သူတို့ကငယ်တော့ အမြင်တွေလည်း ရှိကြပါတယ်။ ဒါပေမဲ့ သူတို့က ငယ်ကြသေးတယ်။ ကြီးရင် ဘာဖြစ်မလဲဆိုတာက ပြောလို့မရသေးဘူး။ နှစ်ယောက်လုံးကတော့ ဝါသနာပါကြပါတယ်။ သူတို့ဆက်လုပ်ရင်လည်း သူတို့ကို ယုံကြည်စိတ်ချ ပါတယ်။ ဒါက အစ်မတို့မိသားစုထဲက မဟုတ်ဘူး။ နောက်တက်မယ့် လူတွေကိုလည်း ယုံကြည်တာ ပါပဲ။ ဘာလို့လဲဆိုတော့ အနုပညာစိတ်ဓာတ် အရင်းခံပြီး သေချာကြိုးစားရင် အောင်မြင်ကြမှာ ပဲလေ။ အစ်မတို့ကိုယ်တိုင်လည်း ဘာမှမသိတဲ့ နေရာကနေ တက်လာရတာလေ။

**အစ်မရဲ့ငယ်ဘဝမှာဆိုရင်လည်း အနုပညာ လက်အစုံစုံကြားမှာ ကြီးပြင်းခဲ့ရတာဆိုတော့ အစ်မရဲ့ငယ်အိမ်မက်မှာရော အခုလို အနုပညာ အိပ်မက်တွေပဲ ရှိခဲ့တာလား။ ဒါမှမဟုတ် တခြား အိပ်မက်တွေ မက်ခဲ့ဖူးသေးလား။**

အစ်မက ငယ်ငယ်တည်းကတော့ ကတာကို ဝါသနာပါတယ်။ ဒါပေမဲ့ ငယ်ငယ်က ဖြစ်ချင်ခဲ့ တာ သံတမန် Embassador ဖြစ်ချင်ခဲ့တာ။ ငယ်ငယ်ကတည်းကတော့ အိမ်မှာ အကတွေသင် တယ်။ အကတွေ ကျင့်တယ်။ ဒီလိုကျင့်ခဲ့တာတွေ ရဲ့အကျိုးကိုလည်း အစ်မ အခုလက်ရှိမှာ ခံစား နေရတာပါပဲ။ တကယ်ဖြစ်ချင်ခဲ့တာတော့ Embassador ပေါ့။

**နူးညံ့တဲ့အနုပညာနဲ့ ဘဝရပ်တည်နေကြတဲ့**



**သူတွေရဲ့ နှလုံးသားတွေကရော အမြဲနူးညံ့နေကြပါသလား။**

နူးညံ့တဲ့အနုပညာနဲ့ ရပ်တည်နေရတော့ နှလုံးသားတွေကလည်း နူးညံ့ကြပါတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း တင်းမာမှုတွေတော့ ရှိတာပေါ့လေ။ အနုပညာသမား တော်တော်များများကတော့ စိတ်ထိခိုက်လွယ်ကြပါတယ်။ ဒါပေမဲ့ သူတို့အားလုံးက သန်မာကြပါတယ်။ မဖြစ်သေးတဲ့ အချိန်မှာလည်း မဖြစ်သေးတဲ့ အလျောက် ကြိုးစားရတယ်၊ သူများတွေပြောတာ ဆိုတာလည်း ခံရတယ်။ ကြိုးစားမှုက အောင်မြင်လာတော့လည်း ထပ်ကြိုးစားရတာပဲလေ။ သူများ ပြောတာကို ထပ်မခံရအောင် နေရမြန်တာပဲ။ ဒါကြောင့် အနုပညာသမားတွေက ခံနိုင်ရည်ရှိ တယ်။ ကြံ့ကြံ့ခံနိုင်တဲ့ နှလုံးသားလည်း ရှိကြပါ တယ်။ စိတ်ပင်ပန်း လူပင်ပန်းခံပြီး အနုပညာ သမားတိုင်းက ကိုယ့်ရဲ့ကြိုးစားမှုကို အရာထင် အောင် အားထုတ်ရတာပါ။ နူးညံ့တဲ့ နှလုံးသား လည်း ရှိပါတယ်။ ဒါပေမဲ့ အဲဒီနှလုံးသားတွေက အကြမ်းလည်း ခံနိုင်ပါတယ်။

**ဆွဲဆောင်မှုရှိတဲ့ ကကွက်လေးတွေရဖို့ အတွက်ရော အစ်မရဲ့လက်လေးတွေက ထောက်ပံ့နေရဲ့လား။**

ထောက်ပံ့တာပေါ့ ညီမရယ်။ ဒီလက်ကလေး တွေနဲ့ပဲ အလုပ်တွေအများကြီး လုပ်ရတာပါ။ ငယ်ငယ်ကတည်းကလည်း လူရယ်လို့ဖြစ်လာရင် လက်ကလေးလှုပ်တာက စတာပဲလေ။ ချိုမိုင်မိုင် လေး ကတာပေါ့။ စင်ပေါ်မှာ အစ်မရဲ့လက်ကလေး တွေကို လိမ်လိုက်၊ လှုပ်လိုက်တာက အစ်မရဲ့ ကကွက်တွေဖြစ်ဖို့ ထောက်ပံ့နေတာပဲလေ။ အစ်မရဲ့လက်တွေကိုတော့ ကတဲ့အချိန်မှာ မာချင် တာမျိုး ပျော့ချင်တာမျိုးတွေအတွက်တော့ အစ်မ က အချိန်ပေးပြီး ကျင့်ရတာပေါ့။ အစ်မတို့ရဲ့ မြန်မာအကက လှုပ်ရှားရတာ ပိုပြီးနက်နဲခက်ခဲ တယ်။ ပျော့ပျော့ငြိမ့်ငြိမ့်လေးနဲ့ ကရတာက ပိုခက်တယ်။ အနေးကွက်လေးတွေ လုပ်ရတာက ပိုပြီး ခက်တာပေါ့။

**စင်မြင့်ပေါ်မှာ အစ်မကနေရတဲ့အချိန် လက်လေးတွေရဲ့လှုပ်ရှားမှုနဲ့အတူ အစ်မရဲ့ ခံစားရမှုကရော ဘယ်လိုမျိုးတွေရှိပါသလဲ။**

ခုနကပြောတဲ့အတိုင်း သီချင်းလေးတွေနဲ့ ဆိုင်တာပေါ့။ နူးညံ့တဲ့သီချင်းလေးတွေဆိုရင် အစ်မရဲ့ Mood ကလည်း နူးညံ့သွားပြီး လှုပ်ရှားမှု တွေကလည်း နူးညံ့သွားတာပေါ့။ သီချင်းနဲ့စိတ်နဲ့ လှုပ်ရှားမှုတွေက တစ်ထပ်တည်းကျသွားရတာ ကိုး။ ခံစားချက်က ပြင်းထန်တော့လည်း လှုပ်ရှားမှု တွေက မနူးညံ့ မပျော့ပျောင်းတော့ဘူးပေါ့။ အစ်မက မြန်မာအကရော၊ Brake Dance ရော ကတော့ ဘယ်လိုအကပဲမဆို သီချင်းနဲ့ Music နဲ့လိုက်ပြီး လှုပ်ရှားရတာပါ။

**ရှေ့ဆက်မယ့်အစ်မရဲ့ဘဝမှာရော အစ်မရဲ့ လက်တစ်စုံကို ဘယ်လိုကိစ္စမျိုးတွေအတွက် အသုံးပြုသွားဖို့ရှိပါသလဲ။**

အစ်မရဲ့ လက်ရှိအလုပ်တွေကိုလည်း လုပ် သွားမယ်။ ပြီးတော့ အစ်မရဲ့မောင်လေးကိုလည်း ဒီလက်တွေနဲ့ပဲ ဖေးမပြီး အစ်မလုပ်ပေးနိုင်သမျှ လုပ်ပေးသွားမယ်။ နောက်ပြီး ထပ်ရောက်လာမယ့် မြန်မာ့ဇာတ်သဘင်လောကအတွက် မျိုးဆက်သစ် တွေကိုလည်း အစ်မ ဒီလက်တွေနဲ့ပဲ ကြိုဆိုပါ တယ်။ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးနဲ့ကို ကြို ဆိုပါတယ်။ နောက်ထပ်ကတော့ အစ်မရဲ့လက်တွေ ကို အစ်မက လူတွေအကျိုးပြုနိုင်မယ့် နေရာတွေ မှာပဲ အသုံးပြုသွားမှာပါ။ လူမှုရေး လုပ်ငန်းတွေ လည်း လုပ်သွားမယ်။

Asean Fame Media Group
MEDIA GROUP



# ထက် (Pop Soul)

**Beautician တစ်ယောက်ရဲ့ဘဝကို ထက်က ဘယ်အချိန်မှာကတည်းက စိတ်ဝင်စားခဲ့တာပါလဲ။**

ဘယ်အရွယ်တည်းကလဲဆိုတော့ အစတုန်းကတော့ အသက်ကြီးမှ ဝါသနာပါတယ်ထင်တာ။ အမှန်ကတော့ 'ထက်' က ငယ်ငယ်ကတည်းက စိတ်ဝင်စားတာပါ။ သူများတွေ ဆံပင်လုပ်ထားတာတွေ့ရင် သဘောကျပြီး လိုက်ကြည့်တယ်၊ အရုပ်ရဲ့ဆံပင်တို့၊ ဘာတို့ကိုလည်း ဆွဲစုစည်းပြီး ကစားတယ်။ ကုန်ကုန်ပြောရရင် အုန်းတံမြက်စည်းတွေ့ရင်တောင် ဆံပင်လိုစည်းပြီး ဆော့တတ်တယ်။ ကလေးအရွယ်ကတည်းက စိတ်ဝင်စားခဲ့တာပါ။ ကိုယ်အရွယ်ရောက်တော့ အသက်မွေးဝမ်းကျောင်းအလုပ်ရွေးတော့ ဒီအလုပ်တော့ ငါ စိတ်ဝင်စားတယ်ဆိုပြီး ဒီအလုပ်ကို သေချာရွေးလိုက်တာပါ။ လုပ်မယ်ဆိုပြန်တော့လည်း ထက်အိမ်က သဘောမတူပြန်ဘူး။ အဲဒီတော့ လုပ်ခွင့်မရခဲ့ဘူး။ ထက်အသက် ၁၇ နှစ်လောက်ကတည်းက ဒီအလုပ်ကို လုပ်ဖြစ်တာ။ သူငယ်ချင်းတွေကို လက်တည့်စမ်း၊ စာအုပ်တွေဖတ်၊ နိုင်ငံခြားဆောင်းပါးတွေ၊ ပြီး အဲဒီအရွယ်ကတည်းက ဆံပင်ဖြောင့်ပေးတာမျိုးတို့ ကောက်ပေးတာမျိုးတို့ လုပ်နေခဲ့တာ။ ဒါပေမဲ့ တကယ်တမ်း တရားဝင်သင်တန်းတွေ ဘာတွေတက်ပြီးလုပ်ခွင့်ရတာက ထက် အသက် ၂၃ နှစ်မှ လုပ်ဖြစ်တာ။ အိမ်က ခွင့်ပြုပြီဆိုပြီး သင်တန်းတက်ဖို့ ပိုက်ဆံထုတ်ပေးမှ သင်တန်းတက်ခွင့်ရခဲ့တာလေ။ သူတို့ ဘယ်လိုတားတား ထက်ရဲ့ဝါသနာကို ဘယ်လိုမှ တားလို့မရတော့မှ အိမ်က ခွင့်ပြုပေးခဲ့ရတာပါ။

**မိတ်ကပ်လိမ်းခြယ်တယ်ဆိုတာ မျက်နှာပေါ်မှာ ပန်းချီဆွဲရသလိုပဲလို့ ပြောကြတယ်။ ထက်က ပန်းချီပညာကိုရော လေ့လာဖူးပါသလား။**

ကလေးအရွယ်ကတည်းက အရုပ်ဆွဲရတာကို ကြိုက်တာ။ တွေ့သမျှနံရံတွေ စာအုပ်တွေ၊ ခုတင်တိုင်တောင် မရှောင်ဘူး။ ပုံတွေ လျှောက်ဆွဲတာ။ ပုံဆွဲရင်လည်း မိန်းမပုံတွေပဲ ဆွဲတာ။ မိန်းမမျက်နှာတွေ ဆွဲတယ်။ မျက်လုံးတွေ၊ မျက်ခုံးပုံတွေ ဆွဲတာ။ သင်္ချာစာအုပ်မှာဆိုရင်လည်း မျက်လုံးပုံတွေ အများကြီးပဲ ဆွဲထားတာ။ အမေကတောင် ဆူတယ်။ နင်ပုံဆွဲရင် ဘယ်တော့မှ ယောကျ်ားပုံမပါဘူး။ မိန်းမပုံတွေပဲ ဆွဲတယ်ဆိုပြီး။ ပုံဆွဲရင်လည်း ဆံပင်ပုံကို တစ်ပုံနဲ့တစ်ပုံမတူအောင် ဆွဲတာ။ ထက်ရဲ့အမေက အရမ်းအလှအပကြိုက်တယ်။ အဲဒါ အမေ့ကိုကြည့်ပြီးလည်း ပုံတွေဆွဲတာပဲ။ နောက်ပိုင်း အမေက အလှတောင် မပြင်တော့ဘူး။ ထက်က အရမ်းဝါသနာပါနေတော့ စိတ်ပါသွားမှာစိုးလို့ ဆိုပြီးလေ၊ ပြီးတော့ အရောင်တွေ စပ်ရတာလည်း ကြိုက်တယ်။ အဲဒီလို ပန်းချီကို ဝါသနာပါလို့လည်း ဒီအလှပြင်တဲ့ဘက်ကို နိုင်နင်းတာလို့ ထက်တော့ ထင်တယ်။ ထက်က ပန်းချီပြိုင်ပွဲတွေလည်း ဝင်ပြိုင်ဖြစ်တယ်။ ငယ်ငယ်တုန်းကတော့ ပန်းချီဆရာဖြစ်ချင်ခဲ့ဖူးတယ်။ ဆရာမတွေက ပြောကြတယ်။ ပန်းချီလုပ်ရင် ချမ်းသာမှာမဟုတ်ဘူးနော်တဲ့။ အဲဒီခေတ်တုန်းက ပန်းချီဆရာတွေက ဒီခေတ်လောက်လည်း ဝင်ငွေမကောင်းကြသေးဘူးလေ။ အခုစဉ်းစားကြည့်တော့ ဒီမိတ်ကပ်ပြင်တာသာ မလုပ်ဖြစ်ခဲ့ရင် ပန်းချီဆရာများ ဖြစ်နေမလားပေါ့။ ဒါပေမဲ့ Designer လည်း ဖြစ်လောက်တယ်။ ဘာလို့လဲဆိုတော့ ထက်ငယ်ငယ်က ပုံတွေဆွဲရင် Fashion ကျကျလေးတွေနဲ့ ဆွဲတယ်။ ဆံပင်တို့

မျက်နှာတို့လည်း ဆွဲရတာ သဘောကျတယ်ဆိုတော့ တခြားပန်းချီအမြင်ထက် Fashion အမြင်ပဲ ရှိနေခဲ့တာလေ။

**ထက်ရဲ့လက်ထဲမှာ မိတ်ကပ်လိမ်းတဲ့ Brush ကိုင်ထားချိန်ဆို ဘယ်လို Feeling မျိုး ခံစားရလေ့ရှိပါသလဲ။**

အစကက ထက်က ကိုယ်တိုင်က အရမ်းလှချင်တာပါ။ ဒီတော့ ဘယ်လိုတွေးလဲဆိုတော့ ကိုယ်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်ဆိုတော့ သူများကို လှအောင်ဖန်တီးပေးတာ သူများအပေါ် စိတ်စေတနာကောင်းတာဆိုရင် နောက်ဘဝကျရင် လှမယ်လို့ပေါ့။ ဒီဘဝတင် လှချင်တာ မဟုတ်ဘူး၊ နောက်ဘဝလည်း လှချင်တာလေ။ အဲဒီတော့ သူတို့လှသွားမယ်၊ သူတို့ စိတ်ချမ်းသာသွားမယ်၊ ကိုယ်လည်း တစ်ဖက်က သူတို့ကို အဲဒီလိုပြင်ပေးတော့ ဝင်ငွေရတယ်။ နှစ်ဦးနှစ်ဖက် အကျိုးတွေပဲရှိတာလေ။ ဒါကြောင့် ထက်က သူများကို အလှပြင်ပေးချိန်ဆိုရင် ဘာမှ မတွေးဘူး၊ သူက ငါပြင်လိုက်ရင် လှကိုလှသွားရမယ်ဆိုတဲ့စိတ်ပဲ သွင်းပြီး စေတနာအပြည့်နဲ့ ပြင်ပေးတယ်။

**ထက်က အရင်တုန်းက Hair Dresser အနေနဲ့ လုပ်ခဲ့တာလို့ သိရပါတယ်။ အဲဒီတုန်းက Hair Dresser အနေနဲ့ လုပ်ခဲ့တဲ့လက်နဲ့ အခုလို Beautician အနေနဲ့ ရပ်တည်နေတဲ့ လက်မှာ ဘယ်ဟာက ထက်ရဲ့ Image အမှန်ဖြစ်ပါသလဲ။**

ပြောရရင် ရယ်စရာပဲနော်။ ဖြစ်ချင်တာက Fashion Designer၊ တကယ်စလုပ်တော့ Hair Designer အခုလက်ရှိလုပ်နေရတာက Make Up Artist ပေါ့။ ခုနက ထက် ပြောခဲ့ပါတယ်။ ထက်သာ Make Up Artist မလုပ်ဖြစ်ခဲ့ရင် Fashion Designer ဖြစ်ချင်ဖြစ်မှာလို့လေ။ Designer က အားလုံးရင်းပြီး တစ်နေရာတည်းမှာ ငြိမ်ပြီး လုပ်ရတာလေ၊ ကိုယ်ကကျတော့ အိမ်က သဘောမတူတော့ အဲဒီလို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ Designer အလုပ်ကို မလုပ်နိုင်ခဲ့ဘူး။ Designer ဆိုတာမျိုးကလည်း ဝုန်းဒိုင်းဆိုပြီး ဖြစ်လာတာ မဟုတ်ဘူးလေ။ သင်ယူမှုတွေ၊ လေ့လာမှုတွေလုပ်ရဦးမှာလေ။ အဲဒီတော့ ကိုယ်က ဆံပင်တွေ ကောက်တာတို့၊ မိတ်ကပ်ပြင်တာတို့လုပ်ပြီး ပိုက်ဆံရှာရတယ်။ ရတဲ့ပိုက်ဆံနဲ့ ပစ္စည်းလေးတွေဝယ်ပေါ့။ သင်တန်းတက်မယ်ဆိုပြီး ပိုက်ဆံစုပေါ့။ အဲဒီလိုလုပ်ရာကနေ ဒီအလုပ်က ပိုက်ဆံဝင်နေတာကို သိနေတာနဲ့ Make Up ပြင်တာကို မစွန့်လွှတ်နိုင်ဘူး ဖြစ်နေတာပါ။ ထက်တို့မြန်မာလူနေမှုစရိုက်မှာ အနည်းနဲ့အများတော့ မိဘကို မှီခိုကြတယ်။ အဲဒီမှာမှ ထက်က သာမန်ဘဝမဟုတ်ဘူး။ မိန်းမလျှာတစ်ယောက် ဖြစ်နေတော့ ပတ်ဝန်းကျင်ကနှိမ်တာ ခံရတယ်၊ အနည်းဆုံးတော့ ကိုယ့်မိဘနဲ့ မိသားစုက နှိမ်တာခံရတာပဲ။ မိဘက အရေးမပေးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရမယ်ဆိုတဲ့အတွေးက ထက်မှာ အမြဲရှိတယ်။ ဒီတော့ ပိုက်ဆံရှာရတာပေါ့လေ။ အဲဒီတော့ ဒီမိတ်ကပ် ဆံပင်ကိုလုပ်ဖြစ်သွားတာပါ။ ထက်က ဆံပင်ညှပ်တုန်းကလည်း အောင်မြင်မှုတော့ ရခဲ့ပါတယ်။ အဲဒီလိုလုပ်ရင်း မိတ်ကပ်ပြင်ဖြစ်တော့လည်း ကိုယ့်ကိုအားပေးတာတွေများတော့ မနိုင်တာနဲ့ ဆံပင်လုပ်တာကို ရပ်လိုက်ရတာပါ၊ တကယ်တော့ အဲဒီလိုလုပ်လိုက်ရတာကို ထက်အရမ်းနှမြောပါတယ်။ ထက်က ဟိုမရောက်ဒီမရောက်ဖြစ်သွားမှာစိုးလို့ Make Up သီးသန့်ပဲ လုပ်ဖြစ်ခဲ့တာပါ။ ဒါတောင် ထက်က ကြားထဲမှာ အကျီချုပ်သေးတယ်။ ဆရာဦးပြည်စိုးအောင်ရဲ့ ပထမဆုံးတန်းခွဲမှာ သင်တန်းတက်သေးတယ်။ ဆံပင်ညှပ်တာကရတဲ့ ပိုက်ဆံတွေစုပြီး သင်တန်းတက်ဖြစ်ခဲ့တာပေါ့။ Miss ပြိုင်ပွဲတချို့မှာဆို ကိုယ်နဲ့ရင်းနှီးတဲ့ ကလေးတွေက ချုပ်ပေးပါဆိုရင်တော့ ချုပ်ပေးဖြစ်တယ်။ ဝင့်ယမုံလှိုင် Miss Lily ရတုန်းကလည်း ထက်အကျီပဲ။ နောက် ယမုံ Now How Popular ရတာလည်း ထက်အကျီပဲ၊ ပြီးတော့ 2010 Miss Christmas ပွဲတုန်းက Miss ဆုရော Best Costume ဆုရောရတဲ့ မြတ်နိုးအိမ်ဝတ်တာလည်း ထက်အကျီပဲ။ ထက်က အကုန်လုပ်တာ။ မကြီးစန်းတို့၊ ဦးပြည်စိုးတို့ကို ထက်က အရမ်းအားကျတယ်။ အထူးသဖြင့် ထက်အားကျတာ အန်တီပေါက်။ မိတ်ကပ် ဆံပင်မှာလည်း အောင်မြင်သလို Designer အလုပ်မှာလည်း အရမ်းကိုအောင်မြင်ပါတယ်၊ ဒါကြောင့် ထက်လည်း ဒီ Designer အလုပ်ကို ထပ်လေ့လာပြီး လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဆံပင်ညှပ်တဲ့အလုပ်ကိုသာ ထပ်မလုပ်ဖြစ်ချင် မလုပ်ဖြစ်မှာ၊ Designer အလုပ်ကိုတော့ လုပ်ကိုလုပ်မှာပါ။ အခုတော့ ကိုယ်စိတ်ကူးထဲမှာရှိတဲ့ Design လေးတွေ ချဆွဲကြည့်တာမျိုး၊ Internet က လေ့လာတာမျိုး၊ စာအုပ်တွေကြည့်တာမျိုးတော့ လုပ်ဖြစ်နေပါတယ်။

**'လက်နဲ့ထိရင် ရွှေ' ဆိုတဲ့စကားလိုမျိုး ထက်ရဲ့လက်နဲ့ လိမ်းလိုက်ရင် အရမ်းလှသွားတယ်လို့ ပြောကြတယ်။ အဲဒီလိုဖြစ်တာ ထက်ရဲ့လက်မှာ ထူးခြားမှုတွေ ရှိနေလို့ပါလား။**

လက်ရဲ့ထူးခြားမှုထက်စာရင် စိတ်ခံစားမှုရယ်၊ စေတနာရယ်နဲ့ ကွာတာနေမှာပါ။ ထက်က အလုပ်လုပ်ပြီဆိုရင် ဘာမှမစဉ်းစားဘူး။ ကိုယ်ပြင်ပေးရတဲ့လူက ကိုယ်နဲ့တည့်သည်ဖြစ်စေ၊ မတည့်သည်ဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဆီမှာ လာလိမ်းရင်ပဲဖြစ်ဖြစ် အခြားမဂ္ဂဇင်းတို့ဘာတို့က စီစဉ်မှုနဲ့ လိမ်းပေးရင်ပဲဖြစ်ဖြစ်ပေါ့။ ကိုယ်က အလှဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်၊ စေတနာအပြည့်နဲ့ လုပ်ပေးတယ်။ ပြီးတော့ ထက်က အသစ်အသစ်ဆိုတာကို အရမ်းစဉ်းစားတယ်။ ဒီခေတ်လူငယ်တွေက ဘယ်လိုဟာတွေကို သဘောကျကြလဲဆိုတာတွေ လေ့လာဖြစ်တယ်။ အဲဒီပေါ်မှာ မူတည်ပြီး ဖန်တီးပေးတယ်။ ထက်က လေ့လာတာလည်း အဓိက ပြည်တွင်းပညာရှင်တွေရဲ့ လက်ရာတွေကို လေ့လာတာပါ။ မကြီးစန်းတို့၊ အန်တီနှင်းတို့တွေရဲ့ လက်ရာတွေကို ကြည့်တယ်၊ နိုင်ငံခြားမဂ္ဂဇင်းတွေ လေ့လာတယ်၊ သူက ဘာကြောင့် ဒီအရောင်သုံးထားတာလဲ၊ ဘယ်လို Shaping တွေ သုံးတာလဲ။ ပြီးတော့ နိုင်ငံခြားမဂ္ဂဇင်းနဲ့ မြန်မာမဂ္ဂဇင်းနဲ့ ဘာတွေကွာလဲ။ Lighting တွေ ဘယ်လိုသုံးလဲဆိုတာတွေ လေ့လာတယ်။ မြန်မာပြည်က ဘယ်ဓာတ်ပုံဆရာက ဘယ်လို Lighting တွေ သုံးတာတော်လဲ၊ အဲဒီ Lighting နဲ့ ဘယ်လို မိတ်ကပ်လိမ်းခြယ်မှုမျိုးက လှတာတော်လဲ။ ဒါလေးတွေပါ လေ့လာဖြစ်တယ်။ ထက်က အကုန်စပ်စုပြီး လေ့လာတယ်။ ထက်က စသင်တုန်းကလည်း မြန်မာ Make Up ဆရာနဲ့ သင်ခဲ့ရတာမဟုတ်ဘူး။ ယိုးဒယားဆရာနဲ့ ရက်တိုလေးပဲ သင်ခဲ့ရတာပါ။ နောက်ပိုင်းကတော့ ကိုယ့်ဟာကိုယ်ပဲ လေ့လာရတာပါ။ မိတ်ကပ် ညီညီမောင်လိမ်းတာ ဘယ်လိုလဲ။ ဒီဇင်ဘာနှင်းက မျက်လုံးဘယ်လိုခြယ်လဲ၊ ဒါမျိုးတွေကို လေ့လာရတာပေါ့။

**Beautician တွေထဲမှာ ထက်ရဲ့လက်ချောင်းလေးတွေက အရမ်းလှတယ်လို့ ပြောပြောတာတွေ ကြားနေရတော့ ထက်က လက်ချောင်းလေးတွေ လှအောင် လေ့ကျင့်ခန်းလုပ်တာမျိုး၊ ထိန်းသိမ်းတာမျိုးတွေ လုပ်တာရှိပါသလား။**

အဲဒီလိုမျိုးတွေတော့ လုပ်လေ့မရှိပါဘူး။ ဒါပေမဲ့ ထက်က အရမ်းလှချင်တော့ တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ လက်ဆစ်မချိုးဖူးဘူး။ လက်ဆစ်တွေ မလှမှာစိုးလို့ပါ။ ပြီးတော့ ထက်တို့အိမ်မှာ ထက်ရဲ့လက်က ရုပ်အဆိုးဆုံးပဲ၊ ထက်ရဲ့ အောက်က အငယ်ကောင်ဆိုရင် ယောကျ်ားလေးလိုမျိုးဆိုတော့ လက်ဆစ်တွေချိုး အကြမ်းပတမ်းတွေနေပြီး သူ့လက်လေးတွေက အရမ်းလှတာပဲ၊ ထက်နဲ့ ဘာမှမဆိုင်ဘူး။ ထက်ရဲ့အမေက အရမ်းအကြောတက်တက်တော့ ထက်တို့က အမြဲနှိပ်ပေးရတယ်၊ အဲဒါဆိုရင် ထက်က အမေ့ကိုနှိပ်ပေးရရင် လက်တွေတော့ မလှတော့ပါဘူးဆိုပြီး အမြဲပြောတယ်၊ ဒါပေမဲ့ အငယ်ကောင်ကတော့ ဘယ်လောက်ပဲ နှိပ်ပေးရ နှိပ်ပေးရ သူ့လက်က အရမ်းလှတယ်။ နောက်ပိုင်းတော့ ထက်က ဆံပင်ညှပ်တော့ လက်က ပိုပြီးမလှဖြစ်သွားတယ်။ အခုတော့ အသက်လည်း ကြီးလာလို့လားမသိဘူး။ လက်က ပြည့်လာတော့ အရင်လောက် ရုပ်မဆိုးတော့ဘူး။ ထက်ရဲ့အိမ်မှာတော့ ထက်ရဲ့လက်က မလှဆုံးပါပဲ။

Asian Fame Media Group

# ပန်ပန်

**မပန်ဘဝမှာ ပထမဆုံးစဆွဲခဲ့တဲ့ ပန်းချီပုံက ဘယ်လိုပုံမျိုးပါလဲ။**

ဘဝမှာ ပထမဆုံးဆွဲတဲ့ ပန်းချီကား၊ ငယ်ငယ်လေးကတည်းက ပန်းချီဆိုရင် အမြဲဆွဲနေတော့ သေချာပြောလို့ မရဘူး။ မှတ်မိတာကတော့ ၆ နှစ်လောက်က ကျောင်းပန်းချီပြိုင်ပွဲမှာ ဆွဲခဲ့တဲ့ဟာ၊ ပန်းချီပုံက ကောင်းကင်မှာ တိမ်တွေရယ်၊ စာသင်တဲ့ ကျောင်းရယ်၊ အရှေ့မှာ ပန်းခင်းရယ်၊ လမ်းကလေးရယ် အင်း. . . အဲဒါ မှတ်မိတယ်။

**ကောင်းမွန်တဲ့ပန်းချီကားတစ်ချပ်ဖြစ်လာဖို့ ဆိုရင် ဆွဲတဲ့သူရဲ့လက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ ရှိထားရမလဲ။**

ကောင်းမွန်တဲ့ ပန်းချီကားတစ်ချပ်ဖြစ်ဖို့ဆိုရင် ဆွဲတဲ့သူမှာ အခြေခံကောင်းကောင်းရှိဖို့ လိုမယ်။ ပန်းချီဆိုင်ရာ ဗဟုသုတတွေ ရှိရမယ်။ အဓိကက ဆွဲတဲ့သူကိုယ်တိုင်က ကိုယ်ဆွဲတဲ့ ပန်းချီကားကို စိတ်ပါလက်ပါ လုပ်ဖို့တော့လိုမယ်။

**ပန်းချီကားလေးတွေကို ဖန်တီးတဲ့သူရဲ့လက်က နွေးထွေးပြီး ကြင်နာတတ်တယ်လို့ ပြောကြတယ်။ မပန် ကရော အဲဒီလိုနွေးထွေးကြင်နာတတ်ပါသလား။**

ပန်းချီကားတွေ ဖန်တီးတဲ့သူရဲ့လက်က နွေးထွေးပြီးကြင်နာတယ်ဆိုတာ လူတိုင်းတော့ မဖြစ်နိုင်ဘူး ထင်တယ်။ ကိုယ်ကိုယ်တိုင်လည်း အမြဲတမ်း အဲဒီလိုမဖြစ်နိုင်ဘူး။

**မပန်က ပန်းချီအခြေခံပြီး ကိုယ့်ရဲ့ Fashion Accessories တွေကိုလည်း အမျိုးမျိုး ဖန်တီးပြီး ဝတ်ဆင်တယ်ဆိုတော့ ဘယ်လိုကြောင့် အဲဒီလိုတွေ ဖန်တီးဖြစ်တာပါလဲ။**

ပန်းချီကိုအခြေခံပြီး ကိုယ့်ရဲ့ Fashion ကို ဖန်တီးတယ်ဆိုတာ တကူးတကတော့ မဟုတ်ပါဘူး။ ကိုယ်က အမြဲတမ်း အရောင်တွေတွဲစပ်ပုံတွေ၊ Pattern တွေ၊ Tone တွေ၊ Shape တွေ အကြောင်းသင်နေရတော့ အဝတ်အစားဝတ်တဲ့ အခါမှာလည်း အဲလိုစဉ်းစားပြီး ဝတ်လိုက်တဲ့ သဘောပါပဲ။

**မပန်ပန် ငယ်စဉ်ကတည်းက မပန်ရဲ့ လက်ကလေးတွေကိုကြည့်ပြီး စာရေးဆရာမအမေက ဘယ်လိုသုံးသပ်တာမျိုး ကြားဖူးပါသလဲ။**

ငယ်ငယ်ကတည်းက လက်က အရမ်းသေးတော့ အမေက အနုပညာလက်လို့တော့ ပြောဖူးတယ်။ (လက်မသေးတဲ့လူတွေလည်း အနုပညာရှင်တွေ ဖြစ်ကြတာပဲ)

**အမေရဲ့လက်က စာတွေရေးတဲ့လက်၊ သမီးဖြစ်တဲ့မပန်က ပန်းချီဆွဲတဲ့လက် ဒီလိုခြားနားမှုအပေါ် မပန်ဘာများပြောချင်ပါသလဲ။**



MEDIA GROUP



အမေနဲ့ သမီး၊ စာရေးတာနဲ့ ပန်းချီဆွဲတာ၊ သိပ်ခြားနားတယ်လို့ မမြင်ပါဘူး။ အမေက လောကကြီးကို စာလုံးတွေနဲ့ ပုံဖော်တယ်။ သမီးက အရောင်နဲ့ ဖုံဖော်တယ်။ ဒါပါပဲ။

**မပန်ရဲ့ဘဝလမ်းကြောင်းမှာ ဒီလက်ကလေးတွေရဲ့ လှုပ်ရှားမှုက အမျိုးမျိုးပြောင်းလဲသွားတဲ့အပေါ် ခံစားချက်ဘယ်လိုရှိပါသလဲ။**

ပြောင်းလဲသွားတဲ့ လှုပ်ရှားမှုတိုင်းမှာ ခံစားချက်ရှိပါတယ်။ ၁၉၉၈ မှာ ၁၀ တန်းအောင်တော့ သူများတွေလို တခြားမေဂျာတွေမယူဘဲ အနုပညာတက္ကသိုလ်သွားပြီး ပန်းချီမေဂျာယူခဲ့တယ်လေ။ ငယ်ငယ်က ဝါသနာပါခဲ့တာနဲ့ပဲ ဘွဲ့ယူချင်တာပေါ့။ အနုပညာတက္ကသိုလ် (ယခင် ယဉ်ကျေးမှုတက္ကသိုလ်) တောင်ဒဂုံမှာ ၄ နှစ် ပန်းချီပညာလေ့လာခဲ့တယ်။ ကျောင်းကဆရာတွေက တကယ်ကို စေတနာအပြည့်နဲ့အများကြီး သင်ကြားပေးခဲ့တယ်။ ပန်းချီပညာကို ရှုထောင့်ပေါင်းစုံက လေ့လာခဲ့ပါတယ်။ ကျောင်းတက်တုန်းက တကယ်ပျော်ခဲ့တယ်။ ပန်းချီတက္ကသိုလ်ကျောင်းသူဆိုတာ လူတိုင်းလုပ်နိုင်ဖို့မလွယ်ဘူး။ ကျောင်းပြီးသွားတော့ ပြင်ပကဆရာတွေဆီမှာ ထပ်မံလေ့လာတယ်။ အဲဒီလို လေ့လာနေရင်းနဲ့ပဲ ကလေးတွေကို သင်တဲ့ ပန်းချီဆရာမဖြစ်ခဲ့တယ်။ အစကတော့ ပမ်းစာတစ်ခုအနေနဲ့ လုပ်တာပေါ့။ နောက်တော့ ကလေးတွေနဲ့နေရင်းကနေ သူတို့နဲ့နေရတာ၊ သူတို့ကို ပန်းချီပညာသင်ပေးရတာ ပျော်လာတယ်။ တစ်ခါတလေ သူတို့ဆီကတောင် Idea ရလိုက်သေးတယ်။ အဲဒါနဲ့ပဲ အမြဲတမ်းကလေးတွေကို သင်တဲ့ ပန်းချီ ဆရာမလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ တစ်ဖက်ကလည်း ပန်းချီကားတွေဆွဲပြီး မကြာခဏတော့ ပန်းချီပြပွဲတွေလုပ်ဖြစ်တယ်။ အခုက 'New Treasure Gallery' မှာ Member Show ပွဲတွေ ပြဖြစ်တယ်။ 'New Treasure Gallery' က Member တစ်ယောက်လည်းဖြစ်တယ်။ တစ်ခါတလေ ခရီးထွက်ပြီးတော့လည်း Outdoor ပန်းချီ တွေ ဆွဲဖြစ်တယ်။ တောင်ကြီး၊ အင်းလေးလို ရှမ်းပြည်နယ် တောင်ပိုင်းဒေသကို အရမ်းကြိုက်တယ်။ Colourfull ဖြစ်တယ်၊ အမြဲသွားဆွဲဖြစ်တယ်။ ပြီးတော့ ကျွန်မက အကသင်ဖြစ်သွားသေးတယ်။ ငယ်ငယ်ကတည်းက ပန်းချီဆွဲတာအပြင် ကတာကိုလည်း ကြိုက်တယ်။ အိမ်မှာ လျှောက်ကတာပဲ၊ အိမ်ကလူတွေ အမြင်ကပ်အောင်။ သေချာသင်ဖြစ်တာက ဘွဲ့တွေရပြီး အလုပ်တွေရပြီးမှ ကိုယ့်မှာလည်း ဝင်ငွေရှိလာတော့လေ။ ၂၀၀၉ မှာ ထင်တယ်။ Kemiko Dance Club မှာ Latin အကသွားသင်တာ။ Kemiko က ကျွန်မရဲ့လက်ဦးဆရာမလို့ ပြောရမှာပေါ့နော်။ အကနဲ့ပတ်သက်ရင်။ အဲဒါပြီးတော့ ရှင်စောပုလမ်း မှာ ဖိလစ်ပိုင်က အကဆရာတွေရှိတယ်ဆိုလို့ Latin Ballroom ကို ထပ်သင်တယ်။ အဲဒီမှာ ပိုပြီးကဖြစ်သွားတာပေါ့နော်။ ကျွန်မက အကတွေထဲမှာ Latin ကို အကြိုက်ဆုံးပဲ။ မိန်းကလေးနဲ့ပိုပြီး လိုက်ဖက်တယ်လို့လည်း ထင်တယ်လေ။ အဲဒီမှာ ၁ နှစ်လောက်ကပြီးတော့ Indian Embassy မှာဖွင့်တဲ့ 'အိန္ဒိယရိုးရာအက' တစ်နှစ်လောက် ထပ်သင်လိုက်တယ်။ ကိုယ်သင်ထားတဲ့ Indian နဲ့ Latin က ပေါင်းစပ်ပြီး ကလို့ရတယ်။ နှစ်မျိုးလုံးကလည်း လေးနက်မှုရှိတယ်လို့ ခံစားရတယ်။ ဒါက ကျွန်မအကြိုက်ပေါ့နော်။ အခုခေတ်စားနေတဲ့ Hip Hop လို အကမျိုးတွေကိုလည်း ကြိုက်တယ်။ သူများတွေကနေရင် အရမ်းသဘောကျတာ။ ကိုယ်တိုင်ကတော့ မကဖူးဘူး။ Basic လောက်တော့ သင်ဖူးတယ်။ ကိုယ်က တတ်မှန်းသိတော့ အချို့ကလေးစာသင်ကျောင်းတွေ၊ X' Max ပွဲတွေ၊ အမျိုးသမီးများနေ့ သကြင်္ကန်ပွဲ၊ မင်္ဂလာဆောင်တွေ၊ ကျောင်းနှစ်ပတ်လည်တွေမှာ ကဖို့လာခေါ်တော့ လိုက်ကဖူးပါတယ်။ ကိုယ် အရမ်းတော်လို့တော့ မဟုတ်ပါဘူး။ ခင်လို့လာခေါ်ကြတာပေါ့နော်။ ကိုယ်ကလည်း ကချင်နေတာနဲ့ အတော်ပဲ။ ဘယ်မှာမှ မကရင် အိမ်မှာပဲ သီချင်းဖွင့်ပြီး ကတယ်။ တချို့ကချင်တဲ့ကလေးတွေ၊ ပြိုင်ပွဲဝင်ချင်တဲ့ ကလေးတွေ၊ ကျောင်းပွဲပါချင်တဲ့ ကလေးတွေကိုလည်း အကသင်ပေးတယ်။ အချိန်ရရင်ပေါ့၊ ကတာက လေ့ကျင့်ခန်းတစ်မျိုးပါပဲ။ ပန်းချီဆွဲရင် ညောင်းတယ်လေ၊ အဲဒါနဲ့ပဲ အညောင်းပြေကနေတာ။ ပန်းချီပညာရော၊ အကပညာပါ အရမ်းထူးချွန်တယ်လို့ မသတ်မှတ်ပါဘူး။ ကိုယ်က ဝါသနာပါလို့သင်တယ်။ ကလေးတွေကို တစ်ဆင့်ပညာပြန် ဝေမျှပေးတယ်၊ ဒီလောက်ပါပဲ။

**အမျိုးသားကလည်း ပန်းချီဆရာလို့ သိရတယ်။ ဒီလိုဖူးစာဆုံခဲ့တာဟာလည်း ကိုယ့်လက်လေးတွေရဲ့ ညွှန်ကြားရာကို နှလုံးသားက လိုက်နာလိုက်တယ်လို့ မထင်မိဘူးလား။**

အမျိုးသားက ပန်းချီဆရာပါပဲ၊ ကျောင်းပြီးမှ ဆုံတာပါ။ သူက ကိုယ့်ထက် အသက်လည်းကြီးပြီး အများကြီးရင့်ကျက်တယ်။ ကိုယ့်ကို ဦးဆောင်ညွှန်ပြနိုင်မယ့် သူတစ်ယောက်ပေါ့နော်။ ပြီးတော့ သူ့ရဲ့ပန်းချီပညာကိုလည်း လေးစားတယ်။ ကိုယ်ဆွဲတတ်တယ်ဆိုတာထက် သူက အများကြီးဆွဲတတ်တယ်။ ပန်းချီနဲ့ပတ်သက်တဲ့ ဗဟုသုတလည်း သူ့မှာအများကြီးရှိတယ်။ ကိုယ်က အမြဲတမ်းသူ့ဆီက လေ့လာနေရတယ်။ ကိုယ့်ကိုလည်း အမြဲတမ်းလိုအပ်တာကို ညွှန်ကြားပေးတယ်၊ အနီးကပ်ဆရာပေါ့။ သူက ခွင့်ပြုလို့လည်း ကိုယ်လုပ်ချင်တာတွေ လုပ်ခွင့်ရခဲ့တယ်။ ဒါကလည်း ဖူးစာကြောင့်ပဲ ထင်ပါတယ်၊ ဒါကြောင့်လည်း ကျွန်မဘဝကို အမြဲတမ်းကျေနပ်ပျော်ရွှင်မိတယ်၊

ဖြိုးစုပိုပို

Asian Fame Media Group